
မိုးကျော့

အတောင်မကျိုးမချင်းပျံသန်းခဲ့သော

# ပျံလွှား



### ဒို့တာဝန် အရေးသုံးပါး

ပြည်ထောင်စု မပြိုကွဲရေး ........................ ဒို့အရေး
တိုင်းရင်းသားစည်းလုံး ညီညွတ်မှု မပြိုကွဲရေး ............ ဒို့အရေး
အချုပ်အခြာ အာဏာတည်တံ့ ခိုင်မြဲရေး .............. ဒို့အရေး

### ပြည်သူ့ သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

### နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်း သာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

### စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီး နိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

### လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့် စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

## ပညာရွှေတောင်စာအုပ်တိုက်မှ ထုတ်ဝေပြီးသော စာအုပ်များ

| | | |
|---|---|---|
| ၈၂။ | ပုဂ္ဂလပညတ် အခြေခံစာတတ်ကျမ်း | ဆရာကြီး ဦးသာတင့် |
| ၈၃။ | ရေခဲ သို့မဟုတ် ကြွေဝဋ္ဋာစွမ်းအင်ဖြင့် ရောဂါကုသနည်း | ဟိန်းလတ် |
| ၈၄။ | စာဆိုနှင့်စာ | မောင်ခေတ်ထွန်း (စိတ္တသု) |
| ၈၅။ | မန္တန်ပညာ | မောင်ကျောက်တိုင် |
| ၈၆။ | သူတော်တေ၏ ဂမ္ဘီရဝတ္ထုတိုများ | ဝေယံလင်းခေါင် |
| ၈၇။ | တရုတ်ရှေးဟောင်းမျက်နှာပြင်ဖတ် အတတ်ပညာနှင့် ရုပ်သွင်ဗေဒပညာ | ဆရာရန်အောင်ဟိန်း |
| ၈၈။ | ၂၁ ရာစု အင်္ဂလိပ်စာဆောင်းပါးများပေါင်းချုပ် (ပဉ္စမတွဲ) | ဆရာဦးမောင်မောင်သန်း |
| ၈၉။ | ကလေးများအတွက် ကြိယာအသုံးပြု အင်္ဂလိပ်-မြန်မာ ပုံပြအဘိဓာန် | ပညာရွှေတောင်စာတည်းအဖွဲ့ |
| ၉၀။ | ရှစ်စပ်က ဂျင်ခြေလည်သူ | အထောက်တော်လှအောင် |
| ၉၁။ | ကမ္ဘာကြီးရဲ့ မနက်ဖြန် | ကျော်ဝင်း |
| ၉၂။ | တန်ခိုးထက်မြက်သည့် ဗုဒ္ဓဂုဏ်တော်နှင့် ကိုယ်တွေ့ဖြစ်ရပ်များ (၁၊၂၊၃)ပေါင်းချုပ် | မင်းသူရိန် |
| ၉၃။ | ကမ္ဘာကျော်မှုခင်းကြီးများ | ဝင်းနိုင်ဦး (ရေနံ) |
| ၉၄။ | စလေဆရာကြီး ဦးပုည အဖွင့်ကျမ်း | ဦးမြင့်သွင် R.A (C.P.A) |
| ၉၅။ | မှန်ရိုး | အထောက်တော်လှအောင် |
| ၉၆။ | သေရွာပြန် မစိန်ချယ်နှင့် ဂမ္ဘီရလွှယ်အိတ် | တပ်ကြပ်ကြီးမောင်ကို |
| ၉၇။ | ပိုးသတ်ဆေးစနစ်တကျ အသုံးပြုနည်း | ကိုရဲ (စိုက်ပျိုးရေး) |
| ၉၈။ | အင်္ဂလိပ်ဓါကျ တည်ဆောက်ပုံ | M.T.O |
| ၉၉။ | ဟူးကောင်းတောင်ကြား | ဖိုးကျော့ |
| ၁၀၀။ | အုတ်ကြားမြက် | အထောက်တော်လှအောင် |
| ၁၀၁။ | ကမ္ဘာကျော် ရွှေနဝင်ဝတ္ထုတိုများ | ဝင်းနိုင်ဦး(ရေနံ) |
| ၁၀၂။ | မုဆိုးတို့၏ခွေး | ခင်မောင်အေး(မန္တလေး) |
| ၁၀၃။ | ဆင်လုပ်သား | ဖိုးကျော့ |
| ၁၀၄။ | ၂၀ရာစု မြန်မာစာရေးဆရာများနှင့် စာစုစာရင်း | ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန စာတည်းအဖွဲ့ |
| ၁၀၅။ | ရင်ကိုအေးမြစေသား ၁၁၆၅ | ဆရာဦးမောင်မောင်သန်း(ရင်ကိုအေးမြစေသား) |
| ၁၀၆။ | ကိုးကွယ်ရာအပင်နှင့် ပန်းပွင့် | ဒေါက်တာသန်းထွန်း |
| ၁၀၇။ | ယောက်ျားနှင့်မိန်းမ မိန်းမနှင့်ယောက်ျား | ဗိုလ်သခင်ဆရာ |
| ၁၀၈။ | လိကွမ်ယူ၏ လိကွမ်ယူ | [illegible] |
| ၁၀၉။ | သူရွှေလက်ဆောင်(ပထမတွဲ) | ဆရာဦးမောင်မောင်သန်း(ရင်ကိုအေးမြစေသား) |
| ၁၁၀။ | လူတိုင်းအတွက် ဥပဒေဥပဒေသုတ အမေးအဖြေများ | မောင်ဉာဏ်ရွှင် |
| ၁၁၁။ | ဆင်သေကုန်း | ဖိုးကျော့ |
| ၁၁၂။ | မြို့မမောင် သတင်းစာဆရာနှင့် သူ၏သတင်းစာများ | မလှမြင့် |
| ၁၁၃။ | လင်ကွန်းအတွင်းရေး | ဦးလှခင် |
| ၁၁၄။ | စိတ်စွမ်းအင်လက်ရွေးစင်ဆောင်းပါးများ(ပထမတွဲ) | ကလောင်စုံ |
| ၁၁၅။ | ပျောက်ဆုံးနေသောရွှေမြို့တော် | သိနေဟ (ကချင်ပြည်နယ်) |

**ယခု**

| | | |
|---|---|---|
| ၁၁၆။ | အတောင်မကျိုးမချင်းပျံသန်းခဲ့သော ပျံလွှား | ဖိုးကျော့ |

**ဆက်လက်၍**

၁၁၇။ ၂၀ရာစု အင်္ဂလိပ်စာဆောင်းပါးများ[illegible]
(ပထမတွဲ) ဒုတိယအ[illegible]

---

ပညာရွှေတောင်စာအုပ် - ၁၁၆

ဖိုးကျော့

အတောင်မကျိုးမချင်း ပျံသန်းခဲ့သော

# ပျံလွှား

ပညာရွှေတောင်စာအုပ်တိုက်

အမှတ် (၉၀၊၉၂)၊ ပန်းဆိုးတန်းလမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၂၄၂၈၃၃၊ ၂၄၀၆၉၀

| | |
|---|---|
| • အတွင်းစာသားခွင့်ပြုချက်အမှတ် | ၉၈၄ / ၂၀၀၃ (၇) |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | ၉၀၂ / ၂၀၀၃ (၈) |
| ထုတ်ဝေသည့်အကြိမ် | ပထမအကြိမ်<br>၂၀၀၃ ခုနှစ်၊ ဩဂုတ်လ |
| အုပ်ရေ | ၅၀၀ |
| အဖုံးပန်းချီ | ကိုစိုးအောင် |
| ဖလင် | ကိုလှဝင်း |
| စာအုပ်ချုပ် | ပပစိုး |
| ထုတ်ဝေသူ | ဒေါ်မိုးကေခိုင်<br>ချိုတေးသံစာပေတိုက်<br>(မြဲ - ၀၁၆၉၂)<br>ရွှေနှံ့သာကျေးရွာ၊ ပုလဲမြို့<br>(၃)မင်္ဂလာဒုံ |
| မျက်နှာဖုံးနှင့်အတွင်းစာသားပုံနှိပ် | ဦးဝင်းအောင်<br>သန်းထိုက်ရတနာအော့ဖ်ဆက်<br>မြဲ(၀၅၁၃၁)၊<br>အမှတ် ၈၄၊ လမ်း ၅၀၊<br>ပုဇွန်တောင်မြို့နယ်၊<br>ရန်ကုန်မြို့။ |
| တန်ဖိုး | [redacted]၁၀၀၀-ကျပ် |


## ပျံလွှား

လူလိမ်၊ ဖိုးတွမ်တီး၊ ခါးပိုက်နှိုက်၊ အလစ်သုတ်၊ သူခိုး၊ ဓားပြ၊ လုယက်၊ လူသတ်၊ မုဒိမ်း စသည့် ဒုစရိုက်သမားများကြားထဲတွင် ကျွန်တော်သည် ၁၉၇၄ ခုနှစ်မှ ၁၉၈၀ ပြည့်နှစ်အထိ အင်းစိန်အကျဉ်းထောင်ထဲ နေခဲ့ရသည်။ နီးလွန်းလျှင် မမြင်ရ ဟူသော ရူပဗေဒသီအိုရီ တစ်ခုလိုပင် ဒုစရိုက်သမားများနှင့် နီးနီးကပ်ကပ် နေ့စဉ် ထိတွေ့ ဆက်ဆံနေရသော အခါ ထိုသူများကို စိတ်မဝင်စားမိတော့။ သို့သော် တစ်နေ့၌မူ အလွန်စိတ်ဝင်စားစရာကောင်းသော လူဆိုးတစ်ယောက်ကို တွေ့ခဲ့ရသည်။ ထိုသူကို တွေ့မှ "တကယ့်အဖြစ်အပျက်များသည် စိတ်ကူးယဉ်ထက် ဆန်းကြယ်သည်" ဆိုသော ရှေးပညာရှင်များ၏ အဆိုအမိန့်ကို သတိရသွားသည်။

ကျွန်တော်သည် အင်းစိန်အကျဉ်းထောင်ထဲရှိ ဖိနပ်ချုပ်အလုပ်ရုံတွင် အကျဉ်းသား စာရေးအဖြစ် လုပ်ခဲ့ရသည်။ ဖိနပ်ချုပ်အလုပ်ရုံတွင် ဖိနပ်များကို နယ်ထောင်များသို့ ထုတ်ပေးရသော စာရင်းများကို ကိုင်ရသည့်အပြင် ထောင်ကြီးမှ ရဲဘက်ခေါ်လျှင်လည်း ဖိနပ်ချုပ်အလုပ်ရုံရှိ အကျဉ်းသားများကို စာရင်းပြုစုပြီး ထောင်ကြီးသို့ ပို့ပေးရသည်။

(၁၅၀) ခန့်ရှိသော အကျဉ်းသားများထဲမှ တစ်ခါတစ်ခါ ရဲဘက်ခေါ်ပြီဆိုလျှင် အကျဉ်းသား လေးငါးခြောက်ယောက်သာ ကျန်တတ်သည်။ သို့နှင့် ထိုသို့ ရဲဘက် တစ်သုတ်ပြီး တစ်သုတ် ခေါ်ထုတ်နေသော်လည်း ကျော်မြင့် ဆိုသော အကျဉ်းသားမှာ ရဲဘက်ခေါ် စာရင်းထဲ၌ တစ်ခါမှ

ပါမလာပေ။ ထို့ကြောင့် ကျော်မြင့်ကို စိတ်ဝင်စားသဖြင့် မေးကြည့်မိသည်။

"ဒီလောက် ရဲဘက်တွေ ရာချီ၊ ထောင်ချီ ခေါ်ထုတ်နေတာ မင်း တစ်ခါမှ မပါပါလား"

"ကျွန်တော်လည်း ရဲဘက် သိပ်လိုက်ချင်တာပေါ့ အစ်ကိုရာ၊ ဒါပေမယ့် ကျွန်တော်က တစ်သက်တစ်ကျွန်းသမားဆိုတော့ ရဲဘက် ဘယ်ခေါ်ပါ့မလဲ"

မှန်သည်။ ရဲဘက်ခေါ်သော အကျဉ်းသားထဲတွင် ထိုစဉ်က မိမိတို့လို နိုင်ငံရေးမှုနှင့် နှစ်ကြီးသမား၊ တစ်သက်တစ်ကျွန်း၊ နောက်ထပ် ရုံးချိန်း အမှုဗရပွနှင့် ရာဇဝတ်သားများကို ရဲဘက် ခေါ်လေ့ မရှိပေ။ ထိုသူများကို ခေါ်ထုတ်သွားလျှင်လည်း သေမထူး၊ နေမထူးတွေမို့ ထွက်ပြေးကြတာများလေသည်။ ထို့ကြောင့် သူတို့ကို ရဲဘက် မထုတ်ကြ။

"မင်း တစ်သက်တစ်ကျွန်းက ဘာအမှုလဲ"

"အစ်ကိုလည်း ကြားမိလိုက်မှာပါ။ ခုနစ်ဆယ့်ခြောက်က အလေးမ အာရှချန်ပီယံ တင်သောင်းကို သတ်မှုလေ၊ အဲဒီတုန်းက သတင်းစာမှာရော၊ ရေဒီယိုကပါ ဟိုးလေးတကျော် ကြော်ငြာခဲ့ပါတယ်။ ကျွန်တော်တို့ကို ဖမ်းမိတုန်းကလည်း ရေဒီယိုနဲ့ သတင်းစာများမှာ ပါခဲ့ပါတယ်"

"ဟေ . . . ဟုတ်လား၊ ငါက ခုနစ်ဆယ့်လေးက ထောင်ထဲရောက်နေတော့ ဘယ်သိလိုက်မလဲကွ"

"ဪ . . . အစ်ကိုလည်း ကြာပြီပဲ"

"ကြာဆို အမှုက ခုထိ စစ်လို့ မပြီးသေးဘူးကွ။ ငါတို့ အမှုကလည်း အနည်းဆုံး ဆယ်နှစ်နဲ့ သေဒဏ်ထိ ပေးမယ့်အမှုဆိုတော့ ခုအစိုးရက တောင် ငါတို့ကို သနားပြီး သေဒဏ်ကျကုန်မှာစိုးလို့ ရွှေ့နေတောင် တစ်ယောက်စီ ငှားပေးထားရတယ်"

ကျွန်တော်က ခပ်ပေါက်ပေါက် ပြောသည်ကို ကျော်မြင့်က ရယ်နေသည်။

"မင်းကွာ. . . ဒီလောက်ကျော်ကြားတဲ့ အာရှချန်ပီယံကိုမှ သတ်ရသလား"

"အပေါင်းအသင်းမကောင်းတာရယ်၊ သူ့ကို အာရှချန်ပီယံမှန်း မသိ





တာလည်း ပါပါတယ် အစ်ကိုရာ"

"အေးကွ၊ မင်းအကြောင်းတော့ ငါ တော်တော်စိတ်ဝင်စားသွားပြီ"

"ကျွန်တော်လည်း အစ်ကိုတို့လို စာရေးဆရာတွေကို ကျွန်တော့်အကြောင်း ပြောပြချင်ပါတယ်"

ကျော်မြင့်က လိုလိုချင်ချင်ပင် ပြောသည်။

"အေး၊ မင်းပြောပြချင်တာကတော့ ဟုတ်ပါပြီ။ ငါက ထောင်ထဲကြာလာတော့ ဗရောင်ရှိန်းပြီး မှတ်ဉာဏ်သိပ်မကောင်းတော့ဘူးကွ။ ပြီးတော့ စောစောက ငါပြောခဲ့သလို ငါလည်း သေဒဏ်မကျဘူးလို့ မပြောနိုင်ဘူး။ ဒီတော့ ငါပြောမယ် မင်းအကြောင်းကို မင်းခံစားရသလို မင်းရေးတတ်သလို ငါ့ကို ရေးပေးပါလား။ ငါ့အမှုက သေဒဏ်မပါရင် တစ်နေ့နေ့ တစ်ချိန်ချိန်မှာ မင်းအကြောင်း ဝတ္ထုရေးရတာပေါ့"

"ကျွန်တော်က တန်းစီး၊ ဘုတ်ကိုင်မဟုတ်တော့ စာရွက် ဘောလ်ပင် ဘယ်ကိုင်ခွင့်ရှိမလဲ"

"ဒီအတွက် မင်း ဘာမှမပူနဲ့၊ မင်း ဘယ်အဆောင်နေလဲ၊ ငါနဲ့လာနေ၊ စာရွက် ဘောလ်ပင်လည်း ငါပေးမယ်။ မင်း ဖြစ်ကြောင်းကုန်စင်သာ ငါ့ကို မင်းရေးတတ်သလို ရေးပေး ဟုတ်လား"

ထိုသို့ပြောပြီး ညနေ အိပ်ဆောင်ပိတ်ချိန် ခြောက်နာရီမှ အိပ်ချိန် ကိုးနာရီထိ ကျော်မြင့်ကို နေ့စဉ် သူ့အကြောင်း ရေးခိုင်းရာ နှစ်လလောက် အကြာမှာ သူ့အတ္ထုပ္ပတ္တိ ပြီးသွားလေသည်။

ယခု ဖော်ပြသော ဇာတ်ကြောင်းမှာ ကျော်မြင့် ခေါ် ပျံလွှားကိုယ်တိုင်ရေးပေးခဲ့သော စာမူကြမ်းကို အနည်းအကျဉ်းမျှသာ ပြုပြင်၍ ဖော်ပြခြင်း ဖြစ်သည်။ အာရှအလေးမချန်ပီယံ တင်သောင်းအား လုယက်လူသတ်မှုတွင် ကျော်မြင့်နှင့်အတူ တစ်သက်တစ်ကျွန်း ပြစ်ဒဏ်စီရင်ခြင်း ခံခဲ့ကြရသော တရားခံလေးဦး၏ အမည်များကိုမူ အမှန်အကန်ပင် ဖော်ပြလိုက်ပါသည်။ ကျန်လူများ၏ အမည်နာမများနှင့် မြို့၊ ရွာ၊ နေရပ် စသည်များကိုတော့ ကာယကံရှင်များ၏ ဂုဏ်သိက္ခာကို ထောက်ထား၍ အနည်းငယ်မျှ လွှဲပြောင်း ရေးသားထားပါသည်။

ဗိုးကျော့

## ဘဝအစ

၁၉၇၁ ခုနှစ်မှာ ကျောင်းမထွက်ချင်ပေမယ့် အကြောင်း အမျိုးမျိုးကြောင့် ကျွန်တော် ရှစ်တန်းနဲ့ ကျောင်းထွက်ခဲ့ရတယ်။ ကျွန်တော် ကျောင်းကထွက်တော့ အမေ အဖေတို့က လက်ရှိ ခေါက်ဆွဲဆိုင်ကို ချောက်ချီးချောက်ချက်နဲ့ ဆိုင်ထွက်နေကြတယ်။ ပထမတော့ ကျွန်တော်လည်း မိဘနှစ်ပါးနဲ့အတူ ခေါက်ဆွဲဆိုင်မှာပဲ အချိန်ကုန်ခဲ့တယ်။

ဒါပေမယ့် ကျွန်တော်တို့ ခေါက်ဆွဲဆိုင်ဟာ အရင်ကလို အရောင်းမသွက်တော့ဘူး။ ပတ်ဝန်းကျင် ခေါက်ဆွဲဆိုင်တွေနဲ့ ယှဉ်လိုက်ရင် ကျွန်တော်တို့ဆိုင်ဟာ ပစ္စည်းပစ္စယဆိုလို့ ဘာမှ မပြည့်စုံတော့ ကျွန်တော်တို့ ဖောက်သည်တွေဟာ တခြားဆိုင်တွေကို ရောက်ကုန်ကြတယ်။ တခြားဆိုင်တွေမှာက ကက်ဆက်၊ ရေဒီယိုနဲ့ တိပ်ရီကော်ဒါတွေနဲ့ကိုး။ ဒီကြားထဲ ရောင်းမကောင်းတော့ ဆိုင်ထွက် မမှန်တာလည်း ပါတယ်။

ဒါပေမယ့် ကျွန်တော့်အဖေဟာ အားမလျှော့ပါဘူး။ကြိုးကြိုးစားစားနဲ့ ခေါက်ဆွဲဆိုင်လေးကို အဖေ၊ ကျွန်တော်၊ အမေ၊ ညီမလေး၊ ညီလေးတွေနဲ့ မိုးလင်းပေါက်အထိ ဖွင့်ထားတယ်။ ကျွန်တော်တို့ မိသားစုမှာ မှီခိုအားထားရာဆိုလို့ ဒီခေါက်ဆွဲဆိုင်လေးပဲ ရှိတယ်။ ဘယ်လိုပဲ မိုးလင်းပေါက် ဖွင့်ဖွင့် ရောင်းမကောင်းဘူး။ အမေကတော့ ကျွန်တော့်ကို ကျောင်းပြန်နေဖို့ ခဏခဏ ပြောတယ်။ ဒါပေမယ့် ကျွန်တော့်အနေနဲ့ ကျောင်းပြန်နေချင်စိတ် မရှိတော့ဘူး။ ဘာဖြစ်လို့လဲဆိုတော့ ကျောင်းလခ မပေးရသေးတဲ့လူ မတ်





တတ်ရပ်ဆိုရင် ကျွန်တော်ချည်း ရပ်ခဲ့ရတာလည်း ပါတယ်။ မိဘစီးပွားရေးကကျ၊ ဒီကြားထဲ အိမ်က မီးလောင်ခံရနဲ့ တော်တော် စိတ်ဆင်းရဲခဲ့ရတယ်။ ကျွန်တော့်အောက်မှာ ညီလေး၊ ညီမလေးတွေက (၁၀) ယောက်တောင် ရှိနေတော့ အစစအရာရာကိုငဲ့ပြီး တွေးပြီး ကျောင်းပြန်မနေဖြစ်တော့ဘူး။

အစ်ကိုကြီးကတော့ ကျွန်တော်တို့လို ဆင်းရဲဒုက္ခမခံလိုက်ရဘူး။(၁၀) တန်းကို ဂုဏ်ထူးလေးဘာသာနဲ့အောင်ပြီး မေမြို့ စစ်တက္ကသိုလ်ကို ရောက်နေတယ်။အစ်ကိုကြီး ကျောင်းနေတုန်းက စီးပွားရေးလည်း အသင့်အတင့်ကောင်းခဲ့တာကိုး။ အဲဒါကြောင့် အမေက ကျွန်တော့်ကိုကြည့်ပြီး စိတ်မကောင်းဘူး။ နောက်ကြောင်းလေးတွေ ပြောပြောပြပြီး အမြဲ မျက်ရည်ကျတတ်တယ်။ အမေ မျက်ရည်ကျတိုင်း ကျွန်တော်က အားပေးရတယ်။ အိမ်မှာ သားကြီးဆိုလို့ ကျွန်တော်ပဲ ရှိတာကိုး။

အမေ့ကို အားပေးစကားပြောရတာကလွဲလို့ ကျွန်တော်လည်း ဘာမှ စီးပွားမရှာတတ်သေးဘူး။ မိဘစီးပွားရေးကောင်းတုန်းက ကျွန်တော်တို့မောင်နှမတွေကို ဘာမှ မခိုင်း၊ ဘာမှ မသင်ပြထားတော့ ကျွန်တော်တို့လည်း ဘာမှ မလုပ်တတ်ကြဘူး။ တစ်အိမ်လုံးမှာ ဒီခေါက်ဆွဲဆိုင်လေးကို မှီပြီး စားနေတဲ့လူက (၁၂) ယောက်ဆိုတော့ တစ်နေ့ထက်တစ်နေ့ ကျပ်တည်းလာတယ်။

ဒါနဲ့ နောက်တော့ ကြံရာမရဖြစ်ပြီး ညီမအကြီးဆုံးက အဒေါ်တစ်ယောက်အိမ်မှာ ကြယ်သီးတပ်၊ ညီမအငယ်က ညမှာ မဆလာထုပ်၊ ညီလေးတွေကတော့ ငါးဒိုင်မှာ ကျောင်းပိတ်ရက် ညညတွေမှာ အလုပ်လုပ်နဲ့ တစ်မျိုးတစ်ဖုံ ပြောင်းလဲလာရတယ်။

အဖေ အမေတို့နဲ့ ခေါက်ဆွဲဆိုင်ရောင်းနေရပေမယ့် ရောင်းမကောင်းတော့ ကျွန်တော် စိတ်မပါတော့ဘူး။ ပြီးတော့ သူများခေါက်ဆွဲဆိုင်က ကက်ဆက်သံ၊ တိပ်ရီကော်ဒါ ဖွင့်သံတွေကို နားစွင့်နေရတော့ စိတ်ထဲမှာ အောက်လာတယ်။ ဒါနဲ့ ကျွန်တော့်ဦးလေးတော်သူ (အမေ့မောင်) ဆီမှာ အလုပ်လုပ်ဖို့ ကျွန်တော် အမေ့ကို တိုင်ပင်တယ်။ ပထမတော့ အမေက သဘောမတူဘူး။ နောက်တော့ ဦးလေးကပါ အမေ့ကို စိတ်ချဖို့ ပြောတော့

အမေက ခွင့်ပြုလိုက်တယ်။ အမှန်က ကျွန်တော့်ဘဝပျက်စီးဖို့ နိဒါန်း အစပါပဲ။

ဦးလေးဆီမှာ တစ်နေ့ (၁၅) ကျပ်စားနဲ့ ပဲခူးက မော်လမြိုင် တစ်ခါတလေ ကော့ဘိန်း၊ ဒါနဲ့မှ ပစ္စည်းမရသေးဘူးဆိုရင် ကျုံဒိုးအထိ စက်လှေနဲ့ လိုက်ရတယ်။ ကျွန်တော့်ဦးလေးမှာ ကျွန်တော့်လိုပဲ လူငှား အမျိုးသမီး နှစ်ယောက် သုံးယောက် အမြဲပါတယ်။ အမျိုးသမီးတစ်ယောက်ကို ဆယ်ကိုက်အုပ် သုံးအုပ်၊ လေးအုပ် ယူရပါတယ်။ စက်ခေါင်းတို့၊ ရေဒီယိုတို့နဲ့ မျှပြီး လမ်းအခြေအနေကောင်းရင် ကောင်းသလို ယူကြတယ်။

လမ်းအခြေအနေ မကောင်းရင် ခါး၊ ပေါင်၊ ခြေသလုံးတွေမှာ သားရေကြိုးနဲ့ စည်းပတ်ပေးကြရတယ်။ မိန်းကလေးတွေက သူတို့ လုပ်နေကြမှန်းလားမသိ၊ မရှက်ကြပါဘူး။ ကျွန်တော်ကသာ မိန်းကလေး အပျိုတွေ ပေါင်မှာ အဝတ်ပိတ်အုပ်တွေ စည်းပေးရတာကို လက်တွန့်နေလို့ မိန်းမကြီးတွေဆီမှာ အဆဲခံရတယ်။ ဦးလေးကိုလည်း ဝိုင်းပြောကြတယ်။"ဟော့ကောင် အပျိုပေါင်ကို မကိုင်ဝံ့ရင် ငါ့ပေါင်လာကိုင်"ဆိုပြီး မိန်းမကြီးတွေက ဆဲဆိုခေါ်ကြတယ်။ ကောင်မလေးတွေကတော့ တဟားဟားနဲ့ပါပဲ။

သထုံမြသပိတ်တောင် ခြေရင်းမှာရှိတဲ့ တန်ဆောင်းတွေ၊ ကျောက်စာတိုင်တွေကြားမှာ ဘောင်းဘီတိုတိုလေးတွေနဲ့ မိန်းကလေးတွေ ပေါင်ပေါ်ကို ပိတ်အုပ်တင်ပေးပြီး ယောကျ်ားလေးတွေက သားရေကြိုးနဲ့ စည်းပေးရတဲ့အလုပ်ကို ကျွန်တော် ရှက်နေပေမယ့် ဦးလေးကို ကြောက်တော့ အခေါက်တိုင်း လုပ်ရပါတယ်။ တချို့ အငှားလိုက်လာတဲ့ အမျိုးသမီးတွေဆိုရင် မြသပိတ်တောင်ခြေကိုရောက်မှ နဖူးတွေ့ ဒူးတွေ့ တွေ့ကြရလို့ ငိုယိုထွက်ပြေးသွားကြတာကိုလည်း မြင်ဖူးခဲ့ရတယ်။ တချို့ကျတော့လည်း ကိုယ့်လုပ်အားခလေးတွေကိုစု၊ လက်ဝတ်လက်စားတွေ ရောင်းပြီး အငှားလိုက်၊ ပစ္စည်းလေးတွေ အနည်းငယ် ရောပြီးဝယ်၊ ပြန်ရောင်းနဲ့ အမြတ်ကရ၊ ငှားခကရ၊ အရင်းကရ ဆိုတော့ ပျော်နေကြတယ်။ တကယ်လည်း ပျော်စရာကောင်းပါတယ်။ ထမင်းစရိတ်ငြိမ်း မပင်မပန်းဘဲနဲ့ တစ်နေ့ (၁၅) ကျပ်၊ (၂၀) ကျပ်၊ တစ်ခါတလေ ဈေးကောင်းရင် ကောင်းသလို ပေးကြတော့ အစိတ်၊ သုံးဆယ်ငွေကို လွယ်လွယ်လေးရနေကြတာက တစ်





ကြောင်း၊ မနက်ထမင်း ညထမင်းကို ကြက်သား စားမလား၊ ဝက်သား စားမလား၊ ငါးသလောက်တွေ တစ်ကောင်သုံးကျပ်၊ ဥတစ်လုံး (၇၅) ပြား၊ အစားအသောက်ကပေါ ဆိုတော့ တော်ရုံမိန်းကလေးတွေကတော့ ရထားပေါ်မှာ ပျော်ပြီပေါ့။ ယောကျ်ားလေးတွေကလည်း ပျော်ကြ၊ ဖျော်ကြပေါ့။

ပျော်ကြ၊ ဖျော်ကြသူတွေ ရှိသလို ဘဝပျက်ပြီး လမ်းဘေးရောက်တဲ့ လူတွေလည်း မျက်စိအောက်မှာ မြင်နေ၊ တွေ့နေရတယ်။ တချို့ကျတော့လည်း လည်လည်ဝယ်ဝယ်ရှိတော့ တစ်ခေါက်ထက်တစ်ခေါက် ကြီးပွားလာကြတယ်။ အကြီးအကျယ် လုပ်တဲ့လူတွေဆိုရင် တန်ဆာတွေ ချိပ်ပိတ်ပြီးတောင် တင်ကြတယ်။ နားလည်မှုက အမျိုးမျိုးယူလို့ ရနေတော့ ခဏချင်း ချမ်းသာကြီးပွားကြတာဟာလည်း မဆန်းပါဘူး။ ဖမ်းတယ်ဟေ့ ဆိုရင်လည်း သူတို့က သိပြီး ဖြစ်နေတော့ အဲဒီနေ့မှာ မလိုက်ကြဘူး။ ငွေ မရှိလို့ အိမ်ရောင်း၊ လက်ဝတ်လက်စားလေးတွေ ရောင်းပေါင်ပြီး ရတဲ့ ငွေလေးနဲ့ အရင်းအနှီးလုပ်တဲ့လူတွေဟာ ဖမ်းပြီဟေ့ဆို ရှေ့ဆုံးကပဲ။ ငိုတဲ့လူကငို၊ တချို့ဆို အိမ်တောင် မပြန်ရဲတော့ဘဲ ကိုယ့်အရင်းအနှီးလေး ပြန်ရနိုးနဲ့ ရထားပေါ်တင် ပျက်စီးသွားကြတယ်။

ဒီလိုနဲ့ ဦးလေးဆီ နေ့ခေါက်စားလိုက်နေရင်း အဆင်မပြေ ဖြစ်လာတယ်။ ဦးလေးက တစ်ကိုယ်ကောင်းဆန်တယ်။ ဆက်ဆံတဲ့နေရာမှာ နှိမ်ချင်လာတယ်။ လူကြားသူကြားမရှောင် အော်ငေါက်ဆဲဆိုတတ်တယ်။ ဒါကို ကျွန်တော် မခံနိုင်တော့ ဦးလေးနဲ့ လမ်းခွဲလိုက်တယ်။ ငွေလည်း အနည်းအကျဉ်း စုမိထားသလို မှောင်ခိုလောကအကြောင်းလည်း ကိုယ်က သဘောပေါက်ပြီးသား ဖြစ်နေတော့ မော်လမြိုင်က လာရောင်းတဲ့အထည်၊ ကားပစ္စည်း၊ စက်ပစ္စည်း အမျိုးမျိုးကိုလည်း ရောင်းဖူး၊ ဝယ်ဖူးထားတော့ ရင်းနှီးပြီးသား ဒိုင်တွေနဲ့ ဆက်သွယ်ပြီး ပွဲစားလေးလုပ်တယ်။

ဘူတာမှာ တက်ထရွန်ပိတ် (၁၀) ကိုက် တစ်အုပ်ကို (၁၃၀) ကျပ် ဈေးပေါက်ရင် ပန်းလှိုင်မှာ အနည်းဆုံး (၁၄၀) ကျပ်ဈေး ရှိတယ်။ စာတန်း၊ တိုက်၊ သရဖူ ဆိုတဲ့ ကုမ္ပဏီပေါ် မူတည်ပြီး ရောင်းကြရတယ်။ စက်ခေါင်းဆိုရင်လည်း ခြသေ့်တစ်ကောင်၊ နှစ်ကောင်ဆိုပြီး ဈေးကွာတယ်။ ဘီတင်စက်ကတော့ ဈေးအရဆုံးပါပဲ။ ကက်ဆက်ကိုလည်း ဆန်နီ၊ ဆန်ညို၊

သံစကာ၊ မျက်နှာဖြူဆိုပြီး သူ့အမျိုးအစားနဲ့သူ ရောင်းကောင်းပါတယ်။

ဒီလိုနဲ့ မှောင်ခိုပွဲစားလုပ်ငန်းကို လေးငါးလလောက် လုပ်လိုက်တော့ စုစုပေါင်း ငွေလေး (၃၀၀၀) ကျပ်လောက် လက်ထဲမှာ ရှိလာတယ်။ ဒါနဲ့ အမေ့ကို တိုင်ပင်ပီး အမေ့ညီမယောက်ျားတော်သူ ဦးစိန်နဲ့ ရာဘာ အရောင်းအဝယ် စလုပ်တယ်။ ဦးစိန်ဟာ ကျွန်တော်တို့မိသားစုအပေါ် စေတနာ အပြည့်အဝထားသူ ဖြစ်တယ်။ အရင်ဦးလေးနဲ့ ဆီနဲ့ ရေလို ကွာတယ်။ ဦးစိန်ဟာ မယားနှစ်ယောက်ကို အတူသင့်တင့်အောင်ပေါင်းပြီး ရာဘာလုပ်ငန်းနဲ့ ကြီးပွားနေသူ ဖြစ်တယ်။ ရာဘာလုပ်ငန်းဆိုတာ အမြင် ဆိုးပေမယ့် အလေးချိန်စီးတော့ (၃၀၀၀) ကျပ်ဖိုးရင်းရင် (၃၀၀၀) ကျပ် ပြန်မြတ်တယ်။

ကျွန်တော်လည်း ဦးစိန်နဲ့ လိုက်ပြီး ရာဘာပေါင် (၁၅၀) လောက်နဲ့ ကြားညှပ်ပြီးတင်လိုက်၊ ဖမ်းမှာကြောက်လို့ မတင်ဘဲနေလိုက်နဲ့ ကြိုကြား ကြိုကြား လိုက်လုပ်နေတယ်။ ဦးစိန်ကတော့ ငွေရှိတဲ့လူတွေနဲ့ ပေါင်းပြီး အရင်းအနှီးများများနဲ့ လုပ်တယ်။ ရာဘာ ရရှိရေးအတွက် မော်လမြိုင်၊ သထုံ၊ ကျွဲခြံ၊ အပေါင်၊ နောင်ဘို၊ နောင်ကုလား ဆိုတဲ့ ရွာတွေ မြို့တွေမှာ သွားဝယ်ပြီး လှည်းနဲ့တင်၊ နောက်ပြီး ကုန်တွဲ၊ ကျောက်တွဲတွေနဲ့ ရထား မှာ တင်ကြရတယ်။ ကျောက်တွဲကတော့ ဂါတ်ဗိုလ်ကို(လိုင်းစ)ရင် ပြီး တယ်။ ကျောက်တွဲတွေမှာ ရာဘာကို အောက်ကခံပြီး အပေါ်က ကျောက် အုပ်တင်ရတယ်။

ကိုယ့်မြို့ ရောက်ခါနီးရင် အပေါ်က ကျောက်အုပ်တွေကို ဖယ်ပြီး ကိုယ်လိုချင်တဲ့နေရာ ရောက်တာနဲ့ ရထားပေါ်က တွန်းချရတယ်။ ကုန် တွဲဆိုရင်လည်း ရထားသွားနေတုန်း ဘေးတွဲတွေကိုဖွင့်ပြီး အောက်ကို ကန်ချရတယ်။ အောက်မှာက ကိုယ့်လူတွေ ငှားထားတဲ့ အထမ်းသမား တွေက အဆင်သင့် စောင့်ကြိုနေကြတယ်။ ကျွဲခြံတို့ အပေါင်တို့မှာ ရာဘာ ပေါင် (၁၀၀)ကို (၇၅၀) ကျပ်၊ (၈၀၀) ကျပ်၊ (၉၀၀) ကျပ်အထိ ဝယ်ရ တယ်။ ပဲခူးရောက်ရင် (၁၅၀၀) ကျပ်၊ (၁၆၀၀) ကျပ်အထိ ဈေးရတယ်။ မန္တလေးကုန်သည်တွေက ပဲခူးမှာ လာစောင့်ဝယ်ကြတယ်။ မန္တလေးကုန် သည်တွေ ရောက်နေရင် ဈေးတင်ရောင်းလို့ အင်မတန်ကောင်းတယ်။





မန္တလေးမှာ ရာဘာကွက်စိပ် (၃၀၀၀) ကျပ်၊ ကွက်ကျဲ (၂၅၀၀) ကျပ်၊ရေ မြုပ်အပျက်ဆိုရင် (၁၇၀၀) ကျပ်၊ (၁၈၀၀) ကျပ်လောက်ထိ ဈေးပေါက် တယ်။ ရာဘာအပျက်ကို ကျွဲခြံ၊ အပေါင်တို့မှာ မသုံးသလောက်ပါဘဲ။ ဒါပေမယ့် ရန်ကုန်၊ မန္တလေးမှာ ဆိုရင် ကလေးကစားစရာ ဘောလုံးတို့ အရုပ်တို့ လုပ်ရောင်းရတဲ့အတွက် ဈေးရတယ်။

နောက်ပိုင်းမှာ အစိုးရရာဘာခြံတွေက ကြပ်မတ်လာတော့ မှောင်ခို မထွက်တော့ဘဲ ရှာမရသလောက် ရှားပါးသွားတယ်။ ဦးလေးစိန်က အထည်၊ စက်ခေါင်း၊ ရေဒီယိုကို လိုင်းပြောင်းတော့ ကျွန်တော်လည်း လိုင်း ပြောင်းလုပ်ရတယ်။ လုပ်ရင်းကိုင်ရင်း နှစ်နှစ်အတွင်းမှာ အခိုးခံရတာ လည်း ရှိတယ်။ အဖမ်းအဆီးထဲ ပါသွားတာလည်း ရှိတယ်။ ဒါပေမယ့် ကျွန်တော်တို့အိမ်မှာတော့ ပြည့်ပြည့်စုံစုံ ပစ္စည်းပစ္စယလေးတွေနဲ့ ညီလေး၊ ညီမလေးတွေကိုလည်း ကျွန်တော်ကပဲ ဒိုင်ခံ ဝယ်ပေးနိုင်တဲ့ အခြေအနေ ပြန်ရောက်လာတယ်။ အဲဒါကြောင့်လည်း မိဘတောင် ပြောဆိုဆုံးမလို့ မရတဲ့ ညီလေး၊ ညီမလေးတွေအပေါ် အမေ အဖေတို့ထက်တောင် ကျွန်တော် ဩဇာညောင်းခဲ့တယ်။

တစ်နေ့ မော်လမြိုင်စာပို့ရထားနဲ့ သထုံဘူတာမှာ ပစ္စည်းဝယ်ဖို့ အသွား လမ်းခုလပ် (နှင်းပုလဲ) ဘူတာမှာ ရထားခေါင်းတွဲနဲ့ လူစီးတွဲ တစ်တွဲ မီးလောင်လို့ ရပ်တန့် ပြုပြင်နေကြတယ်။ အဲဒီနေ့က နှင်းပုလဲမှာ မိုးချုပ်သွားတယ်။ ဒါနဲ့ စကားစမြည် ပြောကြရင်း မုဒုံက လူတစ်ယောက်၊ ကျွဲခြံက လူတစ်ယောက်နဲ့ ရထားပေါ်မှာ အသိဖြစ်လာခဲ့ကြတယ်။ မှောင်ခိုသမားတွေဆိုတော့ မကြာခဏ တွေ့မြင်နေကြတာပါ။ သိပ် ရင်း ရင်းနှီးနှီး မဟုတ်တာကလွဲရင် မစိမ်းပါဘူး။ တစ်ဦးနဲ့တစ်ဦး စီးပွားရေး အကြောင်းပြောကြရင်း ရင်းနှီးသွားကြတယ်။ ဒါနဲ့ ရထားကလည်း မထွက် နိုင်တော့ နှင်းပုလဲရွာထဲမှာ လှမွန် ဆိုတဲ့ မုဒုံသား သူငယ်ချင်းတစ် ယောက်ရဲ့ မိတ်ဆွေအိမ်မှာ အိပ်ဖို့ သဘောတူလိုက်ကြတယ်။

အိမ်ကိုရောက်လို့ ဘယ်လောက်မှ မကြာပါဘူး၊ လှမွန် သူငယ်ချင်း တစ်ယောက် ရောက်လာတယ်။ သူက "ငါ တစ်ယောက် ခေါ်ထားတယ်၊ တော်တော်မိတယ်"လို့ လာပြောတယ်။ ဒါနဲ့ လှမွန်ရယ်၊ ကိုသိန်းမြရယ်က

"ဟာ . . . အတော်ပဲကွာ" ဆိုပြီး သုံးဦးသား သဘောတူလိုက်ကြတယ်။ ကျွန်တော်ကတော့ ကိုယ်ထိလက်ရောက် တစ်ခါမှ မကြုံဘူးတော့ အင်တင်တင်ပဲ။ မရဲလည်း မရဲဘူးလေ။ ဒါနဲ့ လှမွန် သူငယ်ချင်းက ကျွန်တော့် အခြေအနေကို ရိပ်မိလို့ ထင်ပါရဲ့၊ အရက်နှစ်လုံး သွားဝယ်တယ်။ စားကြသောက်ကြနဲ့ ကျွန်တော်လည်း မကြုံဘူး မတွေ့ဘူးသေးတဲ့ အတွေ့အကြုံကို စိတ်ဝင်စားလာတယ်။ အဲဒီလိုနဲ့ နောက်ဆုံးတော့ အားလုံး အဆင်ပြေသွားတယ်။ ကျွန်တော် အခန်းထဲက အထွက်မှာ သိန်းမြက "လူနှစ်ယောက် ဖဲဒိုင်ခံမလို့တဲ့ကွ၊ ငွေလည်း အတော်ထောတယ်။ နှစ်ယောက်ပေါင်း လေးသောင်းလောက် ပါလိမ့်မယ်။ အချဉ်တွေပဲ ဟိုတစ်ပတ်ကလည်း နှစ်သောင်းလောက် ရှုံးသွားတယ်။ ငါတို့ ညှပ်ပြီး ကစားလိုက်ရင် မကောင်းဘူးလား" ဆိုပြီး လာဆွယ်တယ်။ လှမွန်နဲ့ နောက်တစ်ယောက်က "ကဲ ချမယ်ကွာ၊ သွားကြမယ်" ဆိုပြီး ကျွန်တော့်ကို ခေါ်ကြတယ်။ ကျွန်တော်လည်း ဘယ်လိုလုပ်ပြီး ပါသွားမှန်း မသိလိုက်ဘူး။

ဒါနဲ့ ကျွန်တော်တို့က ထိုးသားနေရာကနေပြီး ကစားကြတယ်။ ဒိုင်က ပထမ လျော်တယ်။ ဒိုင်လျော်နေတော့ အားကျပြီး ကစားရတာလည်း ပျော်လာတယ်။ နောက်ပိုင်းမှာတော့ ဒိုင်က ပြန်စားလိုက်၊ လျော်လိုက်နဲ့ ကျွန်တော့်အိမ်တစ်အိမ်ပဲ ဖဲသေနေတယ်။ ငွေငါးရာလောက် ရှုံးနေတော့ ပြန်ရနိုးပြန်ရနိုးနဲ့ နောက်ဆုံးတော့ ကျွန်တော့်အရင်းအနှီးလေးတွေ ကုန်သွားတယ်။ (၇၀၀၀) ကျပ်နီးပါး ပါသွားတယ်။လက်ထဲမှာ ငွေ (၂၀၀) လောက်ပဲကျန်တော့ ဒိုင်က အနိုင်နဲ့ ပိုင်းသွားတယ်။ အိမ်ရှင်တွေကို အကောက်ပေး၊ ကျွေးမွေးနဲ့ နိုင်တဲ့လူတွေက ပျော်လို့၊ ရှုံးတဲ့လူတွေကတော့ မှိုင်ကုန်ကြတယ်။ ရှုံးတဲ့ထဲမှာ လှမွန် မပါဘူး။ ဒါကြောင့် သူ့ကို ကျွန်တော် မသင်္ကာဘူး။ ဒါပေမယ့် သူတို့အရပ်မို့ ကိုယ်က ဘာမှ မတတ်နိုင် ဖြစ်သွားရတယ်။

ကျွန်တော် တော်တော် စိတ်ညစ်သွားတယ်။ ရည်မှန်းလာတာလေးတွေလည်းပျက်၊ အိမ်ကိုလည်း ငွေမရှိဘဲ မပြန်ရဲနဲ့ အကြံအိုက်နေတယ်။ လှမွန်တို့လူစုကတော့ ရထားနဲ့ လိုက်သွားကြတယ်။ ကျွန်တော်ကတော့ ဖဲရှုံးတဲ့ အိမ်ပေါ်မှာပဲ လေးငါးရက်လောက်နေပြီး စိတ်ညစ်ညစ်နဲ့ အရည်





ချည်း ဖိသောက်နေမိတယ်။ နောက်တစ်နေ့မှာ မိဘကတစ်ဆင့် ပဲခူးဘူတာကနေ လူကြုံနဲ့မှာလိုက်တယ်။ အဖမ်းခံရသလား၊ ဘာဖြစ်လဲ စိုးရိမ်ကြလို့ပေ့ါ။ ကျွန်တော့်မှာတော့ ခေါင်းတွေထူပူပြီး နောက်ဆုံးမှာ စာပို့ရထားနဲ့ မုတ္တမထိ လိုက်မယ်။ ငါ့ငွေပြန်ရအောင် တစ်နည်းနည်းနဲ့ ရှာမယ် ဆိုပြီး ရထားခေါင်မိုးပေါ်ကို တက်ခဲ့တယ်။ အဲဒီမှာတင် လောကသစ်တစ်ခုဆီ ခြေချမိလိုက်ပြန်တယ်။ ကျွန်တော့်လက်ထဲမှာ ငွေလေး (၁၅၀) လောက် ကျန်နေသေးတယ်လေ။

ရထားခေါင်မိုးပေါ်မှာဆိုရင် ဖဲသုံးချပ်သမား၊ ကြိုးခွေသမား၊ ဖဲဝိုင်း၊ အနီ၊ အစိမ်း၊ ကြွေကစားနည်း အစုံပါတယ်။ လောင်းကစားဝိုင်းတွေ ရှုပ်နေသလို မှောင်ခိုအရောင်းအဝယ်သမားတွေကလည်း အောက်မှာ နေရာမရတော့ ခေါင်မိုးပေါ် တက်စီးကြတယ်။ ဈေးသည်တွေကလည်း တစ်တွဲတက်၊ တစ်တွဲကူးပြီး ဈေးရောင်းကောင်းနေကြတယ်။ ထမင်းသည်တွေက ပိုများတယ်။ ထမင်းဟင်းတစ်ထုပ် (၃) ကျပ်၊ (၂) ကျပ် (၅၀)ပြားနဲ့ တက်လာရင် ကစားဝိုင်းက လူတွေ အလုအယက် ဝယ်စားကြတယ်။ အောက်ဆင်းစားတဲ့လူ မရှိသလောက်ပါဘဲ။

ရထားပေါ်က လောင်းကစားသမားတွေနဲ့ ကျွန်တော်က မစိမ်းဘူး။ မှောင်ခိုသမားနဲ့ လောင်းကစားသမားဆိုတာ တစ်နည်းမဟုတ် တစ်နည်း မျက်နှာတန်းမိပြီးသား။ အဲဒါကြောင့် ကျွန်တော့်အနေနဲ့ ဖဲသုံးချပ်ဝိုင်းမှာ ရှယ်ယာထည့်ဝင်လို့ ရသွားတယ်။ ငွေ (၁၅၀) ကျပ်ကို ဖဲသုံးချပ်ဝိုင်းနဲ့ ကြိုးခွေသမားတွေဆီမှာ ရှယ်ယာထည့်ဝင် ကစားလိုက်တာ ရင်းညိမ်ဘူတာရောက်တော့ သံကလည်း ကျကျနဲ့ (သံဆိုသည်မှာ ထိုးသားများကို ခေါ်သော ဗန်းစကား ဖြစ်သည်။) ငွေ (၂၅၀) လောက်ရတော့ အတော်အားကျသွားတယ်။ ဒါနဲ့ပဲ ကျွန်တော့်အိမ်ကို ပြန်လာလိုက် ပြန်သွားလိုက်နဲ့ အမူအရာမပျက် ရထားပေါ် ရှယ်ယာလိုက်လုပ်ရင်း သူတို့အကြောင်းကိုလည်း အတွင်းကျကျ သိလာရတယ်။ နေ့လယ်ဘက်ဆို လောင်းကစားဝိုင်းဖွင့်၊ ညနေဘက်ဆို မှောင်ခိုသမားတွေဆီက လုပေ့ါ။

ကျွန်တော့်အနေနဲ့ ရထား အဆင်းအတက်ကို ကျွမ်းပြီးသား၊ လူငယ်ဆိုတော့ လောင်းကစားသမား(ဝေါ)က လူတွေနဲ့ လုယက်မှုကို အတူ

ပေါင်း လုပ်ဖြစ်သွားတယ်။ ပထမ ကြောက်ပေမယ့် နောက်တော့ ပစ္စည်းတွေရလို့ ရဲလာတယ်။ ကျွန်တော်တစ်ယောက် တိုးလာတဲ့အတွက် သူတို့မှာလည်း အတော်ကြီးကို အကျိုးရှိလာတယ်။ ကျွန်တော်ကတော့ လူသစ်ပေါ့။ လူသစ်ဆိုတော့ အလုပ် ပိုလုပ်ပြရတယ်။ ဒီလိုနဲ့ လုလိုက်၊ ခိုးလိုက်လုပ်ပြီး ငွေတော်တော်လေး စုမိတယ်။ အိမ်ကိုလည်း အရောင်းအဝယ်ကောင်းတယ်ပြောပြီး ငွေများများပေး၊ ညီလေး၊ ညီမလေးတွေအတွက် အဝတ်အထည်တွေ၊ စားစရာတွေ များများဝယ်ပေးနိုင်လာတော့ အမေနဲ့ ညီ၊ ညီမလေးတွေကလည်း ပျော်နေကြတယ်။

အဲဒီလိုနဲ့ တစ်နေ့မှာ ကျွန်တော်တို့လို လုယက်ခိုးဆိုးနေတဲ့ အေးကျော်နဲ့ ကိုငယ်တို့ လူစုဟာ မုပ္ပလင်ဘူတာအလွန်မှာ လုရင်း ဓာတ်ကြိုးနဲ့ တိုက်မိပြီး အလုခံရတဲ့လူဟာ ရထားကြိတ်လို့ နှစ်ပိုင်း ပြတ်သွားတယ်။ လူသတ် လုယက်မှုပေါ့ (အမှန်က ပထမဆုံး တွေ့ကြုံခဲ့ရတဲ့ အဲဒီအဖြစ်ဟာ ကျွန်တော့်အတွက် နိမိတ်ပဲဆိုတာ လုံးဝ မတွေးမိခဲ့ပါဘူး။) အဲဒီ အမှုဖြစ်စဉ်ကို ရထားပေါ် ဈေးရောင်းတဲ့ ဈေးသည်လေးတွေက တွေ့သွားမြင်သွားကြတော့ အခြေအနေက သိပ်ဆိုးဆိုးရွားရွား ဖြစ်သွားတယ်။

လုတဲ့ အေးကျော်ကလည်း ဓာတ်ကြိုးနဲ့တိုက်ပြီး ရထားပေါ်က ကျသွားတယ်။ ပထမကျတဲ့လူက အလုခံရတဲ့လူ၊ ဒုတိယကျသွားတဲ့လူက လုတဲ့လူ အေးကျော်။ အေးကျော်က တွဲကြားထဲမှာ ကန့်လန့်ကြီးကို တင်နေတယ်။ ညာဘက်ညှပ်ရိုး သွင်သွင်ကျိုးသွားတယ်။ အေးကျော်ကို သူ့လူတွေက အတင်းဆွဲချပြီး တိမ်းရှောင်ပြေးပျောက်သွားကြတယ်။

အဲဒီကိစ္စကို ရန်ကုန်ပြည်သူ့ရဲတပ်ဖွဲ့နဲ့ ပဲခူးမီးရထားရဲတပ်ဖွဲ့က အပူတပြင်း လိုက်နေကြတယ်။ အဲဒီကျတော့ မော်လမြိုင်လိုင်းမှာ ကျွန်တော်တို့ နေလို့ မရတော့ဘူး။

ကိုယ့်နယ်ဖြစ်တဲ့ မော်လမြိုင်ရထားလိုင်းမှာ ကျွန်တော် အလွန် ပျော်ခဲ့တယ်။ နေသားကျနေပြီမို့ မပြောင်းချင်ဘူး။ဒါပေမယ့် မော်လမြိုင်လိုင်းမှာ ဆက်လုပ်ရှားရင် အေးကျော်နဲ့ ကိုငယ်တို့ အမှုထဲရောပါပြီး အဖမ်းခံရမှာစိုးလို့ မန္တလေးလိုင်းကို ပြောင်းဖို့ ဆုံးဖြတ်လိုက်ရတယ်။

ကျွန်တော် မန္တလေးလိုင်း မပြောင်းခင် ဇိုင်းဂနိုင်းမြောက်ပိုင်း (၅)





လမ်းမှာ မြေကွက်လေးဝယ်ပြီး အိမ်ဆောက်ဖို့ စိတ်ကူးနဲ့ တိုင်၊ ပျဉ်ခင်း၊ ရက်မ၊ ထုပ်၊ လျောက်တွေကို ဆွာဘက်ကလာတဲ့ သစ်ရထားတွေကနေ ခိုးချတဲ့ လူတွေဆီက ဈေးလျှော့နဲ့ ဝယ်သွားတယ်။ ဇလီဖားတုံးတွေကို ခိုးပြီး ရှာထိုးတောင် ခွဲခဲ့သေးတယ်။ အိမ်တော့ မဆောက်ဖြစ်ခဲ့ဘူး။

မန္တလေးလိုင်းမှာ အလုပ် လုပ်မယ်လို့ အိမ်က အမေ့ကို လိမ်ပြောပြီး လမ်းခရီးအသစ်ကို တစ်ယောက်တည်း စွန့်စား ထွက်လာရတယ်။ ကျွန်တော့်ဆီမှာ အဝတ်နှစ်စုံနဲ့ ငွေလေး (၂၀၀) ပဲ ပါတယ်။ မန္တလေး ရောက်ခါနီး ရှမ်းစုဘူတာနားကို နံနက် ငါးနာရီခွဲမှာ ရောက်လာတယ်။ ကျွန်တော်စီးလာတဲ့ နောက်ဆုံးပေါက်က လူဆီမှာ လက်ပတ်နာရီ ကာလတန်ကြေး (၁၅၀၀) တန်ကို တွေ့ရတယ်။ ပျဉ်းမနားအလွန်မှာကတည်းက တွေ့လာပေမယ့် အခြေအနေ မပေးလို့ မလုပ်ခဲ့ရဘူး။ ရှမ်းစုဘူတာရောက်မှ အခြေအနေက ပေးလာတယ်။ အိပ်ငိုက်နေတုန်း နာရီအလုံးကို မိမိရရကိုင်ပြီး ဆောင့်ဆွဲ ခုန်ဆင်းလိုက်တယ် ဆိုရင်ပဲ လက်ထဲ နာရီပါလာတယ်။

နှင်းတွေကကျတော့ မှုန်ဝါးဝါးနဲ့ ရထားပေါ်မှာ ရုတ်ရုတ်သဲသဲ ဖြစ်ကျန်ခဲ့တယ်။ကျွန်တော် ဣန္ဒြေမပျက် ရှမ်းစုကုန်းတံတား အောက်လမ်းကနေ မြို့ဘက်ကို သွားမယ်လို့ ခြေလှမ်းပြင်လိုက်တုန်း ဘယ်အချိန်က ကျွန်တော့်ကို စောင့်ကြည့်နေတယ် မသိပါဘူး လူတစ်ယောက် ဂျင်းဂျက်ကက်၊ စစ်ဦးထုပ်ကို ငိုက်ငိုက်ဆောင်းပြီး ကျွန်တော့်ကို လှမ်းခေါ်တယ်။ ကျွန်တော် ဖြုန်းခနဲ ကြောင်နေတုန်း အနားကို ရောက်လာတယ်။

"ဘယ်လိုလဲ သူငယ်ချင်း၊ ပြေလည်တယ်နော်၊ ပြေလည်ရင် ဘော်ဒါကြေးလေးတော့ မစခဲ့ပါ"

တိုးတိုးလာကပ်ပြောတော့ ကျွန်တော် တော်တော် အံ့ဩသွားတယ်။ လူပုံက ကချင်ပုဆိုးနဲ့ ကတ္တီပါဖိနပ်နဲ့ဆိုတော့ လန့်သွားတာ။ နောက်မှ သူစကားပြောပုံက ဒုစရိုက်သမားအထာ သိပ်ကျတော့ ထပ်ပြီး အံ့ဩရပြန်တယ်။ သူက ဆက်ပြီး "မင်း ရဟတ်ဖြုတ်ပြီး ဆင်းတာ ငါတွေ့ပါတယ်ကွာ၊ မင်းဟာ ငါ့နယ်ဘက်က မဟုတ်ပါဘူး" လို့ မျက်နှာကို စေ့စေ့ကြည့်ပြီး တည်တည်ပြောတယ်။

ရဟတ်ဆိုတာ နာရီကို ခေါ်သော လူဆိုးဒုစရိုက်သမားများ၏

အထာစကား။ တိုက်ပုံကို ဖိုးပါကြီး၊ ခါးကို ဗန္ဓုလကျော်စိန်၊ ဖိုးပါကြီးကို ဗန္ဓုလကျော်စိန်က သွားပြီးဆိုရင် တိုက်ပုံအကျီကို ခါးခွဲသွားပြီ ဖြစ်တယ်။

သူပြောတာ ဟုတ်တယ်။ အဲဒီအချိန်မှာ လုယက်တဲ့လူတွေဟာ နယ်ကျွံပြီး အလုပ်လုပ်လို့ မရဘူး။ သူပိုင်မြေကို ကျော်လုပ်ရင် လုပ်တဲ့ ပစ္စည်းတွေရော ကိုယ့်ပစ္စည်းတွေပါ အဆစ်ပေးလိုက်ရတတ်တယ်။ ဒါပေမယ့် ကျွန်တော်ကတော့ ဂျာကင်အကျီအတွင်းအိတ်ထဲမှာ ထည့်ထားတဲ့ မောင်းပြန်ခါးပါတယ်။ ကျွန်တော့်ဆီက လုမယ်ဆိုရင် ဘယ်နည်းနဲ့မှ မပေးဘူးလို့ ဆုံးဖြတ်လိုက်တယ်။ နောက်တော့ သူက ကောင်းကောင်းမွန်မွန် ဆက်ဆံလာတယ်။

"ကျွန်တော့်နာမည် ထွန်းဇော်ကြီးပါ၊ မြစ်ကြီးနားလိုင်းက အလုပ်သမားတစ်ယောက်ပဲ၊ မန္တလေးကိုလည်း တစ်ခါတစ်ခါဆင်းပြီး အလုပ်လုပ်တယ်။အခုလည်း ဖဲရှုံးပြီး စရိတ်ပြတ်နေလို့ပါ ဘော်ဒါရာ။ မင်းနဲ့ငါ တွဲပြီး အလုပ်လုပ်ကြရင် သိပ်ကို အောင်မြင်မှာပဲ" ဆိုပြီး တရင်းတနှီး ဆက်ဆံလာတဲ့အတွက် လောလောဆယ် အသိမိတ်ဆွေက မရှိတော့ မိတ်ဆွေဖြစ်သွားကြတယ်။ ရွှေနဂါးရုပ်ရှင်ရုံအနီး လက်ဖက်ရည်ဆိုင်မှာ စကားပြောဆိုပြီး မျက်စောင်းထိုးမှာရှိတဲ့ ဈေးချိုအကွေ့က နာရီဆိုင်မှာ သွားရောင်းကြတယ်။ထွန်းဇော်ကြီးက သူရောင်းနေကျဆိုင်လို့ ပြောတယ်။ ငါးရာကျော်ရတယ်။ အဲဒီနေ့က မန်းသီတာဥယျာဉ်နဲ့ ရုပ်ရှင်မှာ အချိန်ကုန်ကြပြီး နောက်တစ်နေ့ စစ်ကိုင်းကို ရထားနဲ့ ထွက်လာခဲ့ကြတယ်။

## မြစ်ကြီးနား မိုးကောင်း ခရီးအစ

"ဒါ စစ်ကိုင်းက ငါ့သူငယ်ချင်း စိန်မျက်လုံးပဲ၊ လျှပ်သမား၊ ဘောက္ခိ ထောက္ခင်းလည်း လုပ်တယ်။ အင်ထုစပါယ်ရှယ်လစ်ပဲ"

ထွန်းဇော်ကြီးက စစ်ကိုင်းစိန်မျက်လုံး ဆိုသူနဲ့ မိတ်ဆက်ပေးတယ်။ မျက်လုံးပြူးပြူးနဲ့ ညိုညိုပုပုပဲ။ ထွန်းဇော်ကြီး စကားအရ ခါးပိုက်နှိုက်၊ အလစ်သုတ်ကစပြီး ရွှေတု၊ ငွေတု၊ ဖောက်ထွင်း အစုံလုပ်သူမှန်း သိရတယ်။ ဒုစရိုက်သမား အချင်းချင်းမို့ ချက်ချင်း ရင်းနှီးသွားကြတယ်။ စစ်ကိုင်းစိန်မျက်လုံးက ညီမနှစ်ယောက်၊ အမေနဲ့ အတူနေတယ်။ ထွန်းဇော်





ကြီးကတော့ မော်လမြိုင်ဇာတိဆိုတာ အဲဒီရောက်မှ သိရတယ်။ငယ်စဉ်ကပဲ ဆိုးလွန်းပေလွန်းလို့ ဘောစတယ်တွေလည်း စုံခဲ့ပြီ ပြောတယ်။ မော်လမြိုင်ဘက်မှာလည်း အလုပ်လုပ်ဖူးတယ်။ အလုပ်လုပ်တယ်ဆိုတာ ကောင်းရာကောင်းကြောင်း အလုပ်ကို ပြောတာ မဟုတ်ပါဘူး။ ဒုစရိုက်အလုပ်ကို ခပ်တည်တည်နဲ့ ဒုစရိုက်သမားတွေသုံးနေကျ စကားပါ။ ခုတော့ မန္တလေး၊ မြစ်ကြီးနား၊ ရှမ်းပြည်နယ်တောင်ပိုင်း၊ မြောက်ပိုင်းတွေမှာ အလုပ်လုပ်နေတယ်ပေါ့။ လူက လူရည်သန့်ပဲ ကျွန်တော့်ထက် အသက်နည်းနည်းကြီးမယ်။

ဒီလိုနဲ့ တစ်နေ့ ရွှေဘိုဘက်ကို အလုပ်ဆင်းလုပ်ကြတယ်။ကျွန်တော်ရယ်၊ ထွန်းဇော်ကြီးရယ်၊ စစ်ကိုင်းစိန်မျက်လုံးရယ် သုံးယောက်ပေါင်းလောင်းကျော်ပေါ့လေ။ စစ်ကိုင်းစိန်မျက်လုံးက ဘက်အိတ်ပြောင်း ရိုက်မယ်။ကျွန်တော်က တွဲတစ်တွဲက အမျိုးသမီးတစ်ယောက် ဆွဲကြိုးကို ဖြတ်မယ်။ ထွန်းဇော်ကြီးက လူတစ်ယောက်ရဲ့ ဘက်အိတ်ကိုလုပြီး ဆင်းမယ်လို့ စည်းဝါးရိုက်လိုက်ကြတယ်။ ဘက်အိတ်ပုံပြောင်းတယ်ဆိုတာက မော်လမြိုင်လုပ် တောင်ပန်ကား၊ အပြာ၊ အနီ၊ အဖြူတို့ကို အထဲမှာ ဂုန်နီအိတ်၊ စောင်စုတ်တွေထည့်ပြီး ပုံတူတဲ့ ဘက်အိတ်နားမှာ ရောထားရတယ်။ ရထားဆင်းတော့ ကိုယ့်အိတ်နဲ့ လဲပြီး ဆင်းရတဲ့အလုပ် ဖြစ်တယ်။ အလုပ်လုပ်ပြီးရင် ရွှေဘိုမြို့ ရွှေတောင်ရိုးဘုရားမှာ ဆုံမယ်။ ကျွန်တော်နဲ့ ထွန်းဇော်ကြီးက လုပြီး ရှေ့ဆင့်နောက်ဆင့် ဆင်းကြတယ်။ စစ်ကိုင်းစိန်မျက်လုံးကတော့ ဝက်လက်ဘူတာမှာ အိတ်ပြောင်းပြီး ဆင်းသွားလို့ သူ့ကို စောင့်ကြရတယ်။ သုံးယောက်သား ပြန်ဆုံတော့ အားလုံး အောင်မြင်လို့ တော်တော်ဝမ်းသာသွားကြတယ်။ ကျွန်တော့်လုပ်နည်းလုပ်ဟန်ကို သူတို့နှစ်ယောက်က ဟိမဝန္တာချီးမွှမ်းခန်း ဖွင့်ကြတယ်။ အားကိုးရတယ်လို့လည်း ပြောကြတယ်။ ပစ္စည်းစစ်ပြီး ခေါင်းဆေးကျွန်းမှာ ရေချိုး၊ ရေကူးကြတယ်။ ရွှေဘိုဈေးထဲက ပခုက္ကူထမင်းဆိုင်မှာ ထမင်းစားကြပြီး ကားနဲ့ စစ်ကိုင်းစိန်မျက်လုံးအိမ်ကို ပြန်လာကြတယ်။

နောက်တစ်နေ့မှာ စစ်ကိုင်းက အိမ်တွေရဲ့ အခြေအနေကို လေ့လာပြီး နှစ်အိမ် ဖောက်ထွင်းလိုက်ကြတယ်။ ဖောက်ထွင်းတဲ့နေရာမှာတော့ ထွန်းဇော်ကြီးက ခေါင်းဆောင်ပဲ။ ထွန်းဇော်ကြီးကို ကျွန်တော် တော်တော်

အထင်ကြီးသွားတယ်။ ကျွမ်းကျွမ်းကျင်ကျင်နဲ့ အိမ်နှစ်လုံးကို နာရီပိုင်းအတွင်းမှာ လုပ်လိုက်တာ သေတ္တာနှစ်လုံး ကက်ဆက်တစ်လုံး၊ ရွှေကလေးကျပ်သားလောက် ရလိုက်ကြတယ်။ ဖောက်ထွင်းတဲ့ပညာနဲ့ နေ့ကွက်ကြောင်ရိုက်တဲ့ ပညာကို ထွန်းဇော်ကြီးဆီက လက်တွေ့အလုပ်ဆင်းလုပ်ပြီး သေသေချာချာ မှတ်ရတယ်။နေ့ကွက်ကြောင် ဆိုတာက တစ်ခါတလေ လွယ်လွယ်ကူကူနဲ့ အိမ်ပေါ်ကို တက်ပြီး ကိုယ့်ပစ္စည်းကိုယ် လာယူသလို ခပ်တည်တည်နဲ့ ယူဆင်းရတယ်။ လူမရှိဘဲ သော့ခတ်ထားတဲ့အိမ်မျိုးကျတော့ ကလအော်နဲ့ ဖွင့်ရတယ်။ ကလအော်က သံတူရွင်းလို အလယ်က ခေါက်ဆက်၊ တစ်ဖက်အချွန်၊ တစ်ဖက်အပြား လုပ်ထားတဲ့ (ဘိထွင်း) ဖောက်ထွင်းတဲ့ ကိရိယာပါ။ တစ်တောင်လောက်အရှည်ကို ခါးလယ်က ချိုးပြီး လူမမြင်အောင် ကိုယ်ထဲ ကပ်ထည့်သွားလို့ရတယ်။ ကလအော်နဲ့ သော့ဝိုင်းထဲထိုး၊ အပေါ်က အဝတ်နဲ့ပတ်ပြီး တစ်ယောက်အားနဲ့ ထက်အောက်လှုပ်ရင် တော်ရုံတန်ရုံ သော့ကတော့ အသံတောင် မမြည်ဘဲ ပွင့်သွားတတ်တယ်။ နောက်တစ်မျိုးကတော့ ဘိထွင်းပွိုင့်လို့ ခေါ်တယ်။ အိမ်တွေကို ဖောက်ထွင်းရာမှာ သုံးတယ်။ သွပ်ညှပ်ကတ်ကြေး တစ်မျိုးပဲ။

ဒီလိုနဲ့ ထွန်းဇော်ကြီးတို့နဲ့ ဖောက်ထွင်းလိုက်၊ လုယက်လိုက်၊ နေ့ကွက်ကြောင်ရိုက်လိုက် လုပ်နေတဲ့ တစ်နေ့ စစ်ကိုင်းစိန်မျက်လုံးရဲ့ သူငယ်ချင်း မားဘရှိန်းနဲ့ မိတ်ဆွေဖြစ်ကြပြန်တယ်။ ပန်းမြို့ပဲဆိုပါတော့၊ အဲဒီမြို့ကို ရောက်သွားကြတယ်။ မားဘရှိန်းက တစ်ကိုယ်တော်သမား၊ သူ့အဒေါ်ရဲ့ အိမ်ဘေးမှာ အဖီချပြီး တစ်ယောက်တည်း နေတယ်။ သူ့ညီမတွေကတော့ ပန်းမြို့ထဲမှာ ဈေးရောင်းကြတယ် ပြောတယ်။ မားဘရှိန်းက လုတာနဲ့ ခါးပိုက်နှိုက်တာပဲ လုပ်တတ်တယ်။ ကျန်တာကို မလုပ်တတ်ဘူး။ လူကလည်း ခပ်ထိုင်းထိုင်းပုံပါပဲ။

ကျွန်တော်တို့က ရထားပေါ်မှာ အလုပ်လုပ်ရင်း ပန်းမြို့ဘူတာလေးကို ခဏခဏ ကျော်ဖြတ်ဖူးတယ်။အင်မတန် လှပသာယာတဲ့ တောင်ပေါ်မြို့လေးတစ်မြို့ပဲ။ အားကစားရုံ၊ ဆန်စက်တစ်စက်၊ ရုပ်ရှင်ရုံ၊ ပန်းခြံတွေနဲ့ ပန်ရပါတယ်။ ပန်းခြံဆို ရွှေဘိုခရိုင်မြို့က ရန်မျိုးအောင်ပန်းခြံလောက်နီးနီးကို ရှိတယ်။ ထိုင်ခုံလေးတွေ၊ ပေါင်းကူးတံတားလေးတွေ၊ စိန်ပန်းပင်





အုပ်အုပ်လေးတွေနဲ့ ကလေးကစားစရာ ဒန်းပုခက်တွေလည်း ဆင်ထားတယ်။ပန်းမြို့ရဲ့ လမ်းမကြီးတစ်လျှောက်မှာလည်း ကုက္ကိုပင်တွေ၊ ထင်းရှူးပင်ဝိုင်းဝိုင်းလေးတွေနဲ့ အတော့်ကို သာယာလှပတဲ့မြို့ပါ။ ဘုရားဆိုလည်း ဆုတောင်းပြည့်ဘုရား၊ ဘုရားပတ်ပတ်လည်မှာ တန်ဆောင်းတွေ၊ ဇရပ်တွေနဲ့၊ ထူးခြားတာက ဘုရားဘေးမှာ ရုပ်ရှင်ရုံနဲ့ သချိုင်းပါပဲ။

ထွန်းဇော်ကြီးနဲ့ ကျွန်တော် အလုပ်လုပ်ဖို့ တစ်မြို့လုံးကို လှည့်ပတ်ကြည့်ရင်း ဘူတာနားက စားသောက်ဆိုင် တစ်ဆိုင်မှာ ဝင်စားကြတယ်။ အချိန်က ရုံးဆင်းချိန်၊ ကျွန်တော်တို့ စားသောက်နေကြတုန်း ဆိုင်ထဲကို မိန်းကလေးတစ်ယောက် ဝင်လာတယ်။ အတော့်ကို လှတယ်။ ဝတ်ဆင်ထားတာကလည်း ရိုးရိုးလေး၊ လက်ထဲမှာ ကြိမ်ခြင်းလေးဆွဲလို့၊ ဆံပင်ကိုလည်း ခြေဖျားထိ ချထားတယ်။ စားသောက်ဆိုင်ကို ဖြတ်ပြီး အိမ်ထဲအထိ ဝင်သွားတာကို ကျွန်တော် မျက်စိတစ်ဆုံး လိုက်ကြည့်မိတယ်။ စားသောက်ဆိုင်နဲ့ အိမ်က တွဲလျက်ဆိုတော့ တော်တော်နဲ့ ပြန်ထွက်မလာဘူး။ စောင့်ကြည့်ချင်တာနဲ့ နောက်ထပ် စားစရာတွေမှာတယ်။ ထွန်းဇော်ကြီးကိုလည်း မျက်ရိပ်မျက်ခြည် ပြထားရတယ်။ ထွန်းဇော်ကြီးကတော့ ကျွန်တော့်ကို အံ့ဩသွားသလိုပဲ။ မိန်းမငမ်းလွန်းတဲ့အကောင်လို့လည်း ထင်ချင်ထင်နေမှာ။ ဘာပဲပြောပြော၊ ဘာပဲထင်ထင် တကယ်ပါ ကျွန်တော် ဒီမိန်းကလေးကို တွေ့တွေ့ချင်း ဘယ်လို စိတ်ဝင်စားသွားမှန်း မသိဘူး။ အရမ်းကိုကြိုက်၊ အရမ်းကို သဘောကျသွားတယ်။ အထူးသဖြင့်ကတော့ ကျွန်တော် ကြုံတွေ့ဖူးတဲ့ မှောင်ခိုလောကက မိန်းကလေးတွေနဲ့ ဘယ်လိုမှ မနှိုင်းသာတဲ့ သွားပုံ လာပုံလေးကိုရယ်၊ ဆံပင်ကို မှောင်ခိုမယ်များလို သရီးစတက်၊ အိုမီဂါ မလုပ်ဘဲ ပင်ကို အရှည် ဖြန့်ချထားတာရယ်ကိုပါ အရမ်း မျက်စိကျသွားမိတယ်။ အဲဒါကြောင့်လည်း ဆိုင်ထဲမှာ နှစ်နာရီလောက်တောင် ကြာသွားတယ် ထင်မိတယ်။

အဲ . . . သူ ဆိုင်ရှေ့က တစ်ခါ ထပ်ဝင်လာမှ သဘောပေါက်သွားတယ်။အိမ်ရှေ့ဘက် စားသောက်ဆိုင်က ပြန်မထွက်ဘဲ အိမ်နောက်ဘက်က ထွက်သွားပြီး ဘက်တ်တံ သွားကစားနေတာကိုး။ သူ့လက်ထဲက ဘက်တ်တံကို မြင်လိုက်မှ သိရတော့တယ်။ထွန်းဇော်ကြီးကတော့ ကျွန်တော့်ကို

ရှောင်တာပေ့ါ။ သူက အမူမဲ့ အမှတ်မဲ့ပါပဲ။ ကျွန်တော်တို့ကို ဂရုစိုက်ပုံ မရပါဘူး။ ဒါပေမယ့် သူတို့စားသောက်ဆိုင်ထဲ အကြာကြီး လာထိုင်နေလို့ လားတော့မသိ တစ်ချက်တော့ စွေကြည့်သွားတယ်။ အဲဒီလို စွေကြည့်သွား တာကိုက ကျွန်တော့်မျက်စိထဲမှာတော့ ကြည့်မဝ၊ ရှုမဝဖြစ်ပြီး ချက်ချင်း အရမ်းရင်ခုန်သွားမိတယ်။ ကျွန်တော် တွေ့ဖူးသမျှ မိန်းကလေးတွေထဲမှာ သူထက်လှသူတွေပါတာတော့ အမှန်ပဲ၊ ဒါပေမယ့် ယဉ်တဲ့နေရာမှာတော့ သူ့ကို ဘယ်သူမှ မမီဘူးဆိုတာ ကျွန်တော် ပြောရဲပါတယ်။

ကျွန်တော်တို့ဘဝက အတည်တကျ မရှိတဲ့အပြင် နေ့အဖမ်းခံရ မလား၊ ညအဖမ်းခံရမလား မသိတဲ့ဘဝဆိုတော့ လှတာတွေ့ရင် ဝအောင် ကြည့်ထားခဲ့ချင်တယ်။ ခံစားစရာရှိရင်လည်း တစ်ဝကြီး ရှေ့ကြောင်း နောက်ကြောင်း မထောက်မညှာ ခံစားကြရတဲ့ ဒုစရိုက်သမားဘဝအတိုင်း သူ့ကို နောက်ထပ် တစ်ဝကြီး ကြည့်ချင်လို့ နာရီဝက်လောက် ထပ်စောင့်ခဲ့ သေးတယ်။ လုံးဝ ပြန်ထွက်မလာတော့မှ စိန်မျက်လုံးရဲ့သူငယ်ချင်း မားဘရှိန်းအိမ်ကို ပြန်လာခဲ့ကြတယ်။ စိန်မျက်လုံးနဲ့ မားဘရှိန်းက "ငါ တို့တော့ ဆာလို့ စားပြီးပြီ၊ မင်းတို့ ထမင်းစားကြ" ပြောတော့ ထွန်းဇော် ကြီးက "ဒီကောင် ထမင်းမဆာတော့ဘူး၊ ထမင်းထက် အာဟာရဖြစ်တာ တွေကို စားလာပြီ" ပြောတော့ ကျွန်တော်က ဇာတ်ကြောင်း ပြောပြမိ တယ်။ မားဘရှိန်းက ပန်းမြို့မှာနေသူဆိုတော့ သူသိသလောက် ပြောပြ တယ်။ သူ့မိဘတွေက စားသောက်ဆိုင် ဖွင့်ထားပေမယ့် စည်းကမ်းကြီး တယ်၊ သူတို့မှာ မောင်နှမနှစ်ယောက်ပဲ ရှိတယ်။ အစ်ကိုက ဌာနကြီးမှူး၊ သူက စာရေးမလို့ ပြောတယ်။ အခြေအနေကတော့ မိုးနဲ့ မြေပါပဲ။

အဲဒီနေ့ ညနေမှာပဲ ရွှေဘိုကိုသွားပြီး ဘိထွင်းအိမ်ဖောက်ဖို့ ထွန်း ဇော်ကြီးနဲ့ တိုင်ပင်ကြတယ်။ စိန်မျက်လုံးနဲ့ မားဘရှိန်းတို့ကတော့ ပန်းမြို့ မှာပဲ နေခဲ့ကြရမယ်။ ရထားရောက်ခါနီးမှာ ထွန်းဇော်ကြီးနဲ့ ဘူတာကို ဆင်းလာကြတယ်။ ဘူတာရောက်တော့ ရထား မလာသေးဘူး။ အဲဒါ ကြောင့် ဘူတာနားက ကျွန်တော့် ရွှေမင်းသမီးလေး စားသောက်ဆိုင်ထဲ ဝင်လာကြတယ်။ ရထားလာတဲ့အထိ သူ့မျက်နှာလေးကို မမြင်ခဲ့ရပါဘူး။

အလုပ်ကိစ္စနဲ့ လူကိုယ်က ရထားပေါ်ပါလာရပေမယ့် စိတ်ကတော့





ပန်းမြို့လေးမှာ ကျန်ခဲ့ပါတယ်။ ရွှေဘိုကို မလိုက်ချင်ပေမယ့် ဆရာဆို လည်းဟုတ်၊သေဖော်သေဖက်ဆိုလည်း ဟုတ်တဲ့ ထွန်းဇော်ကြီး အစီအစဉ်ကို မလွှန်ဆန်ရဲပါဘူး။ ဒါပေမယ့် ရွှေဘိုမြို့ မရောက်ခင် ထွန်းဇော်ကြီးကို ဖွင့်တိုင်ပင်မိတယ်။ "ငါတော့ စားသောက်ဆိုင်က ကောင်မလေးကို အရမ်း ကြိုက်နေပြီ သူငယ်ချင်း၊ အဲဒါ ဘယ်လိုလုပ်ရကောင်းမလဲ အကြံဉာဏ် လေး ပေးပါဦး" ဆိုတော့ "ငါတို့ ခုလုပ်ငန်းအောင်မြင်ရင် ကောင်မလေးရှိ တဲ့ ပန်းမြို့ကို ချက်ချင်း ပြန်ကြတာပေ့ါကွာ။ ပန်းမြို့က တပေါင်းဘုရားပွဲ လည်း နီးပြီ၊ အဲဒီတော့ ငွေကို ဖိရှာရမယ်။ဘုရားပွဲမှာ မင်း သူ့ကို တွေ့ကို တွေ့ရစေမယ် ဟုတ်လား" လို့ ပြောပြီး စကားဖြတ်လိုက်ကြတယ်။ ထွန်း ဇော်ကြီးက အမှန်ပြောတာ၊ ပန်းမြို့ကို ကျွန်တော်တို့စရောက်သွားကတည်းက ဇာတ်ရုံနဲ့ ပွဲဈေးတန်းတွေ ထိုးနေကြတာ တွေ့ပြီးသားပါ။

ဒီလိုနဲ့ ရွှေဘိုဘူတာကို ညနေစောင်းလောက်မှာ ရောက်သွားတယ်။ ရောက်ရောက်ချင်း ထွန်းဇော်ကြီးက "အလုပ်လုပ်ဖို့အတွက် ရန်မျိုး အောင်ဘုရားမှာ အောင်မြေ သွားနင်းရမယ်။ ရေတံခါးမှာ ရေချိုးရမယ်" ဆိုပြီး မြင်းလှည်းနဲ့ ရန်မျိုးအောင်ဘုရားဘက် ထွက်လာကြတယ်။ဟိုတုန်းက မင်းညီမင်းသားတွေ စစ်တိုက်ထွက်တော့မယ်ဆိုရင် အောင်မြေနင်းပြီးမှ စစ်တိုက်ထွက်လေ့ရှိကြောင်း မြင်းလှည်းပေါ်မှာ ထွန်းဇော်ကြီးက ပြောလာ တယ်။ ကျွန်တော့်စိတ်ကတော့ ပန်းမြို့က ရွှေမင်းသမီးဆီမှာပါ။ ရေတံခါး နားရောက်တော့ ထွန်းဇော်ကြီးက သူ အမြဲချိုးနေကျလို့ ထပ်ပြောသေး တယ်။ တခြားလူတွေကိုလည်း ရေချိုးလို့ တွေ့ရတယ်။

ရေချိုးပြီး ဈေးအနီးက ထွန်းဇော်ကြီးစားနေကျ ထမင်းဆိုင်မှာ ဝင်စား ကြတယ်။ ထမင်းစားပြီး အလုပ်လုပ်ရမယ့်အိမ်ကို မယောင်မလည်နဲ့ သွားလေ့လာထားကြတယ်။ ရုပ်ရှင်ရုံမှာ အချိန်ဖြုန်းကြတယ်။ (၁၂) နာရီ (၁)ချက်လောက်မှ အလုပ်လုပ်ကြရမှာဆိုတော့ အောင်မြေနင်းရင်း ဘုရား ပေါ်မှာ အချိန်ဆွဲ စောင့်နေရတယ်။ အချိန်နီးတော့မှ ဖောက်ထွင်းရမယ့် အိမ်ကို လမ်းကြိုလမ်းကြားက သွားကြရတယ်။ အလုပ်လုပ်ရမယ့်အိမ်ကို ကျွန်တော်တို့ ရောက်သွားတော့ တစ်အိမ်လုံး ငြိမ်တိတ်နေတယ်။ အိမ်ဝင်း ထဲဝင်ပြီး ကားဂိုဒေါင်နားက အကဲခတ်ကြည့်ရတယ်။ အိမ်က တိုက်ခံ

အရာရှိကြီးတစ်ဦးရဲ့အိမ်။ ခြံဝင်းက အတော်ကျယ်တယ်။ ပန်းခြံလေးလည်း တစ်ခုရှိတယ်။ အိမ်နောက်ဘက်က တံခါးကို ပထမ ကြိုးစားကြည့်ကြတယ်။ ဖွင့်မရဘူး။ ဒါနဲ့ အိမ်ရှေ့က ဆင်ဝင်အောက်တံခါးကို ဖွင့်ကြတယ်။ တံခါးအပေါ်တည့်တည့်မှာ မီးလုံးတစ်လုံး လင်းနေတော့ ရေတိုင်ကီပေါ်ကတက်ပြီး ကျွန်တော် ဖြုတ်လိုက်တယ်။ မီးလုံးဖြုတ်ပြီး ရှေ့က တံခါးကို အရင် ဖွင့်ရတယ်။ အတွင်းက တစ်ခါ သော့ခတ်ထားတာကို တွေ့ရတယ်။ သော့ခလောက်ကို အသံမမြည်အောင် ဖြုတ်ပြီး တံခါးကို ဖွင့်ဝင်လိုက်ကြတယ်။

တံခါးပွင့်သွားတော့ အတော်ဝမ်းသာသွားကြတယ်။ အိမ်အောက်ထပ်မှာ အသက်ငါးဆယ်လောက် အဘွားကြီးတစ်ယောက်နဲ့ ကလေးတစ်ယောက် အိပ်နေကြတယ်။ နောက်ဖေးတံခါးကို အရေးပေါ်ပြေးဖို့ ဖွင့်ထားပြီး တစ်ခန်းဝင် တစ်ခန်းထွက် လက်နှိပ်ဓာတ်မီးငယ်လေးနဲ့ ရှာကြည့်ကြတယ်။ အလှပြပစ္စည်းထည့်ထားတဲ့ ရှိုးကစ်ဗီရိုတစ်လုံး သော့ခတ်ထားတာ တွေ့ရတယ်။ ဗီရိုပေါ်မှာ ဖိလစ်ရေဒီယိုတစ်လုံး။ အဘွားကြီးခုတင်အောက်က သေတ္တာတစ်လုံး၊ ကျန်တာက ကားပစ္စည်းတွေ။ ကျန်တစ်ခန်းကလည်း သော့ခတ်ထားတယ်။

အပေါ်ထပ်ကို တက်ကြည့်ကြတော့ မိန်းမနှစ်ယောက်ကြားက အသက်လေးဆယ်အရွယ် ဗိုက်စူစူနဲ့ အရာရှိကြီး တခေါခေါနဲ့ စက်တော်ခေါ်နေတယ်။ မိန်းမအကြီးက သုံးဆယ်လောက်ပဲ ရှိဦးမယ်။ ညိုညိုဝဝ၊ အငယ်က အသက်နှစ်ဆယ်အရွယ် ဖြူဖြူတုတ်တုတ်၊ ခုတင်ဘေးက စားပွဲပေါ်မှာ ရေဒီယိုကက်ဆက်တစ်လုံး။ ခုတင်အောက်မှာ သံသေတ္တာတွေက လေးလုံး။ အဝတ်ဗီရိုက နှစ်လုံး။ သေတ္တာတွေကို အိမ်ရှေ့ ထုတ်ကြည့်တော့ သော့ခတ်ထားတာ တွေ့ရတယ်။သေတ္တာက အလေးကြီးဆိုတော့ သော့ကို ရှာရတယ်။ မရှာလို့ မရဘူး။ အောက်ထပ်ကို မ, သွားလို့ မတော်တဆ လွတ်ကျရင် အားလုံး နိုးသွားနိုင်တယ်။ ဗီရိုသော့ကိုလည်း ရှာကြတယ်။ ရှာမရတော့ ဗီရိုသော့ကို ကလအော်နဲ့ ဖွင့်လိုက်ရတယ်။ ဗီရိုတစ်လုံးက အထည်ပစ္စည်းမျိုးစုံ၊ အလှကုန်ပစ္စည်းတွေနဲ့ ကျန်တစ်လုံးက ဆေးပစ္စည်းသေတ္တာ၊ စာရင်းဖိုင်တွေ၊ ရွှေဘိုဈေးထဲမှာ အထည်ဆိုင်ဖွင့်တယ်။ ရွှေပေါင်





လည်း ခံတယ်ဆိုတာ သတင်းရထားတဲ့အတွက် ကြိုးစားကြရတယ်။ ဒါနဲ့ ယူသင့်တဲ့ပစ္စည်း အထည်နဲ့ အလှကုန်ပစ္စည်း တချို့၊ ကက်ဆက်တို့ကို အိမ်အောက် ခြံထောင့်မှာ သွားထားလိုက်တယ်။ အပေါ်ပြန်တက်ပြီး သော့ရှာကြတယ်။ မတွေ့လို့ လင်မယားသုံးယောက် ခေါင်းရင်းမှာ ခဏထိုင် အကြံထုတ်နေတုန်း အရာရှိကြီးက ခေါင်းတစ်ချက် စောင်းလိုက်တော့ ခေါင်းအုံးအောက်မှာ လက်ခနဲ မြင်လိုက်ရတယ်။ အသာလေး နှိုက်ကြည့်တော့ သော့တွဲ၊ ဝမ်းသာလိုက်တာ၊ နောက်ထပ် တစ်ခါ နှိုက်ကြည့်လိုက်တော့ လား လား . . . ခြောက်လုံးပြူးတစ်လက်။ ဒါပေမယ့် အဲဒီတုန်းက သေနတ် မကိုင်ဖူးဘူးသေးတော့ မယူရဲဘူး။ အဝတ်နဲ့ ပတ်ပြီး ခုတင်အောက် ထိုးထည့်ထားလိုက်တယ်။ သော့တွဲနဲ့ သေတ္တာနှစ်လုံးကို အရင်ဖွင့်ကြတယ်။ ရှေးဟောင်းဟသ်ာအလေးတွေနဲ့ ကျောက်စိမ်းတုံးနှစ်တုံး၊ ကျန်သေတ္တာတစ်လုံးမှာက ဆင်စွယ်နဲ့ ငွေသားဒင်္ဂါးတွေ။ ပစ္စည်းတွေကိုယူပြီး ခြံထဲ သွားထားကြတယ်။နောက်ထပ် မဖွင့်ရသေးတဲ့ သေတ္တာတစ်လုံး ကျန်သေးတယ်။ အဘွားကြီးရဲ့အပေါ် ခေါင်းရင်းခန်းက အခန်းပဲ၊ အခန်းပွင့်သွားတော့ မှောင်နေတယ်။ လက်နှိပ်ဓာတ်မီးလေးနဲ့ ရှာရတယ်။ ကားပစ္စည်းတွေနဲ့ အခန်းထဲမှာ ပြည့်နေတယ်။ သေတ္တာတွေကို တစ်လုံးပြီး တစ်လုံး လျှောက်ဖွင့်ကြည့်ကြတယ်။ သေတ္တာလေးလုံးလောက် ဖွင့်တာတောင် ရွှေငွေကို မတွေ့ရသေးဘူး။ နောက်ဆုံး မော်တော်ကားတာယာနဲ့ ဖိထားတဲ့ သေတ္တာနှစ်လုံးကို ဖွင့်ကြတယ်။ပထမတွေ့ရတာက သတင်းစာတွေအောက်က ငွေအထပ်လိုက်၊ နောက်တစ်လုံး နို့မှုန့်ဘူးတွေထဲမှာ အပေါင်ခံထားတဲ့ ရွှေတွေ၊ မထင်တဲ့ နေရာက ရလိုက်တဲ့အတွက် နှစ်ယောက်သား အရမ်းပျော်သွားကြတယ်။ အချိန်လည်း အတော်ကလေး ကုန်သွားတယ်။ ရွှေနဲ့ ငွေတွေကို တောင်းတစ်လုံးနဲ့ ထည့်ပြီး အပြင်ကို ထမ်းထွက်လာတော့ နံနက် သုံးနာရီလောက် ရှိသွားပြီ။

အပေါက်ဝကိုရောက်တော့ မီးက ဖျတ်ခနဲ ပွင့်လာတယ်။ နောက်ဖေးက တံခါးကြားကို ဝင်ကပ်ပြီး ကြည့်နေကြရတယ်။ တစ်အောင့်လောက်ကြာတော့ မီးပြန်မှိတ်သွားတယ်။ ဒီတော့မှ ကျွန်တော်တို့လည်း သက်မ ပြိုင်တူ ချမိလိုက်ကြတယ်။ ခြံထဲပို့ထားတဲ့ အဝတ်အထည်၊ အလှ

ကုန်ပစ္စည်းတွေကို မယူကြတော့ဘူး။ ဟသ်ာအလေးနဲ့ ဆင်စွယ်၊ ဒင်္ဂါးတွေကို နောက်ဖေးလမ်းကြားထဲမှာ မြှုပ်ပြီး ကက်ဆက်တစ်လုံးကို လက်ဆွဲအိတ်ထဲထည့်ပြီး ရွှေငွေပစ္စည်းတွေကိုတော့ သားရေသေတ္တာကြီးတစ်လုံးထဲ ထည့်ပြီး ဆွဲလာခဲ့ကြတယ်။

ကျွန်တော်တို့ ရွှေဘိုဘူတာရောက်တော့ လေးနာရီ ထိုးနေပြီ။ လေးနာရီတစ်ဆယ့်ငါးမိနစ်မှာ ရထားဆိုက်လာတယ်။ရထားနဲ့ စစ်ကိုင်းကို ချက်ချင်း လိုက်လာခဲ့ကြတယ်။ စစ်ကိုင်းက စိန်မျက်လုံးအိမ်ကို သွားရတယ်။ စိန်မျက်လုံးက ပန်းမြို့ရောက်နေတော့ သူ့အမေနဲ့ သူ့ညီမ နှစ်ယောက်ပဲ ရှိကြတယ်။ အိမ်ပေါ် ရောက်ရောက်ချင်း ကျွန်တော်တို့ကို ပေးထားတဲ့ အခန်းထဲဝင်ပြီး နှစ်ယောက်သား စစ်ကြည့်ကြတယ်။ ငွေကချည်း လေးသောင်းနှစ်ထောင်၊ ရွှေက ခြောက်ဆယ်သား ကျော်ကျော်လောက်ရှိမယ်ထင်တယ်။ ရွှေကို တစ်ယောက်တစ်ဝက်၊ ကျောက်စိမ်းတုံးတစ်ယောက်တစ်တုံး၊ ငွေရေရင်း နှစ်ယောက်သား တိုင်ပင်ကြတယ်။ အိမ်တစ်လုံးဝယ်ပြီး နှစ်ယောက် အတူနေကြမယ်။

နောက်တစ်နေ့ မန္တလေးဈေးချိုသွားပြီး နှစ်ယောက်သား ရွှေရောင်းကြတယ်။ ရွှေတစ်ကျပ်သား ငါးရာဈေးပါ။ ကျောက်စိမ်းကိုတော့ ထွန်းဇော်ကြီးက ဘုရားကြီးနောက်ဘက် အာနန္ဒာနားက ကျောက်ဆစ်သမားများဆီမှာ ရောင်းကြတယ်။ကျောက်စိမ်းက နားမလည်တော့ ရသလောက်နဲ့ပဲ။ ထောင်ဂဏန်းပါပဲ။ စစ်ကိုင်းစိန်မျက်လုံးတို့ မိသားစုအတွက် ငွေတစ်ထောင်ဖိုးလောက် ပစ္စည်းဝယ်ပြီး ပြန်လာကြတာ။ အိမ်ရောက်တော့ အိမ်ဝယ်ဖို့ မှာထားခဲ့တဲ့ မြင်းလှည်းသမားက အိမ်တွေ့ထားပြီ၊ ခြံဝင်းကလည်းကျယ်တယ်။နေရာကောင်းတယ်ဆိုပြီး မြင်းလှည်းနဲ့ ခေါ်သွားတယ်။ အိမ်ကတစ်ထပ်အိမ်၊ ခြံကျယ်တယ်၊ စစ်ကိုင်းတံတားကိုလည်း လှမ်းမြင်ရတယ်။ ဘေးနားက အစိုးရလျှပ်စစ်ရုံး ရှိတယ်။

ဒါနဲ့ ဝယ်ဖြစ်သွားတယ်။ စစ်ကိုင်းစိန်မျက်လုံးရဲ့ အမေ လက်မှတ်နဲ့ လွှဲပြောင်းထားရတယ်။ အိမ်က တစ်သောင်းကျော်ဆိုပေမယ့် ကျွေးတာမွေးတာ ပေးတာ ကမ်းတာကလည်း ရက်ရောတော့ နှစ်သောင်းနီးပါးကုန်သွားတယ်။ ကျွန်တော်တို့ကို အထည်ကုန်သည်တွေလို့ သတင်းလွှင့်





ထားရတယ်။ စိန်မျက်လုံးအမေနဲ့ ညီမတွေက ကျွန်တော်တို့ ခရီးထွက်ရင် အိမ်မှာ လာနေပေးကြပါတယ်။

ဓားဘရှိန်းနဲ့ စိန်မျက်လုံးတို့ရှိတဲ့၊ ကျွန်တော့်ရွှေမင်းသမီးလေးရှိတဲ့ ပန်းမြို့ကို တပေါင်းလဆန်း (၁၃)ရက်မှာ ရထားနဲ့ ထွက်လာကြတယ်။ ကျွန်တော် အပျော်ကြီး အရမ်းကို ပျော်နေတယ်။ မိန်းမ ရရင်တော့ အိုးနဲ့ အိမ်နဲ့ ငွေကလည်း လက်ထဲ တစ်သောင်းကျော် ကျန်သေးတော့ ဘယ်မပျော်ဘဲ နေမလဲ။ ပန်းမြို့ကို ရှစ်နာရီခွဲလောက်မှာ ရောက်ကြတယ်။ စိန်မျက်လုံးနဲ့ ဓားဘရှိန်းဖို့ ဈေးချိုက တိုက်ပုံနှစ်ထည်၊ ဖော့ခရစ်ရှပ်နှစ်ထည်၊ မြောက်ပြင်ပုဆိုးနှစ်ထည်၊ ဖိနပ်နှစ်ရန် ဝယ်လာတယ်။ ဘူတာရောက်တော့ ဓားဘရှိန်းအိမ်ကို တိုက်ရိုက် မသွားသေးဘဲ ကျွန်တော့်ရွှေမင်းသမီးရှိတဲ့ စားသောက်ဆိုင်ထဲကို အရင် ဝင်လိုက်တယ်။ ချမ်းတော့ ဘီယာနှစ်လုံး မှာသောက်ကြတယ်။ ရွှေမင်းသမီးလေးကို တွေ့ချင်လွန်းလို့ ဟိုဟိုသည်သည်လည်း ကြည့်ရတာ အမောပါပဲ။ကျွန်တော် အရမ်းအရမ်းကို တွေ့ချင်မြင်ချင်နေတယ်။ မတွေ့ရသေးပါဘူး။ ပြန်ခါနီးမှ မရွှေချောလေးက ရုံးတက်ဖို့ ထွက်လာတော့တယ်။

ငွေရှင်းပြီး ကျွန်တော်တို့ ချက်ချင်း ထလိုက်လာကြတယ်။ လိုက်သာလိုက်လာရတာ စိတ်ထဲက တစ်မျိုးကြီး ဖြစ်နေတယ်။ ဒုစရိုက်သမားတစ်ယောက် အနေနဲ့ ကိုယ့်ကိုယ်ကိုယ် မလုံဘူး။ မှောင်ခိုမိန်းကလေး မပျက်တပျက်တွေကို နီးနီးကပ်ကပ် အကြိမ်မရေမတွက်နိုင်လောက်အောင် ဆက်ဆံဖူးပေမယ့် ဒီလို တည်တည်ငြိမ်ငြိမ် ဣန္ဒြေရရ မိကောင်းဖခင် သမီးလေးတစ်ယောက်အနားကိုရောက်တော့ အလိုလို ကြောက်ဒူးတွေတုန်လာတယ်။ ထွန်းဇော်ကြီးက ဘယ်လောက်ပဲ နောက်က မျက်ရိပ်မျက်ခြည်နဲ့ "ပြောလေကွာ၊ ပြောလေကွာ" လို့ အားပေးနေပေမယ့် ဒူးတင်မကဘူး တစ်ကိုယ်လုံး ရင်တုန်ပန်းတုန်တောင် ဖြစ်လာတယ်။ ဘာမှလဲ မပြောဝံ့ဘဲ လိုက်လာလိုက်တာ ရုံးနားကိုရောက်တော့တယ်။ သူက ခပ်တည်တည် တစ်ချက်လှည့်ကြည့်တော့ ပိုပြီး တုန်လှုပ်သွားတယ်။ ကိုယ့်ကိုယ်ကိုယ် ငုံ့ကြည့်တော့ သူဌေးသား ရှုံးလောက်အောင် ဝတ်ဆင်လာပေမယ့် စိတ်ထဲမှာ လုံကို မလုံသလို၊ အရှုံးကြီး ရှုံးမိသွားတယ်။ အဲဒါနဲ့

သူရုံးပေါ်တက်သွားတဲ့အထိ စည်းရိုးပြင်က ငေးကြည့်ပြီး မြင်းလှည်းနဲ့ ပြန်ခေါက်လာကြရတယ်။ ထွန်းဇော်ကြီးက တစ်လမ်းလုံး အပြစ်တင်လာတာကို "ဘယ်လို ဖြစ်မှန်းကို မသိဘူး"ဆိုတဲ့ ဆင်ခြေကလွဲလို့ ကျွန်တော် မပေးတတ် ဖြစ်လာတယ်။ ထွန်းဇော်ကြီးက "ယီးမှပဲကွာ" လို့ ပြောပြီး "ဒီနေ့ ဆယ့်သုံးရက် ဆိုတော့ ဘုရားပွဲက ကြားတစ်ရက်ပဲ လိုတော့တယ်။ အဲဒါမှ မင်း မပဟန်ရင်တော့ စစ်ကိုင်းတံတားပေါ် ကိုသာ ညောင်းတော့" လို့ အားပေးတစ်ပျက်တစ်ဝက်နဲ့ ပြောပါတယ်။

ကျွန်တော်တို့ မားဘရှိန်းအိမ်ကိုရောက်တော့ စိန်မျက်လုံးနဲ့ အရက်အတူသောက်နေကြတာ တွေ့ရတယ်။ ဈေးချိုက ဝယ်လာတဲ့ ပစ္စည်းတွေကို ပေးပြီး ကျွန်တော့်အကြောင်းကို ထွန်းဇော်ကြီးက ဖော်ကောင်လုပ်တော့ စိန်မျက်လုံးက. . .

"ဟေး . . . ဘရှိန်းထက် ဆိုးမယ့် ငတိတစ်ကောင် ပေါ်လာပြန်ပကိုး"

လို့ ပြောပြီး ရယ်တယ်။ နောက်တော့ မားဘရှိန်း အကြောင်းကို ပြောပြတယ်။ မားဘရှိန်းလည်း မိန်းမစိတ်နဲ့ အရက် အလွန်အကျွံသောက်ပြီး အရက်ချိုးကပ်နေတယ်တဲ့။ မားဘရှိန်း တစ်နှစ်ခွဲ ထောင်ကျတော့ သူ့မိန်းမ နောက်လင်ငယ်နဲ့ လိုက်ပြေးသွားတယ်။ သုံးနှစ်သားကလေးက မားဘရှိန်း ထောင်ထဲက မလွတ်ခင် သေသွားတယ်။ သူ့မိန်းမကိုလည်း ခုထိ ရှာမတွေ့တော့ အဲဒီစိတ်နဲ့ အရက်ချည်း ဖိသောက်တော့တယ် ပြောတယ်။ နိမိတ်မကောင်းလိုက်တာလို့ ကိုယ့်ကိုယ်ကိုယ် တွေးပြီး "ဖွလွဲပါစေ၊ ဖယ်ပါစေ" လို့ စိတ်ထဲက ဆုတောင်းပြီး ကျွန်တော် အနားယူ အိပ်ပစ်လိုက်ပါတယ်။ ဒါပေမယ့် သွားလည်းဒီစိတ်၊ လာလည်းဒီစိတ် ဖြစ်နေတော့ အိပ်တော့ ပိုဆိုးပါတယ်။ ရွှေမင်းသမီးနဲ့ နီးရဖို့ အကြောင်းပဲ ခုနစ်စဉ်အမျှင်တန်းက တွေးမဆုံးပေါင် ဖြစ်နေတယ်။

ဒါနဲ့ ညနေရုံးဆင်းချိန် သွားစောင့်ဖို့ ထွန်းဇော်ကြီးကို အဖော်ခေါ်ရပြန်တယ်။ သေဖော်သေဖက်ဆိုတော့ ထွန်းဇော်ကြီးခမျာလည်း မညည်းမညူ လိုက်ပေးပါတယ်။ ဒီတစ်ခါလည်း သူ ရုံးက ပြန်လာလို့ အိမ်နားသာရောက်လာတယ်၊ ကျွန်တော် စကားတစ်ခွန်းမှ မဟရဲခဲ့ဘူး။ အနားက





ကန့်လန့်ကန့်လန့် ပါလာရုံကလွဲပြီး ဘာမှ အကြောင်း ထူးမလာပါဘူး။ သူ့ကို ပြောမယ်လို့ ပါးစပ်ဟလိုက်တိုင်း 'ငါက ဒုစရိုက်ကောင်၊ သူက ဂုဏ်သရေရှိ၊ မိဘနဲ့၊ ပညာနဲ့၊ ရုပ်ရည်နဲ့'ဆိုတဲ့ ခြောက်လှန့်စိတ်က ဝင်ဝင်လာတယ်။ ဘယ်လိုမှ ပြော မထွက်ဘူး။ ဒါပေမယ့် ခုလို အခြေအနေကြောင့် ကျွန်တော် သူ့ကို အရမ်းစိတ်ဝင်စားနေပြီ ဆိုတာတော့ သိတန်ကောင်းရဲ့လို့ စိတ်ကို ဖြေရတယ်။ သူ အိမ်ထဲ ဝင်သွားတော့ ကျွန်တော်တို့ နှစ်ယောက် စားသောက်ဆိုင် ထိုင်ကြပြန်တယ်။ တစ်ချိန်လုံး အိမ်ထဲဘက်ကို ငေးကြည့်နေပေမယ့် ထွက်မလာပါဘူး။ ဘက်တ်တံ သွားကစားနေတတ်တာ သတိရတော့ စားသောက်ပြီး ပြန်လာကြတယ်။ အိမ်ရောက်တော့ စိန်မျက်လုံးက တကယ်လား၊ နောက်တာလားမသိ အတည်ပေါက်နဲ့ "ငါလည်း မိန်းမယူတော့မယ်လို့" ဆီးပြောတယ်။ ကျွန်တော်ကလည်း အားကျမခံ "တို့လည်း ပြေလည်ခဲ့ပြီ၊ မိန်းမ ရတော့မယ်၊ မိန်းမ ရတော့မယ်" လို့ အော်ပြောပါတယ်။ ထွန်းဇော်ကြီးကလည်း "ဟုတ်တယ်ကွ၊ အားလုံး အိုကေမှာ စိုပြည်လာပြီ" လို့ ဝင်ပြောလိုက်တယ်။

မနက်ဖြန် တပေါင်းလပြည့်နေ့မို့ ညနေပိုင်းမှာ ဈေးသည်တွေနဲ့ ဘုရားမှာ အတော်လေး စည်ကားနေတယ်။ ကျွန်တော်တို့လည်း ဘုရားတန်ဆောင်းမှာထိုင်ပြီး လူသွားလူလာတွေကိုကြည့်နေရင်း အရှေ့တည့်တည့်ကနေ လူနှစ်ယောက် လာရပ်နေတယ်။ ကျွန်တော် တစ်ယောက်မှ မသိဘူး။

ထွန်းဇော်ကြီးက "မင်းတို့ ဘယ်တုံးက ရောက်ကြလဲ" လို့ နှုတ်ဆက်လိုက်မှ သူ့အသိမှန်း သိရတော့တယ်။ ဧည့်သည်နှစ်ယောက်ကို အအေးဆိုင်ခေါ် သွားပြီး မိတ်ဆက်ပေးတယ်။ တစ်ယောက်က ပွေးတင်ကို၊ တစ်ယောက်က နဘားအောင်အောင်တဲ့။ မန္တလေးတောင်မှာ လုယက်မှုနဲ့ ထောင်နှစ်နှစ်ကျပြီး ခုမှ လွတ်လာကြတာ။ အခုလည်း ဒီဘုရားပွဲမှာ အလုပ်လုပ်မလို့ လာကြတာတဲ့။ "သူတို့ ဒုက္ခရောက်လာတယ် ကူညီရမယ်" လို့ ထွန်းဇော်ကြီးက ပြောတယ်။

"ဒီဘုရားပွဲမှာတော့ မလုပ်ပါနဲ့၊ ခင်ဗျားတို့ အကြိုက် ပျော်ဖို့ ကျွန်တော်တို့ တာဝန်ယူတယ်"လို့ ကျွန်တော်တို့က တာဝန်ခံပြီး အကျီလုံချည်

ဘောင်းတီတွေကအစ စုပေးကြတယ်။ ကျွန်တော်နဲ့ ထွန်းဇော်ကြီးတို့ အလုပ်ဖြစ်ခဲ့ကြတာကိုတော့ လုံးဝ မပြောဘဲ ထိမ်ချန်ထားရတယ်။

လပြည့်နေ့ ညနေမှာ ပွဲသွားကြည့်ကြဖို့ ဖျာဝယ်ထားကြတယ်။ ညနေစာကို သူငယ်ချင်းတစ်စု ရွှေမင်းသမီးတို့ စားသောက်ဆိုင်မှာ သွားစားကြတယ်။ ကျွန်တော်တို့ စားသောက်နေတုန်း အချိန်မှာပဲ ရွှေမင်းသမီးလေးက ပြင်ဆင်ပြီး ဆင်းလာတယ်။ ကျွန်တော့်မျက်စိထဲမှာတော့ လပြည့်နေ့ည ဖိုးလမင်းနဲ့ အပြိုင် လှနေတာပါပဲ။ သူငယ်ချင်းတွေက ဝိုင်းကြည့်ကြတော့ ရှက်လို့ အိမ်ထဲ ပြန်ဝင်သွားတယ်။ သူ ပွဲသွားမယ်ဆိုတာ ကျွန်တော် ချက်ချင်း သိလိုက်တယ်။

ဒီလိုနဲ့ ကျွန်တော်တို့လည်း အိမ်ပြန် အဝတ်အစားလဲပြီး ပွဲဈေးတန်းကို သုတ်ခြေတင်လာခဲ့ကြတယ်။ ပွဲရုံလက်မှတ်တွေကို ကျန်တဲ့ သူငယ်ချင်းတွေကို ပေးထားခဲ့ပြီး ထွန်းဇော်ကြီးနဲ့ ကျွန်တော်က သူ့ကို လိုက်ရှာခဲ့ကြတယ်။ တွေ့ပါပြီ။ ဆုတောင်းပြည့်ဘုရားမှာ ဘာတွေ ဆုတောင်းနေတယ် မသိဘူး။ ဘေးမှာလည်း ရွယ်တူ အမျိုးသမီးက နှစ်ယောက်၊ အသက်ကြီးကြီးကတစ်ယောက်၊ နောက် ကလေးမအငယ်လေးက တစ်ယောက် သူတို့အဖွဲ့က ငါးယောက်တောင်ပဲ။

ကျွန်တော် ပန်းဝယ်ပြီး သူ့အနား ထိုင်ကန်တော့တယ်။ ထွန်းဇော်ကြီးက "ဘာဆုတောင်းလဲ" လို့ မေးတော့ "ရွှေမင်းသမီးလေးနဲ့ အမြန်ဆုံး ဖူးစာဆုံရပါလို၏ ဘုရားလို့ ဆုတောင်းပါတယ်ကွာ" ဆိုပြီး သူတို့ဘက် လှည့်ကြည့်လိုက်တော့ သူတို့ ထွက်သွားကြတာကိုပဲ တွေ့လိုက်ရတယ်။ ဒါပေမယ့် ရွှေမင်းသမီးလေးက သမင်လည်ပြန် လှည့်ကြည်လိုက်တဲ့ အကြည့်နဲ့ သွားဆုံမိလို့ ဝမ်းသာ ရင်ခုန်သွားမိတယ်။ သူတို့နောက် ဆက်လိုက်ကြတယ်။ သူတို့ ပွဲရုံထဲဝင်တော့ ကျွန်တော်တို့လည်း နောက်က လိုက်ဝင်ကြတယ်။ ဖျာက သူတို့ဖျာနဲ့ အတော်လေး ဝေးနေတယ်၊ ဘယ်လိုမှ အရိပ်အယောင် မပြနိုင်ဘူး။ အားလပ်ချိန်ပေးတော့ ကျွန်တော် မုန့်သွားဝယ်ပြီး သူနဲ့ မျက်စောင်းထိုးက ဆိုင်းဝိုင်းနားမှာ သွားကြည့်တယ်။ တစ်ချိန်လုံး ပွဲကို မကြည့်ဘဲ သူ့ကိုပဲ ကြည့်နေတော့ တစ်ခါတစ်ခါ အကြည့်ချင်း ဆုံမိကြတယ်။





ပွဲပြီးလို့ ပြန်လာကြတော့လည်း ဓားဘရှိန်းက "စွဲစွဲလမ်း လမ်းကွာ၊ ငါ ဒီနေ့ အနီးကပ်ကြည့်တော့ မင်းပြောသလောက် မဟုတ်ပါဘူး"

ကျွန်တော်ကလည်း အားကျမခံ "ခင်ဗျားကတော့ တစ်လောကလုံးက မိန်းမတွေဆို တစ်ယောက်မှ လှတယ်မြင်မှာ မဟုတ်ဘူး၊ မိန်းမတွေကို စိတ်နာနေတဲ့လူကိုး၊ လှ မလှ ဆိုတာ ကျွန်တော့်မျက်စိထဲ ဝင်ကြည့်ရတယ်ဗျ" ဆိုတော့ သူငယ်ချင်းတွေက ဝိုင်းရယ်ကြတယ်။ ဒါနဲ့ ဟိုပြောဒီပြောဆိုတော့ ပွေးတင်ကို၊ နဘားအောင်အောင်တို့နဲ့ တော်တော် ရင်းနှီးသွားကြတယ်။

အဲဒီစကားဝိုင်းမှာပဲ ပွေးတင်ကိုနဲ့ နဘားအောင်အောင်တို့က ခေါ်လို့ မန္တလေးမှာ အထက်တန်းတွဲကို လုပ်ဖို့ ဆင်းလာကြတယ်။ ပွေးတင်ကို သူငယ်ချင်းက ဘူတာမှာ တွဲပြင်တယ်၊ အထက်တန်းတွဲသော့ကို သူ့ဆီကပဲ ငှားပြီး လုပ်ကြတော့ လွယ်လွယ်ကူကူပါပဲ အလုပ်လုပ်ပြီး ပွေးတင်ကိုနဲ့ နဘားအောင်အောင်တို့ လမ်းခွဲသွားကြတယ်။ ထွန်းဇော်ကြီးက မိုးကုတ်ဘက် မတက်တာကြာပြီ သွားရအောင်ဆိုတာနဲ့ ကျွန်တော်လည်း မိုးကုတ် မရောက်ဘူးလို့ လိုက်လာတယ်။ ကြပ်ပြင်မှာ တည်းကြတယ်။ ကျွန်တော်တို့ရောက်သွားတဲ့နေ့က ငါးရက်တစ်ဈေးနဲ့ ဆုံတယ်။ လူတော်တော်စည်တယ်။ တည်းတဲ့အိမ်က ဘုရားကြီးနားမှာဆိုတော့ ဈေးနဲ့လည်း နီးတယ်။ အိမ်တွေ လည်ပတ်ကြည့်၊ ရုပ်ရှင်ကြည့်၊ ဈေးထဲ လျှောက်လည် ပြီးတော့ မြို့ပြင်ကို ထွက်လာကြတယ်။ မြို့ပြင်မှာ ဂျင်ဝိုင်း၊ အနီထောင်ဝိုင်းတွေ ရှိတော့ ထွန်းဇော်ကြီးက သွားကစားတယ်။ရှုံးပြီး ပြန်လာတယ်။ ကျွန်တော့်မှာ အထက်တန်းတွဲဝေစု ရတာနဲ့ ဘာဘာညာညာ ဝယ်ဖို့ပါတဲ့ ငွေသုံးထောင်လောက်နဲ့ နာရီ၊ ဆွဲကြိုးတွေပါတော့ ထွန်းဇော်ကြီးက ငွေနဲ့ ဆွဲကြိုးကို တောင်းတယ်။ ဂျင်နဲ့ အနီထောင်ကို နားမလည်တဲ့ ကျွန်တော်က ကိုယ်မကစားပေမယ့် ထွန်းဇော်ကြီးကို ငွေနှစ်ထောင့်ငါးရာနဲ့ ဆွဲကြိုးပေးလိုက်ရတယ်။ နောက်တစ်နေ့ ညနေမှ ထွန်းဇော်ကြီး ပြန်ရောက်လာတယ်။ ရှုံးခဲ့တာပါပဲ။

ထွန်းဇော်ကြီး ဂျင်ရှုံးနေတာကို သိတော့ တည်းတဲ့အိမ်ရှင် အဒေါ်ကြီးက ဘယ်တော့ ပြန်ကြမလဲလို့ မေးတယ်။ အဲဒါ ငွေတောင်းတာပဲလို့

နားလည်ရတယ်။ တည်းခက တစ်နေ့ ငါးဆယ် ပေးရတာကိုး။ အဲဒါနဲ့ သုံးရက် နှစ်ယောက်အတွက် ငွေကို ကျွန်တော်ပဲ စိုက်ပေးပြီး မန္တလေးကို ပြန်ဆင်းလာတယ်။

စစ်ကိုင်းက အိမ်ကိုရောက်တော့ စိန်မျက်လုံး အမေက ပြောတယ်၊

"အဒေါ် မရှိတုန်း အိမ်ကို သူခိုးခိုးခံရတယ်ကွယ်။ သေတ္တာနှစ်လုံး သော့ခတ်ပြီး တိုင်မှာ သံကြိုးနဲ့ ချည်ခဲ့တာလည်း ပါသွားတယ်။ ရေဒီယို ကက်ဆက်လည်း ပါသွားတယ်။ ခြံထဲမှာ ပစ္စည်းတွေကို သူခိုးက ဖွသွားတော့ ပွနေတယ်"

ကျွန်တော့်မှာ လက်စွပ်၊ နာရီနဲ့ အိမ်ပဲ ကျန်တော့တယ်။ အဲဒါကြောင့် စိန်မျက်လုံးကို ပေးထားတဲ့ ဖိလစ်ရေဒီယိုလေးကို ယူရောင်းရတယ်၊ စိတ်မကောင်းစရာပါပဲ။

ဒီလိုနဲ့ ရထားပေါ် ပြန်တက်၊ ရွှေဘိုက အစိုးရတိုက်တန်းလျားတွေဖောက်၊ နေ့ကွက်ကြောင်ရိုက်နဲ့ နှစ်ယောက်သား တော်တော်လေးတော့ အဆင်ပြေလာပြန်တယ်။

## ရှပ်ချင်းတူတဲ့လူ

ထွန်းဇော်ကြီး မရှိတဲ့တစ်နေ့ ရထားနဲ့ ပန်းမြို့ကို ထွက်လာခဲ့တယ်၊ ရွှေဘိုဘူတာမှာ ရထားရပ်တော့ ဒံပေါက်ဝယ်စားတယ်။ ရည်ရွယ်ချက်ကတော့ ပန်းမြို့သွားရင် လမ်းမှာ အလုပ်လုပ်ပေ့ါ။ ရထားဥပြဲဆွဲတော့ ကမန်းကတန်း ပိုက်ဆံပေးပြီး ရထားပေါ် ပြေးတက်မယ်အလုပ်မှာ ထမင်းဆိုင်မှာကတည်းက ကျွန်တော့်ကို လှည့်ကြည့် လှည့်ကြည် လုပ်နေခဲ့တဲ့ လူငယ်တစ်ယောက်က "ဒီမှာ အစ်ကိုလေး ကျကျန်ခဲ့တဲ့ မှတ်ပုံတင်" ဆိုပြီး လာပေးတယ်။ ကျွန်တော်က ကျေးဇူးတင်ကြောင်း ခပ်ပေ့ါပေ့ါပဲ ပြောလိုက်တယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်တို့လို ဒုစရိုက်သမားတစ်ယောက်မှာ မှတ်ပုံတင်က နှစ်ခု သုံးခု ကိုင်ဆောင်ထားကြလို့ပါ။

သူက ရည်ရည်မွန်မွန်နဲ့ မိတ်ဆက်တယ်။ ကသာခရိုင်၊မော်လူးမြို့က မြို့မရပ်မှာ နေတယ်တဲ့။ နာမည်က ဝင်းမြင့် ပါလို့ သူက ပြောတော့ ကျွန်တော်ကလည်း စစ်ကိုင်းမှာ နေတဲ့အကြောင်း၊ ကျော်မြင့် ဖြစ်ကြောင်း





ပြောရတယ်။ ကျွန်တော် ဆေးလိပ်ဝယ်မယ်လုပ်တော့ သူက "မဝယ်ပါနဲ့ သူ့မှာ ပါတယ်"ပြောပြီး ဆေးလိပ်တစ်ဘူး ထုတ်ပေးတယ်။ ရထားပေါ် ရောက်တော့ ရွှေဘိုက တက်လာကြတဲ့ လူတွေများလွန်းလို့ နေရာ မရတော့ဘူး။ အဲဒါကြောင့် နှစ်ယောက်သား ရထားခေါင်မိုးပေါ် တက်လိုက်လာကြတယ်။

ရထားထွက်ပြီး မကြာခင်မှာ ရှေ့တွဲတွေကို အကြံအဖန်လုပ်ဖို့ ခဏလို့ ဝင်းမြင့်ကို ပြောပြီး ထွက်လာခဲ့တယ်။ အဆင်မပြေလို့ နောက်တွဲကနေ ပြန်တက်လာတော့ လား . . . လား လူနှစ်ယောက်က ဝင်းမြင့်ကို ဓားထောက်ပြီး လုနေကြတယ်။ ကျွန်တော် ချက်ချင်း အနားကို ရောက်သွားတယ်။ "မလုပ်ပါနဲ့ကွာ၊ ငါ့ညီပါ အခု ကသာ သွားမလို့ပါ" ဆိုလည်း မရပါဘူး။ ပွေးတင်ကိုနဲ့ နဘားအောင်အောင်တို့က အတင်း လုနေကြတယ်။ တော်တော်သစ္စာမရှိတဲ့အကောင်တွေပါပဲ။ နှစ်လလောက် လူချင်း မတွေ့ကြတာနဲ့ပဲ စိမ်းသွားကြတယ်။ ကျွန်တော်လည်း ဒေါသထွက်ထွက်နဲ့ ဝင်းမြင့်ဘက်က ပြန်လုပေးတယ်။ ဒီတော့ နဘားအောင်အောင်က "ငါတို့ သိပ်ဒုက္ခရောက်လို့ပါကွာ ပျံ့လွှားရာ၊ မင်း ဝင်မနှောင့်ယှက်ပါနဲ့၊ ငါ တောင်းပန်ပါတယ်"လို့ ပြောချိန်မှာပဲ ဝင်းမြင့်က သူ့နာရီကို ဖြုတ်ပြီး "ရော့ဗျာ ကျွန်တော့်မှာလည်း တန်ဖိုးရှိတာဆိုလို့ ဒါပဲရှိတယ်" ပြောပြီး နဘားအောင်အောင် လက်ထဲ ထည့်ပေးလိုက်တယ်။ ကျွန်တော် ပြန်လုဖို့ အချိန် မရလိုက်ခင် သူတို့နှစ်ယောက် နောက်တစ်တွဲကို ခုန်ကူးသွားကြတယ်။ ကျွန်တော် တော်တော် စိတ်မကောင်း ဖြစ်သွားမိတယ်။ သစ္စာမဲ့လိုက်ကြတဲ့ အကောင်တွေ။

ဒါနဲ့ ကျွန်တော်လည်း ဝင်းမြင့်အနားဝင်ထိုင်ပြီး စိတ်မကောင်းကြောင်း ပြောမိတယ်။ ဒီတော့ ဝင်းမြင့်က. . .

"စိတ်မကောင်း မဖြစ်ပါနဲ့ အစ်ကိုရာ၊ အစ်ကို့ကို ကျွန်တော်က သိပ်ကျေးဇူးတင်ရမှာ။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော့်အိတ်ထဲမှာ ဘဘကြီး ရောင်းခိုင်းလိုက်တဲ့ ပစ္စည်းနဲ့ ငွေတွေပါတယ်။ ဒီငွေတွေသာ ပါသွားရင် ကျွန်တော် အိမ်တောင် ပြန်ရဲမှာ မဟုတ်တော့ဘူး။ ဟို တစ်ပတ်တုန်းကလည်း ရောင်းလို့ရတဲ့ငွေတွေကို မူးမူးနဲ့ ဂျင်ဝိုင်းမှာ ရှုံးထားခဲ့တယ်။

အဲဒါကြောင့် နောက် ဘယ်တော့မှ မကစားတော့ဘူးလို့ ဆုံးဖြတ်လာကာမှ အခုလို အလုခံရတယ်ဆိုရင် အိမ်ကလည်း ယုံတော့မှာ မဟုတ်ဘူး၊ ကျေးဇူးကြီးပါတယ် အစ်ကိုရာ။ ကျွန်တော့်ကို ညီအရင်းလို ခင်ပါ။ အစ်ကို့ကိုလည်း ကျွန်တော် ထမင်းဆိုင်မှာ မြင်ကတည်းက အစ်ကိုအရင်းတစ်ယောက်လို ခင်ပါတယ်။ ကျွန်တော့် အမေ အဖေက မန္တလေး မျက်ပါးရပ် (၃၇) လမ်းမှာ နေပါတယ်။ ဘဘကြီးက သူ့စီးပွားရေးလုပ်ငန်းမှာ ဝင်လုပ်ရမယ်ပြောလို့ ကျောင်းထွက်ပြီး ကသာခရိုင် မော်လူးမှာ သွားနေနေရတယ်။ မန္တလေးမှာလည်း လာလာတော့ နေပါတယ်။ မန္တလေးရောက်ရင် ဝင်ဖြစ်အောင် ဝင်ခဲ့ပါ"

ဆိုပြီး လိပ်စာပေးတယ်။ အားရင် လာလည်မယ်လို့ ကတိပေးလိုက်ရတယ်။ ဝင်းမြင့်က ကျွန်တော့်ကို ကျေးဇူးလည်းတင် ခင်လည်း သိပ်ခင်သွားရှာတယ်။

ဒီလိုနဲ့ ကျွန်တော့်ဘဝ ရထားပေါ် တက်လုလိုက်၊ ပန်းမြို့က ရွှေမင်းသမီးဆီ သွားလိုက် လုပ်နေရပေမယ့် ရွှေမင်းသမီးနဲ့တော့ အဆင်မပြေသေးပါဘူး။ ဒါပေမယ့် ကျွန်တော် အားမလျှော့ဘူး။ ရွှေမင်းသမီးလေးကို လျှောက်ပြန်သံပေး လုပ်နေတုန်းပါပဲ။

တစ်နေ့တော့ ပန်းမြို့ကို ထွန်းဇော်ကြီးလည်း ပါလာတယ်။ အဲဒီနေ့မှာပဲ ပွေးတင်ကို ရထားပေါ်က လုပြီး အဆင်းမှာ ရထားကြိတ်လို့ သေသွားရှာတယ်။ စိတ်ထဲ တော်တော် ထိတ်လန့်သွားတယ်။ တစ်နေ့ငါလည်း ဒီလို အသေဆိုးနဲ့များ သေရမလားဆိုပြီး ဒုစရိုက်လောကက ထွက်ပြေးချင်စိတ်လည်း ပေါက်သွားတယ်။

မားဘရှိန်းအိမ်မှာ တည်းပြီး နောက်တစ်နေ့ ရွှေမင်းသမီးလေး ရုံးသွားချိန်မှာ သွားစောင့်တယ်။ ဒီနေ့တော့ ပြောဖြစ်အောင်ကို ပြောလိုက်မယ်လို့လည်း ဆုံးဖြတ်လာတယ်။ အနားနားကပ်သွားပြီး "ဒီမှာ ညီမ၊ ခဏနေပါဦး" ဆိုတော့ လှည့်ကြည့်တယ်။ "အစ်ကို့ကို သနားပါဦး" ဆိုတော့ ဘာမှ ပြန်မပြောဘူး။ "အစ်ကို့ကို မုန်းနိုင်မယ်ဆိုရင် နာမည်လေးတော့ ပြောပါဦး" ဆိုတော့လည်း ဘာမှ ပြန်မပြောဘူး။ "ဒါဆို ချစ်ချစ်လို့ပေါ့နော်" ပြောပြန်တော့လည်း ဘာမှပြန်မပြောဘူး။ သူက ရုံးထဲ





ဝင်သွားတော့ ရုံးဝ စိန်ပန်းပင်ကြီးကိုမှီပြီး ကြည့်ငေးငေးကျန်ခဲ့ရတယ်။

အိမ်ကို ပြန်လာပြီး ညနေ ရုံးဆင်းချိန်မှာ တစ်ခါ သွားစောင့်ရပြန်တယ်။ နှင်းမိုးတွေ တစ်ဖွဲဖွဲ ရွာနေတယ်။ ကျွန်တော် ဆောင်းစရာ ဘာမှ ယူမလာမိဘူး။ ရုံးစာရေးမ သုံးလေးယောက်နဲ့ အတူ ထီးကိုယ်စီနဲ့ ရွှေမင်းသမီးလေး ထွက်လာတယ်။ အဲဒီအချိန်မှာ ကျွန်တော် တော်တော် ချမ်းနေတယ်။ ကျွန်တော် သူ့အနားကပ်လာတော့ ကျန်အမျိုးသမီးတွေက ဘေးရှောင်ပေးကြတယ်။ ကျွန်တော် တော်တော် အားရှိသွားတယ်။ သူ ပြောထားလို့ပဲလို့ ယူဆလိုက်တယ်။

"ဒီမှာ အစ်ကိုဟာ ညီမလေးကို တွေ့ ချင်လွန်းလို့ မန္တလေးကနေ ဒီအထိ လာလာနေတာ ညီမ သိတတ်ဖို့ ကောင်းပါတယ်ကွယ်" ဆိုတော့လည်း ဘာဆို ဘာမှကို ပြန်မပြောဘူး၊ သနားတတ်တဲ့ မိန်းကလေးဆို သနားဖို့ ကောင်းပြီ။ ကျွန်တော့် တစ်ကိုယ်လုံးမှာ သူတို့ တောင်ပေါ်မြို့ နှင်းမိုးတွေထဲ ရွှဲရွှဲစိုလို့။ အဖော်ပါတဲ့ ထွန်းဇော်ကြီးကိုတောင် အားနာလာတယ်။ ဒါပေမယ့် ကျွန်တော် ဇွဲမလျှော့ဘူး၊ အတင်းကို လိုက်ပြောတယ်။

"ညီမ အနေနဲ့ စကားမပြောနိုင်လောက်အောင် အစ်ကို့ကို ကြည့်မရ ဖြစ်နေလားဟင်" ဆိုတော့မှ "ကျွန်မနဲ့ ဘာဆိုင်လို့လဲ" ဆိုပြီး မျက်စောင်းထိုးပြောတယ်။

ဈေးနားကလည်း ရောက်ခါနီးပြီ၊ ချမ်းကလည်း အရမ်းချမ်းလာတော့ တဖြည်းဖြည်း နောက်ချန် နေခဲ့ရတယ်။ တော်တော် ဝမ်းနည်းသွားမိတယ်။ သစ်ပင်အောက်ကနေ ငေးကြည့်နေမိသေးတယ်။ အခုမှ သူကလည်း ပြန်ကြည့်ပြန်ကြည့် ကြည့်တော့မှ တစ်ကိုယ်လုံး ပြန်နွေးလာမိတယ်။ ထွန်းဇော်ကြီးက အနားပြေးလာပြီး "ဘယ့်နှယ်လဲ ပြေလည်တယ် မဟုတ်လား" လို့ မေးတာကို ခေါင်းခါပြလိုက်မိတယ်။ ချမ်းချမ်းနဲ့ သူတို့ စားသောက်ဆိုင်မှာ အရက်ဝင်သောက်ရင်း အကဲခတ်ကြည့်တယ်။ မမြင်ရဘူး။ ဘူတာပေါ် တက်လာကြပြီး နောက်ကို တစ်ချက် လှည့်ကြည့်မိမှ အိမ်ပေါ်ထပ်ကနေ ကျွန်တော်တို့ဘက်ကို တိုင်မှီပြီး ငေးကြည့်နေတာ တွေ့ရတော့တယ်။ ကျွန်တော်လည်း တစ်ချက် ပြန်ကြည့်ပြလိုက်ချိန်မှာ ရထားက ဝင်လာတော့တယ်။ ကျွန်တော်က ရထားကို ဂရုမစိုက်အားဘူး။

သူ့ကိုပဲ ငေးကြည့်နေမိတယ်။ ရထားက ခဏပဲ ရပ်ပြီး ပြန်ထွက်တဲ့အထိ သူ ငေးကြည့်နေတုန်းပါပဲ။ဒါပေမယ့် ကျွန်တော်ကတော့ အတော် အသည်းမာတဲ့ မိန်းကလေးပဲလို့ မှတ်ချက်ချထားလိုက်ပါပြီ။ လက်လျှော့ချင်စိတ်လည်း ပေါက်လာတယ်။

ရထား ဘူတာက ဖြည်းဖြည်းထွက်လာလို့ ပလက်ဖောင်းဆုံးခါနီးမှ သူက လက်ပြ နှုတ်ဆက်လိုက်သလို မြင်လိုက်ရတယ်။ ချက်ချင်း ဝမ်းသာဝမ်းနည်း ဖြစ်သွားမိတယ်။ ထွန်းဇော်ကြီးကတော့ စိတ်မောတ်ကျပြီး ရထားပေါ်မှာ အိပ်လိုက်လာတယ်။ ရွှေဘိုမြို့ရောက်မှ ထွန်းဇော်ကြီးကို နှိုးယူရတယ်။ ရေတံခါးမှာ ရေသွားချိုး၊ အရက် ထပ်သောက်နဲ့ ထမင်းစားပြီးမှ စစ်ကိုင်းကို ကားနဲ့ ပြန်ခဲ့ကြတယ်။ အိမ်မှာ စိန်မျက်လုံးအမေလည်း လာမအိပ်တော့ ဖုန်တွေနဲ့ ရှုပ်ပွနေတယ်။

နောက်တစ်နေ့မှာ နဘားအောင်အောင် ရောက်လာလို့ မုဆိုးချုံရွာကို ဘိထွင်းဖို့ ထွက်လာကြတယ်။ အဲဒီနေ့ကတော့ တစ်သက်လုံး မမေ့နိုင်စရာ နေ့တစ်နေ့ပါပဲ။ အိမ်ပေါ် ရောက်လို့ ထွန်းဇော်ကြီးနဲ့ ကျွန်တော်တို့က ခုတင်အောက်က သေတ္တာကို ဆွဲထုတ်နေကြချိန်မှာ နဘားအောင်အောင် ထွေးခံထဲ ခြေကျွံကျပြီး မှောက်လျက်လဲတော့ အိမ်ရှင် နိုးသွားတယ်။ "သူခိုး၊ သူခိုး၊ ဓားပြ၊ ဓားပြ" ဆိုပြီး အော်ပါလေရော၊ ကျွန်တော်တို့လည်း ခွေးပြေး ဝက်ပြေး ပြေးကြတော့တယ်။ လယ်နှစ်ကွက်လောက်ကို ရောက်မှ ထွန်းဇော်ကြီးနဲ့ ကျွန်တော်က နဘားအောင်အောင်ကို စောင့်နေမိကြတယ်။ ဒါပေမယ့် နဘားအောင်အောင်တော့ ရောက်မလာဘူး။ မုဆိုးချုံရွာသားတွေ လက်နှိပ်ဓာတ်မီး တဝင်းဝင်းနဲ့ အုပ်လိုက်ကြီး ဝိုင်းလိုက်ကြတယ်။

ကျွန်တော်တို့နှစ်ယောက်လည်း ဆက်ပြီး စွတ်ပြေးကြရင်း ကန်သင်းတစ်ခုကို ကျော်အတက်မှာ သေတ္တာတစ်လုံးကို ဝင်တိုက်မိတယ်။ ရှေ့ဆင့်နောက်ဆင့် ပြေးလွှားရင်းက တိုက်မိတဲ့ နေရာကို သေသေချာချာ ကြည့်လိုက်တော့ လူသေအခေါင်းတစ်လုံး၊ ပန်းအိုးတွေ၊ မီးခွက်တွေက ခြေရင်းမှာ မှောက်လို့၊ ပုပ်စော်ကလည်း နံနေတယ်။ ဒါနဲ့ ကျွန်တော်တို့ ဆက်ပြီး စွတ်ပြေးလာကြတယ်။ လယ်စောင့်တဲမှာ တစ်ညလုံးနေပြီး





မိုးလင်းမှ ရွှေဘိုမြို့ထဲ ဝင်ခဲ့ကြတယ်။ အဆင်မပြေတော့လည်း စစ်ကိုင်းကို ပြန်လာခဲ့ကြတယ်။နောက်တစ်နေ့မှာ စိန်မျက်လုံးက နဘားအောင်အောင်ကို မန္တလေးမှာ တွေ့ခဲ့တယ်လို့ ပြောတယ်။ လွတ်လာလို့ တော်သေးတယ် ပြောရမယ်။ အမှုပတ်မှာ မပူရတော့ဘူး။

စိန်မျက်လုံးက အစိုးရတိုက်တန်းလျားမှာ အင်ဂျင်နီယာ အိမ်တစ်အိမ်ကို လုပ်ဖို့ ပြောတယ်။ အိမ်က မိန်းမနဲ့ ကလေးတွေက ကျိုက်ထီးရိုးဘုရားဖူးသွားနေကြတယ်၊ ယောက်ျား အင်ဂျင်နီယာက ရုံးသွားတော့ အိမ်ကို သော့ခတ်ထားတာမို့ နေ့ကွက်ကြောင်ရိုက်ရင် ရမယ်လို့ တိုင်ပင်ပြီး နေ့ကွက်ကြောင်သွားရိုက်ကြတာ အဆင်ပြေတယ်။ ရေတံခါးမှာ ရေချိုး၊ ဈေးထဲသွားပြီး ထုံးစံအတိုင်း ပခုက္ကူထမင်းဆိုင်မှာ ထမင်းစား။ စစ်ကိုင်းကို ပြန်မလို့ ဘူတာပေါ် တက်လာတော့မှ ကျွန်တော့် မှတ်ပုံတင်နဲ့ ဆယ်တန်အဟောင်း သုံးရွက် ပျောက်နေတာကို သိလိုက်မိတယ်။ စိန်မျက်လုံးနဲ့ ထွန်းဇော်ကြီးကို "နောက်ထားကြတာလား" လို့ မေးကြည့်တော့ သူတို့လည်း မသိဘူး။ "မင်းဟာ ရေတံခါးမှာ ရေချိုးကြတုန်းက ကျကျန်ခဲ့တာလားမှ မသိတာ"လို့ ပြောကြတယ်။ ဒီလိုနဲ့ မေ့မေ့ပျောက်ပျောက်ပဲ နေလိုက်မိတယ်။ အမှန်က အဲဒီ ပျောက်ကျန်ခဲ့တဲ့ မှတ်ပုံတင်ဟာ တစ်နေ့မှာ ကျွန်တော့်ဘဝကို ဖျက်ဆီးလိမ့်မယ်ဆိုတာ အဲဒီတုန်းက လုံးဝ မတွေးမိခဲ့ပါဘူး။ နောက်တော့ ကိုယ့်သတင်း ကိုယ်ပြန်ကြားရတယ်။ အစိုးရတိုက်တန်းလျားက အင်ဂျင်နီယာ အိမ်တစ်အိမ် အဖောက်ခံရတယ်။ ရွှေတွေ၊ ငွေတွေနဲ့ စက်ခေါင်း၊ နာရီ၊ ရေဒီယို၊ ကက်ဆက်တွေလည်း ပါသွားတယ်။ ရွှေချည်းသက်သက် တစ်ဆယ့်ငါးကျပ်သားတဲ့။ ကျွန်တော်တို့ ရလာတဲ့အထဲမှာ ရွှေဆယ့်ငါးကျပ်သား ဆိုတာ လုံးဝ မပါဘူး။ သတင်းကားတယ်လို့ ထင်ခဲ့တယ်။

အဲဒီ သတင်းကို စစ်ကိုင်းစိန်မျက်လုံးက ကျွန်တော့်ကို လာပြောတယ်။အဲဒီ အချိန်တုန်းက ထွန်းဇော်ကြီး အိမ်မှာ မရှိဘူး။ သတိထားမိတာက အဲဒီ နောက်ပိုင်းမှာ ထွန်းဇော်ကြီး ကျွန်တော့်ကို ခပ်တန်းတန်း လုပ်လာတယ်။ အိမ်ကိုရောင်းပြီး တစ်ဝက်စီ ခွဲယူကြမယ်လို့လည်း ပြောလာတယ်။ ကျွန်တော့်စိတ်ထဲ ကသိကအောက် ဖြစ်ရတယ်။ ဒါပေမယ့် "စဉ်း

စားပါရစေဦး၊ ကြည့်လုပ်ကြတာပေါ့" ပြောထားရတယ်။

ကျွန်တော့်အကြံက အိမ်တော့ မရောင်းဘူး။ ဒီကြားထဲ အလုပ်လုပ်မယ်၊ ငွေရလို့ အဆင်ပြေရင် ထွန်းဇော်ကြီးကို အိမ်ဖိုး ငွေတစ်ဝက် အမ်းပေးလိုက်မယ်၊ ကျွန်တော်က ဒီအိမ်မှာ ရွှေမင်းသမီးလေးနဲ့ နေရမှာ။ ဒါပေမယ့် အဲဒီ နောက်ပိုင်းမှာ ပြောရင်လည်းရပါမယ်။ အဆင်မပြေပါဘူး။ကျွန်တော် စိတ်ဓာတ်ကျနေတယ်။ အလုပ်လည်း မလုပ်ချင်၊ မအောင်မြင်တော့ စိတ်လေနေတယ်။ တက်တက်ကြွကြွ မရှိတော့ဘူး။ အဲဒါကြောင့် အားအားရှိ ရွှေကြက်ယက်ဘုရားနားမှာရှိတဲ့ စာသင်ကျောင်းနားမှာ အကြံသွားထုတ်တယ်။ ကလေးတွေ ကျောင်းတက်ကျောင်းဆင်းတာတွေ မြင်ရတော့ ကျွန်တော် ကျောင်းပြန်နေချင်လိုက်တာ။ ဒါပေမယ့် ကိုယ့်ဘဝနဲ့ ကျောင်းနဲ့က တခြားစီ ဖြစ်သွားပြီဆိုတာ သဘောပေါက်လိုက်တယ်။ ဒါနဲ့ အလွမ်းပြေ ကျောင်းလွမ်းရောဂါကို ကလေးတွေကို မုန့်ဖိုးဝေငှပေး၊မုန့်ထုပ်တွေပေးပြီး ဖြေသိမ့်နေခဲ့ရတယ်။

အလုပ်အကိုင် မကောင်းလို့ ပန်းမြို့က ရွှေမင်းသမီးဆီကိုလည်း မသွားဖြစ်၊ အလုပ်လည်း မလုပ်ဖြစ်တဲ့နေ့တွေမှာ ရွှေကြက်ယက်ဘေးနားစာသင်ကျောင်းက တမာပင်ကြီးအောက် နေ့တိုင်းလိုလို ရောက်တယ်။ ဘယ်ကိုလွမ်းလို့ လွမ်းရမှန်း မသိဘဲ တစ်ခါတစ်ခါ မျက်ရည်တောင် ကျမိတယ်။ ချစ်သူနဲ့ဝေး၊ မိဘနဲ့ဝေး၊ ကျောင်းနဲ့လည်း ဝေးခဲ့တော့ ကိုယ့်ကိုယ်ကိုယ်လည်း စိတ်နာချင်သလို ဝေဒနာသစ်တစ်ခုကို ရလာခဲ့တယ်။

ဒီလိုနဲ့ စိန်မျက်လုံးရယ်၊ ဓားဘရှိန်းရယ်နဲ့ ရွှေဘိုဘုရားပွဲ လှည့်လည်ရင်း ဘုရားရင်ပြင်ပေါ်မှာ ဓားဘရှိန်းက ဘက်အိတ်တစ်လုံးကိုခွဲပြီး အနီးကပ်နှိုက်တယ်။

လူက ရှင်းနေချိန်ဆိုတော့ ဘက်အိတ်ခွဲခံရတဲ့လူက အော်လို့ လွတ်ပေးလိုက်ရတယ်။ ဓားဘရှိန်း လွတ်သွားပြီး အနီးအနားမှာရှိတဲ့ ကျွန်တော်နဲ့ စိန်မျက်လုံးတို့ အဖမ်းခံရတယ်။ လုတဲ့လူ မသေချာလို့ ပွဲတော်လုံခြုံရေးအတွက်ဆိုပြီး ထိန်းသိမ်းထားကြတယ်။ ပွဲပြီးရင် ပြန်လွှတ်လိုက်ကြတယ်။ ကျွန်တော်တို့လည်း စစ်ကိုင်းကို ပြန်လာခဲ့ကြတယ်။

စစ်ကိုင်းရောက်တော့ အိမ်မှာ လူစိမ်းတွေကို တွေ့ရတယ်။ အိမ်ထဲ





ဝင်သွားတော့ မိန်းမကြီးတစ်ယောက်က "မောင်ရင် ဘာကိစ္စလဲတဲ့"။ "ဒါကျွန်တော့်အိမ်ပဲလို့ ပြောတော့ မိန်းမကြီးတစ်ယောက်က အိမ်ဂရန်တွေထုတ်ပြပြီး ကျွန်တော့်အတွက် စာတစ်စောင် ထုတ်ပေးတယ်။ "မင်းသူငယ်ချင်းက ပေးထားခဲ့တာ၊ မင်းလာရင် ပေးလိုက်ပါလို့ မှာသွားတယ်" တဲ့။ ကျွန်တော် ဘာမှ မပြောခဲ့ဘူး။ မိန်းမကြီးပေးတဲ့စာကို ယူပြီး စိန်မျက်လုံးတို့ အိမ်ကို ထွက်လာတယ်။

စိန်မျက်လုံး အမေက ပြောတယ် "ထွန်းဇော်ကြီးက အိမ်ဝယ်စာချုပ်ကို ခဏဆို လာတောင်းသွားပြီး မင်း အဝတ်အစားသေတ္တာတွေ လာပေးသွားတယ်။ အဒေါ်တို့လည်း ဘာမှ မသိလိုက်ရဘူး" တဲ့၊ လုယက်ခိုးဝှက်လို့ ဝယ်ထားရတဲ့အိမ် ဆိုတော့လည်း အမှုပေါ်မှာစိုးလို့ ဘယ်လူနဲ့မှ တရားတပေါင် မဖြစ်ရဲပါဘူး။ ဒီအတိုင်းပဲ အဆုံးခံလိုက်ရတယ်။

စိတ်ညစ်ညစ်နဲ့ ထွန်းဇော်ကြီးပေးထားခဲ့တဲ့ စာကို ခုမှ ဖောက်ဖတ်ကြည့်ရတယ်။

*"မော်လမြိုင်က အမေ နေမကောင်းလို့ ဦးလေး လာခေါ်တာနဲ့ လိုက်သွားရတယ်။ အမေတို့လည်း ဒုက္ခရောက်နေတယ်။ ငါလည်း ပြန်စရိတ်တောင် မရှိလို့ အိမ်ကို ရောင်းခဲ့ရတယ် သူငယ်ချင်း"*

စာက ဒါပဲ။ ထွန်းဇော်ကြီးဟာ စတွေ့ကြကတည်းက ခပ်ရင့်ရင့်ဆိုတာတော့ သိပြီးသားပါ။ အိမ်ကို ရောင်းသွားတာ စိန်မျက်လုံးလည်း မကျေနပ်ဘူး။

"ဒီကောင် ရွှေတွေလည်း တစ်ဆယ့်ငါးကျပ်သားတောင် တစ်ယောက်တည်း မောင်ပိုင်စီးသွားသေးတယ်"ဆိုပြီး ခုမှ ဒေါသဖြစ်နေတယ်။ အင်ဂျင်နီယာအိမ်ကရတဲ့ ရွှေတွေငွေတွေနဲ့ အိမ်ကိုပါရောင်းလို့ ထွန်းဇော်ကြီး လစ်သွားပြီဆိုတာ အဲဒီကျမှ သိရတော့တယ်။

စိန်မျက်လုံးတို့ အိမ်မှာနေပြီး ရှိတဲ့ငွေလေးနဲ့ ထိုင်စားနေတာ လက်ထဲငွေနှစ်ရာလောက် ကျန်တော့မှ ရွှေဘိုက အရာရှိကြီး အိမ်နောက်ဖေးလမ်းကြားမှာ မြှုပ်ထားခဲ့တဲ့ ငွေဒင်္ဂါးနဲ့ ဆင်စွယ်နှစ်ချောင်း၊ဟသ်ာအလေးတွေကို သွားရှာမိတယ်။ မရှိတော့ပါဘူး။ ကျွန်တော့်ထက် လျင်တဲ့ ထွန်းဇော်ကြီး ဦးသွားပါပြီ။ အတော့်ကို စိတ်ဓာတ်ကျလာတယ်။ အလုပ်လုပ်ချင်စိတ်

လည်း သိပ်မရှိတော့ဘူး။ ရွှေကြက်ယက်ဘုရားမှာ တစ်ယောက်တည်း သွားသွားထိုင်ပြီး စဉ်းစားနေမိတယ်။ ပန်းမြို့က ရွှေမင်းသမီးလေးကို သတိရလိုက်တယ်။ ဒီတစ်ချီလုပ်ပြီးလို့ အဆင်ပြေရင် နောက်မလုပ်တော့ဘူး။ ရွှေမင်းသမီးတို့ဆိုင်မှာ စားပွဲထိုးပဲလုပ်ရလုပ်ရဆိုပြီး စိတ်ကူးယဉ်လိုက်သေးတယ်။ ဒါပေမယ့် လက်တွေ့မှာတော့ မြစ်ကြီးနားရထားကို အလုပ်လုပ်ဖို့ ဆင်းလာမိတာပါပဲ။

အလုပ်လုပ်ဖို့ တွဲတွေကို လိုက်ကြည့်တော့ အထက်တန်းတွဲ တစ်တွဲမှာ "ငထော" လို့ ထင်ရတဲ့ လင်မယားတစ်စုံတွဲကို တွေ့တယ်။ ဘူတာစဉ်လိုက် ရွာထောင်၊ မုဆိုးချို၊ ရွှေဘို၊ ထန်းတပင်၊ ဇီးကုန်းထိ လင်မယားက မအိပ်ကြသေးဘူး။ အရေးထဲ ကျွန်တော်လုပ်မယ့် အခန်းထဲ တွဲစောင့်က ဝင်ပြီး လေထိုင်ပစ်နေတယ်။ကျွန်တော်လည်း ပေးလာမယ့် အခွင့်အလမ်းကိုစောင့်ရင်း ချပ်သင်း၊ ကိုးထောင်ဘို့ ရောက်လာတယ်။ ပန်းမြို့နဲ့လည်း နီးလာပြီမို့ အချိန်ကို တွက်ဆပြီး တွဲခေါင်မိုးပေါ်ကနေ ကြည့်နေလိုက်တယ်။ ချစ်သူရှိတဲ့ ပန်းမြို့ကို အပြန်ကြမှ ဝင်ရမယ်။ခုတော့ အဆင်ပြေတဲ့အထိ လိုက်ရတော့မယ်။ ဝန်သို၊ ဂျိုထောင် ဘူတာအရောက်မှာ အလုပ်အဆင်ပြေသွားတယ်။

တစ်ယောက်တည်း ခဲရာခဲဆစ်လုပ်ပြီး တစ်ခုချင်း ပစ်ချခဲ့ရတဲ့ သေတ္တာတွေကို ပြန်ကောက်ပြီး ဂျိုထောင်ဘက်ကို သံလမ်းအတိုင်း လျှောက်အလာ တောင်ပေါ်ပြည်သူစစ်တွေနဲ့ ဝင်တိုးတယ်။ အချိန်က ငါးနာရီသာသာ ရှိနေပြီ ဖြစ်ပေမယ့် နှင်းက သိပ်ပိတ်နေတော့ ရှေ့ကို ဝါးတစ်ပြန်လောက်သာ မြင်ရတယ်။ ဒါကြောင့်လည်း တောင်ပေါ်က ဆင်းလာကြတဲ့ ပြည်သူ့စစ်တွေကို ကြိုပြီး မတွေ့မမြင်ရတာဘဲ။

"မင်း ဘယ်သွားမလို့လဲ" လူကြီးလုပ်တဲ့လူက မေးတယ်။

ကျွန်တော်လည်း ခေါင်းထဲ ပေါ်လာတာ စွတ်ပြောလိုက်မိတယ်။

"တောင်ခြေက အဲဒေါ်တွေဆီ လာတာပါ"

"ဟေး . . . ဒီတောင်ခြေမှာ ဘာအိမ် ဘာရွာမှ မရှိဘူးကွ၊ မင်းမှန်မှန်ပြောစမ်း"

ကျွန်တော့်လက်ထဲမှာ ဘက်အိတ်နှစ်လုံးနဲ့ ခြေရင်းမှာ ချထားတဲ့





သေတ္တာကြီးတစ်လုံးကို ကြည့်ပြီးတော့. . .

"ဒါ ဘယ်သူ့ပစ္စည်းတွေလဲ" လို့ ဆက်မေးတယ်။

"ကျွန်တော့်ပစ္စည်းတွေပါ"

"ဒါဖြင့်ရင် ဖွင့်စမ်းကွာ" ဆိုတော့ ဘက်အိတ်ကို ဖွင့်ပြရတယ်။ ဘောင်းဘီပွကြီး အင်္ကျီပွကြီးတွေနဲ့ ကရင်အဘိုးကြီး မှတ်ပုံတင်တစ်ခုက ပြဿနာစတက်လာတယ်။ သေတ္တာကို ဖွင့်ခိုင်းတော့ သော့မရှိဘူး။ ဂျိုထောင်ရဲစခန်းထဲကို ခေါ်သွားပြီး သေတ္တာကို သေနတ်ဒင်နဲ့ ထုဖွင့်ကြတယ်။ အထဲမှာ ရေဒီယိုနှစ်လုံး။ သိုးမွေးဆွယ်တာ မိန်းမဝတ် နှစ်ဒါဇင်။ အလှကုန်ပစ္စည်းတွေ၊ ကျွန်တော်လည်း ဆက်ပြီး ညာပါတယ်။ ဒါပေမယ့် မှတ်ပုံတင်က ကရင်အဘိုးကြီး၊ ကရင်အပျိုခေါ် ပုလွေတစ်လုံးနဲ့ ကရင်လိုရေးထားတဲ့ စာတစ်စောင်က ကျွန်တော့်ကို ဒုက္ခပေးလိုက်တယ်။

ရဲတပ်သားထဲက လူတစ်ယောက်က စာကိုဖတ်ကြည့်တော့ မြစ်ကြီးနားကို အမြန်လာဖို့ သံကြိုးစာနဲ့ တစ်ဆင့်ပေးစာ။ ရဲတပ်သားက ပုလွေကိုလည်း မှုတ်တတ်တယ်။ အပျိုခေါ် ပုလွေတဲ့၊ အင်မတန် နားထောင်ကောင်းပါတယ်။ ဒါပေမယ့် ကျွန်တော် ဆက်ပြီး နားမထောင်လိုက်ရဘူး။ အချုပ်သဘောနဲ့ ခြေထောက်ကို ထိတ်တုံးခတ်ပြီး စစ်တယ်။ ရွှေဘိုဘူတာကရကြောင်း၊ လူမတွေ့၍ ယူလာမိကြောင်း ကျွန်တော်က ကျောင်းသား၊ မန္တလေး အ. ထ. က (၃) မှာနေကြောင်း၊ မိဘနဲ့ အဆင်မပြေလို့ အိမ်ကထွက်လာရင်း ခုလိုဖြစ်ကြောင်းတွေ ပြောပြတော့ နာနာကျင်ကျင် မရိုက်တော့ဘူး။ ကောင်းကောင်းမွန်မွန် ကျွေးပြီး အမှုကို ဝန်းသိုရဲစခန်းသို့ တင်လိုက်တယ်။ ကျွန်တော့်ကို ဝန်းသိုပို့တဲ့နေ့မှာ ဂျိုထောင်နဲ့ ဝန်းသိုကြားရောက်တော့ လက်ထိတ်တန်းလန်းနဲ့ ရထားပေါ်က ခုန်ဆင်းပြေးတယ်။ ရထားအရှိန်နဲ့ တစ်ပတ်နှစ်ပတ် လိမ့်ထွက်သွားတယ်။ရဲတွေ ရထားပေါ်က ဘယ်သူမှ ဆင်းမလိုက်ရဲကြဘူး။ အော်ပဲ အော်ကြတယ်။

အချိန်က မနက်ရှစ်နာရီလောက်ဆိုတော့ လူသွားလူလာတွေက ဝိုင်းဖမ်းပေးကြလို့ မိသွားတယ်။ ရထားလည်း ရပ်သွားတယ်။ ရထားပေါ်ရောက်တော့ နှစ်ချက် အရိုက်ခံရတယ်။ ကျွန်တော့်ဒူးခေါင်းနဲ့ တံတောင်ဆစ်တွေမှာ သွေးတွေက မတရား ထွက်နေတော့ ညာလိုက်ကြတယ်။

ဆက်မရိုက်ကြတော့ဘူး။ ဝန်းသိုမှာ ထိတ်တုံးမရှိဘူး။ အချုပ်ခန်းထဲ နေခဲ့ရတယ်။ ဝန်းသိုက ရွှေဘိုတရားရုံးကိုတင်တယ်။ စခန်းမှူးက ဦးရဲကျော်။ ရွှေဘိုဘုရားပွဲတုန်းက ကျွန်တော့်ကို ထိန်းသိမ်းဖူးတော့ ကောင်းကောင်းမှတ်မိနေတယ်။ အချုပ်က ထောင်ကြီး ပို့မယ်အလုပ်မှာ ထောင်ကြီးထဲမှာ (ထမောကင်း၊ မဝေါက၊ ထော်ကဲ၊ အတော်ကွက်၊ စော်ကန်၊ ဒေါက၊ ကျော်က) လို့ ဒုစရိုက်သမားတစ်ဦးက ကျွန်တော်တို့ ဒုစရိုက်သမား စကားနဲ့ အခြေအနေကို ပြောပြတယ်။ ထောင်ထဲမှာ ထမင်းမဝတဲ့ ပြဿနာ အကြီးအကျယ် ဖြစ်နေတယ်တဲ့။

ရွှေဘိုထောင်ထဲနေတုန်း ကျွန်တော့်ဆီ ဘယ်သူမှ မလာဘူး။ ကျွန်တော်ကလည်း ဘယ်သူ့ဆီမှ အသိမပေးဘူး။ တစ်ကိုယ်တော် သွားလုပ်တော့ တစ်ကိုယ်တော် ခံနေရတယ်။ ရွှေဘိုထောင်မှာ သုံးလနဲ့ ဆယ့်ခုနစ်ရက် အကြာမှာ တရားရှင်နဲ့ လွှတ်လိုက်တယ်။ ထမင်းဝအောင် မကျွေးတဲ့ ပြဿနာလည်း ပါမယ်ထင်တယ်။ တရားသူကြီး အဖွဲ့ဝင် ဦးလူကလေးက အင်မတန် သဘောကောင်းပါတယ်။ အိမ်ကိုခေါ်သွားပြီး မွေးစားမယ်၊ ကျောင်းဆက်ထားပေးမယ်၊ အမိအဖလို သဘောထားနေဖို့ ပြောရှာပါတယ်။

ကျွန်တော်လည်း ပထမတော့ နေမယ်လို့ ပြောမိလိုက်တယ်။ ဒါပေမယ့် ဒီရဲအပိုင်စခန်းတွေက ကျွန်တော့်ကို အားလုံးလိုလို သိနေကြပြီ။ ရွှေဘိုမြို့ပေါ်က ဖောက်ထွင်းထားတဲ့ အမှုတွေကလည်း စုံစမ်းဆဲဆိုတော့ နေလို့ မရနိုင်ဘူး။ ဒါနဲ့ ဦးလူကလေးကို မန္တလေးက အဘတို့ဆီ ခဏပြန်ဦးမယ် ဆိုပြီး ထွက်လာခဲ့တယ်။ အရင်တစ်ခါက မန္တလေးဈေးချိုမှာ ဝင်းမြင့်နဲ့ တစ်ခါ တွေ့ဖူးထားတယ်။ ဝင်းမြင့်က အဝတ်လည်း တစ်စုံဝယ်ပေးသွားတာ သတိရတော့ မန္တလေးကိုပဲ စိတ်လေလေနဲ့ ထွက်လာမိတယ်။ ဝင်းမြင့်အိမ်ကိုရောက်တော့ ဝင်းမြင့်က သူ့မိဘတွေနဲ့ မိတ်ဆက်ပေးတယ်။ ကျွန်တော့်အကြောင်းကို ဝင်းမြင့်က ပြောပြထားလို့နဲ့တူတယ်။ ဖော်ဖော်ရွှေရွှေပဲ ကျွန်တော့်ကို စကားပြောကြတယ်။ အဘိုးကြီး၊ အဘွားကြီးတို့က "ငါ့သားနဲ့ သိပ်တူတာပဲ၊မိဘအရင်းလို သဘောထားပြီး ဝင်းမြင့်မရှိရင်လည်း အိမ်ကို ဝင်ပါ ထွက်ပါ" လို့ ပြောတယ်။ အဲဒီအခါမှ





ကျွန်တော်လည်း ကိုယ့်ရုပ်ကို ကိုယ်ပြန်တွေးမိတယ်။ ဝင်းမြင့်နဲ့ ကျွန်တော် တကယ်တူတယ်။ ဒါလည်း ဆန်းတော့ မဆန်းပါဘူး။ ကျွန်တော်တို့က နယ်တကာစုံရောက်တော့ တစ်နေရာမဟုတ် တစ်နေရာမှာ လူတူ တွေ့တတ်တာပဲ။ ကျွန်တော်ကသာ ရေလိုက်ငါးလိုက် ဆိုသလို နေနေပေမယ့် ဝင်းမြင့်တို့ မိသားစုက ကျွန်တော့်ကို တကယ် ခင်ကြတယ်။ သူ့သားနဲ့ ဓာတ်ပုံ အတူတွဲရိုက်ခိုင်းပြီး ဧည့်ခန်းမှာ ယှဉ်ချိတ်ထားတယ်။ နောက်ပိုင်းတော့ ကျွန်တော်လည်း မကြာမကြာ ဝင်ဖြစ်တယ်။ သူတို့က ဖျာပွဲရုံဆိုတော့ အရောင်းအဝယ် ကူလုပ်ပေးတယ်။ ဒါနဲ့ မိသားစုလို ဖြစ်သွားကြတယ်။

ရွှေဘိုထောင်က ထွက်ပြီးမှာ ကျွန်တော် တော်တော် သင်ခန်းစာရမိတယ်။ ထောင်ဆိုတာ ကြားဖူးပေမယ့် အရင်က တစ်ခါမှ မရောက်ဖူးဘူး။ ရွှေဘိုထောင်ဟာ ကျွန်တော် ပထမဆုံးရောက်ဖူးတဲ့ ထောင်ပဲ။ ထောင်ထဲ အငတ်ငတ်အပြတ်ပြတ်လည်း နေလာခဲ့ဖူးတော့ အလုပ်လုပ်တဲ့အခါ ထောင်ထဲ ပြန်မရောက်အောင် အထူးသတိထားပြီး လုပ်ရတယ်။ အဲဒါကြောင့်လည်း အလုပ်က အဆင်မပြေတော့ ဝင်းမြင့်တို့ ဖျာလုပ်ငန်းမှာ ဝင်ကူလုပ်နေမိတယ်။ နယ်ကို ပို့ရတဲ့အခါ လူငှားတွေနဲ့ လိုက်လိုက်၊ ဝင်းမြင့်နဲ့ ဘုရားတွေ လျှောက်ဖူးလိုက်နဲ့ ပျော်နေတာ မြင်တော့ ဝင်းမြင့် အမေ အဖေတို့က သူတို့ဆီက ဘယ်မှ ထွက်မသွားဖို့တောင် ပြောကြတယ်။

တစ်နေ့တော့ ဝင်းမြင့်ဆီက ငွေတစ်ရာတောင်းပြီး ချစ်သူရှိတဲ့ပန်းမြို့ကို ထွက်လာတယ်။ မတွေ့ကြရတဲ့ လေးငါးလအတွင်းမှာ သူ့ကို သိပ်သတိရနေတယ်။ နောက်ဆုံး တွေ့ခဲ့ကြရတဲ့ အဖြစ်ကလေးက ကျွန်တော့်ကို နောက်လာဖို့ ရွှေမင်းသမီးက ခေါ်နေသလိုပါပဲ။ အဲဒါကြောင့် မနက်ပိုင်း ကိုးနာရီလောက်မှာ ရောက်သွားတယ်။ နွေဦးရာသီပေမယ့် ရွှေမင်းသမီးလေးတို့ တောင်ပေါ်မြို့လေးက ဆောင်းတွင်းလိုပဲ အေးချမ်းနေသေးတယ်။ နှင်းမှုန်ပျပျနဲ့ တစ်မြို့လုံး သိပ်လှတဲ့ အချိန်အခါပါပဲ။

ဓားဘရှိန်းတို့အိမ်ကို သွားတော့ ဓားဘရှိန်းကို မတွေ့ဘူး။ သူ့အဒေါ်နဲ့ သူ့သားလေးကိုပဲ တွေ့တယ်။ သူ့အဒေါ် ဒေါ်လုံးနဲ့က ရင်းနှီးပြီးသားမို့ ပစ္စည်းထား၊ ရေချိုး၊ အဝတ်လဲပြီး ရုံးပြန်ချိန်လည်း နီးပြီမို့ စားသောက်ဆိုင်ကပဲ စောင့်နေလိုက်တယ်။ အချိန်ကုန်အောင်လို့ ဆေးလိပ် တစ်လိပ်ပြီး

တစ်လိပ် သောက်ပြီး စောင့်ရတယ်။ ရုံးက ပြန်လာပါပြီ။ အရင်လိုပါပဲ ရိုးရိုးလေးနဲ့။ ကျွန်မတော့်ကို မြင်တော့ မျက်နှာတစ်ချက် ညှိုးသွားတာ သတိပြုမိလိုက်တယ်။ ကျွန်တော်က အိမ်ရှေ့ မျက်နှာချင်းဆိုင်မှာရှိတဲ့ ဘီလိယက်ခုံနား သွားထိုင်ပြီး ဘီယာတစ်လုံး မှာသောက်နေတယ်။ သူက ရေချိုးခေါင်းလျှော်နဲ့ ဆံပင်ကို မျက်နှာသုတ်ပဝါမွေးပွနဲ့ ပွတ်ရင်း ကျွန်တော့်ကို မသိမသာ လှမ်းလှမ်းကြည့်တတ်တယ်။ အကြည့်ချင်းဆုံတော့ မျက်နှာလွှဲသွားပြန်တယ်။ ခဏကြာတော့ ဘီလိယက် ကစားနေတဲ့ သူ့အစ်ကိုကို ထမင်းစားဖို့ လာခေါ်တယ်။ ကျွန်တော့်ကိုလည်း သေသေချာချာကြည့်သွားတယ်။ ရေခဲစိမ်ဘီယာကြောင့် ကျွန်တော်လည်း ပိုပြီး ဖီးဖြစ်လာတယ်။

သူ့အစ်ကိုက "အေး . . . အေး . . . လာမယ်၊ ညီမလေး" တဲ့။ မောင်နှမနှစ်ယောက် တော်တော် ချစ်ရှာကြပုံရတယ်။ ကျွန်တော် သက်ပြင်းချမိလိုက်တယ်။ ကျွန်တော်သိချင်တာက သူ့နာမည်၊ ခေါ်လိုက်တော့ ညီမလေးတဲ့။ ဒါနဲ့ မိုးချုပ်ခါနီးပြီမို့ ကျွန်တော် ဓားဘရှိန်းအိမ်ကို ပြန်လာခဲ့တယ်။ ဓားဘရှိန်းက မူးနေတယ်။ မနက်ကျတော့ ဓားဘရှိန်းကို ထွန်းဇော်ကြီး အကြောင်း ပြောပြလိုက်တယ်။ ဓားဘရှိန်းက ကျွန်တော့်ကို တော်တော်ခင်ရှာတယ်။ ကျွန်တော်ကလည်း သူ့သားလေးကို အဝတ်အစား၊ ကစားစရာကအစ လိုသမျှ ဝယ်ပေးထားတဲ့အပြင် အဆင်ပြေရင်ပြေသလို ဓားဘရှိန်းကို ရက်ရက်ရောရော ကူညီထားတာ ရှိတယ်။ ဓားဘရှိန်း ဆိုတာက မဟုတ်မခံ နာမည်တစ်လုံးနဲ့ နေတဲ့လူ။ အချင်းချင်းကျောတာတို့၊ ရင့်တာတို့၊ ငချွန်တွေ ငတိုငထောင်တွေ လုပ်တာဆို မျက်နှာကို (ကျော်) ဘရိတ်ဓားနဲ့ (ဟက်) ခွဲပစ်တတ်တယ်။ တချို့လူတွေဆို မှတ်လောက်အောင် ပေါင်တို့ တင်ပါးတို့ကို ဓားနဲ့ ထိုးတတ်တယ်။ ဒါကြောင့်လည်း ဓားဘရှိန်း ဆိုပြီး နာမည်ရလာခဲ့တာ။ (သံသရာ) ရထား လောကမှာ မသိတဲ့လူ မရှိဘူး။လူဆိုး စာရင်းဝင်ပေ့ါ၊ ဒါနဲ့ သူက ကျွန်တော့်ကို ပိုခင်တော့ တွေ့ရင် ဓားဘရှိန်းအကြောင်း သိစေရမယ်လို့ ကြိမ်းတယ်။

နောက်တစ်နေ့ မနက်ပိုင်း ရုံးသွားချိန်မှာ စျေးထိပ်က မရွှေချောကို သွားစောင့်နေတယ်။ သူ့အဖော်တွေနဲ့ လျှောက်လာတာမြင်တော့ မလှမ်းမကမ်းကနေ လိုက်လာရတယ်။ ကျွန်တော် သူ့အနား မရောက်ခင်မှာဘဲ





သူ့အစ်ကို ပေါ်လာပြီး ရုံးဘက်ကို စက်ဘီးနဲ့ တင်ခေါ်သွားတယ်။ ကျွန်တော် ငေးမောကျန်ခဲ့ရတယ်။ သူ့အစ်ကို စက်ဘီးပေါ်က လှမ်းအကြည့်နဲ့ ကျွန်တော့်အကြည့်တို့တော့ တစ်ချက်ဆုံမိသွားကြတယ်။ ဘာရယ်လို့ ဝေခွဲမရလိုက်ပါဘူး။ အဲဒါကြောင့် ညနေ သူ ရုံးအဆင်းကို တစ်ခါစောင့်ပြောဖို့ ရုပ်ရှင်ဝင်ကြည့်ပြီး အချိန်ကုန်ခံ နေလိုက်ရတယ်။ သူတို့မြို့က ရုံးဆင်းချိန်မှာ အတော်ကလေး အေးလာပြီ။ မရွှေချောက သိုးမွေးဆွယ်တာအနီလေးနဲ့ ခေါက်ထီးလေး ဆောင်းပြီး ထူးထူးခြားခြား တစ်ယောက်တည်း နောက်ဆုံးမှ ထွက်လာတယ်။ ကျွန်တော် ဝမ်းသာသွားတယ်။ သူ့အစ်ကိုကိုလည်း မမြင်ရတော့ အနှောင့်အယှက် မရှိနိုင်ဘူး။ အဲဒါကြောင့် အနားကို ကပ်သွားလိုက်တယ်။ သူကတော့ ပုံမှန်အနေအထားပါပဲ။

"ဒီမှာ ညီမ၊ အစ်ကို့ကို ကြည့်ပါဦး၊ မသနားတော့ဘူးလား၊ အစ်ကိုကတော့ ညီမကို သိပ်တွေ့ချင်၊ စကားပြောချင်လွန်းလို့ ခုလို လာပြီးစောင့်ရတာပါ" ဆိုပြီး ရှေ့ကို ကျော်တက်လိုက်တယ်။

"စိန်ပန်းပင်အောက်မှာ ခဏရပ်ပါဦး။ ညီမကို အစ်ကို စကားတွေအများကြီး ပြောစရာ ရှိလို့ပါ"

"ရပ်စရာ မလိုပါဘူး၊ လမ်းသွားရင်းလည်း ပြောလို့ရတာပဲ"

ကြားချင်တဲ့ အသံလေးကို မမျှော်လင့်ဘဲ ကြားလိုက်ရတော့ ကျွန်တော် အရမ်းကို ဝမ်းသာသွားတယ်။ မြေကြီးနဲ့ ခြေထောက် ထိမထိကိုတောင် မသိနိုင်သလောက်လည်း ပျော်သွားတယ်။

"ညီမ နာမည်ကို သိပါရစေ၊ ဒီလောက်ကြာနေပြီ၊ အစ်ကိုက နာမည်လေးတောင် မသိရသေးပါဘူး" ပြောတော့ ဘာမှ ပြန်မပြောတော့ဘူး။ သုံးလေးခါ မေးတော့မှ "ခင်အေးသူပါ" တဲ့။ နာမည်နဲ့ လူနဲ့ လိုက်လိုက်တာလို့ ရင်ထဲမှာ မြည်တမ်းမိလိုက်ပါတယ်။

"အစ်ကို့နာမည်က ကျော်မြင့်ပါ"

ဆိုပြီး ကိုယ့်ကိုယ်ကိုယ် မိတ်ဆက်ပြီးမှ. . .

"အစ်ကို့ရင်ထဲမှာ ဘယ်လောက် ဝေဒနာ ခံစားနေရတယ်ဆိုတာကို ညီမလေး သိပါစေလို့ ဆုတောင်းနေရတာ ကြာပါပြီကွယ်။ အစ်ကိုလေ

ခင်အေးသူကို သိပ်ချစ်တယ်။ မတွေ့ရရင် မနေနိုင်လောက်အောင်ကို ချစ်တယ်၊ အစ်ကို့အချစ်ကို အေးလေး လက်ခံပါကွယ်နော်”

ဆိုတော့ ဘာမှ ပြန်မပြောတော့ပြန်ဘူး။ ကျွန်တော်က. . .

“အစ်ကို ညီမကို ချစ်လွန်းလို့ ဟိုအဝေးကြီးကပဲ ဒီကို လာလာနေရတယ်ဆိုတာ ညီမ သိလောက်ပါပြီကွယ်။ ညီမကို အစ်ကို ချစ်တဲ့အချစ်က တကယ့် မေတ္တာစစ် မေတ္တာမှန်နဲ့ ချစ်တဲ့ အချစ်ပါ။ အစ်ကို့အချစ်ကို လက်ခံပါနော်”

ဆိုတော့လည်း ဘာမှ ပြန်မပြောဘဲ မှန်မှန် လျှောက်နေတယ်၊ ဈေးနားကို ရောက်ခါနီးပြီမို့ ထင်းရှူးပင် တစ်ပင်ကိုကွယ်ပြီး ရှေ့က ပိတ်ရပ်ထားလိုက်တယ်။

“ဒီမှာ အေး၊ အစ်ကို့ကို ချစ်ရင် ချစ်တယ်၊ မချစ်ရင် မချစ်ဘူးဆိုတာ ရှင်းရှင်းလေး အဖြေပေးသွားစမ်းပါ။ ညီမကသာ မချစ်ဘူး၊ မမြင်ချင်ဘူး၊ မတွေ့ချင်ဘူးဆိုရင် အစ်ကို ဒီပန်းမြို့ကို တစ်သက် မလာတော့ပါဘူးလို့ ကတိပေးပါတယ်။ အဝေးကြီးကလာရတဲ့ အစ်ကို့ကို အဖြေလေးတော့ ပေးလိုက်ပါ”

ဆိုတော့ ရယ်သံလေး ထွက်လာတယ်။ မျက်ရည်လည်း ဝဲလာတယ်၊ သူနဲ့ ရောပြီး ကျွန်တော်တောင် ဝမ်းနည်းသွားသလိုပဲ။ လက်ကလေးကို ဖမ်းကိုင်ပြီး. . .

“အဖြေမပေးရင်တော့ အစ်ကို မပြန်မချင်း၊ ညီမလည်း မပြန်ရဘူး”

ဆိုတော့ လက်ကို ရုန်းထွက်သွားတယ်။ နောက်ကနေ ခြင်းကလေးကို လှမ်းဆွဲထားလိုက်ရတယ်။

“လွှတ်ပါ အစ်ကိုရယ်၊ဈေးထဲမှာ အဒေါ်တွေ ရှိတယ်၊ မြင်သွားရင် မကောင်းဘူး”

ဆိုပြီး လုပ်နေတုန်း ဘေးက ဖက်ထားလိုက်တယ်။ ထင်းရှူးပင်နဲ့ ကပ်မြှောင်ဖက်ပြီး . . .

“မပြောရင် လွှတ်ကို မလွှတ်တော့ဘူး”ပြောလိုက်တော့မှ . . .

“ချစ်တယ်၊ ချစ်တယ်”

လို့ တိုးတိုးလေး ပြောပြီး ရုန်းထွက်ပြေးသွားတယ်။ ကျွန်တော်





သူ့ခါးကြားထဲ ညှပ်လာတဲ့ လက်ကိုင်ပဝါလေးကို လှမ်းဆွဲယူထားလိုက်မိတယ်။လက်ကိုင်ပဝါလေး ထောင့်စွန်းမှာ ချည်နဲ့ ရက်ထားတဲ့ အေး ဆိုတဲ့ စာလုံးလေးကို တစ်ချက်နှစ်ချက် နမ်းရှုပ်လိုက်ပြီး အိတ်ထဲ ခေါက်ထည့်ထားလိုက်တယ်။ ရေမွှေးနံ့ကလေးက အသည်းနှလုံးထဲ စိမ့်ဝင်သွားသလား ထင်မှတ်မိတယ်။

အဲဒီနေ့ဟာ ကျွန်တော့်အတွက်တော့ အပျော်ဆုံးနေ့ပါပဲ။ အိမ်ကို ရောက်ရောက်ချင်း ဓားဘရှိန်းကို ပြောပြလိုက်တယ်။ ဓားဘရှိန်းက အားပေးတယ်။ဆက်လုပ်တဲ့။သူ့ဆီကအချစ်ကိုလည်း ရပြီဆိုတော့ အိမ်ပြန်ဖို့ နှစ်ရက် အကြာမှာ ဘူတာကို ဆင်းလာရတယ်။ ဝင်းမြင့်နဲ့ ချိန်းထားတော့ မပြန်လို့က မဖြစ်ပြန်ဘူး။ သူနဲ့အတူ ကသာကို လိုက်ရမယ်။ ဟိုမှာ ပျော်သလောက်နေဖို့လည်း ပြောထားပြီးသား ဖြစ်နေတယ်။ဝင်းမြင့် အမေအဖေတို့ကလည်း ကျွန်တော့်အကြောင်းကို လှမ်းပြီး စာရေးထားကြတယ်။ ကျွန်တော့်မှာ မိဘ မရှိတော့ဘူး။ စစ်ကိုင်းမှာနေတယ်။ အရောင်းအဝယ် လုပ်တယ်ဆိုတော့ ဟိုကလည်း လူကို မမြင်ရခင်ကတည်းက သဘောကျနေကြတယ်လို့ ဝင်းမြင့်က ပြောတယ်။

ရထားထွက်ချိန်က ကိုးနာရီ၊ ရှုံးသွားချိန်ဆိုတော့ ခင်အေးသူ မြင်သာအောင် ဆိုင်ရှေ့မှာ စီးကရက်ဝယ်သောက်ပြီး ဘူတာကို ပြန်တက်လာခဲ့တယ်။ ဓားဘရှိန်းအိမ်က ထမင်းအဝ ကျွေးလိုက်လို့ စားသောက်ဆိုင်ထဲတော့ ဝင်မစားတော့ဘူး။ ဆိုင်ရှေ့က ဖြတ်လိုက်၊ ဘူတာပေါ်က ကြည့်လိုက်နဲ့ လုပ်နေတုန်း ခင်အေးသူ ဘူတာဘက် ဖြတ်လာတာ တွေ့လိုက်တယ်။ ရှုံးသွားခါနီး ပြင်ဆင်ထားတာ ကျွန်တော့်မျက်စိထဲ ခါတိုင်းနေ့တွေထက် အများကြီး လှနေတယ်။ ကျွန်တော့်ကိုလည်း အဓိပ္ပာယ်ရှိရှိ ငေးကြည့်နေတယ်။

ကျွန်တော့်ကိုယ်ပေါ်မှာ ဘက်အိတ်တစ်လုံး လွယ်ထားတာကို မြင်တော့ သူက ကျွန်တော် ပြန်တော့မယ်ဆိုတာ အတပ်သိတယ်။ ဒါပေမယ့် တစ်ယောက်နဲ့တစ်ယောက် နီးနီးကပ်ကပ်နေပြီး နှုတ်မဆက်ဝံ့ကြသေးဘူး။ သူတို့အိမ်နဲ့ နီးလို့ သူ့မိဘဆွေမျိုးသားချင်းတွေ မြင်သွား တွေ့သွားမှာ စိုးရိမ်ရတယ်။ အဲဒါကြောင့် နှင်ယောက်သား မျက်လုံးချင်း အကြာကြီး

စကားပြောနေကြရတော့ ကျွန်တော် မနေနိုင်တော့ဘူး။ သူ့အနားကို ကပ်သွားပြီး. . .

"အေးရယ် . . . အစ်ကို ခဏလေး ပြန်မှာပါ၊ မပြန်ချင်ပေမယ့် မပြန်မဖြစ်တဲ့ အလုပ်ကိစ္စရှိလို့ပါ။တတ်နိုင်ရင် အေးအနားမှာ အမြဲ နေနေချင်ပါတယ်။ ဒါပေမယ့် အေးလေးအတွက် အစ်ကို့မှာ ငွေရှာရဦးမယ် မဟုတ်လား" လို့ ပြောပြီး နှုတ်ဆက်ခဲ့ရတယ်။

သူပြန်သွားချိန်မှာ ရထားအလံကလည်း ချိုးထားပြီဆိုတော့ မကြာခင် ရထားဝင်လာတယ်။ သူက ရုံးသွားခါနီးပေမယ့် ရုံးမသွားသေးဘဲ အိမ်ပေါ်ပြန်တက်သွားပြီး ဝရန်တာကနေ ရပ်ကြည့်နေတယ်။

"ဪ ဆန်းကြယ်လှတဲ့ ကျွန်တော်တို့နှစ်ယောက် ဘယ်တော့ နီးရပ့ါမလဲ" လို့ တွေးပြီး အုတ်နံရံကို မှီထားရင်းက မသိမသာ လက်ပြလိုက်ရတယ်။ ရထားကလည်း ဝင်လာပါပြီ။ အထူးခြားဆုံးကတော့ ဘယ်တော့မှ လက်မှတ်ဝယ်စီးလေ့စီးထ မရှိတဲ့ ကျွန်တော်ဟာ အဲဒီနေ့မှာ မှတ်မှတ်ရရ လက်မှတ်ဝယ်ပြီး စီးလာခဲ့တယ်။ ရထားပေါ် တက်ပြီး နေရာယူလိုက်တော့ ကျွန်တော့်ခုံက ခင်အေးသူ အိမ်ဘက်ကို မမြင်နိုင်ဘူး။ အဲဒါကြောင့် ကိုယ့်ခုံနေရာနားမှာ ဘက်အိတ်ကို ချထားခဲ့ပြီး အပေါက်ဝကနေ မြင်သာအောင် ကိုယ်ယောင်ပြ ထွက်ကြည့်လိုက်တော့ ခြင်းလေး ဆွဲပြီး စားသောက်ဆိုင်ရှေ့က ရပ်ကြည့်နေတာကို တွေ့လိုက်ရတယ်။ ကျွန်တော်လည်း ထပ်ပြီး မြင်သာအောင် လှုပ်ရှားပြရတယ်။ ဒီအချိန်မှာတော့ ရထားလည်း ထွက်နေပြီမို့ ရဲရဲတင်းတင်း ပြရဲတယ်။ သူလိုလို ကိုယ်လိုလိုပေါ့။

ရထားထွက်ပြီးမှ သူလည်း ရုံးဘက်ထွက်သွားတယ်။

"ဪ သူ ရုံးမှ မီပါ့မလား၊ ရုံးနောက်ကျလို့ အထက်အရာရှိဆီမှာ အဆူအပူများ ခံနေရလေမလား"နဲ့ သူ့အတွက် တွေးပူပြီး "အစ်ကို အမြန်ဆုံး ပြန်လာခဲ့ပါ့မယ် အေးလေးရယ်၊ သူသူရယ်" ဆိုတဲ့ အသံတွေကို ရင်ထဲက ကြားနေရတယ်။ တစ်လမ်းလုံး ခင်အေးသူနဲ့ နီးရေးပဲ တွေးလာတယ်။ စိတ်ကူးယဉ်လို့ ကောင်းလာသလို ကိုယ့်ဒုစရိုက်သမားဘဝကို ပြန်တွေးပြီး ဓာတ်ပျက်လာတာလည်းပါတယ်။





မန္တလေး မျက်ပါးရပ် (၃၇) လမ်းကိုရောက်တော့ ညနေ ငါးနာရီ ထိုးတော့မယ်။ ဝင်းမြင့်ကို အိမ်မှာ အဆင်သင့်တွေ့ရတယ်။ ညစာကို အတူတူ စားကြပြီး ည (၉း၁၅) နာရီ ရထားနဲ့ ကသာကိုသွားဖို့ ဘူတာကို ဆင်းခဲ့ကြတယ်။ ဘူတာမှာ ရထားက တွဲမထိုးသေးဘူး။ ရထားလက်မှတ်ကတော့ ဝင်းမြင့်အဖေ ဦးကံထွန်းက ကြိုတင် ဝယ်ပေးထားတယ်။ ရထားတွဲချိတ်လာတော့ နံပါတ်ရှာပြီး ပစ္စည်းတွေကို ထားလိုက်ကြတယ်။ သူ့အဘက မန္တလေးထိုးမုန့်နဲ့ လမုန့် ကြိုက်တတ်လို့တဲ့ ခြင်းတစ်လုံးနဲ့ ဝင်းမြင့် ဝယ်လာတာ မနည်းပါဘူး။ ရှစ်နာရီကျော်ကျော်လောက်ပဲ ရှိသေးတာမို့ ဝင်းမြင့်ကို နေရာမှာထားခဲ့ပြီး ဘူတာစကြံအတိုင်း လျှောက်လာတယ်။ အဲဒီနေ့က ဝင်းမြင့်နဲ့ အဝတ်ဆင်တူ ဝတ်လာတာမို့ ဘူတာမှာရှိတဲ့ လူအချို့က ကျွန်တော့်ကို လှည့်ကြည့်လှည့်ကြည့် လုပ်နေကြတာ တွေ့ရတယ်။ ခင်အေးသူကို သတိရတာနဲ့ လက်ဆောင်ဝယ်ဖို့ မုန့်ဆိုင်ရှိရာဘက် လျှောက်အလာမှာ နံပါတ် (၂) စင်္ကြံကို ရောက်တော့ အမျိုးသမီးတစ်ယောက်က ပြေးလာပြီး ကျွန်တော့်ကို နှုတ်ဆက်တယ်။အဲဒီ အမျိုးသမီးကို ကျွန်တော် မသိတော့ ကြောင်နေတယ်။ ဝင်းမြင့်နာမည်ကို ခေါ်သံ ကြားလိုက်ရမှ လူမှားကြောင်း နံပါတ် (၁) ပလက်ဖောင်းစင်္ကြံမှာ ဝင်းမြင့် ရှိကြောင်း၊ တွေ့ချင်ရင် သွားတွေ့၍ရကြောင်း ပြောတော့ အဲဒီမိန်းကလေးနဲ့အတူ နောက်မိန်းကလေးနှစ်ယောက်လည်း ကျွန်တော်နဲ့အတူ ဝင်းမြင့်ဆီ လိုက်လာကြတယ်။

ဝင်းမြင့်နဲ့တွေ့တော့ ငယ်သူငယ်ချင်း၊ ကျောင်းနေဖက်မှန်း သိရတယ်။ ဆံတိုနဲ့ ဖြူဖြူချောချောလေးက ဝင်းမြင့်ကို တစ်ဖက်သတ် ကြိုက်နေတဲ့ ကောင်မလေးဖြစ်ကြောင်း၊ မန္တလေးမြောက်ပြင်မှာနေကြောင်း၊ သူ့မိဘက ရက်ကန်းရုံတွေ အတော်များများ ပိုင်ကြောင်း လမ်းရောက်မှ ဝင်းမြင့်က ပြောပြတယ်။ ရထားထွက်ခါနီး လူမှားတာကို ခွင့်လွှတ်ဖို့ ကျွန်တော့်ကိုပါ တောင်းပန်သွားတယ်။ သူတို့နဲ့ ဝင်းမြင့်တို့ စကားကောင်းနေကြချိန်မှာ ကျွန်တော်က ချစ်သူ ခင်အေးသူလေးအတွက် စာတစ်စောင် ရေးထားလိုက်တယ်။ စာကတော့ ခပ်တိုတိုပါပဲ၊ သတိရကြောင်း၊ ပြန်လာရင် လက်ဆောင်တွေ ဝယ်လာမယ် ဖြစ်ကြောင်းလောက်ပါပဲ။

ဒီလိုနဲ့ နံနက်ငါးနာရီလောက်မှာ ပန်းမြို့ ဘူတာကို ရထားဝင်လာတယ်။ ဘူတာထဲကို ဆင်းပြီး အခြေအနေကို ကြည့်တယ်၊ အသိထဲကတောင် တစ်ယောက်မှ မတွေ့လို့ စိတ်ပျက်ပျက်နဲ့ ရထားနား ပြန်လျှောက်လာရတယ်။ ရထားက (၁၅) မိနစ်ပဲ ရပ်တော့ အချိန်က မရဘူး။ အဲဒါကြောင့် ပေးမယ့်စာနဲ့ လက်ဆောင်ပစ္စည်းတွေကို ပွေ့ပိုက်ပြီး ရထားပေါ် ပြန်တက်လာရတယ်။ နဘားကို မနက် ခုနစ်နာရီရောက်ပြီး နဘားက ကသာကို ရထားပြောင်းစီးရတယ်။ ကသာကို ရောက်ပြန်တော့ မော်လူးကို ကားတစ်ခါ ပြောင်းစီးရပြန်တယ်။ နောက်တစ်ခါ ကုန်းကြောင်း လေးဖာလုံလောက် ခြေကျင်လျှောက်ပြီးမှ မြို့မကျေးရွာကလေးကို ရောက်ကြတယ်။

ဝင်းမြင့်ရဲ့ ဘဘကြီးအိမ်က ကျွန်းအိမ်နှစ်ထပ် သပ်သပ်ရပ်ရပ်ပါပဲ၊ ခြံထဲမှာ ပန်းသီး၊ မက်မန်းနဲ့ ပန်းအမျိုးမျိုးကို စီစီရီရီ စိုက်ထားတယ်၊ ဝင်းမြင့်ရဲ့ ဘဘကြီးအိမ်ကို ဆယ်နာရီလောက်မှာ ရောက်လာကြတာဆိုတော့ သူ့မြေး ဘယ်သူလဲဆိုတာကို သေသေချာချာကြည့်ပြီး လူတူဖြစ်တဲ့ ကျွန်တော့်ကို တော်တော် သဘောကျသွားတယ်။

"ငါ့မှာ မြေးတစ်ယောက်တည်းပဲ ရှိတယ် ထင်နေခဲ့တာ၊ ခုတော့ ငါ့မြေးက နှစ်ယောက်တောင်ပဲ၊ ပိုအားကိုးရပြီ၊ ဟဲ . . . ဟဲ" နဲ့ ရယ်နေလိုက်တာ အကြာကြီးပဲ။ ပြီးမှ အိမ်ခန်းထဲကိုခေါ်တယ်။ ကောက်ညှင်းနဲ့ တို့ဟူး ချက်ချင်း ကျွေးတယ်။

"အဘဖို့ ထိုးမုန့်နဲ့ လမုန့်ကောပါရဲ့လား ငါ့မြေးရယ်" လို့ မေးတော့ ဝင်းမြင့်က ထိုးမုန့်၊ လမုန့် ထည့်လာတဲ့ခြင်းကို ကမ်းပေးလိုက်တယ်။ ကျွန်တော်ကလည်း ခင်အေးသူအတွက် ဝယ်လာတဲ့ ထိုးမုန့်နဲ့ လမုန့်ကို ပေးလိုက်တော့ အဘိုးကြီးက သဘောကျလွန်းလို့ ကျွန်တော့်ကို ဖက်နမ်းတယ်။ မကြာခင် ဝင်းမြင့်ရဲ့ အဘွား အပြင်က ရောက်လာတော့ "ငါ့မြေးကြီး ပြန်လာပြီ" ဆိုပြီး ကျွန်တော့်ကို ဖက်နမ်းပြန်တယ်။ ဝင်းမြင့်က နောက်ဖေးဘက် ပစ္စည်းသွားထားနေချိန်ဆိုတော့ သူ့မြေးမှတ်လို့ အဘွားကြီးက စကားတွေ အများကြီး ပြောနေတယ်။ ကျွန်တော်ကတော့ စကားတစ်လုံးမှ ပြန်မပြောတတ်ဘဲ ကြောင်ငေးနေမိတယ်။ နောက်တော့ ဝင်းမြင့်နဲ့ သူ့အဘိုးကြီးက ရှင်းပြတော့မှ အဘွားကြီးလည်း သဘောပေါက်





သွားတယ်။

ဝင်းမြင့်က ကျောက်အကြောင်းနဲ့ ပတ်သက်လို့ အကြမ်းသဘောမျိုး အနေနဲ့ ကျွန်တော့်ကို သင်ပြတယ်။ အပေါ်ထပ်က သူ့ဘဘကြီးရဲ့ ကျောက်သွေးတဲ့အခန်းဆို တော်တော် စိတ်ဝင်စားဖို့ကောင်းတယ်။ နောက်နေ့တွေမှာ ကျောက်တူးတဲ့ နေရာတွေ လိုက်ပြတယ်။ သူ့လူငှားတွေ နေရာကိုလည်း လိုက်ပြတယ်။ တချို့ ကျောက်တွင်းတွေမှာ ဝင်းမြင့် ဦးလေးတော် တစ်ယောက်က ဦးစီးပြီး လုပ်ကိုင်နေတယ်။အစိုးရကြိုးဝိုင်းထဲက ကျောက်စိမ်းမြေတွေကို တူးတဲ့ လူတွေကလည်း လစ်ရင်လစ်သလို ခိုးတူးနေကြတာ တွေ့နေရတယ်။ အဲဒီထဲမှာ ကြာတော့ ကျွန်တော်တို့လည်း တစ်ခါတစ်ရံ ပါဖြစ်ကြတယ်။ ကျောက်တူးတဲ့လူတွေအတွက် စားဖို့၊ သောက်ဖို့ ငှားတဲ့လူက ယူလာရတယ်။ အရက်ကြိုက်တဲ့လူက အရက်၊ စီးကရက်ကြိုက်တတ်တဲ့လူက စီးကရက်နဲ့ အတော်ကလေး အဆင်ပြေအောင် တွင်းလုပ်သားတွေကို ထားပေးတယ်။

တစ်ခုတော့ရှိတယ်။ အစိုးရကြိုးဝိုင်းထဲမှာ ခိုးတူးရတဲ့အခါမှာတော့ အန္တရာယ် များတတ်တယ်။ ဝင်းမြင့် ဦးလေး လူငှားတွေနဲ့ ကျောက်တူးတဲ့နေရာကို ကျွန်တော်လည်း လိုက်သွားပြီး တူးကြည့်တယ်၊ တူးလို့ရတဲ့ ကျောက်တွေကို အပေါ်တင်ပေးပြီး အပေါ်ကလူက ဇလားခွက်ထဲ ထည့်ရေနဲ့တစ်ဆင့် ဆေးကြောပေးရတယ်။ ဆေးပြီးသား ကျောက်တွေကို စစ်ဆေး၊ ဂုန်နီအိတ်တွေနဲ့ ထည့်ပြီး ဂျစ်ကားတွေနဲ့ သယ်ကြတယ်။ အိမ်ရောက်ရင် ဝင်းမြင့် အဘိုးကြီးက ကျောက်တွေကို စစ်ဆေးတယ်။နောက်ပြီး ရွေးထုတ်ပစ်တယ်။ ရွေးပြီးသား ကျောက်တွေကို အရည်အသွေးဖြတ်တဲ့ ဓားစက်နဲ့ ဖြတ်ပြီး စျေးအမျိုးမျိုး တစ်ခါ ခွဲတတ်ပြန်တယ်။ အာလူးခွံရောင်၊ ရေညှိရောင်၊ သစ်တော်သီးခွံရောင်ဆိုပြီး ကျောက်ရိုင်းတွေကနေ အချောဖြစ်အောင် ဓားစက်နဲ့ တစ်ခါ ထပ်ပြီး လိုချင်တဲ့ပုံစံ သွေးရတယ်။ အဲဒီအခါမှ ကျောက်စိမ်းတွေဟာ ပိုပြီး စျေးစကား ပြောလာတယ်။

မော်လူးမှာ ကျောက်သွေးလုပ်ငန်း လုပ်တဲ့လူက နည်းတယ်။ ဝင်ငွေကတော့ ကောင်းကြတယ်။ မန္တလေးကနေ ဆင်းပြီး ကျောက်လာဝယ်တဲ့ လူကလည်း အလျှိုလျှိုနဲ့ အတော်လေး ရှိကြတယ်။ ကျောက်တူးတဲ့

လုပ်ငန်းဟာ ဝင်ငွေကောင်းပေမယ့် အစိုးရက တရားဝင် အသိအမှတ်ပြုပြီး ဖွင့်ပေးထားတာမဟုတ်ဘူး။ ခိုးတူး၊ နားလည်မှုယူပြီး တူးကြတာ များတယ်။ တစ်ခါတလေ စစ်ဆင်ရေးတွေ လှည့်လာပြီး ဝိုင်းဖမ်းတတ်တာလည်း ရှိတယ်။ ဖမ်းတဲ့အခါ ပြေးလိုက်ကြ၊ လွတ်တဲ့လူရှိသလို မိကြတဲ့လူတွေလည်းမိ။ တချို့ဆိုရင် ကားတွေ၊ ပစ္စည်းတွေ ဒီအတိုင်းချန်ပြီး ပြေးကြတယ်။ ဒါကတော့ တစ်ခါတစ်ရံပါပဲ။ နောက်နေ့တွေမှာ ဆက်တူးကြနဲ့ သံသရာလည်နေတယ်။

ဒီလိုနဲ့ ဝင်းမြင့်အဘိုးအိမ်မှာ နှစ်ပတ်လောက်နေပြီး မန္တလေးကို ပြန်ခဲ့ကြတယ်။ ဝင်းမြင့်အဘိုးက ပြန်ခါနီးမှာ မျှစ်ချဉ်တောင်းတစ်လုံး ပေးလိုက်တယ်။ဝင်းမြင့်မှာ ကျောက်စိမ်းတွေပါလာတယ်။မျှစ်ချဉ်တောင်းနဲ့ ထည့်လာရတယ်။ ရထားပေါ် ရောက်ရင် အိမ်သာနားမှာ ပလတ်စတစ်အုပ်ပြီးထားရုံပဲ။ မြစ်ကြီးနားလိုင်းမှာ ကျောက်စိမ်းကို ကိုယ်နဲ့အတူယူတဲ့ လူက နည်းတယ်။ မျှစ်ချဉ်တောင်းတို့၊ ပဲတောင်းတို့၊ အိပ်ရာလိပ်တို့မှာ ထည့်ပြီး အလွယ်တကူ တစ်နေရာရာမှာ ပစ်ထားပြီး ခမ်းလှမ်းလှမ်းကနေ ကြည့်နေရတယ်။အဲဒါကြောင့်လည်း အရင်က မျှစ်ချဉ်တောင်းတို့ ပဲတောင်းတို့ထဲက ကျောက်စိမ်းတုံးတွေ ကျွန်တော်တို့ ရဖူးတယ်။ ဒါပေမယ့် သူခိုးပစ္စည်း၊ နားက မလည်တော့ ဈေးက မရဘူး။ ဒီလိုနဲ့ မနက် (၉) နာရီမှာ ပန်းမြို့ကို ရောက်လာတယ်။ ဘူတာမှာ (၁၅) မိနစ်ပဲ ရပ်မှာမို့ ဘူတာပေါ် ဆင်းလိုက်တယ်။ စားသောက်ဆိုင်ဘက်ကို လှည့်ကြည့်လိုက်တော့ ရုံးသွားခါနီး ခင်အေးသူကို တွေ့တယ်။ သူက ဆိုင်ရှေ့က ရထားအဝင်ကို စောင့်ကြည့်နေတယ်။ မပေးရသေးတဲ့ စာတစ်စောင်ကို နှိုက်ပြီး ဆိုင်ရှေ့ ကွမ်းယာဆိုင်မှာ ဒူးယားဝယ်၊ ရေအိုးနားမှာ ရေသောက်သလိုလိုနဲ့ သူမြင်သာအောင်ပြပြီး ရေအိုးကြားထဲ ညှပ်ထားလိုက်တယ်။ သူ့ကို မြင် မမြင် တစ်ချက် မျက်စပစ်ပြပြီး ဘူတာထဲ ဝင်လာတယ်။ စကားပြောဖို့ အချိန် မရဘူး။

ကန့်ဘလူဘူတာနားမှာ အစိုးရသစ်တောက ဆင်တစ်ကောင် မုန်ယိုပြီး ရထားလမ်းပေါ် ပြေးအတက် ရထားနဲ့ ပြေးဆောင့်မိတယ်။ ရထားလည်း အရှိန်နဲ့ ရှေ့သွားတယ်။ ဆင်လည်း ရှေ့ခြေထောက်တစ်ချောင်းနဲ့





ဦးခေါင်းပိုင်းက ရထားစက်ခေါင်းအောက်မှာ ညှပ်ပါလာတယ်။ ဆင်သေသွားတော့ ရထားထွက်ခွင့် မရဘူး။ ဦးခေါင်းပိုင်းနဲ့ ခြေထောက်တွေကို ဖြတ်၊ သံကြိုးနဲ့ ချည်ပြီး မော်တော်ကားတစ်စီးနဲ့ ဆွဲယူရတယ်။ အဲဒါကြောင့် ရထားက မိုးချုပ်မှ ထွက်ရတယ်။

မန္တလေးရောက်တော့ ည (၁၂) နာရီ ထိုးနေပြီ။ ဘူတာမှာ လှုပ်လှုပ်ရွရွ ဆူဆူညံညံ ဖြစ်နေတယ်။ ဝင်းမြင့်ကို နံပါတ်နှစ် ပလက်ဖောင်းမှာ ခဏထားပြီး နံပါတ်တစ် ပလက်ဖောင်းဘက်ကို ကူးလာတယ်။ အမှန်ကတော့ အထာလာကြည့်တာပဲ။ ရထားက ရန်ကုန်ကလာတဲ့ အမြန်လူစီးရထား။ ဒီရထားမျိုးမှာ အလုပ်ဖြစ်တတ်တယ်။ နောက်ကျမှ ခုလိုဝင်တော့ ပိုတောင် အဆင်ပြေတတ်တယ်။ တစ်တွဲဝင်၊ တစ်တွဲထွက် လျှောက်ကြည့်ပြီး ဘက်အိတ်တစ်လုံး ဝင်ဆွဲလာခဲ့တယ်။ ဝင်းမြင့်က ကျွန်တော့်ကို တမျှော်မျှော်နဲ့ စောင့်နေတာ တွေ့ရတယ်။

"အစ်ကိုက ခဏဆိုပြီး ထွက်သွားလိုက်တာ" လို့လည်း ပြောတယ်။ မှန်တယ်၊ နာရီဝက်နီးနီး ကြာသွားတယ်။ အရေးကြီး မျှစ်ချဉ်တောင်း၊ ဘက်အိတ်တွေကို ယူပြီး မြင်းလှည်းနဲ့ အိမ်ပြန်လာကြတယ်။

အိမ်ရောက်တော့ "ဟင် . . . အစ်ကို၊ ဒါ ဘယ်သူ့အိတ်ကြီးလဲဗျ" လို့ ဝင်းမြင့်က မေးတယ်။ "စစ်ကိုင်းက သူငယ်ချင်းတစ်ယောက်က အိမ်ကို ပို့ခိုင်းလိုက်တာပါကွာ" လို့ လိမ့်လိုက်ရတယ်။ မျှစ်ချဉ်တောင်းကို သွန်လိုက်တော့ သွေးပြီးသား ကျောက်စိမ်းအချောတွေကို တွေ့ရတယ်။ ဝင်းမြင့်တို့ သားအဖတွေ ကျောက်စိမ်း သိမ်းဆည်းနေကြတော့ ကျွန်တော် ကိုယ့်အခန်းကို ဝင်လာခဲ့တယ်။ အလစ်သုတ်လာတဲ့အိတ်ကို ဖွင့်ကြည့်တော့ အင်ဒိုနီးရှားပါတိတ်တွေချည်း အထည်ငါးဆယ်ကို တွေ့ရတယ်။ မိုးလင်းတော့ တစ်ထည်ကို (၅၅) နဲ့ ဈေးချိုက ရောင်းနေကျ သူငယ်ချင်းဆိုင်မှာ ရောင်းလိုက်တယ်။ သုံးထောင်နီးပါးရတော့ အဲဒီငွေနဲ့ ခင်အေးသူအတွက် ပင့်ကူရင်ထိုးလေးတစ်ခု ဝယ်တယ်။ အလယ်မှာ ပုလဲနှစ်ရောင်ကျောက်နဲ့ ဘေးက ရွှေဖုနဲ့ ကျောက်နီလေးတွေ စီထားတယ်။ ကချင်လွယ်အိတ် အမွေးပွတစ်လုံးပါ ဝယ်တော့ ငွေငါးရာနီးပါး ကုန်သွားတယ်။

ဝင်းမြင့်တို့သားအဖကို စစ်ကိုင်း ခဏ ပြန်ဦးမယ်၊ အလုပ်တွေ

ရှိသေးလို့ ပြောပြီး စစ်ကိုင်းက စိန်မျက်လုံးတို့အိမ်ကို လာတယ်။ အိမ်မှာ စိန်မျက်လုံး မရှိဘူး။ အိမ်က အစစအရာရာ ပြောင်းလဲနေတယ်။ ရေဒီယို၊ ကက်ဆက်နဲ့၊ ပုံစံလှလှမှန်ဗီရိုနဲ့၊ ရှိုးကစ်နဲ့ ပစ္စည်းတွေက အတော်စုံနေတာကို တွေ့ရတယ်။ 'ငါ့ စိန်မျက်လုံးတော့ ထောနေပြီ'လို့ မှတ်ချက်ချမိလိုက်တယ်။ စိန်မျက်လုံး ရောက်လာတော့ ကျွန်တော့်ကို ကောင်းကောင်းမွန်မွန် ပြုစုတယ်။ စိန်မျက်လုံး ညီမ အငယ်က ဖျတ်ဖျတ်လတ်လတ်ရှိတယ်။ အနားမှာ လာထိုင်ပြီး လိုလေသေးမရှိ လုပ်ကိုင်ပေးတတ်တယ်။ အရင်ကဆို ကျွန်တော့်ဆီ မုန့်ဖိုးတောင်းလိုက်၊ ရုပ်ရှင်လိုက်ပြခိုင်းလိုက်နဲ့ ကျွန်တော့်ပစ္စည်းတွေဆိုလည်း သူတစ်ယောက်တည်းပဲ ကိုင်တတ်တယ်။

အခုလည်း ကျွန်တော့်ဘက်အိတ်ကို ဖွင့်ကြည့်နေတယ်။ "လွယ်အိတ်လေးက လှလိုက်တာ၊ ဘယ်သူ့ဖို့လဲ" လို့ လှမ်းမေးရင်း ရင်ထိုးထည့်ထားတဲ့ စက္ကူဘူးလေးကို တွေ့သွားတယ်။ ကျွန်တော်က သူ့အနားသွားပြီး ကပျာကယာ လုယူထားလိုက်ရတယ်။ အဲဒီဘူးကို မပြရင် လွယ်အိတ်ကို ပြန်မပေးဘူးလုပ်နေလို့ ချော့မော့ပြီး မုန့်ဖိုးအစိတ် ပေးလိုက်ရတယ်။ အသက်က (၁၆) နှစ်၊ အငယ်ဆုံးလေးဆိုတော့ ကလေးလို နွဲ့ဆိုး ဆိုးတတ်တယ်။ ကျွန်တော့်စိတ်က ပန်းမြို့သူဆီပဲ ရောက်နေတော့ ခဏတစ်ဖြုတ်ပဲ နားပြီး ရထားမရှိလို့ ပန်းမြို့ကို ကားနဲ့ လိုက်လာခဲ့ရတယ်။

ပန်းမြို့ကို ရောက်သွားတော့ ရုံးပိတ်ရက်နဲ့ ကြုံနေတယ်။ အဲဒါကြောင့် ဓားဘရှိန်းအိမ်ကို ကမန်းကတန်းဝင်ပြီး ပါတဲ့မုန့်တွေနဲ့ ဓားဘရှိန်းအဒေါ်အတွက် ပါတိတ်တစ်ထည်ကို ပေးလိုက်တယ်။ ရေချိုး အဝတ်လဲပြီး ဘူတာဘက်ကို ချက်ချင်း ထွက်လာတယ်။ ကျွန်တော် ရောက်သွားတော့ သူတို့အိမ် ခြံဝင်းထဲမှာ ကြက်တောင်ရိုက်နေကြတယ်။ အဲဒါနဲ့ ဆိုင်ထဲဝင်ပြီး မနက်စာ မှာစားတယ်။ စားသာ စားနေရပေမယ့် စိတ်က ကြက်တောင်ရိုက်ကွင်းထဲ ရောက်နေတယ်။ ဆိုင်နောက်ဖေးကို အပေါ့အပါးသွားမလို့ ထွက်အလာ သူကလည်း သူ့သူငယ်ချင်းတွေနဲ့ ဆိုင်နောက်ဘက် ခုံတန်းလျားမှာအထိုင် မျက်နှာချင်း ဆိုင်မိသွားကြတယ်။ သူ့သူငယ်ချင်းတွေပါနေတော့ အပေါ့သွားပြီး မသိကျိုးကျွံနဲ့ ဆိုင်ထဲ ပြန်ဝင်လာတယ်။ စီးကရက်သောက်ရင်း သူနဲ့တွေ့ဖို့ အကြံထုတ်နေတယ်။





တစ်အောင့်လောက်ကြာတော့ ရေချိုး၊ အဝတ်အစားလဲ၊ သနပ်ခါးပါးကွက်ကျား လူးပြီး ခင်အေးသူ ဆိုင်ရှေ့ ထွက်လာတယ်။ ကျွန်တော်နဲ့ မျက်စောင်းထိုးထိုင်ပြီး ကလေးတစ်ယောက်ကို ထမင်းခွံ့ကျွေးနေတယ်။ ကျွန်တော်က စာရွက်တစ်ရွက်မှာ စာရေးပြီး ကောင်တာမှာ ငွေအရင်းသွားရှင်းလိုက်တယ်။ အပြန်ကျတော့မှ စာခေါက်ကလေးကို သူ့ဘေးနားမှာ တင်ပေးထားခဲ့တယ်။

ကျွန်တော် ပန်းခြံထဲမှာ စောင့်နေတော့ သိပ်မကြာပါဘူး ပန်းခြံထဲ လိုက်လာတယ်။ ကျွန်တော်က ထကြိုပြီး အနားမှာ ထိုင်ခိုင်းတယ်။

"ဒါ အေးအတွက် အစ်ကို့ရဲ့ အမှတ်တရ လက်ဆောင်ပါ"

လို့ ပြောပြီး ပင့်ကူရင်ထိုးလေးကို သူ့လက်ထဲ ထည့်ပေးလိုက်တယ်။ မယူဘူးလုပ်နေလို့ အတင်းထိုးပေးပြီး ပါးကို လျှပ်တစ်ပြက် နမ်းလိုက်တယ်။ ဘာမှ ပြန်မပြော၊ ရုန်းလည်း မရုန်းတော့ဘဲ ခေါင်းငုံ့ထိုင်နေတယ်။

ကျွန်တော်က ချစ်တဲ့အကြောင်းတွေ ထပ်တလဲလဲပြောပြီး တစ်ယောက်နဲ့တစ်ယောက် သစ္စာရှိရှိ ချစ်သွားကြဖို့ အစ်ကို့မေတ္တာ ကြီးမားပုံကို အမြဲသတိရပြီး ယုံကြည်စိတ်ချနေဖို့ အခါခါ ပြောရတယ်။သူက စကားသိပ်မပြောဘူး၊ ခေါင်းလေးငုံ့ပြီး လက်သည်းချင်း ပွတ်နေတယ်။ ရုံးကစနေ၊ တနင်္ဂနွေပိတ်တော့ တနင်္ဂနွေနေ့ကို ရုပ်ရှင်ကြည့်ဖို့ ထပ်ချိန်းတယ်။ တစ်ယောက်တည်းတော့ လွှတ်မှာမဟုတ်ဘူး၊ အိမ်နားက သူငယ်ချင်းတစ်ယောက်နဲ့ လာခဲ့မယ်ပြောတယ်။

ကျွန်တော် ဝမ်းသာအားရနဲ့ ဓားဘရှိန်းအိမ် ပြန်လာပြီး အနားယူနေတယ်။ မနက်ဆို သူနဲ့ ရုပ်ရှင် အတူတူကြည့်ရမှာမို့ သိပ်ကို ပျော်နေတယ်။ တစ်ညလုံးလည်း စိတ်ကူးတွေ အမျိုးမျိုးယဉ်ပြီး ကောင်းကောင်း အိပ်မပျော်ဘူး။ အဲဒါကြောင့် မနက်အစောကြီးကပဲ နိုးနေတယ်။ ထမင်းစားသောက်ပြီး ရုပ်ရှင်ရုံကိုလည်း အစောကြီး ရောက်လာတယ်။ လက်မှတ်ကို လိုလိုမည်မည် လေးစောင်ဝယ်ပြီး ခင်အေးသူတို့ အလာကို တမျှော်မျှော်နဲ့ စောင့်နေမိတယ်။

(၁၁) နာရီလောက်ကျမှ ခင်အေးသူ သူ့သူငယ်ချင်း နှစ်ယောက်နဲ့ ရုပ်ရှင်ရုံနားကို ရောက်လာကြတယ်။ ကျွန်တော် ဝမ်းသာအားရ ထကြို

ပြီး အအေးဆိုင်ကို ခေါ်လာတယ်။ "ဘာသောက်ကြမလဲ" မေးတော့ ခင်အေးသူ သူငယ်ချင်းမက "ရေခဲသုပ်ပဲ"ဆိုလို့ ရေခဲသုပ်မှာလိုက်ရတယ်။ အအေးသောက်ရင်း ခင်အေးသူက သူ့သူငယ်ချင်းနဲ့ မိတ်ဆက်ပေးတယ်။ ငယ်သူငယ်ချင်းတွေဖြစ်ကြောင်း၊ တစ်ကျောင်းတည်းအတူနေလာခဲ့ကြကြောင်း ပြောပြတယ်။ သူ့သူငယ်ချင်းတွေကလည်း ဖော်ဖော်ရွေရွေနဲ့ ခင်မင်ရင်းနှီးတဲ့သူငယ်ချင်းတွေလို ဆက်ဆံနိုင်ကြောင်း ပြန်ပြောကြတယ်။ ခင်အေးသူ ပြောထားလို့လား မသိဘူး၊ ခဏကြာတော့ နှစ်ယောက်စလုံး ရုပ်ရှင်ရုံဘေးက ဘုရားဘက်ကို ထွက်သွားကြတယ်။ အအေးဆိုင်က ချောင်ကျတော့ စကားလွတ်လွတ်လပ်လပ်ပြောလို့ရတယ်။ အဲဒါကြောင့် အချိန်ကုန်မှန်းတောင် မသိလိုက်ဘူး။ (၁၂)နာရီနီးမှ ခင်အေးသူက လက်မှတ်သုံးစောင်ကို တောင်းပြီး အရင်သွားနှင့်တယ်။ ကျွန်တော်က ရုပ်ရှင်ရုံနားပတ်ဝန်းကျင်ကို အကဲခတ်ပြီး ရုံထဲကို နောက်ဆုံးမှ ဝင်လိုက်သွားတယ်။ ကိုယ်က ဒုစရိုက်သမားတစ်ယောက်ဆိုတော့ ဘယ်သွားသွား သတိထားရတယ်။ အဲဒါ ရုပ်ရှင်ရုံမီးမှိတ်မှ ခင်အေးသူ အနားက ခုံမှာ သွားထိုင်ဝံ့တယ်၊ ခင်အေးသူနဲ့ ပူးပူးကပ်ကပ်ထိုင်ပြီး စကား တွတ်တီးတွတ်တာ ပြောနေချိန်မှာတော့ ကိုယ်ဘဝတစ်ခုလုံးကို မေ့နေမိတယ်။

ရုပ်ရှင်ပြီးလို့ အပြန် နှုတ်ဆက်ကြတော့ နောက်အပတ်ကို ဆက်ဆက်စောင့်နေဖို့ ပြောပြီး ဓာတ်ပုံတစ်ပုံပေးဖို့လည်း တောင်းထားလိုက်ရတယ်။ ကျွန်တော့် ဓာတ်ပုံတစ်ပုံကိုလည်း သူ့ကို ပေးထားမယ်လို့ ဆုံးဖြတ်ထားတယ်။ ကျွန်တော်တို့ ဒုစရိုက်သမားများအနေနဲ့ ဓာတ်ပုံပေးထားတယ်ဆိုတာ တော်တော်တန်တန် စွန့်စားခန်းကြီး မဟုတ်ပါဘူး။ ခုက ချစ်သူမို့သာ ပေးရမှာ။ ဒီလိုနဲ့ မန္တလေးပြန်ဖို့ ဓားဘရိန်းကို နှုတ်ဆက်ပြီး ဘူတာဘက် စောစော ထွက်လာတယ်။ ဘူတာရောက်တော့ ညစာအတွက် ခေါက်ဆွဲမှာစားပြီး ရထားအလာကို စောင့်နေတယ်။ မနေ့ကပဲ ချိန်းပြီးသားမို့ ခင်အေးသူ ဆိုင်ထဲရောက်လာတယ်။ နှင်းဆီ ကြက်ဥနှစ်ရောင်လေး တစ်ပွင့်ကို ကျွန်တော့်စားပွဲက တူခက်ရင်းတွေထည့်ထားတဲ့ ခွက်ထဲလာထိုးသွားတယ်။ ကပျာကယာယူပြီး တိုက်ပုံအကျႌအိတ်ထဲ ထည့်ထား





လိုက်ရတယ်။ ရထားလာချိန် နီးပြီမို့ ဘူတာပေါ်ကို တက်လာတယ်။ ရထားဝင်တော့ ထိုင်ခုံနေရာရှာပြီး ထိုင်နေလိုက်တယ်။ ခင်အေးသူတို့ အိမ်ဘက်ကို ငေးကြည့်ပြီး. . .

"ဘယ်တော့များမှ တူနှစ်ကိုယ် အတူနေရပါ့မလဲ အချစ်ရေ"

လို့ တမ်းတမ်းတတ တစ်လမ်းလုံး ရွတ်ဆိုလာမိတယ်။

မန္တလေးရောက်တော့ ဝင်းမြင့်တို့ မိသားစုက ထမင်းမစားခဲ့ရသေးဘူးထင်လို့ ထမင်းပွဲ ပြင်ပေးကြတယ်။ လမ်းက စားလာပြီဖြစ်ကြောင်း ပြောပြီး ကျွန်တော့်အခန်းထဲပဲ တန်းဝင်လာတယ်။

ဝင်းမြင့်က "အစ်ကို နေမကောင်းဘူးလား" ဆိုပြီး အခန်းထဲ ဝင်လိုက်လာတယ်။

"အေးကွာ၊ လူကတော့ နေကောင်းပါတယ်။ စိတ်ကတော့ မကောင်းဘူး"လို့ အစချီပြီး ခင်အေးသူနဲ့ ဖြစ်တဲ့အကြောင်းကို အစုံအစေ့ ပြောပြလိုက်တယ်။ ဝင်းမြင့်က အားပေးပါတယ်။ တစ်နေ့ နီးရမှာပေါ့။ သူ့မှာလည်း ချစ်သူရှိကြောင်း ပြန်ပြောပြတယ်။ မြောက်ပြင်က သူနဲ့ ကျောင်းနေဖက်၊ မိဘချင်းကလည်း သဘောတူပြီးသားမို့ အိမ်ကိုလည်း အဝင်အထွက်ရှိတယ်။ သူ့မိဘတွေက ဈေးထဲမှာ ရွှေဆိုင်ရှိကြောင်း ပြောပြတယ်။ တစ်နေ့တော့ ဝင်းမြင့်က မြောက်ပြင်ကို ခေါ်လာပြီး သူ့ချစ်သူနဲ့ မိတ်ဆက်ပေးတယ်။ နောက်တော့ ရင်းနှီးပြီး ရုပ်ရှင်တောင် အတူသွားကြည့်ကြရသေးတယ်။

တစ်နေ့ ကျွန်တော် ပန်းမြို့ကို သွားဖို့လုပ်တော့ ဝင်းမြင့်က သူပါလိုက်ချင်တယ် ဆိုတာနဲ့ ခေါ်လာခဲ့ရတယ်။ အဲဒီနေ့က အဝတ်အဆင်ကို ဆင်တူဝတ်လာကြတယ်။ ဘူတာရောက်တော့ ခင်အေးသူတို့ စားသောက်ဆိုင်ကို အရင်ဝင်ပြီး စားသောက်နေကြတယ်။ အဲဒီနေ့က စနေနေ့ ရုံးပိတ်ရက် ဖြစ်တယ်။ အဲဒါကြောင့် အေးအေးဆေးဆေး စားသောက်ပြီး ခင်အေးသူကို မျှော်နေကြတယ်။ နာရီဝက်လောက်ကြာတော့ ခင်အေးသူ ဈေးက ပြန်လာတယ်။ ကျွန်တော်က "အဲဒါ ငါ့ချစ်သူပဲကွ" လို့ ပြောပြီး ဝင်းမြင့်ကို ပြတယ်။ ဝင်းမြင့်က ငေးကြည့်ပြီး "ဟ . . . အစ်ကို၊ ဒီအမျိုးသမီးကိုသာရရင် အစ်ကိုဟာ သိပ်ကံကောင်းတဲ့ လူပဲ၊ ကြည့်ရတာ တော်

တော်အေးပုံရတယ်၊ အစ်ကို မိန်းမရွေး မဆိုးဘူး” ဆိုပြီး ကျွန်တော့်ကို ချီးမွမ်းတယ်။ ခင်အေးသူကတော့ ကျွန်တော်တို့နှစ်ယောက်ကို ကြည့်ပြီး တအံ့တဩနဲ့ ဆိုင်ထဲ ဝင်သွားတယ်။

ဓားဘရှိန်းတို့အိမ်အတွက် ခေါက်ဆွဲနှစ်ထုပ်ဝယ်ပြီး စားသောက်ဆိုင်က ထွက်လာကြတယ်။ ဓားဘရှိန်းအိမ်ကို ရောက်တော့ ညစာအတွက် ချက်ပြုတ်နေကြတာ တွေ့ရတယ်။

“ဒါ ကျွန်တော် အရင်က ခင်ဗျားကို ပြောပြဖူးတဲ့ ကျွန်တော့်ညီလေ”ဆိုတော့ ဓားဘရှိန်းကလည်း အံ့ဩတကြီး ဖြစ်နေတယ်။ သူသာမဟုတ် ဓားဘရှိန်းအဒေါ်နဲ့ ဓားဘရှိန်း သားလေးကပါ ကျွန်တော်တို့နှစ်ယောက်ကို စေ့စေ့ကြည့်ပြီး အံ့ဩတကြီး ဖြစ်နေတ်။ဒေါ်အုန်းက “ဒီလောက်တူကြတဲ့ညီအစ်ကို သူ့တစ်သက် တစ်ခါမှ မတွေ့ဖူးဘူး”လို့ ပြောတယ်။

နောက်တစ်နေ့ မနက်မှာ ကျွန်တော်တို့အတွက် ညစာသာ ချက်ပြုတ်ထားပေးဖို့ ပြောပြီး ဒေါ်အုန်းကို ငွေငါးဆယ်ပေးထားခဲ့တယ်။ဝင်းမြင့်နဲ့ ကျွန်တော်တို့ ဘူတာရုံဘက်ကို လမ်းလျှောက်ရင်း ထွက်ကြတယ်။ ဈေးက ပြန်လာတဲ့ ခင်အေးသူကိုစောင့်ပြီး သူတို့ဆိုင်မှာ မနက်စာ စားရင်း နေ့လယ်ဘက် ဘုရားလာဖို့ မှာလိုက်တယ်။ ခင်အေးသူတို့ စားသောက်ဆိုင်က လူငှားတွေနဲ့လည်း မျက်နှာတန်းမိထားတော့ ကျွန်တော်တို့ကို ရင်းရင်းနှီးနှီးပဲ ဆက်ဆံကြတယ်။ တစ်ခါတလေ ငွေ ပိုပြန်အမ်းတာကို “ခင်ဗျားတို့ လက်ဖက်ရည်ဖိုးယူထားလိုက်ကြပါဗျာ”ဆိုပြီး ပေးထားခဲ့တာတွေလည်း ရှိတာကိုး။ မနက်စာအတွက် ချိုချဉ်ကြော်၊ အသားကင်၊ ဘဲပေါင်းဟင်းချို မှာစားနေကြတုန်း ခင်အေးသူလည်း သူ့အမေအနား လာထိုင်တယ်။ ပြုံးပြလိုက်၊ ရယ်ပြလိုက်၊ စကားပြောလိုက်နဲ့ ထမင်းနှစ်ပန်းကန် ဘယ်လိုကုန်သွားမှန်းတောင် မသိလိုက်ဘူး။ ဝင်းမြင့်ကလည်း ကျွန်တော့်ကို သဘောကျပြီး တပြုံးပြုံးနဲ့။

စားသောက်ပြီး ဘုရားကို ထွက်လာခဲ့ကြတယ်။ ဆုတောင်းပြည့်ဘုရားနားက ခုံတန်းလေးမှာ ထိုင်ပြီး ခင်အေးသူအလာကို စောင့်နေကြတယ်။ တော်တော်လေးကြာမှ သူ့တူမလေးတစ်ယောက်နဲ့ ခင်အေးသူ





ရောက်လာတယ်။ ဝင်းမြင့်က အလိုက်တသိ ရှောင်ပေးတယ်။ ဘုရားဘေးက ရုပ်ရှင်ရုံမှာ မုန့်သွားဝယ်စားဆိုပြီး သူ့တူမလေးကိုလည်း ပိုက်ဆံပေးပြီး လွှတ်ရတယ်။ ကျွန်တော် လွှတ်လို့ မသွားဘူး၊ ခင်အေးသူက ချော့မော့လွှတ်မှ မသွားချင်သွားချင်နဲ့ ထွက်သွားတယ်။ တော်တော် လိမ္မာပုံရတဲ့ ကောင်မလေးပဲလို့ မှတ်ချက်ချမိလိုက်တယ်။

သူ့တူမလေး ထွက်သွားတာနဲ့ ခင်အေးသူကို ဆွဲပွေ့ဖက်နမ်းတော့ ခင်အေးသူက နှုတ်ခမ်းစူပြီး နောက်ဆို မလာတော့ဘူး၊ ဘာဖြစ်တယ်၊ ညာဖြစ်တယ်နဲ့ ရန်လုပ်တော့၊ အဝေးကြီးက ချစ်လို့ စွန့်စွန့်စားစား လာခဲ့ရတဲ့အကြောင်းပြောပြီး ချော့ရတယ်။ နောက်တော့ ဘဝရှေ့ရေးအတွက် တိုင်ပင်ကြတယ်။ ခင်အေးသူက. . .

“အစ်ကို သုံးလလောက် ပျောက်သွားတော့ ဘာရယ်လို့မသိဘူး၊ ရင်ထဲမှာ ဟာပြီး လွမ်းသလိုလိုပဲ”လို့ ပြောတယ်။ ရထားဝင်တိုင်း လှမ်းလှမ်းကြည့်ရတာလည်း အမောပါပဲတဲ့။ ဒီလိုနဲ့ အစ်ကို့ကို ချစ်ပါတယ်၊ သနားပါတယ်လို့ ပြောပြီး ဟိုတုန်းက ကျွန်တော် တောင်းထားတဲ့ ဓာတ်ပုံတစ်ပုံ ထုတ်ပေးတယ်။ ကျွန်တော်ကလည်း ပါလာတဲ့ ဓာတ်ပုံကို သူ့ကိုပေးပြီး စကားထိုင်ပြောနေကြတယ်။ သူ့တူမလေးက မကြာခင် ပြန်လာပြီး သူ့ဘေးနားမှာ ထိုင်နေတယ်။ ဝင်းမြင့်ကတော့ ခပ်လှမ်းလှမ်းက တမာပင်အောက်မှာ ရှိနေတယ်။

ခင်အေးသူက ဝင်းမြင့်အကြောင်းကိုမေးတော့ ညီဖြစ်ကြောင်း၊ အခု အစ်ကို လက်ထပ်တော့မယ့် မရီးလောင်းကို ကြည့်ချင်၊ တွေ့ချင်လှချည်ရဲ့ဆိုလို့ ခေါ်လာခဲ့ရကြောင်းပြောတော့ ခင်အေးသူ အတော်လေး ရှက်သွားပုံရတယ်။ ပါးအို့လေးတွေ နီတက်လာတယ်။ အတော်လေး စကားပြောဆိုကြပြီး အရေးကြီးရင် စာပေးဖို့ ခင်အေးသူက သူ့သူငယ်ချင်းလိပ်စာကိုပေးတယ်။ ကျွန်တော်ကလည်း မန္တလေးလိပ်စာကို ပေးပြီး ဓားဘရှိန်းအိမ်ကို ပြန်လာခဲ့ကြတယ်။နောက်တစ်နေ့မှာ ဝင်းမြင့်ကို ဘုရား၊ ပန်းခြံနဲ့ သစ်တော်ခြံတွေကိုလိုက်ပြပြီး မန္တလေးကို ပြန်လာခဲ့ကြတယ်။

မန္တလေးကိုရောက်တော့ ဝင်းမြင့် မိဘလုပ်ငန်းနဲ့ ကသာဘက်ကို ဝင်းမြင့်နဲ့အတူ သွားလာနေရင်း ခင်အေးသူဆီကို စာနဲ့ပဲ ဆက်သွယ်ပြီး

ကျေနပ်နေရတယ်။ တစ်နေ့တော့ ဝင်းမြင့်ကို ပြောပြီး ပန်းမြို့ကို ထွက်လာခဲ့တယ်။ ပန်းမြို့ကို ရောက်တော့ ခင်အေးသူ ရုံးပိတ်ရက်ကို စောင့်ပြီး ဆုတောင်းပြည့်ဘုရားမှာ ချိန်းတွေ့ကြတယ်။ နှစ်ယောက်သား ရင်ထဲက ခံစားချက်စကားလေးတွေကို တွတ်တီးတွတ်တာ ပြောပြီး ဘုရားရှေ့မှာပဲ ခင်အေးသူ လက်စွပ်နဲ့ ကျွန်တော့်လက်စွပ်ကို ဘုရားဌာပနာအတွက် ခင်အေးသူခေါင်းက ဖဲပြားခေါင်းစည်းနဲ့ တွဲချည်ပြီး လှူထားခဲ့ကြတယ်။ သစ္စာဆိုကြတယ်။ ဘယ်တော့မှ မမုန်းကြဖို့၊ သစ္စာရှိရှိ ချစ်သွားကြဖို့။ ဆင်းရဲရဲ၊ ချမ်းသာသာ ဒီဘဝမှာ ဘယ်တော့မှ မခွဲဖို့ ဘုရားကို တိုင်တည်ပြီး အိမ်ပြန်လာခဲ့ကြတယ်။

မန္တလေးကို ပြန်ရောက်တော့ ဝင်းမြင့်က သီပေါကို ကိစ္စတစ်ခုနဲ့ သွားနေတယ်။ ကျွန်တော်လည်း မွေးစားအဖေ ဦးကံထွန်းကို ခွင့်ပန်ပြီး စစ်ကိုင်းဘက်ကို ထွက်လာခဲ့တယ်။ အဲဒီနေ့မှာ ပဲခူးက ကျွန်တော့်မိဘတွေကို သိပ်သတိရနေမိတယ်။ နေမှကောင်းကြရဲ့လား။ ငါ့ကိုတော့ မျှော်နေကြမှာပဲဆိုပြီး စစ်ကိုင်းက ရွှေကြက်ယက်၊ စစ်ကိုင်းတောင်ရိုးတစ်လျှောက် ဘုရားတွေ လျှောက်ဖူးရင်း တွေးတော လွမ်းမောနေမိတယ်။ စိန်မျက်လုံးအိမ်မှာ တစ်ပတ်ခန့်နေပြီး ပန်းမြို့ကို ရထားနဲ့ လိုက်ဖို့ ထွက်လာခဲ့တယ်။ လမ်းတစ်လမ်းလုံး ပဲခူးက မိဘတွေနဲ့ ခင်အေးသူကို သတိရလာတယ်။ မန္တလေးကနေ (၉း၁၅) နာရီထွက်တဲ့ ရထားက စစ်ကိုင်းကို (၉း၄၅)လောက် ဝင်လာတယ်။ ရထားပေါ်မှာ နေရာ လိုက်ရှာတော့ မလွယ်ဘူး၊ ရထားက စာပို့တစ်စီး၊ လော်ကယ်တစ်စီးပဲ ထွက်တော့ ခရီးသည်တွေနဲ့ ပြည့်ကျပ်နေတယ်။

တစ်နေရာရောက်တော့ တွဲကြားကနေ ကျွန်တော့်ကို လှမ်းခေါ်နေတဲ့အသံကြားလို့ သွားကြည့်တော့ ဝင်းမြင့်ကို တွေ့ရတယ်။ တွဲနှစ်တွဲကြားက သံပြားအစွန်းပေါ်မှာ ထိုင်နေတယ်။ "ဘယ်သွားမလဲကွ"လို့မေးတော့ "မော်လူးက ဘဘကြီးဆီကို သွားမယ်"လို့ ပြောတယ်။ ဝင်းမြင့်နဲ့ အတူ တွဲကြားထဲမှာထိုင်ပြီး လိုက်လာရတယ်။ ဘက်အိတ်က တစ်လုံး၊ သူ့ဘဘကြီးအတွက် ထိုးမုန့်၊ လမုန့် ထည့်လာတဲ့ ခြင်းတစ်လုံးနဲ့ ဝင်းမြင့် မနိုင်မနင်း ဖြစ်နေတာမြင်လို့ ဝိုင်းကိုင်ပေးထားရတယ်။ ပန်းမြို့ရောက်တော့





ဒံပေါက်ဝယ်စားကြတယ်။ လူတွေက ပိုကျပ် ပိုများလာလို့ လွတ်လွတ်လပ်လပ် "ခေါင်မိုးပေါ်တက်စီးကြမယ်ကွာ"ပြောပြီး ခေါင်မိုးပေါ်မှာ လိုက်လာကြတယ်။ ဝင်းမြင့်က အခုတစ်ခေါက် မန္တလေးကိုပြန်ရောက်ရင် သူ့မိဘသဘောတူ၊ သူလည်း ကြိုက်နေတဲ့ သင်းသင်းရည်နဲ့ လက်ထပ်ဖို့ ပြောတော့မယ်ဆိုပြီး ရင်ဖွင့်တယ်။ သူ့မော်လူးက ဘဘကြီးကိုလည်း ပြောပြီးပြီတဲ့။ သူ့ဘဘကြီးကတော့ မြန်မြန်ယူဖို့ အားပေးနေတယ်လို့ ပြောတယ်။ "ငါလည်း ပန်းမြို့ကို သွားတာ။ မော်လူးကိုရောက်ရင် ဘယ်နေ့ပြန်မယ်ဆိုတာ ငါ့အမျိုးဆီဖြစ်ဖြစ်၊ ဓားဘရှိန်းဆီဖြစ်ဖြစ် စာရေးလိုက်ပါကွာ"လို့ မှာရတယ်။ အဲဒီညက ချမ်းကလည်း တော်တော်ချမ်းတော့ ညီအစ်ကိုနှစ်ယောက် ရထားခေါင်မိုးပေါ်မှာ မှောက်အိပ်ပြီး လိုက်လာကြတယ်။ ကျွန်တော်က ဝင်းမြင့်နဲ့ ဘေးတိုက် အိပ်လိုက်လာကြတာကိုး၊ ထောင်ဘို့တံတားနားရောက်တော့ ကျွန်တော် နိုးလာတယ်။ ဝင်းမြင့် မှေးအိပ်နေတာပဲ၊စိတ်ချရတယ်ဆိုပြီး လက်ထဲက ထိုးမုန့်ထည့်လာတဲ့ ဝင်းမြင့်ခြင်းကို လှဲ့ရွှေ့ပြီး တံတားနဲ့ တိုက်မှာစိုးလို့ မှောက်နေလိုက်တယ်။

ရထားက တံတားကို ဝင်တော့ တဒိုးဒိုးနဲ့ အသံမြည်ပြီး နောက်မှာ "အား . . . " ဆိုတဲ့ အသံနက်ကြီးနဲ့အတူ ကျွန်တော့်ဘေးက ဆွဲခြင်းနားကို ဘက်အိတ်တစ်လုံးဟာ ရေပိုက်ခေါင်းနဲ့ ချိတ်ပြီး ပထမရောက်လာတယ်။ အဲဒီနောက်မှာ လူတစ်ယောက်က ခေါင်မိုးအတိုင်း လိမ့်ပါလာပြီး ခေါင်းက ကျွန်တော့်အနားရောက်လာတယ်။ အရှိန်လည်း ရပ်တန့်သွားတယ်။ကြယ်ရောင်လရောင် အလင်းနဲ့ သေသေချာချာကြည့်တော့ ဝင်းမြင့် မှန်း သိလိုက်တယ်။ အသက်မရှိတော့ပါဘူး။ ချမ်းတုန်နေတဲ့ကြားက ချက်ချင်း ချွေးသီးချွေးပေါက်တွေ စီးကျလာတယ်။ ဦးခေါင်းခွံက နောက်ကို လန်ကျပြီး ဦးနှောက်တွေကလည်း ရထားတွဲခေါင်မိုးပေါ်မှာ ဖွေးနေတယ်။သွေးကတော့ သိပ်မထွက်ဘူး။ကျွန်တော်လည်း ကြောက်ကြောက်နဲ့ ကိုယ်တရားခံမဖြစ်အောင် ဝင်းမြင့် မုန့်ဆွဲခြင်းကို သူ့အနားမှာ ပစ်ထားခဲ့ပြီး အနောက်တွဲတစ်တွဲကို ကူးပြေးလာခဲ့တယ်။ နောက်တွဲ ရောက်တော့မှ ကျွန်တော့်ညီ ဝင်းမြင့်ကို ဒုစရိုက်သမားတစ်ယောက်ယောက်ကများ လုပ်ကြံတာလားလို့ သံသယဝင်မိတာနဲ့ အခြေအနေကို အကဲခတ်ကြည့်

တယ်။ မသက်ာစရာ ဘာအရိပ်အယောင်မှ မမြင်ရပါဘူး။ ကန့်ဘလူ ရောက်တော့ နှစ်နာရီခန့်ရှိပြီ။ ကျွန်တော်လည်း တွဲအောက်ကို ဆင်းပြီး ဂတ်ဗိုလ်တွေနဲ့ ကပ်လျက် တွဲပေါ်ကို အတင်းတိုးတက်ပြီး အိမ်သာထောင့် တစ်နေရာမှာ ကျပ်ကျပ်နဲ့ ထိုင်နေလိုက်မိတယ်။ တစ်သက်လုံး မေ့နိုင် စရာမရှိတဲ့ အဖြစ်ဆိုးကြီးပါပဲ။

မိုးလင်းတော့ ပန်းမြို့ကို ရောက်လာတယ်။ ဆူဆူညံညံ အသံဗလံ တွေကို ရှေ့တွဲက ကြားနေရတယ်။ လူတွေလည်း ရှေ့တွဲကို သွားကြည့် တဲ့လူကြည့်၊ ကြည့်ပြီး ပြန်လာတဲ့လူတွေ ပြန်လာနဲ့ အုတ်အော်သောင်း တင်း ဖြစ်နေကြတယ်။ လူတွေ ပြောဆိုနေကြတဲ့ စကားသံကို မသိမသာ နားစွင့်ထားမိတယ်။ "ကောင်လေးတစ်ယောက် သနားပါတယ်၊ နေရာမရ လို့ ခေါင်မိုးပေါ်က စီးလာရတယ် ထင်ပါရဲ့၊ တံတားနဲ့တိုက်ပြီး ပါလာ တယ်" တဲ့။

ကျွန်တော် မယောင်မလည်နဲ့ ရှေ့တွဲနားကို သွားကြည့်တော့ အလောင်းကို ကပ်နဲ့ချဖို့ တွဲခေါင်မိုးပေါ်ကို ရေတံလျှောက်ကနေပြီး လူတွေ တွယ်တက်နေကြတယ်။ နေရောင်နဲ့ သွေးတွေက စီးကျနေတယ်။ ကျွန်တော့် ညီလေးရဲ့ အလောင်းကို နောက်ဆုံး ကြည့်ခြင်းအနေနဲ့ သွားကြည့်ပြီး မျက်နှာလွှဲထားခဲ့ရတယ်။ ရထားက တော်တော်နဲ့ မထွက်ဖြစ်ဘူး။ ဝင်းမြင့် ပစ္စည်းတွေကို ရဲတွေက ကောက်သိမ်းနေကြတယ်။ ကျွန်တော်လည်း စိတ် ညစ်ညစ်နဲ့ ဓားဘရှိန်းအိမ်ကို ထွက်လာခဲ့တယ်။ တစ်လမ်းလုံး ညက အဖြစ်အပျက်ကို မြင်ယောင်လာမိတယ်။

ခင်အေးသူကို နောက်တစ်နေ့ ရုံးသွားခါနီးမှာ သွားတွေ့တယ်။ ကျွန်တော့်ကိုတွေ့တော့ ပျာပျာသလဲပဲ။

"အစ်ကိုရယ် ညီမလေ စိုးရိမ်လိုက်တာ၊ မနေ့က ရထားမှာ တံတားနဲ့ တိုက်လို့ သေတဲ့ လူသေအလောင်းကို ဘူတာပေါ်မှာ ချထားတော့ ညီမ သွားကြည့်တယ်။ လူတွေက အများကြီးဝိုင်းအုံနေတော့ ကားပေါ်တင်ခါ နီးမှ လှမ်းတွေ့လိုက်ရတယ်။ အစ်ကိုလည်း ခရီးသွားလာတာတွေ သတိ ထားနော်၊ ရထားခေါင်မိုးပေါ်ကတော့ ဘယ်တော့မှ မစီးပါနဲ့နော် အစ်ကိုနော်" လို့ အတန်တန် မှာရှာတယ်။





ခင်အေးသူ ရုံးသွားတော့မှ ကျွန်တော် ဓားဘရှိန်းအိမ်ကို ပြန်လာခဲ့ တယ်။ ချစ်သူနဲ့ တွေ့ခဲ့ရပေမယ့် အရင်ကလို မပျော်နိုင်ဘူး။ စိတ်အရမ်း ညစ်နေတယ်။ ဘယ်လိုမှ ဖျောက်လို့ မရနိုင်လောက်အောင် ဆုံးရှုံးခဲ့ခွာ သွားတဲ့ ဝင်းမြင့်အလောင်းကိုချည်း မျက်စိထဲ တဝဲလည်လည် မြင်နေမိ တယ်။ ဦးကံထွန်းတို့ မိဘနှစ်ပါးက မသိကြသေးဘူး။ သိသာသိရင် ဘယ် လောက် သောကတွေ ရောက်ကြဦးမလဲ မသိသေးဘူး။ သားက ဒီတစ် ယောက်တည်းရှိတာ။

ညနေစောင်းလောက်မှာ ပန်းမြို့ဆေးရုံဘက်ကို ကျွန်တော် သွား ကြည့်တယ်။ ရင်ခွဲခန်းထဲမှာ ဝင်းမြင့်အလောင်းကို ဥပါယ်တံမျဉ်နဲ့ မနည်း ပြော ကြည့်ခဲ့ရတယ်။ ခေါင်းကို ပြန်ချုပ်ထားတယ်။ မျက်နှာတစ်ခုလုံး ညိုမည်းပြီး ရုပ်ကိုတောင် ဖမ်းလို့ မရလောက်အောင် ဖြစ်သွားမိတယ်။

"ညီလေးရယ် နောက်ဘဝမှာ မင်းနဲ့ အတူတူ ပြန်ဆုံစည်းပါရစေ၊ တစ်မိတစ်ဖတည်း ဖြစ်လေရာဘဝတိုင်း ညီအစ်ကိုဖြစ်ပါရစေလို့ အစ်ကို ဘုရားမှာ အမြဲဆုတောင်းနေပါ့မယ်။ အစ်ကို့ကို ခွင့်လွှတ်ပါ" လို့ စိတ်ထဲ ကပြောပြီး စိတ်ပျက်ပျက်နဲ့ ဆေးရုံအပြင်ဘက် ထွက်လာခဲ့တယ်။

စိတ်ထွေပြီး ဆေးရုံ အဝင်ဝနားက သစ်ပင် တစ်ပင်အောက်မှာ တစ်ယောက်တည်း ငေးငိုင်ပြီး ထိုင်နေမိတယ်။ အချိန် ဘယ်လောက် ကြာမှန်း မသိဘူး၊ ဆေးရုံထဲ ကားတစ်စီးဝင်လာသံကြားတော့မှ အတွေး ပြတ်သွားတယ်။ ကားကို လှမ်းကြည့်လိုက်တော့ ဝင်းမြင့်အိမ်ကကား။ ဝင်းမြင့် မသေခင် တစ်လလောက်ကမှ ဝယ်ပေးထားတဲ့ ဂျစ်ကားအဖြူ လေး။ ဦးကံထွန်းရယ်၊ ဝင်းမြင့်အမေရယ်။ မွေးစားသမီးလေးရယ် ကား ပေါ်က ဆင်းပြီး ဆေးရုံထဲကို ဝင်သွားကြတယ်။ မကြာပါဘူး၊ ငိုသံတွေနဲ့ ဆေးရုံတစ်ခုလုံး ဆူညံသွားတယ်။

ကျွန်တော့်အနေနဲ့ ဒီ ဝင်းမြင့်သေတဲ့ကိစ္စကို ဘယ်သူ့မှ ပြောမပြချင် ဘူး၊ ပြန်ပြောပြရင် ကျွန်တော့်အပေါ် အားလုံးက သံသယ ဝင်လာကြမှာ တွေးလန့်နေတယ်။ အဲဒါကြောင့် ဘယ်သူမှ ပြောလို့ မဖြစ်ဘူးဆိုတာ သိထားတယ်။ ယုတ်စွအဆုံး ကျွန်တော်တို့ ဒုစရိုက်သမား အချင်းချင်း တောင် ပြောပြလို့ မသင့်ဘူး။ အဲဒါကြောင့်လည်း ဝင်းမြင့်တို့ အမေ၊အဖေ

တွေ မြင်မှာစိုးလို့ ဆေးရုံနားက လစ်ထွက်လာခဲ့ရတယ်။ တစ်နေ့လုံး ထမင်းစားချင်စိတ်လည်း မရှိဘူး။ ဖျစ်ညှစ်တော့ စားတယ်။ ဒါပေမယ့် ဝင်းမြင့်အလောင်းကိုချည်း မျက်စိထဲမြင်ယောင်နေမိတယ်။ ဘယ်လိုလဲ မသိဘူး။ ကျွန်တော့်စိတ်ထဲမှာ သေနေတဲ့ အလောင်းကို မြင်ခဲ့၊ တွေ့ခဲ့ရပေမယ့် ဝင်းမြင့် ရှိနေသေးတယ်ချည်း မသိစိတ်က ထင်နေတယ်။

အဲဒါကြောင့် နောက်တစ်နေ့ ဆေးရုံကို သွားစုံစမ်းတော့ အလောင်းကို ခေါင်းသေတ္တာနဲ့ ထည့်ပြီး မန္တလေးကို ကားနဲ့ ယူသွားကြတယ်လို့ ကြားခဲ့ရတယ်။ ဝင်းမြင့်စိတ်ကြောင့်လို့ပဲ ပြောရမလား မသိဘူး။ ညရထားနဲ့ မန္တလေးကိုပြန်ဖို့ ဘူတာကို စောစော ဆင်းလာခဲ့တယ်။ ဘူတာကို ရောက်တော့ ဘီလိယက်ခုံမှာ ရေခဲစိမ်ဘီယာ မှာသောက်ပြီး ရထားအဝင်နဲ့ ခင်အေးသူ ထွက်အလာကို စောင့်ကြည့်နေမိတယ်။ ခင်အေးသူကို မတွေ့တာနဲ့ ဘူတာပေါ် တက်လာခဲ့တယ်။ လက်မှတ်ဝယ်ဖို့ လက်မှတ်ရောင်းတဲ့နေရာကို လှမ်းကြည့်လိုက်တော့ ခင်အေးသူက သူ့အစ်ကိုဘေးနားမှာ တူမလေးနဲ့ ထိုင်ပြီး စာဖတ်နေတယ်။

ကျွန်တော်က ကြားနိုင်လောက်တဲ့အသံကိုမြှင့်ပြီး "မန္တလေးလက်မှတ်တစ်စောင်ပေးပါ" လို့ လက်မှတ်ပေါက်ကနေ လှမ်းအော်ပြောတော့ ခင်အေးသူ ခေါင်းမော့ကြည့်တယ်။ လက်မှတ်ဝယ်ပြီး ဈေးဘက်နားက ဘူတာပလက်ဖောင်း အစွန်ဆုံးခုံတန်းတစ်ခုမှာ ရထားအလာကိုစောင့်ရင်း သွားထိုင်နေလိုက်တယ်။ နာရီကိုကြည့်တော့ (၈း၃၀) နာရီပဲ ရှိသေးတယ်။ ရထားလာဖို့ အတော်လိုသေးတယ်။ ခဏကြာတော့ ခင်အေးသူက သူ့တူမလေးကို လက်ဆွဲပြီး ကျွန်တော့်ဆီ လာနေတာ မြင်လိုက်ရတယ်။ နေရာက လူရှင်းတော့ ရှေ့မှာ လာရပ်တယ်။

"အစ်ကို ပြန်တော့မလို့လား၊ မျက်နှာလည်း မကောင်းသလိုဘဲ၊ မနေ့ကတည်းက မေးမလို့၊ နေမကောင်းဘူးလားဟင်၊ ဘာဖြစ်လို့လဲ" ဆိုပြီး ကျွန်တော့်လက်နဲ့ နဖူးတွေကို စမ်းကြည့်တယ်။

"လူက နေကောင်းပါတယ်၊ စိတ်ကတော့ မကောင်းဘူး"

လို့ ပြောလိုက်တော့ ပျာပျာသလဲနဲ့ . . .

"အေးအတွက်ကြောင့်များလားဟင်" ဆိုတော့. . .





"မဟုတ်ပါဘူး အေးရယ်၊ အေးကြောင့် မဟုတ်ပါဘူး"

လို့ ပြောလိုက်ရတယ်။

"ဘယ်လိုကြောင့်လဲဟင် အစ်ကို၊ အေး မသိရဘူးလား၊ အစ်ကို့အတွက် အေး ကူညီလို့ကော မရဘူးလား"

"မရပါဘူး အေးရယ်၊ အစ်ကို့ ကိုယ်ရေးကိုယ်တာကိစ္စပါ။ အေးနဲ့လည်း မဆိုင်ပါဘူးကွယ်" လို့ ပြောလိုက်ချိန်မှာ ရထားက ဘူတာကို ဝင်လာတယ်။

"အေး အစ်ကို့အတွက် ဘာမှ စိတ်မကောင်းမဖြစ်နဲ့၊ အစ်ကို ပြန်မယ်နော်၊ မကြာခင် အစ်ကို ပြန်လာခဲ့ပါ့မယ်။ အစ်ကို့ဆီ စာမှန်မှန်ရေးပါ၊ အစ်ကိုလည်း စာရေးမယ်" လို့ ပြောပြီး နှုတ်သိမ့်ရတယ်။ ကျွန်တော် ရထားပေါ် တက်တော့ ခင်အေးသူ မျက်ရည်ဝဲနေတယ်။ရထားက တဖြည်းဖြည်း ထွက်လာနေတယ်။ ဖော်ပြလို့မရတဲ့ ဝေဒနာတွေနဲ့ ကျွန်တော့်ပါးပြင်ပေါ် မျက်ရည်တွေ အလိုလို စီးကျလာတယ်။

တစ်ဘူတာဝင်၊ တစ်ဘူတာထွက်နဲ့ နားထဲမှာ "ရေကုသိုလ်၊ ရေကုသိုလ်" ဆိုပြီး အော်နေတဲ့ ကလေးလေးတွေအသံကိုကြားတော့ ညီမလေးတွေ၊ ညီလေးတွေကို သတိသွားရမိပြန်တယ်။ ပြီးတော့ မိဘနှစ်ပါး၊ ဝင်းမြင့် အမေ အမေ၊ ခင်အေးသူတို့ မိသားစု။ ခေါင်းထဲမှာ အတွေးပေါင်းစုံနဲ့ ရှုပ်ယှက်ခတ်ပြီး မန္တလေးကို ရောက်လာခဲ့တယ်။ ဝင်းမြင့် အဖေ ဦးကံထွန်းအိမ်ကို ချက်ချင်း မသွားသေးဘဲ ထွန်းလှဟိုတယ်ဘေးက စားသောက်နေကျ ခေါက်ဆွဲဆိုင်မှာ ရေဝင်ချိုး၊ စားသောက် နားနေပြီးမှ ဦးကံထွန်းအိမ်ကို လာခဲ့တယ်။ အိမ်မှာ လူတွေ ပြည့်နေတယ်။ ကျွန်တော် ဝင်သွားတော့ လူတွေက ကျွန်တော့်ကို ဝိုင်းကြည့်နေကြတယ်။

ကျွန်တော့်ကိုမြင်တော့ ဦးကံထွန်းက . . .

"မောင်ကျော်မြင့် ဒီကို လာပါဦး။ မင်းညီတော့ ဆုံးသွားရှာပြီ၊ ပန်းမြို့ရဲစခန်းက သံကြိုးရိုက်ခေါ်လို့ လိုက်သွားတော့ အဖေ အလောင်းပဲ တွေ့ပါတယ် သားရယ်"

လို့ တုန်တုန်ယင်ယင်နဲ့ မျက်ရည်ကျပြီး ပြောတယ်။ ငိုထားတဲ့ မျက်နှာအစ်အစ်နဲ့ ဦးကံထွန်း အနားမှာ ထိုင်နေတဲ့ ဝင်းမြင့်အမေက

ကျွန်တော့်ကိုတွေ့တော့ ပိုငိုတယ်။ ငိုရင်း တက်သွားလို့ ဘေးကလူတွေ ဝိုင်းပြီး နှာနှပ်၊ နှိပ်နယ်ပေးကြရတယ်။ ကြေကွဲစရာ မြင်ကွင်းကို မြင်ရတော့ ကျွန်တော်လည်း ငိုမိတယ်။ ဒါပေမယ့် . . .

"ကျွန်တော် အရောင်းအဝယ် ကိစ္စတစ်ခုနဲ့ ပြင်ဦးလွင်တက်နေတယ်။ ခု ပြင်ဦးလွင်က ပြန်လာလို့ ဘူတာရောက်တော့ ညီလေးသတင်းကြားလို့ ပြေးလာခဲ့ရတယ်"

လို့ လိမ်ဖြစ်အောင် လိမ်ပြောရတော့တာပါပဲ။ ဝင်းမြင့်က သွေးရိုးသားရိုး ရထားခေါင်မိုးပေါ်က တက်လိုက်လာလို့ တံတားနဲ့ တိုက်သေပေမယ့် ခုထိ သူ့အကြောင်းကို ကျွန်တော့်ဘဝက တစ်ခွန်းတစ်စ မဟာရဲပါဘူး။ ကိုယ်တိုင်ကိုယ်ကျ မြင်ခဲ့၊ တွေ့ခဲ့၊ ကြုံခဲ့ရပေမယ့် ပြောမပြဝံ့တဲ့ ဘဝဆိုးကြီးကိုလည်း တွေးကြည့်ရင် ရင်နာမိပါတယ်။

ဝင်းမြင့် အသုဘကို လိုက်ပို့တဲ့နေ့မှာ ဝင်းမြင့်ရည်းစား သင်းသင်းရည်ကို တွေ့ရတယ်။ အဝတ်အစား ကောင်းကောင်းမွန်မွန် ဝတ်ထားပေမယ့် မဖြီးမလိမ်း မပြင်မဆင်နဲ့ သူ့ခမျာ တော်တော်ရုပ်ကျသွားတယ်။ ငိုထားတဲ့ မျက်လုံးတွေကလည်း အစ်လို့။ ဝင်းမြင့်အလောင်းကို ဂူသွင်းပြီး ရက်လည်တဲ့နေ့မှာ အနယ်နယ်အရပ်ရပ်က လာကြတဲ့ ဦးကံထွန်းမိတ်ဆွေတွေက ဝင်းမြင့်အကြောင်းကို မေးလို့မဆုံး၊ ပြောလို့မဆုံး ဖြစ်နေကြတယ်။ အဲဒီလို ဖြစ်နေကြလေ ဝင်းမြင့်အမေခမျာ ငိုရလေပါပဲ။

ဝင်းမြင့် ရက်လည်ပြီး နောက်တစ်ရက်မှာ . . .

"ဦးလေးရယ် ကျွန်တော် စစ်ကိုင်းမှာပဲ ခဏ သွားနေပါရစေဦး၊ ဒီမှာနေရင် ညီလေးမျက်နှာကိုပဲ မြင်မြင်မိပြီး စိတ်မကောင်း ဖြစ်လွန်းလို့ပါ" ဆိုပြီး အဝတ်အစား သေတ္တာတွေကို အခန်းထဲက ဆွဲထုတ်လာပြီး ကန်တော့မယ်လုပ်တော့ ဦးကံထွန်းတို့ လင်မယားနှစ်ယောက်စလုံးက . .

"မင်း ဘယ်ကိုမှ ထွက်မသွားပါနဲ့ လူလေးရယ်၊ ဦးတို့ အဒေါ်တို့နဲ့ အတူနေပါ။ ဝင်းမြင့်ကို ညီလေးတစ်ယောက်လို မင်း တကယ်ချစ်ရင် ဦးတို့၊ အဒေါ်တို့ကိုလည်း အမေ အဖေလို့ သဘောထားလိုက်ပါ။ အမေ အဖေတို့ကို ခွဲမသွားပါနဲ့၊ ဒီအိမ်မှာ သားငယ် မရှိတော့ပေမယ့် သားကြီး တစ်ယောက် ရှိသေးတယ်လို့ အမေ အဖေတို့ ဖြေပါရစေ" ဆိုပြီး ဖက်ငိုကြ





တော့ ကျွန်တော်လည်း အခန်းထဲက ဆွဲထုတ်လာတဲ့ သေတ္တာတွေကို အခန်းထဲ ပြန်သွားထားလိုက်ရတယ်။

နည်းနည်း အနေကြာလာတော့ ဦးကံထွန်းတို့ လင်မယားက ကျွန်တော့်ကို တကယ့် သားအရင်းအတိုင်းပဲ "သား . . . သား၊ သားသား" နဲ့ ပါးစပ်ဖျားက မချကြပါဘူး။

ကျွန်တော် ဘယ်ကိုသွားမယ်၊ ဘယ်ကို လာမယ်ဆိုတာ သွားခါနီးတိုင်း ပြောပြောသွားနေရတော့ စိတ်ကျဉ်းကျပ်သလို ဖြစ်လာတယ်။ ဝင်းမြင့်အဖေ အမေတို့ကတော့ စိုးရိမ်ကြီးနေကြလို့ပါ။ စစ်ကိုင်းပြောသွားလိုက်၊ မန္တလေးပြန်လာလိုက်နဲ့ အလုပ်လည်း မလုပ်ရဲ၊ မလုပ်ဖြစ်ဘူး။ ဦးကံထွန်းတို့ မျက်နှာကို ထောက်နေရတော့ အကွက်မြင်ပေမယ့် လက်မရဲဖြစ်နေတယ်။ သုံးဖို့၊ စွဲဖို့ဆိုတာလည်း လိုတာထက် ပိုပေးထားတော့ အလုပ်လုပ်ရမှာ ခက်နေတယ်။

တစ်လနှစ်လကြာတော့ ပန်းမြို့သူလေးကလည်း စာအတန်တန်ပေးပြီး တစ်မှာတည်း မှာနေတယ်။ ကျွန်တော့်အနေနဲ့ သိပ်သွားချင်နေပေမယ့် ဦးကံထွန်းတို့ မိသားစုကို အားနာတာနဲ့ ပွဲရုံအလုပ်မှာ ဝင်ကူလုပ်ပေးနေရတယ်။ ဒီအလုပ်မျိုးကို လုပ်သာလုပ်နေရပေမယ့် စိတ်က မပါတော့ ငြီးငွေ့သလိုလည်း ဖြစ်လာတယ်။ ဒါနဲ့ တစ်နေ့တော့ ဦးကံထွန်းကို ပန်းမြို့သွားဖို့ ပြောရတယ်။ နှစ်ရက်ပဲကြာမယ်ပေါ့။ ခက်တာက ပန်းမြို့ဆိုတာနဲ့ ဝင်းမြင့်အမေက ငိုပါလေရော။ နောက်တော့ အဖေ (ဦးကံထွန်း)ကပဲ အကြံပေးလို့ "စစ်ကိုင်းတင်သွားမှာ နှစ်ရက်ပဲ ကြာမယ်"ပြောပြီး ပန်းမြို့ကို လစ်ထွက်လာခဲ့တယ်။

ပန်းမြို့ကိုရောက်တော့ ညီဆုံးလို့ ကြာနေခဲ့ရတဲ့အကြောင်း ခင်အေးသူနဲ့ မားဘရှိန်းကို ပြောပြလိုက်ရတယ်။ သူတို့လည်း စိတ်မကောင်းကြဘူး။ ခင်အေးသူက ဝင်းမြင့်ကိုပါ ခင်ခဲ့တော့ ပိုဆိုးတယ်။ ပန်းမြို့မှာ နှစ်ရက်ပဲ၊ မန္တလေးက အမေ အဖေတို့ နောက်ဆံတင်းနေကြမှာ စိုးတာနဲ့ ပြန်ပြေးလာခဲ့ရတယ်။ ဒါပေမယ့် စစ်ကိုင်းရောက်တော့ စိန်မျက်လုံးအိမ်ကို ခဏ ဝင်လိုက်တယ်။ စိန်မျက်လုံးကို အိမ်မှာ တွေ့တယ်။ ထွန်းဇော်ကြီး ပါသွားကြောင်း၊ သူ့အမေကို ငွေငါးရာပေးခဲ့ကြောင်း၊ ကျွန်တော့်ကိုလည်း

တောင်းပန်သွားကြောင်း၊ ဝိုင်းပြီး တောင်းပန်ပေးကြဖို့၊ သူ အကျပ်အ
တည်းနဲ့ တွေ့နေရတာမို့ သူငယ်ချင်းကို ခင်ပေမယ့် သစ္စာဖောက်သလို
ဖြစ်သွားကြောင်း၊ သူ့အမေလည်း ဆုံးသွားပြီဖြစ်ကြောင်း ရွှန်းရွှန်းဝေ
အောင် ပြောပြီး ခု မုံရွာဘက်ကို တက်သွားကြောင်း ပြောပြကြတယ်။
ကျွန်တော့်အနေကလည်း အတွေ့အကြုံအမျိုးမျိုးတွေနဲ့မို့ စိတ်ပြေနေပြီ။
ထွန်းဇော်ကြီးရဲ့ ကျောပုံ၊ ရင့်ပုံတွေကို မကျေနပ်တော့ မကျေနပ်နိုင်ဘူး။
ဘာမှ မတတ်နိုင်သေးလို့သာ ငြိမ်နေရသေးတယ်။ ဒီလိုနဲ့ စစ်ကိုင်းစိန်မျက်
လုံးအိမ်မှာ တစ်ညနေပြီး မန္တလေးကို ပြန်လာတယ်။

မန္တလေးက အမေ အဖေတို့ဆီ ရောက်တော့ ပွဲရုံအလုပ်ကို ပိုပြီး
ကူလုပ်ပေးရတယ်။ ဒီကြားထဲ ဝင်းမြင့်အလုပ်ဖြစ်တဲ့ ကသာမော်လူးက
အလုပ်ကိုလည်း သွားသွားပြီး ဆက်လုပ်ပေးနေရတယ်။ ဒီလိုနဲ့ ကသာ
မော်လူးသွားလိုက်၊ သီပေါကို ပို့လိုက်နဲ့ နှစ်လ သုံးလကြာတော့ ပန်းမြို့သူ
ခင်အေးသူကို တောင်းခိုင်းပြီး ယူမလို့ပဲ။ ဒါပေမယ့် ဝင်းမြင့်ဆုံးလို့ အမေ
အဖေတို့ စိတ်မကောင်း ဖြစ်နေကြတဲ့ကြားက မိန်းမတောင်းခိုင်းရမှာ ပြော
မထွက်တာနဲ့ အောင့်အည်းမျိုသိပ်ပြီး နေနေလိုက်ရတယ်။ ဘယ်လိုနည်းနဲ့
ခင်အေးသူကို လက်ထပ်ရမလဲ ဆိုတာတော့ နေ့စဉ်လိုလို စဉ်းစားနေမိ
တယ်။

ဒီလိုနဲ့ အကြံတစ်ခုရတယ်။ “ဝင်းမြင့်နဲ့ ကျွန်တော့်သူငယ်ချင်း
ဈေးချိုမှာ အထည်ရောင်းနေတဲ့ ထွန်းခိုင်ကို ခေါ်ပြီး သီပေါက ဖျာပွဲစား
အိမ်ကို သွားချင်တယ်။ သူ့သားမင်္ဂလာဆောင်ကိစ္စအတွက် ကျွန်တော်တို့
ကို ဖိတ်ထားတယ်။ အဲဒါကြောင့် တောင်ပေါ်လမ်းတွေမှာ ကားကို ကျွမ်း
ကျွမ်းကျင်ကျင် မောင်းတတ်တဲ့ ထွန်းခိုင်နဲ့ သီပေါကိုသွားမယ်”လို့ အဖေ
ကို လိမ်ပြောပြီး ကားကို ယူလာခဲ့ကြတယ်။ အမှန်ကတော့ ကျွန်တော်
ပန်းမြို့သူလေးကို သွားခိုးကြဖို့ပါပဲ။

ပန်းမြို့ကို တစ်နာရီလောက်မှာ ရောက်တယ်။ ဓားဘရှိန်းကို အသိ
မပေးချင်တာနဲ့ ကားဂိတ်မှာပဲ အချိန်ဖြုန်းပြီး ခင်အေးသူကို စောင့်နေကြ
တယ်။ လေးနာရီခွဲလောက်မှာ ရုံးဆင်းတော့ ကျွန်တော်က ထင်းရှူးပင်
တောနားကို ကြိုစောင့်သွားထားတယ်။ ရုံးဆင်းလာကြတဲ့လူတွေကို သေ





သေချာချာ ကြည့်ထားရတယ်။ လူအုပ်ကြားထဲမှာ ခင်အေးသူကိုတွေ့
တော့ ကျွန်တော်က မြင်သာအောင် ထွက်ပြနေလိုက်တယ်။ ခင်အေးသူက
ကျွန်တော့်ကို မြင်သွားတော့ သူ့သူငယ်ချင်းတွေကိုခွာပြီး နောက်ချန်နေခဲ့
တယ်။ ကျွန်တော်က ထင်းရှူးပင်တစ်ပင်နား ပြန်ကပ်ပြီး ခင်အေးသူကို
ခေါင်းညိတ်ခေါ်လိုက်ရတယ်။အနားကို ရောက်လာတော့ ပတ်ဝန်းကျင်က
လူတွေ တွေ့မှာစိုးတာနဲ့ နှစ်ယောက်သား ထင်းရှူးပင်တွေကြားထဲ ဝင်နေ
လိုက်ကြရတယ်။ လမ်းမှာ ရုံးသူရုံးသားတွေ ရှင်းတော့မှ ခင်အေးသူကို
ကားဂိတ်ဘက် ခေါ်လာတယ်။ ခင်အေးသူက-

“အစ်ကို ဘယ်ကိုသွားမလို့လဲ” လို့ မေးတယ်။ ကျွန်တော်က-

“လက်ဖက်ရည်ဆိုင်မှာ ခဏ ထိုင်ပါဦး၊ ဗိုက်ဆာလာလို့” ဆိုပြီး
လက်ဖက်ရည်နဲ့မုန့် မှာကျွေးထားတယ်။ သူက သူ့အသိတွေ မြင်မှာစိုးလို့
ခေါင်းငုံ့ပြီးနေတယ်။

ကျွန်တော် မန္တလေးတုန်းက စိတ်ကူးဆုံးဖြတ်လာတာကတော့ ခင်
အေးသူကို အတင်း ကားပေါ်ဆွဲတင်လာမလို့ပဲ။ လက်တွေ့ ခုလိုကျတော့
မရဲပြန်ဘူး။ ရင်လည်း အရမ်းခုန်နေတယ်။ အဲဒါနဲ့ ခင်အေးသူကို လက်
ဖက်ရည်ဆိုင်မှာ ခဏလို့ ပြောပြီး ဘေးက ခေါက်ဆွဲဆိုင်ကို ဝင်လာတယ်။
အရက်နှစ်ပက်မှာပြီး တစ်ကျိုက်တည်း မော့ချလိုက်ရတယ်။ အနံ့ထွက်မှာ
စိုးလို့ ကွမ်းယာဝယ် ဝါးစားလာရတယ်။ လက်ဖက်ရည်ဆိုင်ကို ပြန်ရောက်
လာတော့ “အစ်ကို၊အေး ပြန်ဦးမယ်နော်၊ အတော်ကြာ အသိတွေ မြင်ကုန်
ရင် မကောင်းဘူး” လို့ မတ်တတ်ထရပ်ပြီး ခင်အေးသူက ပြောတယ်။

ကျွန်တော်က “အေးအတွက် အစ်ကို လက်ဆောင်ယူလာတယ်။
ဟောဟို ကားပေါ်မှာ ထားခဲ့လို့၊ လာလေ” ဆိုပြီး ဖြတ်ထိုးဉာဏ်နဲ့ ကား
နားခေါ်လာတယ်။

ခင်အေးသူက “ဘယ်သူ့ကားလဲ” တဲ့။ “အစ်ကို့အိမ်က ကားပါ။
ဘာဖြစ်လို့လဲ” လို့ ပြောရင်းက ထွန်းခိုင်ကို ကားစက်နှိုးထားဖို့ အချက်
ပေးလိုက်တယ်။ ကားနားရောက်တော့ “အဲဒီ ဘက်အိတ်ထဲမှာ အေး
အတွက် အစ်ကိုဝယ်လာတဲ့ လက်ဆောင်ပါတယ်၊ ကိုယ်တိုင် ဖွင့်ကြည့်
ပါ” ဆိုတော့ ခင်အေးသူက ပထမ လက်တွန့်နေတယ်။

"အို . . . ကွယ်၊ အေးကလည်း ဖွင့်ကြည့်ပါဆို၊ အစ်ကိုက အေးအံ့ဩသွားအောင်လို့ တမင် ကိုယ်တိုင် ဖွင့်မပြတာပါ" ဆိုတော့ သူက ကုန်းပြီး ဘက်အိတ်ဇစ်ကို ကိုင်လိုက်တယ်။ အဲဒီ အချိန်ကို စောင့်နေတဲ့ ကျွန်တော်က ရင်တုန်ပန်းတုန်နဲ့ ချက်ချင်း ခင်အေးသူကို ကားပေါ် ပွေ့တင်လိုက်တယ်။ ခင်အေးသူ ရုန်းကန်ပြီး ကားပေါ် ပါလာတယ်။ ကျွန်တော်လည်း တော်တော်တော့ မောသွားတယ်။ လူမောတာထက် စိတ်က ပိုမောသွားတယ်။

"အစ်ကို ညီမကို ချစ်ရင် ဒီ . . . ဒီလို မလုပ်ပါနဲ့။ ကားရပ်ပေးပါ။ အေး . . . အေးကို သနားရင် ဒီလို မလုပ်ပါနဲ့" ဆိုပြီး ငိုပါလာတယ်။ ထွန်းခိုင်က ကားကို အပြင်းမောင်း၊ ကျွန်တော်က ခင်အေးသူကို ဖက်ပြီး ချော့နဲ့ ဝက်လက်ရွာနားရောက်တော့ ကားခဏရပ်ပြီး အပေါ့အပါးသွားကြတယ်။

"အစ်ကို အေးကို အသက်မကချစ်လို့၊ အခုလို လုပ်ရတာ အစ်ကို့ကို ခွင့်လွှတ်ပါ။ အေးပြောတဲ့ အချိန်ထိ အစ်ကို ဘယ်လိုမှ မစောင့်နိုင်လို့ပါနော်။ အေးကို အကြာကြီးလည်း စိတ်ချလက်ချ မထားရဲဘူး။ အစ်ကိုက အဝေးကြီးမှာ နေ့နေရတာ။ အေး သူများလက်ထဲ ရောက်သွားရင် အစ်ကို ကိုယ့်ကိုယ်ကိုယ် သတ်သေမိမှာ၊ အဲဒါကြောင့် ခုလို လုပ်မိတာ ခွင့်လွှတ်ပါ အေးလေးရယ်" ဘာရယ်၊ ညာရယ်နဲ့ တစ်လမ်းလုံး ချော့လာခဲ့ရတယ်။

ဒီတော့မှ အငိုရပ်ပြီး စကားပြောလာတယ်။

"အခုလောက်ဆို အမေ အဖေတို့ လိုက်ရှာနေကြတော့မှာပဲ။ အဘွားလည်း အသက်ကြီးပြီ၊ အခုလို ဖြစ်တယ်ဆိုရင် အဘွားတော့ တစ်ခုခု ဖြစ်တော့မှာပဲ။ အစ်ကိုရယ် အေးကို အိမ်ပြန်ပို့ပေးပါ"

ဆိုပြီး ငိုပါလာခဲ့တယ်။ ကျွန်တော်လည်း အမျိုးမျိုး ဖျောင်းဖျပြီး ချော့မော့လာခဲ့ရတယ်။ ရွှေဘိုရောက်တော့ ခြောက်နာရီလောက်ရှိနေပြီ၊ မိုးချုပ်တာကတစ်ကြောင်း၊ စစ်ကိုင်းတံတားကလည်း ညခြောက်နာရီက မနက် ခြောက်နာရီထိ ကားဖြတ်သန်းခွင့် မပြုတဲ့ အကြောင်းတို့ကြောင့် စစ်ကိုင်းစိန်မျက်လုံးအိမ်အထိ သွားမယ်ဆိုတဲ့ စိတ်ကူးကို ပယ်ဖျက်လိုက်





ရတယ်။ နောက်တော့ ထွန်းခိုင်သူငယ်ချင်း ရွှေဘိုအိန္ဒြာရပ်၊ နီလာအေးနှီးအေးချောင်းနားက ဖြတ်ပြီး ကိုရဲကျော်အိမ်ကို ခေါ်လာခဲ့တယ်။

ထွန်းခိုင်က အိမ်ပေါ် အရင်တက်ပြီး အကျိုးအကြောင်းကို ပြောပြနေတယ်။ တစ်အောင့်လောက်ကြာတော့မှ ကျွန်တော့်ဆီကို ပြန်လာတယ်။ အဆင်ပြေပါတယ် ပြောမှ သက်ပြင်းချမိတယ်။ ကျွန်တော်တို့ကို အိမ်အပေါ်ထပ် ခေါ်လာတယ်။ ဘယ်သူကမှလဲ မမေးမမြန်းကြတော့ဘူး။ အဲဒါကိုလည်း ကျွန်တော် တော်တော် ဝမ်းသာသွားမိတယ်။ သူတို့က ခရေစေ့တွင်းကျ မေးနေရင် ခင်အေးသူတို့ အသိအကျွမ်းထဲက ဖြစ်နေမှာကို စိုးရိမ်ရတယ်။ ကိုရဲကျော်အိမ်မှာ မိသားစု အတော်များတယ်။ ကိုရဲကျော် မိန်းမက စက်ချုပ်တယ်။ ညနေအတွက် ထွန်းခိုင်ကို ထမင်းဟင်း ဝယ်ခိုင်းရတယ်။ ကိုရဲကျော်က အင်မတန် သဘောကောင်းတယ်။ "ဝယ်မနေပါနဲ့ ချက်လိုက်ပါ့မယ်" ပြောသေးတယ်။ ဒါပေမယ့် ထွန်းခိုင်က "ရပါတယ်၊ ချက်မနေနဲ့၊ ဟိုကလည်း ဗိုက်ဆာရောပေါ့"လို့ ပြောပြီး သွားဝယ်တယ်။

ကျွန်တော် ခင်အေးသူကို ခဏထားပြီး ကိုရဲကျော်ဆီကို လာခဲ့တယ်။

"ကျေးဇူးအထူးတင်ပါတယ်။ ခုလို ကူညီတာကို တစ်သက် မမေ့ပါဘူး။ ကျွန်တော့်လိပ်စာ ယူထားပါ။ မန္တလေးရောက်ရင်လည်း ဝင်ပါ။ ကျွန်တော်နဲ့ ထွန်းခိုင်က အရင်းနှီးဆုံး သူငယ်ချင်းပါ"

ဘာညာကွိကွနဲ့ ထိုင်ပြောနေရတယ်။ အိမ်ရှေ့ခန်းမှာ ကိုရဲကျော် ညီမတွေ စာကျက်နေကြတယ်။ အဒေါ်ကြီးကတော့ ခင်အေးသူကို အိမ်နောက်ဘက် အခန်းတစ်ခန်းဆီကို ခေါ်သွားတယ်။ မကြာခင်မှာပဲ ထွန်းခိုင် ထမင်းချိုင့်တွေနဲ့ ရောက်လာတယ်။ ကျွန်တော်လည်း ထမင်းစားခန်းဘက်ကို လိုက်လာပြီး ခင်အေးသူကို အခေါ်ခိုင်းရတယ်။ ခင်အေးသူက မဆာလို့ မစားတော့ဘူးတဲ့။ တစ်လမ်းလုံး ဘာမှ စားမလာတာသိလို့ ကျွန်တော်ကိုယ်တိုင် သွားခေါ်ရတယ်။ အတင်းဆွဲခေါ်ပြီး ထမင်းကျွေးရတယ်။ထမင်းစားခန်းထဲမှာ ကျွန်တော်တို့နှစ်ယောက်ပဲ ရှိတယ်။ ထွန်းခိုင်ကလည်း အပြင်ပြန်ထွက်သွားတယ်။ ခင်အေးသူက ထမင်းကို နည်းနည်းပဲစားပြီး အခန်းထဲ ပြန်ဝင်သွားတယ်။

ကျွန်တော် ထမင်းစားပြီး ကိုရဲကျော်ရှိရာ အပြင်ခန်းကို ထွက်လာ

တယ်။ သူ့အနားရောက်တော့ ကိုရဲကျော်က. . .

"ခင်ဗျားတို့ အစောကြီး ထသွားကြရမှာဆိုတော့ သွားအိပ်လေ" လို့ ပြောတယ်။ လောလောဆယ် ကျွန်တော် ကြောင်နေသေးတယ်။ ဘယ်မှာ သွားအိပ်ရမှန်း မသိ ဖြစ်နေမိတယ်။ တစ်ခါမှ မိန်းမလည်း မရဘူးတော့ စိတ်ထဲ တစ်မျိုးကြီး ဖြစ်နေတယ်။ အဲဒါကြောင့် ထွန်းခိုင် အပြင်က ပြန်လာတဲ့အထိစောင့်ပြီး ငိုင်တိုင်တိုင်ကြီး ထိုင်နေမိတယ်။ ထွန်းခိုင် ပြန်ရောက်လာတော့ ဆယ်နာရီကျော်နေပြီ။ ကိုရဲကျော်တို့ အိမ်သားတွေလည်း အားလုံး အိပ်ကုန်ကြပြီ။ ထွန်းခိုင်က . . .

"ဟင် . . . ဟေ့ကောင်၊ မင်း ဘာလုပ်နေတာလဲ၊ ဟိုတစ်ယောက် အားငယ်နေရှာမယ်၊ သွားလေကွာ" ဆိုပြီး အခန်းဝထိ တွန်းပို့ထားခဲ့တယ်။

ကျွန်တော် အခန်းထဲရောက်သွားတော့ ခြင်ထောင်မချဘဲ တစ်ဖက် လှည့်ပြီး ခင်အေးသူ အိပ်နေတယ်။ အိပ်ချင်ယောင်ဆောင်နေတာလား၊ ခရီးပန်းလာလို့ တကယ်ပဲ အိပ်ပျော်နေတာလား မသိဘူး။ တစ်ချက်မှ မလှုပ်ရှားဘူး။ သူ့မျက်နှာ နုနုလေးကို တစ်ဝကြီး ငုံ့ကြည့်ပြီး ကျွန်တော် တော်တော်သနားသွားတယ်။ သူ့အိမ်မှာဆို သူက အငယ်ဆုံးမို့ အားလုံးက အလိုလိုက်ထားကြတာ။ ခုလို ကျွန်တော့်နောက် ပါလာတော့ သူ့အိမ်ကလည်း ဘယ်လောက် စိတ်ပူနေကြမလဲလို့ တွေးပြီး ပိုသနားသွားမိတယ်။ အဲဒါကြောင့် သူ ခရီးပန်းပြီး အိပ်ရင်လည်း နှစ်နှစ်ခြိုက်ခြိုက် အိပ်ပါစေဆိုပြီး ခြင်ထောင်ချပေးလိုက်တယ်။ ကျွန်တော်လည်း ခြင်ထောင်ထဲ ဝင်လာတယ်။ ဒါပေမယ့် သူ့အသားကိုထိရင် သူနိုးသွားမှာစိုးလို့ ခပ်ခွာခွာမှာပဲ လှဲအိပ်လိုက်တယ်။ တော်တော်နဲ့ အိပ်လို့ မရဘူး၊ စောင်တစ်ထည်ကို ကောက်ယူပြီး ခင်အေးသူကို အသာရွရွ ခြုံပေးလိုက်ပြီးမှ အိပ်ပျော်သွားတယ်။

မနက် ငါးနာရီလောက်ကျတော့ ထွန်းခိုင်က လာနှိုးတယ်။ မျက်နှာ ထသစ်ပြီး ထွန်းခိုင်နဲ့အတူ မြို့ထဲမှာ လက်ဖက်ရည်နဲ့ မုန့် သွားဝယ်ကြတယ်။ အိမ်ပြန်ရောက်တော့ ခြောက်နာရီ ထိုးနေပြီ။ ကိုရဲကျော်တို့ တစ်အိမ်သားလုံးကို မင်္ဂလာအထိမ်းအမှတ် လက်ဖက်ရည် တိုက်ထားခဲ့ပြီး မန္တလေးကို ထွက်လာခဲ့ကြတယ်။ စစ်ကိုင်းက စိန်မျက်လုံးကို စစ်ကိုင်း





ရောက်တော့ သတိရပေမယ့် မဝင်ဖြစ်ခဲ့တော့ဘူး။ တစ်နာရီလောက်မှာ မန္တလေးအိမ်ကို ရောက်လာခဲ့ကြတယ်။

ခင်အေးသူကို ပြုံးပြုံးရွှင်ရွှင်နေဖို့၊ အမေ အဖေတို့နဲ့ စကားပြောရင် လိမ်လိမ်မာမာပြောမိဖို့၊ တကယ်ချစ်လို့ လိုက်လာမိပါတယ် ပြောဖို့တို့ ကိုတော့ လမ်းကပင် နားချသင်လာခဲ့ရတယ်။ ကိုယ့်မိဘအရင်း မဟုတ် တော့ ကျွန်တော်က အစစအရာရာကို ခုထိ စိုးရိမ်နေမိတယ်။ ဝင်းမြင့် ဆုံးတာလည်း မကြာသေးဘူးဆိုတော့ ဦးကံထွန်းက ဘာများ ပြောလေမလဲ ဆိုတာကိုလည်း စိတ်ထဲ တထင့်ထင့်ပါပဲ။

ခြံထဲ ကားဝင်လာတယ် ဆိုရင်ပဲ အိမ်ရှိ လူငှားတွေက "ကျော်မြင့် ပြန်လာပြီ ဘကြီးရေ" ဆိုပြီး အိမ်ထဲကို လှမ်းအော်ပြောကြတယ်။ ကျွန်တော်က ထွန်းခိုင်နဲ့ ခင်အေးသူတို့ကို ဦးဆောင်ပြီး အိမ်ထဲခေါ်လာ ခဲ့တယ်။ အိမ်ထဲရောက်တော့ ဦးကံထွန်းက အလွန်အမင်း အံ့ဩသွားတဲ့ မျက်နှာနဲ့ "ဘယ်လိုဖြစ်ကြတာလဲဟ၊ သီပေါကို သွားကြတယ်ဆို၊ ဒီ . . . ဒီကလေးမက ဦးအိုက်ထွန်းပရဲ့ သမီး . . . "

"အဖေ၊ မဟုတ်ဘူး၊ မဟုတ်ဘူး၊ အဖေ ထင်တာတွေ တစ်ခုမှ မဟုတ် ဘူး။ ကျွန်တော် ရှင်းပြပါရစေ" လို့ ကမန်းကတန်း ဟန့်တားထားပြီး၊ ဦးကံထွန်းအနားကို မပြေးရုံတစ်မည် တိုးသွားလိုက်ရတယ်။

လမ်းမှာကတည်းကပင် ထွန်းခိုင်ကို ဦးကံထွန်း မေးမှဖြေ၊ မမေးရင် မင်း ဘာမှ ဝင်မပြောနဲ့လို့ မှာလာတော့ ခင်အေးသူနဲ့ ထွန်းခိုင်တို့က ဧည့်ခန်းမှာ အတူ ထိုင်နေကြတယ်။ အဲဒါကိုပဲ ဦးကံထွန်းက ဘာဇဝေဇဝါ ဖြစ်ပြန်တာလဲ မသိဘူး။ သီပေါ ဖျာပွဲရုံက အိုက်ထွန်းပသမီးကို ထွန်းခိုင်ပဲ ခိုးလာတယ်များ ထင်လား မသိဘူး။ "မင်းတို့ဟာကွာ . . . " ဆိုပြီး လုပ် လိုက်သေးတယ်။

အဲဒီအချိန်မှာ ကျွန်တော် ပြန်ရောက်လာသံကြားလို့ အမေလည်း ဧည့်ခန်းထဲ ထွက်လာတယ်။ အဲဒီအခါမှ ကျွန်တော်က ပန်းမြို့က ကျွန်တော့်ချစ်သူကို ခိုးလာမိတဲ့အကြောင်း ပြောပြလိုက်တယ်။ အမေက ဘယ်မှာလဲလို့ မေးတော့ ခင်အေးသူကို လက်ညှိုးထိုးပြလိုက်တယ်။ အမေ က ခင်အေးသူအနားကို ထသွားတယ်။ ခင်အေးသူ လက်တစ်ဖက်ကို

ညင်ညင်သာသာ ဆုပ်ကိုင်ပြီး ပြုံးလိုက်တာကိုမြင်တော့ ကျွန်တော် တော်တော် အားရှိသွားတယ်။ ပြီး . . . အမေက

"မိုက်လိုက်တဲ့ ခွေးကလေးနှယ်။ မိန်းမလိုချင်ရင် အမေ အဖေတို့ကို ပြောပါ၊ ကောင်းကောင်းမွန်မွန် တောင်းရမ်းပေးစားပါ့မယ် ပြောထားသားနဲ့၊ နင်လုပ်လာတာ မဟုတ်သေးပါဘူး။ ပန်းမြို့က လိုက်လာရတဲ့ ငါ့သမီးလေး ပင်ပန်းရှာမှာပဲ" တဲ့။

အဲဒါကို ထွန်းခိုင်က ဘာမှ ဝင်မပြောပါနဲ့ မှာထားတဲ့ကြားထဲက

"ဒီလိုလေ အန်တီ၊ ခုခေတ် ကားတင်တဲ့ အလေ့အထ သိပ်မရှိကြတော့ဘူးဆိုတော့ ကျွန်တော်တို့က မန္တလေးသားပီပီ ရှေးအစဉ်အလာကို အလေးထား လေးစားတဲ့အနေနဲ့ အန်တီ့သား . . ."

"ဟင် . . . နင် . . . နင်တို့ ဒီသမီးလေးကို ကားတင်ခေါ်လာကြတယ်၊ ဒုက္ခပါပဲတော်၊ ဒါ . . . ဒါဆို"

အမေက ချက်ချင်း မျက်နှာပျက်သွားတယ်။ အဲဒါကိုလည်း ကျွန်တော်ပဲ အတင်းဝင်ပြီး အဆင်ပြေအောင် ကြည့်ပြောလိုက်ရတယ်။

"မဟုတ်ပါဘူး အမေရာ၊ ဒီခွေးကောင် ပေါက်ကရ လျှောက်ပြောနေတာပါ။ သူပြောတာက အမေပြောသလို တောင်းရမ်းယူရမယ်ဆိုတာနဲ့ ပတ်သက်လို့ သက်သက်နောက်တာပါ။ ပန်းမြို့က အေးကို ကားနဲ့ တင်ခေါ်လာတာကို ပြောတာပါ"

ထွန်းခိုင်လည်း သူ့စကား မှားသွားမှန်းသိလို့ မျက်နှာပျက်ပျက်နဲ့ အရှက်ပြေ ရယ်ပြနေတယ်။ ခင်အေးသူကတော့ မျက်နှာငံ့နေတယ်။ အဖေ ဦးကံထွန်းကတော့ . . .

"အေးပေါ့ကွာ၊ မင်း မိန်းမခိုးလာတယ်ဆိုတော့လည်း အဖေတို့မှာ တာဝန်ရှိရမှာပေါ့" လို့ ပြောတယ်။ အမေက ခင်အေးသူကို ကျွန်တော်နဲ့ ဦးကံထွန်းအနားကို လက်ဆွဲခေါ်လာတယ်။ တွေ့တွေ့ချင်း မွေးစားသားချွေးမကို တော်တော် သဘောကျသွားပုံရတယ်။ အဲဒါကြောင့်လည်း ကိစ္စဝိစ္စတွေ အားလုံးကို တာဝန်ယူတဲ့အကြောင်းနဲ့ ချစ်ချစ်ခင်ခင် ကြင်ကြင်နာနာ ပေါင်းကြဖို့အပြင် တည်တည်တံ့တံ့ ပေါင်းသင်းနေထိုင်သွားကြဖို့အထိ အမေ စကားရှည်နေလို့ ထွန်းခိုင်က. . .





"အန်တီကလည်း လုပ်ပြီ၊ တည်တည်တံ့တံ့ ပေါင်းဖို့ဆိုတော့ အရင်က ဒီကောင့်မှာ မတည်မတံ့နဲ့ မိန်းမယူထားတာ ရှိလို့လား၊ အန်တီ့စကားကြောင့် ခုမှ အိမ်ပေါ်ရောက်လာတဲ့ ချွေးမက ထွက်ပြေးသွားပါဦးမယ်ဗျာ"

လို့ နောက်တော့ အားလုံး ဝိုင်းရယ်ကြတယ်။

ကျွန်တော်ကတော့ ဦးကံထွန်းနားကို ပိုမိုတိုးကပ်သွားပြီး အခက်အခဲကို တင်ပြနေရတယ်။

"အခု သားမိန်းမခိုးလာတာ သူ့အမေ အဖေတို့ဘက်က ကျေနပ်ကြမှာ မဟုတ်ဘူး။ သူတို့ မကျေနပ်ကြလို့လည်း ကျွန်တော်က ရှုံးလွှတ်တဲ့အချိန် ကမန်းကတန်း ခိုးလာရတာ။ အဲဒါကြောင့် လောလောဆယ် ပြင်ဦးလွင်က သူငယ်ချင်းဆီ ခဏသွားရှောင်နေချင်တယ်"

လို့ ပြောတော့ အဖေ ဦးကံထွန်းက ပထမ ငြင်းတယ်။

"သား ဘာမှ မဖြစ်စေရဘူး၊ မန္တလေးမြို့က အဖေ့အကြောင်း သူတို့ မသိလို့ပါ" လုပ်နေသေးတယ်။ "အိမ်မှာပဲနေနေပါ။ ငါ့သားနဲ့ ငါ့သမီးကို ဘယ်သူမှ လက်ဖျားနဲ့ မတို့စေရဘူး စိတ်ချ"တဲ့။

အမေကတော့ မိန်းမသားပီပီ ကြောက်လို့. . .

"ဟုတ်ပါတယ်၊ ရှင့်သားကို လက်ဖျားနဲ့တော့ မတို့ဘူး။ လက်ထိတ်ကြီးနဲ့လာရင် . . ."

"ဟာ . . . ဒီမိန်းမ မင်္ဂလာမရှိတဲ့ စကားတော့ တော်တော် ပြောတတ်တယ်။ မင်းတို့သဘော၊ မင်းတို့သဘော" လို့ အော်ပြောပြီး အဖေက ကျွန်တော့်စကားကို လက်ခံလိုက်တယ်။

ညနေပိုင်းမှာ ဈေးချိုသွားပြီး ခင်အေးသူအတွက် ထဘီ၊အင်္ကျီကို အရေးပေါ် ဝယ်ချုပ်ရတယ်။ အမေကိုယ်တိုင် လိုက်ပြီး ဝယ်ပေးရှာတယ်။ ညမှာလည်း ချုပ်ပြီးသား၊ ဝယ်ပြီးသား အထည်တွေကို သူ့သမီးနဲ့ တော်မတော် လုပ်နေလို့ အဖေက "မင်း ဝတ်မှာလား၊ ကျော်မြင့်မိန်းမ ဝတ်မှာလား" လို့ ကရုဏာဒေါသနဲ့ အော်ရသေးတယ်။

ပြင်ဦးလွင်ကို မနက်ပိုင်း ရထားနဲ့ ကျွန်တော်တို့ ထွက်ခဲ့ကြတယ်။ ပြင်ဦးလွင် ဘီအီးတပ်က ကျွန်တော့်အစ်ကိုအရင်းဆီကို ဂျစ်ကားတစ်စီးငှားပြီး လာခဲ့ကြတယ်။ အစ်ကို့ဆီကို အရင်က ကျွန်တော် တစ်ခေါက်မှ

မရောက်ဖူးဘူး။ လာလည်း မလာခဲ့ချင်ဘူး။ ခု အခက်အခဲတွေ့လို့ လာခဲ့ရခြင်းသာ ဖြစ်တယ်။ အဲဒါကြောင့် အစ်ကို့ကို တော်တော်မေးယူရတယ်။ ဘီအီးတပ်တွေက ပြင်ဦးလွင်မှာ အများကြီးကိုး။

အစ်ကိုက သစ်တောဆောင်ကို ယာယီပြောင်းသွားတဲ့အတွက် ပိုပြီး အရှာရခက်သွားတယ်။ နောက်မှ သစ်တောဆောင်ဘက်ကို ရောက်လာကြတယ်။ ကျွန်တော့်ကို တွေ့တော့ အစ်ကိုက ကြောင်ပြီး ကြည့်နေတယ်။ နောက်မှ "ကျော်မြင့် . . . မင်း လာလည်တာလား" ဆိုတဲ့ စကားကို စမေးတယ်။ အစ်ကိုက ကျွန်တော့်ကို ကျောင်းနေတုန်းပဲ ထင်နေပုံရတယ်။ ကျွန်တော့်ဘဝအကြောင်းကို အစ်ကို မသိဘူး။ ကျွန်တော်ကလည်း ခုမှတော့ ပြောမပြချင်တော့ဘူး။

အဲဒါကြောင့် "ကျွန်တော် မိန်းမခိုးလာတယ်၊ ဒီမှာ နှစ်ပတ်လောက် နေချင်တယ်။ နေရာစီစဉ်ပေးပါ"ဆိုတော့၊ အစ်ကိုက ပျာပျာသလဲပါပဲ၊ နေရာတွေလိုက်ရှာပြီး ဆေးမှူးအခန်းကို ပေးတယ်။ ကျွန်တော်နဲ့ ခင်အေးသူလည်း ဆေးမှူးရဲ့ သီးသန့်အိမ်လေးမှာ တပ်ရင်းမှူးနဲ့ အစ်ကိုတို့ရဲ့ ကူညီမှုကြောင့် ကောင်းကောင်းမွန်မွန် နေခဲ့ကြရတယ်။

မှတ်မိသေးတယ်။ ကျွန်တော့်အစ်ကိုက ဂွမ်းကပ်စောင်လေးထည်ကို ညီလေး မျက်နှာမငယ်ရအောင် ကိုယ်တိုင် ထမ်းချလာပေးတယ်။ ကျွန်တော်တို့ အိပ်ရာလိပ်က ခေါင်းအုံးနှစ်လုံးနဲ့ စောင်နှစ်ထည်၊ ခြင်ထောင်တစ်လုံးပဲပါတယ်။ ပြင်ဦးလွင်လို အအေးပိုတဲ့နေရာမှာ ကျွန်တော်တို့ ပါလာတဲ့ ပစ္စည်းနဲ့ အအေးဒဏ်ကို မခံနိုင်ဘူးဆိုတာ အစ်ကို သိလို့ပါပဲ။

ပြင်ဦးလွင်မှာ နေနေတုန်း မန္တလေးက ထွန်းခိုင်ဆီကို စာနဲ့ဆက်သွယ် မေးနေရတယ်။ ပြင်ဦးလွင်မှာ နေနေတုန်း တစ်နေ့ ပန်းမြို့က ခင်အေးသူတို့ အမေ အဖေများ ကြော်ငြာတဲ့ သတင်းစာတစ်စောင်ကို ဖတ်လိုက်ရတယ်။

"သမီး ခင်အေးသူ အမြန်ပြန်လာပါ။ မိဘနှစ်ပါးနဲ့ အစ်ကို၊ အဘွားတို့ပါ အားလုံး ခွင့်လွှတ်တယ်"ဆိုပြီး အောက်မှာ ခင်အေးသူရဲ့ မိဘနှစ်ပါး နာမည်၊ လိပ်စာတို့ကို တွေ့ရတယ်။

ခင်အေးသူကို လုံးဝ အသိမပေးဘဲ ထားခဲ့ရတယ်။ ခင်အေးသူသိရင် စိတ်မကောင်းဖြစ်မှာ ကျွန်တော် သိပ်ကို စိုးရိမ်သွားတယ်။ ဒီလိုနဲ့ ပြင်ဦးလွင်မှာ (၁၅) ရက်နေပြီး မန္တလေးကို ပြန်လာကြတယ်။ မန္တလေးရောက်တော့ ရွှေနဂါးလက်ဖက်ရည်ဆိုင်မှာ လက်ဖက်ရည် ဝင်သောက်ကြတယ်။ ခုံပေါ်မှာ ဟံသာဝတီသတင်းစာတစ်စောင်တွေ့လို့ ယူဖတ်ကြည့်တယ်။ သတင်းစာရဲ့ နောက်နား အောက်မှာ ခင်အေးသူဓာတ်ပုံနဲ့ အောက်က ပန်းမြို့ (. . . . )ရုံးက အပြန်မှာ ပျောက်သွားတယ်။ တွေ့ရှိက သတင်းပို့ကြပါ၊ ကျေးဇူးဆပ်ပါမည်။ ဖြားယောင်း သွေးဆောင်ထားပါက ဥပဒေအရ အရေးယူမယ်တဲ့။ အောက်မှာ ခင်အေးသူရဲ့ အမေ အဖေတို့ လိပ်စာအပြည့်အစုံ၊ ခင်အေးသူ အစ်ကို ရုံးဖုန်းနံပါတ် အစုံအလင် ပါတယ်။

ကျွန်တော် သတင်းစာကို ဖတ်ပြီး မျက်လုံးပြူးသွားတယ်။ ဘေးပတ်ဝန်းကျင်ကိုလည်း ကျီးကန်းတောင်းမှောက် လျှောက်ကြည့်မိတယ်။ ကျွန်တော့်ခေါင်းက ဦးထုပ်ကို ချက်ချင်းချွတ်ပြီး ခင်အေးသူကို ပျာပျာသလဲ ဆောင်းပေးလိုက်မိတယ်။ ခင်အေးသူက "အစ်ကို ဘယ်လိုဖြစ်နေတာလဲ" လို့ မေးမှ ဣန္ဒြေဆယ်လိုက်ပြီး "ဘာမှ မဟုတ်ပါဘူး အေးလေးရယ်၊ အဖေတို့ဆီ မဝင်သေးဘဲ၊ ခရီးဆက်ထွက်ကြမယ်" လို့ ပြောလိုက်ရတယ်။ အနီးအနားကားဂိတ်တွေကို လှေ့လာကြည့်တော့ ရန်ကုန်ဘက်ထွက်မယ့် ကုန်ကားတစ်စီး ပြင်ဆင်နေတာ တွေ့ရတယ်။

အဲဒါကြောင့် ကားသမားကို "သာစည်ဘက် ကျွန်တော်တို့နှစ်ယောက်လိုက်ချင်တယ်" ပြောတော့ ကားသမားက "လိုက်ပါ၊ ရပါတယ်" ဆိုတာနဲ့ အဆင်ပြေသွားတယ်။ ကုန်ကားကို ခဲရာခဲဆစ်စီးပြီး လိုက်လာခဲ့ကြတယ်။ ခင်အေးသူက "အမေအဖေတို့ကိုလည်း ပြောမထားခဲ့ဘူး၊ အစ်ကိုက သူလုပ်ချင်ရင် ဇွတ်တရွတ်ချည်းပဲ"လို့ အပြစ်တင်တယ်။

ကလောမှာ ဇနီးချော အသစ်စက်စက်လေးနဲ့ အနားယူပြီးမှ ပန်းမြို့က ယောက္ခမတွေကို မိဘတွေနဲ့အတူ သွားတောင်းမယ်။ ဒီကြားထဲ ချစ်သူနဲ့ အဝေးမခံနိုင်လို့၊ ခုလို စီစဉ်ရတာ ဘာညာဆိုပြီး ခင်အေးသူကို ချော့မော့စည်းရုံးပြီး ခေါ်လာခဲ့ရတယ်။

သာစည်ရောက်တော့ ရထားက တစ်စီးမှ မရှိတော့ဘူး။ ဒါနဲ့ ဈေး




ပညာရွှေတောင်စာအုပ်တိုက်

ဘက်ကိုသွားပြီး ကားတွေ လျှောက်ကြည့်ရတယ်။ တစ်စီးမှ ဈေးမှာလည်း မတွေ့ဘူး။ စိတ်ညစ်ညစ်နဲ့ ဘူတာဘက်ကို ပြန်အလာ လမ်းမှာ ဓာတ်ဆီဝင်ထည့်နေတဲ့ နှစ်ဆန်းကားလေးတစ်စီးကို တွေ့တော့ မေးကြည့်တယ်။ မိတ္ထီလာကို လက်ဖက်ခြောက်သွားပို့တာ၊ အခု အောင်ပန်းကို ပြန်မယ်လို့ ပြောတော့ ကျွန်တော်က ကျွန်တော်တို့နှစ်ယောက် လိုက်ပါရစေလို့ ပြောကြည့်တယ်။ ကားသမားက ကျွန်တော်တို့နှစ်ယောက်ကို အကဲခတ်ကြည့်တယ်။ ကားသမားကြည့်မယ်ဆိုလည်း ကြည့်စရာ ဖြစ်နေတယ်။ ခင်အေးသူက စစ်ဦးထုပ်ကိုဆောင်းလို့၊ လက်ထဲမှာ ဘက်အိတ်နဲ့၊ ကျွန်တော်က အိပ်ရာလိပ်အပြင် ပြင်ဦးလွင်က အပြန် အစ်ကို လက်ဖွဲ့လိုက်တဲ့ စစ်စောင်နှစ်ထည်၊ စစ်ခြင်ထောင်တစ်လုံး၊ အဝတ်သေတ္တာနဲ့ ကိုးရိုးကားရား၊ ဖိုးရိုးဖားရား၊ မသေမသပ်နဲ့ဆိုတော့ တစ်မျိုးမြင်ချင် မြင်ကြမှာ။ ဒါပေမယ့် လိုက်ခွင့်တော့ ပြုတယ်။ ကျွန်တော်နဲ့ ခင်အေးသူလည်း အရမ်းကို ဝမ်းသာသွားကြတယ်။

ကလောမှာ ဖျာပွဲရုံတွေ ရှိတယ်။ ကျွန်တော်နဲ့ အသိမိတ်ဆွေတွေ ဖြစ်တယ်။ အဖေ ဦးကံထွန်းကိုလည်း အင်မတန် ခင်ကြတယ်။ အဖေ့ဆီက ဖျာကိုယူပြီး ကလောမှာ တစ်ဆင့် ပြန်ရောင်းကြတယ်။ အရင်ကလည်း ကျွန်တော် လေးငါးခြောက်ခေါက် ရောက်ဖူးထားတော့ ရင်းနှီးမှုရှိပြီးသား ဖြစ်တယ်။

ကျွန်တော်က ဆိုင်ရှင်ကို အကျိုးအကြောင်း ပြောပြတော့ ဆိုင်ရှင်က "မင်းတို့ ပျော်သလောက်နေကြ၊ ဘာမှ အားနာစရာ မလိုဘူး၊ မင်းအဖေကျေးဇူးတွေ ငါတို့မှာ အများကြီးရှိတယ်။ ဘာမှ မပူနဲ့ အလိုရှိတာသာ ပြော" လို့ ဆိုလိုက်မှ စိတ်ထဲလည်း အတော်ကြီးကို လွတ်လပ်ပေ့ါပါးသွားတယ်။ အခန်းတစ်ခန်းကို အိမ်ရှင်က ရှင်းပေးတယ်။ မြို့ထဲ လျှောက်လည်ကြတိုင်း ခင်အေးသူကို ဦးထုပ်ဆောင်းပေးနေရတာက ကျွန်တော့်မှာ တာဝန်တစ်ခုလို ဖြစ်နေတယ်။ ခင်အေးသူကလည်း ဦးထုပ်မဆောင်းချင်လို့ မနည်း ချော့မော့ဖျောင်းဖျယူရတယ်။ သူက ဘာမှ မသိသေးဘူး၊ ကျွန်တော်ကတော့ သတင်းစာထဲ ဓာတ်ပုံနဲ့ပါ ကြော်ငြာထားတော့ တစ်ယောက်ယောက် သိသွားမှာ အရမ်းစိုးရိမ်နေရတယ်။ မိန်းမ မခိုးဘူးတော့





တရားရုံးတစ်ရုံးရုံးမှာ နှစ်ဦးသဘောတူ လက်မှတ်ထိုးထားရမှာတို့၊ ဘာတို့ကိုလဲ နားမလည်သေးဘူး။ အဲဒါကြောင့်လည်း အပြင်ကို ထွက်ကြရင် ခင်အေးသူ ဦးထုပ်ပြဿနာက ရှိသလို၊ ဘေးပတ်ဝန်းကျင်ကိုလည်း အမြဲအကဲခတ်ကြည့်ပြီး သွားလာနေရတယ်။

ကလောမှာ တစ်လကျော် နေခဲ့ကြတဲ့အတွင်း ပါတဲ့ငွေတွေ ကုန်တဲ့အပြင် ဖျာပွဲရုံက ငွေငါးရာ ချေးထားရတယ်။ တစ်ခုတော့ရှိတယ်။ ဘယ်ကိုသွားသွား ကျွန်တော့်ကို ခင်အေးသူ အရမ်းအားကိုး အထင်ကြီးသွားတယ်။ ပြင်ဦးလွင်တုန်းကလည်း အစ်ကိုက လိုလေသေးမရှိ ကူညီ၊ ယခုကလော ရောက်ပြန်တော့လည်း အိမ်ရှင်တွေက လိုလေသေးမရှိဆိုတော့ အထင်ကြီးမယ်ဆိုလည်း ကြီးစရာ ဖြစ်နေတာကိုး။ ခင်အေးသူက ကျွန်တော့်ကို ယုံကြည်ကိုးစားတဲ့အကြည့်နဲ့ ပြုံးပြုံးကြီး ကြည့်ပြီး ချီးကျူးခန်းဖွင့်တိုင်း "သူဌေးသားပဲကွာ၊ ဘယ်နေရာသွားသွား ဒီလောက်တော့ ရှိမှာပေ့ါ"လို့ ကျွန်တော်က ခပ်တည်တည် ညာဖြန်းလိုမ့်ရိုက်ထားတယ်။

တစ်နေ့ ကျွန်တော် အပြင်က အိမ်ကို ပြန်အလာ၊ ခင်အေးသူ အခန်းထဲမှာ ငိုနေတဲ့အသံကို ကြားရတယ်။ ကျွန်တော် အခန်းထဲ ရောက်သွားတော့ သူ့ဘေးမှာ ထိုင်ပြီး အိမ်ရှင်အဘွားကြီးက ချော့နေတာ တွေ့ရတယ်။ ဘေးနားက ခုတင်ပေါ်မှာတော့ သတင်းစာတစ်စောင်။ ကျွန်တော်တော့ သိလိုက်ပြီ။ ဘယ်လို လုပ်ရမလဲဆိုတာလဲ စဉ်းစားရပြီ။

ကျွန်တော့် မျက်နှာကို မြင်တာနဲ့ "အစ်ကို . . . အေးကို ပန်းမြို့ချက်ချင်း လိုက်ပို့ပါ" တဲ့။ ဘယ်လောက်ကြာကြာ ငိုထားလဲ မသိဘူး၊ မျက်လုံးတွေလည်း နီနေတယ်။ ကျွန်တော် အတော်လေး စိတ်မကောင်းဖြစ်သွားတယ်။ ဆိုင်ရှင်အဒေါ်ကြီးက ရှင်းပြမှ သိရတယ်။ ခင်အေးသူအဘွား အသည်းအသန်ဖြစ်နေလို့၊ အဘွားအသက်ကို မီချင်ရင် အမြန်ပြန်လာပါ ဆိုတဲ့ ကြော်ငြာတစ်ခုကို သတင်းစာထဲမှာ တွေ့သွားတယ်။ ခင်အေးသူ သတင်းစာဖတ်လို့ တွေ့တာ မဟုတ်ဘူး။ ဆိုင်ရှင်အဒေါ်ကြီးက သူဖတ်ပြီး တွေ့တော့ ခင်အေးသူကို စပ်စုရာက ခင်အေးသူ သိသွားတယ်။ ဘယ်လိုမှ မတတ်နိုင်တော့ပါဘူး။

နောက်နေ့မှာ ပစ္စည်းတွေ သိမ်းဆည်းပြီး မန္တလေးကို အစုန်ရထား

နဲ့ လိုက်လာခဲ့ကြတယ်။ ကျွန်တော် တစ်လမ်းလုံး စဉ်းစားလာသလို ခင်အေးသူကိုလည်း တစ်လမ်းလုံး ချော့လာရတယ်။ ခင်အေးသူကတော့ ကျွန်တော့်ကို စကားကောင်းကောင်း မပြောတော့ဘူး။ သူ့ဆီက ထွက်လာတဲ့ စကားတိုင်းမှာ ကျွန်တော့်ကို အပြစ်တင်တဲ့ လေသံချည်း မြည်ဟည်းလာတယ်။ အိမ်ကိုရောက်တော့ အမေ အဖေတို့က ကောင်းကောင်းမွန်မွန် ပျော်ပျော်ရွှင်ရွှင် ဆီးကြိုကြတယ်။ ကျွန်တော်က ဟန်ဆောင်ပြုံးနဲ့ ပုံမပျက်နေနေရပေမယ့် ခင်အေးသူက မပြုံးမရွှင်ဖြစ်နေတော့ အမေက "သမီး နေမကောင်းဘူးလား၊ ဘာဖြစ်လို့လဲ၊ ဘယ်လိုတွေ့လဲ" မေးတော့ ခင်အေးသူက ဖြစ်ကြောင်းကုန်စင် ပြောပြလိုက်တယ်။ အားလုံး စိတ်မကောင်းဖြစ်ကုန်ကြတယ်။ ဒါနဲ့ အဖေ ဦးကံထွန်းက . . .

"ငါတော့ ခွေးလုံးလုံး ဖြစ်တော့မှာပဲ" ဆိုပြီး ပန်းမြို့ကိုသွားဖို့ ချက်ချင်း တိုင်ပင်ကြတယ်။ နောက်တစ်နေ့မှာ ဦးကံထွန်းကိုယ်တိုင် ကားမောင်းပြီး ပန်းမြို့ကို ထွက်လာခဲ့ကြတယ်။ ရွှေဘိုမှာ မနက်စာစားပြီး ပန်းမြို့ကို တစ်နာရီကျော်ကျော်လောက်မှာ ရောက်လာကြတယ်။ ကားကို ခင်အေးသူမိဘများ စားသောက်ဆိုင်ရှေ့မှာ ရပ်လိုက်တယ်။ စားသောက်ဆိုင်လည်း တံခါးတွေ ပိတ်ထားတယ်။ ခင်အေးသူလည်း ဝမ်းနည်းပက်လက်ဖြစ်ပြီး ကျွန်တော်တို့ သားအဖကိုတောင် သတိမရနိုင်တော့ဘဲ အိမ်ခြံဝင်းထဲ ပြေးဝင်သွားပြီး သူ့အမေကို ဖက်ငိုတော့တယ်။

ခင်အေးသူ အမေက သူ့သမီးကိုဖက်ပြီး အိမ်ခန်းထဲ ဝင်သွားတယ်။ သူ့အဒေါ်တစ်ယောက်ကတော့ ကျွန်တော်တို့ သားအဖကို ရပ်ကြည့်နေတယ်။ အိမ်ဝရောက်တော့ ခင်အေးသူက ကျွန်တော်တို့ဘက်ကို လှည့်ကြည့်ပြီး၊ အဲဒီအခါမှ "အစ်ကိုတို့ ဘဘတို့ကိုလည်း အိမ်ထဲခေါ်ပါ။ မခေါ်ရင် ကျွန်မလည်း ဒီမှာ မနေတော့ဘူး၊ ပြန်လိုက်သွားမယ်" ဆိုပြီး ကျွန်တော်တို့အနားကို ပြန်လာတယ်။ ကျွန်တော့်လက်တစ်ဖက်ကိုလည်း မြဲမြဲဆုပ်ကိုင်ထားလိုက်တယ်။ တော်သေးတယ်လို့ ပြောရမယ်။

အဲဒီအခါမှ တစ်နေ့လုံး ကားမောင်းလာခဲ့ရလို့ လူပင်ပန်း၊ စိတ်ပင်ပန်းဖြစ်လာတဲ့ အဖေခမျာ သက်မချနိုင်တော့တယ်။ ကျွန်တော်လည်း အဖေ့ကိုကြည့်ပြီး အတော်လေး သနားသွားတယ်။ မွေးစားသားအတွက်





တောင် ဒီလောက် ဖြစ်နေရှာတဲ့အဖေ၊ သားအရင်းသာဆို ဘယ်လောက် -မင်ပန်းခံ လုပ်ပေးရှာမလဲလို့ တွေးပြီး ဝင်းမြင့်မျက်နှာကို ချက်ချင်းပြေးမြင်မိလိုက်တယ်။ အဲဒီအခါ ကျွန်တော့်တစ်ကိုယ်လုံးမှာ အလိုလို ကြက်သီးမွေးညင်းတွေ ထသွားတယ်။

အဲဒီအချိန်မှာ ခင်အေးသူတို့ အိမ်ထဲက ဆူဆူညံညံ အသံတွေကို ကြားနေရတယ်။ သူ့အိမ်ဘက်က ဆူဆူညံညံအသံတွေ ကြားနေရလို့လား မသိဘူး၊ ခင်အေးသူတို့ အစ်ကို ဘူတာဘက်က တက်လာတယ်။ ခင်အေးသူကို ကျွန်တော်တို့ အနားမှာ တွေ့တော့ ချက်ချင်း ရိပ်မိသွားပုံရတယ်။

"ဦးလေးတို့ အိမ်ထဲကို ကြွကြပါ" ဆိုပြီး သူကပဲ အိမ်ထဲကို ဦးဆောင်ခေါ်လာတယ်။ အိမ်ထဲရောက်တော့ တံခါးတွေကို မဖွင့်သေးဘဲ၊ မီးခလုတ်ပဲ ဖွင့်လိုက်ပြီး "ဦးတို့ ဒီမှာ ထိုင်ကြပါ ခင်ဗျာ" ဆိုပြီး လူငှားတစ်ယောက်ကို ရေနွေးကြမ်းနဲ့ ဆေးလိပ် ချတည်ခိုင်းတယ်။ ခင်အေးသူကို သူ့အမေက "သမီး ခဏ" ဆိုပြီး အပေါ်ထပ်က လှမ်းခေါ်တယ်။ ခင်အေးသူလည်း ချက်ချင်း ထလိုက်သွားတယ်။

ခင်အေးသူ အစ်ကိုကြီးကတော့ အတော့်ကို ရည်ရည်မွန်မွန် ရှိတယ်။ သဘောကောင်းပုံလည်း ရတယ်။ပိုင်ပိုင်နိုင်နိုင် မတော်ရသေးတဲ့ ရွှေယောက်ဖကို ကျွန်တော် အရမ်း လေးစားသွားတယ်။ သူက ဖျာဖျာသလဲပဲ "ဦးတို့ ထိုင်ကြပါ၊ ရေနွေးသောက်ကြပါ၊ ထမင်းကော စားပြီးခဲ့ကြပြီလား" နဲ့ တလေးတစား မေးတယ်။ "အဖေတော့ မနက်ကပင် သစ်တော်ခြံဘက် ထွက်သွားပါတယ်၊ လာခါနီးပါပြီ" လို့လည်း ပြောတယ်။

ကျွန်တော့်အနေမှာ အားလုံးကို မဝံ့မရဲ ဖြစ်နေရတယ်။ အဲဒါကြောင့် ခင်အေးသူ အစ်ကိုနဲ့ အဖေတို့ စကားထိုင်ပြောနေကြတဲ့ အနားမှာပဲ ကုပ်ကုပ်ကလေး နေနေရတယ်။ ခင်အေးသူလည်း သူ့အမေ ခေါ်သွားတဲ့ အပေါ်ထပ်က ဆင်းမလာသေးတော့ အဲနေကျို့နေမိတယ်။ ကျွန်တော် အပေါ်ထပ်ကို ခဏခဏလှမ်းကြည့်နေမိတယ်။ ဘယ်သူမှ ပြန်ဆင်းမလာကြတော့ဘူး။

တစ်နာရီလောက်ကြာတော့ သစ်တော်ခြံကို သွားတယ်ဆိုတဲ့ ခင်အေးသူတို့အဖေ ပြန်ရောက်လာတယ်။ ခင်အေးသူအစ်ကိုကပဲ သူ့အဖေ

ကို အကျိုးအကြောင်း ရှင်းပြတယ်။ ခင်အေးသူအဖေက ဦးကံထွန်းနဲ့ မျက်နှာချင်းဆိုင်ကနေပြီး. . .

"ကလေးတွေကတော့ တစ်ယောက်ကိုတစ်ယောက် မေတ္တာမျှနေကြပြီဆိုတော့ ကျုပ်တို့ လူကြီးတွေရဲ့ သဘောပဲ သိချင်ပါတယ်"

လို့ စပြောတယ်။ ဦးကံထွန်းက . . .

"ဒီအခြေအနေ ရောက်လာကြပြီပဲ၊ လူငယ်တွေလည်း မေတ္တာသက်ဝင်နေကြပြီဆိုတော့ မိန်းကလေးရှင်တွေဘက်က ဆန္ဒအတိုင်း ကျွန်တော့်မှာ လုပ်ပေးရမယ့်တာဝန် ရှိပါတယ်" လို့ ပြောလိုက်တယ်။ အဖေ့စကားကြောင့် ကျွန်တော်လည်း အရမ်းကို အားတက်သွားတယ်။

အဖေက ဆက်ပြောသေးတယ်။

"မန္တလေးမှာသာ မင်္ဂလာကိစ္စကို လုပ်မယ်ဆိုရင် ကျွန်တော်က အားလုံး အကုန်အကျခံပြီး ခမ်းခမ်းနားနား လုပ်ပါရစေ။ အားလုံးကိုလည်း တာဝန်ယူပါတယ်၊ ဘာမှ မသိမ်ငယ်၊ မကျေနပ်စရာ မရှိစေရပါဘူး"

ဆိုတော့ ခင်အေးသူတို့ အဖေက "ဒီကိစ္စ တော့ ကျွန်တော်တို့လည်း ဒီက ဆွေမျိုးတွေနဲ့ တိုင်ပင်ပါရစေဦး" ဆိုပြီး တားထားတဲ့သဘော ပြောတယ်။ "ဒီလိုဆိုရင် နောက်အပတ် စနေနေ့မှာ ကျွန်တော်တို့ လာခဲ့ပါ့မယ်။ အားလုံး ကိစ္စအတွက် ညှိနှိုင်းတိုင်ပင်ကြတာပေါ့" လို့ ပြောပြီး အဖေက ကျွန်တော်တို့ မင်္ဂလာဆောင်ကိစ္စကို ဖြတ်လိုက်တယ်။

ကျွန်တော်တို့ မန္တလေးကို ပြန်ဦးမယ်ပြောတော့ ခင်အေးသူအစ်ကိုနဲ့ အဖေတို့က ဒီတစ်ည ဒီမှာ အိပ်သွားကြပါလို့ ပြောတယ်။ အဲဒါ ဦးကံထွန်းက ဖျာပွဲရုံမှာ အလုပ်တွေ များနေလို့၊ လူငှားတွေနဲ့ စိတ်မချလို့ ခုတော့ ပြန်လိုက်ပါဦးမယ်။ စနေနေ့ကျမှပဲ သူ့အမေပါခေါ်ပြီး လာခဲ့ပါ့မယ်လို့ နှုတ်ဆက်တော့ ခင်အေးသူအမေနဲ့ အဒေါ်တို့က ဘာမှ ဝင်မပြောကြဘူး။ မျက်နှာထားတင်းတင်းနဲ့ တံခါးဝမှာ ခါးထောက် ရပ်ကြည့်နေကြကယ်။ ကျွန်တော်ကတော့ ခင်အေးသူကို တွေ့ရမလားဆိုပြီး ဘေးပတ်ချာလည်ကို ကျီးကန်းတောင်းမှောက် ရှာကြည့်သေးတယ်။ ဒါပေမယ့် မတွေ့ရဘူး။ ရင်ထဲ မောသွားမိတယ်။ဖော်မပြတတ်တဲ့ ဝေဒနာကို ရင်မှာ ပိုက်ပြီး ဆိုင်ရှေ့ထွက်လာရတယ်။ ဦးကံထွန်းက "ကားပေါ်တက်လေကွာ" ဆိုမှ





ကားပေါ် လှမ်းတက်လိုက်မိတယ်။ လူက မွန်ထူနေတယ်။

ကားပေါ်ရောက်တော့ အပေါ်ဝရန်တာကို တစ်ချက် လှမ်းကြည့်မိတယ်။ အဲဒီတော့မှ ခင်အေးသူ အပေါ်ဝရန်တာက ကျွန်တော်တို့ကို လှမ်းကြည့်နေတာ မြင်ရတော့၊ မျက်နှာညှိုးနေပေမယ့် သူက လက်ပြနှုတ်ဆက်တော့ အရမ်းကို ဝမ်းသာသွားတယ်။ ကျွန်တော်လည်း ဝမ်းသာအားရနဲ့ ပြန်ပြုံးပြပြီး လက်ပြနှုတ်ဆက်လိုက်တယ်။

သူနဲ့ ကျွန်တော် ရောက်လေရာ အရပ်တွေမှာ ဘယ်လို အနှောင့်အယှက်၊ ဘယ်လို အဖျက်အဆီး၊ ဘယ်လို အဟန့်အတားတွေနဲ့ တွေ့တွေ့ တစ်ယောက်ကိုတစ်ယောက် သစ္စာမဖောက်ပါဘူး။ အချစ်မပျက်ပါဘူးလို့ ဘုရားတွေမှာ နှစ်ယောက်သား ဆုတောင်းလာခဲ့ကြတာတွေကို ခင်အေးသူ အမြဲသတိရနေပါစေလို့။ ခုတော့ ကျွန်တော်က ထပ်ပြီး တိုင်တည်လိုက်ရတယ်။ ဒါပေမယ့် ခရီးလမ်းတစ်လျှောက်လုံးဟာ ချစ်သူပါမလာတော့ ကျွန်တော့်အတွက် အကျည်းတန်အရုပ်ဆိုးနေတယ်။ အလာတုန်းက ချစ်သူပါလာပြီး အပြန်ကျမှ ချစ်သူက ပြန်ပါမလာတော့ ရင်ထဲ ဘယ်လို ဟာလာမှန်းတောင် မသိ ဖြစ်နေမိတယ်။ တစ်ကြိမ်တစ်ခါမှ မခံစားရဘူးသေးတဲ့ ဝေဒနာမျိုးကို ပထမဦးဆုံး ခံစားရခြင်းပါပဲ။

အဖေ ဦးကံထွန်းမှာလည်း မျက်နှာမသာမယာနဲ့ တစ်လမ်းလုံး ကျွန်တော့်လိုပဲ တွေးတောစဉ်းစားလာသလား ထင်ရတယ်။ ရွှေဘိုမှာ ထမင်းစားပြီး မန္တလေးကို ပြန်လာကြတယ်။ စစ်ကိုင်းရောက်တော့ ညရှစ်နာရီ ထိုးနေပြီ၊ စစ်ကိုင်းတံတားက ည (၆) နာရီဆိုရင် ရထားကလွဲပြီး ဘယ်ကားမှ မဖြတ်ရဘူး။ အဲဒါကြောင့် စစ်ကိုင်းက ဦးကံထွန်းအသိ အိမ်တစ်အိမ်မှာ သွားအိပ်ကြရတယ်။ အဲဒီအိမ်က ဧရာဝတီမြစ်ကို မျက်နှာစာပေးပြီး ဆောက်ထားတယ်။ လမ်းကို ကျော်ရင် မြစ်ဘေးမှာ ပန်းခြံ၊ ရဲစခန်းတို့ကို မြင်ရတယ်။ နွေဘက်ဆိုတော့ စစ်ကိုင်းက အအေးပေါ့တယ်။ လေညင်းခံတဲ့လူတွေ၊ ကမ်းနားက ကျွန်းလုံးကြီးတွေပေါ် ထိုင်ပြီး စကားစမြည်ပြောနေကြတဲ့လူတွေ၊ ပန်းခြံထဲမှာလည်း စုံတွဲလေးတွေနဲ့ဆိုတော့ ကျွန်တော် တော်တော်နဲ့ အိပ်မပျော်ဘူး။ ဦးကံထွန်းကတော့ ကိုယ်တိုင် ကားမောင်းလာရလို့ မောမောနဲ့ အိပ်ပျော်သွားပုံရတယ်။

အိမ်ပေါ်က လှမ်းကြည့်ရင် ဧရာဝတီမြစ်ထဲမှာ ငှက်သမွန်တွေ ဟိုဟိုဒီဒီ သွားလာလှော်ခတ်နေကြတာ မြင်နေရတယ်။ ရီရီသန့်ရဲ့ ဇေယျာကမ်း အလှပန်းချီ သီချင်းကို နားထဲမှာ ကြားယောင်လာတော့ စိတ်က အကြီးအကျယ် ပျံ့လွင့်တော့တာပဲ။

*"စစ်ကိုင်းတံတားဘက်ဆီ သူလာမလားလို့ မျှော်ငေးမိသည်။ ဧရာဝတီ၊ ရေဇလာနဒီ၊ ကမ္ဘောကမ္ဘာဆီ၊ ညွှန်းဆိုသက်သေပြုမည် . . . "*

ဘယ်လိုမှ အိပ်မပျော်တော့တာနဲ့ ခေါင်းကို တဖြင်းဖြင်း ကုတ်ပြီး အိမ်ရှေ့ဝရန်တာကို ထွက်လာမိတယ်။ ပက်လက်ကုလားထိုင်တစ်လုံးပေါ် ထိုင်ရင်း မိုးပေါ်ကို စိတ်လေလေနဲ့ ငေးကြည့်နေမိတယ်။ ရီရီသန့်ရဲ့ သီချင်းကိုလည်း မြစ်ပြင်မိုးပေါ်ကြည့်ရင်း စိတ်ထဲက ညည်းတွားနေမိတယ်။ ဒီလိုနဲ့ မိုးပေါ်က ကြယ်စင်ကြယ်ပွင့်တွေကို ကြည့်လိုက်၊ မြစ်ရေပြင် ငေးလိုက်နဲ့ မိုးလင်းခါနီးမှ ဝရန်တာပေါ်က ပက်လက်ကုလားထိုင်မှာ မှေးပျော်သွားတယ်။ ကျွန်တော် နိုးလာတော့ မိုးလင်းနေပြီ။ ကမန်းကတန်း ထပြီး အိမ်ထဲကို ဝင်မယ်လုပ်တော့ ဦးကံထွန်းနဲ့ သူ့သူငယ်ချင်း နှစ်ယောက်က ကျွန်တော့်ကို လှမ်းကြည့်ကြပြီး၊ ဦးကံထွန်းက . . .

"ငါ့သား၊ ဘာမှ စိတ်ဆင်းရဲမနေနဲ့၊ သူတို့ချိန်းထားတဲ့ စနေနေ့မှာ သွားကြည့်ကြတာပေါ့။ ကတိမတည်ဘဲ သူတို့ဘက်က ပျက်ကွက်ရင် သူ့သမီးထက်သာတဲ့ အဖေ့အသိမိတ်ဆွေတွေထဲက မိန်းကလေး တစ်ယောက်နဲ့ သားကို ပေးစားမယ်။ ဘာမှ တွေးပြီး ဆွေးမနေနဲ့"တဲ့။

ညက ကျွန်တော် အိပ်မပျော်နိုင် ဖြစ်နေတာကို အိမ်ရှင်လူကြီးက ပြောလို့ အဖေ သိသွားပုံရတယ်။ အဖေ့စကားကို သူ့ သူငယ်ချင်းနှစ်ယောက်ကလည်း ထောက်ခံစကား ပြောကြတယ်။ "လာကွာသား လက်ဖက်ရည်သောက်" ဆိုပြီး အတင်းခေါ်ကြတယ်။ "မင်းချစ်တဲ့ ကောင်မလေးရဲ့ အဖေ အမေတို့ကလည်း သဘောတူကြမှာပါ။ ဦးကံထွန်းသားနဲ့မှ သဘောမတူဘူး ဆိုရင်တော့ ဆရာဝန်ပြဖို့ပဲ ကျန်တော့မပေါ့ကွာ" လို့လည်း ရယ်စရာမောစရာကို လက်ဖက်ရည်ဝိုင်းမှာ ပြောကြတယ်။

ဒါပေမယ့် ဟိုကလည်း အခြေခံကြီးကြီး၊ သမီးက တစ်ယောက်တည်းသောသမီးဆိုတာ သိထားတဲ့ ကျွန်တော်ကတော့ အဖေ့သူငယ်ချင်း





ဦးလေးနှစ်ယောက်လို မပျော်နိုင်တာ အမှန်ပါပဲ။

ခုနစ်နာရီလောက်မှာ စစ်ကိုင်းက ထွက်လာကြတယ်။ မန္တလေး ရောက်တော့ အမေရယ်၊ အဖေရယ်၊ ကျွန်တော်ရယ် ဒီကိစ္စ တိုင်ပင်ကြတယ်။

"ခက်တယ် အမေ၊ ကျွန်တော်တို့ သားအဖ ပြန်ခါနီးမှာ နှုတ်ဆက်တာတောင် သူ့အမေနဲ့ သူ့အဒေါ်တို့က ပြန်နှုတ်ဆက်ဖော်မရဘူး။ မကျေနပ်တဲ့ အမူအရာနဲ့ အိမ်ရှေ့မှာ ခါးထောက်ပြီး တည်တည်ကြီး ကြည့်နေကြတယ်။ အေးကိုလည်း ကျွန်တော်နဲ့ နောက်ထပ် တွေ့ခွင့်မပေးဘဲ အိမ်ပေါ်ကို ခေါ်သွားကြတယ်။ သူတို့က သူတို့မြို့မှာ သိပ်အခြေကြီးကြတာ၊ ကျွန်တော်တော့ ဘယ်လို လုပ်ရမှန်းတောင် မသိတော့ဘူး"

"ဟင် . . . အောင်မလေးဟဲ့၊ တောကြိုအုံကြားက ဟာတွေကများ၊ ဒီမှာ . . . မန္တလေးသူတွေအကြောင်း ပြလိုက်ချင်တယ်။ ဟိုနေ့ကျမှ ယီးတီးယားတားလုပ်လို့ကတော့ ထဘီစွန်တောင် ဆွဲပြလိုက် . . . "

"တော်စမ်းပါ တင်တင်ရာ၊ မင်းဟာမင်း စွန်တောင်မကလို့ ကွင်းလုံးပဲ ချွတ်ချွတ်၊ ပေါက်ကရ တရားမဝင်တဲ့စကားတွေကို မပြောစမ်းပါနဲ့၊ သူတို့က မင်းသားနဲ့ မပေးစားနိုင်ဘူးလို့ ပြောသေးတာမှ မဟုတ်တာ။ သားပြောလိုက်တာနဲ့ သိပ် အဆိပ်တက်မနေပါနဲ့"

အမေနဲ့ အဖေတို့ တစ်ယောက်တစ်ပေါက် ပြောနေကြချိန်မှာ ကျွန်တော်က ချောက်ချားစရာ အတွေးတွေနဲ့ ချွေးပြန်နေမိတယ်။ ခင်အေးသူတို့ မိဘ ညီအစ်ကိုဆွေမျိုးတွေက ခုနေချိန်မှာ ကျွန်တော့် နောက်ကြောင်းတွေများ စုံစမ်းနေကြလေမလား။ ရက်ချိန်းပေးလိုက်တာကလည်း စနေနေ့မှဆိုတော့ ဘယ်လိုအခြေအနေများ ဆိုက်ရောက်လာလေမလဲ။ ဒီလေးငါးရက်ပြီးရင် ကျွန်တော့်အတွက် ဘယ်လို အဖြေများ ထွက်ပေါ်လာလေမလဲ။ အဲဒီလိုနဲ့ ရင်တထိတ်ထိတ်ဖြစ်နေရတဲ့ တစ်နေ့မှာ မန္တလေးကို ရောက်ရောက်ချင်း သူ့သူငယ်ချင်းတစ်ယောက်လိပ်စာနဲ့ ပေးထားတဲ့ ခင်အေးသူဆီက စာတစ်စောင် ရောက်လာတယ်။ စာထဲမှာ . . .

*အမေက အေးတို့ရဲ့ ချစ်ခြင်းကို သဘောမတူဘူး။ အေးကို အစ်ကိုနဲ့ လက်မထပ်ဖို့ ပြောတယ်။ အမေ့ကို ဘယ်လိုမှ ပြောမရလို့ အဖေ့ကို*

အသနားခံ ပြောရတယ်။ အဖေက သမီးလူကိုသမီး ဒီလောက်ထိ ချစ်နေရင် သမီးတို့ချစ်ခြင်းကို အဖေတို့ မခွဲလိုပါဘူး။ အဖေတို့မှာ ဒီသမီးတစ်ယောက်ပဲ ရှိတာပါ။ စိတ်ချမ်းချမ်းသာသာနဲ့သာ နေလို့ပြောတယ်။ အမေ့ကို နားချပေးဖို့ အစ်ကိုကြီးကိုလည်း ပြောထားရပါတယ်။ အဖေက အမေ့ဩဇာကို လွန်ဆန်ရဲတာ မဟုတ်တော့ အစ်ကိုကြီးပဲ အားကိုးရတယ်။ အစ်ကိုကြီးစကားဆို အမေက ပစ်ပယ်ခဲတယ်။ အစ်ကိုကြီးကို အမေက ချစ်တယ်။ အစ်ကိုကြီးက စနေနေ့မှာ အစ်ကိုတို့ လာကြလိမ့်မယ်။ ငါ့နှမ စိတ်ချမ်းချမ်းသာသာနေ၊ အမေ့ကို ငါကူပြောပေးမယ်လို့ အေးကို ပြောပါတယ်။ အစ်ကိုတို့ စနေနေ့မှာ ဆက်ဆက်လာခဲ့ပါ။ အစ်ကိုတို့အလာကို အေးမျှော်နေမယ်။ အေး ဘယ်မှ မသွားဘူး။ ဘယ်က ဘယ်လိုခေါ်ခေါ်၊ ဘယ်နည်းနဲ့မှ လိုက်မသွားပါဘူး။ အိမ်မှာပဲ စောင့်နေမယ်။အစ်ကို့ဆီက စာကိုလည်း အေး ရပါတယ်။ အေး အတွက် အစ်ကိုဘာမှ စိတ်ဆင်းရဲ မနေပါနဲ့၊ အစ်ကို့ဘက်က အေး အမြဲရပ်တည်နေမှာပါတဲ့။

ခင်အေးသူဆီက စာကို ရရချင်း အရမ်းဝမ်းသာသွားလို့ သူ့စာကို အမေ အဖေတို့ကို လိုက်ပြနေမိတယ်။ ကျွန်တော် ပျော်နေတာ မြင်ရတော့ အမေ အဖေတို့လည်း စိတ်ချမ်းသာသွားကြတယ်။ အဖေ ဦးကံထွန်းက ဆေးတံကြီးခဲပြီး ခုမှ ပြုံးနိုင်တော့တယ်။

ဒါတောင် အမေက ခင်အေးသူစာထဲ သူ့အမေက သဘောမတူပါဘူးလို့ ရေးထားတာကို "ဟိုနေ့ကျ ဒီကောင်မနဲ့ ငါနဲ့ တွေ့ဦးမယ်၊ ကိုကံထွန်း . . . အဲဒီထဲ ရှင်သာ ဝင်မပါနဲ့၊ ကျုပ်အကြောင်း ကောင်းကောင်းပြလိုက်ဦးမယ်။ သူတို့ မပေးစားတော့ကော၊ သူ့သမီးက ပြန်ပျိုလာဦးမလား၊ တကတည်းတော်" ထလုပ်နေသေးလို့၊ အဖေက "တကတည်းတော်ရမှာက မင်း၊ ငါတို့ သားအဖကိစ္စ မင်း ဝင်မပါနဲ့နော်၊ ငါ ခုကတည်းကပင် ပြောထားပါရဲ့" လို့ အော်လိုက်တယ်။

လေးရက်မြောက်တဲ့ သောကြာနေ့ ညနေမှာတော့ ပန်းမြို့ကို သွားကြရမယ့် ကိစ္စဝိစ္စ အားလုံး အမေကပဲ စီစဉ်ပေးတယ်။ သူပါ ပန်းမြို့ကို လိုက်မှာမို့ မတော်ရသေးတဲ့ ခမည်းခမက်တွေအတွက်၊ ချွေးမအတွက် ဝယ်ထားလိုက်တဲ့ ပစ္စည်းတွေကလည်း ဂျစ်ကားတစ်စီး အပြည့် ဖြစ်နေ





တယ်။ အဖေကတော့ အဲဒါတွေကြည့်ပြီး စိတ်လေနေသလား မသိဘူး။ "တင်တင်ကြီး၊ မင်း ပန်းမြို့မှာ စွန်တောင်ဆွဲပြမယ်ဆိုတာက ထိုးမုန့်၊ လမုန့်နဲ့ ဒီပစ္စည်းတွေလား။ ခုတော့ ဆီထမင်းက ဘယ်ဆီနေမှန်း မသိသေးဘူး။ နှုတ်ခမ်း . . . " ဆိုတော့ အဖေ့စကားမဆုံးခင်ဘဲ အမေက

"ဟဲ . . . ဟဲ . . . ဒါကတော့ မန္တလေး ပွဲရုံပိုင်ရှင်ကြီး ဦးကံထွန်း ဂုဏ်သိက္ခာရှိအောင်လို့ ကျွန်တော်မျိုးမ ရှင်တို့သားအဖကြားထဲ ဝင်လုပ်ပေးရတာ၊ ခွင့်လွှတ်ကြပါတော်" လို့ အဖေ့ကို ခနဲ့တယ်။ ကျွန်တော့်အတွက် မိဘရင်းချာနဲ့ မခြား သံယောဇဉ်ကြီးရှာကြတဲ့ ဦးကံထွန်းနဲ့ဒေါ်တင်တင်ကြီးတို့ကို ကျွန်တော် ဘယ်လိုလုပ် ကျေးကျေးဇူးဆပ်ရဆပ်ရ ဆပ်ပါရစေလို့ စိတ်ထဲက ဆုတောင်းရင်း မျက်ရည်ကျမိတာ အမှန်ပါပဲ။အမေအဖေတို့ မြင်ရင် မေးမှာစိုးလို့ တစ်ဖက်လှည့်ပြီး မျက်ရည်သုတ်ရတယ်။

မနက် ခြောက်နာရီလောက်မှာ မန္တလေးကနေ မိသားစုသုံးယောက် ဂျစ်ကားတစ်စီးနဲ့ ပန်းမြို့ကို ထွက်လာခဲ့ကြတယ်။ ရွှေဘိုရောက်တော့ (၁၂) နာရီလောက် ရှိနေပြီ။ အဲဒါကြောင့် ရွှေဘိုမြို့က နာမည်ကြီး ပခုက္ကူထမင်းဆိုင်မှာ မနက်စာထမင်း ဝင်စားကြတယ်။ ထမင်းစားပြီးပြီးချင်းပဲ ခရီးဆက်ထွက်ခဲ့ကြတယ်။ပန်းမြို့ကိုရောက်တော့ နေအတော်စောင်းသွားပြီ။ ခင်အေးသူတို့ အိမ်ရှေ့မှာ ကားရပ်လိုက်တယ်။ကားပေါ်က ဘယ်သူမှ ချက်ချင်း မဆင်းကြသေးဘဲ ကားပေါ်မှာတင် အခြေအနေကို အကဲခတ်ပြီး ထိုင်နေကြတယ်။ အဲဒီအချိန်မှာ အမေ နှုတ်ခမ်းတွန့်တာကို အဖေက တွေ့သွားတော့ "မင်းကို ငါပြောထားတယ်နော် . . . တင်တင်" လို့ တိုးတိုးလေး သတိပေးတယ်။ ကျွန်တော့် ရင်ထဲမှာတော့ မန္တလေး-ရန်ကုန် အမြန်ရထားကြီး ဝင်ပြေးနေတယ်။

ခင်အေးသူ အပြင်ကို ပြေးထွက်လာတာ မြင်ရမှ သုံးယောက်သား ဟင်းခနဲ သက်မ ချမိလိုက်နိုင်ကြတယ်။ ခင်အေးသူက အမေ အဖေခေါ်ပြီး ဦးကံထွန်း၊ ဒေါ်တင်တင်ကြီးတို့ကို နှုတ်ဆက်တယ်။ ကျွန်တော့်ကိုလည်း မျက်လုံးအကြည့်နဲ့ နှုတ်ဆက်စကားတွေ အများကြီး ပြောလာတယ်။ ချက်ချင်း ဆိုင်ထဲက လူငှားတွေကိုခေါ်ပြီး ကားပေါ်က ပစ္စည်းတွေကို ချခိုင်းတယ်။ ပြီးမှ ကျွန်တော်တို့ကို ခင်အေးသူက ဆိုင်ထဲခေါ်

လာတယ်။ ကျွန်တော်တို့ရောက်တော့မှ ဆိုင်တံခါးတွေကို တစ်ပေါက် မကျန် ဖွင့်ခိုင်းတယ်။ စားသောက်ဆိုင် ပိတ်ထားတာ ဘယ်နှရက်ရှိပြီလဲ မသိဘူး။ မေးလည်း မမေးမိဘူး။

ခင်အေးသူက "အဖေ သစ်တော်ခြံဘက်ကို မနက်ကပဲ လူငှားတွေနဲ့ ထွက်သွားတယ်။ ရောက်ခါနီးပါပြီ။ အမေ အဖေတို့လာရင် ကောင်းကောင်းမွန်မွန် ဧည့်ခံဖို့ မှာသွားပါတယ်။ လူငှားတွေကိစ္စက မသွားမဖြစ်လို့ပါ။ အမေလည်း အခုလေးတင်ပဲ အစ်ကိုကြီးကို သွားခေါ်နေပါတယ်။ လာပါလိမ့်မယ်" လို့ ကောင်းကောင်းမွန်မွန်ပဲ ပြောတယ်။

ကျွန်တော်တို့ ထိုင်စောင့်နေကြတယ်။ ခင်အေးသူက ကျွန်တော့်အနားကိုလာပြီး "စောင့်နေတာ အကြာကြီးရှိပြီ၊ ရထားနဲ့ လာကြမယ်ထင်လို့ ရထားလာတိုင်း ထွက်ထွက်ကြည့်နေရတယ် သိလား။ ကားတွေ ဖြတ်သွားသံကြားရင်လည်း ထွက်ထွက်ကြည့်နေမိတယ်။ မလာကြတော့ဘူးလို့တောင် ထင်နေမိတာ၊ ခု ကားသံကြားလို့ ထွက်ကြည့်တော့မှ အစ်ကိုတို့ကို တွေ့ရတော့တာ" လို့ တိုးတိုးလေး ကပ်ပြောနေတုန်းမှာပဲ ခင်အေးသူ အဖေ အမေတို့ ဘူတာဘက်က တက်လာတာ မြင်ရတယ်။

"ဟော . . . အမေရယ် လာပြီ"

လို့ ပြောပြီး ခင်အေးသူက သူ့အမေကို ပြေးကြိုတယ်။ ခင်အေးသူအမေက အရင်လို မျက်နှာထားမျိုး မဟုတ်ပေမယ့် ဖော်ဖော်ရွေရွေတော့ သိပ်မရှိချင်လှဘူး။ ဝတ်ကျေတန်းကျေလောက်ပဲ ထိုင်ပြီး စကားပြောတယ်။ အဲဒါကို အမေက မသိမသာ အံကြိတ်တော့ အဖေက အမေ့ကို စေ့စေ့ကြည့်ပြီး ဟန့်တားရိပ်ပြတယ်။ ခင်အေးသူအမေက "မနက်က ခြံထဲဆင်းကြည့်ထားလို့ ခေါင်းနည်းနည်းမူးနေတယ်။ သူ့အဖေနဲ့ပဲ စကားပြောကြပါဦး" ဆိုပြီး အိမ်ပေါ်ထပ် တက်သွားတယ်။

ခင်အေးသူက သူ့အဖေနားမှာ ထိုင်ပြီး လူကြီးတွေ စကားပြောနေကြတာကို ကျွန်တော်နဲ့အတူ ဘေးက နားထောင်နေတယ်။ စကားပြောရင်း အတော်လေး အဆင်ပြေသွားကြတယ်။ မင်္ဂလာကိစ္စကို အမြန်ဆုံးစီစဉ်ဖို့ ဦးကံထွန်းက ပြောတယ်။ မန္တလေးမှာ ခမ်းခမ်းနားနား လုပ်ချင်ကြောင်း အမိကပြောတယ်။ အချေအတင် အမျိုးမျိုး ဆွေးနွေးညှိနှိုင်းကြ





ရင်း နောက်ဆုံးတော့ ပန်းမြို့မှာပဲ မင်္ဂလာဆောင်ဖို့ နောက်တစ်ပတ် ဗုဒ္ဓဟူးနေ့ကို နှစ်ဦးနှစ်ဖက် သဘောတူ ရက်ရွေးပြီး ဆုံးဖြတ်လိုက်ကြတယ်။

ဒီလိုနဲ့ အဲဒီ ဗုဒ္ဓဟူးနေ့မှာ နှစ်ဖက်မိဘများ၊ သက်သေများနဲ့အတူ တရားရုံးမှာ အဖေဦးကံထွန်းက လက်မှတ် အရင်ထိုးခိုင်းတယ်။ အမှန်က ဒီကိစ္စ အစောကြီးကပင် လုပ်ထားရမယ့် ကိစ္စပါလားလို့ တွေးပြီး နောင်တရမိလိုက်တယ်။ အဖေ့ကိုလည်း ကျေးဇူးတင်မိတယ်။ ပြီးမှ အိမ်ပြန်ပြီး မင်္ဂလာဆောင်တယ်။ အားလုံး အဆင်ပြေသွားတယ်။

ခင်အေးသူတို့ အစ်ကိုကြီးက ကျွန်တော့်ကို "ငါ့ညီ၊ ငါ့ညီ"နဲ့ ခေါ်ခေါ်ပြောပြော လုပ်လာတာကို ကျွန်တော် ဝမ်းအသာဆုံးပဲ။ လက်ထပ်ပွဲပြီးသွားတဲ့ ကျွန်တော်တို့ လင်မယားကို ခင်အေးသူ မိဘတွေက ပန်းမြို့မှာ အမြဲ ထားဖို့၊ ရက်ဘယ်လောက်ကြာရင် သစ်တော်ခြံက တိုက်ကို ရွှေ့ပေးဖို့၊ အမိက ခြံနဲ့ စားသောက်ဆိုင်ကို သားကြီးနဲ့အတူ ကြပ်မတ်ကြဖို့ ကျွန်တော့်မိဘတွေကို ပြောပြကြတယ်။

ဦးကံထွန်းနဲ့ ဒေါ်တင်တင်ကြီးတို့ကလည်း . . .

"ရှင်တို့မှာက သားတစ်ယောက်၊ သမီးတစ်ယောက် နှစ်ယောက်တောင်ရှိတာ၊ ကျုပ်တို့မှာ ဒီသားတစ်ယောက်တည်း ဆိုတော့ ကျုပ်တို့ကို ဦးစားမပေးသင့်ဘူးလား" ဘာညာကွိကွနဲ့ အမေက ပြောသေးတယ်။

ဒါကို ခင်အေးသူတို့ အဘိုးနဲ့အဘွားက. . .

"ကျုပ်တို့ အသက်ကြီးကြပါပြီ။ ကျုပ်တို့ အသက်ရှင်ရှိနေသေးသမျှ ကျုပ်တို့ မြေးလေးကို ခေါ်မသွားကြပါနဲ့၊ ကျုပ်တို့ မျက်စိအောက်မှာ ထားပါရစေ၊ ဘာမှ လုပ်စရာ မလိုပါဘူး။ ပန်းမြို့မှာပဲ နေကြပါ" ဆိုတော့၊ အမေလည်း ဘာမှ မပြောနိုင်တော့ဘူး။

အဲဒါကြောင့် ပန်းမြို့မှာပဲ နေကြဖို့ အဆုံးအဖြတ် ချကြတယ်။ ကျွန်တော်တို့ မင်္ဂလာဆောင်ပြီး နောက်တစ်နေ့မှာပဲ အဖေက မန္တလေးကို ပြန်သွားတယ်။ ပွဲရုံကိစ္စက အဖေ့မှာ အရေးကြီးနေတယ်။အိမ်မှာက လူငှားတွေချည်းဆိုတော့ စိတ်မချဘူး။ အမေ ဒေါ်တင်တင်ကြီးကတော့ ကျွန်တော်တို့နဲ့ ပန်းမြို့မှာ ကျန်နေခဲ့တယ်။ အမေ့ကို ခင်အေးသူနဲ့ ကျွန်တော်တို့က ပန်းမြို့က တန်ခိုးကြီးဘုရားတွေ၊ သစ်တော်ခြံတွေကို

လိုက်ပြကြတယ်။သစ်တော်ခြံကအပြန် တစ်နေ့မှာ ခင်အေးသူတို့ မိသားစုနဲ့ တွေ့ရာလေးပါး စကားထိုင်ပြောနေကြရင်းက ဝင်းမြင့်သေတဲ့ ကိစ္စဆီ စကားရောက်သွားတယ်။ အမေက ချက်ချင်း ဟီးချပြီး ရှိုက်ကြီးတငင် ငိုတော့တာပါပဲ။

ခင်အေးသူတို့ အစ်ကိုက သူ့သားမှန်း မသိသေးတော့ ရထားပေါ်က နေ ဆေးရုံကို လိုက်ပို့တဲ့အထိ၊ နောက်ပြီး ဝင်းမြင့်ရဲ့ မှတ်ပုံတင်အရ ရဲစခန်းကို အကြောင်းကြားပြီး မန္တလေးကို ကြေးနန်းပို့ရတယ်ဆိုတဲ့ အကြောင်း အစုံအစေ့ ပြောမိလိုက်တာကိုး။ ခု အဒေါ်ပြောမှ အဒေါ့်သားမှန်း သိရတယ်ဆိုတဲ့အကြောင်း ပြောလည်းပြောရော အမေ့ခမျာ ပင့်မှာ မြေလူးပါပဲ။

"အဲဒါကြောင့် ဒီ ကျန်တဲ့သားတစ်ယောက်ကို စိုးရိမ်လို့ သူခရီးထွက်နေတိုင်း အိမ်ပြန် မရောက်မချင်း အဒေါ့်မှာ တစ်နေ့မှ စိတ်မချမ်းသာပါဘူးကွယ်။ မိဘလက်ငုတ်လက်ရင်းဖြစ်တဲ့ ဖျာပွဲရုံပဲ လုပ်ပါ။ အမေတို့မှာ နောက်ထပ် စားမယ့် ပါးစပ်ပေါက်လည်း တစ်ပေါက်မှ မရှိပါဘူး။ သားတစ်သက်လည်း စားလို့ မကုန်ပါဘူး ပြောပေမယ့် ဒီသားက နားမဝင်ဘူး။ ဖျာလုပ်ငန်းကို စိတ်မဝင်စားဘူး။ ဒီခေတ် မိဘစကား သားသမီး နားမထောင်ဘူး။ ခု မန္တလေးမှာ ဖြစ်နေတာက အစိမ်း အစိမ်းနဲ့ တစ်စိမ်းတည်း စိမ်းပြီး ကလေးတိုင်း ဒီအလုပ် လုပ်နေကြတော့လည်း အိမ်က သားကို ပြောမရဘူးပေါ့ကွယ်" တဲ့။

တကယ့် သားအရင်းတစ်ယောက်နှယ်မခြား ဒေါ်တင်တင်ကြီးက ပြောရှာတယ်။

သုံးရက်ကြာလို့ အမေ မန္တလေးကို ပြန်တော့ ကျွန်တော့်ကို စိတ်ချသွားဖို့၊ ရထားနဲ့ သွားလုပ်ရတဲ့ အစိမ်းအလုပ်ကိုလည်း မလုပ်ခိုင်းဖို့၊ သမ္မာအာဇီဝဖြစ်တဲ့ ခြံအလုပ်ကိုသာ လူငှားတွေနဲ့ လုပ်ခိုင်းဖို့၊ မန္တလေးကိုလည်း တစ်လတစ်ခါ၊ နှစ်လတစ်ခါ အလည်လွှတ်ဖို့၊ ခင်အေးသူတို့ မိဘများက ပြန်ခါနီး အမေ့ကို စိတ်ချသွားရန် မှာလိုက်ပြီး တစ်အိမ်သားလုံး ရထားနဲ့ လိုက်ပို့လိုက်ကြတယ်။

အိမ်ရဲ့ အပေါ်ထပ် အခန်းတစ်ခန်းကို ကျွန်တော်တို့ နှစ်ယောက်





အတွက် နေရာချပေးထားတယ်။ ခင်အေးသူလည်း အလုပ်ထွက်လိုက်တယ်။ အိမ်က စားသောက်ဆိုင်ကို ဝိုင်းလုပ်ကြရတယ်။ အလုပ်အားတဲ့ အချိန်မှာ သစ်တော်ခြံဘက်ကို စက်ဘီးတစ်စီးနဲ့ နှစ်ယောက်အတူသွားပြီး ခြံရှင်းပေးကြတယ်။ ခြံထဲက တစ်ထပ်တိုက်ပုကလေးက ကျွန်တော်တို့ နှစ်ယောက်အတွက်လို့ ပြောတယ်။ လောလောဆယ် လူမနေသေးဘူး။ ပန်းမြို့နဲ့ဆို နှစ်မိုင်ခန့်ဝေးတယ်။ ခင်အေးသူတို့ မိဘအိမ်မှာ (၁၀)ရက်လောက်နေပြီးမှ နေ့ကောင်းရက်သာရွေးပြီး ပန်းမြို့ရဲ့ တောင်ဘက် နှစ်မိုင်ခန့်ဝေးတဲ့ သစ်တော်ခြံက တိုက်ပုလေးဆီ ကျွန်တော်တို့ လင်မယားပြောင်းလာကြတယ်။

အသွားအလာ လွယ်ကူအောင်လို့ ခင်အေးသူတို့အဖေက နောက်ထပ် စက်ဘီးတစ်စီး ထပ်ဝယ်ပေးတယ်။ နေ့ခင်းဘက်မှာဆိုရင် ပန်းမြို့ထဲက မိဘအိမ်မှာပဲ နေကြတဲ့ရက်ကများတယ်။ ညနေစောင်းဆို စက်ဘီးနဲ့ သစ်တော်ခြံမှာ ပြန်အိပ်ကြတယ်။ ကျွန်တော့်အနေနဲ့က သစ်တော်ခြံထဲမှာ နေရတာ ပျော်ပါတယ်။ ကျွန်တော်တို့နေတဲ့ တိုက်က ကုန်းမြင့်ကလေးမှာ ဆောက်ထားတဲ့အတွက် ပန်းမြို့ရဲ့ ပတ်ဝန်းကျင်အလှကို အပေါ်စီးက မြင်နေရတဲ့အတွက် နေရတာ ပိုမပျင်းဘူး။ သစ်တော်ခြံ အလုပ်သမားတွေနဲ့လည်း အတော်ကလေး ရင်းနှီးနေကြပြီ။ ကျွန်တော့်ကို အလုပ်သမားတွေကလည်း ခင်ကြပါတယ်။

သုံးစွဲဖို့ ငွေကတော့ ခင်အေးသူ အဖေနဲ့ ဘကြီးတို့က ပေးနေတဲ့အတွက် ကျွန်တော့်ငွေဆိုလို့ တစ်ပြားတစ်ချပ်တောင် မလျော့သေးပါဘူး။ ပြန်ခါနီး မန္တလေးက အမေကလည်း ပေးသွားသေးတယ်။ ငွေလိုရင် စာနဲ့မှာလိုက်၊ ဒါမှမဟုတ် လူကြုံရှိရင်လည်း တောင်းခိုင်းလိုက်ဆိုပြီး မှာထားခဲ့တယ်။ ယောက္ခမအိမ်မှာ သူ့သား မျက်နှာငယ်မှာကို အမေက စိုးရိမ်ရှာတယ်။

နှစ်လလောက် သစ်တော်ခြံက အလုပ်သမားတွေနဲ့ ဒိုးတူပေါင်ဖက် ဝင်လုပ်လိုက်တော့ သစ်တော်ခြံလုပ်ငန်းကို အတော်အသင့် လုပ်တတ်နေပြီ၊ ပဲခူးက အမေ အဖေတို့က ခေါက်ဆွဲဆိုင်ဖွင့်တာမို့ ငယ်ငယ်ကတည်းက ခေါက်ဆွဲဆိုင်ထဲ ကြီးပြင်းလာတာဆိုတော့ ခင်အေးသူတို့ စားသောက်

ဆိုင်မှာ ဘာမဆို ကျွန်တော် ဝင်လုပ်လို့ မရတာ မရှိဘူး။ ခေါက်ဆွဲကြော်၊ ကြာဆံကြော်တဲ့ အခါမှာလည်း ဘာပြီး ဘာလုပ်ရမယ် သိထားတော့ အားလုံး အဆင်ပြေတယ်။ ခင်အေးသူတို့ အမေ အဖေတွေကလည်း ခုမှ သမက်ကလေး တော်လိုက်တာ ဖြစ်နေကြတယ်။

ဒီလိုနဲ့ ခင်အေးသူက မန္တလေးဘုရား သွားဖူးချင်တယ်ဆိုလို့ မန္တလေးကို ဘုရားဖူးထွက်လာကြတယ်။ အိမ်ကိုရောက်တာနဲ့ အမေ အဖေတို့က ခင်အေးသူနဲ့ ကျွန်တော်တို့ကို မန္တလေးမှာနေဖို့ နားချကြတယ်။ ခင်အေးသူတို့ဘက်က ဘယ်လိုမှ ခွင့်မပြုဘူးဆိုတာ သိနေပေမယ့် နောက်တော့ ခင်အေးသူတို့ မိဘတွေကို ဖျောင်းဖျနားချပြီး ပြောပါ့မယ်လို့ ကတိပေးထားရတယ်။ ကျွန်တော်တို့ လင်မယားဟာ မန္တလေးနဲ့ ပန်းမြို့ နေရေးတို့အတွက် ဗျာများနေကြရတယ်။

ကျွန်တော်တို့ လင်မယား မန္တလေးမှာ မနေနိုင်ကြတဲ့အတွက် အမေ အဖေတို့က စိတ်မကောင်းကြဘူး။ ဝင်းမြင့် မရှိတော့ အရောင်းအဝယ် အတွက် ကျွန်တော့်ကို အားထားကြတယ်။ အခုလို အဝေးကြီးမှာ နေနေရတော့ အားမကိုးရတော့ဘူးလို့ စိတ်မကောင်း ဖြစ်နေကြတယ်။ ကျွန်တော့် အနေနဲ့လည်း တစ်ဖက်မှာ ယောက္ခမ၊ တစ်ဖက်မှာ မိဘဆိုတော့ ဘယ်လိုမှ တိတိကျကျ ဆုံးဖြတ်မရ ဖြစ်နေတယ်။ နောက်မှ ခင်အေးသူတို့ဘက်က လူတွေကို တဖြည်းဖြည်း ပြောကြည့်ပါဦးမယ်လို့ အမေ အဖေတို့ကို ပြောထားရတယ်။

မန္တလေးနေဖို့ကို မြို့ကြီးမို့ ခင်အေးသူကတော့ သဘောကျတယ်။ ဒါပေမယ့် သူ့မိဘတွေ သဘောကျတော့လည်း သူက မလွန်ဆန်ရဲပြန်ဘူး။ ကျွန်တော်နဲ့ လိုက်ပြေးတုန်းက တစ်ခါ မိဘမျက်နှာကို အိုးမည်းသုတ်ခဲ့တာတောင် လွန်လွန်းနေပြီ။ အဲဒီတုန်းကလည်း မသိလို့တဲ့။ အဲဒီ ကားအတင်းတင်ပြေးရတဲ့ ကိစ္စကတော့ တစ်ခုခု ပြောကြတိုင်း ကျွန်တော့်ကို ခင်အေးသူ နိုင်ကွက်ဖြစ်နေတယ်။ တစ်ခုခု လုပ်တော့မယ်ဆိုရင် "ဘာလဲ . . . ရှင် ဇွတ်လုပ်ဦးမလို့လား" ဆိုတဲ့ စကားနဲ့ပဲ အမြဲ အနိုင်ယူနေတယ်။ ကျွန်တော်ကလည်း နွားပြာကြီး အောက်သွားမရှိပုံစံမျိုးနဲ့ "ချစ်တာကိုးဗျ . . . ဟဲ . . . ဟဲ" ဆိုတဲ့ စကားတစ်လုံးနဲ့ပဲ သူ့ကို ဘဝင်ခိုက်အောင်





ပြောထားရတယ်။

မန္တလေးက မိဘတွေ လုပ်ငန်းကို လုပ်ပေးချင်ပေမယ့် ပန်းမြို့ကို တစ်ပတ်ပြည့်ရင် ပြန်ရမှာမို့ စိတ်မကောင်းတာတော့ အမှန်ပဲ။ ကျွန်တော်တို့ မန္တလေးနေကြတဲ့ ကာလအတွင်းမှာ အမေက သိပ်ဂရုစိုက်တယ်။ ကျွန်တော်တို့လင်မယားကလည်း ရုပ်ရှင်သွားကြည့်လိုက်၊ အမေ အဖေတို့ ဖျာပွဲရုံကိစ္စ ဝင်လုပ်ပေးလိုက်နဲ့ မန္တလေးမှာလည်း ပျော်ကြပါတယ်။ မနက်ဆို ခင်အေးသူက ဦးကံထွန်းညီမဝမ်းကွဲနဲ့အတူ ဈေးလိုက်ဝယ်ပေးတယ်။ မီးဖိုချောင်လည်း အတူဝင်ပြီး ချက်ပြုတ်ပေးတယ်။ မလုပ်ပါနဲ့ ပြောမရတော့ ဦးကံထွန်းညီမက နောက်တယ်။ နောက်တော့ ကိုယ့်ဘာသာကိုယ် ချက်စားကြရရင် မချက်တတ်၊ မပြုတ်တတ် မဖြစ်အောင် ခိုင်းထားပေးမှတဲ့။ သူက ပျော်ပျော်ရွှင်ရွှင် နေတတ်တယ်။ အဲဒါကြောင့်လည်း တစ်ရက် နှစ်ရက်အတွင်းမှာ ခင်အေးသူနဲ့ အတော့်ကို ရင်းရင်းနှီးနှီး ဖြစ်သွားကြတယ်။

နေ့လယ်ဘက် တစ်နေ့မှာ ခင်အေးသူနဲ့ ကျွန်တော် စစ်ကိုင်းဘက်ကို ဘုရားဖူး ထွက်ခဲ့ကြတယ်။ စစ်ကိုင်းကိုရောက်တော့ ခင်အေးသူက အတော်လေး ပျော်နေတယ်။ စစ်ကိုင်းဟာ တကယ်လည်း ကြည်နူးပြီး ပျော်စရာကောင်းတဲ့ နေရာကိုး။ စစ်ကိုင်းတောင်ရဲ့ ပတ်ဝန်းကျင်မှာ အပျော်ထမင်းလာစားတဲ့လူတွေ၊ ပျော်ပွဲရွှင်ပွဲတွေလို ကကြ ခုန်ကြ ဆိုကြ ဟစ်ကြသူတွေနဲ့ အရမ်းကို စည်ကားနေတယ်။

ဘုရားပေါ်ရောက်တော့ ဖားကြီးတွေ ရှေ့မှာ ဓာတ်ပုံရိုက်ကြတယ်။ စစ်ကိုင်းတံတားဘက်ကို နောက်ခံထားပြီးလည်း ဓာတ်ပုံတွေ အတော်များများ ရိုက်ခဲ့ကြတယ်။ ကျွန်တော်က စစ်ကိုင်းတောင်ပေါ်ကနေ သိသလောက် နေရာတွေနဲ့ ဘုရားတွေအကြောင်းကို ပြောပြရတယ်။ ခင်အေးသူက အမရပူရမြို့ဘက်ကမ်းမှာရှိတဲ့ ရွှေကြက်ယက်၊ ရွှေကြက်ကျဘုရားတွေကို လိုက်ပို့ပေးဖို့ ပြောတယ်။ အဲဒါကြောင့် ရှေ့ဘက်မုခ်ကနေ ဆင်းပြီး ဖားဘုရား၊ နဂါးဘုရား၊ ရွှေစည်းခုံဘုရား၊ သူ့ခိုးငတက်ပြားဘုရား၊ ရွှေသာလျောင်းဘုရားတွေပါ မကျန် လိုက်ဖူးကြပြီး အမရပူရဆိပ်ကမ်းမြို့ဘက်ဆီ ကူးခဲ့ကြတယ်။

အမရပူရမြို့က ရွှေကြက်ယက်၊ ရွှေကြက်ကျကို လေးဖာလုံလောက် လှော်ရတယ်။ ရွှေကြက်ကျဘုရားကို အရင်ရောက်တယ်။ ရွှေကြက်ကျဘုရားမှာ ပြောင်းဖူးသုပ်ဝယ်စားပြီး ရွှေကြက်ယက်ဘုရားကို တက်လာခဲ့ကြတယ်။ ရွှေကြက်ယက်ဘုရားမှာ ရှေးဟောင်းပြတိုက်တွေနဲ့ ရုပ်လုံးဖော် ကျောက်ရုပ်ကြီးတွေ ရှိတယ်။ လိုဏ်ဂူဘုရားနဲ့ ဆုတောင်းပြည့်ဘုရားကိုလည်း ဝင်ဖူးကြတယ်။ ရှေးမင်းညီမင်းသားတွေက စစ်ထွက်ခါနီးရင် ဆုတောင်းပြည့်ဘုရားကို ကန်တော့ပြီးမှ ရွှေဘိုမှာရှိတဲ့အောင်မြေကို သွားနင်းပြီး စစ်တိုက်ထွက်ကြတယ်လို့ ကြားဖူးခဲ့တယ်။ အရင် ကျွန်တော် တစ်ယောက်တည်း ရောက်ခဲ့စဉ်က အတော်လေး လွမ်းစရာကောင်းတယ်။ ကြေကွဲစရာပုံပြင်တွေလည်း ရွှေကြက်ယက်ဘုရားမှာ ရှိခဲ့တယ်။ ကျွန်တော် သိသလောက် ခင်အေးသူကို ပြောပြရတယ်။ ဧရာဝတီမြစ်လယ်မှာ မြုပ်ပြီး တစ်ဝက်နီးပါးခန့် ရေပေါ် ပေါ်နေတဲ့ ပေါ်တူဂီစစ်သင်္ဘောကြီးကိုလည်း မြင်တွေ့နေရတယ်။ ဘုရားပေါ်ကနေ ဧရာဝတီမြစ်ပြင်နဲ့ တစ်ဖက်ကမ်းက စစ်ကိုင်းဘုရားတွေကို လှမ်းမြင်နေရတော့ ရင်ထဲ တစ်မျိုးကြီးပါပဲ။ မြစ်ပြင်ကို ဖြတ်ကျော်လှော်ခတ်နေကြတဲ့ ငှက်သမ္ဗန်လေးတွေကို ငေးကြည့်ရင်းက ဧရာဝတီကမ်းနဖူးဆီ ဆင်းလာခဲ့ကြတယ်။ မူလတန်းကျောင်း မုန့်စားလွှတ်ချိန်မို့ ခင်အေးသူကို မပြောဘဲ ပြောင်းဖူးရောင်းတဲ့ အဒေါ်ကြီးဆီက ပြောင်းဖူးတွေကို အကုန်ဝယ်ပြီး ခင်အေးသူနဲ့အတူ ကျောင်းသားလေးတွေကို ဝေငှပေးကြတယ်။

မရသေးတဲ့ ကျောင်းသားတွေနဲ့ ရပြီးသားကျောင်းသားလေးတွေ ဆူညံနေကြတယ်။ ပတ်ဝန်းကျင်က ဈေးဆိုင်တွေနဲ့ ဘုရားဖူးလာကြတဲ့ လူတွေ၊ ကျောင်းဘေးနားအိမ်တွေက လူတွေ အထူးအဆန်းလို ထွက်ကြည့်ကြတယ်။ ဒီလိုနဲ့ ပြောင်းဖူးမလောက်လို့ မရလိုက်တဲ့ ကလေးတွေကို ကရေကရာနဲ့ မုန့်တွေ ဝယ်ပေးကြရတယ်။ ကျွန်တော်က ခင်အေးသူကို

"ဒီနားပတ်ဝန်းကျင်က ကလေးမိဘတွေဟာ ဆင်းရဲကြတယ်။ တံငါလုပ်ငန်းလုပ်ပြီး ထမင်းမဝကြဘူး။ ရိုးကြတာလည်း အရမ်းပဲ။ အဲဒါကြောင့် အစ်ကို ဟိုတုန်းက ဒီကျောင်းနားရောက်ရင် ကလေးတွေကို အမြဲဝယ်ကျွေးနေကျမို့ ကလေးတွေကလည်း အစ်ကို့ကို ခင်ကြတယ်။ ဒီကလေးတွေကို ကျွေးရတာ ပိုပြီး ကုသိုလ်ရတယ်လို့ အစ်ကိုထင်တယ်။ အဲဒါကြောင့်လည်း ရောက်တိုင်း ကျွေးမိတယ်" လို့ ရှင်းပြရတယ်။ ငွေကတော့ ခုနစ်ဆယ်လောက် ကုန်သွားတယ်။





ရွှေကြက်ယက်ဘုရား ခြေရင်း သဲသောင်ကမ်းစပ်ကနေ သမ္ဗန်တစ်စီးငှားပြီး တစ်ဖက်ကမ်းကို ကူးခဲ့ကြတယ်။ အပြန်မှာတော့ ခင်အေးသူက မစီးတော့ဘူးဆိုလို့ စစ်ကိုင်းတံတားပေါ်က ဖြတ်ကူးပြီး မျက်ပါးရပ်ကို ပြန်လာခဲ့ကြတယ်။ အိမ်ရောက်တော့ နေဝင်နေပြီ။ ရေချိုး၊ ထမင်းစားနဲ့ မိုးချုပ်သွားတယ်။ ခရီးပန်းတော့ ခင်အေးသူက စောစော အိပ်ရာထဲ ဝင်သွားတယ်။ ကျွန်တော်က အဖေ ဦးကံထွန်းနဲ့အတူ စာရင်းတွေ ဝိုင်းတွက်ပေး၊ သိမ်းစရာရှိတာတွေ အကုန်သိမ်းပေးရတယ်။ ဦးကံထွန်းက မနက်ဆို သီပေါကို ဖျာသွားပို့ရင်း ငွေလိုက်သိမ်း၊ အကြွေးတောင်း သွားရမယ်။ ဦးကံထွန်း လုပ်ငန်းကို ဦးစီးပြီး ဝိုင်းလုပ်ပေးနေတဲ့ လူယုံက ရန်ကုန်ဆင်းသွားလို့ ကျွန်တော့်ကို လွှတ်ဖို့ ပြောတယ်။ ကျွန်တော်လည်း အားလပ်နေတဲ့အတွက် သီပေါလည်း သွားချင်နေတာနဲ့ နောက်တစ်နေ့မှာ ဖျာလာတင်တဲ့ကားနဲ့ ခင်အေးသူရယ်၊ ကျွန်တော်ရယ် သီပေါကို လိုက်လာခဲ့ကြတယ်။ အရင်တုန်းက ကျွန်တော် ချေးယူလာခဲ့တဲ့ ငွေကိုလည်း ခုမှ ဆပ်ဖြစ်တယ်။ အပြန်ခရီးကိုတော့ ရထားနဲ့ပဲ ပြန်လာခဲ့ကြတယ်။

မန္တလေး ရောက်ပြီး နောက်တစ်နေ့မှာ ဦးခန္တီတောင်ကို တက်ကြတယ်။ မန္တလေး ကျုံးမြို့ရိုးကိုလည်း တစ်ပတ် လှည့်ကြည့်ကြတယ်။ မြို့ထဲကိုလည်း ဂျစ်ကားနဲ့ တစ်ပတ်လှည့်လိုက်ကြတယ်။ ခင်အေးသူ ဝယ်ချင်တာဝယ်ဖို့ ဦးကံထွန်းက ငွေငါးရာ ထုတ်ပေးတယ်။ အဝတ်အစား အချို့ကို ခင်အေးသူက သူ့စိတ်ကြိုက် ဝယ်တယ်။ ကျွန်တော်ကတော့ ယောက္ခမအတွက် တက်ထရက်ဘောင်းဘီ တစ်စုံစာ ဝမ်းဆက်နဲ့ သနပ်ခါး၊ ထိုးမုန့်အပြင် ခင်အေးသူ တူမလေးအတွက် ကစားစရာလေးတွေ ဝယ်ထားတယ်။

မနက်ဖြန်ဆို ကျွန်တော်တို့ ပန်းမြို့ကို ပြန်ကြတော့မှာမို့ အိမ်မှာ မုန့်တီလုပ်ကျွေးကြတယ်။မနက်စောစောထပြီး ဦးကံထွန်းလင်မယားနဲ့ ကျွန်တော်တို့နှစ်ယောက် မဟာမြတ်မုနိဘုရားမှာ ဆွမ်းသွားကပ်ကြတယ်။ ဆွမ်းကပ်ပြီးအပြန် ဦးကံထွန်းက ဈေးချိုက ရွှေဆိုင်တစ်ဆိုင်ကိုဝင်ပြီး လက်စွပ်နှစ်

ကွင်း ဝယ်ပေးတယ်။ လက်စွပ်က ကျောက်တစ်ဖက်၊ ရွှေတစ်ဖက် ခလုတ် လေးနဲ့ လှည့်လို့ရတယ်။ တော်မယ့်လက်စွပ်ကိုရွေးပြီး တစ်ယောက်တစ် ကွင်း ဝတ်ခိုင်းကြည့်ပြီးမှ ဝယ်ပေးခြင်း ဖြစ်တယ်။

အိမ်ရောက်တော့ မနက်စာစားပြီး ပြင်ဆင်သိမ်းဆည်းစရာတွေကို သိမ်းဆည်းထားကြတယ်။ ကျွန်တော်တို့ စီးသွားရမယ့် ရထားက ညကိုး နာရီဆယ့်ငါးမိနစ်မှ ထွက်မယ်။ ခင်အေးသူ အမေ အဖေတို့ကို အားရင် လာလည်ကြဖို့ အမေ အဖေတို့က မှာကြတယ်။ ညနေခြောက်နာရီလောက် မှာ ညနေစာစားပြီး မိဘနှစ်ပါးကို ထိုင်ကန်တော့ကြတယ်။ ရှစ်နာရီကျော် ကျော်မှာ ဦးကံထွန်းကိုယ်တိုင် ဘူတာကို လိုက်ပို့တယ်။ ရထားတွဲ ထိုင်ခုံ နံပါတ်လိုက်ရှာပြီး ပစ္စည်းတွေနဲ့ ခင်အေးသူကို အစောင့်ထားခဲ့ပြီး ကျွန်တော် က ဦးကံထွန်းကားနားထိ ပြန်လိုက်ပို့လိုက်တယ်။ သူက ရထားထွက်တဲ့ အထိ စောင့်မနေခဲ့ဘူး။

ရထားထွက်တော့ ခင်အေးသူက အိပ်ပြီး လိုက်လာခဲ့တယ်။ ကျွန်တော် ကတော့ တော်တော်နဲ့ အိပ်လို့ မပျော်ဘူး။ တစ်လမ်းလုံး ဟိုတုန်းက အကြောင်းတွေကို ပြန်စဉ်းစားပြီး လိုက်လာခဲ့တယ်။ ကျွန်တော့်အနေနဲ့ ဒုစရိုက်လုပ်ငန်းကို ခင်အေးသူကို ခိုးလာတဲ့နေ့ကပင် မလုပ်တော့ဘူးလို့ ဆုံးဖြတ်ထားတယ်။ အဲဒါကြောင့် ကောင်းကောင်းမွန်မွန် လုပ်ကိုင်စား သောက်ဖို့ လုပ်ငန်းကိုင်ငန်းအကြောင်းတွေကို စဉ်းစားပြီး လိုက်လာခဲ့ခြင်း ဖြစ်တယ်။

ရွှေဘိုရောက်တော့ ခင်အေးသူ နိုးလာတယ်။ ဗိုက်ဆာတယ်ဆိုလို့ ရွှေဘိုဒံပေါက် ဆင်းဝယ်ပေးပြီး ခင်အေးသူကို တစ်လှည့် စောင့်ခိုင်း တယ်။ ဒီလမ်းခရီးက ကျွမ်းပြီးသား၊ သိထားပြီးသား၊ ကိုယ်တိုင်ကလည်း အရင်တုန်းက လုပ်နေကြဆိုတော့ မအိပ်၊ မငိုက်ဖို့လည်း မှာရတယ်။ ပန်းမြို့ရောက်တော့ လေးနာရီလောက်ပဲ ရှိသေးတယ်။ ခင်အေးသူအစ်ကို နဲ့ အဆင်သင့် ဘူတာမှာတွေ့လို့ ပစ္စည်းတွေ ဝိုင်းကူသယ်ချပေးပြီး အိမ်ထိ လိုက်ပို့ပေးတယ်။ အိမ်ရောက်တော့ ခင်အေးသူတို့ အိမ်သားတွေလည်း အကုန်နိုးနေကြပြီမို့ ပစ္စည်းတွေ ဝိုင်းသိမ်းကြတယ်။ မိုးကောင်းကောင် မလင်းသေးတာနဲ့ အိပ်ရေးပျက်လာတဲ့ ကျွန်တော်က အိပ်ရာထဲ ဝင်အိပ်





နေလိုက်တယ်။ မနက်မိုးလင်းတော့ မန္တလေးက အမေ အဖေတို့ အကြောင်း ဟိုတစ်ခွန်း ဒီတစ်ခွန်း ဝိုင်းမေးကြတယ်။ မန္တလေးလက် ဆောင်ပစ္စည်းတွေကိုတော့ ဝေပုံကျပြောပြီး ခင်အေးသူတို့ အမေလက်ထဲ ထည့်အပ်လိုက်တယ်။

အဲဒီနေ့ပဲ မနက်စာ စားအပြီးမှာ သစ်တော်ခြံဘက်ကို မြင်းလှည်း တစ်စီးငှားပြီး ထွက်လာခဲ့ကြတယ်။ နောက်တစ်နေ့ မနက်မှာ ခင်အေးသူ အမေက ပန်းမြို့ဈေးထဲမှာ ဆိုင်ခန်းတစ်ခန်း လေလံပစ်လို့ ဝယ်ထားလိုက် တယ်၊ငါ့သားက ဘာရောင်းချင်သလဲလို့မေးတော့ ကျွန်တော်က အလှကုန် ဆိုင်လေး အရင်ဖွင့်မယ်၊ နောက် တဖြည်းဖြည်း မော်လမြိုင်ဘက်က မှောင်ခိုပစ္စည်းလေး ဘာလေး တင်ရောင်းမယ်ဆိုပြီး ပြောလိုက်တယ်။ မကြာခင်မှာပဲ ကျွန်တော် မန္တလေးကိုဆင်းပြီး အလှကုန်ပစ္စည်းဝယ်တယ်။ ဒါနဲ့ အလှကုန်ဆိုင် ဖွင့်ဖြစ်သွားတယ်။

ကျွန်တော်တို့ဆိုင်နဲ့ တစ်ဆိုင်ကျော်မှာ ခင်အေးသူအဒေါ်ရဲ့ အလှ ကုန်ဆိုင် ရှိတယ်။ ခင်အေးသူအမေရဲ့ ညီမ ဆိုပေမယ့် ကျွန်တော့်ကို လုံးလုံး မကြည်ဘူး။ စကားပြောရင်လည်း စောင်းချိတ် အမြဲ ပြောတတ် တယ်။ သူ့တူမနဲ့ မတူဘူး၊ မတန်ဘူးတဲ့။ ဘယ်က ကလေကချေမှန်း မသိဘူး၊ ဘာဖြစ်တယ်၊ ညာဖြစ်တယ်နဲ့ အမြဲလိုလို တစောင်စောင် လုပ် နေတာ၊ ခု အလှကုန်ဆိုင် သူ့အနား လာဖွင့်တော့ ပိုပြီး မစ္ဆရိယ ဖြစ်သွား တယ် ထင်တာပဲ။ ခင်အေးသူကတော့ ဒါတွေ သိချင်မှ သိမယ်။ သူ့မှာ မပေါ့မပါးနဲ့မို့ သူ့အဘွားက အိမ်ဆိုင်ကိုပဲ ခေါ်ထားတယ်။ ဈေးကို လာခဲ တယ်။ လာရင်လည်း ခင်အေးသူရှိရင်တော့ သူ့အဒေါ်က ဘာမှ မဟဘူး။ ဒါတွေ ခင်အေးသူကို ပြောပြတော့ သည်းခံဆိုတာနဲ့ ကျွန်တော်လည်း သည်းခံနေရတယ်။

ခင်အေးသူအဖေက ဈေးရင်းဖို့ ငွေထုတ်ချေး၊ မန္တလေးရောက်တော့ ဦးကံထွန်းဆီမှာတောင်း၊ စစ်ကိုင်းမှာရှိတဲ့ စိန်မျက်လုံးတို့အိမ်က ကျွန်တော့် မှာရှိတဲ့ ရွှေငွေပစ္စည်းတချို့ကို ဝင်ယူပြီး ဈေးချိုမှာရောင်း ဆိုတော့ ပန်းမြို့ က အလှကုန်ဆိုင်လေးမှာ ပစ္စည်းအတော်များများ တင်ရောင်းလာနိုင်တယ်။ နောက်တော့ စက်ခေါင်း၊ ရေဒီယို၊ ကက်ဆက်ကအစ အဝတ်အထည်တွေ

ပါ စုံစုံလင်လင် တင်ရောင်းလာနိုင်တယ်။ မန္တလေးနဲ့ ပန်းမြို့ကို အခေါက်ခေါက်အခါခါ ကျွန်တော် ကူသယ်ခေါက်သယ် သွားလာနေတာ မြင်ကြရတော့ တချို့က ယုံကြည်စိတ်ချစွာနဲ့ နာရီတို့၊ ကက်ဆက်တို့လည်း မှာကြတယ်။ ခင်အေးသူ ယောကျ်ားက လည်လည်ပတ်ပတ်ရှိတယ်။ ကြည့်စမ်း နေ့ချင်းညချင်း စီးပွားဖြစ်လာလိုက်တာလို့လည်း တချို့က ပြောကြတယ်။ မန္တလေးသူဌေးသားပဲ အရောင်းအဝယ် လည်မှာပေါ့လို့လည်း ချီးကျူးကြတယ်။ ခင်အေးသူတို့ အဒေါ်တစ်ယောက်ကလွဲရင် အားလုံးနဲ့ ကျွန်တော် အဆင်ပြေနေတယ်။

ကျွန်တော့်ဆိုင်က နေရာလည်း ကောင်းတယ်။ ရဲစခန်း၊ အားကစားရုံတို့နဲ့ ကားလမ်းပဲ ခြားတယ်။ အရောင်းအဝယ်ကောင်းတော့ ကျွန်တော်က ဆိုင်ပေါ်မှာ ထိုင်တဲ့ရက်က နည်းလာတယ်။ ခင်အေးသူကို ကိုယ်ဝန်နဲ့ပေမယ့် သူ့တူမလေး၊ သူ့သူငယ်ချင်းတွေနဲ့ ဆိုင်ထိုင်ခိုင်းထားရတယ်၊ ကျွန်တော့်အနေနဲ့က မန္တလေးသွားလိုက်၊ ပန်းမြို့ပြန်လိုက်အပြင် ခင်အေးသူတို့ လက်ငုတ်လက်ရင်း စားသောက်ဆိုင်ကိုလည်း ကြပ်မတ်ပေးရတယ်၊ ခင်အေးသူ အစ်ကိုကြီးက အစိုးရလခစားဆိုတော့ အချိန် မပေးနိုင်သလို စိတ်လည်း သိပ်မဝင်စားဘူး။ အဲဒါကြောင့် ခင်အေးသူတို့ တစ်အိမ်လုံးက ကျွန်တော့်ပဲ အားကိုးကြတယ်။

ကျွန်တော့်အနေက အဲဒါကြောင့် စိတ်ကို အလုပ်မှာပဲ နှစ်မြှုပ်ထားပြီး စားတော်ပဲ၊ ဆီ၊ ဆန် အထိ လုပ်လာနိုင်တယ်။ ကြွေးဆပ်ပြီးတဲ့အပြင် ကိုယ်ပိုင်ငွေလည်း လေးငါးထောင် ရှိလာတယ်။ ဒီကြားထဲ ဦးကံထွန်းကလည်း ခင်အေးသူတို့ မိသားစုကို မန္တလေး လာလည်ကြဖို့ ခဏခဏ မှာနေတယ်။ ခင်အေးသူအဖေက မှတ်မှတ်ရရ မန္တလေးကို သွားမလည်ကြမီ တစ်ရက်က အလုပ်တော်လို့ဆိုပြီး ကျွန်တော့်ကို နာရီတစ်လုံး ဘောက်ဆူးအဖြစ် ဝယ်ပေးတယ်။ မန္တလေးကိုလည်း မိသားစု သွားလည်ဖြစ်ကြတယ်။ တစောင်းစေးနဲ့ မျက်ချေးဖြစ်နေတဲ့ ခင်အေးသူအဒေါ် လည်း ပါလာတယ်။

မန္တလေးရောက်တိုင်း ကျွန်တော်တို့ လင်မယား မန္တလေးနေရေးနဲ့ ပန်းမြို့နေရေးတို့အတွက် စကားပြောကြရတယ်။ ဒါပေမယ့် ဒီတစ်ခါ





ခင်အေးသူတို့ အမေ အဖေတွေပါ ပါလာလို့ အတင်းအဓမ္မတော့ မပြောကြတော့ဘူး။ နားညည်း နည်းနည်းသက်သာရာရတယ်။ ကျွန်တော့်အနေကလည်း မွေးစားအမေ အဖေ ဘယ်လောက်ကောင်းကောင်း ကိုယ့်ယောက္ခမ၊ ကိုယ့်မိန်းမဘက်ပဲ နေချင်တော့တယ်။ ခင်အေးသူတို့ မိဘနှစ်ပါးနဲ့ အဒေါ်၊ တူမတွေကို မန္တလေးမြို့အနှံ့ ကျွန်တော် ဦးကံထွန်းကားနဲ့ လိုက်ပြရတယ်။ ခင်အေးသူကတော့ အရင်လည်း မကြာမကြာ ရောက်ဖူးတဲ့အပြင်၊ ခု ကိုယ်ဝန်လည်း ရှစ်လကျော်နေပြီမို့ အိမ်မှာပဲ နေတယ်။ မန္တလေးမှာ သုံးရက်နေပြီး ကျွန်တော်တို့ ပန်းမြို့ကို ပြန်လာခဲ့ကြတယ်။

ကျွန်တော် အရင်ကထက် အရောင်းအဝယ်ကို ပိုဂရုစိုက်လုပ်တယ်။ အားလပ်တဲ့အချိန်တွေမှာ သစ်တော်ခြံနဲ့ စားသောက်ဆိုင်ကိုလည်း အမြဲကြပ်မတ်တယ်။ မန္တလေးကို ဘုရားဖူးလိုက်လာကတည်းကပင် ကျွန်တော့်အခြေအနေကို သိသွားတဲ့ ခင်အေးသူ အဒေါ်နဲ့လည်း ကြည်သွားလို့ ပိုဝမ်းသာရတယ်။ ဆိုင်ချင်းနီးတော့ သူ့ကို ဆိုင်ကြည့်ခိုင်းလို့လည်း ရတယ်။ ခင်အေးသူအတွက် သူကပဲ ဗိုက်ဖုံးအင်္ကျီတွေ တစ်ထည်ပြီး တစ်ထည် ချုပ်ပေးလာတယ်။ ကျွန်တော် သဘောကောင်းကြောင်းလည်း ပြောလာတယ်။ အစကဆို တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်မရ ဖြစ်ခဲ့ကြတယ်။ခင်အေးသူကိုယ်ဝန်ကို သူ့အမေ အဖေတို့က ပန်းမြို့ဆေးရုံကြီးက ဆရာဝန်ကြီးဆီမှာ အပ်ထားကြတယ်။

ဒီလိုနဲ့ တနင်္လာနေ့ တစ်နေ့မှာ ခင်အေးသူ သမီးလေးတစ်ယောက် မွေးတယ်။ တစ်ဆွေလုံး တစ်မျိုးလုံး ဝိုင်းချစ်ကြတာ တုန်နေတာပဲ။ သမီးလေးကို အမေ အဖေ နာမည်ပါ ပါအောင်ဆိုပြီး ခင်သူသူမြင့် လို့နာမည်ပေး ကင်ပွန်းတပ်လိုက်ကြတယ်။ နောက်တစ်နေ့မှာ မန္တလေးက ဦးကံထွန်းတို့ လင်မယား ရောက်လာကြတယ်။ သမီးလေး ကင်ပွန်းတပ်ရက်မမီလိုက်လို့ တဗျစ်ဗျစ်တောက်တောက်နဲ့ ကျွန်တော့်ကို အပြစ်တင်ကြတယ်။ ခမည်းခမက်တွေ ပျော်ပျော်ရွှင်ရွှင်နဲ့ စကားပြောကြရင်း ကျွန်တော်တို့ လင်မယားကို မန္တလေးခေါ် သွားဖို့ ဦးကံထွန်းတို့ လင်မယားက တောင်းဆိုလာကြပြန်တယ်။ ခင်အေးသူတို့ အမေ အဖေတွေကလည်း ကလေး

ငယ်သေးတယ်။ ငါးလ ခြောက်လလောက်မှ ခေါ်ဖို့ အလည်ပဲ အပိုင်နေဖို့ မဟုတ်ဘူးလို့လည်း ပြောကြတယ်။ အဲဒါနဲ့ ဦးကံထွန်းတို့ လင်မယားက ခြောက်လလောက်ဆို သမီးလေးကို လာခေါ်မယ်ပြောပြီး မန္တလေးကို ပြန်သွားကြတယ်။ ကျွန်တော်တို့ ကလေးအတွက် လိုချင်တာဝယ်ဖို့ ငွေရှစ်ရာလည်း ပေးသွားကြတယ်။

ဒီလိုနဲ့ တစ်နေ့မှာ ခင်အေးသူက ရုပ်ရှင်ကြည့်ချင်တယ်ဆိုလို့ တူမလေးတစ်ယောက်နဲ့အတူ ကျွန်တော်တို့လင်မယား ရုပ်ရှင်ကြည့် ထွက်လာကြတယ်။ အဲဒီနေ့က ဖြစ်ချင်တော့ ကျွန်တော့်အိတ်ထဲမှာ ငွေနှစ်ဆယ့်ငါးကျပ်ပဲ ပါတယ်။ လက်မှတ်ဝယ်၊ မုန့်ဝယ်၊ လက်ဖက်ရည် ဝင်သောက်နဲ့၊ နောက်တော့ ကျွန်တော့်အိတ်ထဲမှာ ငွေတစ်ဆယ်ပဲ ကျန်တော့တယ်။ကျွန်တော်တို့ လက်ဖက်ရည်ဆိုင်က အထွက်မှာ ရုပ်ရှင်ရုံအနောက်သချိုင်းကုန်းဘက်ကနေ လူသုံးယောက် ကျွန်တော့်ဆီကို တည့်တည့်တန်းတန်း လာနေကြတာ မြင်နေရတယ်။ အနားရောက်တော့ ထွန်းဇော်ကြီးနဲ့ နဘားအောင်အောင်တို့ကို တွေ့ရတယ်။ ကျန်တစ်ယောက်ကိုတော့ ကျွန်တော် မသိဘူး။ သုံးယောက်စလုံး ဆံပင်တွေက အတော်လေး ရှည်ပြီး နှစ်ယောက်က ဘောင်းဘီအရှည် ဘဲလ်ခေါင်းလောင်းအောက်ပွနဲ့မို့ ပတ်ဝန်းကျင်က ကျွန်တော်တို့ကို ကြည့်နေကြတယ်။ ထွန်းဇော်ကြီးက နှုတ်ခမ်းမွေး၊ ပါးမြိုင်းမွေး ထူလဗျစ်နဲ့ ဖြစ်နေတယ်။

"ပျံ့လွှား၊ ငါ့ကို ကူညီပါကွာ၊ ခု လောလောဆယ် ခရီးသွားစရာရှိလို့ ငွေတစ်ရာ့ငါးဆယ်လောက် ခဏချေးပါ" ဆိုပြီး ကျွန်တော့်ဆီ တောင်းတယ်။ ကျွန်တော်လည်း မြင်မြင်ချင်း ဒေါသဖြစ်သွားမိတယ်။ လူဆိုးဘဝသာ ဆိုရင်တော့ ကျွန်တော့်အနေနဲ့ ပေးကမ်းချော့မော့ပြီး ရထားပေါ် အလုပ်အတူလုပ်ကြရအောင် ပြောပြီး ခေါ်လာမယ်။ရထားပေါ်ရောက်မှ သတ်ပစ် ကန်ချလို့ ရတယ်။ ဒါပေမယ့် ကျွန်တော့်ဘဝက အခုမှ လူကောင်းလေးဖြစ်မယ်ကြံသေး၊ ပတ်ဝန်းကျင်ဆိုလည်း ကျွန်တော့်အပေါ်ကို ယုံယုံကြည်ကြည်နဲ့ ဆက်ဆံနေကြပြီ။ အရင်က ကြည့်မရပါဘူးဆိုတဲ့ လူတွေတောင် အခုဆို ချီးမွမ်းတဲ့လူနဲ့၊ ပစ္စည်းမျိုးစုံ မှာတဲ့လူနဲ့ ဆိုတော့ ကျွန်တော့်မှာ အစစအရာရာကို အတိမ်းအစောင်း မဖြစ်အောင် နေနေရ





တဲ့အချိန် ဖြစ်နေတယ်။

ထွန်းဇော်ကြီးကတော့ ကျွန်တော့်အပေါ်ကို တစ်ခါလည်း ကျောထားပြီးပြီ။ အခုလည်း ထပ်ပြီး ရင့်တဲ့ အနေနဲ့ ငွေလာတောင်းနေတယ်ဆိုတော့ အိတ်ထဲ ငွေပါလည်း ကျွန်တော် ပေးမှာ မဟုတ်ဘူး။ အခုတော့ ပါလည်း အမှန်မပါတဲ့အတွက် မပါကြောင်း ပြောပြလိုက်တယ်။ ငွေမရတော့ လက်က နာရီကို တောင်းတယ်။ နာရီက ခင်အေးသူတို့အဖေ ဘောက်ဆူးချထားတဲ့နာရီ၊ ဘေးက ခင်အေးသူနဲ့ သူ့တူမလေးကလည်း မျက်လုံးလေး ကလယ်ကလယ်နဲ့ ကျွန်တော်တို့ကို ငေးကြည့်နေကြတယ်။ တခြားလူတွေကလည်း ကွက်ကြည့်ကွက်ကြည့် လုပ်နေကြတယ်။ ကြာရင် ဒီထက် အခြေအနေဆိုးလာမှာမို့ "မပေးဘူးကွာ၊ မရှိဘူး" ဆိုပြီး ခင်အေးသူတို့ တူဝရီးကို လက်ဆွဲပြီး ရုပ်ရှင်ရုံထဲ ဝင်လာတယ်။

ရုပ်ရှင်ရုံထဲက ခုံမှာ ထိုင်မိကြတော့ ခင်အေးသူက "ဘယ်ကလဲ၊ ဘာတော်လဲ" လို့ မေးတယ်။ "တစ်ချိန်က အရောင်းအဝယ် အတူလုပ်ခဲ့ကြတဲ့ မိတ်ဆွေတွေပါ။ ငွေချေးတာ မရှိလို့ မရှိဘူး၊ ပါမလာဘူးပြောခဲ့တယ်။ စိတ်ဆိုးလည်း မတတ်နိုင်ဘူး" လို့ ပြောလိုက်တယ်။ ရုပ်ရှင်ပြီးတော့ သုံးယောက်သား အိမ်ကို တန်းပြီး ပြန်လာခဲ့ကြတယ်။ အိမ်ကိုရောက်ရောက်ချင်း အခန်းထဲဝင်ပြီး ကျွန်တော် စဉ်းစားနေတယ်။ တော်တော်နဲ့ အိပ်မပျော်ဘူး။ အဲဒါကြောင့် ခင်အေးသူတို့ အဘိုးအဘွားကြားထဲက သမီးလေးကို ပွေ့ချီပြီး ခင်အေးသူကို နို့တိုက်ခိုင်းတယ်။ သမီးလေး နို့ဝလို့ အိပ်သွားတော့မှ ကျွန်တော်လည်း အဘိုးအဘွားဆီ ကလေးပြန်ပို့ပြီး ပြန်အိပ်လိုက်တယ်။

မနက်မိုးလင်းတော့ လက်ဖက်ရည် ဆင်းသောက်တယ်။ စောသေးတဲ့အတွက် စားသောက်ဆိုင်တော့ မဖွင့်သေးဘူး။ ခင်အေးသူ အဖေကတော့ ထုံးစံအတိုင်း စောစောစီးစီး လမ်းလျှောက်ထွက်သွားတယ်။ ခင်အေးသူအမေက ဈေးသွားတယ်။ လူငှားလေး အောင်ငြိမ်း အောက်ထပ်မှာ ဆိုင်အခင်းအကျင်းတွေ ပြင်ဆင်နေတယ်။ လက်ဖက်ရည်သောက်ပြီး ကျွန်တော် အပေါ်ထပ်ကို ပြန်တက်လာတယ်။ ခင်အေးသူတို့ သားအမိနှစ်ယောက်နားထိုင်ရင်း သမီးလေးကို မြူနေတယ်။

မနက် ခုနစ်နာရီလောက်မှာ ခင်အေးသူ အဖေ လမ်းလျှောက်ရာက ပြန်လာတယ်။ "အဖေ ဒီနေ့ ပြန်လာတာ စောသလားလို့" ဆိုပြီး ခင်အေးသူက မေးတယ်။ ခါတိုင်းဆို မနက်ကိုးနာရီ၊ ဆယ်နာရီလောက်မှ ပြန်ရောက်တတ်တာကိုး။ "သမီးတို့ ညက ရုပ်ရှင်သွားကြည့်ကြတယ်နော်" လို့ သူ့အဖေက ခင်အေးသူကို ဘာမှန်းမသိ မေးတယ်။ "ဟုတ်ကဲ့ အဖေ" လို့ ခင်အေးသူက ဖြေလိုက်တော့ "အေးကွယ် ညက ပန်းမြို့ရုပ်ရှင်ရုံထဲက ရုပ်ရှင်ပြစက်နှစ်လုံး သူခိုးခိုးခံရတယ်တဲ့။ တစ်ခါမှ ဒီလို မဖြစ်ဖူးဘူးဆိုတော့ ရဲတွေလည်း အပူတပြင်း လိုက်စုံစမ်းနေကြတယ်" လို့ ပြောတယ်။

ကျွန်တော် ချက်ချင်း သိလိုက်ပါပြီ။ ညက ထွန်းဇော်ကြီး၊ နဘားအောင်အောင်နဲ့ ကျွန်တစ်ယောက် လက်ချက်ပဲ ဖြစ်ရမယ်လို့ တွေးလိုက်မိတယ်။ ခင်အေးသူအမေလည်း ဈေးကပြန်လာပြီး စားသောက်ဆိုင်ကို လူငှားနှစ်ယောက်နဲ့ ဖွင့်ဖို့ လုပ်နေကြတယ်။ ကျွန်တော်ကတော့ မနက်ကိုးနာရီရထားနဲ့ မန္တလေးကို ပစ္စည်းသွားဝယ်ရမှာ ဖြစ်တဲ့အတွက် ပြင်ဆင်နေတယ်။ ခင်အေးသူအဖေက အိမ်အောက်ထပ် ပက်လက်ကုလားထိုင်မှာ ဇိမ်နဲ့ထိုင်ပြီး ဆေးတံဖွာနေတယ်။

ရှစ်နာရီလောက်မှာ ရဲသုံးယောက်နဲ့ ဒုလုံခြုံရေးမှူးတစ်ယောက် စားသောက်ဆိုင်ထဲ ဝင်လာကြတာ ကျွန်တော် မြင်လိုက်တယ်။တစ်ခါမှ စောစီးစီး ဒီလို စားသောက်ဆိုင်ထဲကို ရဲတွေ မလာဖူးဘူး။ ဘယ်လိုများ ပတ်သက်နေလို့ပါလိမ့်ဆိုပြီး အပေါ်ထပ်ကြမ်းနဲ့ နားကပ်ပြီး နားထောင်နေမိလိုက်တယ်။

"ကျော်မြင့် (ခ) ကျော့မောင် ဒီအိမ်မှာ ရှိပါသလား ခင်ဗျာ" ဆိုပြီး စမေးတယ်။ ခင်အေးသူအဖေက "ဘာကိစ္စလဲ" ဆိုတော့ "ကျွန်တော်တို့ ကိစ္စလေးတစ်ခု ရှိလို့ပါ ဦး၊ ခဏလောက် တွေ့ပါ ရစေ" တဲ့။

ကျွန်တော် အတော်လေး စိုးရိမ်သွားတယ်။ အဲဒီအချိန်မှာ ကျွန်တော့် သမီးလေးက ကျယ်ကျယ်လောင်လောင် အော်ငိုနေတယ်။ ခင်အေးသူအမေက ကြားဝင်ပြီး "မနက်ကပဲ အလှကုန်ပစ္စည်းတွေဝယ်ဖို့ မန္တလေးကို ကားနဲ့ ထွက်သွားတယ်" လို့ ညာပြောလိုက်သံ ကြားနေရတယ်။

ကျွန်တော် ချက်ချင်း အကြောက်လွန်ပြီး အိမ်နောက်ဘက် မီးဖို





ဆောင်က ထပ်ခိုးပေါ် တက်ပုန်းနေလိုက်တယ်။ ခင်အေးသူကို "တကယ်လို့ ရဲတွေ တက်လာရင် မရှိဘူး၊ မန္တလေးကို သွားတယ်" လို့ ပြောခိုင်းထားတယ်။ နာရီဝက်လောက်ကြာတော့ ခင်အေးသူက လာခေါ်တယ်။ ကျွန်တော်လည်း အောက်ကိုပြန်ဆင်းပြီး ပတ်ဝန်းကျင် အခြေအနေကို ကြည့်လိုက်တယ်။ ခင်အေးသူအဖေ အိမ်ပေါ်ထပ်ကို တက်လာတယ်။ ခင်အေးသူ အမေက မြေးမလေး ခင်သူသူမြင့်ကို ချီထားတယ်။ ကျွန်တော် အိမ်ရှေ့ထွက်လိုက်တော့ ခင်အေးသူအဖေက "မတ်တတ်ရပ်မနေနဲ့ ထိုင် ထိုင်" ဆိုပြီး ပြောတယ်။

"ငါ့သားတို့ ညက ရုပ်ရှင်သွားကြည့်ကြတာ ဟုတ်မဟုတ်၊ ဘယ်နှစ်နာရီ ဘယ်အချိန်လောက်မှာ အိမ်ကို ပြန်ရောက်ကြသလဲ ဆိုတာတွေကို ရဲတွေက မေးလို့ ဖြေလိုက်ရတယ်။ ငါ့သား မှတ်ပုံတင်ကို ရုပ်ရှင်ပြစက် အနားက ကောက်ရတယ်တဲ့။ အဲဒါကြောင့် လူတွေ့ပြီး မေးစရာ ရှိတာလေးကို မေးချင်လို့ဆိုပြီး ပြောတဲ့အတွက် မင်းအမေက မန္တလေးကို ပစ္စည်းသွားဝယ်တယ်လို့ ပြောလိုက်ရတယ်။ ဒုလုံခြုံရေးမှူးကတော့ သားကြီးနဲ့ သူငယ်ချင်းလို့ပြောတယ်။ သားကြီးလာမှ မေးကြည့်ရဦးမယ်။ မင်းကို မင်းအမေက ခုချက်ချင်း ဖမ်းသွားလိမ့်မယ်ထင်ပြီး လိမ်ပြောလိုက်ရတာ၊ ငါ့သားတို့ ဘယ်လို ဖြစ်လာကြတယ်ဆိုတာလဲ အဖေတို့ကို ပြောပြထားဦး" လို့ ခင်အေးသူ အဖေက ပြောတယ်။

ကျွန်တော် ညက ခင်အေးသူတို့ တူဝရီးနဲ့ ရုပ်ရှင်အတူကြည့်ပြီး ပြန်လာကြကြောင်းလောက်ပဲ တိုတိုပြောလိုက်တယ်။ မှတ်ပုံတင်ကိစ္စကို ခင်အေးသူတို့ အဖေက ထပ်မေးနေပြန်တော့ ၁၉၇၂ ခု ဆယ်လပိုင်းက ရွှေဘိုဈေးအနီးမှာ ကျပျောက်ခဲ့ကြောင်း ယုတ္တိရှိအောင် လည်ဆယ်ပြောရတယ်။ ရွှေဘိုမင်္ဂလာကန်ရေတံခါးမှာ ပျောက်ကြောင်းနဲ့ ထွန်းဇော်ကြီးတို့ ယူသွားကြောင်းကိုတော့ ထိမ်ချန်ထားရတယ်။ ရုပ်ရှင်ပြစက်နဲ့ ပတ်သက်လို့ကတော့ ကျွန်တော် ဘာဆိုဘာမှ မသိကြောင်း ပြောပြရတယ်။

အဲဒီအချိန်မှာ ရထားက ဘူတာထဲ ဝင်လာနေတယ်။ ကျွန်တော့် အနေနဲ့ ဒီရထားကို ဘယ်နည်းနဲ့မှ စီးလို့ မဖြစ်ဘူးဆိုတာ သိလိုက်တယ်။ ရဲဆိုတာက သူများပြောတိုင်း ယုံတာ မဟုတ်ဘူး။ တစ်နေရာရာက စောင့်

ချင် စောင့်နေမှာ။ ဘုတာဘေးပတ်ဝန်းကျင် ဆိုတာလည်း လုံးလုံး စိတ်မချရဘူး။ အဲဒါကြောင့် ငွေအနည်းငယ်နဲ့ အဝတ်အိတ်ကိုယူပြီး ခင်အေးသူတို့အမေကို ပြောရတယ်။ "ကျွန်တော် မခိုးဘဲနဲ့ ခါးစာခံတော့ ဖြစ်နေပြီ၊ လောလောဆယ် ကျွန်တော့်အနေနဲ့ ဒါတွေကို ရှင်းပြရင် အမှုမှန် မပေါ်မချင်း ကျွန်တော်ပဲ အဖမ်းခံနေရမယ် အမေ၊ အဲဒါကြောင့် ခုကတည်းက မန္တလေးကို ရှောင်နေမယ်" လို့ ပြောလိုက်ပြီး ယောက္ခမတွေကို ထိုင်ကန်တော့တယ်။ ရထားကတော့ အဲဒီအချိန်မှာ ထွက်သွားပြီ။ ခင်အေးသူမိဘတွေက ကျွန်တော့်အကြောင်းကို မသိကြတော့ အရိုးခံအတိုင်း မသွားဖို့ တားကြတယ်။ လူတွေ့ပြီး ရှင်းစေချင်ကြတယ်။ မဟုတ်မဟက်ကိစ္စပဲ ငါတို့ တာဝန်ယူတယ်တောင် ပြောကြသေးတယ်။ ဒါပေမယ့် ကိုယ့်အကြောင်း ကိုယ်သိလို့ ကျွန်တော်က အမျိုးမျိုးလှည့်ပတ် ပြောရတယ်။ ဒုလုံခြုံရေးမှူးက သူ့သား သူငယ်ချင်းဆိုလို့ ယောက်ဖလာအောင် စောင့်ဆိုင်းဖို့လည်း ဝိုင်းပြောကြသေးတယ်။ ဒါပေမယ့် ကိုယ့်အကြောင်းနဲ့ကိုယ်မို့ သူတို့စကားကို ကျွန်တော် အားလုံး ငြင်းလိုက်ရတယ်။

ကျွန်တော် သွားမယ်လုပ်တော့ ခင်အေးသူက ငိုတယ်။ သမီးလေးကတော့ မျက်လုံးလေး ကလယ်ကလယ်နဲ့ ပက်လက်ကလေး။ ခင်အေးသူရင်ခွင်ထဲမှာ ပြုံးလိုက်၊ လက်မြှောက် ခြေမြှောက် လုပ်လိုက်နဲ့ မိဘတွေအကြောင်း သမီးလေး ဘာမှ မသိရှာဘူး။ ကျွန်တော် သမီးလေးကို ကုန်းနမ်းပြီး အိမ်အပေါ်ထပ်ကနေ အိမ်နောက်ဖေးဘက် ထွက်လာတယ်၊ အိမ်နောက်ဖေးဘက်ကနေ ဘေးပတ်ဝန်းကျင်ကို အကဲခတ်ပြီး အိမ်အောက်ကို နောက်ဖေး လှေကားကနေ ဆင်းလာခဲ့တယ်။ နောက်ကိုလှည့်ကြည့်လိုက်တော့ ခင်အေးသူတို့ မိသားစုတွေ ကျွန်တော့်ကို ရပ်ကြည့်နေကြတယ်။ ခင်အေးသူကတော့ ခုထိ သမီးလေးကိုချီပြီး ငိုနေတာ တွေ့ရတယ်။

ကျွန်တော် အတော့်ကို စိတ်မကောင်း ဖြစ်သွားမိတယ်။ ဘယ်လိုမှ သူတို့ သားအမိ၊ မိသားစုတွေနဲ့ မခွဲချင် မသွားချင်ပေမယ့် အဖမ်းတော့ မခံနိုင်ဘူးဆိုပြီး ထွက်လာခဲ့ရတယ်။ အိမ်နောက်ဖေး ကြက်တောင်ရိုက်ကွင်းကိုကျော်ပြီး ရထားသံလမ်းပေါ်ကို တက်လာခဲ့တယ်။ ရထားသံလမ်





အရှေ့ဘက်မှာဆိုရင် သစ်လုံးကြီးတွေ ရှိတယ်။ အဲဒီဘက် ရုတ်တရက်သာ ထွက်လာမိပေမယ့် ဘယ်ကိုသွားပြီး ကားစီးရမှန်းမသိ ဖြစ်နေတယ်။ ရထားကတော့ မရှိတော့ဘူး။ မနက် (၁၀) နာရီကျော်ရင် နောက်ဆုံးပဲ။

အဲဒါနဲ့ ဘူတာအရှေ့ဘက်က သစ်စက်ကိုပတ်၊ လယ်ကွင်းတွေကို ကျော်ပြီး မြို့ပြင်လောက်နေ ကားစောင့်နေတယ်။ ပတ်ဝန်းကျင်က လူတွေ မမှတ်မိအောင် ဦးထုပ်ကို မျက်နှာနားထိ ဆွဲချဆောင်းထားရတယ်။ (၁၂) နာရီလောက်မှာ ကုန်ကားတစ်စီး မောင်းလာတဲ့အတွက် သစ်ပင်ရိပ်ကနေ ထွက်ပြီး ကားကို တားရတယ်။ ကားသမားက "ဘယ်ကိုသွားမလို့လဲ"ဆိုတော့ ကျွန်တော်က "မန္တလေးကို လိုက်ပါရစေ"လို့ ပြောလိုက်တယ်။ ကားသမားက "မန္တလေးတော့ မရောက်ဘူးဗျာ၊ ကျွန်တော်တို့ကားက ရွှေဘို အထိပဲ သွားမှာပါ"လို့ ပြန်ပြောတယ်။ "အဲဒါဆိုလည်း ရွှေဘိုအထိတော့ လိုက်ပါရစေ"ပြောပြီး တက်လိုက်လာတယ်။

ကျွန်တော့်လိုပဲ ကားကြုံလိုက်လာတဲ့ ခရီးသည် လေးငါးဦးကို ကားနောက်မှာ တွေ့ရတယ်။ ကားပေါ်မှာ အထပ်သားတွေ တင်လာကြတယ်။ ကျွန်တော် ကားပေါ်ရောက်တော့ အသိတွေများ ပါလာသေးလားလို့ မသိမသာ အကဲခတ်ကြည့်ရသေးတယ်။ တော်သေးတယ်။ တစ်ယောက်မှ မပါဘူး။ ဒါပေမယ့် ဦးထုပ်ကိုတော့ မချွတ်ရဲသေးဘူး။ ကားက ရွှေဘိုကို လေးနာရီခွဲလောက်မှာ ရောက်လာတယ်။ ကားခငွေပေးပြီး မနက်စာနဲ့ ညစာကို မြူနီစီပါယ်ဈေးအနီးက ပခုက္ကူထမင်းဆိုင်မှာ အဝစားလိုက်တယ်။

ထမင်းစားသောက်ပြီး ကားဂိတ်ကို ပြန်လာခဲ့တယ်။ ကားဂိတ်မှာ မန္တလေးသွားမယ့်ကား တစ်စီးမှ မရှိတော့ဘူး။ အဲဒါကြောင့် ရွှေဘိုမြို့ အိန္ဒြာရပ်က ကိုရဲဆီကို ထွက်လာခဲ့တယ်။ ကိုရဲကို အဆင်သင့်ပဲ တွေ့ရတယ်။ အဲဒါကြောင့် ကိုရဲကို အရောင်းအဝယ်ကိစ္စနဲ့ ရွှေဘိုကို ခဏလာတာ မနက်ပြန်မယ်၊ ဒီတစ်ညတော့ ကိုရဲဆီပဲ တည်းခိုမယ်ဆိုပြီး ဝင်လာတာဆိုတော့ ကိုရဲက ကျွန်တော့်ကို ဇဝေဇဝါဖြစ်ပြီး ကြောင်ကြည့်နေတယ်။ ပန်းမြို့က သတင်းများ ဒီလူ ကြားထားလို့လားဆိုပြီး မနည်းလန့်သွားသေးတယ်။ အမှန်က ဘယ်လိုမှ ဒီလောက် မြန်မြန်ဆန်ဆန်ကြီး

သတင်းကြားနိုင်မှာ မဟုတ်ဘူးဆိုတာ နောက်မှ ပြန်တွေးမိပြီး ကိုရဲကို ရှင်းပြရတယ်။ "ကျွန်တော့်ကို မမှတ်မိတော့ဘူးလား။ မန္တလေးက ထွန်းခိုင် သူငယ်ချင်းပါ။ မိန်းမသွားခိုးလို့ ဒီမှာတောင် တစ်ညတည်းခိုသွားတာလေ ကိုရဲ"လို့ ရင်းရင်းနှီးနှီး ပြောလိုက်တော့မှ ဝမ်းသာအားရ ရယ်တယ်။ "ဘယ်လိုမှ မအောက်မေ့နဲ့ဗျို့၊ ကျွန်တော်က အပေါင်းအသင်းများတော့ တစ်ခါတစ်ခါ ဒီလိုပဲ မမှတ်မိလို့ မိတ်ပျက်တာလည်း များပြီ"တဲ့။ နောက်တော့ ကျွန်တော့်ကို ကောင်းကောင်းမွန်မွန် ရင်းရင်းနှီးနှီး ဆက်ဆံပြီး လက်ခံတယ်။

ကိုရဲက ဇဝေဇဝါဖြစ်ပြီး အင်တင်တင်လုပ်နေတုန်းက ကျွန်တော့်ကို အရင်က ရွှေဘိုဘုရားပွဲမှာ ထိန်းသိမ်းထားပြီး မွေးစားမယ်ဆိုတဲ့ တရားသူကြီးဆီတောင် စိတ်ရောက်သွားသေးတယ်။ ကိုရဲအိမ်နဲ့ သူ့အိမ်က အတော်တော့ ဝေးတယ်။ နောက်တော့ ကိုရဲကလည်း "တစ်ည မဟုတ်ပါဘူးဗျာ၊ ခင်ဗျား နေချင်သလောက်နေလို့ ရပါတယ်"ဆိုတာနဲ့ တရားသူကြီးဆီသွားပြီး လိမ်ညာ မတည်းဖြစ်ခဲ့တော့ဘူး။

မနက်စောစောထပြီး ရွှေဘို ကိုရဲအိမ်က စစ်ကိုင်းကို ကားစီးလာခဲ့တယ်။ စစ်ကိုင်းရောက်တော့ စစ်ကိုင်းစိန်မျက်လုံးတို့ အိမ်ဟောင်းကို မတွေ့ရတော့ဘူး။ အိမ်သစ် ပြန်ဆောက်ထားတယ်။ အိမ်က အတော်လေး သပ်ရပ်ပြီး အရင်အိမ်ထက်လည်း ကြီးတယ်။ ပထမတော့ ကျွန်တော်က အိမ်များ မှားသလားတောင် ထင်မိတာ။ ဘက်အိတ်တစ်လုံးလွယ်ပြီး အိမ်ရှေ့မှာ ရပ်နေတော့ စိန်မျက်လုံးညီမ ရူပါက "ကိုကျော်မြင့်ကြီး လာလေ" ဆိုပြီး ထွက်ခေါ်တယ်။ အိမ်ပေါ်ရောက်တော့ စိန်မျက်လုံး အမေက "မျက်နှာလည်း ညှိုးလို့ပါလား၊ သား ဘာဖြစ်လာတာလဲ" လို့ မေးတယ်။ ရူပါတို့ မောင်နှမတွေလည်း ကျွန်တော့်ကို ငေးကြည့်ပြီး အရင်လို မဟုတ်ဘဲ မှိုင်မှိုင်ကြီး ဖြစ်နေတဲ့အတွက် ရုတ်တရက် စကားမပြောဝံ့ ဖြစ်နေကြတယ်။

ကျွန်တော် အိမ်ထောင်ကျနေတယ်ဆိုတာတော့ သူတို့ သိကြတယ်။ ဒါပေမယ့် ကျွန်တော့်မိန်းမကိုတော့ သူတို့ တစ်ခါမှ မမြင်ဖူးကြဘူး။ ရုတ်တရက် ကျွန်တော်လည်း ဘယ်ကစပြီး ဘယ်လိုပြောရမှန်း မသိလောက်အောင်ကို စိတ်ထွေနေတာနဲ့ စကားပြန်မပြောဘဲ အတော်ကြာကြာလေး





ထိုင်နေမိတယ်။ ပြီးတော့မှ ကိုယ့်ကို မေးထားတာ မဖြေဘဲ "စိန်မျက်လုံး ဘယ်ကိုသွားလဲ အဒေါ်" လို့ စိန်မျက်လုံးအမေကို မေးမိလိုက်တယ်။

"မန္တလေးကို သွားတယ်ကွယ့်၊ အခု ညရထားနဲ့ ပြန်လာမယ်လို့ ပြောသွားတယ်။ သား ဘာကိစ္စ အရေးကြီးလို့လဲ"

စိန်မျက်လုံးအမေကလည်း သူခိုးလူဆိုးအမေဆိုတော့ သူ့စိတ်ထဲ တစ်ခုခု စိုးရိမ်သွားပုံရတယ်။ ကျွန်တော့်မျက်နှာကို အကြာကြီး စိုက်ကြည့်နေတယ်။ သူ့သားနဲ့ ပတ်သက်လို့ ကျွန်တော် သူ့သားအပေါ် မကျေနပ်ချက် တစ်ခုခုဖြစ်လာတယ်လို့ ထင်နေပုံရတယ်။ အဲဒါကြောင့် တစ်အိမ်လုံးက ငြုန်းခနဲ စကားဖော်ဖော်ရွှေရွှေ မပြောဝံ့ ဖြစ်နေကြတယ်။ သူတို့ ထင်မယ်ဆိုလည်း ထင်တော့ ထင်စရာပဲ။အရင်က စိန်မျက်လုံးနဲ့ ကျွန်တော်တို့ဟာ အလုပ် အတူလုပ်ဖက်ကိုး။ သူခိုးဓားပြဆိုတာက ဝေစုမတည့်တဲ့ ကိစ္စတွေလည်း ရှိတတ်ကြတယ်။

အမှန်က စိန်မျက်လုံးတို့ မိသားစုဟာ ကျွန်တော့်အပေါ်ကို သားချင်းဆွေမျိုးတွေလို ခင်ရှာကြတယ်။ အစစအရာရာ လိုလေသေး မရှိအောင်လည်း ပြုစုဖူးကြတယ်။ ညဆယ်နာရီလောက်မှာ စိန်မျက်လုံး သားရေသေတ္တာတစ်လုံးနဲ့ ပြန်ရောက်လာတယ်။ ကျွန်တော်လည်း အိပ်လို့မရတာနဲ့ စိန်မျက်လုံး ပြန်လာသံ ကြားကြားချင်း ချက်ချင်း ထလာတယ်။ ခရီးရောက်မဆိုက်ဘဲ ကျွန်တော် ဖြစ်လာခဲ့ရတဲ့ အကြောင်းကို စိန်မျက်လုံးကို အမှန်အတိုင်း ပြောပြလိုက်တယ်။ ထွန်းဇော်ကြီးကို မတွေ့ဘူးလား မေးတော့ အိမ်ကို တစ်ခါလာပြီး နောက်ပိုင်း မုံရွာဘက်မှာ နဘားအောင်အောင်နဲ့အတူ ဟုမ္မလင်းထွက်မယ့် သင်္ဘောပေါ်မှာ တစ်ခါတွေ့တယ်။ အဲဒီနောက်ပိုင်းတော့ မတွေ့တော့ဘူး ပြောတယ်။

ထွန်းဇော်ကြီး ကျွန်တော့်ကို တရားခံ လုပ်သွားတာကို စိန်မျက်လုံးကလည်း မကျေနပ်ဘူး။ ကျွန်တော်နဲ့ မရခင်တုန်းက ခင်အေးသူကို သူ တစ်ခါ မြင်ဖူးထားတော့ သနားနေတယ်။

ကျွန်တော်က "ငါလည်း မလုပ်ရဘဲ ဒီကောင့်ကြောင့် တရားခံပြေး ဖြစ်နေပြီ၊ ငါဘာလုပ်ရင် ကောင်းမလဲ အကြံပေးပါဦး" ဆိုတော့ စိန်မျက်လုံးက "ထွန်းဇော်ကြီးကို တွေ့မှ ဒီကိစ္စက ရှင်းလို့ ရမှာကွ၊ ဒီတော့ ထွန်း

ဇော်ကြီးကို တွေ့အောင် ရှာရမယ်။ သစ္စာမရှိတဲ့အကောင်ကို တွေ့ရင်နီးရာ ရဲစခန်း အပ်လိုက်၊ ဒါ အကောင်းဆုံးပဲကွာ" လို့ ပြောတယ်။

ကျွန်တော်လည်း စိန်မျက်လုံး ပြောသလို ထွန်းဇော်ကြီးကို သိပ်တွေ့ချင်နေတယ်။ အဲဒါကြောင့် ထွန်းဇော်ကြီးကို ရှာရင်း ကျွန်တော့်အတွက်လည်း လွတ်ကင်းနိုင်တဲ့ နေရာကို ရှာရဦးမယ်။ ဒီပုံအတိုင်း သွားလာရှာနေလို့ မဖြစ်သေးဘူး။ အရေးအကြီးဆုံးက မူရင်းပုံကို ပြောင်းရမယ်။ ထွန်းဇော်ကြီးဆိုတာက ကျွန်တော့် လက်ဦးဆရာ။ ကျွန်တော့်အရိပ်ကို မြင်တာနဲ့ မှတ်မိတဲ့လူ။ ပုံမပြောင်းဘဲ သွားနေရင် ကျွန်တော့်မှတ်ပုံတင်ကလည်း တစ်နေရာမဟုတ် တစ်နေရာမှာ ဒုက္ခပေးနိုင်တယ်။

အဲဒါကြောင့် စိန်မျက်လုံးနဲ့အတူ ကျွန်တော် မန္တလေးကိုသွားပြီး ဆံပင်အတုဝယ်ဖို့ လိုက်ရှာကြတယ်။ ပစ္စည်းက ဝယ်ချင်မှ ရှာမတွေ့ဘူးဖြစ်နေတယ်။ အဲဒါကြောင့် စိတ်ညစ်ညစ်နဲ့ မန်းသီတာဥယျာဉ်ထဲမှာ နှစ်ယောက်သား အမောဖြေရင်း တိုင်ပင်ကြတယ်။ ဒီတော့ စိန်မျက်လုံးက "ငါ အကြံရပြီကွ၊ ဓာတ်ပုံဆိုင်ကို သွားကြမယ်"ဆိုပြီး နှစ်ယောက်သားမြင်းလှည်းငှားပြီး (၅၂) လမ်းက ဓာတ်ပုံဆိုင်ကို လာခဲ့ကြတယ်။

ဓာတ်ပုံဆိုင်ကိုရောက်တော့ ဓာတ်ပုံဆရာကို ကျွန်တော် မှတ်မိသလိုပဲ၊ အဲဒါကြောင့် စိန်မျက်လုံးကို တိုးတိုးလေး မေးကြည့်တော့ "ဒါ ငါ့ကျောင်းနေဖက် သူငယ်ချင်းပါကွ၊ စစ်ကိုင်းကနေ မန္တလေးကို ပြောင်းလာတာ မကြာသေးဘူး" လို့ ပြောတယ်။ စိန်မျက်လုံး သူငယ်ချင်းကလည်း ကျွန်တော့်ကို သေသေချာချာကြည့်ပြီး မှတ်မိသလို၊ မမှတ်မိတော့သလိုနဲ့ စဉ်းစားနေတယ်။

သူကြည့်ရတာ မှတ်မိပုံ မပေါ်ဘူး ကျွန်တော်လည်း သူ့ကို တွေ့ဖူးတယ်ပဲထင်ပြီး ဘယ်မှာ တွေ့ဖူးမှန်း အစကို ရှာမရဘူး။ ဓာတ်ပုံဆိုင်က အတော်ကြီးကို ခေတ်မီသားနားတယ်။ စိန်မျက်လုံးက သူ့သူငယ်ချင်းကို

"ဒီက ငါ့အရင်းနှီးဆုံး အခင်မင်ဆုံး သူငယ်ချင်းပါကွာ၊ မင်းဆီက ဆံပင်တုတစ်ခု လိုချင်တယ်။ ဈေးထဲလိုက်ရှာတာလည်း နှံ့နေပြီ၊ ဘယ်မှာမှ မတွေ့လို့ ခု မင်းဆီကို ခေါ်လာတာ။ တို့ အလကား မယူပါဘူး။တန်ရာတန်ကြေးနဲ့ ဝယ်မှာပါ" ဆိုပြီး ပြောတော့ စိန်မျက်လုံး သူငယ်ချင်းက





"ငါ့မှာလည်း ရောင်းဖို့တော့ မရှိဘူးကွ၊ ပစ္စည်းက ဘုန်းကြီးလူထွက်တွေအတွက် မှတ်ပုံတင်ရိုက်ပေးဖို့ စပါယ်ရှယ်ထားရတာ။ မန္တလေးကဘုန်းကြီးများတော့ ဒါတွေ မရှိမဖြစ်လို့ ထားထားရတာ၊ မင်းတို့ လောလောဆယ် လိုချင်ရင် ယူသွား၊ ငါ့ကို နောက် အစားတစ်ခုတော့ ဝယ်ပေး" ဆိုပြီး ဆိုင်ထဲ ဝင်သွားတယ်။

သူပြန်ထွက်လာတော့ ဆံပင်အတု သုံးခု ပါလာတယ်။ တစ်ခုကလိုင်းတွန့်အိုမီဂါ၊ တစ်ခုက လိုင်းမပါတဲ့ ရိုးရိုးအိုမီဂါ၊ တစ်ခုကတော့အတော်လေးရှည်တယ်၊ ပုခုံးစွန်းထိကို ရှည်နေလို့ ကျွန်တော် မကြိုက်ဘူး။ အဲဒါကြောင့် လိုင်းတွန့်မပါတဲ့ ရိုးရိုးအိုမီဂါတစ်ခုကို သဘောတွေ့တယ် ဆံပင်ကလည်း ပျော့ပျော့လေးဆိုတော့ ကျွန်တော် အဲဒါကိုပဲ ရွေးလိုက်တယ်။ နားထင်မှာပါတဲ့ မူလီအသေးစား နှစ်လုံးကိုလည်း ပိုပြီး သဘောကျမိတယ်။ မူလီက အကျပ်အကျယ်ကို လိုသလို ဖမ်းထားလို့လည်း ရနိုင်မယ်။

မှန်ရှေ့မှာ ဆံပင်အတုကို ကျွန်တော် သေသေချာချာ တပ်ကြည့်တယ်။ စိန်မျက်လုံးက သူ့မျက်မှန်ကို ခဏပေးပြီး တပ်ခိုင်းကြည့်တယ်။ အိုကေပဲ၊ လုံးဝကို ပုံပြောင်းသွားတယ်။ ဒါပေမယ့် မျက်မှန်တစ်လက်တော့ လိုလာပြန်တယ်။ ကျွန်တော် အိမ်ကထွက်လာတုန်းက ငွေ (၁၅၀၀) ကျော် ပါလာခဲ့တယ်။ လမ်းစရိတ်နဲ့ စားစရိတ်နုတ်ရင် (၁၄၀၀) နီးနီးကျန်သေးတယ်။ အဲဒါကြောင့် စိန်မျက်လုံးကို "ငါ ဒီပစ္စည်းကို ယူမယ်၊ ဘယ်လောက်ပေးရလဲ မေးကြည့်ကွာ" ဆိုတော့ စိန်မျက်လုံးက သူ့သူငယ်ချင်းကို ကပ်ပြီး မေးတယ်။ စိန်မျက်လုံးသူငယ်ချင်းက "မင်းတို့ဆီက ငါပိုက်ဆံ မလိုချင်ပါဘူးဆို၊ နောက်တော့ လာပေးကွာ" ဆိုပြီး ဘာညာကွိကွလုပ်နေတယ်။

ကျွန်တော်က ကြားဝင်ပြီး "ရော့ဗျာ အစ်ကိုကြီး၊ ဘယ်လိုမှ သဘောမထားပါနဲ့၊ ကျွန်တော်တို့လည်း ခရီးက လောလောဆယ် သွားစရာရှိနေလို့ပါ။ အစ်ကိုကြီးဘာသာ အစ်ကိုကြီးသာ တစ်ခုရှာဝယ်လိုက်ပါ" ဆိုပြီး ငွေသုံးရာ ထုတ်ပေးလိုက်တယ်။ ဒါတောင် မောင်မင်းကြီးသားက အင်တင်တင် လုပ်နေသေးလို့ စိန်မျက်လုံးကပါ ဝိုင်းပြောတော့မှ အဆင်ပြေ

သွားတယ်။

အဲဒီအခါမှာ ခေါင်းညှပ်ဆိုင်သွားပြီး ဆံပင်ကို တိုတိုညှပ်၊ ဈေးချို
အနီး ကိုင်းတန်းက ရေချိုးခန်းမှာ ရေဝင်ချိုး၊ ဆံပင်အတုကိုတပ်၊ ဦးထုပ်
ဆောင်းပြီး ဈေးချိုထဲကို ပြန်လာခဲ့ကြတယ်။ မျက်မှန်ဆိုင်ကတော့
ကျွန်တော်နဲ့ပါ အတော်လေး ရင်းနှီးတဲ့ဆိုင်တွေ များတယ်။ ခိုးလို့ ဖြုတ်
လို့ရတဲ့ မျက်မှန်တွေကို အရေးပေါ် ရောင်းဖူးထားတာရှိသလို ဝင်းမြင့်နဲ့
လည်း ပတ်သက်ပြီး သိထားတော့ ပါဝါမပါတဲ့ စလင်းနှစ်ထပ် ရိုးရိုးကိုင်း
အပြားကြီးတစ်လက်ကို (၁၁ဝိ) နဲ့ ဝယ်ပြီး တပ်လာခဲ့တယ်။

နှစ်ယောက်သား မောမောနဲ့ ထွန်းလှဟိုတယ်ထဲဝင်ပြီး အသား
ကြော်၊ ထမင်း၊ ဘီယာ၊ အရက် မှာပြီး စားသောက်ကြတယ်။ ထွန်းလှ
ဟိုတယ်ရောက်မှ စိန်မျက်လုံးသူငယ်ချင်း ဓာတ်ပုံဆိုင်က လူကို သတိရ
လိုက်တယ်။ လွန်ခဲ့တဲ့ နှစ်နှစ်လောက်က ကျွန်တော်နဲ့ ထွန်းဇော်ကြီးတို့
ထွန်းလှဟိုတယ်မှာ ခေါက်ဆွဲဝင်စားနေကြတယ်။ ကျွန်တော်တို့ တစ်ခါ
ကျော် အခန်းထောင့်က တိုးရစ်စ်လင်မယား အရက်သောက်ပြီး မူးနေ
တုန်း ထိုင်ခုံအောက်က ချိတ်ထားတဲ့ ကင်မရာတစ်လုံးနဲ့ ကျောပိုးအိတ်
တစ်လုံးကို ကျွန်တော်တို့ အလစ်သုတ်ခဲ့ဖူးတယ်။ အဲဒီတုန်းက ခင်အေးသ
နဲ့ မယူဖြစ်သေးဘူး။ ထွန်းဇော်ကြီးနဲ့ နေ့ကွက်ကြောင် လိုက်ရိုက်နေတုန်း
ဖြစ်တယ်။

ကျွန်တော် ပစ္စည်းယူပြီး အသာလေး လစ်ထွက်လာတော့ ထွန်း
ဇော်ကြီးက နောက်က မယောင်မလည် လိုက်လာတယ်။ လူမြင်ကွင်းက
ရှောင်ပြီး နှစ်ယောက်သား ဈေးချိုဘက်ကို ထွက်လာခဲ့တယ်။ နာရီစင်အနီး
ပါတီယူနစ်ရုံး သုံးထပ်အနီးကိုရောက်တော့ ထွန်းဇော်ကြီးက ဘက်အိတ်ကို
ဖွင့်ကြည့်ကြမယ်ဆိုလို့ ဘက်အိတ်ကို ဖွင့်ကြည့်ကြတယ်။အထဲမှာ အင်္ဂလိ
ပိုက်ဆံတစ်အုပ်နဲ့ ဂျင်းပင်၊ ဂျင်းရှပ်၊ ပုလဲပုတီးအမျိုးမျိုးနဲ့ ကြေးနားကွင်း
ကြီးတွေကိုလည်း တွေ့ရတယ်။ မြန်မာငွေဆိုလို့ တစ်ပြားမှ မပါဘူး။

ထွန်းဇော်ကြီးက ငွေလိုနေတယ်ပြောပြီး ချက်ချင်း ပစ္စည်းရောင်း
မျက်မှန်တန်းက သူ့သူငယ်ချင်း တစ်ယောက်ကိုခေါ်ပြီး ပစ္စည်းဝေ
အကြောင်း ပြောပြတယ်။ အဆင်ပြေတယ်ပြောပြီး တရုတ်တန်းဘက်





သုံးယောက်သား ထွက်လာကြတယ်။ ကျွန်တော့်ကို လက်ဖက်ရည်ဆိုင်
တစ်ဆိုင်မှာ ထားခဲ့ပြီး ထွန်းဇော်ကြီးတို့ သူငယ်ချင်းနှစ်ယောက် မြင်း
လှည်းနဲ့ ထွက်သွားကြတယ်။ တစ်အောင့်လောက်ကြာတော့ မြင်းလှည်းနဲ့
ပြန်ရောက်လာကြတယ်။ အဲဒီအခါမှာ စိန်မျက်လုံး သူငယ်ချင်းဆိုသူ
ပါလာတယ်။

အမှန်က သူ့ကို ဒီတစ်ခါ မဟုတ်ဘူး။ကျွန်တော်နဲ့ ဝင်းမြင့် မသေခင်
တုန်းက ရုပ်ရှင်လာကြည့်ကြရင်းလည်း တစ်ခါ တွေ့ဖူးထားတယ်။ ရွှေနဂါး
ရုပ်ရှင်ရုံမှာ သူက သူ့ညီမနှစ်ယောက်နဲ့ ကျွန်တော်တို့ ထိုင်ခုံနဲ့ တစ်ဆက်
တည်း ဘေးနားကပ်မှာ လာထိုင်ကြတယ်။ သူ့ညီမတွေကို ရစ်ရင်း သူ့ကို
ကျွန်တော် မှတ်မိထားတယ်။ သူက ကင်မရာကို အတော်လေး ကြိုက်နေ
တယ်။ ဒါပေမယ့် စီးပွားရေးသမား အတော်ကပ်စေးနှဲတယ်။ ဆစ်လိုက်
တဲ့ ဈေးကလည်း တစ်ဆင့်ပြီးတစ်ဆင့်ဆိုတော့ ကျွန်တော် စိတ်မရှည်ဖြစ်
လာတယ်။ ထွန်းဇော်ကြီးကတော့ ဒါမျိုးမှာ အားကိုးရတယ်။ သူခိုးပစ္စည်း
မှန်းသိလို့ သူ ဈေးဆစ်နေတာသိတယ်။ နောက်ဆုံးတော့ သုံးထောင့်ရှစ်ရာ
နဲ့ ရောင်းခဲ့ကြတာ ခုမှ မှတ်မိတော့တယ်။

အဲဒါကို စိန်မျက်လုံးကို ပြောပြတော့ စိန်မျက်လုံးက တဟားဟား
ရယ်ပြီး "ခွေးကောင်ကတော့ ငါ့ကို ဓာတ်ပုံလာရိုက်လို့ မင်းကို တွေ့ဖူး
တယ်တဲ့။ အဲဒါ ငါမသိလိုက်တာ နာတယ်ကွာ၊ ငါသိရင် ဒီကောင့်ကို
ညှစ်လို့ရတယ်ကွ" လို့ ပြောတယ်။ စားသောက်နေရင်းက "မင်း ခုလို
ဖြစ်လာတဲ့အကြောင်း ဓားဘရှိန်းကော သိပလား"လို့ မေးတယ်။ ဓား
ဘရှိန်းကို ဘယ်လိုမှ အကြောင်းကြားဖို့ အချိန်မရခဲ့ကြောင်း ပြောပြလိုက်
တယ်။ "ခုလောက်ဆို သူလည်း သိရောပေါ့ကွာ" လို့ စိန်မျက်လုံးက
ညည်းသံနဲ့ ပြောတယ်။

ထွန်းလှဟိုတယ်မှာ ကျသင့်ငွေကို ရှင်းပေးပြီး နှစ်ယောက်သား မန်း
သီတာဥယျာဉ်ထဲ ထွက်လာကြတယ်။ မန်းသီတာဥယျာဉ်မှာ ဆေးလိပ်
တစ်လိပ်ပြီး တစ်လိပ် သောက်ရင်း ထိုင်စကားပြောကြတယ်။ အဓိက
ကတော့ ကျွန်တော့်ရှေ့ရေးပါပဲ။ ညနေစောင်းတော့ စိန်မျက်လုံးက
စစ်ကိုင်းကို ခဏပြန်ရဦးမယ်၊ အလုပ် လုပ်ထားခဲ့တဲ့ ပစ္စည်းတွေ ဒီအတိုင်း

ထားခဲ့ရတယ်။ ဘာမှ ထုခွဲမရောင်းချခဲ့ရသေးဘူး။ လုယက်လို့ရတဲ့ ပစ္စည်းဆိုတာ ကြာကြာ အိမ်မှာ မထားကောင်းဘူးဆိုတာ ကျွန်တော်လည်း သိပါတယ်။ အဲဒါကြောင့် စိန်မျက်လုံးကို မတားပါဘူး။

"မင်းနဲ့ တွေ့ဖို့ မနက်ကျရင် ဘယ်ကို လာခဲ့ရမလဲ"လို့ စိန်မျက်လုံးက စိတ်မကောင်းစွာနဲ့ ကျွန်တော့်ကို မေးတယ်။ စိန်မျက်လုံးကို ဦးကံထွန်းအိမ် ချိန်းလို့ မဖြစ်တာနဲ့ "မန်းသီတာဉယျာဉ်မှာ တစ်ချက်ကြည့်၊ မတွေ့ရင် တော်ဝင်ရုပ်ရှင်ရုံရှေ့က အအေးဆိုင်ကို လိုက်လာခဲ့"ဖို့ မှာထားပြီး နှစ်ယောက်သား လမ်းခွဲလိုက်ကြတယ်။ စိန်မျက်လုံး ဘူတာဘက်ကို ထွက်သွားတော့ ဒီတစ်ခါ ကျွန်တော် ဘယ်လိုဝမ်းနည်းမှန်း မသိဘူး။ အားငယ်စိတ်တွေလည်း တစ်ကိုယ်လုံး ခြေလက်မသယ်ချင်သလို ဖြစ်သွားမိတယ်။ ကျွန်တော့်အတွက် စိန်မျက်လုံးဟာ တကယ် အားကိုးစိတ်ချရတဲ့ မိတ်ဆွေကောင်းတစ်ယောက်ပါပဲ။ အဲဒါကြောင့်လည်း စိန်မျက်လုံးနောက်ကျောကို ကျွန်တော် ငေးကြည့်ရင်း မျက်ရည်ဝဲမိပါတယ်။

ညနေ ခြောက်နာရီလောက်မှ ဦးကံထွန်းအိမ်ဘက်ကို ရောက်လာတယ်။ အိမ်ရောက်ခါနီးမှ ဆံပင်အတု၊ မျက်မှန်တို့ကို ချွတ်ပြီး အိမ်ထဲဝင်ရတယ်။ ဦးကံထွန်းကို အိမ်ဧည့်ခန်းထဲမှာ အဆင်သင့်တွေ့ရတယ်။ အမေကတော့ ဘုရားခန်းမှာ ဘုရားဝတ်ပြုနေတယ်။ ဦးကံထွန်းက "လာဟေ့ အတော်ပဲ၊ မနက် မင်းညီ တစ်နှစ်ပြည့် ဆွမ်းကျွေး ရှိတယ်၊ အဖေ ပန်းမြို့ကို စာထည့်တာ ရတယ် မဟုတ်လား၊ မင်း တစ်ယောက်တည်းလား၊ သမီးလေးနဲ့ ငါ့မြေးကောတဲ့"

ရုတ်တရက် ကျွန်တော် အဖေ့ကို ဘာပြောရမှန်း မသိဘဲ ရင်ထဲဆို့သွားတယ်။ နောက်မှ ဟန်လုပ်ပြီး "ကျွန်တော် ပန်းမြို့ကထွက်လာတာ နှစ်ရက်သုံးရက်ရှိနေပြီ အဖေ"လို့ ပြောလိုက်ရတယ်။ စကားနင့်နေလို့ "အဖေထည့်လိုက်တဲ့စာ ခုဆို ပန်းမြို့ကို ရောက်ရောပေ့ါ" လို့လည်း နောက်ဆက်တွဲ အားတင်းပြီး ထပ်ပြောလိုက်ရတယ်။ "ငါ့သား ဘယ်ကို ခရီးထွက်နေလို့လဲ" ဆိုတာ ထပ်မေးနေပြန်တယ်။

ဝင်းမြင့်ကိစ္စနဲ့ စိတ်မကောင်း ဖြစ်နေရတဲ့အချိန် ကျွန်တော့်ကိစ္စပါ တစ်ခါ ထပ်ပြောလိုက်ရင် ဦးကံထွန်း အရမ်းစိတ်မကောင်း ဖြစ်သွားမှာစိုး





လို့ ပထမတော့ မပြောဘူးလို့ နေသေးတယ်။ ဒါပေမယ့် မပြောပြန်တော့လည်း မဖြစ်ဘူး။ ဦးကံထွန်း အနေနဲ့ တစ်နေ့မဟုတ် တစ်နေ့ ကျွန်တော် မပြောလည်း သိနိုင်တယ်။ အဲဒီအခါကျမှ သိရင် ပိုဆိုးမှာမို့ ပန်းမြို့က ရုပ်ရှင်ရုံပြစက်ကိစ္စ၊ ကျွန်တော့်မှတ်ပုံတင်ကိစ္စ အစအဆုံး အားလုံးကို ရှင်းပြလိုက်ရတယ်။

ဦးကံထွန်းလည်း အတော် စိတ်ထိခိုက်သွားတယ်။ ဦးကံထွန်း အနေနဲ့ ကျွန်တော့်အပေါ် ယုံကြည်ပြီးသားမို့ ကျွန်တော့်စကားကို လက်ခံတယ်။ အမေက ဘုရားဝတ်ပြုပြီး ကျွန်တော် ပြောပြနေတာကို အနားမှာလာထိုင်ပြီး နားထောင်နေတယ်။ ကျွန်တော် ခုလို ထွက်လာတော့ ခင်အေးသူတို့ သားအမိ ငိုပြီး ကျန်ခဲ့တယ် ဆိုတာကို အမေလည်း စိတ်မကောင်းဘူး။ ဦးကံထွန်းက . . .

"သား ဝင်ရှင်းလိုက်ဖို့ ကောင်းတယ်။ ကိုယ်မှ မဟုတ်တာ၊ ဘာရှောင်နေစရာလိုလဲ" လို့ ပြောတယ်။

"ကျွန်တော် ဝင်ရှင်းပြလို့လည်း လောလောဆယ် လက်ခံကြမှာ မဟုတ်ဘူး အဖေ။ ကျွန်တော့် မှတ်ပုံတင်က သူတို့ ရထားတာဆိုတော့ ကျွန်တော့်ကိုပဲ ဖမ်းထားကြမှာ။ အဲဒါကြောင့် ကျွန်တော် ပြေးလာခဲ့ရတာ၊ ဒီမှာလည်း ကြာကြာနေလို့ရမှာ မဟုတ်ဘူး" ဆိုတော့ ဦးကံထွန်းက . . .

"ဒါဆိုလည်း မင်းညီကိစ္စပြီးမှ တခြားကိုသွားပါ။ ခုလောလောဆယ် ဒီမှာနေပါဦး၊ အဖေလည်း စဉ်းစားကြည့်ပါဦးမယ်။ အမှန်တရားဆိုတာ တစ်နေ့တော့ ပေါ်မှာပေ့ါ သားရယ်" လို့ ကျွန်တော့်ကို တားထားတဲ့အတွက် ဝင်းမြင့် နှစ်လည်ဆွမ်းကျွေးပြီးအောင် ကျွန်တော် စောင့်နေရတယ်။

ဝင်းမြင့် နှစ်လည်ဆွမ်းကျွေးပြီးပြီးချင်း ထွက်လာလို့ မကောင်းတာနဲ့ သုံးရက်တော့ နေပေးရတယ်။ အိမ်မှာ ဝေယျာဝစ္စလုပ်ပေးနေရပေမယ့် စိတ်ထဲကတော့ တထင့်ထင့်ပဲ။ ဦးကံထွန်းကို ကလောမှာ ခဏသွားရှောင်နေဖို့ပြောတော့. . .

"မင်း ကလောကိုသွားရင် အနေအထိုင် အစားအသောက် ဒုက္ခရောက်မှာပေ့ါ၊ ကလောကို မသွားနဲ့၊ သီပေါပဲသွား၊ အဲဒီက ငါ့မိတ်ဆွေက မြို့ကိုလည်း ပိုင်တယ်၊ အစစအရာရာ စိတ်ချရတယ်" လို့ ပြောတယ်။

လမ်းစရိတ်နဲ့ သုံးဖို့ ငွေနှစ်ထောင်လည်း ထုတ်ပေးလိုက်တယ်။

ဦးကံထွန်း စိတ်ချမ်းသာအောင် ဆိုပြီး သီပေါမှာ ရက်နှစ်ဆယ်လောက် သွားနေပြီး မန္တလေးကို ပြန်ဆင်းလာတယ်။ အိမ်ရောက်တော့ ဦးကံထွန်းက. . .

"ငါ့သားဆီကို ပန်းမြို့သမီးဆီက စာရောက်နေတယ်၊ မင်း သမီးပုံနဲ့ မင်းမိန်းမပုံ နှစ်ပုံလည်း ထည့်ပေးလိုက်တယ်။ သူတို့အိမ်သားတွေလည်း မင်းအမှုကိစ္စကို ပြေလည်အောင် ဆောင်ရွက်နေကြတယ်။ ဘယ်ကိုမှ ထွက်မသွားဖို့၊ မန္တလေးမှာပဲ နေဖို့၊ ကျန်းမာရေးကို ဂရုစိုက်ဖို့ မှာကြတယ်။ မင်း ဒီကို မရောက်သေးတော့ ဘာကြောင့် စာမပြန်တာလဲ၊ မန္တလေးမှာ ရှိသေးရဲ့လား၊ သူလည်း လာချင်တယ်၊ အဘွားနဲ့ အမေက မလွှတ်လို့ဆိုပြီး အဖေ့ဆီကိုလည်း စာရေးထားတယ်" လို့ ပြောပြီး ခင်အေးသူဆီက စာနှစ်စောင်ကို ထုတ်ပေးတယ်။

ခင်အေးသူ ကျွန်တော့်ဆီပေးတဲ့ စာကလည်း အဖေ့ဆီပေးတဲ့ စာလိုပဲ မန္တလေးက ဘယ်မှ ထွက်မသွားဖို့၊ အဖေ့ဆီမှာနေဖို့၊ အမှုကိစ္စအတွက် တစ်အိမ်လုံး အစ်ကိုကြီးပါမကျန် ကြိုးစားနေကြကြောင်းနဲ့ ဓာတ်ပုံ ထည့်ပေးလိုက်တဲ့အကြောင်းပါပဲ။ ကျွန်တော်ရယ်၊ ခင်အေးသူရယ်၊ သမီးလေးရယ် သုံးယောက်ပေါင်း ရိုက်ထားတဲ့ ဓာတ်ပုံတစ်ပုံတော့ ကျွန်တော့်ဆီမှာရှိတယ်။ ကျွန်တော် ဘယ်ကိုသွားသွား အမြဲယူသွားတယ်။

နောက် နှစ်ရက်အကြာမှာ ဦးကံထွန်းကို သီပေါသွားဦးမယ်ပြောပြီး ကလောကို ထွက်လာခဲ့တယ်။ အကြံအဖန်လုပ်ဖို့တော့ စိတ်မကူးနိုင်သေးဘူး။ ဒါကြောင့်လည်း ရှိတဲ့ငွေလေးနဲ့ စိတ်ပြေလက်ပျောက်ဆိုပြီး လျှောက်သွားနေတယ်။ ကလောရောက်တော့ ဦးကံထွန်းနဲ့ ပတ်သက်တဲ့ အသိဘယ်အိမ်မှာမှ မတည်းဘူး။ စားသောက်ဆိုင်တစ်ဆိုင်မှာပဲ တည်းတယ်။ မှတ်ပုံတင်အသစ်တစ်ခုလည်း ရှမ်းစုမှာ ပြန်လုပ်တယ်။ ကလောမှာ တစ်လလောက်နေပြီး မန္တလေးကို ပြန်လာပြန်တယ်။ ကျွန်တော့်ရင်ထဲမှာ ခင်အေးသူတို့ သားအမိပဲ ရှိနေတယ်။ ပန်းမြို့ အခြေအနေကို သိချင်နေတယ်။

မန္တလေးအိမ်ကို ရောက်တော့ ဦးကံထွန်းနဲ့ လူငှားတွေက ကျွန်တော့်





ကို မမှတ်မိကြဘူး။ စိတ်ထွေထွေနဲ့ သတိမေ့ပြီး ကျွန်တော်က ဆံပင်အတုနဲ့ မျက်မှန်ကို မချွတ်မိ ဖြစ်သွားတယ်။ အဲဒါကြောင့် လူငှားမောင်သောင်းက "ဘယ်သူ့ကို တွေ့ချင်လို့လဲ၊ ဘာကိစ္စလဲ" လို့ ဝိုင်းမေးကြတယ်။ အဲဒီအခါမှ ကျွန်တော်လည်း သတိရပြီး ခေါင်းက ဆံပင်အတုနဲ့ မျက်မှန်ကို ချွတ်လိုက်ရတယ်။

ကျွန်တော်မှန်း သိသိချင်း အိမ်ထဲကို အမြန်ခေါ်ကြတယ်။ ဦးကံထွန်းက "ပန်းမြို့က ရဲနှစ်ယောက်နဲ့ မန္တလေးက ရဲကြပ်တစ်ယောက်၊ ကောင်စီလူကြီးတွေ အိမ်ကို လာရှာသွားကြတယ်။ သားကို မေးတော့ ဒီကို မရောက်ဘူးလို့ အဖေက ပြောလိုက်ရတယ်။ ရောက်ရင် အကြောင်းကြားပါတဲ့၊ ဒီတော့ ဒီမှာနေလို့ မဖြစ်ဘူးထင်တယ်။ သီပေါက အဖေ့မိတ်ဆွေဆီပဲ သွားရှောင်နေတာ ကောင်းမယ် . . . သား" လို့ ကြောက်ကြောက်လန့်လန့်နဲ့ ပတ်ဝန်းကျင်ကို ကျီးကန်းတောင်းမှောက် ကြည့်ပြီး ပြောတယ်။

ကျွန်တော် အတော်လေး စိတ်ညစ်သွားတယ်။ ဒီအိမ်လိပ်စာနဲ့ ဒီသတင်းကို ဘယ်သူများ အကြောင်းကြားပါလိမ့်လို့ စဉ်းစားမိတော့ သူတို့မိထားတဲ့ ကျွန်တော့်မှတ်ပုံတင်အရ မန္တလေးကို လိုက်လာကြတာ ဖြစ်မယ်၊ ဒုတိယ ခင်အေးသူနဲ့ လက်ထပ်တော့ ပန်းမြို့လိပ်စာနဲ့ မှတ်ပုံတင်တစ်ခု၊ အခု ကျွန်တော့်ဆီမှာ သီပေါရှမ်းစုက လောလောဆယ် လုပ်လာတဲ့ မှတ်ပုံတင်အပြင် ရန်ကုန် စူပါပင်လမ်း၊ အိမ်အမှတ် (--)နဲ့ မှတ်ပုံတင်တစ်ခု ရှိသေးတယ်။ ရန်ကုန်မှတ်ပုံတင်မှာ အလုပ်အကိုင်ကို ကုန်သည်လို့ ထည့်ထားတယ်။ အဖေနာမည်နဲ့ ကျွန်တော့်နာမည်ကိုတော့ လွှဲထားတယ်။

ဒီလိုနဲ့ ကျွန်တော်လည်း ညတွင်းချင်း ခရီးထွက်ဖို့ ပြင်ဆင်ရတယ်။ ခရီးထွက်ဖို့ ပြင်ဆင်တယ် ဆိုပေမယ့် လောလောဆယ် ဘယ်သွားရမှန်းမသိလို့ အပြေးအလွှား စဉ်းစားရတယ်။ အဲဒီအခါမှာ အချစ်ဆုံး၊ အခင်မင်ဆုံး၊ အားအကိုးရဆုံး စစ်ကိုင်းက စိန်မျက်လုံးကို သတိရလိုက်တယ်။ အဲဒါကြောင့် စစ်ကိုင်းကို အရဲစွန့်ပြီး ထွက်လာခဲ့တယ်။

ကျွန်တော့် ပုံသဏ္ဍာန်ကို တော်တော်နဲ့တော့ ဘယ်သူမှ မမှတ်မိနိုင်

ဘူး။ စစ်ကိုင်းကိုရောက်တော့ စိန်မျက်လုံးအိမ်ကိုသွားတယ်။ နှစ်ယောက်သား အတူခရီးထွက်ပြီး မထူးတဲ့ဘဝမှာ အလုပ်အတူလုပ်ဖို့ စိန်မျက်လုံးကို ခေါ်မယ်၊ အဖော်ညှိမယ်လို့ တွေးလာတယ်။ စိန်မျက်လုံးက. . .

"ငါ ပန်းမြို့ကို ရောက်တယ်။ ဓားဘရှိန်းကိုလည်း မင်းအကြောင်း ပြောပြလိုက်တယ်။ သူက ဒီအကြောင်းတွေကို သိပြီးပြီ။ မင်းမိန်းမအိမ်ဘက်ကိုရောက်တော့ စားသောက်ဆိုင် ပိတ်ထားတာတွေ့ရတယ်။ ဈေးထဲက အလှကုန်ဆိုင်လည်း မဖွင့်ဘူး။ မင်းမိန်းမကိုလည်း မတွေ့ခဲ့ဘူး"လို့ ပြောတော့ ကျွန်တော် အတော်လေး စိတ်ပူသွားမိတယ်။ အဲဒါကြောင့် ကျွန်တော်က. . .

"ပန်းမြို့ကိုသွားမယ်၊ မင်းလိုက်ပါလား" ဆိုတော့ စိန်မျက်လုံးက မလိုက်ချင်ကြောင်း၊ အခြေအနေမကောင်းကြောင်းနဲ့ ကျွန်တော့်ကိုပါ မသွားဖို့ တားတယ်။ ဒါပေမယ့် ကျွန်တော်က ဆုံးဖြတ်ချက်နဲ့ လာတာဆိုတော့ အဝတ်အိတ်ကို စိန်မျက်လုံးအိမ်မှာ ထားခဲ့ပြီး လွယ်အိတ်တစ်လုံး၊ အင်္ကျီ၊ လုံချည် အပိုတစ်စုံ၊ ငွေတွေကိုထည့်ပြီး စစ်ကိုင်းဘူတာပေါ်ကို တက်လာခဲ့တယ်။

ရထားမလာသေးတဲ့အတွက် ဘူတာအောက်က လက်ဖက်ရည်ဆိုင်မှာထိုင်ပြီး ရထားအလာကို စောင့်နေတယ်။ ကျွန်တော့် လက်စွဲတော် မောင်းပြန်ဓားလေးကိုတော့ ညာဘက်ပေါင်လယ်မှာ ချည်ထားတယ်၊ လက်ဖက်ရည်၊ မုန့်နဲ့ ပလာတာကို ညစာအဖြစ်စားပြီး ကျွန်တော်က နာရီကို ကြည့်လိုက်တော့ ကိုးနာရီခွဲနေပြီ။

ဘူတာကို တက်လာတုန်းက အမျိုးသမီး တစ်ယောက်ကို တွေ့မိခဲ့တယ်။ အသားဖြူပြီး တော်တော်လှတဲ့အပြင် သူ့အဝတ်အဆင်တွေက လည်း အင်မတန် မှတ်မိလွယ်စရာ ကောင်းတယ်။ နက်ပြာဝမ်းဆက်၊ ဖိနပ်အဖြူ၊ အိတ်အဖြူနဲ့ ညရဲ့ အမှောင်ထဲက မီးရောင်အောက်မှာ ကွင်းခနဲ ကွက်ခနဲ အလှအပတွေနဲ့ လွင့်နေတယ်။ အဲဒါကြောင့် သူ့ကို ပိုမှတ်မိတာ၊

သူနဲ့ ကျွန်တော် မသိပေမယ့် သူကပဲ အရင်စပြီး "အစ်ကို ဘယ်ကို သွားမလဲဟင်၊ ကျွန်မကို လက်မှတ်တစ်စောင်လောက် ဝယ်ပေးပါလား၊ ကျွန်မအဖော်တွေက မြစ်ကြီးနားကို ကားနဲ့ ထွက်သွားကြလို့ ကျွန်မ





တစ်ယောက်တည်း အဖော်ကွဲ ကျန်နေခဲ့တာ။ လက်မှတ်ပေါက်ကလည်း လူတွေ ပြုံတိုးနေကြတော့ ဘယ်လိုမှ မကပ်နိုင်လို့ပါ" ဆိုပြီး မျက်နှာချင်းဆိုင် လာပြောတယ်။

သူနဲ့တွေ့တော့ ကျွန်တော် စဉ်းစားလာတာတွေတောင် ဘယ်ရောက်ကုန်မှန်းမသိ ဖြစ်သွားတယ်။ အဲဒါကြောင့် "ညီမက ဘယ်ကို သွားမှာလဲ" လို့ မေးလိုက်ရတယ်။

"(----) ကို ပြန်မလို့ပါ၊ ကျောင်းပိတ်လို့ အိမ်ကို ပြန်တာပါ" တဲ့။

သူပြောတာ ဖြစ်နိုင်တယ်။ လက်ထဲမှာ သားရေသေတ္တာကြီးတစ်လုံးနဲ့ ဆွဲခြင်းကြီးတစ်လုံးပါတယ်။ ကျွန်တော့်ပုံစံကလည်း ဘောင်းဘီပွနဲ့ ဂျင်းဂျက်ကက်နဲ့ မျက်မှန်ကလည်း ညထိ မချွတ်ဘဲထားတော့ ဘေးပတ်ဝန်းကျင်က အထင်ကြီးစရာ၊ ပိုက်ဆံရှိ သားသမီးထဲကလို ထင်စရာပါပဲ။ ပြီးတော့ တက္ကသိုလ်ကျောင်းသားတွေကလည်း ကျောင်းပိတ်လို့ ပြန်ကြချိန်ဆိုတော့ သူက ကျွန်တော့်ကို ကျောင်းသားလို့ ထင်နေပုံလည်းရတယ်။ အဲဒါကြောင့်လည်း သူက ယုံယုံကြည်ကြည်နဲ့ ပိုက်ဆံထုတ်ပေးပြီး အကူအညီတောင်းတာ။

သူ့လို ကျောင်းသူအသိတစ်ယောက်ပါတော့ ကျွန်တော့်အနေကလည်း လမ်းခရီးမှာ အကာအကွယ်၊ လုံခြုံမှုတွေရတာမို့ ပန်းမြို့ကို လက်မှတ်တစ်စောင်နဲ့ (---) လက်မှတ်တစ်စောင်ကို လူအုပ်ကြားထဲ တိုးဝှေ့ပြီး ဝယ်ရတယ်။ ပိုတဲ့ငွေကို ပြန်အမ်းမယ်လုပ်တော့ သူကလည်း ဘောစ်ထင်တယ်။ "ပေးမနေပါနဲ့၊ ဟိုမှာ ရထားတောင် ဝင်လာနေပြီ"ဆိုတာနဲ့ ကျွန်တော်က "ပန်းမြို့ရောက်မှ ပြန်ပေးမယ်"လို့ ပြောလိုက်ရတယ်။ ဒါနဲ့ ကမန်းကတန်း ရတဲ့အပေါက်က ရထားပေါ် တိုးတက်လိုက်ရတယ်။ အဲဒါကြောင့် ကျွန်တော့်နောက်မှာ သူပါ,မပါတောင် သတိမထားမိခဲ့ဘူး။ သူဦးငါဦးနဲ့ အတင်းတက်ကြရတဲ့အပြင် ကျွန်တော့်စိတ်ကလည်း သူ့အပေါ် စွဲစွဲမြဲမြဲ အာရုံမရောက် ဖြစ်သွားပြန်တယ်။

ရထားပေါ်ရောက်တော့ နေရာက မရှိဘူး၊ အဲဒါကြောင့် အိမ်သာပေါက်ကနေ ကျော်ဝင်ပြီး အလယ်တစ်နေရာကို အတင်းတိုးလာရတယ်။ လက်တင်ခုံတစ်နေရာမှာ နေရာရတဲ့အတွက် ထိုင်လိုက်မှ ကျွန်တော့်

တို့က ဘယ်ပြောင်းသွားကြမှန်း မသိလို့ လိုက်မေးနေရတော့ သူငယ်ချင်းတွေနဲ့ လွဲသွားတယ်။ အဲဒါကြောင့် ရထားနဲ့ ပြန်ရလို့ အစ်ကိုနဲ့ ဆုံမိကြတာ"

သူပြောတာကို ကျွန်တော် အလေးအနက် မထားပါဘူး။ မမေးရင် မကောင်းတတ်တဲ့ အနေလောက်ပဲ မေးမိတာပါ။ ဒီလမ်း၊ ဒီခရီးမျိုးမှာ ဒါမျိုးတွေလားလို့ ထင်စရာတော့ သူ့အနေနဲ့ လုံးဝ မရှိဘူး။ ကျောင်းသူတစ်ယောက်ဆိုတာ သူ့အပြောအဆိုက သက်သေခံပြီးသား ဖြစ်တယ်။

"ညီမ အစ်မတွေက ဘယ်ပြောင်းသွားကြတာလဲ"

"ကျွန်မခဲအိုက ဆည်မြောင်းကဆိုတော့ ကင်းတားဆိုလား၊ ဒီတစ်ရက် နှစ်ရက်ပဲ ရှိသေးတယ်တဲ့။ ကျွန်မလည်း သူငယ်ချင်းတွေနဲ့ ချိန်းထားတဲ့ ဘုရားကြီးနားက အိမ်ကို သွားမေးတော့ အစ်မအိမ်မှာ နေလိမ့်မယ်ထင်လို့ ကားနဲ့ ပြန်သွားကြပြီတဲ့။ အဲဒါကြောင့် အစ်ကို့ကို အကူအညီတောင်းပြီး ရထားလက်မှတ်ဝယ်ခိုင်းရတာ၊ ကျွန်မ အစ်မယောက်ျားသာရှိရင် ကိုယ်တိုင်သွားဝယ်စရာတောင် မလိုဘူး။ ဖုန်းဆက်ပြောလိုက်ရုံနဲ့ ရပါတယ်"

အကြံအဖန် မဟုတ်ဘဲ ကျောင်းသူအစစ်မှန်းသိတော့ ကျွန်တော့်စိတ်ထဲ တစ်မျိုးကြီး ဖြစ်သွားတယ်။ ကိုယ့်ဘဝကိုလည်း ဝမ်းနည်းသလို ချက်ချင်း ခံစားလိုက်ရတယ်။ သူက ကျောင်းသူဆိုတော့ ကိုယ်ကလည်း ကျောင်းသား လုပ်ရတော့မှာပါလားလို့လည်း တွေးမိလိုက်တယ်။ ဒီလိုနဲ့ အတော့်ကို ရင်းနှီးလာကြတယ်။

ထန်းတစ်ပင် ကျော်တာနဲ့ ကျွန်တော့်နောက်က ထိုင်ခုံကိုမှီပြီး သူ အိပ်လာတယ်။ ကျွန်တော်ကတော့ တစ်လမ်းလုံး အိပ်လို့ မရခဲ့ဘူး။ သူက ကျွန်တော့်ဘက်ကို ယိုင်မှီလာတော့ ငိုက်တောင် မငိုက်ချင်တော့ဘူး။ ငုတ်တုတ်ထိုင်ပြီး တစ်လမ်းလုံး သူ့ကို ဘယ်လို ဖန်ရကောင်းမလဲ စဉ်းစားလာတယ်။ ဒါပေမယ့် ပန်းမြို့က သမီးလေးနဲ့ ခင်အေးသူတို့ မျက်နှာကို ပြန်မြင်မိပြီး ဒီတစ်ခေါက်တော့ ဒုစရိုက်အမှုတွေ မလုပ်ဘဲ ပန်းမြို့ကို ရောက်အောင် သွားမယ်လို့ ဆုံးဖြတ်ထားလိုက်တယ်။

ကန့်ဘလူရောက်တော့ အမျိုးသမီး နိုးလာတယ်။ ကျွန်တော့်ကိုကြည့်ပြီး "အစ်ကို မအိပ်ဘူးလား" လို့ မေးတယ်။ ကျွန်တော် အိပ်မရလို့ မအိပ်





တော့ဘူးဆိုတော့ "အစ်ကို အိပ်ချင်အိပ်ပါ၊ ညီမကို အားမနာပါနဲ့" ဆိုပြီး သေတ္တာပေါ်က အောက်ကို ဆင်းမယ်လုပ်လို့ သူ့လက်ကို ဖမ်းဆွဲပြီး ပြန်ထိုင်ခိုင်းရတယ်။ တခြားလူတွေကတော့ သူ့နေရာနဲ့သူ အိပ်ငိုက်လာကြတယ်။ တစ်ချက်တစ်ချက်မှာ ဆေးလိပ်သောက်ဖို့ မီးခြစ်ခြစ်သံနဲ့ အပေါ့အပါးသွားဖို့ ဖယောင်းတိုင်ထွန်းတာတွေကို မြင်ရတယ်။

မီးရောင်အားလုံး ကွယ်ပျောက်နေချိန်မှာ အမျိုးသမီးကို ကျွန်တော် ဆွဲဖက်ထားလိုက်တယ်။ ပထမတော့ အစ်ကို ဘာဖြစ်တယ်၊ ညာဖြစ်တယ် လုပ်နေသေးတယ်။ ရင်ခွင်ထဲ အတင်းဆွဲသွင်းပြီး ပယ်ပယ်နယ်နယ် ဖက်နမ်းပစ်လိုက်တော့မှ ငြိမ်သွားတယ်။ကျွန်တော့်အတွက် ရထားပေါ်မှာ ဒါမျိုးတွေက ရိုးနေပြီ၊ ဒါပေမယ့် ဒီလို ကျောင်းသူ မိန်းကလေးကတော့ တွေ့ခဲ့တယ်။ အဲဒါကြောင့်လည်း ကျွန်တော် တစ်လမ်းလုံး ကြည်နူးလာခဲ့တယ်။ တဒင်္ဂမှာ ခင်အေးသူတို့ သမီးအမိကိုလည်း မေ့သွားတယ်။

ပန်းမြို့ကို ရောက်ခါနီးလို့ ကျွန်တော် ပြင်ဆင်တော့ သူက (---) ကို လာလည်ဖို့ လိပ်စာပေးတယ်။ (---) လိပ်စာက လွယ်ပါတယ်။ ဘူတာဝန်းကျင်နဲ့ တောင်ခြေလောက်မှာ အိမ်ခြေနှစ်ရာ၊ သုံးရာပဲ ရှိတော့ ရှာလို့ လွယ်ပါတယ်။ အဲဒါကြောင့် ပန်းမြို့ကို ရောက်ခါနီး ဘူတာအဝင်မှာ နှုတ်ဆက်ပြီး နောက်များမှ လာလည်တာပေါ့လို့ ပြောထားခဲ့ရတယ်။

ရထားမရပ်ခင် အလံချိုးတိုင်နားလောက်မှာ ဆင်းနေလိုက်ရတယ်။ ရထားပေါ်ကို လှမ်းကြည့်လိုက်တော့ ကျွန်တော့်ကို ပြတင်းပေါက်ဝကနေ ခေါင်းပြူပြီး ငေးကြည့်နေတယ်။ ကျွန်တော်ကလည်း တစ်ချက် ပြန်လှည့်ကြည့်လိုက်မိတယ်။ အဲဒီအချိန်မှာ ရထားက အမှောင်ထဲကို တိုးဝင်သွားနေတယ်။ မနက်လေးနာရီဆိုပေမယ့် နှင်းထုနဲ့ အမှောင်သန်းမှုတို့ကြောင့် ဝိုးတိုးဝါးတားပဲ မြင်လိုက်ရတော့တယ်။

ရထားတွဲတွေ၊ ဇလီဖားတုံးအပုံတွေဘေးက ကွေ့ပတ်ပြီး အိမ်ဝင်း အနောက်ဘက် အလုပ်သမားတန်းလျားကနေ ခင်အေးသူတို့အိမ် ဘက်တံကစားကွင်းကို ပတ်ဝင်ရကယ်။ ပြီးမှ အိမ်ရဲ့ အခြေအနေကို ကြည့်ရတယ်။ ခွေးတစ်ကောင်က အနောက်ဘက်ကနေ ဟောင်လိုက်၊ အူလိုက် လုပ်နေတယ်။ ကျွန်တော့်မှာ ဝရမ်းပြေးဘဝ စိတ်က မလုံမလဲမို့ ဘေးပတ်

ဝန်းကျင်ကို သေသေချာချာ ကြည့်ရတယ်။ တစ်ကွက် မှားသွားတာနဲ့ တစ်သက်စာ ဖူလုံသွားမယ့် အခြေအနေမျိုးပါပဲ။

ဘူတာက ရထားထွက်သွားသံကြားတော့မှ အိမ်နောက်ဖေးဘက်ကနေ မီးဖိုဆောင်ပေါ် တက်ကြည့်လိုက်တော့ အထဲက ဘာသံမှ မကြားရဘူး။ ငြိမ်တိတ်နေတယ်။ ပထမတော့ ခင်အေးသူကို နှိုးမလို့ပါပဲ၊ ပတ်ဝန်းကျင်က သိကုန်မှာစိုးတဲ့အတွက် နောက်ဖေးမီးဖိုဆောင်က လေဝင်ပေါက်ကို လေးပတ်လည်တိုင်က တွယ်တက်ပြီး နှစ်တစ်လက်မ သုံးချောင်းကို ဓားနဲ့ ကလပ်ခွာရတယ်။ နှစ်တစ်လက်မတွေ အောက်ကို ကျမသွားအောင်လည်း တစ်ချောင်းချင်း ဆွဲဖြုတ်ပြီး ရေတံလျှောက်ပေါ် အသာတင်ထားလိုက်ရတယ်။

အဲဒီ အပေါက်ကနေ အိမ်ထဲကို ခဲရာခဲဆစ် ငုံ့ဝင်ပြီး အပေါ်ထပ်ထုပ်တန်းပေါ်ကနေ ကျွန်တော်နဲ့ ခင်အေးသူတို့ အိပ်ခန်းရှိရာ လက်ဝဲဘက်ကို ကူးလာခဲ့ရတယ်။ အခန်းအပေါ်ကိုရောက်တော့ အောက်ကို ငုံ့ကြည့်ရသေးတယ်။ အရင်ဦးဆုံး မတ်တတ်ဗီရိုကြီးပေါ် ခြေတစ်ဖက် ရွရွချနင်းရတယ်။ တဖြည်းဖြည်းနဲ့ ခြေရွှေ့လာကာ ခုတင်စွန်းကို နင်းပြီးမှ ခင်အေးသူ အခန်းကို ဝင်ခဲ့ရတယ်။ ကိုယ့်အိမ် ကိုယ့်အခန်းကို ခိုးကြောင်ခိုးဝှက်ဝင်လာရတဲ့အဖြစ်ပါပဲ။ ဒီပညာတွေကတော့ ထွန်းဇော်ကြီး သင်ပေးခဲ့တာတွေမို့ ဆရာကြီးသစ္စာဖောက်ကို သတိရပြီး ဒေါသဖြစ်လိုက်ရသေးတယ်။ တစ်ကွေ့တော့ တွေ့ကြသေးတာပေါ့။

အခန်းထဲရောက်တော့ ခြင်ထောင်ကို အသာမကြည့်လိုက်တယ်။ ခင်အေးသူတစ်ယောက်တည်း တစောင်းအနေအထားနဲ့ ကျွန်တော့်ဘက်ကို လှည့်အိပ်နေတယ်။ အနားကိုကပ်ပြီး အသာအယာ လှုပ်နှိုးလိုက်တော့ ချက်ချင်း ငုတ်တုတ်ထထိုင်ပြီး ကျွန်တော့်ကို စူးစိုက်ကြည့်နေတယ်။ ရုတ်တရက် ကြောင်သွားတယ် ထင်ပါရဲ့၊ ပြီးမှ "ရှင် . . . ရှင် . . . ဘယ်သူလဲ၊ ဘယ်ကလဲ" လို့ အသံတုန်တုန်ယင်ယင်နဲ့ မေးတယ်။ ကျွန်တော်ချက်ချင်း သတိရပြီး ခေါင်းစွပ်ကြီးကို ဆွဲချွတ်လိုက်တယ်။

"အစ်ကိုပါ အေးရယ်၊ အေးတို့ သားအမိကို တွေ့ချင်လွန်းလို့ အစ်ကို လာခဲ့ရတာပါ" လို့ ပြောလိုက်မှ ကျွန်တော့်ရင်ခွင်ထဲ ခေါင်းလျှိုပြီး ငိုရှိုက်





နေရှာတယ်။ ခဏအကြာမှာ သူနဲ့အတူ မအိပ်တဲ့ သမီးလေးကို သွားယူခိုင်းရတယ်။ သူ့အဘွားဘေးက သမီးလေးကို ခင်အေးသူက မနိုးအောင် အသာလေး ပွေ့ယူလာတယ်။ ဘယ်သူ့ကိုမှ မနှိုးနဲ့ဦး၊ အသိမပေးပါနဲ့ဦးလို့လည်း ခင်အေးသူကို ပြောထားရတယ်။ သမီးလေးကို ရင်ခွင်ထဲ ပွေ့ဖက်ပြီး ကျွန်တော် အငမ်းမရ နမ်းပစ်လိုက်မိတယ်။ ခင်အေးသူက ကျွန်တော်တို့သားအဖကိုကြည့်ပြီး စိတ်မကောင်းလွန်းလို့ တရှုံ့ရှုံ့ ငိုနေတယ်။ သမီးလေးကလည်း နိုးလာပြီး ငိုနေတယ်။ ကျွန်တော့်ရင်ခွင်ထဲက သမီးလေးကို ခင်အေးသူက ပြန်ယူပြီး နို့တိုက်လိုက်တော့ သမီးလေး ပြန်အိပ်ပျော်သွားတယ်။ လမ်းခရီးမှာ ပင်ပန်းလာတော့ ကျွန်တော်လည်း ခင်အေးသူကိုဖက်ပြီး အိပ်ပျော်သွားတယ်။ မိုးလင်းလို့ နိုးလာတော့ အခန်းထဲမှာ ခင်အေးသူကို မတွေ့ရဘူး၊ သမီးလေးကတော့ ကျွန်တော့်ဘေးမှာ ပက်လက်ကလေး ခြေမြှောက် လက်မြှောက်နဲ့ ဆော့နေတယ်။ သမီးလေး မျက်နှာကိုကြည့်ပြီး တဒင်္ဂ တစ်ခဏတော့ ဒုက္ခသုက္ခတွေကို မေ့သွားမိတယ်။ ကျွန်တော့်သမီးလေးက ငါးလအရွယ်ရှိနေပြီ။ အသားဖြူတာရော၊ မျက်လုံးမျက်ဖန်၊ နှာတံ၊ မျက်ဝန်းရော ကျွန်တော်နဲ့ တစ်ပုံစံတည်းကို တူတာလို့ စိတ်ထဲ ထင်နေမိတယ်။

သမီးလေးရဲ့ မျက်နှာကို ကြည့်မဝဖြစ်နေချိန်မှာ ခင်အေးသူတို့ မိဘနှစ်ပါးက အခန်းထဲ ဝင်လာကြတယ်။ ခု ဘယ်က ဘယ်လို လာလဲ ဆိုတာ မေးကြတယ်။ ကျွန်တော်က ခင်အေးသူတို့ သားအမိကို တွေ့ချင်လွန်းလို့ ခဲရာခဲဆစ် လာရကြောင်း ပြောပြနေချိန်မှာ ခင်အေးသူက လက်ဖက်ရည်၊ မုန့်နဲ့ စားစရာတွေ ယူလာပေးတယ်။ ကျွန်တော်လည်း ဆာဆာနဲ့မို့ အကုန်စားပစ်လိုက်တယ်။ ဒါကိုကြည့်ပြီး ခင်အေးသူတို့ မိဘနှစ်ပါးက စိတ်မကောင်းကြဘူး။

ကျွန်တော့် ဒီသမီးလေး ရပြီးကတည်းက ခင်အေးသူတို့ မိဘတွေက ကျွန်တော့်ကို သားသမီးအရင်းတစ်ယောက်လို ချစ်ကြတယ်။ ကျွန်တော့်အနေကလည်း မိဘအရင်းအချာတွေနဲ့ ဝေးနေတာကတစ်ကြောင်း၊ မိဘရင်းတွေနဲ့မခြား ကျွန်တော့်အပေါ် ဂရုတစိုက် ကောင်းထားကြတော့ ခင်အေးသူတို့ မိသားစုတွေအပေါ် အရမ်းကို သံယောဇဉ် ဖြစ်နေမိတယ်။

ခင်အေးသူရဲ့ မိဘနှစ်ပါးက ရဲစခန်းနဲ့ ပြေလည်အောင် လုပ်နေရတာ အခက်အခဲရှိနေသေးကြောင်း ပြောပြတယ်။ ရဲစခန်းက စခန်းမှူးက အသစ်ဖြစ်တဲ့အပြင် ကျွန်တော့်မှတ်ပုံတင်က သက်သေခံပစ္စည်း အမိက ဖြစ်နေတော့ လူကို လက်ပူးလက်ကြပ် မမိပေမယ့် တရားခံက ကျွန်တော် ဖြစ်နေတယ်တဲ့။ ပန်းမြို့ ရုပ်ရှင်ရုံက ရုပ်ရှင်ပြစက်ကိစ္စက ဘယ်လောက်အထိ ဟိုးလေးတကျော် ဖြစ်သွားလဲဆိုရင် စခန်းမှူးပါ ပြောင်းရတဲ့အဆင့် ရောက်သွားကြောင်းလည်း ပြောပြကြတယ်။

အမှန်က ဒါတွေကို ကျွန်တော်လည်း တွက်ပြီးသားပါ။ ဒီကိစ္စက ထွန်းဇော်ကြီးကိုမိမှ ပြီးမယ့်ကိစ္စဆိုတာလည်း ကျွန်တော် သိတယ်။ အဲဒါကြောင့် ရောက်တဲ့နေရာတိုင်းမှာလည်း ထွန်းဇော်ကြီးကို စုံစမ်းထောက်လှမ်းခဲ့သေးတယ်။ ဒါပေမယ့် ထွန်းဇော်ကြီးက ပျောက်ခြင်းမလှ ပျောက်နေတယ်။ အပြင်မှာ ရှိသလား၊ အထဲကို အမှုတစ်ခုခုနဲ့ ရောက်သွားပြီလားဆိုတာ ဘယ်သူ့ဆီကမှ ယနေ့အထိ စုံစမ်းလို့ကို မရသေးဘူး ဖြစ်နေတယ်။ မော်လမြိုင်မှာတော့ သူ့မိဘတွေရှိတယ်၊ သူ့ညီနဲ့ သူ့ညီမတွေက ဒိုင်းဝန်ကွင်းနားမှာ စာအုပ်ဆိုင်ဖွင့်ထားတယ်လို့ တစ်ခါကတော့ ထွန်းဇော်ကြီးပြောဖူးတယ်။ မော်လမြိုင်ကိုသွားပြီး ကျွန်တော် ထွန်းဇော်ကြီးကို လိုက်ရှာချင်ပေမယ့် လမ်းခရီးအခြေအနေက မပေးလို့ မသွားခဲ့ရဘူး။

အခန်းထဲကို ခင်အေးသူအစ်ကို ဝင်လာတယ်။ သူ့နောက်မှာ လူငှားမောင်ငြိမ်းလည်း ပါလာတယ်။ "ဒီမှာနေရင် အန္တရာယ်များတယ်။ နေချင်ရင် အဘတို့ သစ်တော်ခြံဘက်မှာ ခဏရှောင်နေပါလား။ နောက်ပြီး ငါ့ညီအိမ်ကထွက်သွားပြီး တစ်ရက်ပဲကြာတယ်၊ အိမ်ကို လာဝိုင်းပြီး ရှာကြတယ်။ အဲဒါကြောင့် ငါ့ညီအတွက် ဒီအိမ်က လုံခြုံမှု မရှိတော့ဘူး။ ဘေးပတ်ဝန်းကျင်ကလည်း အသွားအလာ လူတွေနဲ့ ရှုပ်နေတော့ တစ်ယောက်ယောက်က မြင်သွားပြီး သွားတိုင်ရင် အချောင်အဖမ်းခံရလိမ့်မယ်" လို့ ခင်အေးသူအစ်ကိုက စိုးရိမ်တကြီး သတိပေးတယ်။

ဆိုင်လူငှား မောင်ငြိမ်းကလည်း သူ့ဆွေမျိုးများရှိရာ (---) ရွာ မဲဇာအနီးကိုသွားရှောင်နေမယ်ဆိုရင် လိုက်ပို့ပေးမယ်လို့ ပြောတယ်။ကျွန်တော့်အပေါ် အတော်လေး ခင်ရှာ၊ ကောင်းရှာကြပါတယ်။





"ကျွန်တော့်အနေနဲ့ အခုလာတာ မိသားစုကို သတိရလွန်းလို့ ခဏလာတာ၊ မနက်ဖြန် မန္တလေးကို ပြန်မယ်"ဆိုတော့ ခင်အေးသူက ငိုတယ်။ အဲဒါကြောင့် ပန်းမြို့မှာ နောက်တစ်ရက် ပုန်းနေခဲ့ရသေးတယ်။ နှစ်ညနဲ့ သုံးရက်အကြာမှာ ကုန်တွဲတစ်စီးနဲ့ မန္တလေးကို ပြန်လာခဲ့ရတယ်။ ရွှေဘိုရောက်တော့ ထမင်းဆင်းစားပြီး စစ်ကိုင်းကို ဆက်လာခဲ့တယ်။

စစ်ကိုင်းရောက်တော့ စိန်မျက်လုံးတို့အိမ်မှာ ရှုပါတစ်ယောက်တည်းပဲ ရှိတယ်။ သူ့မိဘ၊ အစ်ကိုတို့က ဘုရားသွားကြကြောင်း၊ စိန်မျက်လုံးကပြင်ဦးလွင်ဘက်ကို သူ့သူငယ်ချင်းတွေနဲ့ မနက်ကပင် ထွက်သွားကြကြောင်း ပြောပြတယ်။ အလာတုန်းက ကျွန်တော်ထားခဲ့တဲ့ ဘက်အိတ်နဲ့ သေတ္တာကိုဖွင့်ပြီး ယူစရာရှိတာတွေကို ဘက်အိတ်ထဲ ပေါင်းထည့်ရတယ်။ ကျန်တဲ့ဘက်အိတ်တစ်လုံးနဲ့ သေတ္တာသော့ကိုတော့ ရှုပ့ါကို ပေးထားခဲ့တယ်။ "အစ်ကိုတို့ မသေကြသေးဘူးဆိုရင်တော့ တစ်နေ့ ပြန်တွေ့ကြရဦးမှာပေါ့ ရှုပါရယ်" လို့ ပြောလိုက်တော့ ရှုပါက "မဆိုကောင်း ဆိုကောင်းအစ်ကိုရယ်၊ နိမိတ်မရှိတဲ့ စကားတွေ မပြောပါနဲ့" ဆိုပြီး မျက်ရည်ဝဲကျန်ခဲ့တယ်။ ပန်းမြို့ကကိစ္စ သူသိထားတော့ စိတ်မကောင်းရှာဘူး။

မန္တလေးကိုရောက်တော့ ဦးကံထွန်းကို အိမ်မှာ မတွေ့ရဘူး။ အပြင်ကို သွားနေတဲ့အချိန်နဲ့ ဆုံနေတော့ ကိုယ့်အခန်းထဲဝင်ပြီး ပစ္စည်းတွေကို သိမ်းဆည်းနေတယ်။ အမေက ကျွန်တော့်ကို လာကြည့်ပြီး . . .

"သား . . . ဘယ်ကို သွားဦးမလို့လဲကွယ်၊ အမေတို့ အိမ်မှာပဲနေပြီး ခုဖြစ်နေတဲ့ကိစ္စကို ဝင်ရှင်းလိုက်လို့ကော မရဘူးလား၊ ဘယ်လောက်ကုန်ကုန် အမေတို့ စည်းစိမ်တွေ လျော့မသွားပါဘူး၊ ငါ့သား ဝင်ရှင်းလိုက်တာကောင်းမယ် ထင်တယ်။ ငါ့သား ဒီလိုပဲ ဟိုဟိုဒီဒီ သွားလာနေတော့ အမေ့မှာ တစ်နေ့မှ စိတ်မဖြောင့်ဘူး။ သေမှန်းမသိ၊ အဖမ်းခံရမှန်း မသိနဲ့ နေ့တိုင်း စိတ်တထင့်ထင့် ဖြစ်နေရပါတယ်ကွယ်" လို့ ညှိုးညှိုးငယ်ငယ်ပြောတယ်။

ကျွန်တော့်အနေနဲ့ ဝင်ရှင်းတာနဲ့ အဖမ်းခံရမှာ သေချာတယ်။ တစ်ခါ အဖမ်းခံရဖူးပြီးကတည်းက အချုပ်အကြောင်း၊ ထောင်အကြောင်းတွေကို ကျွန်တော် နားလည်နေပြီ။ အမှုနဲ့ ပတ်သက်တဲ့အကြောင်းကိစ္စ

တွေကိုလည်း ထောင်ထဲက သင်ပေးလိုက်ကြပြီ။ အဲဒါကြောင့် ကျွန်တော့် အနေနဲ့ ကိုယ်မလုပ်ရဘဲ အဖမ်းမခံနိုင်ဘူး။ ကျွန်တော် ရဲလက်ထဲ ရောက်သွားတာနဲ့ ပန်းမြို့ ရုပ်ရှင်ရုံက ပြစက်ခိုးတာ ကျွန်တော် ဖြစ်သွားမယ်။ အဲဒါကြောင့် မိဘရင်းတွေရှိတဲ့ ပဲခူးကို ခဏပြန်ပြီး ထွန်းဇော်ကြီးကိုလည်း စုံစမ်းမယ်၊ ခုလို ဒုက္ခရောက်နေချိန်မှာ မိဘညီအစ်ကို မောင်နှမတွေကိုလည်း အရမ်းသတိရနေတာကြောင့် ပဲခူးကို ပြန်မယ်လို့ ဆုံးဖြတ်ပြီး၊ မွေးစားအမေကို လိမ်ညာကာ အကြောင်းအမျိုးမျိုးပြပြီး ပြောရတယ်။

"ကျွန်တော် တရားခံအစစ်ရှိတဲ့ မော်လမြိုင်ကို လိုက်ရမယ် အမေ။ ထွန်းဇော်ကြီးကို မတွေ့တောင် သူ့အကြောင်း သိရအောင် ကျွန်တော်သွားရမယ်။ ဒီကောင့်ကို တွေ့ရင် ချက်ချင်း ရဲစခန်းကိုအပ်ပြီး ကျွန်တော် ပြန်လာမှာပါ" ဆိုတော့ ကျွန်တော့်ဘဝဖြစ်စဉ်ကို သိထားတဲ့ အမေက ဒီတစ်ခါ မတားတော့ပါဘူး။ ငွေသာ လိုသလောက် ယူသွားလို့ ပြောတယ်။ အမေ့ဆီက ကျွန်တော် ငွေတစ်ထောင် တောင်းလာခဲ့တယ်။ အဖေ ဦးကံထွန်းကိုလည်း ကန်တော့သွားချင်တာနဲ့ ဦးကံထွန်းကိုစောင့်ရင်း ပန်းမြို့ကို စာတစ်စောင်ရေး၊ ဦးကံထွန်း တော်တော်နဲ့ ပေါ်မလာတော့ ရထားမမီမှာစိုးလို့ ဆံပင်အတုစွပ်၊ မျက်မှန်တပ်ပြီး မြင်းလှည်းတစ်စီးနဲ့ ဘူတာကို ထွက်လာရတယ်။ကျွန်တော် ဘူတာရောက်တော့ လူတွေ လက်မှတ်တန်းစီ တိုးနေကြတယ်။ ကျွန်တော်ကတော့ လက်မှတ်မဲ့လည်း စီးနေကျမို့ ရထားလက်မှတ်အတွက်ကို ဘာအပူအပင်မှ မထားပါဘူး။ အဲဒါကြောင့် ဘူတာစကြံက လက်ဖက်ရည်ဆိုင်မှာ အေးအေးလူလူ ထိုင်ပြီး စတယ်နဲ့ အမောပြေ လိမ္မော်ရည်တစ်ပုလင်း စုပ်နေလိုက်တယ်။

မကြာခင် ကောင်လေးတစ်ယောက်က အနားရောက်လာပြီး "ဆရာ လက်မှတ်ရမယ်၊ ရန်ကုန်ဆို ခုံနံပါတ်ပါ အပြီးရမယ်" ဆိုပြီး လာပြောတယ်။ ကျွန်တော်က "ပဲခူးအထိပဲ လိုချင်တယ်ကွာ၊ ဘယ်လောက်ပေးရမလဲ" မေးတော့ ကောင်လေးက လက်မှတ်ပေါက်ဘက် ထွက်သွားတယ်။

မကြာပါဘူး ချက်ချင်း ပြန်ရောက်လာပြီး "ဆရာ ခုံနံပါတ်ရော လက်မှတ်ပါဆို တစ်ရာပေးရမယ်" ဆိုတော့ ကျွန်တော်လည်း ဆစ်မနေတော့ဘူး၊ လွယ်လွယ်ပဲ လက်မှတ်ကို ကောင်လေးဆီက မှောင်ခိုဝယ်ထား





လိုက်တယ်။ အမေ အဖေတို့အတွက် လက်ဖက်ရည်ဆိုင်ကပဲ ထိုးမုန့်၊ လမုန့်တွေ ဝယ်တယ်။ အမေ လက်ဖက်ကြိုက်တတ်တာ သတိရလို့ အရိုးတောင်းကို နောက်မှ ဝယ်မိတယ်။

ရထားက (၁၁း၄၅)မိနစ်မှ ထွက်မှာမို့ ပစ္စည်းတွေကို ရထားပေါ်တင်ပြီး ပလက်ဖောင်းပေါ်မှာ ဟိုဟိုဒီဒီ လျှောက်ကြည့်နေတယ်။ နိုင်ငံခြားအရက်ဆိုင်က ဘီယာတစ်လုံးနဲ့ လိမ္မော်ရည်တစ်ပုလင်းကို လမ်းမှာ သောက်ဖို့ ဝယ်လိုက်ပြီး ရထားပေါ် ပြန်တက်ထိုင်နေလိုက်တယ်။ ဘေးပတ်ဝန်းကျင်ကိုလည်း မသိမသာ အကဲခတ်ထားတယ်။

ကျွန်တော့်ဘေးမှာ အဘိုးကြီးတစ်ယောက်နဲ့ ငါးနှစ်၊ ခြောက်နှစ်အရွယ် မြေးမလေးနှစ်ယောက်တို့ ထိုင်နေကြတယ်။ အရှေ့ဘက်က ခုံမှာတော့ အသက်သုံးဆယ်ကျော် အမျိုးသမီးတစ်ယောက်နဲ့ ကျွန်တော်တို့အရွယ် လူငယ်တစ်ယောက် ရှိနေတယ်။ ဘေးပတ်ဝန်းကျင်က လူတွေကတော့ ရထားမထွက်ခင်ကတည်းက တစ်ယောက်တစ်ခွန်း စကားပြောဆိုနေကြတယ်။ ကျွန်တော်လည်း ရထားထိုင်ခုံကိုမှီပြီး ရထားထွက်မယ့်အချိန်ကို စောင့်နေတယ်။ ရထားက (၁၂) နာရီခွဲလောက်မှ ထွက်တယ်။ ကျွန်တော့်နေရာက ထောင့်ဖြစ်နေတဲ့အတွက် မှေးမှီပြီး လိုက်လာတယ်။

ပျော်ဘွယ်ကိုရောက်တော့ ညီ၊ ညီမတွေအတွက် ပျော်ဘွယ်မုန့်ကြွပ်နဲ့ အမဲကြော်စည်းတွေ ဝယ်လိုက်တယ်။ ဘေးမှာရှိတဲ့ အဘိုးကြီးနဲ့ ကလေးမလေးနှစ်ယောက်ကိုလည်း မုန့်ကျွေးလိုက်၊ စကားပြောလိုက်နဲ့ လိုက်လာခဲ့တယ်။ ရထားက တောင်ငူဘူတာ နံပါတ် (၁) စကြံကို ဝင်လာတယ်။ ကျွန်တော် ပလက်ဖောင်းပေါ်ဆင်းပြီး ဝယ်စရာရှိတာတွေ ဝယ်ပြီး ရထားပေါ် ပြန်အတက်မှာ လက်မှတ်စစ်တွေနဲ့ တိုးနေတယ်။ ကျွန်တော့်ကို လက်မှတ်ပြခိုင်းတယ်။

မန္တလေးက ထွက်ကတည်းက လက်မှတ်ကို တိုက်ပုံအကျီထဲ ထည့်ထားတယ်။ သာစည်မှာ နို့ဆင်းသောက်တုန်းကပဲ ကျသလား။ ဒါမှမဟုတ် ပျဉ်းမနားမှာ ထမင်းဆင်းစားတုန်းကပဲ ကျသလား။ စိတ်တွေ ဂယောင်ချောက်ချားဖြစ်ပြီး လက်မှတ် မရှိ၊ မတွေ့တော့ဘူး။ ဒါနဲ့ လက်မှတ်စစ်ကို ခဏလို့ ပြောပြီး ရထားထဲကို ပြူတင်းပေါက်က ကျော်တက်လာတယ်။

ဘက်အိတ်နဲ့ ပစ္စည်းခြင်းတွေထဲ ရှာကြည့်သေးတယ်။ မတွေ့ဘူး။ အဝတ် သေတ္တာကတော့ အဖေ ဦးကံထွန်း အိမ်မှာကတည်းက မဖွင့်ရသေးတဲ့ အတွက် သေတ္တာထဲ ပါစရာအကြောင်းမရှိလို့ မရှာတော့ဘူး။

အဲဒါနဲ့ အောက်ကို ပြန်ဆင်း၊ ပြေလည်ရာ ပြေလည်ကြောင်း ပြောပြီး ငွေငါးဆယ်ပေးလိုက်တယ်။ အဲဒီနေ့က လက်မှတ်စစ်တင်မကဘူး ပြည် သူ့စစ်တွေ၊ ကောင်စီတွေ၊ ရဲတွေနဲ့ ပလက်ဖောင်းတစ်လျှောက်လုံးမှာ ရှုပ် ယှက်ခတ်နေတယ်။ ရန်ကုန်က လာတဲ့ရထားကို မော်လမြိုင်မှောင်ခို ပစ္စည်းနဲ့ ဆန်မှောင်ခိုတွေကို ရှာပြီး မန္တလေးကလာတဲ့ ရထားကို ဆီပုံးနဲ့ ကြက်သွန်၊ ငရုတ်အိတ်တွေကို သိမ်းပြီး ပလက်ဖောင်းပေါ်မှာ ပုံထား တယ်။ တချို့က တန်ဆာမဲ့၊ တချို့က လက်မှတ်မဲ့နဲ့ ပလက်ဖောင်းပေါ်မှာ ဆူညံနေတယ်။

လက်မှတ်စစ်ကို ကျွန်တော် ငွေပေးတာ မယူရဲဘူး။ ကျွန်တော့်ဘေး က ကျွန်တော်နဲ့ ရထားအတူတူ စီးလာကြတဲ့ လူတွေကလည်း ပြောပြ ကြပါတယ်။ မရဘူး။ အတင်းဆွဲခေါ်နေတဲ့အတွက် တစ်ယောက်တစ်ခွန်း စကားများကြပြီး ကျွန်တော့်ပစ္စည်းတွေကို တွဲပေါ်က ချလိုက်ရတယ်။ ဒါနဲ့ လက်မှတ်မဲ့ဆိုပြီး အချုပ်ခန်းထဲကို ဝင်ရတယ်။ ခါတိုင်း လက်မှတ် မဲ့စီးနေတာ ဘာမှမဖြစ်ဘူး၊ ခု မှောင်ခိုက ဈေးကြီးပေးဝယ်စီးလာကာမှ အဖမ်းခံရတော့ တော်တော် ဒေါသဖြစ်ရတယ်။ အမှန်က ဒါလည်း ကိုယ် ပေါ့လျော့လို့ပဲ။

လက်မှတ်မဲ့လို့ ဖမ်းတဲ့အပြင် ကျွန်တော်နဲ့ စကားများထားတာကို မကျေနပ်တာနဲ့ မှတ်ပုံတင်ပါ ပြခိုင်းတယ်။ သူများတွေ ဘယ်သူ့ကိုမှ မပြခိုင်းဘူး။ ဒါပေမယ့် ဒီတစ်ခါ ကျွန်တော် စောဒကမတက်ရဲတော့ဘူး။ အဲဒါကြောင့် မှတ်ပုံတင်ထုတ်ပြပြီး ပစ္စည်းတွေနဲ့အတူ လက်မှတ်မဲ့ ရုံးခန်း ထဲမှာ ငုတ်တုတ်ထိုင်နေရတယ်။

ဘူတာအချုပ်ကနေ အမှတ် (၁) ရဲစခန်းအချုပ်ကို ညတွင်းကြီး လူ (၄၀) ကျော်ကို ခေါ်သွားပြီး ထည့်ထားလိုက်ကြတယ်။ ပါတဲ့ပစ္စည်းတွေ ကို အပြင်က ရဲတွေဆီမှာ အပ်ထားရတယ်။ အမှတ် (၁) အချုပ်ကို ရောက်တော့ ကျွန်တော့်နာမည်ကို တစ်ယောက်ယောက်က ခေါ်သံကြား





လို့ လှည့်ကြည့်လိုက်တော့ ပဲခူးသား သနပ်ပင်တစ်ဖက်က (---) ရွာသား ဝင်းတင့်၊ သုံးတောင်ဝင်းတင့်လို့လည်း ခေါ်တယ်။ သူ့ကို ပုဏ္ဏကလည်း ခေါ်ကြတယ်။သူက ပဲခူးကို ငယ်ငယ်ကတည်းက ပြောင်းလာပြီး ကျောက် တွင်းကုန်းဘက်မှာ နေတယ်။ ကျွန်တော်တို့က စိန်ထွန်းကွက်သစ် ပေါ်ဦး ထဲနေတော့ ပဲခူး မီးကြီး မလောင်ခင်ကပင် သိကျွမ်းခဲ့ကြတယ်။

"ပုဏ္ဏက မင်း ဘာဖြစ်လို့လဲ" လို့ မေးတော့. . .

"ငါ့ကို လက်မှတ်မဲ့ ဖမ်းထားတယ်" လို့ ပြန်ပြောတယ်။

"ဒဏ်ငွေဆောင်ရမှာပေါ့ ငွေပါလား"

"မပါဘူး၊ အကျႌကို ချွတ်ရောင်းပြီး ဆောင်ရမယ်"

"လုပ်မနေပါနဲ့ကွာ မင်းအတွက် ငါ ဆောင်လိုက်ပါ့မယ်" ဆိုတော့ ဝင်းတင့်က ကျေးဇူးတင်ကြောင်းပြောတယ်။

သူက ကျွန်တော့်ကို အရင်လိုပဲ ရိုးရိုးသားသား မှောင်ခိုလုပ်စားနေ တယ်ထင်ပုံရတယ်။ သူတို့ မသိတဲ့ နောက်ပိုင်း ကျွန်တော့်ဘဝ ဆန်းပြား ခဲ့တာ၊ ဖြစ်ခဲ့တာတွေကို သူမသိဘူး။ အဲဒါကြောင့် "မင်း အရင်လိုပဲလား" မေးတော့ "ဟုတ်တယ်၊ မှောင်ခိုပဲ လုပ်နေတယ်" လို့ ပြောလိုက်ရတယ်။

မနက်မိုးလင်းတော့ တရားရုံးထုတ်ဖို့ ကြိုးနဲ့ လာချည်ကြတယ်။ လက်ထိတ်မလောက်လို့တဲ့။ ကိုယ့်ပစ္စည်းကိုယ်ယူကြဆိုတော့ သေတ္တာနဲ့ ဘက်အိတ်ကို လှမ်းယူပြီး ကျန်တဲ့ခြင်းနဲ့ စားစရာတွေကို ပုဏ္ဏကကို ကိုင် ခိုင်းလိုက်တယ်။ ရုံးရောက်တော့ ဒဏ်ငွေဆောင်ဖို့ သေတ္တာကို ဖွင့်မယ် အလုပ်မှာ သေတ္တာဟနေတာ တွေ့ရတယ်။ ကျွန်တော့်သေတ္တာက သေ သေချာချာ သော့ခတ်ထားတာပဲ၊ သော့ခလောက်က အဖွင့်အပိတ်ကို လည်း သော့တပ်ပြီး ဖြုတ်မှ ရတဲ့သော့။ အခု ပွင့်နေတာတွေ့လို့ ပြန်ပိတ် ကြည့်တော့ မရဘူး။ ငွေနဲ့ ပစ္စည်းတွေကို စစ်ကြည့်တော့ ငွေ တစ်ထောင် နီးပါး လိုနေတယ်။ အဲဒါကြောင့် ဒဏ်ငွေမဆောင်ခင် စီပီအိုကို တင်ပြ ရတယ်။ စီပီအိုက ရုံးကျတော့ ပြောကွာတဲ့။

ရုံးရောက်တော့ တရားသူကြီးကို ပြောပြလိုက်တယ်။ တရားသူကြီး က အမျိုးသမီး၊ သဘောကောင်းတယ်။ ကျွန်တော့်ကို အမှုဖွင့်မလားလို့ မေးတယ်။ ကျွန်တော်က ခဏစဉ်းစားပြီး "ကျွန်တော့်ငွေ ပြန့်ရရင်

ကျွန်ပ့်ပါမယ် ဆရာမ" လို့ ပြောလိုက်တယ်။ ရုံးစာရေးတစ်ယောက်ကို တရားရုံးကနေ အမှတ် (၁) စခန်းက ညဂျူတီကျတဲ့အဖွဲ့ကို ခေါ်ခိုင်းလိုက်တယ်။ တစ်နာရီလောက်ကြာမှ ညဂျူတီကျတဲ့ ရဲတပ်သားနှစ်ယောက်နဲ့ ကင်းအဖွဲ့ဆိုတာ ရောက်လာကြတယ်။ သူတို့ကို တရားသူကြီးက မေးတော့ မသိဘူး။ လူတွေက အရမ်းများတော့ အချင်းချင်း လမ်းမှာ လွတ်ကျလို့ ပွင့်တာလား၊ ဘာလား၊ ညာလားနဲ့ မသိဘူး ငြင်းကြတယ်။ ကျွန်တော်လည်း တော်တော်စိတ်ပျက်သွားပြီး "နေပါစေတော့ဗျာ၊ အမှုလည်း မလုပ်တော့ဘူး" ဆိုပြီး မီးရထားလက်မှတ် ဒဏ်ငွေနှစ်ယောက်စာ ဆောင်ပြီး တောင်ငူဘူတာဘက် တက်လာခဲ့တယ်။

ဘူတာရောက်တော့ "ညက ရထားကံကောင်းတယ်၊ တံတားဟိုဘက်ထိပ်ရောက်မှ မိုင်းကကွဲတာ" ဆိုပြီး တစ်ယောက်တစ်ပေါက် ပြောနေကြတယ်။ ကျွန်တော်လည်း တော်တော်ကံကောင်းတယ်လို့ မှတ်ရတယ်။ တကယ်လို့သာ လက်မှတ်မဲ့နဲ့ အဖမ်းမခံရဘဲ ရထားနဲ့ ပါသွားရင် သေမလား ရှင်မလား မပြောနိုင်ဘူး။ ကံကောင်းမှ အသက်ရှင်မှာ။ အဲဒါကြောင့် ရထားတွေကို စကြိမ်မှာ အများကြီး ရပ်ထားတာ တွေ့နေရတယ်။ ကျွန်တော်တို့လည်း ရှေ့ဆက်သွားလို့ မရတော့ဘူး။ မှတ်မိသလောက်ဆိုရင် ၁၉၇၄ ခုနှစ်ထဲမှာပါပဲ။

ခရီးသည်တွေနဲ့အတူ ကျွန်တော် ပလက်ဖောင်းထိုင်ခုံ တစ်ခုံပေါ် ထိုင်နေလိုက်တယ်။ ခဏကြာတော့ ပုဏ္ဏကကို ထမင်းသွားဝယ်ခိုင်းပြီး ထမင်းစားကြတယ်။ ပုဏ္ဏကမှာ ဘာမှ ပါမလာလို့ ဖိနပ်တစ်ရန်နဲ့ အကျီ တစ်ထည် ဝယ်ပေးရသေးတယ်။ ဆယ့်ငါးမိနစ်လောက်ကြာတော့ "အစ်ကို ကျွန်တော်တို့ အကျီနှစ်ထည် ရောင်းချင်လို့ ဝယ်နိုင်ရင် ဝယ်ပါဗျာ၊ ထမင်း မနေ့ကတည်းက မစားရသေးလို့ပါ" ဆိုပြီး ကျွန်တော်တို့အရွယ် လူငယ်နှစ်ယောက်က လာပြောတယ်။ စောစောက ပုဏ္ဏကအတွက် အကျီဝယ်တာမြင်လို့ လာပြောကြတယ် ထင်တယ်။

"ဘာဖြစ်လို့လဲ" မေးတော့ "လက်မှတ်မဲ့နဲ့ အဖမ်းခံရပြီး ဒဏ်ငွေ ဆောင်လိုက်ကြရလို့ပါ" တဲ့။ "ဘယ်ကလာလို့ ဘယ်ကို သွားကြမှာလဲ" မေးတော့ "မန္တလေးကို သူငယ်ချင်းသုံးယောက် ဘုရားဖူးလာကြတာပါ" တဲ့။ အဲဒီအခါမှ သူတို့နားမှာ ရပ်နေတဲ့ နောက်တစ်ယောက်က သူတို့ အဖော်မှန်း သိရတယ်။သူတို့က စွပ်ကျယ်ချိုင်းပြတ်တွေနဲ့။ ဒါမျိုး ကျွန်တော်လည်း အရင်က ခဏ ခဏ ကြုံဖူးတော့ ကိုယ်ချင်းစာပြီး သနားသွားတယ်။





အဲဒါကြောင့် သူတို့ အကျီကို မဝယ်ဘဲ ငွေကိုးဆယ် ထုတ်ပေးလိုက်တယ်။ သူတို့က ထမင်းသွားစားကြပြီး ကျွန်တော့်ဆီ ပြန်လာကြတယ်။ ကျွန်တော့်ကို မိတ်ဖွဲ့ကြတယ်။ သန်လျင်မှာနေကြောင်း၊ သူတို့ကို သန်လျင်မှာ ဘယ်သူ့မေးမေး ရကြောင်း၊ အိမ်လိပ်စာ အသီးသီး ပေးကြတယ်။ နာမည်တွေကို ကြည့်ဦး၊ ဝင်းခင် ခေါ် ငါးရှဉ့်၊ စိန်မြင့် ခေါ် ခေါင်းသေး၊ အုန်းတင် ခေါ် တီတိုနီတို့ ဖြစ်ကြတယ်။ သူတို့နာမည်တွေ ကြားတာနဲ့ ကျွန်တော်လည်း အထာပေါက်သွားတယ်။

ထမင်းစားသောက်ပြီး သူတို့နဲ့ စကားပြောနေတုန်း ပလက်ဖောင်းပေါ်က အသံချဲ့စက်နဲ့ "ရန်ကုန်သို့ ခရီးသွားကြမယ့် လုပ်သားပြည်သူများ ခင်ဗျာ၊ သယ်ယူပို့ဆောင်ရေးကားများ မကြာခင် ရောက်လာပါလိမ့်မယ်။ အဲဒီကားတွေနဲ့ ခရီးသည်များကို ခပေါင်းတံတားထိပ်ထိ လိုက်ပို့မှာဖြစ်ပါတယ်။ ရန်ကုန်ဘက် ပြေးဆွဲပေးမယ့် ရထားလည်း အဆင်သင့် လုပ်သားပြည်သူများကို စောင့်ကြိုနေပါတယ်။ ခရီးသည် လုပ်သားပြည်သူများ ဘူတာရှေ့သို့ စနစ်တကျ ပြောင်းရွှေ့နေရာယူကြပါရန် လေးစားစွာ ပန်ကြားအပ်ပါသည် ခင်ဗျား" ဆိုပြီး သုံးခါတိတိ အော်ပြောနေတယ်။

အဲဒါကြောင့် ကျွန်တော်တို့လည်း အာရ်တီစီခေါင်းပြာ သယ်ယူပို့ဆောင်ရေးကားများရှိရာကို ထွက်လာကြတယ်။ ပုဏ္ဏက,က ကျွန်တော်နဲ့ ပဲခူးကို အတူလိုက်ပါမယ် လုပ်နေလို့ ငွေ (၄၀) ပေးပြီး ပြန်ခိုင်းလိုက်ရတယ်။ နောက်မှ တွေ့ကြမယ်၊ ခုက ကိစ္စနဲ့ ပဲခူးကို မဖြစ်မနေ သွားရမှာမို့ပါဆိုပြီး သန်လျင်ဘက်ကမ်းက ဝင်းခင်၊ စိန်မြင့်၊ အုန်းတင်တို့နဲ့ ကားအတူစီးပြီး ရထားရှိရာကို လာခဲ့ကြတယ်။

ရန်ကုန်က လာတဲ့ရထားကို ခပေါင်းတံတားထိပ်မှာ ရပ်ထားတာ တွေ့ရတယ်။ ဖင်ပိုင်းကို ဖြူးဘက်ကတစ်ဆင့် ခေါင်းတွဲတပ်ပြီး ရန်ကုန်ဘက် ပြန်ထွက်ရမယ်။ မန္တလေးက လာတဲ့ရထားတွေကိုလည်း ထို့နည်း

တူစွာပဲ ပြုလုပ်ပြီး ပြန်ထွက်ခိုင်းတယ်။ ဘူတာပေါ်က ခရီးသည်များဟာ စကြံပေါ်မှာ ထိုင်စရာ မရလောက်အောင် များပြားနေတယ်။ သယ်ယူပို့ဆောင်ရေးကားတွေလည်း ခေါက်တုံ့ခေါက်ပြန် ပြေးဆွဲပေးတယ်။ ရန်ကုန်ဘက်သွားမယ့် ခရီးသည်တွေ အတော်များများ ရထားပေါ် ရောက်နေကြပြီ။

အဲဒါကြောင့် ကျွန်တော်တို့လည်း အလုအယက် နေရာရှာကြရတယ်။ အိမ်သာနားတစ်နေရာမှာ နေရာရတာနဲ့ အင်ဖက်တစ်ထုပ်ဝယ်ပြီး ခင်းထိုင်ကြတယ်။ တချို့ ခရီးသည်တွေက ရထားနေရာ မရတဲ့အတွက် နောက်တစ်စီးကို စောင့်နေကြတယ်။ကျွန်တော်တို့က ပထမဆုံး စထွက်တဲ့ ရထားနဲ့ လိုက်လာခဲ့ကြတယ်။ရထားပေါ်မှာ သူငယ်ချင်းအသစ် သုံးယောက်နဲ့အတူ စကားပြောလာခဲ့ကြတယ်။ အဲဒီသူငယ်ချင်းအသစ် သုံးယောက်က ကျွန်တော့်ကို ကျေးဇူးတင်ကြောင်း ခဏခဏ ပြောပြီး သန်လျင်ကို လာလည်ဖို့ကိုလည်း တဖွဖွ မှာကြတယ်။ သုံးယောက်စလုံး ဆွေမျိုးနီးစပ်တော်ကြကြောင်း၊ ဖယောင်းလုပ်ငန်းကို အဓိကထား လုပ်ကြကြောင်းလည်း ပြောပြကြတယ်။

ရထားက ပဲခူးဘူတာရောက်တော့ ကျွန်တော့်ပစ္စည်းတွေကို ဝိုင်းကူချပေးကြတယ်။ လူချင်း ခွဲခါနီးမှာ ကျွန်တော်က နောက်မှ အားရင် လာလည်မယ့်အကြောင်း မှာလိုက်တယ်။ ပဲခူးနဲ့ နှစ်နှစ်ကျော် သုံးနှစ် နီးပါး ကင်းကွာနေတဲ့အတွက် ပတ်ဝန်းကျင်က လူတွေလည်း ကျွန်တော့်ကို တစ်ယောက်မှ မမှတ်မိကြတာတော့ ကျွန်တော်က ပိုသဘောကျသွားမိတယ်၊ ဒါနဲ့ မြင်းလှည်းတစ်စီးငှားပြီး အိမ်ကို လာခဲ့တယ်။

အိမ်ရောက်တော့ ညီ၊ ညီမတွေက အိမ်ရှေ့မှာ ဆော့ကစားနေကြတာ တွေ့ရတယ်။ ကျွန်တော့်ကိုလည်း သူတို့က လုံးဝကို မမှတ်မိကြဘူး၊ ဒါနဲ့ ကျွန်တော်က မျက်မှန်ကိုချွတ်ပြီး တစ်ယောက်စီရဲ့ အမည်တွေကို ခေါ်လိုက်တော့မှ ကျွန်တော့်ဆီ ပြေးရောက်လာကြတယ်။ အမေနဲ့ အဖေကို အိမ်ပေါ်မှာ အဆင်သင့် တွေ့ရလို့ ဝမ်းသာသွားတယ်။အိမ်ပေါ်ရောက်မှ ခေါင်းက ဆံပင်အတုကိုလည်း ချွတ်လိုက်ရတယ်။ အမေ အဖေတို့က အလွန်အမင်း ဝမ်းသာသွားကြပြီး ကျွန်တော့်အနားမှာ လာထိုင်ကြတယ်၊





ကျွန်တော့်အောက် ညီအငယ်ကောင်ကို အိမ်မှာ မမြင်မိလို့ မေးကြည့်တော့ အမေက မနက်ကတည်းက လွယ်အိတ်တစ်လုံးနဲ့ ထွက်သွားတာ ခုထိ ပြန်ပေါ်မလာသေးဘူးလို့ ပြောတယ်။ အချိန်က မနက် ဆယ့်တစ်နာရီရှိပြီမို့ မနက်စာကို အမေက အိမ်မှာရှိတဲ့ ဟင်းအပြင် ဆိုင်ကလည်း ဟင်းနှစ်ခွက် ဝယ်ခိုင်းပြီး ကျွေးတယ်။ မိဘနှစ်ပါးနဲ့ ညီအစ်ကိုမောင်နှမတွေကို သိုက်သိုက်ဝန်းဝန်း တွေ့ရတော့ ဝမ်းသာ၊ ဝမ်းနည်းဖြစ်သွားမိတယ်။

ကျွန်တော် အိမ်က ထွက်သွားပြီး ဖားကန့်ဘက်မှာ ကျောက်သွားတူးနေကြောင်း မိဘတွေ စိတ်ကောင်းအောင် လိမ်ညာပြောထားရတယ်။ ခင်အေးသူတို့ အကြောင်းတော့ လုံးဝ မပြောဘဲ ထိမ်ချန်ထားရတယ်။ လုယက်ခိုးဆိုးနေတဲ့ အလုပ်ကို ဘယ်မိဘကမှ မကြိုက်ကြပါဘူး။ အဲဒါကြောင့်လည်း ကျွန်တော့်ကိုတွေ့တိုင်း အမေက ကောင်းရောင်း၊ ကောင်းဝယ် လုပ်ကိုင်စားသောက်ကြဖို့ အမြဲတမ်း ပြောပါတယ်။ ဒါပေမယ့် ခုထိ မိဘနှစ်ပါးကလည်း ခေါက်ဆွဲဆိုင် ပြန်မထွက်ဖြစ်ဆိုတော့ ညီမတွေက မဆလာစက်နဲ့ အဒေါ်တစ်ယောက် အပ်ချုပ်ဆိုင်၊ ညီတွေက ဈေးထဲက ငါးဒိုင်တွေမှာ နေ့စားနဲ့ ဟိုတုန်းက အတိုင်းပဲ အလုပ်လုပ်နေကြတယ်လို့ သိရတယ်။ ကျွန်တော့်အောက် ညီကတော့ ကျောင်းတက်လိုက်၊ မတက်လိုက်နဲ့ ညီ၊ ညီမတွေ လုပ်စာအပေါ် ရေသာခိုပြီး ဗိုလ်ကျနေတယ်။ စုထားကြတဲ့ ပိုက်ဆံဘူးတွေကိုလည်း ခိုးပြီး သုံးစားပစ်တယ်။ ညီတွေ ညီမတွေ အဝတ်ကိုလည်း ခိုးရောင်းတယ်လို့ တိုင်ကြတယ်။

ကျွန်တော်တို့မှာ ညီအစ်ကိုမောင်နှမ ဆယ့်သုံးယောက်ရှိတယ်။ အငယ်ဆုံးရဲ့ အထက် ယောကျ်ားလေး တစ်ယောက်ကတော့ ကျွန်တော်မရှိတုန်း ဆုံးသွားရှာတယ်။ အဲဒါကြောင့် ညီအစ်ကိုမောင်နှမ ဆယ့်နှစ်ယောက်ပဲ ကျန်တော့တယ်။ အစ်ကိုအကြီးဆုံးကတော့ ပြင်ဦးလွင်ကနေတာချီလိတ်၊ တာချီလိတ်ကနေ ခု မိုင်းဖြတ်မှာ ရောက်နေတယ်လို့ အကြောင်းကြားစာ ရတယ်။ အစ်ကိုကြီးက တပ်ထဲမှာဆိုတော့ ကံကောင်းတယ်လို့ ပြောရမယ်။

ညနေကျတော့ ကျွန်တော့်အောက်ညီနဲ့ သူ့သူငယ်ချင်းနှစ်ယောက်တို့

အိမ်ထဲကို ဝင်လာကြတယ်။ ကျွန်တော် မရှိဘူးထင်ပြီး အိမ်ထဲကို ရဲရဲဝံ့ဝံ့ တက်လာကြတယ်။ ကျွန်တော့်ကိုမြင်တော့ အမ်းတမ်းတမ်း ဖြစ်သွားပြီး "အစ်ကို ဘယ်တုန်းက ရောက်လဲ" ဆိုပြီး အနားမှာ လာထိုင်တယ်။ သူ့ သူငယ်ချင်းနှစ်ယောက်က အရင်ကလည်း အိမ်ကို ခဏခဏ လာဖူးတာကိုတော့ ကျွန်တော် မှတ်မိတယ်။ သူတို့က တစ်တန်းတည်းနေကြသူတွေ။ ကျောင်းပြေးဖက် ဆိုးတေဖက် ထင်တာပဲ။

ပထမတော့ ဆိုးသွမ်းနေတဲ့ ညီကို ရိုက်ဆုံးမ,မလို့ပါပဲ။ နောက်တော့ ကိုယ်ကိုယ်နှိုက်ကလည်း လူကောင်း မဟုတ်တာရယ်၊ ညီမျက်နှာကို မြင်ရတော့ သနားသွားတာရယ်ကြောင့် မရိုက်ဖြစ်တော့ဘူး။ မိသားစု စုံစုံလင်လင်ရှိနေတုန်း အမေက ဘုရားဖူးသွားကြမယ် ဆိုတာနဲ့ အမေ့ညီမ ဒေါ်နုကို အိမ်စောင့်ထားခဲ့ပြီး ဘုရားကြီးကို ထွက်လာကြတယ်။ ညနေပိုင်းဆိုတော့ သူငယ်ချင်း အသိမိတ်ဆွေတွေ၊ ဘုရားခြေရင်းအနောက်ဘက်က အဖေ့မိတ်ဆွေ ခေါက်ဆွဲဆိုင်၊ ထမင်းဆိုင်တွေကိုလည်း ဝင်ပြီး နှုတ်ဆက်ကြတယ်။

ဘုရားအနောက်မုခ်က သန်းသန်းခေါက်ဆွဲဆိုင် မိသားစုဟာ ကျွန်တော်တို့နဲ့ ငယ်ငယ်လေးကတည်းက ဆိုင်ချင်းကပ် အတူနေခဲ့ကြတဲ့ အပြင် ကျွန်တော့်ကိုလည်း ငယ်ငယ်လေးကတည်းက ထိန်းကျောင်းလာကြသူတွေဆိုတော့ တော်တော်နဲ့ စကားဖြတ်မရ ဖြစ်သွားကြတယ်။နောက်နေ့တွေမှာတော့ သူငယ်ချင်းတွေအိမ် လိုက်လည်လိုက်၊ ဘုရားဖူး၊ ရုပ်ရှင်ကြည့်လိုက်နဲ့ ဘာအလုပ်မှ မလုပ်ဘဲ ပါလာတဲ့ငွေကို သုံးဖြုန်းပြီး မေ့မေ့ပျောက်ပျောက်ပဲ နေပစ်လိုက်တယ်။

ဒါပေမယ့် ခင်အေးသူတို့ သားအမိတွေကိုတော့ တစ်နေ့မှ မေ့မရပါဘူး။ ဒါနဲ့ တစ်နေ့ ခေါင်းအုံးမှန်ဘောင်ဝယ်ပြီး ခေါင်းအုံးထည့်ချိတ်နေတုန်း အမေက "ငါ့သား ဘယ်သူ့ပုံလဲ" ဆိုပြီး မေးလာတယ်။ အမှန်အတိုင်းပြောရင် အမေက ကျေနပ်ချင်မှ ကျေနပ်မှာ၊ နောက် ခင်အေးသူတို့နဲ့ပတ်သက်ပြီး မေးနေရင် အလိမ်တွေလည်း ပေါ်ကုန်မှာစိုးတာနဲ့ "ကျွန်တော့် သူငယ်ချင်းပါ၊ ခင်လို့ ယူလာပြီး အမှတ်တရ ချိတ်ထားတာပါ" လို့ လိမ်ပြောလိုက်ရတယ်။





ခင်အေးသူက ရှမ်းအဝတ်အဆင်နဲ့တစ်ပုံ၊ သမီးလေးက သတ်သတ် တစ်ပုံကို ကျွန်တော့်ခေါင်းအုံးအောက်မှာ ချိတ်ထားတယ်။ ခေါင်းအုံးတွေကို သေသေချာချာကြည့်လေ အရမ်းခံစားရလေနဲ့ စိတ်မကောင်း ဖြစ်နေရတယ်။ ဒီလိုနဲ့ အဖေ့မွေးစားသမီး အစ်မအိမ်မှာနေလိုက်၊ အိမ်ပြန်အိပ်လိုက်နဲ့ နောက်တော့ အစ်မအိမ်မှာပဲ အနေများလာတယ်။ အစ်မက ကြိမ်အဝယ်ဒိုင်က လူကြီးတစ်ယောက်နဲ့ အိမ်ထောင်ကျပြီး ကလေးနှစ်ယောက်နဲ့ ချမ်းသာနေတယ်။ အဲဒါကြောင့်လည်း ကျွန်တော့်အတွက် အခန်းတစ်ခန်း သီးသန့်ပေးထားနိုင်တယ်။

ကျွန်တော် မှောင်ခိုလုပ်ခဲ့စဉ်က မိဘတွေ လူကြီးချင်း သဘောတူထားတဲ့ ကြည်ကြည်လှတို့အိမ်နဲ့ အစ်မအိမ်ကလည်း ဘေးချင်းကပ်ဆိုတော့ ကျွန်တော် အစ်မအိမ် အနေများလာတာကို အားလုံးက သဘောကျနေကြတယ်။ ကြည်ကြည်လှက ကျွန်တော့်ထက် အသက် (၄) နှစ်ခန့်ကြီးတယ်။ အဲဒါကြောင့် ပြောဆိုဆက်ဆံတဲ့အခါ မောင်တစ်ယောက်လို ဆက်ဆံသလိုပဲ ပထမတော့ ဆက်ဆံလာတယ်။ နောက်တော့ အစ်မနဲ့ ဘေးကဝိုင်းပြောကြတာနဲ့ သူလည်း စိတ်ပြောင်းလာတယ် ထင်တယ်။

ဟိုတုန်းကတော့ ကြည်ကြည်လှကို ကျွန်တော်လည်း လုံးဝ စိတ်မဝင်စားခဲ့ပါဘူး။ ဒါပေမယ့် ခုနေခါ ခင်အေးသူတို့နဲ့ ဝေးနေတဲ့ဝေဒနာခံစားချက်ကို သက်သာလိုသက်သာငြား ထိကပါး ရိကပါး လုပ်ချင်လာတယ်။ ကြည်ကြည်လှက အသက် (၄) နှစ်ကြီးတဲ့ အပျိုကြီးဆိုပေမယ့် ထောင်ထောင်မောင်းမောင်းနဲ့ ခင်သန်းနု ကိုယ်လုံးကိုယ်ပေါက်မျိုး ရှိတယ်။ ကျွန်တော် ပန်းမြို့ ခင်အေးသူတို့ဆီက ပြန်လာပြီးနောက်ပိုင်းမှာ ကြည်ကြည်လှက အစ်မအိမ်ကို ခဏခဏ လာတတ်တယ်။ ကျွန်တော့်အနေနဲ့ တစ်ခါမှ စကားလက်ဆုံတောင် မပြောဖူးသေးပါဘူး။

တန်ဆောင်တိုင် ဘုရားပွဲတစ်နေ့မှာ ကျွန်တော့်သူငယ်ချင်းတွေနဲ့ ကြိုးတံတားထိပ် အနောက်ဘက် စန္ဒာဝင်းအပ်ချုပ်ဆိုင်မှာ ဂစ်တာတီးပြီး သီချင်းဆိုနေကြတယ်။ မူးတဲ့လူက မူး၊ မမူးတဲ့ လူကလည်း ဟေးလား၊ ဝါးလား လုပ်နေကြတာ တစ်နာရီလောက်ကြာတော့ ကောင်စီလူကြီးတွေနဲ့ ရဲတွေ ဝိုင်းဖမ်းတာကို ခံလိုက်ရတယ်။ ကျွန်တော် အပါအဝင် သူငယ်ချင်း

ရှစ်ယောက်လောက် အဖမ်းခံရတယ်။ မမူးတဲ့သူ တချို့လည်း အပြေးကောင်းလို့ လွတ်သွားတယ်။ အဲဒါကြောင့် တန်ဆောင်တိုင်ရက်မှာ တစ်ရက်မှ မပျော်လိုက်ရဘူး။

အချုပ်ထဲ တစ်ရက်ထားပြီး နောက်တစ်နေ့ ပဲခူးထောင်ကြီးထဲကို ပို့တယ်။ ပဲခူးထောင်ထဲရောက်တော့ ဆိုးသွမ်းလူငယ်တွေဆိုပြီး အားလုံးကို ကတုံး တုံးလိုက်ကြတယ်။ ကျွန်တော့် ဆံပင်အတုကိုတော့ ရဲစခန်းက ကိုကြည်ကို တိုးတိုးတိတ်တိတ် ပေးထားခဲ့ရတယ်။ ကျွန်တော့်ဆံပင်က အဲဒီ အချိန်မှာ တော်တော်ရှည်နေပြီ။

ကျွန်တော် ထောင်ထဲရှိနေချိန်မှာ ကြည်ကြည်လှက ကျွန်တော့်ကို ထောင်ဝင်စာ လာတွေ့တယ်။ အမေနဲ့တစ်ခါ၊ အစ်မနဲ့တစ်ခါအပြင် သူ့ချည်းသက်သက်လည်း နှစ်ခါ လာတွေ့တယ်။ ကျန်းမာရေး ဂရုစိုက်ဖို့၊ ဘာစားချင်လဲ စားချင်တာမှာ ဘာမှ စိတ်ဆင်းရဲမနေနဲ့၊ တန်ဆောင်တိုင်ပြီးရင် ပြန်လွတ်မှာ၊ ဘုရားပွဲ တန်ဆောင်တိုင်ပွဲအတွင်းမို့ ထိန်းသိမ်းထားတာဆိုပြီး အားပေးစကား ပြောတယ်။ ကျွန်တော့်အနေနဲ့လည်း ကြည်ကြည်လှအပေါ် သနားပြီး သံယောဇဉ် ဖြစ်လာတယ်။

ဒီလိုနဲ့ ပဲခူးထောင်ထဲမှာ ကျွန်တော်နဲ့ မူလတန်းကတည်းက အတူကျောင်းနေခဲ့ဖူးတဲ့ စိန်မြင့်ကို တွေ့တယ်။ သူက သမဝါယမဆိုင် ဖောက်ထွင်းမှုနဲ့ ပတ်သက်ပြီး မသင်္ကာလို့ အဖမ်းခံနေရကြောင်း၊ သူ့ဆီမှာ ပစ္စည်းမမိကြောင်း၊ ဖြောင့်ချက်မရှိကြောင်း၊ လွတ်ရင် ခင်ဗျားနဲ့ကျွန်တော် တွေ့ချင်တယ်။လုပ်ငန်းတွေ အများကြီး ရှိတယ်။ နယ်ဘက်ဆင်းပြီး ဖောက်ထွင်းရင် ပိုအဆင်ပြေနိုင်တယ်။အခု လုပ်ငန်းနဲ့ သူ့မိသားစုရှစ်ယောက်ကို သူတစ်ယောက်တည်း ရှာကျွေးနေတယ်။ သူ့အဖေ ဆုံးသွားတာလည်း ငါးနှစ်ခန့်ရှိပြီ၊ အဲဒါကြောင့် သူ့အဖေတာဝန်ကို သူထမ်းနေရတယ်လို့ စိန်မြင့်က လွမ်းလောက်အောင် ပြောပြတယ်။

အခု ဖောက်ထွင်းဝိဇ္ဇာဆိုပြီး နာမည်ကြီးနေတဲ့ စိန်မြင့်ဟာ ကျောင်းနေစဉ်ကတော့ ဆရာ၊ ဆရာမတွေ ချစ်ခင်ခြင်းကို အများဆုံး ခံခဲ့ရတဲ့ လူပါပဲ။စာတော်တယ်၊ ကြိုးစားတယ်၊ လိမ္မာတယ်ဆိုပြီး တစ်ကျောင်းလုံးက ဆရာ၊ ဆရာမတွေ အရေးပေးခြင်းကို ခံခဲ့ရတဲ့ စိန်မြင့်ပါပဲ။ ခု သူ့ကို





ဒီလို ဘဝမျိုးနဲ့ မြင်တွေ့ရတော့ ကျွန်တော် တော်တော် စိတ်မကောင်းဖြစ်သွားမိတယ်။ အဲဒါကြောင့် တစ်ညမှာ ကျွန်တော်လည်း ကျွန်တော် ကျွမ်းကျင်တဲ့ လုပ်ငန်းအကြောင်းကို ပွင့်ပွင့်လင်းလင်းပဲ ဖွင့်ပြီး ဆွေးနွေးကြတယ်။ ငယ်ငယ်ကတည်းကပင် တစ်ကျောင်းထဲ နေလာခဲ့တဲ့လူတွေဆိုတော့ အခက်အခဲတွေကိုလည်း ပြောပြရတယ်။ နှစ်ယောက်စလုံး သဘောပေါက်ပြီး အားလုံး အဆင်ပြေသွားတယ်။

ပဲခူးထောင်ထဲမှာ ခုနစ်ရက်ပဲ နေခဲ့ရတယ်။ ထောင်ကလွတ်တော့ စိန်မြင့်အိမ်ကို တစ်ခေါက် သွားတွေ့တယ်။ သူ ခရီးထွက်သွားတယ်လို့ သူ့အိမ်က ပြောတယ်။ အမှန်မှာ သူ ထောင်က မလွတ်သေးဘူးဆိုတာ ကျွန်တော်သိတယ်။ တမင် သူ့အိမ် အခြေအနေကို သိချင်လို့ သွားမေးတာ။ ဒီလိုနဲ့ ဘူတာဆင်းလိုက်၊ ဖဲသုံးချပ်ဝိုင်းတွေကိုရှာပြီး အစုထည့်လိုက်လုပ်နေရင်းက မော်လမြိုင်လိုင်းမှာ လှုပ်ရှားနေတဲ့ ဝင်းတင်၊ မွန်သိန်း (ခေါ်) ဒိုင်းနမိုင်းနဲ့ ငတိုးတို့ကို မမျှော်လင့်ဘဲ တွေ့ရတယ်။ သူတို့က အရင့်အရင်ကပင် ကျွန်တော်နဲ့ အလုပ်အတူ တွဲလုပ်ချင်တယ်လို့ စကားကမ်းလှမ်းဖူးထားတော့ ကျွန်တော့်ကို တွေ့တာနဲ့ အလုပ်လုပ်ဖို့ကိစ္စ ပြောကြတယ်။သိပ်အရင်းအနှီးကြီး မဟုတ်သေးတော့ အတိအကျ ကတိ မပေးသေးဘဲ ဆရာဂိုက်နဲ့ "ဖြည်းဖြည်းပေါ့ကွာ" ဆိုပြီး လမ်းစဖြတ်ခဲ့ရတယ်။

ဒိုင်းနမိုင်းနဲ့ မှောင်ခိုလုပ်တုန်းကတော့ တစ်ယောက်ကို တစ်ယောက်ရင်းနှီးသလိုပဲ။ တစ်ခါတလေ ပစ္စည်းမရရင် မော်လမြိုင်ကနေ ကော့ဘိန်း၊ ကျုံဒိုးတို့မှာတောင် နှစ်ယောက်တည်း မော်တော်နဲ့ မှောင်ခိုပစ္စည်း သွားသယ်ဖူးတယ်။ တစ်ခါတလေ မော်တော်ပေါ်က ဖဲဝိုင်းမှာလည်း တစ်ဝိုင်းတည်း အတူကစားဖူးတယ်။ ဒါပေမယ့် ဒိုင်းနမိုင်းလောက် ကျွန်တော် ဖဲမကျွမ်းဘူး။ အဲဒါကြောင့် သူ့ဆီ အစုရှယ်ယာထည့်တဲ့အခါလည်း ထည့်တယ်။ နိုင်တဲ့အခါလည်းနိုင်၊ ရှုံးတဲ့အခါလည်း ရှုံးပါပဲ။ ဒီနောက်ပိုင်း သူ့ကို ပြန်တွေ့တော့ ရထားပေါ်မှာ လုယက်နေပြီ။ ခါးပိုက်နှိုက်၊ ကျော်ခွဲ (ဘရိတ်ဓား) လည်း ကျွမ်းကျွမ်းကျင်ကျင်နဲ့ ကိုင်တတ် ခွဲတတ်နေပြီ။ တစ်နေ့ မန္တလေးကလာတဲ့ ရထားပေါ်မှာ သူတို့သုံးယောက်နဲ့တွေ့တော့ ဒီကောင်တွေ အခြေအနေကို သိချင်တာနဲ့ ဆိုးပြား ခေါ် ဖဲသုံးချပ် ခေါ် ပတ္တာကစား

ပြီး ရန်ကုန်အထိ လိုက်သွားတယ်။ ဖဲမှာတော့ ဒီကောင်တွေကို ကျွန်တော် မယှဉ်ရဲသေးဘူး။

ရန်ကုန်ရောက်တော့ လှော်ကလည်ပြီး ဗိုလ်ချုပ်ဈေးအပေါ်ထပ်က ဆံပင်တု၊ နှုတ်ခမ်းမွေးတု၊ ပါးမြိုင်းမွေးတု သုံးမျိုးကို လေးရာနဲ့ ဝယ်လာပြီး ညနေ ရထားနဲ့ ပဲခူးအပြန်မှာ သာစည်ထွက်မယ့် ရထားထဲ ဖယောင်းတိုင်တစ်ထုပ်နဲ့ တစ်တွဲဝင်၊ တစ်တွဲထွက် 'ဆိုင်ထိုင်'လာတယ်။ ဆိုင်ထိုင်တယ် ဆိုတာက ဖဲသုံးချပ်ကိုကိုင်ပြီး ကစားတာကို ပြောတာ။ ဖဲသုံးချပ်က တစ်ယောက်တည်း ကစားလို့ မရဘူး။ အနည်းဆုံး သုံးလေးယောက်၊ အများဆုံး ခြောက်ယောက်လောက် ကစားရတယ်။ လူများရင် များသလို ကစားကွက် ပိုကောင်းတယ်။ အောင်းကြွား (သံကို ကစားဖို့ ဆွယ်နည်း)၊ တိုက်ကျား သံကို မကစားရင် ကစားချင်အောင်၊ မထိုးချင် ထိုးချင်လာအောင် ဘေးကနေပြီး တိုက်တဲ့နည်း။ ဆွယ်ကျားဆိုတာက သံအချဉ်ကို ကိုယ့်ကိုယ်ပိုင်ပစ္စည်း (အင်) ရွှေအတု၊ လက်စွပ်၊ ဆွဲကြိုး၊ နာရီအတု၊ နာရီကိုယ်ထည်က ဆီကိုဖိုက်၊ စီတီဇင်တွေဖြစ်ပြီး အထဲက စက်က (၄၅၊ ၅၀) တန်တွေကို ထည့်ထားတယ်။ သံ (ထိုးသား) ဆီက အဖိုးတန်မယ့် ရွှေထည်၊ ငွေထည်တွေကို ပူးပေါင်းပစ္စည်းအတုနဲ့ ထပ်ပြီး အမှတ်မပါတဲ့ ဘက်ကို ထိုးပေး၊ ချေယူ၊ ချွတ်ယူတဲ့နည်း ဖြစ်တယ်။

တစ်ခါတလေ သံအချဉ်က မကစားသေးဘဲ ဘေးနားကနေ ကျွန်တော်တို့အချင်းချင်း ကစားတာကို ကြည့်နေမယ်ဆိုရင် ပထမ ကစားဖို့ ဆွယ်မယ်။ ကိုယ်က အမှတ်ပါတဲ့အချပ်ကို ထိုးပြပြီး အလျော်ယူမယ်။ အားကျလာအောင် ဘေးက လုပ်ပြမယ်။မရဘူးဆိုရင် နောက်တစ်ယောက်က တိုက်တွန်းမယ်။ နောက်တစ်ယောက်က ဘေးကနေ အောင်းလို့ ကပ်လို့ မရရင် ကျန်တစ်ယောက်က အချဉ်သံဆီက ပစ္စည်းကို ဆွဲယူပြီး အမှတ်ပါတာကို ထိုးပြမယ်။ အလျော်ရမယ်။ နောက်တစ်ခါ အမှတ်မပါတဲ့ဘက်ကို ထိုးပေးလိုက်ရင် (ဆိုင်ထိုင်) ဒိုင်က စားပစ်လိုက်မယ်။ နောက်တစ်ခါ အမှတ်ပါတဲ့ဘက်ကို ထိုးပေးလိုက်မယ်၊ အနိုင်ရပြီဆိုပြီး မကစားတော့ဘဲ ထပြန်သွားမယ် ဆိုရင်တော့ အဲဒီလူ မလွယ်ဘူး။ နိုင်တဲ့ငွေနဲ့ သူပိုင်ပစ္စည်းပါ အလုခံရမယ်။ ကျားကျားချင်း တွေ့ကြရင်တော့ စည်းထားကြရတယ်။





(ပဲခူးမှာဆိုရင် ----က ရွှေအတု အင်ထုတဲ့လုပ်ငန်းကို အတော်အဆင့်အတန်းမီမီ လုပ်တတ်တယ်။)

ဒါနဲ့ ရန်ကုန်ကနေ ကျွန်တော် အပါအဝင် လေးယောက်သား ဆိုင်ထိုင်လုပ်ပြီး အဆင်ပြေလာခဲ့ကြတယ်။ နောက်နေ့ နံနက်ကို (. . .) ဆေးလိပ်ရုံက ကျွန်တော်နဲ့ ကစားဖော် စိန်မြင့်က သူ့သူငယ်ချင်းနဲ့အတူ ရုပ်ရှင်ကြည့်ဖို့ ခေါ်တယ်။ သူတို့ သူငယ်ချင်း နှစ်ယောက်ကတော့ အတွဲကိုယ်စီနဲ့ပေ့ါ။ ကျွန်တော့်မှာတော့ လူလွတ် ဖြစ်နေတယ်။ ဒီလိုနဲ့ ပဲခူးညွန့် ရုပ်ရှင်ရုံမှာ ရုပ်ရှင်ဝင်ကြည့်ကြပြီး အပြန် စိန်မြင့်နဲ့ ကျန်တစ်ယောက်က သူတို့အတွဲတွေနဲ့ ဘုရားတက်ကြဦးမယ်ဆိုပြီး ရွှေမုဋ္ဌောဘုရားကို ထွက်သွားကြတယ်။

ကျွန်တော်က သူတို့နဲ့ ဆက်လိုက်မသွားဘဲ၊ ဈေးထဲမှာ အအေးဝင်သောက်ပြီး သွန်းဘုရားဈေးအနီးက ဘုရားကို ဝင်ဖူးတယ်။ ဘုရားရင်ပြင်တော်က အဆင်းမှာ ကျွန်တော့်အမေရဲ့ ညီမ ဒေါ်(---)နဲ့ ပတ်သက်ပြီး အိမ်ကို ဝင်ထွက်နေတဲ့ သက္ကလ ခရမ်းဘက်က ကိုအောင်ဘနဲ့ ကိုကျော်စိုးတို့ကို တွေ့ရတယ်။ ကိုကျော်စိုးက ကျွန်တော့်ကို ဖော်ဖော်ရွှေရွှေ ပြောဆိုရဲတယ်။ အဲဒါကြောင့် ကျွန်တော့်နားကပ်ပြီး "ဆော်တစ်ပွေ၊ နှစ်ပွေလောက် ပင့်လို့ မရဘူးလားကွ၊ ရရင် ငါတို့ကို ကူညီစမ်းပါ။ ငါတို့ ခုသမွန်နဲ့ ဆန်လာရောင်းတာ ငွေလည်း ပါ,ပါတယ်" ဆိုပြီး အကူအညီတောင်းတယ်။

ကျွန်တော် တစ်အောင့် စဉ်းစားလိုက်ပြီး (---) က ဒေါ်(---)ကို သွားသတိရတယ်။ ဒေါ်(---)ဟာ ဆေးလိပ်ရုံခွဲ ဗန်းပြပြီး ကောင်မလေးငယ်ငယ်တွေကို ခိုင်းစားနေကြောင်း သန်းဝင်းက ကျွန်တော့်ကို ပြောပြဖူးတယ်။ သန်းဝင်းနဲ့ ကျွန်တော်က ခုနစ်တန်းမှာ ကျောင်းအတူ နေလာခဲ့ကြတဲ့ ငယ်သူငယ်ချင်း ဖြစ်ပါတယ်။ အဲဒါကြောင့် သန်းဝင်းဆီ အရင်သွားတယ်။ သန်းဝင်းကို အိမ်မှာ မတွေ့ဘူး။ မေးကြည့်တော့ လက်ဖက်ရည်ဆိုင် သွားတယ်တဲ့။ ဒါဆို ကျွန်တော် ခြေရာခံလို့ရပြီ။ ပန်းလှိုင်ထိပ်မြင်းဖြူလက်ဖက်ရည်ဆိုင်ကို လိုက်သွားပြီး အကျိုးအကြောင်း ပြောပြရတယ်။ သန်းဝင်းကလည်း အဆင်ပြေစေရမယ်ဆိုပြီး ဒေါ်(---)ကို သူအရင်သွားတွေ့တယ်။ ပြန်လာတော့ "အိုကေ"ပဲလို့ ပြောတယ်။

အဲဒါကြောင့် ကျွန်တော်ရယ်၊ ကိုအောင်ဘရယ်၊ ကိုကျော်စိုးရယ် သုံးယောက်ကို ဒေါ်(---)က သူ့အိမ်လာပါလို့ မှာတဲ့အကြောင်း သန်းဝင်းက ပြောတဲ့အတွက် ကျွန်တော်တို့ ဒေါ်(---) ဆီကို ထွက်လာကြတယ်။ အိမ်ရောက်တော့ ဒေါ်(---)က ဓာတ်ပုံခြောက်ပုံ ထုတ်ပြတယ်။ ကျွန်တော်တို့ ဓာတ်ပုံထိုင်ရွှေ့နေတဲ့ အခန်းဘေးမှာ ဆေးလိပ်ထိုင်လိပ်နေတဲ့ အမျိုးသမီးတွေကို တွေ့နေရတယ်။

ကိုကျော်စိုးနဲ့ ကိုအောင်ဘတို့က ကျွန်တော့်ကိုလည်း . . .

"မင်းကြိုက်တာ တစ်ယောက်ရွေးကွာ" လို့ ပြောတယ်။ ကျွန်တော် ဓာတ်ပုံတွေ ပြန်ချပြီး ဆေးလိပ် လိပ်နေကြတဲ့ အမျိုးသမီးတွေဆီ လှမ်းကြည့်ပြီး ပါးကွက်ကျားနဲ့တစ်ယောက်ကို လက်ညှိုးထိုးပြပြီး ရွေးလိုက်တယ်။ ဒေါ် (---)က ကိုကျော်စိုးနဲ့ ကိုအောင်ဘတို့ကို သူ့အိမ်နောက်ဘက်က အိမ်တစ်အိမ်ကို ခေါ်သွားပြီး နေရာချထားပေးတယ်။ ကျွန်တော့်ကို ဒေါ်(---)က "နင်က ဧည့်သည်မှ မဟုတ်တာ၊ ခေါ်သွားပေ့ါ" လို့ ပြောတယ်။ အဲဒါကြောင့် ကျွန်တော်က သူ့ညီနဲ့သူ နှစ်ယောက်တည်းပဲ ရှိတဲ့ သန်းဝင်းအိမ်ကို ခေါ်လာတယ်။ အချိန်က ညနေ ငါးနာရီလောက်ပဲ ရှိသေးတယ်။

နောက်တစ်နေ့ရောက်မှ ကိုအောင်ဘနဲ့ ကိုကျော်စိုးတို့နဲ့ ပြန်ဆုံဖြစ်ကြတယ်။ မင်းကို ကျေးဇူးအထူးတင်တယ်၊ ကျေးဇူးဆပ်ရမယ်လို့ ပြောပြီး ကြွေးမွေးပြုစုကြတယ်။ သူတို့က ဘဲမွေးတယ်၊ လယ်လည်း ရှိတယ်၊ ငါးအင်းတွေလည်း လုပ်တယ်လို့ ပြောပြကြတယ်။ ပဲခူးကို ဆန်လာရောင်းလိုက်၊ ဘဲဥလာသွင်းလိုက်၊ ဘဲပေါက်ကလေးတွေ လာရောင်းလိုက်၊ ငါးလာသွင်းလိုက်နဲ့ဆိုတော့ နောက်ကို ကျွန်တော့်အဒေါ် ငါးဒိုင်မှာ ငါးသွင်းဖြစ်ပြီး အတော့်ကို ခင်မင်ရင်းနှီးသွားကြတယ်။ ကိုကျော်စိုးက ပျော်လည်း အင်မတန်ပျော်တတ်တယ်။ အဲဒါကြောင့်လည်း ပိုပြီး ရင်းနှီးသွားကြတယ်။

သူတို့ ဘဲဥ လာသွင်းကြတဲ့ တစ်ခေါက်မှာတော့ သူတို့ရွာကို လိုက်လည်ဖို့ ခေါ်ကြတယ်။ တောရွာတွေမှာ နေရထိုင်ရတာတွေ သိချင်တာနဲ့ သင်္ကြန်ကာလ၊ ခရမ်းဘက်ကို လိုက်လည်ဖြစ်သွားတယ်။ကိုကျော်စိုးနဲ့ကိုအောင်ဘတို့မှာ သားမယားတွေ ရှိကြတာ သူတို့ရွာရောက်မှ သိရတယ်။ သူ့မိန်းမနဲ့





သားသမီးတွေကလည်း သဘောကောင်းကြပါတယ်။ ကျွန်တော့်ကို လိုလေသေးမရှိ ပြုစုကြပါတယ်။

တစ်နေ့တော့ ခရမ်းကို မရောက်ဖူးဘူးတာနဲ့ လျှောက်လည်ကြည့်တယ်။ ခရမ်းမြို့မှာ အိမ်ကြီးအိမ်ကောင်းတွေ၊ တိုက်တွေနဲ့ ချမ်းသာတဲ့လူတွေ အတော်များတယ်။ အဲဒါကြောင့် ညနေ ထမင်းစားပြီးချိန်လောက်မှာ မြို့ထဲ တစ်ခေါက် လျှောက်ကြည့်တော့ ဖောက်ထွင်းလို့ရမယ့် အိမ်တွေကို မြင်ရတယ်။ဒါနဲ့ ကိုကျော်စိုးနဲ့ ကိုအောင်ဘတို့ကို ပွင့်ပွင့်လင်းလင်းပဲ မေးကြည့်တယ်။

"မြို့အခြေအနေ ဘယ်လိုရှိလဲ ပြောပြပါ"ဆိုတော့ ကိုကျော်စိုးက

"မြို့အခြေအနေကတော့ အေးအေးဆေးဆေးပဲကွ၊ အရင်က ဖောက်ထွင်းမှုတို့၊ ဘာတို့ တစ်ခါမှ မဖြစ်ဖူးဘူး၊ မင်းလုပ်တတ်ရင် လုပ်ပါလား၊ ငါတို့ ဘာအကူအညီ ပေးရမယ်သာ ပြောပါ" ဆိုတော့ ကျွန်တော် တော်တော်အားရှိသွားတယ်။ ဒါပေမယ့် ဖောက်ထွင်းပစ္စည်းဆိုလို့ ကျွန်တော့်ဆီမှာ ဘာမှ ပါမလာဘူး။ စစ်သုံးဘက်နက်ဓားတစ်ချောင်းပဲ ပါတယ်။ အဲဒါကြောင့် သံတူးရွင်းတစ်ချောင်းနဲ့ ဆောက်တစ်လက်ကို ညနေ ဖောက်ထွင်းအလုပ်လုပ်ဖို့ အဆင်သင့် ပြုပြင်ထားလိုက်တယ်။

ကိုကျော်စိုးနဲ့ ကိုအောင်ဘတို့ လယ်တဲမှာ ထန်းရည်၊ ဘဲကြော်၊ဘဲဥကြော်၊ ငါးကတော့ အချက်၊ အကြော်မျိုးစုံကို မုန်းလောက်အောင် စားသောက်လိုက်ကြတယ်။ ညနေ ခုနစ်နာရီခန့်မှာ ထန်းရည်နှစ်ခွက်၊ စီးကရက်နှစ်လိပ် မီးညှိပြီး ပန်းကန်ပြားနဲ့ တင်တယ်။ ဒီည အသုံးပြုမယ့် သံတူးရွင်း၊ ဆောက်၊ ဓား၊ လက်နှိပ်ဓာတ်မီး၊ မီးခြစ်အသေးလေးပါမကျန်ရေနဲ့ ဆေးကြောပြီး မင်းကြီး၊ မင်းလေးပုံတော်အောက်မှာ ခုံလေးတစ်လုံးနဲ့ တင်ပြထားတယ်။ အဲဒါကို ကျွန်တော် နားမလည်လို့ . . .

"ကိုစိုး ဒါ ဘာလုပ်တာလဲ" လို့ မေးရတယ်။ ကိုကျော်စိုးက "မင်း မသိပါဘူး၊ အသာနေစမ်းပါ" ဆိုပြီး ဖယောင်းတိုင်၊ အမွှေးတိုင်တွေနဲ့ ကျွန်တော့်ကို ထိုင်ကန်တော့ခိုင်းတယ်။ ဒါနဲ့ သူတို့နဲ့အတူ ကန်တော့လိုက်ရတယ်။ ကိုကျော်စိုးပါးစပ်က. . .

"ဒီည အောင်မြင်မယ်ဆိုရင် စီးကရက်ကို တစ်ညီတည်းဖြစ်အောင်

သောက်ပြပါ၊ ကိုယ်တော်လေး” ဆိုပြီး ပါးစပ်ကလည်း တတွတ်တွတ်နဲ့ ရွတ်လို့ တစ်အောင့်လောက်ကြာတော့ “အောင်ပြီ၊ အောင်ပြီ” လို့ တိုးတိုး ပြောတယ်။

“ကိုယ်တော်လေးက ထန်းရည်လည်း သောက်တယ်။ ထန်းရည်ခွက် လှုပ်နေတာ မတွေ့ဘူးလား၊ စီးကရက် နှစ်လိပ်စလုံးလည်း တစ်ညီတည်း မီးလောင်ပြတယ်၊ ကုန်တဲ့အထိ မင်းကြည့်နေ” လို့ ပြောတယ်။

ကျွန်တော့် အနေနဲ့ ဒါတွေကို အယုံအကြည် မရှိပေမယ့် သူတို့ကို ဖွင့်မပြောပါဘူး။သူတို့နှစ်ယောက်က မင်းကြီး၊ မင်းလေးတင်လို့ မင်းကြီး၊ မင်းလေးတို့က ဒီည မလုပ်နဲ့ဆိုလည်း သန်းခေါင်ကျော်မှာ သွားလုပ်ဖို့ ကျွန်တော် ဆုံးဖြတ်လိုက်တယ်။ ဒါပေမယ့် ကိုကျော်စိုးနဲ့ ကိုအောင်ဘတို့က ဒီအလုပ်မျိုး သူတို့ တစ်ခါမှ မလုပ်ဘူးတော့ ကြည့်ရတာ တစ်မျိုးဖြစ်နေတယ်။

ကျွန်တော် သွားလုပ်မယ့်အိမ်က ဈေးကို မျက်နှာမူထားတဲ့ နှစ်ထပ် အိမ်ကြီး ဖြစ်တယ်။ အောက်က အုတ်ဖိနပ်ခံထားတယ်။ ခြံဝင်းထဲမှာ စက်ပစ္စည်းအချို့ကို ဟိုနေရာတစ်ပုံ၊ ဒီနေရာတစ်ပုံ တွေ့နေရတယ်။ ည (၁၁) နာရီအချိန်အထိ လူတစ်ယောက်စ၊ နှစ်ယောက်စ သွားလာနေကြတာ တွေ့နေရသေးတယ်။ ကျွန်တော် ခြံစည်းရိုးကို ချိုးဝင်ပြီး ကိုအောင်ဘကို ခြံဝ ပုဏ္ဏရိုက်ပင်နားမှာ အပြင်ကလူတွေကို ကြည့်ခိုင်းထားရတယ်။ ကိုကျော်စိုးကိုတော့ ကျွန်တော်နဲ့အတူ အိမ်ပတ်ဝန်းကျင်ကို လိုက်ကြည့်ဖို့ ခေါ်ရတယ်။ အိမ်ရှေ့ကနေ လုပ်လို့ မရဘူး။ လမ်းမီးနဲ့ အိမ်ရှေ့က မီးလုံးကြောင့် လမ်းသွားလမ်းလာလူတွေ တွေ့သွားနိုင်တဲ့အတွက် အိမ်ဘေးနဲ့ အိမ်နောက်ဘက်တွေကို အသာလျှောက်ကြည့်ရတယ်။ ကိုကျော်စိုးကို အိမ်ဘေးမှာ ထားခဲ့ပြီး ကျွန်တော်က အိမ်အောက်ကို ဝင်ကြည့်တယ်၊ နောက်တော့ မီးဖိုဆောင်အနီးမှာ အိမ်အောက်ကနေ ပျဉ်တစ်ချပ် နှစ်ချပ် ဆွေးနေတာကို လက်နှိပ်ဓာတ်မီးနဲ့ တွေ့တဲ့အတွက် ကိုကျော်စိုးကို အနား ကပ်ပြီး “ခင်ဗျား . . . ပစ္စည်းတွေယူပြီး ကျွန်တော်နဲ့ လိုက်ခဲ့တော့”လို့ ခေါ်လာရတယ်။ ကိုကျော်စိုးကို လက်နှိပ်ဓာတ်မီးနဲ့ ဆွေးနေတဲ့နေရာကို ထိုးပြခိုင်းထားပြီး၊ ကျွန်တော်က ပျဉ်နဲ့ ဆင့်ကြားကို သံတူးရွင်းအပြားနဲ့ အသာထိုးလိုက်တယ်။နည်းနည်း ဟလာတော့ ခဲလုံးလက်သီးဆုပ်လောက်





ရှာပြီး ပထမအဆင့် ဆင့်နဲ့ ပျဉ်ကြားကို ခုထားလိုက်တယ်။နောက်တစ်ချပ်ကိုတော့ အလျားလိုက်ဆုံးတဲ့အထိ ကလန့်ပြီး ဟထားလိုက်တယ်။ နောက်တစ်ချပ်ကိုလည်း ပထမနည်းအတိုင်းလုပ်ပြီး ခွာယူရတယ်။ အလုပ်က အသံမမြည်အောင် ဖြည်းဖြည်းချင်း ခွာရလို့ နည်းနည်းတောင် ကြာသွားတယ်။ ပျဉ်နှစ်ချပ်ကွာသွားတော့ ကိုကျော်စိုးကို ကျွန်တော်နဲ့အတူ အိမ်ထဲဝင်ကြဖို့ ခေါ်ရတယ်။ ကိုကျော်စိုးက ဒီအလုပ်မျိုး သူတစ်ခါမှ မလုပ်ဖူးဘူးတော့ မဝင်ရဲဘူး၊ ကြောက်တယ်ပြောတာနဲ့ ကင်းစောင့်ပဲ ထားခဲ့ရတယ်။ ကိုအောင်ဘကိုလည်း ပုဏ္ဏရိုက်ပင်စည်းရိုးမှာ ပုန်းကပ်ပြီး အပြင်လူသွားလူလာကိုပဲ ကြည့်ခိုင်းထားခဲ့ရတယ်။

အိမ်နောက်ဘက်ကနေ အိမ်မကြီးထဲကို တံခါးတစ်ချပ် ဖွင့်ရသေးတယ်။ တစ်ထွာလောက် ပျဉ်ချပ်လေးကို အလယ်ကောင် သံရိုက်ပြီး တံခါးကို ကန့်လန့်လုပ်ထားရတယ်။ ဘက်နက်ဓားဦးနဲ့ တံခါးကြားထဲကနေ ထိုးကလော်ပြီး ဖွင့်ရတယ်။ ဒီနည်းတွေ အားလုံးဟာ ပိရိသေချာပြီး သစ္စာဖောက် ထွန်းဇော်ကြီးရဲ့ လက်သုံးနည်းပါပဲ။ သူက ဒီနည်းကို လက်ထပ်သင်ပေးခဲ့ဖူးတယ်။

တံခါးပွင့်သွားတော့ အိမ်မကြီးကို ရောက်လာတယ်။ ပထမဆုံး အိမ်ရှေ့ခန်းမှာ အသက်နှစ်ဆယ်ဝန်းကျင် ယောကျ်ားတစ်ယောက် ခုတင်တစ်လုံးနဲ့ ခြင်ထောင်ချပြီး အိပ်နေတယ်။ ဒုတိယအခန်းကို အသာဝင်ပြီး လိုက်ကာကို မ,လိုက်တော့ ခြင်ထောင်ကြီးတစ်လုံးထဲမှာ ကျောင်းသူ အမျိုးသမီးငယ်နှစ်ယောက်နဲ့ ခုနစ်နှစ်အရွယ် ယောကျ်ားလေးတစ်ယောက်ကို တွေ့ရတယ်။ ခုတင်အောက်မှာ သေတ္တာနှစ်လုံးကို တန်းမြင်လိုက်တယ်။ တစ်လုံးက သော့ခတ်ထားတယ်။ သော့မခတ်ထားတဲ့ တစ်လုံးကို ဖွင့်ကြည့်လိုက်တော့ အဝတ်တွေပဲ တွေ့ရတယ်။ သော့ခတ်ထားတဲ့သေတ္တာကို အိမ်နောက်ဘက် မ,သွားပြီး ထမ်းပြေးနိုင်အောင် အသင့်လုပ်ထားခဲ့ရတယ်။ အိမ်မကြီးထဲမှာ အဘိုးအဘွား လင်မယားနှစ်ယောက် အိပ်နေကြတယ်။

ပြတင်းပေါက်တွေကို အရင်ဖွင့်ထားလိုက်ပြီး အခန်းထဲက ပစ္စည်းတွေကို ကြည့်ရတယ်။ မှန်ဗီရိုတစ်လုံးနဲ့ ကျွန်းသားဗီရိုကြီးတစ်လုံးကို တွေ့ရတယ်။ ဗီရိုပေါ်မှာ လေးလိုင်းဆွဲရေဒီယိုတစ်လုံးနဲ့ ပန်ကာတစ်လုံးကို တင်

ထားတယ်။ မှန်ဗီရိုတံခါးကို အတွင်းက သော့ခတ်ထားတဲ့အတွက် ဆောက်နဲ့တော့ပြီး သော့ခတ်ထားတဲ့နေရာကို တစ်လက်မလောက် အတွင်း ပိုင်းကို ဝိုက်ပြီး ဖောက်လိုက်တော့ အတွင်းက ခလုတ်မောင်းလေးကို တွေ့ရတယ်။ မောင်းခလုတ်လေးကို ဆောက်ပြားနဲ့ အသာကလန့်လိုက် တော့ "ဂျောက်" ခနဲ မောင်းကျသွားတယ်။ ဗီရိုထဲကို လက်နှိပ်ဓာတ်မီးလေး နဲ့ ထိုးကြည့်တော့ အလှုပြပစ္စည်းတွေကို တွေ့ရတယ်။ ဒုတိယအဆင့်မှာ တော့ ယွန်းသေတ္တာလေးတစ်လုံးနဲ့ ငွေဖလားလေးငါးလုံးကို တွေ့ရတယ်။ ယွန်းသေတ္တာလေးကို တစ်ခါ ဖွင့်ကြည့်တော့ ငါးအင်းက ငွေချေးထားတဲ့ စာရင်းစာရွက်နဲ့ ငွေသုံးထောင်ကျော်ကို ရတယ်။ အဲဒီငွေကို လွယ်အိတ်ထဲ ထိုးထည့်လိုက်တယ်။ ငွေဖလားကြီးလေးလုံးကို အိမ်နောက်ဖေးမှာ သွား ထားပြီး ဗီရိုပေါ်က နေရှင်နယ်ရေဒီယိုကို ကိုကျော်စိုးကို သွားပေးပြီး အဘိုးကြီးအဘွားကြီး အိပ်ခန်းထဲ ပြန်လာတယ်။ ခုတင်ခြေရင်းနဲ့ ခုတင် အောက်မှာ သေတ္တာငါးလုံးတောင် ကျန်နေသေးတယ်။ သေတ္တာကြီး နှစ် လုံးကို တစ်ယောက်တည်း မ, မရလို့ ကိုကျော်စိုးကို ဝိုင်းကူမပေးဖို့ ခေါ်ရ တယ်။ "ငါ အိမ်ထဲ မဝင်ရဲဘူးကွာ" လို့ ငြင်းနေ ပြောနေတာနဲ့ မနိုင်တဲ့ သေတ္တာကြီးနှစ်လုံးကို ချန်ထားခဲ့ရတယ်။

အပြင်ရောက်တော့ သေတ္တာနှစ်လုံးကို သံတူးရွင်းနဲ့ ကလန့်ဖွင့်ကြည့် ကြတယ်။တစ်လုံးက အဝတ်သေတ္တာ၊ တစ်လုံးက စက်ပစ္စည်းတွေမို့ နှစ်လုံး စလုံးကို ပစ်ထားခဲ့ရတယ်။ သော့ဖွင့် မရတဲ့ တစ်လုံးကိုတော့ အိမ်ကျမှ ဖွင့်မယ်ဆိုပြီး မ,ယူလာခဲ့ကြတယ်။ အိမ်ရောက်တော့ အားရှိပါးရှိကို သံ တူးရွင်းကြီးနဲ့ ကလန့်ပြီး ဖွင့်ကြည့်ကြတယ်။ အငြိမ့်ကတဲ့ အမျိုးသမီး အဝတ်အဆင်တွေနဲ့ မိန်းမပတ်နာရီတစ်လုံး၊ ဆွဲကြိုးသုံးမတ်သားလောက် လော့ကက်သီးလေးနဲ့ တစ်ကုံးနဲ့ ငွေက သုံးရာလောက်ရတယ်။ သေတ္တာထဲ က ရတဲ့ငွေနဲ့ ကျွန်တော့်အိတ်ထဲက ငွေတွေကို ဖျာပေါ်သွန်ချလိုက်ပြီး ရေဒီယိုရယ်၊ ငွေဖလားလေးလုံးရယ်၊ အဝတ်သေတ္တာနဲ့ ငွေတစ်ထောင်ကို ကိုကျော်စိုးနဲ့ ကိုအောင်ဘတို့ကို ပေးလိုက်တယ်။ မိန်းမပတ် နာရီတစ်လုံးနဲ့ ငွေနှစ်ထောင်ကျော်ကို ကျွန်တော် ယူလိုက်တယ်။

အဲဒီညမှာ အောင်ပွဲအနေနဲ့ တောအရက်တစ်ပုလင်း၊ ညက ဘဲသား





ကြော် အကျန်လေးကိုစားပြီး ပျော်နေကြတယ်။ ကိုအောင်ဘက "မင်းနဲ့ ငါတို့ တွဲပြီး အလုပ်လုပ်ကြရင် သိပ်အဆင်ပြေမှာပဲ" လို့ စကားထွက်လာ တယ်။ ကျွန်တော်က "ဘယ်လို . . . ဘယ်လို ကိုအောင်ဘ၊ ခုလည်း ခင်ဗျားတို့နဲ့တွဲပြီး အလုပ်လုပ်နေတာပဲ မဟုတ်လား" ဆိုတော့ သူတို့နှစ် ယောက်က တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး. . .

"ငါတို့လည်း အခု ဘဲမွေး၊ လယ်လုပ်၊ အင်းလုပ်ကြတယ်ဆိုပေမယ့် နယ်လှည့်ပြီး ဓားပြထွက်တိုက်နေကြတာကွ၊ မင်းလိုလူမျိုးကို တို့လိုချင်နေ တာ ကြာပြီ၊ အခုမှ ရေစက်ဆုံလို့ တွေ့တော့တယ် . . . ဟား . . . ဟား"

ဆိုပြီး အရက်ထပ်သောက်လိုက်၊ အမြည်းဝါးလိုက်နဲ့ "သစ္စာရှိရှိသာ မင်း ငါတို့နဲ့ ပေါင်းရင် မင်း မနစ်နာစေရပါဘူး၊ မင်း ငါတို့အပေါ် သစ္စာ ရှိနိုင်ပါ့မလား" ဆိုပြီး ကိုကျော်စိုးက မေးတယ်။

ကျွန်တော်ကလည်း "စိတ်ချစမ်းပါ၊ ကျွန်တော်လည်း ခင်ဗျားတို့ သိတဲ့အတိုင်းပဲ၊ အပေါင်းအသင်းကောင်းကောင်း လိုချင်နေတာ ကြာလှ ပြီ" လို့ ပြောလိုက်တော့ ကိုအောင်ဘက ကျွန်တော့်ဘက်လှည့်လိုက်ပြီး "ဒီမှာ တွေ့လား" လို့ ခြောက်လုံးပြူးတစ်လက်ကို ထုတ်ပြတယ်။ တကယ်တရက် ကျွန်တော် လန့်သွားမိတာ အမှန်ပဲ။ ဒါပေမယ့် နေ့ကွက် ကြောင်ရိုက်လာတဲ့လူဆိုတော့ ဣန္ဒြေမပျက်ပါဘူး။ ဒါနဲ့ ကိုကျော်စိုးက "ငါတို့ အိမ်တစ်အိမ်ကို ဓားပြတိုက်ရဲပေမယ့် မင်းလိုတော့ အိမ်ရှင် မသိအောင် အိမ်ထဲဝင်ပြီး ပစ္စည်းမယူရဲဘူး၊ ခု . . . မင်းနဲ့ တွဲမိလိုက်တော့ အဆင်ပြေသွားပြီ၊ မင်းက ငါတို့ပြတဲ့အိမ်ကိုဖောက်၊ အိမ်ရှင်နိုးသွားရင် ငါတို့က အနုကြမ်းစီး၊ ဓားပြတိုက်၊ ဒီထက် အဆင်ပြေတာ လောကမှာ ဘာရှိတော့မလဲ . . . ဟဲ . . . ဟဲ . . .။ ငါတို့ဘက်မှာ လက်နက်ပေါ တယ်၊ မင်းလိုချင်တဲ့လက်နက်ကိုသာပြော ငါတို့ပေးမယ်" ဆိုတာနဲ့ ပန်းမြို့ တနေကတည်းက လိုချင်နေတဲ့ ခြောက်လုံးပြူးတစ်လက်ကို တောင်းလိုက် တယ်။ "ခု . . . အဆင်သင့် မရှိသေးလို့ နောက်တော့ ပေးမယ်"တဲ့။

ဒီလိုနဲ့ နောက်တစ်ရက်မှာ "ကျွန်တော် ပဲခူးကို ခဏပြန်မယ်၊ သုံး လေးရက်ကြာရင် ပြန်လာခဲ့မယ်"ဆိုတော့ သူတို့ကလည်း ဆက်ဆက်ပြန် လာဖို့ အတန်တန် မှာကြတယ်။ ဘဲဥတစ်ခြင်းနဲ့ ငါးခြောက်တစ်ခြင်း

ထည့်ပေးပြီး ကားဂိတ်အထိ လိုက်ပို့ကြတယ်။ ကားဂိတ်နားက လက်ဖက်ရည်ဆိုင်မှာ လက်ဖက်ရည် ဝင်သောက်ကြတော့ ညက ဖောက်ထွင်းခံရတဲ့ အကြောင်း တစ်ယောက်တစ်ပေါက် ပြောနေကြတယ်။လက်ဖက်ရည်ဆိုင်ရှေ့က ရဲတပ်သားတွေ ဖြတ်လျှောက်သွားလိုက်၊ ပြန်လာလိုက် လုပ်နေကြတာကိုလည်း တွေ့နေရတယ်။

ပဲခူးဘူတာဆိုက်တော့ ကားပေါ်တက်လိုက်တယ်။ ဒေါ့ဂျ်ကားတစ်စီးလုံး လူတွေ၊ ပစ္စည်းတွေနဲ့ ပြည့်နေတယ်။ အဲဒါကြောင့် ကိုကျော်စိုးက ကားခေါင်းဘက်သွားပြီး ကားသမားကို သူ့သူငယ်ချင်းဖြစ်ကြောင်း ပြောဆိုပြီး ခေါင်းပိုင်းမှာ တင်ပေးလိုက်တယ်။ ပဲခူးရောက်လို့ ကားခပေးတော့ မယူဘူး ငြင်းနေလို့ အတင်းကို ပေးလိုက်ရတယ်။

အိမ်ကိုရောက်တော့ ညီ၊ ညီမ အချို့က ကျောင်းတက်ပြီး ကျောင်းမတက်ကြတော့တဲ့ ညီ၊ ညီမတွေကို မေးကြည့်တော့ အလုပ်သွားနေကြတယ်လို့ အမေက ပြောတယ်။ ကျွန်တော့်ညီ၊ ညီမတွေကို ကျောင်းနေချိန်မှာ ပညာကို တတ်မြောက်အောင် သင်စေချင်တယ်။ ဒါပေမယ့် ကျောင်းနေရမယ့်အရွယ်မှာ အလုပ်လုပ်နေကြရတာကို ကျွန်တော် စိတ်မကောင်းဖြစ်တာ အမှန်ပါပဲ။ ကျွန်တော့်ဘဝကိုလည်း ကျွန်တော် နားလည်တယ်၊ ကျွန်တော့်ဘဝလို ညီ၊ ညီမတွေ ဘဝ မပျက်စီးစေချင်ဘူး။ အဲဒါကြောင့်လည်း ညီ၊ ညီမလေးတွေကို အိမ်မှာရှိရင် အမြဲ ဆုံးမဖူးတယ်။ စည်းကမ်းလည်း လုပ်ပေးထားတယ်။ ညီမတွေက ကျွန်တော့်ကိုကြောက်လို့ စည်းကမ်းကို လိုက်နာပေမယ့် ကျွန်တော့်အောက် ညီကတော့ စည်းကမ်းအပျက်ဆုံး အကောင်ပါပဲ။

အခုလည်း ကျွန်တော် နှစ်နှစ်ကျော် သုံးနှစ်နီးပါး အိမ်နဲ့ ကင်းကွာသွားတဲ့နောက်ပိုင်းမှာ ကျောင်းကထွက်တဲ့လူက ထွက်ပြီး၊ မိဘနဲ့ ဈေးပိုင်းရောင်းသူက ရောင်း၊ တခြား ငါးဒိုင်တွေ၊ ဆေးလိပ်ခုံတွေမှာ ရောက်သူရောက်နဲ့ ကမောက်ကမ ဖြစ်နေကြတယ်။ အရင်က "မင်းတို့အားလုံးကျောင်းပြန်နေကြပါ၊ ငါ ရှာပါ့မယ်" လို့ ပြောခဲ့ဖူးတာ သတိရပြီး စိတ်မကောင်းဖြစ်ရသေးတယ်။ ကျွန်တော့်အနေနဲ့ အိမ်ကို ထိထိရောက်ရောက်ရှာမပေးနိုင်တဲ့အတွက် ညီ၊ ညီမတွေက ခုလို အလုပ်ထွက်လုပ်နေကြရ





တယ် ဆိုတာကိုလည်း နားလည်မိတယ်။

အဲ့မေနဲ့ အဖေတို့ နှစ်ယောက်စလုံးက ကျွန်တော့်ကို အရင်လို မှောင်ခိုအရောင်းအဝယ် လုပ်နေတယ်ပဲ ထင်နေကြတာ။ ပတ်ဝန်းကျင်ကလည်း အမေ၊ အဖေတို့ ထင်သလို မှောင်ခိုလုပ်နေတယ်ထင်လို့ မှောင်ခိုပစ္စည်းတွေ မှာကြတုန်းပါပဲ။ အဲဒီလို မှာကြတဲ့အခါမှာ ကျွန်တော့်အနေနဲ့ ဒိုင်သွင်းခါနီး ပစ္စည်းတွေကို တစ်ဆင့်ဝယ်ပြီး မှာထားတဲ့လူတွေကို အတည်ပေါက်နဲ့ ပြန်ရောင်းရတယ်။ မဝယ်ပေးနိုင်တဲ့ အခါမျိုးကျတော့ ပစ္စည်းတွေ အခြေအနေ မကောင်းသေးလို့ဆိုပြီး လှိမ့်ထားရတယ်။ အမြတ်အစွန်းကတော့ အနည်းအကျဉ်းရပါတယ်။ ဒါကလည်း ပတ်ဝန်းကျင်ကို ကိုယ်လုပ်နေတဲ့အလုပ်ကို သူတို့ မရိပ်မိအောင် လုပ်နေရတဲ့သဘောပါပဲ။ အရချောင်တဲ့အလုပ်ကို လမ်းမှားပြီး လုပ်နေတာဆိုတော့ မလုံမလဲ အမြဲဖြစ်နေရတယ်။

ကျွန်တော့်ရည်ရွယ်ချက်က ညီမတွေကို စက်ချုပ်သင်ပေးပြီး စက်ဆိုင်လေး ဖွင့်ပေးမယ်။ အိမ်မှာလည်း ကုန်စုံဆိုင်လေး ဖွင့်ပေးမယ်ပေါ့။ ညီတွေကိုတော့ ကားဝပ်ရှော့တွေမှာထားပြီး တတ်အောင် သင်ခိုင်းမယ်၊ ကားမောင်းတတ်ရင် ကားတစ်စီး ဝယ်ပေးမယ်ဆိုပြီး စိတ်ကူးထားတယ်။ ဒါပေမယ့် ကျွန်တော့်စိတ်ကူးဟာ လက်တွေ့ ဖြစ်မလာသေးပါဘူး။ ကျွန်တော် ရလာတဲ့ငွေတွေကလည်း တစ်နည်းမဟုတ်တစ်နည်း ကုန်လွယ်တယ်။ အခုလည်း ကျွန်တော် ရလာတဲ့ငွေကို အမေ့ပေးပြီး နာရီကိုတော့ ညီမငယ်ကို ပေးပတ်ထားခိုင်းတယ်။ ရွှေကြိုးကိုတော့ အမေ သိမှာစိုးလို့ ရောင်းလိုက်ရတယ်။ တချို့တစ်ဝက်ကို ကျွန်တော် အဝတ်ဝယ်တယ်။ ညီ၊ ညီမတွေအတွက်လည်း ဝယ်ပေးလိုက်တယ်။

အမေက ရှိတဲ့ငွေလေးနဲ့ မုန့်ဟင်းခါး ရောင်းချင်တယ်ဆိုလို့ မုန့်ဟင်းခါးဆိုင်လေး ထောင်ပေးလိုက်တယ်။ ကျွန်တော့်အဖေလက်ထက်က ခေါက်ဆွဲဆိုင်ပစ္စည်းတွေဟာ ငွေမရှိလို့ တဖြည်းဖြည်း ဖဲ့ရောင်းတာနဲ့ ကုန်သလောက်ရှိနေပါပြီ၊ တစ်ဖက်လောက်ရှိတဲ့ ဒန်အိုးကြီးတွေ၊ ပန်းကန်တွေ၊ စားပွဲတွေ၊ ခေါက်ဆွဲဆိုင်က ပစ္စည်း အားလုံးလိုလိုကို ချရောင်းလာတာ ခု မုန့်ဟင်းခါးဆိုင် ထောင်မယ်ဆိုတော့ အုန်းနို့ခေါက်ဆွဲစားတဲ့

ပန်းကန်လေးငါးလုံးနဲ့ အမေက မုန့်ဟင်းခါးဆိုင် စရောင်းနေရတယ်။

တစ်နေ့ အစ်မများရှိရာ အိုးလေးစု ရေစက်ပိုင်းကို လာခဲ့တယ်။ အစ်မဆီရောက်တော့ ကြည်ကြည်လှကို အစ်မနဲ့အတူ စကားထိုင်ပြောနေတာ တွေ့ရတယ်။ သူတို့ကို ဘာစကားမှ မပြောဘဲ အိမ်ခန်းထဲ ဝင်လှဲနေလိုက်တယ်။ အစ်မက "ဘာဖြစ်လဲ၊ နေမကောင်းဘူးလား၊ ထမင်းကော စားပြီးခဲ့ပလား"ဆိုပြီး မေးတယ်။ ခေါင်းနည်းနည်းမူးနေလို့ပါလို့ အစ်မကို ပြောလိုက်တယ်။အစ်မ ထွက်သွားပြီး မကြာခင်ပဲ ကြည်ကြည်လှ အခန်းဝ ကို ရောက်လာတယ်။ "နေမကောင်းဘူးလား၊ ဆေးသောက်မလား သွားဝယ်ပေးမယ်"လို့ လာမေးတယ်။

"နေကောင်းပါတယ်၊ ညက အိပ်လို့ မပျော်တာနဲ့ ခေါင်းနောက်လို့ ဒီမှာ နားအေးပါးအေး ခဏလာမှေးနေတာပါ၊ မကြည်ကြည်လှတို့ကော နေကောင်းကြလား၊ ကျွန်တော် အမြဲ သတိရပါတယ်။ မကြည်ကြည်လှနဲ့ စကားပြောစရာလည်း ရှိသေးတယ်"

"ဒီကလည်း အမြဲ သတိရပါတယ်။ ထောင်က ထွက်ကတည်းက လာမလားလို့ မျှော်နေတာ၊ သူပေါ်မလာတော့ မစောကိုပဲ မေး မေးနေရ တာ ရှက်တောင်လာတယ် သိလား"

"ကျွန်တော် လာချင်ပါတယ်၊ ဒါပေမယ့် ခု အိမ်မှာ အမေကလည်း မုန့်ဟင်းခါးဆိုင်ထွက်နေတော့ အားတယ်ကို မရှိလို့ပါ။ ခုလည်း အိပ် ရေးပျက် ခေါင်းကိုက်နေလို့ ဒီမှာ ခဏအိပ်ဦးမယ်ဆိုပြီး ထွက်လာတာ၊ အိမ်မှာက ကလေးများတော့ ကောင်းကောင်းကို မအိပ်ရဘူး"

"ဒါဆို အိပ်လိုက်ဦးနော်" ဆိုပြီး သူက စကားဖြတ်သွားတယ်။

ညနေလောက်မှာ ယောက်ဖ ရောက်လာတယ်။ ညစာကို အစ်မက ချက်ပြုတ်ပြင်ဆင်ပေးပြီး ကျွန်တော့်ကို "နင့်အမျိုးသမီးက ငါးဟင်းချက် ပြီး လာပို့ထားတယ်" ဆိုလို့ စားပွဲဝိုင်းကိုကြည့်လိုက်တော့ ငါးဟင်းတစ် ပန်းကန်ကို တွေ့ရတယ်။ ယောက်ဖက ပြောင်လိုက်နောက်လိုက်နဲ့ ထမင်း ဝိုင်းက စည်စည်ကားကား ဖြစ်သွားတယ်။

ညနေကျတော့ အစ်မတို့အိမ်ရှေ့က တရုတ်စကားပင်အောက် ခုံတန်းပေါ်မှာ ကြည်ကြည်လှနဲ့ထိုင်ပြီး စကားပြောကြတယ်။ ထွေထွေ





ထူးထူးတော့ သိပ်မပြောရဲ၊ ကြည်ကြည်လှကလည်း ကျန်းမာရေးအကြောင်း၊ အလုပ်အကိုင်အကြောင်းနဲ့ ကျွန်တော့်ကိုတွေ့ရင် အမြဲပြောတတ်တဲ့ အစ်မကြီး တစ်ယောက်ပုံစံနဲ့ ဆုံးမစကားပဲ ပြောတယ်။သူနဲ့ နှစ်ယောက်တည်းတွေ့ရင် သူ့ကိုချစ်တဲ့အကြောင်း ကျွန်တော်ကလည်း ဘယ်က စပြောရမှန်း မသိလို့ ညဥ့်နက်လာတဲ့အခါ သူပြန်သွားတဲ့အထိကို မပြောမိလိုက်တာချည်း ဖြစ် ဖြစ်သွားတယ်။

ဒါနဲ့ ကျွန်တော် သက္ကလဘက်ကိုသွားဖို့ ပြင်ဆင်ရတယ်။ အိမ်ဖောက် တဲ့ သွပ်ညှပ်ကတ်ကြေးတစ်လက်၊ မီးရထား ဇလီဖားတုံးဖောက်တဲ့ လွန် သွားတစ်ချောင်း၊ ဓားတစ်လက်၊ ကိုကျော်စိုး၊ ကိုအောင်ဘတို့ မိသားစုအ တွက် စားစရာလေးတွေဝယ်ပြီး သက္ကလကို ထွက်လာခဲ့တယ်။ သက္ကလကို ရောက်တော့ ကိုကျော်စိုးကို တွေ့ရတယ်။ ကိုအောင်ဘကတော့ ဘုရားပြို ဘက်ကို ခဏသွားနေတယ်ဆိုလို့ စောင့်ရင်း မနက်ပိုင်း ထန်းရည်အချိုနဲ့ ဘဲကြော် စားရင်း လုပ်ငန်းအကြောင်း ဆွေးနွေးကြတယ်။

ကိုအောင်ဘက ဘုရားပြိုမှာနေတယ်။ ကိုကျော်စိုးကတော့ သက္ကလ သား၊ ခရမ်းမှာ အိမ်ထောင်ကျတယ်။ သက္ကလက မိဘတွေဆီမှာ ငါးအင်း လေလံဆွဲထားတဲ့အတွက် သက္ကလမှာ ခဏနေတယ်။ ကိုအောင်ဘ ညနေ သုံးနာရီလောက်မှာ ပြန်ရောက်လာတယ်။ ညနေလုပ်ငန်းအတွက် သုံး ယောက်သား တိုင်ပင်ပြီး ကိုကျော်စိုးက သူ့ဝါသနာအတိုင်း ကြက်ကောင် လုံးကြော်၊ အရက်၊ စီးကရက်နဲ့ အလုပ်လုပ်မယ့် ပစ္စည်းတွေကို ကုလား ထိုင်တစ်လုံးပေါ် အကုန်တင်တယ်။ ကျွန်တော့်ဆီက သွပ်ညှပ်ကတ်ကြေး၊ လွန်၊ ဓား၊ သူ့ခြောက်လုံးပတ် ဆုံလည်ခြောက်လုံးပြူး၊ ကိုအောင်ဘ ခေါက်ကာဘိုင်တို့ကို ကိုယ်ကြီး၊ ကိုယ်လေး မင်းနှစ်ပါးကိုပြပြီး ကျွန်တော့်ကို လည်း အရင်တစ်ခါကလို ကန်တော့ခိုင်းတယ်။သူတို့လည်း ထိုင်ကန်တော့ ကြတယ်။ မင်းကြီး၊ မင်းလေး ပသပွဲပြီးတော့မှ ညနေစာ စားကြရတယ်။

ညနေ မိုးမချုပ်ခင်မှာ ကျွန်တော်တို့သုံးယောက် မြို့ထဲ လျှောက်ပြီး ညအလုပ်လုပ်ရမယ့်အိမ်ကို လျှောက်ကြည့်ကြတယ်။ အိမ်ပြန်လာတော့ ကိုကျော်စိုးက အဲဒီအိမ်ရဲ့အကြောင်းကို ရှင်းပြတာ်။ အဲဒီအိမ်မှာ အဖိုးကြီး နှစ်ယောက်နေတယ်၊ သူ့တူလေး(၁၂)နှစ်အရွယ်နဲ့ အဘွားကြီးတစ်ယောက်

လည်း ရှိသေးတယ်။ စက်လှေတွေ ထောင်ထားတယ်။ နှစ်စဉ် ငါးအင်း လေလံဆွဲတဲ့အခါ ငွေတိုးချေးတယ်။ ရွှေငွေတွေလည်း အပေါင်ခံတယ်။ ကျွန်တော်တို့ အလုပ်လုပ်ကြမယ့်အိမ်က တောင်ခရမ်းကြီးဘက်သွားတဲ့ လမ်းမကြီးဘေးကျတယ်။ နှစ်ထပ်ကျွန်းအိမ်ကြီး။ ခြံဝင်းကျယ်ကြီး ထဲမှာ ရာဝင်အိုးတွေနဲ့ ငါးပိတွေ လှောင်ထားတယ်။

ကျွန်တော်တို့ ည (၁၁) နာရီလောက်မှာ အိမ်က ထွက်လာတယ်။ အိမ်အပေါ်ထပ်မှာ မီးလင်းနေတဲ့အတွက် တောင်ခရမ်းကြီးဘက်သွားတဲ့ ချောင်းဘေးကနေ အိမ်ရဲ့ အခြေအနေကို နာရီဝက်လောက် စောင့်ကြည့်ပြီး ခြံထဲကို ဝင်လာကြတယ်။ ကျွန်တော့်အလုပ်က ဖောက်ပေးရမှာဖြစ်တယ်။ ဖောက်ပြီးရင် ခြံရှေ့ကနေ လူသွားလူလာကို ကြည့်ပေးရမယ်။သူတို့ အိမ်ထဲဝင်ပြီး အိမ်ရှင်ကိုနှိုးမယ်။ သေနတ်နဲ့တေ့ပြီး ရွှေငွေတွေကို တောင်းကြမယ်။ နှစ်ယောက်စလုံး မျက်နှာကို လက်ကိုင်ပဝါနဲ့ စည်းထားကြတယ်။ ကျွန်တော်ကလည်း ဆံပင်အတု၊ နှုတ်ခမ်းမွေးအတုနဲ့ပေ့ါ။ ဒီလိုနဲ့ အိမ်ပတ်ဝန်းကျင်ကို လှျောက်ကြည့်တော့ အိမ်က အခိုင်အမာ ဆောက်လုပ်ထားတဲ့အတွက် ချို့ယွင်းချက်ကို မတွေ့ရဘူး။ အိမ်ပြတင်းပေါက် နေရာတွေကိုလည်း သစ်သားတံခါးတစ်ထပ်နဲ့ အတွင်းက သံတိုင်တွေ စိုက်ထားတဲ့အတွက် ပျဉ်ပေါက်ကို လုပ်လို့မရဘူး။ ဒါနဲ့ အိမ်နားကပ်ပြီး အပေါ်ထပ်ကို လှမ်းကြည့်လိုက်တော့ မီးရောင်မှိန်မှိန်နဲ့ အပေါ်ထပ်တံခါးရဲ့ အပေါ်ထုပ်တန်းနေရာမှာ သံစကာလေးထောင့်ကွက်လေးတွေကို မီးရောင်နဲ့ လှမ်းမြင်နေရတယ်။ ကျွန်တော် အိမ်အပေါ်ထပ်တက်တဲ့ လှေကားကနေတစ်ဆင့် လသာဆောင်ကို ခဲရာခဲဆစ် ကူးလာရတယ်။ လသာဆောင်ရောက်တော့ လှေကားထောင့်ကနေ အပေါ်သံစကာနဲ့ အနီးစပ်ဆုံးနေရာကို တွယ်တက်လိုက်တယ်။သွပ်ညှပ်ကတ်ကြေးကို ထုတ်၊ လက်တစ်ဖက်က ထုပ်တန်းကို ကိုင်ပြီး အိမ်အတွင်းကို အရင်လှမ်းကြည့်လိုက်တော့ တစ်အိမ်လုံး အိပ်မောကျနေကြတယ်။ အဲဒါကြောင့် သွပ်ညှပ်ကတ်ကြေးနဲ့ စညှပ်တယ်။ နှစ်ပေတစ်ခန်းကို အပေါ်သစ်သားဘောင်၊ ဘေးသစ်သားဘောင်နဲ့ ကွပ်ထားတယ်။ သွပ်သံစကာ ကာထားတဲ့နေရာဟာ ဝါးတစ်ပြန်ကျော်ကျော်ရှိတယ်။ (၁၅) မိနစ်လောက်အတွင်းမှာ အောက်ခြေနဲ့ ဘေးပတ်လည်ကို





ညှပ်ပြီး ဘယ်ဘက်ကို ဆွဲယူရတယ်။နှစ်ပေခန့်ရှိတဲ့ သံစကာကို အောက်ချပြီး ကွက်လပ်ဖြစ်သွားတဲ့နေရာကို လက်နဲ့ထိန်းပြီး လူက အပေါ်ကို ခိုတက်ရတယ်။ အောက်ကို ငုံ့ကြည့်တော့ မင်းတုတ်ချထားတဲ့နေရာကို မြင်ရတယ်။ အပေါ်အပေါက်ကို ခို၊ မင်းတုတ်ကို ခြေနဲ့နင်း၊ ပတ္တာရိုက်ထားတဲ့နေရာကို ထိန်းကိုင်ပြီး အိမ်ထဲကို ဆင်းလာခဲ့တယ်။

အိမ်ထဲရောက်တော့ အပေါ်ထပ် အဆင်းအတက်နေရာမှာ သစ်သားအဖုံးနဲ့ ဖိထားတာတွေ့ရတယ်။ ဒါ့အပြင် ဂျက်နှစ်ခုနဲ့ ကြိတ်ဆုံကျောက်ပြားနှစ်ပြားကိုပါ ဖိထားသေးတယ်။ အဲဒါကြောင့် ကြိတ်ဆုံကျောက်ပြားနှစ်ခုကို ခြေသုတ်ခုံပေါ်တင်ပြီး ဂျက်နှစ်ခုကို ဖွင့်လိုက်တယ်။ တံခါးပွင့်သွားပြီမို့ အောက်ဆင်းလာပြီး ကိုကျော်စိုးနဲ့ ကိုအောင်ဘတို့ကို ခေါ်ရတယ်။ နှစ်ယောက်လုံး လက်နက်ကိုယ်စီ၊ ကြိုး၊ သံပရာသီးထည့်ထားတဲ့ လွယ်အိတ်ကိုယူပြီး အပေါ်ထပ်ကို တက်လာကြတယ်။ ကျွန်တော်ကတော့ ခါးထောက်ပြီး အောက်က အခြေအနေကို ကြည့်နေတယ်။ (၁၅)မိနစ်လောက်ကြာတော့ အပေါ်က ဝူးဝူးဝါးဝါး အသံတွေကို ကြားရတယ်။ခြံအပြင်ကို တစ်ချက်ကြည့်ပြီး ကျွန်တော် အပေါ်ထပ်ကို တက်လာခဲ့တယ်။ အပေါ်ထပ်ရောက်တော့ အပျိုကြီးနှစ်ယောက် အနားမှာ ကိုကျော်စိုးကို တွေ့ရတယ်။ ကိုအောင်ဘက အခန်းထဲကနေ အဘွားကြီးကို ခေါ်ထုတ်လာတယ်။ ဒီလိုအားပြတိုက်တဲ့အတွေ့အကြုံကို တစ်ခါမှ မမြင်ဘူးတော့ ကျွန်တော်ကြောင်ပြီး ငေးကြည့်နေမိတယ်။ ဘယ်လို ဝင်လုပ်ရမယ်မှန်းလဲ မသိတော့ ကိုကျော်စိုးက အောက်မှာ သွားစောင့်နေဖို့ လက်ဟန်ခြေဟန်နဲ့ ပြတယ်။ အောက်ကို ဆင်းမယ်လုပ်တော့ ကိုအောင်ဘက "မဆင်းနဲ့ ခဏနေဦး"ဆိုပြီး သူ့သေနတ်ကို လှမ်းပေးတယ်။ ပြီးတော့ အခန်းထဲက ဆွဲထုတ်လာတဲ့ အဘွားကြီးကို ကြိုးချည်တယ်။ သေနတ်ကို ပြန်ယူပြီး "နောက်ဘက်အခန်းထဲမှာ ကောင်လေးတစ်ယောက် အိပ်နေတယ်၊ သွားကြည့်ထားလိုက်ဦး" ဆိုတော့ နောက်ဘက်အခန်းကို ဝင်လာတယ်။ ကောင်လေးက ခုထိ မနိုးသေးလို့ စောင်တောင် ခြုံပေးထားရတယ်။

ခုတင်အောက်မှာ သေတ္တာခြောက်လုံးကို နှစ်လုံးစီထပ်ပြီး စီထားတယ်။ ကိုကျော်စိုးက "ရွှေနဲ့ငွေတွေ ဘယ်မှာထားသလဲ" လို့ အဘွားကြီး

ကို မေးနေတယ်။ ကိုအောင်ဘက "မေးလို့မရရင် ကွင်းထဲ ထုတ်သွားကွာ"
ဆိုပြီး စိတ်မရှည်သံနဲ့ ပြောတယ်။ အပျိုကြီးနှစ်ယောက် အတော်ကြောက်
နေပုံရသလို အဘွားကြီးကလည်း ဒူးတွေ တုန်နေတယ်။ ကိုအောင်ဘက
"ပစ္စည်းတွေ ဘယ်မှာထားလဲ" လို့ အဘွားကြီးကိုမေးတော့ "မသိဘူး"
တဲ့။ ခေါင်းငုံ့ထားတဲ့ အပျိုကြီးတစ်ယောက်နားထင်ကို သေနတ်နဲ့ တေ့ပြီ
ကိုကျော်စိုးက မေးတော့မှ ခုတင်အောက်ကို မေးထိုးပြတယ်။ကိုအောင်ဘ
နဲ့ ကျွန်တော်က သေတ္တာတွေ ဆွဲထုတ်ပြီး တစ်လုံးစီ ဖွင့်ရှာကြတယ်၊
ရွှေကို မတွေ့ရသေးဘူး။ ငွေထည့်ထားတယ်ဆိုတဲ့ သေတ္တာကို သော့
တောင်းပြီး ဖွင့်ရတယ်။ ငွေတစ်သောင်းကျော်ပါတဲ့ သေတ္တာကို စားပွဲ
ပေါ်တင်ပြီး ကိုအောင်ဘက အပျိုကြီးနှစ်ယောက်ကို "ရွှေတွေ ဘယ်မှာ
ထားလဲ" မေးပြီး ပါးရိုက်လိုက်တယ်။ သိပ်ကြောက်နေပုံရတဲ့ တစ်
ယောက်ကို "ထစမ်း" ဆိုပြီး အောက်ကို ဆွဲခေါ်မယ်လုပ်ရင်း "မေးမရရင်
နင်တို့ကို ကွင်းထဲထုတ် သတ်ပစ်ခဲ့မယ်၊ ဘာမှတ်လဲ အတော်ခေါင်းမာ
တဲ့ မိန်းမတွေ၊ သေမယ်သာမှတ်" ဆိုပြီး သေနတ်မောင်းတင်လိုက်တော့မှ
ဝူးဝူးဝါးဝါးလုပ်လို့ ပါးစပ်စည်းထားတဲ့ အဝတ်ကို ဖြေပေးလိုက်ရတယ်၊
"ဘုရားစင်ဘေးနားက သောက်ရေအိုးအောက်မှာ"တဲ့။ ကိုအောင်ဘက
အပျိုကြီးပါးစပ်ကို ပြန်စည်းထားလိုက်တယ်။ စောစောက ပါးစပ်ထဲက
ထွက်ကျလာတဲ့ သံပရာသီးကို ပါးစပ်ထဲပြန်ထည့်ဖို့ ကိုအောင်ဘ မေ့သွားပုံ
ရတယ်။ ဒါပေမယ့် ကျွန်တော်လည်း ဘာမှ ဝင်မပြောမိလိုက်ဘူး။

ကိုကျော်စိုးက ကျွန်တော့်ကို "သွားကြည့်စမ်းကွာ" ဆိုလို့ ကျွန်တော်
သွားကြည့်ရတယ်။ အဖုံးကို ဖွင့်ကြည့်တော့ ဘာမှ မတွေ့ရဘူး။ ရေအိုး
အောက်က ကရွတ်ခွေထဲမှာ သံသေတ္တာအသေးလေးတစ်လုံးနဲ့ ထည့်ထား
တာကိုး။သံသေတ္တာလေးကို ဖွင့်ကြည့်လိုက်တော့ အထဲမှာ ပြိုးပြိုးပြက်ပြက်
နဲ့ စိန်ရွှေတွေကို တွေ့ရတယ်။ ကျွန်တော်က "ရွှေတွေရပြီ" လို့ ပြောပြီး
သေတ္တာကို ကိုကျော်စိုးလက်ထဲ ထည့်ပေးလိုက်တယ်။ ကိုအောင်ဘက
စားပွဲပေါ်က ငွေသေတ္တာကိုဖွင့်ပြီး လုံချည်တစ်ထည်ထဲ ထည့်နေတယ်၊
သုံးယောက်လုံးကို ကျောချင်းကပ်၊ ကြိုးတုပ်ချည်ပြီး ခြင်ထောင်ထဲ ပြန်
သွင်းကြတယ်။ ပြီးတော့မှ အပေါ်က ခြင်ထောင်ကြိုးကို ဖြုတ်ချပြီး အုပ်





ထားလိုက်ရတယ်။ "ယီးတီးယားတား မလုပ်နဲ့နော်၊ အိမ်ပါ မီးတင်ရှို့ထားခဲ့
လို့ အားလုံး မသာပေါ်သွားမယ်၊ ဘာ တလှုပ်လှုပ် လုပ်နေတာလဲ"လို့
ကိုအောင်ဘက ကြိမ်းလိုက်တော့ ငြိမ်သွားကြတယ်။

ပစ္စည်းတွေလည်း ရပြီဆိုတော့ ခြင်ထောင်ထဲက အိမ်ရှင်တွေ မသိ
အောင် ခြေသံလုံလုံနဲ့ အိမ်ပေါ်က ဆင်းခါနီးမှာ "အသံမကြားစေနဲ့နော်၊
မိုးလင်းမှ ထပြီး ရဲကိုသွားတိုင်ကြ" ဟု ပြောထားခဲ့ကြသည်။ အိမ်ပတ်
ဝန်းကျင်က တိတ်တိတ်ဆိတ်ဆိတ်ပါပဲ၊ အခြေအနေ ကောင်းတယ်။ အိမ်
အောက်ရောက်တော့ ချောင်းကျယ်ကြီးထဲမှာ ငါးရှာနေကြတဲ့ တံငါသည်
တွေရဲ့ မီးရောင်ပျပျကို ဟိုကသည်က မြင်နေရတယ်။ ကျွန်တော်တို့က
ချောင်းရိုးအနောက်ဘက်မှာရှိတဲ့ ကိုကျော်စိုးအိမ်ကို ရောက်လာကြတယ်။
ကိုကျော်စိုးမိဘတွေက အပေါ်ထပ်မှာ အိပ်နေကြတယ်။ အိမ်ရောက်တော့
ရလာတဲ့ ပစ္စည်းတွေကို စားပွဲပေါ်တင်လိုက်ကြတယ်။ ငွေကို စစ်ကြည့်
တော့ တစ်သောင်းတစ်ထောင်ကျော်တယ်။ ရွှေကတော့ ကျောက်မပါ
လေးဆယ်ကျပ်သားလောက်ရှိတယ်။ ကျွန်တော့်ကို ငွေနှစ်ထောင်နဲ့ ရွှေ
လက်ကောက်လေးကွင်း၊ ဆွဲကြိုးနှစ်ကုံး၊ လက်စွပ်နှစ်ကွင်း၊ ဆံထိုးတစ်
ချောင်း ပေးတယ်။ ကျွန်တော့်အနေနဲ့ သူတို့ပေးသလောက်ပဲ ယူရတယ်။
သူတို့နယ်ထဲမှာ ဖြစ်နေတော့ ရွှေငွေကိစ္စ ဘာမှ မပြောရဲပါဘူး။

တချို့ဆို ဝေစုမပေးတဲ့အပြင် သတ်တောင်ပစ်တယ်လို့ ကြားဖူးထား
တော့ စိုးရိမ်နေမိတာလည်း အမှန်ပဲ။ နောက်တော့ ကိုအောင်ဘက
ပြောပါတယ် "နည်းတယ်လို့ မအောက်မေ့နဲ့သူငယ်ချင်း၊ တို့က လက်နက်
ခ နှစ်ဖို့ပေးရဦးမယ်၊ ကျန်တာမှ ငါတို့နှစ်ယောက် ဝေယူကြရမှာပါ" တဲ့။

ကျွန်တော်က ကျေနပ်တဲ့အကြောင်း ပြောပြီး ရတဲ့ဝေစုကို လက်ကိုင်
ပဝါနဲ့ထုပ်ပြီး ဂျာကင်အကျီအိတ်ထဲ ထည့်ထားလိုက်တယ်။ ကိုအောင်ဘ
က သူတို့ပစ္စည်းတွေကို ဗီရိုတစ်လုံးထဲ ထည့်ထားလိုက်တာ မြင်ရတယ်။
အဝတ်လဲပြီး ကျွန်တော့်ကို အိပ်တော့လို့ ကိုကျော်စိုးက ပြောတယ်။ အခန်း
ထဲဝင်လာရပေမယ့် အိပ်မပျော်တာနဲ့ ဆေးလိပ်ထိုင်သောက်နေလိုက်
တယ်။ မိနစ်နှစ်ဆယ်လောက်ထိ ကိုကျော်စိုးနဲ့ ကိုအောင်ဘတို့ စကားပြော
နေကြသံကို တီးတိုးတီးတိုး ကြားနေရတယ်။ ကျွန်တော်လည်း ခုတင်

ပေါ် ပက်လက်လှန်ရင်း မှောင်ခို၊ ဖဲလိမ်ရိုက်စားသူ၊ လုယက်သူ၊ ဖောက်ထွင်းသမား၊ နေ့ကွက်ကြောင်ရိုက်သူ၊ ခါးပိုက်နှိုက်ကနေ ယခု ဓားပြ ဖြစ်လာရတဲ့ ဘဝခရီးကိုတွေးပြီး မိုးလင်းမှ အိပ်ပျော်သွားတယ်။

မိုးလင်းတော့ ကိုကျော်စိုးနဲ့ ကိုအောင်ဘတို့ကို အိမ်မှာ မတွေ့ရတော့ဘူး။ ဒါနဲ့ အိမ်ပေါ်တက်ပြီး ကိုကျော်စိုးအမေကို မေးကြည့်တော့

"ငါးအင်းက ဒီနေ့ ပက်ရမှာမို့ ကူဘိုတာ သွားငှားကြတယ်။ အတော်ကြာ ပြန်လာကြပါလိမ့်မယ်" ဆိုတာနဲ့ အိမ်အောက်ပြန်ဆင်းလာပြီး စောင့်နေရတယ်။ ဘဲဥနဲ့ ထမင်းကြော်ကို ကိုကျော်စိုးအမေက လာပေးတယ်။ ငါးကြော်တွေလည်း ပါတယ်။

ထမင်းစားပြီးစမှာ လှည်းတစ်စီးနဲ့ ကိုအောင်ဘတို့ ရောက်လာကြတယ်။ ကိုကျော်စိုးက ထမင်းကြော်စားရင်း "မင်းနဲ့ အောင်ဘက နောက်မှ လိုက်လာကြ ခု ထမင်းကြော်စားပြီးရင် ငါ အရင်သွားနှင့်မယ်" ဆိုပြီး လှည်းနဲ့ ထွက်သွားတယ်။ လှည်းပေါ်က တောင်းထဲမှာ အင်းပက်မယ့်အတွက် ကွင်းပိုင်ကြီးကို ပွဲပေးဖို့ပစ္စည်းတွေ ပါသွားတယ်။ ကိုအောင်ဘက "လေးငါးရက်နေပြီးမှ ပြန်ပါလား၊ ခု တို့ ငါးပက်တော့ အပြန်မှာ ငါးခြောက် ငါးခြမ်းလည်း ရသွားတာပေါ့" လို့ ပြောတယ်။

ကျွန်တော်က "ကိုအောင်ဘတို့ဆီမှာ ပစ္စည်းပေါ်ရင် ပြန်ခါနီး အမှတ်တရ ကျွန်တော့်ကို ပစ္စည်းတစ်ခု လက်ဆောင်ပေးပါလားဗျာ" ဆိုတော့ ကိုအောင်ဘက. . .

"မင်းကိုငါ ပြန်ခါနီးမှ ပေးမလို့ပါ၊ မင်းပစ္စည်းလိုချင်နေတာ အရင်တစ်ခါတည်းက ငါသိပါတယ်၊ မင်း ဘယ်ဟာကိုကြိုက်လဲ ပြော" ဆိုပြီး ခြောက်လုံးပြူး နှစ်လက် ထုတ်ပြတယ်။

ကျွန်တော်က မိန်းမကိုင် ကိုးလုံးပတ်ဆုံလည်ကို ကိုင်ပြလိုက်တယ်၊

"ဒီပစ္စည်းက ငါ့ဆီမှာ ကြာပြီကွ၊ မင်းပြန်ခါနီး ငါပေးလိုက်မယ်၊ မင်းကို ကျော်စိုးရော ငါရော ညီအစ်ကိုလို ခင်ပါတယ်"လို့ ကိုအောင်ဘက ပြောပါတယ်။

အဲဒီနေ့က အိမ်မှာ ထမင်းချက် မစားကြဘူး။ မြို့ထဲက ခေါက်ဆွဲ၊ အရက်နဲ့ စားစရာတွေဝယ်ပြီး ကိုကျော်စိုးဆီ လိုက်သွားကြတယ်။ ကိုကျော်စိုး





ကူဘိုတာစက်နဲ့ စုပ်ထားလို့ အင်းက ရေတစ်ဝက်လောက် ကျိုးနေပြီ။ ကျွန်တော်နဲ့အတူ ကိုကျော်စိုးတို့ အင်းထဲက လူလေးငါးယောက် တဲထဲမှာပဲ စားသောက်ပြီး နေလိုက်ကြတယ်။ သုံးရက်ကြာလို့ ကျွန်တော်ပြန်မယ့်ရက်မှာ ကိုအောင်ဘက ခြောက်လုံးပြူးနဲ့ ကျည်နှစ်ဆယ့်ငါးတောင့်ကို ပလတ်စတစ်နဲ့ သေသေချာချာ ထုပ်ပြီး ငါးပိတောင်းထဲမှာ မြှုပ်ပေးလိုက်တယ်။ ရွှေနဲ့ငွေတွေကို ဂုန်နီအိတ်တစ်လုံးနဲ့ အပြင်ကပတ်ပြီး ငါးခြောက်တောင်းအောက်ဆုံးထဲမှာ ထည့်လိုက်တယ်။ ငါးပိ၊ ငါးခြောက်အပြင် လမ်းမှာစားဖို့ ဘဲကြော်နဲ့ ဘဲဥကိုလည်း ပြုတ်ပေးလိုက်ကြတယ်။

မနက် ဆယ်နာရီလောက်က ထွက်လာတဲ့ကားဟာ ပဲခူးကို ညနေသုံးနာရီကျော်မှ ရောက်တယ်။ ကားဂိတ်ကနေ မြင်းလှည်းနဲ့ အိမ်ကို ပြန်လာခဲ့တယ်။ ညီ၊ ညီမတွေက ဝိုင်းကြိုပြီး ပစ္စည်းတွေ ချပေးကြတယ်။ ငါးပိတောင်းကို အိမ်နောက်ဘက်ရွှေ့ပြီး ရွှေငွေထည့်လာတဲ့ ဂုန်နီအိတ်အစုတ်လိပ်ကို ကျွန်တော့်အခန်းထဲ သွင်းထားလိုက်တယ်။ ညီမတွေကို အဝတ်လျှော်ခိုင်းပြီး ညီတစ်ယောက်ကို လက်ဖက်ရည်နဲ့မုန့် ဝယ်ခိုင်းလိုက်တယ်။ အဖေက မြို့ထဲသွားနေတော့ အိမ်ပေါ်မှာ အမေရယ်၊ ကျွန်တော်ရယ်ပဲ ရှိကြတယ်။ ကျွန်တော့် ငါးပိတောင်းထဲက ပစ္စည်းကို အမေ မသိအောင် ပြန်ယူလိုက်ရတယ်။

အမေက "ဘယ်က ပြန်လာတာလဲ" လို့ မေးတာကို "သက္ကလဘက်က ကျောင်းနေဖက်သူငယ်ချင်းတစ်ယောက်ဆီ သွားလည်တာ၊ အပြန်မှာ ငါးပိငါးခြောက်တွေ ထည့်ပေးလိုက်တယ်"လို့ပြောပြီး ကျွန်တော် အပြင်ကို ထွက်လာတယ်။ အမေက "လက်ဖက်ရည်မသောက်တော့ဘူးလား"ဆိုတော့ "အပြင်မှာပဲ သောက်တော့မယ်။ ညီ၊ ညီမလေးတွေကိုပဲ တိုက်လိုက်တော့" လို့ ပြောထားခဲ့တယ်။

အစ်မအိမ်ကိုရောက်တော့ ကြည်ကြည်လှကို ခေါ်ခိုင်းလိုက်တယ်။ ကျွန်တော်က ထိုင်နေကျ အိမ်ရှေ့က တရုတ်စကားပင်အောက် ခုံတန်းလျားက ထိုင်စောင့်နေတယ်။ ကြည်ကြည်လှက အစ်မနဲ့ ရှေ့ဆင့်နောက်ဆင့်ပဲ ရောက်လာတယ်။ အစ်မက အိမ်ပေါ်တက်သွားတော့ ကြည်ကြည်လှကို အနားမှာ ထိုင်ခိုင်းလိုက်တယ်။

"ကျွန်တော် မမလှကို လက်ဆောင်တစ်ခုပေးချင်လို့ လက်ခံရမယ်၊ မငြင်းရဘူးနော်"

"ဘာပစ္စည်းများလဲ ငါ့မောင်ရယ်"

မျက်နှာကို အပြုံးနှင့် ငေးကြည့်ပြီး မေးတယ်။

"မမလှ ကျွန်တော့်ကို တကယ်ခင်ရဲ့လား"

"ခင်ပါတယ်ကွယ်"

"အမှန်တကယ် ခင်ရင် နောက်ကို ငါ့မောင်၊ ငါ့မောင်လို့ မပြောပါနဲ့"

"ဟင် . . . ကိုယ့်မောင် အရွယ်မို့ ငါ့မောင်ပြောတာ ဘာဖြစ်လဲ"

ကြည်ကြည်လှက ခပ်တည်တည်ပြောတော့ ကျွန်တော်လည်း နောက်ထပ် ဘာပြန်ပြောရမှန်း မသိတော့ဘဲ တိုက်ပုံအင်္ကျီထဲက ဘတ်ကြိုး တစ်ကုံးကို ဆွဲထုတ်ပြီး. . .

"ဒါ မမလှဖို့ ကျွန်တော် မော်လမြိုင်က ဝယ်လာတာ"ဆိုပြီး လက်ထဲထည့်ပေးလိုက်တယ်။ ကြည်ကြည်လှက. . .

"ဟင့်အင်း . . . မယူဘူး၊ မယူဘူး၊ မမလှမှာလည်း ရှိသားနဲ့၊ မယူပါရစေနဲ့ကွယ်" ဆိုပြီး အတင်းပြန်ပေးတယ်။ ကျွန်တော်က. . .

"ယူပါ မမလှရယ်၊ ကျွန်တော် မမလှကို အမှတ်တရ ပေးတာပါ"

ဆိုပြီး လည်ပင်းမှာ စွပ်ပေးလိုက်တယ်။ နည်းနည်း မှောင်စပြုလာတော့ ရဲရဲတင်းတင်းပါပဲ။ ဒါပေမယ့် ကြည်ကြည်လှက အတင်းလုပြီး ပန်းခြံဘက်ကို လွှင့်ပစ်လိုက်တယ်။ ရှက်လည်း ရှက်သွားမိတယ်။ တိုက်ပုံအင်္ကျီအိတ်ထဲက လက်နှိပ်ဓာတ်မီးကိုထုတ်ပြီး ပြန်ရှာရတယ်။ ပြန်ရတော့ တိုက်ပုံအင်္ကျီထဲ ပြန်ထည့်လိုက်ပြီး. . .

"မမလှ ကျွန်တော့်ရဲ့ စေတနာကို စော်ကားတာပဲ" ပြောတော့ ကြည်ကြည်လှက "မင်း မဟုတ်တာတွေကို လျှောက်မလုပ်ပါနဲ့၊ အချိန်မရှိအချိန်ရှိ ဘူတာဘက်ကို မသွားပါနဲ့လို့ မင်းကို ငါပြောတော့ မသွားပါဘူးလို့ မင်း ငါ့ကို ကတိပေးတယ်။ ပြီးတော့ သွားတာပါပဲ၊ ဒါ ငါ့ကို ခင်လို့ပေါ့ ဟုတ်လား" ဆိုပြီး ခေါင်းငုံ့ထားတယ်။

ကြည်ကြည်လှရဲ့ စကားက ကျွန်တော့်ကို သံသယ ဖြစ်သွားစေတယ်။ ငါလုပ်နေတာ သူ သိများ သိနေပြီလားဆိုပြီး အတော်စိုးရိမ်သွား





မိတယ်။ ငါလုပ်နေတာ သူသိလို့ ငါပေးတာကို မယူဘဲ လွှင့်ပစ်လိုက်တာဖြစ်မှာပဲ ဆိုတဲ့ အတွေးက တစ်ကိုယ်လုံးကို ပျံ့နှံ့သွားသလိုပဲ။ အဲဒါကြောင့် ကျွန်တော် ပြန်ဦးမယ်ဆိုပြီး ကြည်ကြည်လှအနားက ထွက်လာခဲ့တယ်။ ခြံပြင်ရောက်တော့ နောက်ပြန်တစ်ချက် လှည့်ကြည့်လိုက်မိတယ်။ကြည်ကြည်လှ ကျွန်တော့်ကို မတ်တတ်ရပ် ငေးကြည့်ကျန်ခဲ့တာကို မြင်လိုက်ရတယ်။

အဲဒီညက ကျွန်တော် တစ်ညလုံး အိပ်လို့ မရဘူး။ ညီ၊ ညီမတွေ စကျက်ပြီး အိပ်ရာဝင်သွားကြတော့ အတွေးက ပိုကျယ်ပြန့်လာတယ်။ ခင်အေးသူရယ်၊ ကြည်ကြည်လှရယ်၊ သမီးလေးရယ် ခေါင်းထဲမှာ ရှုပ်ယှက်ခတ်ပြီး မိုးလင်းပိုင်းကျမှ အိပ်ပျော်သွားတယ်။ ကျွန်တော် အိမ်မှာ နှစ်ရက်နေပြီး အမေအဖေတို့ကို ပြောပြတယ်။ အရောင်းအဝယ်က သိပ်မကောင်းဘူး။ အဲဒါကြောင့် မန္တလေးကို ပစ္စည်းစုံစမ်းရင်း ဒီကပစ္စည်းလည်း အနည်းအကျဉ်းစမ်းဝယ်ပြီး သွားကြည့်ဦးမယ်လို့ ပြောလိုက်တယ်။ ညီ၊ ညီမတွေကို မှာထားခဲ့မလို့ တစ်ယောက်စီကို လိုက်ကြည့်လိုက်တော့ အလတ်ကောင်ကို မမြင်လို့ အမေ့ကို မေးကြည့်တော့ အမေက "ဟိုဘက်လမ်းသူ့ရဲ့သူငယ်ချင်းအိမ်က မနေ့ကပင် ပြန်မလာဘူး၊ မိန်းမတွေနဲ့ ရှုပ်နေတာပဲ" လို့ ပြောတယ်။ ကျွန်တော်လည်း ခရီးသွားခါလာခါနီးမှာ အရင်ကလို လိုက်ခေါ် ရိုက်ပုတ် မလုပ်ချင်တော့တာနဲ့ မသိလိုက် မသိဘာသာပဲ နေနေလိုက်ရတယ်။

"အမေ ဒီရွှေတွေက အရောင်းအဝယ်မလိုက်လို့ ငွေလက်ထဲ မထားချင်တာနဲ့ မန္တလေးက ဝယ်လာတာ၊ လက်ကောက်နှစ်ကွင်းနဲ့ ကြိုးနှစ်ကုံးက အမေယူထား၊ အရောင်းအဝယ်ကိစ္စပေါ်ရင် ငွေပြန်လုပ်ရမယ်၊ လက်စွပ်နှစ်ကွင်းက ညီမတို့ တစ်ယောက်တစ်ကွင်း ယူကြ၊ ဒီဆံထိုးကိုတော့ အစ်မကို ပေးလိုက်၊ ဒီငွေတစ်ထောင်ကတော့ အဖေ အမေတို့ အတွက်"

လို့ ပြောပေးပြီး ကျွန်တော် ဘူတာကို ထွက်လာခဲ့တယ်။ အမေကတော့ ထုံးစံအတိုင်း . . .

"ငါ့သား အလိမ္မာလေး၊ အလိမ္မာတုံးလေး အသက်ရှည်လို့ ဘုန်းကြီးပါစေ၊ အန္တရာယ်မျိုး ကိုးဆယ့်ခြောက်ပါး ကင်းပါစေ"ဆိုတဲ့ ဆုပေးသံက ကျွန်တော် ခြံပြင်ရောက်တဲ့အထိ မပြီးနိုင်သေးပါဘူး။ မိဘကို လုပ်ကျွေး

နေတာက ကျွန်တော်ပဲ ရှိတာကိုး။

ကျွန်တော့်ဘက်အိတ်ထဲမှာ အဝတ်နဲ့ သုံးနေကျ ဓားတွေလောက်ပဲ ပါတယ်။ ကိုကျော်စိုးတို့၊ ကိုအောင်ဘတို့ ပေးလိုက်တဲ့ သေနတ်ကို မသုံးရဲသေးတာနဲ့ အိမ်မှာပဲ လုံလုံခြုံခြုံ ထားခဲ့ရတယ်။ ရထားအလာကို စောင့်ရင်း ဘူတာရှေ့က အအေးဆိုင်မှာ ထိုင်နေလိုက်တယ်။ အရင် ကျွန်တော်တို့ ခေါက်ဆွဲဆိုင်က လူငှား လှဝင်း(ယမ်းဘီလူး)ကို အသားညိုညို အမျိုးသမီးတစ်ယောက်နဲ့အတူ တွဲပြီးလာနေတာ တွေ့လို့ လှမ်းခေါ်မိတယ်၊

ယမ်းဘီလူးက ကျွန်တော့်ကို သေသေချာချာကြည့်ပြီး "ခင်ဗျား လူမှားနေတယ်" ဆိုပြီး ပြန်လှည့်ထွက်မယ်အလုပ်မှာ. . .

"ဟေ့ကောင် လှဝင်း ငါပါကွ၊ ကျော်မြင့်လေကွာ" ဆိုပြီး ပြောလိုက်တော့မှ "ဟာကွာ မင်းကို ငါ ရုတ်တရက် မမှတ်မိဘူး၊ အခု ဘယ်မှာနေလဲ ဦးတို့ အဒေါ်တို့ကော" ဆိုပြီး စကားလက်ဆုံကျနေကြတယ်။

ကျွန်တော်က "ခု မင်းတို့ကော ဘယ်မှာနေကြလဲ၊ မင်းအစ်ကို နီဂရိုကော" ဆိုတော့ မဟာစေတီအနောက်ဘက်က အကျွတ်အလွတ်မှာ နေကြတယ်။ အဖေ မရှိတဲ့ နောက်ပိုင်းမှာ ခြံလုပ်နေရတယ်။ သူတို့ခြံမှာ စားပင်သီးပင်တွေ စုံကြောင်း ပြောပြတယ်။ ပြီးတော့ . . .

"ငါ အခု ဘုရားကြီးဘက်က ပြန်လာတာ၊ သူ့ကို ကလျာဏီဘက် သွားပို့ရမယ်၊ ငါ့မိတ်ဆွေပါ" လို့ အမျိုးသမီးဘက် လှည့်ပြီး ပြောပြတယ်၊

"မင်းနဲ့ငါ စကားပြောစရာရှိလို့ သူ့ကို မြင်းလှည်းနဲ့ တင်ပို့လိုက်ပါ လား"ဆိုတော့ ကောင်မလေးက "ရပါတယ်ရှင်၊ ကျွန်မတစ်ယောက်တည်းလည်း ပြန်ရဲပါတယ်၊ ကိစ္စမရှိပါဘူး" ဆိုပြီး လှဝင်းဘက်ကို လှည့်ကြည့်တော့ ကျွန်တော်က မျက်စိမှိတ်ပြလိုက်တယ်၊ ဒါနဲ့ပဲ ကျွန်တော်က မြင်း လှည်းတစ်စီးခေါ်ပြီး ကောင်မလေးကို ကလျာဏီဘက် တင်ပေးလိုက် တယ်။ မြင်းလှည်းခလည်း တစ်ခါတည်း အကျေပေးလိုက်တယ်။ ယမ်း ဘီလူးက မြင်းလှည်းထွက်သွားမှ ကျွန်တော့်ကို. . .

"ဒီအမျိုးသမီးက မန္တလေးက၊ သူ့ယောက်ျားနဲ့ ကွဲလာတာတဲ့၊ နန်း တော်ထဲကလို့ ပြောတယ်။ တို့ ပဲခူးကိုအလာ မြို့ထဲမှာ ယောင်လည်လည် ဖြစ်နေလို့ ငါ ဖမ်းထိန်းထားလိုက်တယ်။ သူ့မိဘတွေက အရင် ညောင်ဝိုင်း





မှာ နေတယ်လို့ ပြောတယ်။ ခု ညောင်ဝိုင်းက ရွှေသာလျောင်း၊ ကလျာဏီဘက်ကို ပြောင်းသွားတော့ ဘယ်ရွာရမှန်း မသိဘူး" လို့ ပြောတယ်။

"ကျွန်တော် သူ့ကို ကျွေးမွေးပြီး ပထမ ဗိုင်းဂနိုင်းမှာ ထားပေးတယ်။ နောက်တော့ မြင်းလှည်းမောင်းနေတဲ့ သူ့အဖေနဲ့ ဈေးက အပြန်မှာ ပက်ပင်းတိုး တွေ့ကြလို့ သူ့အဖေနောက် ပါသွားတယ်။ သူ့သားလေး တစ်ယောက်ကလည်း လေးနှစ်သားလောက် ရှိပြီ၊ ဒီလိုနဲ့ ခု သူ့အဖေနဲ့အတူ နေတယ်။ ငါနဲ့သူ မတွေ့ကြတာ ဆယ့်လေးရက်လောက် ရှိပြီ။ အခု ရုပ်ရှင်ကြည့်ကြမလို့ပဲ။ သူက အင်တင်တင် လုပ်နေလို့ ဘုရားဖူးပြီး ပြန်လာကြတာ။ မင်းတို့ကော ရာဘာလုပ်ငန်းနဲ့ အဆင်ပြေရင် ငါ့ကိုလည်း ခေါ်ပါဦးကွာ၊ ငါ မပြေလည်ဘူး၊ ထောင်က လွတ်လာတာလည်း တစ်လ လောက်ပဲ ရှိသေးတယ်" လို့ ပြောတော့. . .

"မင်း ဘာအမှုလဲ"လို့ မေးလိုက်မိတယ်။ "ဖောက်ထွင်းမှုကွ" လို့ ချက်ချင်း ပြန်ဖြေတယ်။ ဒါဆို ကျွန်တော် သဘောပေါက်ပြီးသားပါ။ ဒါပေမယ့်အထာနဲ့ "မင်း မလုပ်တာကော သေချာလား" လို့ ထပ်မေးတော့ "သေချာပါတယ်" တဲ့။

"ကောင်းပြီ၊ ဒါဆို မင်း ငါနဲ့လိုက်ခဲ့၊ အခုလာမယ့် ရထားနဲ့ မန္တလေးကို သွားမှာ၊ ငါလည်း အဆင်ပြေသလို ကြည့်လုပ်နေရတယ်၊ မင်း လိုက်နိုင်ပါ့မလား" ဆိုတော့ ခဏ ခေါင်းကုတ်ပြီး "လိုက်မယ်ကွာ၊ ဒါပေမယ့် ငါ့မှာ ငွေတစ်ဆယ်ပဲပါတယ်၊ ဖြစ်ပါ့မလား" ဆိုတော့ "လာစမ်းပါကွာ ငွေအကြောင်း မပြောစမ်းပါနဲ့" ဆိုပြီး ယမ်းဘီလူးကို ခေါ်လာခဲ့တယ်။

တစ်နာရီလေးဆယ့်ငါးမိနစ်မှာ မန္တလေးအမြန်ရထား ဝင်လာတယ်။ ပဲခူးဘူတာမှာ (၁၅) မိနစ်ပဲ ရပ်ပြီး ပြန်ထွက်တယ်။ ရထားထွက်တော့မှ ကျွန်တော်တို့ နောက်တွဲကနေ ဖမ်းခုန်ပြီး တက်လိုက်လာကြတယ်။ မန္တလေးအမြန်ဆိုတော့ ပဲခူး၊ တောင်ငူ၊ ပျဉ်းမနား၊ သာစည် လေးဘူတာပဲ ရပ်တယ်၊ ရှေးဟောင်းနှောင်းဖြစ်လေးတွေ တစ်လမ်းလုံး ပြောလာကြ တယ်။ ငယ်ပေါင်းဆိုတော့ ပွင့်ပွင့်လင်းလင်းပဲ၊ ယမ်းဘီလူးက တစ်ခါ တလေ ရထားပေါ် တက်လုလိုက်၊ အဆင်မပြေရင် အိမ်ဖောက်ထွင်းလိုက်နဲ့ သံသရာလည်နေတယ်။ စောစောက တွေ့ခဲ့တဲ့ အမျိုးသမီးကို လုပ်ငန်း

တစ်ခုမှာ အသုံးချမလားလို့ စည်းရုံးနေတယ်။ အမျိုးသမီးက ဖျတ်လတ်တယ်၊ သွက်လက်တယ်၊ အကင်းပါးတယ်၊ အသားညိုပေမယ့် ဂိုက်ဆိုက်ပေးကောင်းတယ်၊ "ကုလားဆင်ဆိုတော့ သစ်ဆွဲလို့ ကောင်းတာပေါ့ကွာ၊ ဟား . . . ဟား" ဆိုပြီး ရယ်ရယ်မောမော ပြောပြတယ်။ "နာမည်ဘယ်လိုခေါ်လဲကွ" ဆိုတော့ "ခိုင်စံပယ်" တဲ့။ "သူက ပြောတာလားကွ" လို့ ပြောပြီး ကျွန်တော် ရယ်နေလိုက်တယ်။

တောင်ငူဘူတာရောက်တော့ ခရီးသည်အချို့ ဆင်းသွားကြတဲ့အတွက် ထိုင်ခုံနေရာရတယ်။ ရထားက တောင်ငူဘူတာမှာ ရေထည့်တဲ့အတွက် နာရီဝက်လောက် ကြာတယ်။ ကျွန်တော် ဘူတာပလက်ဖောင်းပေါ် လျှောက်ကြည့်နေတုန်း နောက်ကနေ လှမ်းခေါ်သံကြားလို့ လှည့်ကြည့်လိုက်တော့ ပုဏ္ဏကဝင်းတင်ကို တွေ့ရတယ်။

"ဝင်းတင် မင်း ဘယ်ကိုသွားမလို့လဲ" မေးတော့. . .

"ကျွန်တော် အခု မိန်းမရနေပြီဗျ၊ ကိုကျော်နဲ့တွေ့ပြီး နှစ်ရက်သုံးရက်အကြာမှာ အလုပ်တစ်ခု အဆင်ပြေတာနဲ့ မိန်းမ ကောက်ယူပစ်လိုက်တယ်။ ကောင်မလေး မိဘတွေက မီးရထားတန်းလျားမှာ နေကြတယ်၊ အခု ကျွန်တော် အကြံအဖန်လေးများ မိမလားလို့ လာကြည့်တာ၊ ကိုကျော်တို့ ဘယ်ကို သွားကြမလို့လဲ" တဲ့။

"အတိအကျပြောလို့ မရဘူးကွ၊ ခြေဦးတည့်ရာပဲ" ဆိုတော့

"ကျွန်တော်လည်း လိုက်ပါရစေဗျာ၊ ငွေနည်းနည်းလိုနေလို့ပါနော်ကိုကျော်" တဲ့။

"လိုက်ချင်လိုက်ပေါ့ကွာ၊ အဆင်ပြေချင်လည်း ပြေမယ်။ ထမင်းငတ်ချင်လည်း ငတ်မယ်နော်၊ ငါတို့က ရေရာတာမဟုတ်ဘူး" ဆိုပြီး စိတ်ပျက်အောင် ပြောကြည့်တယ်။ ဒါပေမယ့် ဟိုတုန်းက ကျွန်တော့်လုပ်နည်းလုပ်ဟန်ကို ဒီကောင် တွေ့မြင်ဖူးထားတော့ စိတ်မပျက်ဘဲ "ခင်ဗျား နဲ့ဆိုသေသေရှင်ရှင် လိုက်မယ်ဗျာ" ဆိုပြီး တက်လိုက်လာတယ်။

မန္တလေးကိုရောက်တော့ ပုဏ္ဏကနဲ့ ယမ်းဘီလူးကို မန်းသီတာဥယျာဉ်မှာ ထားခဲ့ပြီး ဦးကံထွန်းဆီ ထွက်လာခဲ့တယ်။ အိမ်ရောက်တော့ ဦးကံထွန်းမရှိဘူး။ သီပေါကို အလုပ်ကိစ္စနဲ့ သွားနေတယ်။ အိမ်မှာက မွေးစားအမေ၊





ဦးကံထွန်းညီမဝမ်းကွဲ၊ အငှားအလုပ်သမားတွေနဲ့ ရှစ်နှစ်အရွယ် မွေးစားသမီးလေးပဲ ရှိတယ်။ ကျွန်တော် ရောက်လာတော့ အားလုံး ဝမ်းသာသွားကြတယ်။အရင်က အိမ်မှာ မတွေ့ဘူးတဲ့ ရှစ်နှစ်ရွယ် ကလေးမလေးကတော့ ဆွေမျိုးနီးစပ်ထဲကခေါ်ပြီး မွေးစားထားတာလို့ သိရတယ်။

ကျွန်တော်က ခင်အေးသူတို့ အကြောင်းကို မေးတော့ ဦးကံထွန်းတို့လင်မယားနှစ်ယောက် ပန်းမြို့ကို ရောက်ကြောင်း၊ သမီးလေးကိုလည်းတွေ့ခဲ့ရကြောင်း၊ တစ်အိမ်သားလုံး ကျန်းမာကြကြောင်း၊ ကျွန်တော့်အကြောင်းကိုလည်း မေးကြလို့ ကျန်းမာကြောင်း၊ မန္တလေးမှာပဲ ရှိကြောင်း၊ ခင်အေးသူဆီကစာကို အမေတို့ သိမ်းထားကြောင်း၊ ခင်အေးသူက စာမပြန်လို့ စိုးရိမ်နေကြောင်း၊ "စာအဆက်အသွယ်လုပ်ရင် ရဲတွေ သိသွားမှာစိုးလို့ အမေက စာမပေးခိုင်းတာပါ" ဟု ခင်အေးသူကို နှစ်သိမ့်ထားခဲ့ရကြောင်း အမေက ပြောပြီး "သမီးဆီ သား စာတစ်စောင်လောက်တော့ရေးလိုက်ပါဦးကွယ်" ဟု ပြောသည်။

"ထွန်းဇော်ကြီးဆိုတဲ့ သူငယ်ကိုကော တွေ့ခဲ့လားလို့" အမေကမေးတယ်။

"ကျွန်တော်လည်း ရောက်တဲ့နေရာမှာ ဒီကောင့်ကို ရှာပါတယ်အမေ၊ မော်လမြိုင်ကိုတော့ မရောက်ခဲ့သေးဘူး၊ ခု ဒီက ပြန်မှ မော်လမြိုင်မှာ သွားရှာဦးမယ်လို့ မှန်းထားတယ်" ဆိုတော့ အမေက သက်မချတယ်။

ဒီလိုနဲ့ ညစာစားသောက်ပြီး စက်ဘီးတစ်စီးနဲ့ မန်းသီတာဘက်ကိုထွက်လာခဲ့တယ်။ ပန်းခြံထဲရောက်တော့ ယမ်းဘီလူးနဲ့ ပုဏ္ဏကတို့ ခေါက်ဆွဲတစ်ထုပ်နဲ့ ထမင်းဖြူနှစ်ထုပ်၊ ဝက်ခေါက်ကင်ပြားကြီးကို အလယ်မှာချပြီး ထမင်းထိုင်စားနေကြတာ တွေ့ရတယ်။

"ဟ . . . မင်းတို့ ထမင်းတောင် စားနေကြပြီကိုးကွ၊ ငါက မင်းတို့ကိုထမင်းကျွေးမလို့လာတာ" ဆိုတော့ ပုဏ္ဏက,က. . .

"ဆာဆာရှိတာနဲ့ ဝယ်စားလိုက်ကြတယ်။ မင်းလည်း တစ်ခါတည်းဝင်စားလိုက်ပါလား" ဆိုတော့. . .

"ငါ့အသိ သူငယ်ချင်းတစ်ယောက်နဲ့ လမ်းမှာ တွေ့လို့ သူကျွေးလိုက်တာနဲ့ စားလာခဲ့ပြီ"လို့ လိမ်ပြောလိုက်ရတယ်။ ဦးကံထွန်းအိမ်ကို ဒီကောင်

တွေ အသိခံလို့ မဖြစ်ဘူး။ ကိုယ့်လောကမှ ကိုယ့်လူတွေအကြောင်း ကိုယ်သိထားရတယ်။

အဲဒါကြောင့် နှစ်ယောက်စလုံးကို ရွှေနဂါးရုပ်ရှင်ရုံရှေ့က အအေးဆိုင်ကို ခေါ်လာရတယ်။

"မင်းတို့နှစ်ယောက် ဒီနေ့ ညနေတော့ မန်းသီတာဥယျာဉ်ထဲမှာပဲ အိပ်ကြ၊ ငါတော့ သူငယ်ချင်းဆီ ပြန်အိပ်ရမယ်။ မနက်ကို အမှတ်နှစ်ပလက်ဖောင်းက စောင့်နေကြ၊ ငါလာခဲ့မယ်" လို့ မှာထားခဲ့ပြီး တစ်ယောက်ကို ငွေငါးဆယ်စီ ထုတ်ပေးထားခဲ့တယ်။ အိမ်ရောက်တော့ ခင်အေးသူဆီက စာကို အထပ်ထပ်အခါခါ ပြန်ဖတ်လိုက်၊ သမီးလေး ဓာတ်ပုံကြည့်လိုက်နဲ့ တစ်ညတာကို အလွမ်းနဲ့ ရုပ်သိမ်းလိုက်ရတယ်။

မနက်မိုးလင်းလို့ လက်ဖက်ရည်ဝိုင်းထိုင်ကြတော့ နံရံက ဝင်းမြင့်ပုံနဲ့ ကျွန်တော့်ပုံ ယှဉ်ချိတ်ထားတာကိုကြည့်ပြီး ဝင်းမြင့်အမေက မျက်ရည်ကျတယ်။ အသွားအလာ၊ အနေအထိုင်နဲ့ ကျန်းမာရေးကို ဂရုစိုက်ဖို့လည်း တဖွဖွ ပြောရှာတယ်။ ဝင်းမြင့်အမေ အနေနဲ့ ကျွန်တော့်ဘဝကို သို့လောသို့လော ဖြစ်နေတယ်လို့ ထင်ရတယ်။ သူ့သားနဲ့ ရုပ်ချင်းချွတ်စွပ်တူတဲ့ ကျွန်တော်ဟာ လူကောင်းလေးတစ်ယောက်သာ ဖြစ်လိုက်ရင် ဘယ်လောက်ကောင်းလိုက်မလဲလို့ တွေးပြီး မျက်ရည်ဝဲတယ်ထင်တော့ ကျွန်တော်လည်း အိမ်မှာ ကြာကြာမနေချင်၊ မနေဝံ့သလိုပါပဲ။ သူတို့က သိပ်ကောင်းလေ ကျွန်တော့်စိတ်ထဲမှာ မလုံလေ ဖြစ်ရတယ်။ အဲဒါနဲ့. . .

"ကျွန်တော် ကလောက သူငယ်ချင်းဆီ ခဏသွားဦးမယ်၊ ပြန်လာမှ ခင်အေးသူဆီ သွားမယ် အမေ" လို့ ပြောပြီး မန္တလေးကနေ ကလောကို ပုဏ္ဏက၊ ယမ်းဘီလူးတို့နဲ့အတူ ထွက်လာခဲ့ကြတယ်။ သာစည်ရောက်တော့ ရထားပြောင်းစီးကြရတယ်။ တစ်လမ်းလုံးမှာ ယမ်းဘီလူးက စားဖို့သောက်ဖို့ အမြဲဖန်ပေးတယ်။ ကျွန်တော်က မုန့်နဲ့ စီးကရက်ဖိုး၊ လက်မှတ်စစ်တက်လာရင် ဆီးပေးဖို့ အသင့်လုပ်ထားရတယ်။ ပုဏ္ဏကကတော့ အစားသမားသက်သက်ဖြစ်နေတယ်။ ဖျတ်လတ်မှုမရှိတော့ ရထားပေါ်မှာလည်း ဘာမှ မကြံဖန်တတ်သေးဘူး။

ကလောကိုရောက်တော့ တစ်ည အထည်တန်းကို ချောင်းကြတယ်။





အဆင်မပြေဘူး။ တစ်ညလုံး ဈေးပတ်လည်မှာ ပတ္တရောင်နဲ့ လူသွားလူလာ ရှုပ်နေတာနဲ့ ဘာမှ အလုပ်မဖြစ်ကြဘူး။ ဒါနဲ့ ဘုန်းကြီးကျောင်းဖျက်တစ်ခုမှာရှိတဲ့ ရုံပိုင်ကြီးအိမ်ကို လုပ်မယ် ထောတယ်ပြောတော့ အိမ်နားကို သွားကပ်ကြတယ်။ အိမ်ရှေ့တံခါးလည်း ပွင့်ရော ခွေးလိုက်ကိုက်လို့ ရပ်ကွက်နဲ့ ဈေးနားတစ်ဝိုက် ဆူညံသွားတယ်။ အဆင်မပြေတော့ နေ့ခင်းဘက်မှာ ရထားနဲ့ အောင်ပန်းဘက်ကိုသွားဖို့ ယမ်းဘီလူးက ပြောတဲ့အတွက် ပြေးရင်းလွှားရင်းက ကလောတောင်ပေါ်က ဓာတ်ပေါင်းစုစေတီရဲ့တောင်ဘက် ထင်းရှူးတောကြားထဲက တဲတစ်တဲမှာ မောမောနဲ့အနားယူကြတယ်။ သိပ်ချမ်းတော့ ရိုးထဲဆင်းပြီး ထင်းရှာ မီးဖိုနဲ့ လုံချည်ခြုံပြီး ကွေးခဲ့ရတယ်။ မိုးလင်းခါနီးမှာ ပုဏ္ဏကကို မတွေ့တာနဲ့ ယမ်းဘီလူးကို မေးကြည့်တော့ မသိဘူးလို့ ပြောတယ်။ ကျွန်တော်တို့ ကွေးအိပ်နေကြတဲ့နေရာနဲ့ ဓာတ်ပေါင်းစုစေတီဟာ သိပ်မဝေးဘူး။

ကျွန်တော်က ယမ်းဘီလူးကို "လာကွာ လေးနာရီကျော်သွားပြီ၊ ဗိုက်လည်း ဆာလာပြီ။ ဘူတာကို ဆင်းကြမယ်" ပြောပြီး ဘုရားဝင်းထဲကနေ လှေကားအတိုင်း ဆင်းလာခဲ့ကြတယ်။ လှေကားအလယ်လောက်ရောက်တော့ ဘုရားရှေးဟောင်းပြခန်းထဲက အသံတွေကြားနေရတာနဲ့ မှန်တံခါးကနေ ချောင်းကြည့်ကြတယ်။ ဒါပေမယ့် မှန်က နှင်းငွေ့တွေ အစိုပြန်နေတော့ အထဲကို သဲသဲကွဲကွဲ မမြင်ရဘူး။ ဒါနဲ့ ဘုရားပြခန်း အပေါက်ဘက်က သွားကြည့်တော့ သံဘာဂျာတံခါးပွင့်နေတာကို တွေ့ရတယ်။ နှစ်ယောက်သား ခြေသံလုံလုံနဲ့ အထဲကို ဝင်လာကြတယ်။ ဗီရိုတစ်လုံးဘေးနားရောက်တော့ မြေအောက်သံဖုံးတံခါးကိုဖွင့်နေတဲ့ ပုဏ္ဏကကို တွေ့ရတယ်။ ပြခန်းနားမှာ လူတစ်ယောက်မှ မရှိကြဘူး။ ပုဏ္ဏက,က မြေအောက်အံဖုံးတံခါးကို အားစိုက်ဖွင့်နေတဲ့အတွက် ကျွန်တော်တို့ နှစ်ယောက်ကို မမြင်ဘူး။ ကျွန်တော်က "ဟေ့ကောင် ပုဏ္ဏက" လို့ တိုးတိုးခေါ်လိုက်တော့မှ ကျွန်တော်တို့ဘက်ကို လှည့်ကြည့်ပြီး ထလာတယ်။ ကျွန်တော်က "မင်း ဘာလုပ်တာလဲ၊ ဒါ ဘုရားပစ္စည်းကွ" ဆိုတော့ "ဘာမှ မလုပ်ပါဘူးကွာ၊ လင်းခါနီးပြီ အပြင်ကို သွားတော့မယ်" ဆိုပြီး ထွက်သွားတယ်။

ကျွန်တော်တို့လည်း သူ့နောက် လိုက်လာကြတယ်။ အပြင်ရောက်

တော့ ပုဏ္ဏက,က "တံခါးဖွင့်လို့ရရင် သိပ်ကောင်းမှာပဲကွ၊ ငါ့သူငယ်ချင်း တစ်ယောက်က ပြောဖူးတယ်၊ ဒီအောက်ခန်းမှာ ပြခန်းရှိတယ်၊ ရှေ ဟောင်းရွှေထည်ငွေထည်တွေ အများကြီးပဲတဲ့၊ မှန်တံခါးအထပ်ထပ်နဲ့ ထားတယ်" တဲ့။

ကျွန်တော် ပုဏ္ဏကကို တော်တော်ချဉ်သွားတယ်။ အဲဒါကြောင့် စကားတစ်ခွန်းမှ ပြန်မပြောတော့ဘဲ ရှေ့ကနေ လှေကားအတိုင်း ဆင်း လာတယ်။ စိတ်ထဲမှာ ပုဏ္ဏကကို လန့်လည်း လန့်တယ်၊ ရွံလည်း ရွံသွား တယ်။ ကျွန်တော် လုယက်တိုက်ခိုက်ပြီး လူသတ်ချင်သတ်မယ်။ ဒါပေ မယ့် ဘယ်လိုအခက်အခဲ၊ အကျပ်အတည်းနဲ့တွေ့တွေ့ ဘုရားပစ္စည်း သံဃပစ္စည်းတော့ မလုပ်ရဲဘူး။ ပုဏ္ဏက,ကတော့ စည်းမထားဘူး။ ဒီလိုလူ မျိုးကို ယုံလည်း မယုံရဘူး။ သူ့အကျိုးအတွက်ဆို ကျွန်တော့်ကိုလည် သတ်ချင် သတ်မှာပဲ။ အဲဒါကြောင့် ပုဏ္ဏကကို စိတ်ပျက်ပြီး ဘူတာကို တန်းတက်လာမိတယ်။

ဘူတာကိုရောက်တော့ မန္တလေးကိုထွက်မယ့် ရထားတစ်စီး ဆိုက် ထားတာ တွေ့ရတယ်။ပုဏ္ဏက,က ထမ်းလာတဲ့ အထုပ်ကိုချပြီး ကျွန်တော် အနားကို လျှောက်လာတယ်။

"မင်းအထုပ်က ဘာလဲကွ" ဆိုတော့ "ကြေးပန်းအိုးတွေ၊ အမြောက် ဆန်ဖင်ပိုင်းတွေကွ၊ သာစည်နဲ့ တောင်ငူတို့မှာ ဈေးသိပ်ကောင်းတယ် မီးပူလည်း လုပ်ကြတယ်"လို့ ပြောတယ်။

ဒီကောင့်ကို နောက်ထပ် စကားမပြောချင်တော့တာနဲ့ လက်ဖက် ရည်ဆိုင်ထဲဝင်ပြီး လက်ဖက်ရည်သောက်တယ်။ ခဏကြာတော့ ပုဏ္ဏက က သူ့အထုပ်ကိုဆွဲပြီး ရထားပေါ်က ခုံအောက်မှာသွားထားပြီး ကျွန်တော် တို့ဆီ ပြန်လာတယ်။

"ငါတို့တော့ သွားစရာ ရှိသေးတယ်။ မင်း ဒီရထားနဲ့ လိုက်သွားမ ဆို လိုက်သွားလိုက်ပါ၊ ရော့ . . . လမ်းမှာ သုံးဖို့ ငွေငါးဆယ်"ဆိုပြီး လက် ဖက်ရည်ဆိုင်က ဈေးဘက် ထွက်လာကြတယ်။ ပုဏ္ဏကကို တစ်ချက်ပြ ကြည့်တော့ လက်ဖက်ရည်ဆိုင်က ကျွန်တော်တို့ကို ငေးကြည့်နေတယ် သူ့ကို လမ်းခွဲသွားကြပြီဆိုတာ ပုဏ္ဏကလည်း အထာတော့ ပေါက်ပါတယ်





ဈေးထဲကို ရောက်တော့ ဆိတ်စွပ်ပြုတ်နဲ့ နံပြားထပ်မှာပြီး ယမ်းဘီလူးနဲ့ ရထားစောင့်ရင်း ပုဏ္ဏက အကြောင်းကို ပြောမိကြတယ်။

နေ့လယ်လောက်ကျတော့ ရထားဝင်လာတယ်။ ယမ်းဘီလူးနဲ့ ကျွန်တော် ရထားနောက်ဆုံးတွဲကနေ လိုက်လာကြတယ်။ အောင်ပန်း ရောက်ခါနီး အလုပ်တစ်ခု အဆင်ပြေတယ်။ အလုပ်အဆင်ပြေတာက အောင်ပန်းနဲ့ ကလောကြားမှာဆိုတော့ ရထားပေါ်က ခုန်ဆင်းပြီး တော လမ်းကတစ်ဆင့် ကားလမ်းပေါ် တက်လာခဲ့ကြတယ်။ လူပြတ်တဲ့ ဇရပ် တစ်ခုနားမှာ နားကြတယ်။ ညောင်ပင်အောက်မှာ ခုံတန်းလေးနဲ့ သောက် ရေအိုးလည်းရှိတော့ တော်တော် အဆင်ပြေတယ်။ နှစ်ယောက်သား ရေ အဝသောက်ပြီး ခုံတန်းလျားပေါ် လဲလျောင်းရင်း ညကြီးမင်းကြီး ကား အလာကို စောင့်နေကြတယ်။ မိုးလင်းတော့ အုတ်တင်တဲ့ကားတစ်စီးရတာ နဲ့ ကလောဘက်ကို လိုက်လာခဲ့ကြတယ်။ ရတဲ့ပစ္စည်းကို ကလောမှာ ရောင်းချပြီး လူလိုသူလိုဖြစ်အောင် အဝတ်တစ်ယောက်တစ်စုံစီ ဝယ်ကြ တယ်။ ညကြီးမင်းကြီး ရထားပေါ်က ခုန်ဆင်း၊ မြေလူး၊ ချုံတိုး၊ တွေ့ကရာ အိပ်ဆိုတော့ အဝတ်တွေက အကုန် ညစ်ပတ်ပေရေလာတယ်။ အဲဒါ ကြောင့် အဝတ်တစ်စုံ ထပ်ဝယ်ကြရတာ ဖြစ်တယ်။

ရွှေညောင်၊ ညောင်ရွှေကနေ တောင်ကြီးဘက်ကို ဆက်ထွက်လာခဲ့ ကြတယ်။ တောင်ကြီးမှာ ရှစ်ရက်လောက်နေပြီး မန္တလေးကို ပြန်ဆင်းလာ ခဲ့ကြတယ်။ မန္တလေးကို ရောက်တော့ ယမ်းဘီလူးက သူ ပဲခူးကို ခဏ ပြန်ချင်တယ်ပြောလို့ ရသင့်ရထိုက်တဲ့ငွေနဲ့ ရွှေကြိုးတစ်ကုံး ပေးလိုက် တယ်။ ယမ်းဘီလူးနဲ့ ကျွန်တော်က ငယ်ပေါင်းဆိုတော့ ခင်လည်း ခင်ကြ တယ်။ သူ့အစ်ကို နီဂရိုးဆို ပိုတောင် ခင်ကြသေးတယ်။ အဲဒါကြောင့် ယမ်းဘီလူးကို စစ်ကိုင်းစိန်မျက်လုံးအိမ် လိပ်စာကိုပေးပြီး (၁၅) ရက် လောက်ကြာရင် စစ်ကိုင်းကို လိုက်လာဖို့ မှာပြီး ဈေးချိုမှာ လူချင်းခွဲလိုက် ကြတယ်။

ညနေစောင်းလောက်မှ အိမ်ကိုလာခဲ့တယ်။ အိမ်မှာ ဦးကံထွန်း လည်း ရောက်နေပြီ။ ကျွန်တော် ခရီးပန်းလာတာနဲ့ ရေချိုးပြီး အခန်းထဲ ဝင်အိပ်နေလိုက်တယ်။ အိပ်ရာကနိုးတော့ ဦးကံထွန်းက. . .

"မင်း ဘယ်တွေ လျှောက်သွားနေတာလဲ၊ တစ်နေရာမှာ အတည် တကျနေမှပေါ့ကွ" တဲ့။ ကျွန်တော် ပျက်စီးမှာစိုးလို့ အတန်တန် မှာရှာ တယ်။ ကျွန်တော်လည်း စိတ်ဆင်းရဲ အအိပ်ပျက် အစားပျက်နဲ့တော်တော် ပိန်ကျသွားတော့ ဦးကံထွန်းလည်း စိတ်ကောင်းပုံမရဘူး။ အဲဒါကြောင့် သုံးရက်အကြာမှာ ဦးကံထွန်းကို အကျိုးအကြောင်းပြောပြီး ပန်းမြို့ကို သွားမယ်ဆိုတော့ ဦးကံထွန်းက "ဒီလောက် ပြဿနာတွေ ရှုပ်နေတဲ့ ကြားထဲ မသွားပါနဲ့ဦး၊ မင်း သမီးနဲ့ မင်း မိန်းမကို တွေ့ချင်ရင် စာရေးပြီး ဒီကို မှာလိုက်ပါလား" လို့ ပြောတယ်။

ကျွန်တော်က "စာရေးပါတယ် အဖေရယ်၊ သူက လာချင်ပေမယ့် သူ့ဘက်က မိဘတွေနဲ့ သူ့အဘွားက လွှတ်မှာ မဟုတ်ဘူး။ ကျွန်တော် ဟိုမှာရှိကတည်းက မလွှတ်ချင်ကြတာ၊ မန္တလေးလာတဲ့ကိစ္စနဲ့ ပတ်သက် လို့ လင်မယားချင်းတောင် တစ်ယောက်တစ်ခွန်း စကားများပြီး ပဋိပက္ခ ဖြစ်ကြဖူးတယ်။ ဒီကြားထဲ ခင်အေးသူ့အဘွားက 'ငါ့မြေးကိုချစ်ရင် ပန်း မြို့ကနေ ငါမသေမချင်း ဘယ်ကိုမှ မလွှတ်ဘူး'ဆိုပြီး ပြောဖူးတယ်" လို့ ရှင်းပြမှ ဦးကံထွန်း နှုတ်ဆိတ်သွားတယ်။ အဲဒါကြောင့် ညကိုးနာရီဆယ့် ငါး ရထားနဲ့ ပန်းမြို့ကို လိုက်လာခဲ့တယ်။

ရထား ပန်းမြို့ကို ဝင်ခါနီး အလံတိုင်နားမှာ ဆင်းပြီး ဈေးမြောက် ဘက်ကနေ မားဘရှိန်းအိမ်ကို အရင်ဝင်လိုက်တယ်။ မားဘရှိန်းကို မတွေ့ ရဘူး။ သူ့သားလေးနဲ့ သူ့အဒေါ်ကိုပဲ တွေ့ရတယ်။ မားဘရှိန်း ဘယ်သွား လဲမေးတော့ "ဘရှိန်း ခုလေးတင် ဘူတာဘက် ဆင်းသွားတယ်၊ မကြာခင် ပြန်လာပါလိမ့်မယ်၊ စောင့်နေပါ" ပြောလို့ ကျွန်တော်လည်း အကျိုး အကြောင်း သိရအောင် စောင့်နေလိုက်တယ်။ လေးနာရီခွဲလောက်ကြာမှ မားဘရှိန်း ပြန်ရောက်လာတယ်။ အဆင်မပြေပါဘူး။ ကျွန်တော့်ကိုလည်း "ဘူတာဘက် အရမ်းမသွားနဲ့ ရဲတွေ ခြေရှုပ်နေတယ်၊ ငါတောင် အဆင် မပြေလို့ ပြန်လစ်လာခဲ့ရတယ်၊ မင်းမိန်းမနဲ့ ကလေးဆီကို ငါ မနေ့က ခေါက်ဆွဲသွားဝယ်ရင်း ရောက်ခဲ့တယ်၊ မင်းရှိတုန်းကလို မဟုတ်တော့ဘူး၊ တစ်အိမ်လုံး ခြောက်ကပ်နေတာပဲ၊ မင်းသိပ်သွားချင်နေရင် မြန်မြန်သွား၊ ဈေးဘေးကနေပြီး နောက်ဘက်က ဝင်သွား"လို့ ပြောတယ်။





မားဘရှိန်းမှာတဲ့အတိုင်းပဲ ခင်အေးသူတို့အိမ်ကို နောက်ဖေးလမ်း ကြားကနေ ပတ်လာခဲ့ရတယ်။ အိမ်နားကိုရောက်တော့ အိမ်ထဲက လူသံ တွေ ကြားနေရတယ်။ အဲဒါကြောင့် နောက်ဖေးတံခါးကိုခေါက်ပြီး လူခေါ် လိုက်ရတယ်။ တံခါးပေါက်ကနေ ချောင်းကြည့်တော့ အောင်ငြိမ်းနဲ့ ကျုန် လူငှားတစ်ယောက်ကို တွေ့ရတယ်။ 'ဘယ်သူလဲ' တဲ့။ 'ကျော်မြင့်ပါ၊ တံခါးဖွင့်ပါဦး' ဆိုတော့ အောင်ငြိမ်းက တံခါးဖွင့်ပေးတယ်။ အောင်ငြိမ်းကို ထမင်းကြော်ခိုင်းလိုက်ပြီး ဘီယာတစ်လုံးကို လွယ်အိတ်ထဲ ထည့်ကာ အပေါ်ထပ်ကို တက်လာခဲ့တယ်။ ခင်အေးသူ့အမေကို ဘုရားရှိခိုးလို့ တွေ့ ရတယ်။ဒါနဲ့ ခင်အေးသူ့အခန်းထဲကို ဝင်လာခဲ့တယ်။ကလေးနဲ့ ခင်အေးသူ တို့ အိပ်နေကြတာ တွေ့ရတယ်။ ခင်အေးသူကို အသာနှိုးပြီး လက်ဆွဲထုပ် ပေးလိုက်တယ်။ ခင်အေးသူက ကျွန်တော့်ကိုဖက်ပြီး ငိုတယ်။ ခင်အေးသူ ငိုသံကြောင့် သူ့အမေ အခန်းထဲ ဝင်လာတယ်။ ခင်အေးသူ့အမေကို 'ရဲ တွေ လာသေးလား' လို့ မေးတော့ 'အခုတစ်လော မလာတာ အတော်ကြာ သွားပြီ' ပြောပြီး အခန်းထဲက ပြန်ထွက်သွားတယ်။ ခဏကြာတော့ အောင် ငြိမ်း ထမင်းကြော်လာပို့လို့ ထမင်းစား ဘီယာသောက်ပြီး သမီးလေး အနားမှာ အိပ်နေလိုက်တယ်။

မိုးလင်းတော့ ခင်အေးသူက ဈေးသွားတယ်။ ခင်အေးသူ အမေ အဖေတို့နဲ့ ကျွန်တော်က စကားပြောပြီး အပေါ်ထပ်မှာပဲ နေနေကြတယ်။ အောက်ထပ်မှာတော့ အောင်ငြိမ်းနဲ့ လူငှားတွေက ဆိုင်စဖွင့်နေကြပြီ။ ခင်အေးသူ့အစ်ကိုက အပေါ်ထပ်ကို တက်လာတယ်။

"မနက် မန္တလေးကလာတဲ့ ရထားကို ရဲနဲ့ ကောင်စီက ပိုက်စိပ်တိုက် ရှာနေကြတယ်၊ လက်နက်ရှာတယ်လို့ ကြားခဲ့တယ်"လို့ ပြောတယ်။ ကျွန် တော်ကလည်း ခုမနက်ကမှ ရထားနဲ့ မန္တလေးက လိုက်လာကြောင်း၊ ဘူ တာနား အလံတိုင် မရောက်ခင် ရထားကဆင်းပြီး အိမ်ကိုလာခဲ့ကြောင်း ခင်အေးသူ အစ်ကိုကို ပြောပြလိုက်တယ်။ကျွန်တော် ဒီမှာ နှစ်ရက်သုံးရက် လောက် နေဦးမယ် ဆိုတာကိုတော့ ဘာကြောင့်ရယ်မသိ ခေါင်းကုတ်ပြီး ခင်အေးသူ အစ်ကို ပြန်ဆင်းသွားတယ်။

ကျွန်တော် စိတ်ညစ်ညစ်နဲ့ အခန်းအောင်းနေတယ်။ နေ့လယ်စာကို

အခန်းထဲမှာ ခင်အေးသူနဲ့ အတူစားကြတယ်။ ခင်အေးသူကလည်း သူ့ထမင်းဟင်း ကောင်းကောင်းချက်တတ်နေပြီ ဆိုတဲ့အကြောင်းပြောပြီး သူကိုယ်တိုင်ချက်တဲ့ ထမင်းဟင်းတွေနဲ့ ကျွေးမွေးပြုစုရှာတယ်။ ကျွန်တော့်ကို ပိန်သွားကြောင်း၊ စိတ်ချမ်းချမ်းသာသာနေဖို့အကြောင်း၊ သူတို့အမျိုးတွေဟာ ဆိုးဆိုးကောင်းကောင်း တစ်လင်ကနေ နောက်တစ်လင် ယူလေ့ယူထ မရှိကြကြောင်း၊ သမီးလေးကိုလည်း အားလုံး ဝိုင်းပြီး ဂရုစိုက်ကြကြောင်း၊ သမီးလေးကို အစ်ကို့ကိုယ်စား ပိုချစ်နေရကြောင်း ပြောပြတယ်။ ခင်အေးသူက အဲသလို ပြောနေချိန်မှာ ကျွန်တော် ထွန်းဇော်ကြီးမျက်နှာကို မြင်ယောင်မိပြီး 'တက်' ခေါက်လိုက်မိတယ်။ ငါ့ဘဝကို ဖျက်ဆီးခဲ့တဲ့အကောင်၊ တစ်နေ့တော့ တွေ့ကြသေးတာပေါ့လို့ ကြိမ်းဝါးပြီး မျက်ရည်ကျတော့ ခင်အေးသူက "ဝမ်းနည်းစရာတွေ မပြောပါနဲ့၊ ရောက်တုန်းရောက်ခိုက် ပျော်ပျော်ရွှင်ရွှင်နေပါ။ ဒါတွေ မေ့ထားလိုက်ပါ"လို့ နှစ်သိမ့်စကားဆိုတယ်။

ကျွန်တော်လည်း နေ့ခင်းဆို အပေါ်ထပ်နေလိုက်၊ ညဆို အောက်ဆင်းလိုက်နဲ့ ခင်အေးသူ ပြောသလို မိသားစုတစ်ခုရဲ့ ပျော်ရွှင်မှုသုခကို ခေတ္တခဏတော့ ခံစားနေရတယ်။ ဒါပေမယ့် မကြာပါဘူး၊ အိမ်ပေါ်မှာ ညနေစာ စားနေတုန်း အောင်ငြိမ်းက ကမန်းကတန်းတက်လာပြီး"အစ်ကိုအောက်မှာ ရဲတွေ ရောက်နေတယ်"လို့ လာပြောတယ်။ ထမင်းမဝခဲ့ပါဘူး။ အိမ်နောက်ဖေးကနေ ရေကပြင်ကို တွဲလွဲခိုပြီး အိမ်အောက်ကို ခုန်ချထွက်ပြေးလာခဲ့ရတယ်။ အချိန်က ည ရှစ်နာရီလောက်မှာပါပဲ။

ရထားအသွားအလာကို စောင့်တဲ့လူနဲ့ လမ်းသွားလမ်းလာ လူများကိုတွေ့ရတယ်။ ကျွန်တော် ဘူတာအရှေ့ဘက်ကနေ ကွေ့ပတ်ပြီး ဆန်စက်အဟောင်းကြီးနေရာက ရထား အသွားအလာကို စောင့်ကြည့်နေတယ်၊ လက်ထဲမှာ အဝတ်တစ်စုံနဲ့ ငွေငါးကျပ်ပဲပါတယ်။ ခင်အေးသူတို့ မိသားစုခုနေ ဘယ်လိုများ နေကြပါလိမ့်လို့တွေးပြီး မျက်ရည်ဝဲနေမိတယ်။ ကျွန်တော်နဲ့ ခပ်လှမ်းလှမ်းမှာတော့ လက်နှိပ်ဓာတ်မီး တဝင်းဝင်းနဲ့ သွားလာနေကြတာကို မြင်နေရတယ်။ ကျွန်တော့်ကို လိုက်ရှာနေကြတယ် ထင်တာနဲ့မန္တလေးဘက်ကို ဦးတည်ပြီး ရထားသံလမ်းဘေးက တောလမ်းအတိုင်း





ပြေးလာခဲ့ရတယ်။

ဖိနပ်မပါတော့ ခြေဖဝါးတွေ ပေါက်ပြဲကုန်တယ်။ သုံးနာရီနီးပါးခန့် လျှောက်လာပြီး သစ်ပင်တစ်ပင်အောက်မှာ ခဏနားတယ်။ လမိုက်ညဖြစ်တော့ အတော်မှောင်တယ်။ နှင်းမှုန်ဖွေးဖွေးနဲ့ ရထားသံလမ်းအခြေအနေကို အကဲခတ်ကြည့်နေရတယ်။ အခြေအနေ တစ်စုံတစ်ရာ ထူးခြားမှု မမြင်ရတာနဲ့ နာရီဝက်လောက် နားပြီးမှ ခရီးဆက်ထွက်လာခဲ့တယ်။ သံတံတားတစ်ခုနားရောက်တော့ သံတံတားအောက်က ဇလီဖားတုံးတစ်ခုပေါ်မှာထိုင်ပြီး ရထားအလာကို စောင့်နေမိတယ်။ ဆက်လျှောက်လို့လဲ မရတော့ဘူး။ ခြေထောက်က အရမ်းကို နာလာတယ်။

ရထားလာသံကို ရထားသံလမ်းအောက်ကနေပြီး နားထောင်ရတယ်။ သံလမ်းနဲ့ ရထားဘီးပွတ်တိုက်သံကို ကြားရတော့မှ ဝမ်းသာအားရ သက်မချနိုင်တော့တယ်။ အဲဒါနဲ့ ရထားသံလမ်းပေါ် တက်ကြည့်ရတယ်။ ရထားမီးကို မမြင်ရသေးဘူး။ ရထားသံလမ်းကို နားနဲ့ကပ်ပြီး နားထောင်ကြည့်တော့ ရထားလာနေတဲ့အသံကို ကြားနေရတယ်။ ဘယ်ဘက်ကလာနေလဲဆိုတာ သဲသဲကွဲကွဲ မသိရလို့ ထိုင်စောင့်ကြည့်နေရတယ်။ မကြာခင် ပန်းမြို့ဘက်ကလာနေတဲ့ ရထားမီးရောင်ကို တွေ့ရတယ်။ အနားရောက်ခါနီးတော့ ရထားကို သဲသဲကွဲကွဲ မြင်ရတယ်။ လူတင်ရထား မဟုတ်ဘူး။ ကျောက်မီးသွေးခေါင်းနဲ့ ကုန်တွဲတွေ ဖြစ်နေတယ်။ ရထားက ကျွန်တော့်ရှေ့ဖြတ်တဲ့အထိ ခိုတက်ဖို့ လက်ကိုင်တဲ့နေရာကို ရှာမတွေ့ဘူး။ နောက်ဆုံး ဂါတ်ဗိုလ်တွဲနားရောက်တော့မှ မီးရောင်အနီလေးအနားက သံကိုင်းကို ခိုတွဲပြီး အပေါ်ကို တက်လာခဲ့ရတယ်။

အထဲကိုရောက်တော့ ဂါတ်ဗိုလ်တစ်ယောက်နဲ့ အခြားလူ တစ်ယောက်ကို တွေ့ရတယ်။ ဖြုန်းခနဲဆိုတော့ ကျွန်တော့်ကို ကြောင်ကြည့်နေတယ်။ ဆံပင်ကရှည်ရှည်၊ လူက ဖိုသီဖတ်သီ ဖြစ်နေတော့ ဂါတ်ဗိုလ်က. . .

"မင်း မင်းဘယ်ကလဲ၊ ဘယ်ကိုသွားမလို့လဲ" လို့ မေးတယ်။

ကျွန်တော်က မစဉ်းစားဘဲ အကြံတစ်ခု ရလိုက်တယ်။

"ကျွန်တော် မန္တလေးက ပြန်အလာ ပစ္စည်းအလုခံရပြီး ရထားပေါ်က တွန်းချခံရလို့ပါ၊ ကျွန်တော် လူကောင်းတစ်ယောက်ပါဗျာ၊ ကူညီပါ

အစ်ကို" လို့ တောင်းတောင်းပန်ပန် ပြောတော့ ဂါတ်ပိုလ်က. . .

"ဘယ်နေရာ ဒဏ်ရာရသွားလဲ၊ အခု မန္တလေးကို ပြန်မှာလား၊ မန္တလေး ဘယ်အရပ်နေလဲ" လို့ မေးတယ်။ ကျွန်တော်က ခြေထောက်က ဒဏ်ရာတွေကိုပြပြီး. . .

"မန္တလေး မျက်ပါးရပ် (၃၅) လမ်းမှာ နေပါတယ်" ဆိုပြီး လိမ်ပြောလိုက်ရတယ်။ ကျွန်တော်က မန္တလေးထိ မလိုက်သေးကြောင်း၊ စစ်ကိုင်းမှာ ဆင်းပြီး အစ်ကိုတစ်ယောက်အိမ်ကို ဝင်ရဦးမယ် ဖြစ်ကြောင်း ပြောပြရတယ်။

အဲဒီအချိန်မှာ ရထားက ရွှေဘိုဘူတာကို ဝင်လာတယ်။ ဂါတ်ပိုလ်က ရွှေဘိုမီးရထားရဲစခန်းမှာ တိုင်ချက်ဖွင့်ခိုင်းတယ်။ ကျွန်တော်က မဖွင့်တော့ကြောင်း၊ သံသရာရှည်နေပါဦးမယ်၊ မန္တလေးမှာ ကျောင်းတက်နေတာလို့ ယုံလောက်အောင် လိမ်ပြောလိုက်ရတယ်။ ဂါတ်ပိုလ်က သူနဲ့အတူ ပါလာတဲ့လူကြီးကို ကျွန်တော်နဲ့ ရထားပေါ်မှာ ထားခဲ့ပြီး ထမင်းချိုင့်ဆွဲပြီး ဆင်းသွားတယ်။ ဂါတ်ပိုလ်ကြီး ပြန်တက်လာတော့ ထမင်းဟင်း လေးဆင့်ချိုင့်နဲ့ အပြည့်အပြင် အပို ထမင်းထုပ် တစ်ထုပ်လည်း ပါလာတယ်။ ကျွန်တော့်ကို အတင်းကျွေးတော့ ကျွန်တော်လည်း ဆာဆာနဲ့ ဝင်စားလိုက်တယ်။ ကျေးဇူးတင်ကြောင်းလည်း အခါခါ ပြောလိုက်ရတယ်။ သူတို့က သဘော အင်မတန် ကောင်းကြတယ်။

ဂါတ်ပိုလ်ကြီးနဲ့ သူ့လူက ထမင်းစားပြီး အခန်းထဲဝင် မှေးနေကြတယ်။ ကျွန်တော်လည်း အပြင်လမ်း သံပိုက်လုံးကိုမှီပြီး စဉ်းစားရင်း လိုက်ပါလာခဲ့တယ်။ စဉ်းစားရင်းက ဘယ်လောက်ထိ အိပ်ပျော်သွားတယ် မသိဘူး။ ပခုံးကိုကိုင်ပြီး လှုပ်နှိုးလိုက်မှ နိုးလာတယ်။ ဂါတ်ပိုလ်ကြီးက

"ငါ့တူ မင်း စစ်ကိုင်းမှာ ဆင်းဦးမယ်ဆို၊ စစ်ကိုင်းကို ရောက်ပြီကွယ့်" လို့ ပြောလာတယ်။ မှန်ပါတယ်။ အပြင်ကိုကြည့်လိုက်တော့ စစ်ကိုင်းကို ရောက်နေပါပြီ။ စစ်ကိုင်းမြို့ကို မီးရောင်စုံတွေနဲ့ ထိန်ထိန်လင်းနေတာ မြင်ရတော့ စိတ်သောကတွေ သက်သာသွားတယ်။ ဒါပေမယ့် ပျော်တော့ မပျော်နိုင်ပါဘူး။ ဘဝက ဝရမ်းပြေးဘဝ။ ဘယ်အထိ ပြေးနေရဦးမယ် ဆိုတာ မတွေးရဲလောက်အောင် ဖြစ်နေမိတယ်။





ဒီအကြောင်းကို စဉ်းစားမိရင်း ထွန်းဇော်ကြီးကိုတော့ တွေ့တဲ့နေရာမှာ သချိုင်းမဆိုင်း ဓားမဆိုင်းဘူးလို့ ဆုံးဖြတ်ထားလိုက်တယ်။ ကျွန်တော် ဘူတာစကြိုအတိုင်း လျှောက်လာတယ်။ အနောက်ဘက် ဆင်ခြေလျှောကုန်းအဆင်းကနေ စိန်မျက်လုံးတို့အိမ်ကို လာခဲ့တယ်။ မနက်လေးနာရီ နီးပါးခန့် ရှိနေပါပြီ။ ဖိနပ်က မပါတော့ ခြေထောက်ကလည်း လမ်းမလျှောက်ချင်လောက်အောင် နာနေတယ်။ စိန်မျက်လုံးအိမ်ကိုရောက်တော့ အသံပေးပြီး တံခါးဖွင့်ခိုင်းရတယ်။ စိန်မျက်လုံးအမေက တံခါးလာဖွင့်ပေးတယ်။ ကျွန်တော် အိမ်ပေါ်ရောက်ရောက်ချင်း ဖျာတစ်ချပ်ဆွဲပြီး ပက်လက်လှန် လှဲချလိုက်တယ်။ စိန်မျက်လုံးအမေက. . .

"ငါ့သား ဘယ်လိုများ ဖြစ်လာရတာလဲကွယ်" ဆိုပြီး ကျွန်တော့်ကို ကြည့်ပြောတယ်။ ကျွန်တော့်ရဲ့ ဖြစ်ကြောင်းကုန်စင်ကို အစအဆုံး ပြောပြလိုက်ရတယ်။ စိန်မျက်လုံးညီမ ရှုပါလည်း ချက်ချင်း ထလာပြီး ကျွန်တော်ပြောပြတာကို အနားက လာနားထောင်နေတယ်။ ကျွန်တော့် စကားဆုံးလို့ စိန်မျက်လုံးညီမ အကြီးတစ်ယောက်ကို အိမ်မှာမတွေ့လို့ မေးကြည့်တော့ ကုန်သွယ်ရေးက အရာရှိတစ်ယောက်နဲ့ အိမ်ထောင်ကျသွားပြီလို့ ပြောပြကြတယ်။ စိန်မျက်လုံးလည်း ခရီးထွက်သွားတာ သုံးလေးရက်ရှိပြီ ပြန်မလာသေးဘူး ပြောတယ်။ ကျွန်တော် အိပ်ရေးပျက်လာလို့ တစ်ရေးအိပ်ဦးမယ်ပြောပြီး စိတ်ညစ်ညစ်နဲ့ ဖျာပေါ် လှဲအိပ်နေလိုက်တယ်။ ရှုပါက စောင်နဲ့ ခေါင်းအုံးတွေ ယူပေးတယ်။

မနက် ကိုးနာရီလောက်မှာ အိပ်ရာက နိုးလာတယ်။ မနက်စာအတွက် မုန့်နဲ့ လက်ဖက်ရည်ကို ရှုပါက ချိုင့်ဆွဲသွားဝယ်ပေးတယ်။ ရေမိုးချိုးပြီး လက်ဖက်ရည်သောက်ရင်း ကျွန်တော် ပန်းမြို့ကို စာရေးတယ်။ ဈေးက ပြန်လာတဲ့ရှုပါက ကျွန်တော် ကြိုက်တတ်တဲ့ တိုဟူးတစ်ထုပ်ကို ပန်းကန်ပြားနဲ့ လာချပေးထားတယ်။ စိန်မျက်လုံးအမေကို ဖိနပ်တစ်ရန်လောက် ဝယ်ပေးဖို့ ပြောတော့ ရှုပ့်ါကို ငွေထုတ်ပေးပြီး သူ့အမေက ဝယ်ခိုင်းလိုက်တယ်။ ဈေးနဲ့ အိမ်က နီးနီးလေးဆိုတော့ ရှုပါက ချက်ချင်းပဲ ဖိနပ်ဝယ်ပြီး ပြန်လာတယ်။ ကျွန်တော့်ကို ဖိနပ်လှမ်းပေးရင်းက "အစ်ကို တစ်ခါက ရှုပ့်ါကို ပြောသွားတာ မှတ်မိသေးလား" လို့ မေးလာတယ်။

"အစ်ကိုက ရှုပ့်ကို ဘာများ ပြောမိပါလိမ့်၊ အစ်ကိုတော့ ကောင်းကောင်း မမှတ်မိတော့ဘူး"

"အစ်ကိုက ရှုပါတို့ကို မသေရင် ပြန်တွေ့ချင်ပါသေးတယ်ဆို"

ရှုပါက ကျွန်တော့်မျက်နှာကို မကြည့်ဘဲ ခေါင်းငုံ့ပြီး ပြောတယ်။

"အေးလေကွယ်၊ ခုလည်း တို့မောင်နှမတွေ မသေလို့ ပြန်တွေ့ကြရပြီပဲ"

အပူရှုပ်ကို ဟန်လုပ်ပြီး ပြောလိုက်ရတယ်။ ရှုပါ မကျေနပ်ဘူးဆိုတာလည်း သိတယ်။ ဒါပေမယ့် သူငယ်ချင်း စိန်မျက်လုံးကို ကျွန်တော် စည်းစောင့်ရမယ်လို့ ဆုံးဖြတ်ထားတယ်။ အမှန်က ကျွန်တော့်ဘဝဟာ ရှင်လျက်နဲ့ သေသူလို ဖြစ်နေတယ်။ ရှုပါဟာ ကျွန်တော့်အပေါ်မှာ ဟိုတုန်းကပင် စိတ်ဝင်စားနေတယ် ဆိုတာ အကဲခတ်မိခဲ့တယ်။ ရှုပါ ကျွန်တော့်ကို သံယောဇဉ် ရှိနေတယ် ဆိုတာလည်း ခင်အေးသူနဲ့ လက်မထပ်ခင်ကတည်းက သိနေတယ်။ဒါပေမယ့် ရှုပ့်ကို လက်ထပ်လိုက်ရင် စိန်မျက်လုံးနဲ့ ပတ်သက်လာမယ်။ ဒီတော့ ကျွန်တော့်ဘဝက ဒုစရိုက်လောကထဲက ဘယ်လိုမှ ရုန်းထွက်နိုင်မှာ မဟုတ်တော့ဘူး။ အဲဒါကြောင့် ခင်အေးသူကိုသာ ရွေးခဲ့ခြင်း ဖြစ်တယ်။ ဒါကို ခုရှုပါက သိလျက်နဲ့ "ဘာ မောင်နှမလဲ၊ ဘဂ်လားမောင်နှမလား" လို့ နှုတ်ခမ်းစူပြောပြီး ခင်အေးသူဆီ ရေးထားတဲ့ စာကို အတင်းတောင်းကြည့်တယ်။ ကျွန်တော်က အတင်းပြန်လုပြီး အိတ်ထဲ ထည့်ထားလိုက်ရတယ်။ အဲဒါကို စိတ်ဆိုးပြီး အနားက ဆောင့်အောင့်ထွက်သွားတယ်။

ကျွန်တော် သက်မ အကြိမ်ကြိမ်ချပြီး အိမ်ရှေ့ ကွပ်ပျစ်က တမာပင်ကိုမှီပြီး စိန်မျက်လုံးအမေ မြန်မြန်လာပါစေလို့သာ ဆုတောင်းနေမိတယ်။ ကျွန်တော့်နှလုံးသားထဲမှာ ခင်အေးသူကလွဲပြီး ဘယ်မိန်းကလေးတစ်ဦးတစ်ယောက်ကိုမှ အစားမထိုးချင်ဘူး။ အစားထိုးလို့လည်း မရပါဘူး။ သမီးလေးရဲ့ မျက်နှာကိုလည်း ကျွန်တော့်မျက်စိထဲမှာ အမြဲ မြင်နေမိတယ်။

စိန်မျက်လုံးအမေ ပြန်လာတော့ ကျွန်တော့်အတွက် လုံချည်၊ အင်္ကျီအသစ်တစ်စုံ ဝယ်လာတယ်။ လုံချည်က ချုပ်ပြီးသားဆိုတော့ ချက်ချင်းပဲ ဆံပင်အတုကို ကောက်စွပ်ပြီး စစ်ကိုင်းတောင်ခြေက ရွှေစည်းခုံဘုရား





ဘက် ထွက်လာတယ်။ ဘုရားရင်ပြင်ပေါ်က ထိုင်ခုံမှာ တစ်ယောက်တည်း ထိုင်ပြီး ရှေ့လုပ်ရမယ့် လုပ်ငန်းစဉ်ကို စိတ်ကူးနဲ့ စီစဉ်အကွက်ချနေတယ်။ စိန်မျက်လုံးကလည်း ပေါ်မလာသေးဆိုတော့ စိန်မျက်လုံးတို့အိမ်မှာ နေရတာ ရှုပ့်ပြဿနာရှိတယ်ဆိုတာ အမြဲ တွေးနေရတယ်။ ဒါကြောင့် မနက်ကျရင် မန္တလေးကို ပြန်မယ်။ ယမ်းဘီလူးနဲ့က စစ်ကိုင်းမှာ ချိန်းထားတယ်။ နောက်ရက်တွေဆိုရင် ယမ်းဘီလူး စစ်ကိုင်းကို လိုက်လာမှာ။ မန္တလေးမှာ ငါးရက်လောက်တော့ ပြန်နေဦးမယ်လို့ ဆုံးဖြတ်ပြီး အိမ်ကို ပြန်လာခဲ့တယ်။

အိမ်ရောက်တော့ မနက်စာ မစားကြသေးဘဲ ကျွန်တော့်ကို စောင့်နေကြတာ တွေ့ရတယ်။ ကျွန်တော်လည်း ထမင်းဝိုင်းဝင်ထိုင်ပြီး အတူတူစားလိုက်ကြတယ်။ ရှုပါက မျက်နှာမကောင်းဘူး။ ကျွန်တော် ထမင်းစားသောက်ပြီး အိမ်ရှေ့ခန်းမှာ မဂ္ဂဇင်းတစ်အုပ်ကြည့်ရင်း ဆေးလိပ်ထိုင်ဖွာနေတယ်။ ခဏအကြာမှာ ခင်အေးသူအတွက် ရေးထားတဲ့စာကို စာတိုက်တပို့ဖို့ စာတိုက်ဘက် ထွက်လာတယ်။ စာထည့်ပြီး အပြန်မှာ ရထားလက်မှတ်ရုံ အနောက်ဘက်ချောင်ကျကျ တစ်နေရာမှာ လက်ဖက်ရည်ဝင်သောက်နေတယ်။ လက်ဖက်ရည်ဝင်သောက်နေတုန်း စိန်မျက်လုံးက မြင်းလှည်းတစ်စီးနဲ့ ဆိုင်ရှေ့ ရောက်လာပြီး ဆိုင်ထဲ ဝင်လာတယ်။ ကျွန်တော့်ကို သူမမြင်ဘူး။ မြင်လို့လည်း ဖြုန်းခနဲ သူမမှတ်မိနိုင်ဘူး။ ဆိုင်အဝင်ဝနဲ့ ကျွန်တော်က ဘေးတစောင်း ထိုင်နေတယ်။ စိန်မျက်လုံးက သူ့မျက်မှန်ကို ချွတ်ပြီး လက်ကိုင်ပဝါနဲ့ တိုက်နေတယ်။ ပါးစပ်ကလည်း "စွပ်၊ နံပြား၊ လိုင်"ဆိုပြီး အစုံမှာနေတယ်။

ကျွန်တော် ရုတ်တရက်ထပြီး သူထိုင်တဲ့ ခုံရှေ့မှာ ဝင်ထိုင်လိုက်တယ်။ ပြီး ခပ်တည်တည်ပဲ လုပ်နေလိုက်တယ်။ ပထမတော့ စိန်မျက်လုံးက ကျွန်တော့်ကို ကြောင်ပြီး ကြည့်နေတယ်။ နောက်မှ "ဟေ့ကောင် ကျော်၊ မင်း ဘယ်က လှည့်လာတာလဲ၊ ငါတော့ တောင်ပြုံးပွဲသွားနေတာ တစ်ပတ်လောက် ကြာသွားပြီ" လို့ ဟက်ဟက်ပက်ပက် ပြောလာတယ်။

"ဘယ့်နှယ့်လဲ အလုပ်ကော အဆင်ပြေရဲ့လား"

"ငါ့အတွက်တော့ ပြေပါတယ်ကွာ၊ ငါ မင်းတို့ အိမ်ထောင်ရေးကို

တွေးမိတိုင်း စိတ်မကောင်းဘူးကွာ သူငယ်ချင်းရာ၊ ကဲ မှာကွာ စားဦး၊ မင်းကို ငါ အမြဲ သတိရနေတယ်။ထွန်းဇော်ကြီးကို ငါလည်း စုံစမ်းပါတယ်၊ ခုတစ်လော ဒီကောင် အစအနကို ပျောက်နေတယ်ကွ၊ ဘာသတင်းမှ လည်း မကြားရဘူး" ဆိုပြီး နံပြားနဲ့ မလိုင်ခွက်ကို ကျွန်တော့်ရှေ့ တိုး ပေးတယ်။

"ငါ စားသောက်ပြီးပါပြီ၊ မနေ့ မနက်ကမှ မင်းတို့အိမ်ရောက်တာ၊ ခု ခင်အေးသူဆီ စာလာထည့်ရင်း လက်ဖက်ရည် ဝင်သောက်နေတာ၊ ငါ့အိမ်ထောင်ရေးကတော့ အိမ်ရောက်မှ မင်းအမေကို မေးကြည့်တော့ ကွာ၊ ကဲ . . . စား အိမ်ကို ပြန်ကြမယ်၊ မင်း ထွက်သွားတာ တစ်ပတ် လောက်ကြာပြီဆိုတော့ မင်းအမေလည်း စိတ်ပူလို့ မေးမေးနေတယ်" လို့ စိန်မျက်လုံးကိုပြောပြီး အိမ်ပြန်လာကြသည်။အိမ်ရောက်တော့. . .

"ငါလည်း မနက်ပဲ ပြန်တော့မလို့ ခု မင်းရောက်လာတော့ မပြန် သေးဘူးကွာ၊ ရောက်တုန်း စစ်ကိုင်းတောင်ပေါ် ရယ်၊ ရွှေကြက်ယက်၊ ရွှေ ကြက်ကျဘုရားရယ် ငါ အလွမ်းပြေဖူးရင်း လေးငါးရက် နေဦးမယ် သူ ငယ်ချင်း" လို့ ဆိုတော့ "ဟာ နေစမ်းပါ သူငယ်ချင်းရာ၊ မင်းနေမယ်ဆို တစ်သက်လုံးပဲနေနေ တို့မိသားစုက ပိုတော့င် ဝမ်းသာကြဦးမှာ" လို့ ဝမ်းသာအားရ ပြောတယ်။

ကျွန်တော်က ယမ်းဘီလူးနဲ့ ချိန်းထားတဲ့အကြောင်း၊ ပဲခူးကအပြန် မှာ ရွှေညောင်နဲ့ တောင်ကြီးဘက်ကို ရောက်ခဲ့ကြောင်း၊ အခုတစ်ခေါက် လားရှိုးဘက်ကို တက်မယ်၊ မင်းလိုက်ခဲ့ပါ၊ ယမ်းဘီလူးလည်း လုပ်ရည် ကိုင်ရည် မဆိုးဘူး၊ ငါတို့ သုံးယောက်တွဲမိရင် အဆင်ပြေမှာပါဆိုတော့ စိန်မျက်လုံးက.သူလည်း လိုက်မယ်လို့ ကတိပေးတယ်။ စိန်မျက်လုံးအိမ် မှာ နေလို့ ငါးရက်ပြည့်တဲ့ မနက်ပိုင်းမှာ ယမ်းဘီလူးနဲ့ သူ့အစ်ကို နီဂရိုးပါ လိုက်ပါလာတယ်။စိန်မျက်လုံးက သူ အဲဒီနယ်မြေကို မကျွမ်းကျင်ကြောင်း ပြောတော့ နီဂရိုးက သူ အဲဒီဘက်မှာ ဘိထွင်း (ဖောက်ထွင်း)လိုက်၊ (သံသရာ) ရထားလိုက်လိုက်နဲ့ နှစ်နှစ်လောက် အလုပ်လုပ်ဖူးကြောင်း ပြောပြတယ်။ ကျွန်တော်ကတော့ နှစ်ခေါက်ပဲ ရောက်ဖူးလို့ နယ်မြေ မကျွမ်းဘူး။ အလုပ်သဘောကို စိန်မျက်လုံးအိမ်မှာ တိုင်ပင်ကြပြီး





နွလေးက ဦးကံထွန်းဆီကို စိတ်ပူနေမှာစိုးလို့ ကျွန်တော် ပန်းမြို့က ပြန်လာပြီး စစ်ကိုင်းမှာ ရှိနေကြောင်း၊ စိတ်မပူဖို့အကြောင်း စာတစ်စောင် ရေးလိုက်ပြီး မန္တလေးဘူတာကို လေးယောက်သား ဆင်းလာကြတယ်။

ကျွန်တော်နဲ့ နီဂရိုးက အထာစကား၊ ဗန်းစကား၊ ကျားစကားကို းလည်သဘောပေါက်ကြတယ်။ ယမ်းဘီလူးနဲ့ စိန်မျက်လုံးတို့ကတော့ းမလည်ကြသေးဘူး။ ရထားစီးလာရင်း နားမလည်တဲ့ နှစ်ယောက်ကို အမိကကျပြီး သုံးနှုန်းရတဲ့ စကားတွေကို သင်ပေးလာရတယ်။ ပြင်ဦးလွင် ရောက်တော့ စိန်မျက်လုံးက သူ့သူငယ်ချင်းဆီ ဝင်လည်ရင်း အခြေအနေ ဝင်းကြည့်ရအောင်ဆိုပြီး ပြင်ဦးလွင်ဈေးထဲ ဆင်းကြတယ်။ အေး-နွေး က်ဖက်ရည်ဆိုင်မှာ နို့နဲ့ ပူတင်း ဝင်စားကြရင်း စိန်မျက်လုံးသူငယ်ချင်း အိမ်ကို ရောက်လာကြတယ်။ စိန်မျက်လုံးသူငယ်ချင်းက ဘူတာရှေ့ သစ် တ်ခြံနဲ့ ပိန္နဲခြံအနီး တောင်ပေါ်သွားလမ်းတောင်ခြေမှာ နေတယ်။ မ်က ပုပုလေးနဲ့ ဝင်းက အကျယ်ကြီး၊ အိမ်ရှေ့မှာ ခုံလေးတွေ ရိုက်ထား ယ်။ ပန်းခြံလေးကိုလည်း ဘောင်ခတ်ပြီး စိုက်ပျိုးထားတယ်။ ဝင်းတစ်ခု းကိုလည်း လှည်းကျင်းထားတာ ပြောင်နေတယ်။ စိန်မျက်လုံးသူငယ် င်းက (----) မှာ အစိုးရအလုပ်လုပ်တယ်။ အိမ်ကို ကျွန်တော်တို့ရောက် းတော့ အဘွားကြီးတစ်ယောက်၊ သုံးနှစ်ရွယ် ကလေးတစ်ယောက်နဲ့ ဆယ်ကျော်အရွယ် အမျိုးသမီးတစ်ယောက်ကို တွေ့တယ်။

"ဘယ်သူ့ကို တွေ့ချင်လို့လဲ" ဆိုပြီး အသက်ငါးဆယ်ကျော် အဘွား းက ဆီးမေးတယ်။ သေသေချာချာ ပြူးပြဲကြည့်တော့ စိန်မျက်လုံးကို တ်မိသွားတယ်။

"ဩော် ဘယ်သူလဲလို့၊ ငါ့တူပဲ လာလာ အထဲကို၊ ပြောရော့ပေါ့ ယ်" ဆိုပြီး ပျာပျာသလဲ ဖိတ်ခေါ်တယ်။ စိန်မျက်လုံးကလည်း

"ကျွန်တော့်သူငယ်ချင်းကို မတွေ့တော့ ပြောင်းများ သွားကြပလား ထင်မိလိုက်လို့ပါ၊ ကျွန်တော်တို့ကို ခွင့်လွှတ်ပါ" ဆိုပြီး အိမ်ထဲ လာကြတယ်။

စစ်ကိုင်းစိန်မျက်လုံး အပြောကတော့ သူ့သူငယ်ချင်းဟာ (လျှပ်) ပိုက်နှိုက် ရွှေတုလည်း လုပ်တယ်ပြောတယ်။ ခုတော့ (----) ဌာနမှာ

ကောင်းကောင်းမွန်မွန် လုပ်ကိုင်နေပြီ။ ဒုစရိုက်အလုပ်ကို မိန်းမရပြီး ကတည်းက လုံးဝ မလုပ်တော့ဘူးတဲ့။ တောင်ပေါ်မှာလည်း ပိန္နဲခြံတစ်ခြံ ဝယ်ထားကြောင်း၊ သူ့တူတစ်ယောက်ကို အစောင့်ထားကြောင်း ကျွန်တော်တို့ကို ပြောပြထားတယ်။ သူ့သူငယ်ချင်းရောက်လာတော့ ရှေ့ဖြစ်နောက်ကြောင်းတွေ သူတို့ ပြောကြတယ်။

အဲဒီအချိန်မှာ ကျွန်တော့်လက်ထဲ ငွေတစ်ပြားမှ မရှိဘူး။ သုံးစွဲဖို့ငွေကို စိန်မျက်လုံးက ထုတ်ပေးထားတယ်။ ပန်းမြို့မှာ အဝတ်အစားနဲ့ နာရီ၊ မျက်မှန် အကုန်ကျန်ခဲ့တယ်။ နီဂရိုးတို့ ညီအစ်ကိုမှာတော့ ငွေ သုံးရာလောက်ပါတယ်။ ကျွန်တော်တို့ ပြင်ဦးလွင်ရောက်တဲ့နေ့က နားနားနေနေ အပန်းဖြေကြတယ်။ နောက်ရက်တွေမှာ နှစ်ယောက်စီခွဲပြီး မြို့ထဲကို အခြေအနေ လျှောက်ကြည့်ကြတယ်။ ကျွန်တော်ရယ်၊ ယမ်းဘီလူးရယ်က တစ်တွဲ၊ စိန်မျက်လုံးနဲ့ နီဂရိုးတို့က တစ်တွဲ နေ့ကွက်ကြောင်နဲ့ဘိထွင်းဖို့ အခြေအနေ ပေးနိုင်၊မပေးနိုင် မြို့ထဲ လျှောက်ကြည့်ကြတယ်။ စိန်မျက်လုံးတို့က မြို့ထဲဘက်၊ ကျွန်တော်တို့က တောင်ခြေတွေဘက် ပတ်ပြီး စုရပ်က မြို့ထဲ နာရီစင်အောက်မှာ ဆုံကြမယ်။

တောင်ခြေရှိ အစိုးရတိုက်တန်းလျားတွေကို ကွေ့ပတ်ကြည့်ပြီး စစ်တပ်နဲ့ ခရစ်ယာန်ကျောင်း အလယ်လောက်မှာ အိမ်တစ်လုံးတွေ့ရတယ်၊ အခြေအနေအရ အထဲမှာ လူမရှိကြောင်း သိရတယ်။ အဲဒါကြောင့် ကျွန်တော်က ပတ်ဝန်းကျင်ကိုကြည့်ပြီး ယမ်းဘီလူးက လူသွားလူလာကို ကြည့်ပေးထားတယ်။ လူရိပ်လူခြည်မြင်ရင် အချက်ပေးဖို့ ပြောပြီး အိမ်နားကို ကပ်သွားတယ်။ အိမ်နောက်ဖေး မက်မန်းပင်ကြားကနေ အိမ်ထဲကို ချောင်းကြည့်လိုက်တယ်။ ဒီအိမ်က လူဟာ အလုပ်သွားသလား၊ ခရီးထွက်သလား တစ်ခုခုပဲဆိုတာ တွက်ဆလို့ရတယ်။ နောက်ဘက်က လုပ်မှရမယ့် အိမ်မျိုးမှန်းလည်း သိတယ်။ အိမ်ရှေ့နဲ့ ဘေးမှာက လူသွားလူလာ ရှိနိုင်တော့ နောက်ဘက်ကိုပဲ အမိကထားရတယ်။

ကျွန်တော် အုတ်နံရံကို ဓားနဲ့ သုံးလေးချက်ထိုးပြီး ကလော်ကြည့်တယ်။ ကျောက်စရစ်ခဲတွေ ထွက်ကျလာတယ်။ သစ်သားပေါင် နှုတ်ခမ်းအောက်ကို နေရာရွေးတယ်။ လုံချည်ကို ရေဆွတ်ပြီး ဖောက်မယ့်နေရာကို





အုပ်ထားလိုက်တယ်။ ယမ်းဘီလူးကိုကြည့်တော့ သစ်ပင်အောက်ကနေ လူသွားလူလာတွေကို စောင့်ကြည့်နေတာ တွေ့ရတယ်။ စိတ်ချရပြီမို့ လုံချည်ကို ရေဆွတ်လိုက်၊ ပြန်ကပ်လိုက်၊ ဆွတ်လိုက် လုပ်ပြီး နံရံကို လက်နဲ့ ထုကြည့်တော့ အခြေအနေကောင်းနေပြီ။ အဲဒါကြောင့် နောက်ဘက်ပတ်လာပြီး ထုစရာ ရှာရတယ်။ နောက်ဖေး ပစ္စည်းပုံထဲက သံပိုက်လုံး အပြတ်တစ်ခုကို ရတယ်။ ယမ်းဘီလူးကို အထဲခေါ်လိုက်ပြီး "ယမ်းကြီး အသံတော့ နည်းနည်း ထွက်မယ်၊ လူလာရင် ခဲနဲ့ပေါက် အချက်ပေးလိုက်" လို့ မှာပြီး လူကြည့်ဖို့ ပြန်လွှတ်လိုက်တယ်။ ဆယ့်ငါးချက်လောက် ထုလိုက်တော့ အင်္ဂတေတွေ ကွာကျလာတယ်။ နောက် ငါးချက်လောက် ထုအပြီးမှာ သံပိုက်လုံးက အထဲ ကျွံဝင်သွားတယ်။ ပိုက်လုံးကျွံဝင်သွားတော့ လက်တစ်ဆန့် ချဲ့ထွင်ပြီး မင်းတုတ်ဖြုတ်ကာ အထဲဝင်လာတယ်။ အိမ်မကြီးပေါ်တက်ပြီး ဗီရိုတွေ၊ သေတ္တာတွေကို တစ်ခုမကျန် စိတ်တိုင်းကျ လှန်လှောရှာတယ်။ မွေ့ရာအောက်က ငွေ (၈၀၀) နဲ့ ရေဒီယိုတစ်လုံး စစ်ဆွယ်တာ၊ အင်္ကျီ၊ ဘောင်းဘီ၊ လေသေနတ်တစ်လက်ကိုယူပြီး အိမ်နောက်ဖေးဘက်မှာ ပုံထားလိုက်တယ်။ အထဲပြန်ဝင်ပြီး လုံချည်တစ်ထည် ယူဝတ်ရတယ်။ ပစ္စည်းထည့်စရာအတွက် ဂေါက်အိတ်ရှည်တစ်လုံးကို ယူပြီး ပစ္စည်းတွေကို သေသေချာချာ ထည့်လိုက်တယ်။ အပြင်ကို လှမ်းကြည့်တော့ ယမ်းဘီလူးက သစ်ပင်အောက်မှာ ထိုင်နေတာ တွေ့ရတယ်။ ယမ်းဘီလူးကို ခဲနဲ့ လှမ်းပေါက်ပြီး လက်ယပ်ခေါ်လိုက်တယ်။ အခြေအနေကောင်းကြောင်းကို သူက သတင်းပို့တယ်။ အဲဒါကြောင့် ဖောက်ဖွင့်ထားတဲ့ နေရာကို တိုင်ကီထဲက ရေတွေသွန်ပြီး နံရံကို ကပ်ထားလိုက်တယ်။ စိတ်တိုင်းကျ လိုချင်တဲ့ ပစ္စည်းတွေကို ယူလာခဲ့ကြတယ်။

အလုပ်အဆင်ပြေတဲ့အတွက် နှစ်ယောက်သား သံလမ်းကိုကျော်ပြီး အစိုးရအထက်တန်းကျောင်း ရှေ့ကနေ နာရီစင်စုရပ်ကို မသွားတော့ဘဲ စိန်မျက်လုံးသူငယ်ချင်းအိမ်ကို မြင်းလှည်းငှားပြီး ပြန်လာကြတယ်။ စိန်မျက်လုံးနဲ့ နီဂရိုးတို့က ကျွန်တော်တို့ထက်စောပြီး အိမ်ကို ပြန်ရောက်နေကြတာ တွေ့ရတယ်။နီဂရိုးက အပ်ချုပ်ဆိုင်တစ်ဆိုင်က အပ်ထည်တွေနဲ့ လက်ပတ်နာရီတစ်လုံး ရလာကြတယ်။ အဲဒီအချိန်မှာ စိန်မျက်လုံး သူ

ငယ်ချင်းက အလုပ်က ပြန်မလာသေးဘူး။ ကျွန်တော်တို့ လမ်းလျှောက်
ထွက်ရင်း ဈေးထဲက ပစ္စည်းဝယ်ပြီး ပြန်လာကြကြောင်း စိန်မျက်လုံး
သူငယ်ချင်းအမေကို ပြောပြီး ဟင်းရံဝယ်ဖို့ ငွေတစ်ရာ ပေးလိုက်တယ်။
မယူဘူးလုပ်နေလို့ အတင်း ဝိုင်းပြောပေးကြရတယ်။

နောက်တစ်နေ့မှာတော့ စိန်မျက်လုံး သူငယ်ချင်းကို အသိပေးပြီး
အလုပ်လုပ်ထားကြောင်း၊ ပစ္စည်းတွေကို မန္တလေးမှာ ဆင်းရောင်းပြီး
သူပြန်လာမှ ဒီက သူငယ်ချင်းတွေကို ဝင်ခေါ်မယ်လို့ စိန်မျက်လုံးက
သူ့သူငယ်ချင်းကို ပြောပြတယ်။ ကျွန်တော်တို့ ရောက်တဲ့နေ့ကပင်
ကောင်စီကို တိုင်ထားတယ်။ ကျောင်းသားတွေဖြစ်ကြောင်း၊ ကျောင်းပိတ်
ရက်မို့ သူငယ်ချင်းဆီ လာလည်ကြောင်း၊ နှစ်ရက်သုံးရက်နေကြမည်ဖြစ်
ကြောင်း၊ အိမ်နီးနားချင်းတွေကိုလည်း အဲဒီအတိုင်း သတင်းလွှင့် ပြောထား
ကြတယ်။ ကျွန်တော်တို့ရတဲ့ ပစ္စည်းထဲက စိန်မျက်လုံး သူငယ်ချင်း လင်
မယားနဲ့ သူ့အမေ၊ သူ့သား၊ သူ့တူလေးအတွက်ပါ အကျီတစ်ဝတ်စာစီ
ပေးထားတယ်။

ကျန်ပစ္စည်း တချို့တစ်ဝက်ကိုလည်း စိန်မျက်လုံးသူငယ်ချင်းကိုယ်
တိုင် (---) ဌာနကကားနဲ့ မန္တလေးအထိ လိုက်ပို့တယ်။ ညနေစောင်း
လောက်မှ စိန်မျက်လုံးသူငယ်ချင်း ပြန်ရောက်လာတယ်။ စိန်မျက်လုံးက
တော့ မနက်ဖြန်ခါမှ ပစ္စည်းတွေရောင်းပြီး ပြန်လာမယ်လို့ ပြောတယ်၊
ကျွန်တော်တို့ကို ပျော်သလို၊ စိတ်ချမ်းသာသလိုနေကြဖို့ ရောက်ရောက်ချင်း
ပြောတယ်။ ညနေစာအတွက် သီးသီးသန့်သန့် တစ်ဝိုင်း ကျွေးတယ်၊
နောက်နေ့မနက်ထိ စိန်မျက်လုံး ပေါ်မလာသေးတာနဲ့ ရုပ်ရှင်သွားကြည့်
ကြတယ်။ ရုပ်ရှင်က ပြန်လာတော့ စိန်မျက်လုံး ပြန်ရောက်နေတာ တွေ့ရ
တယ်။ ငွေသုံးထောင်ကျော်ကို ဝေစုခွဲပြီး လောလောဆယ် သုံးစွဲဖို့ ငွေသုံး
ရာကျော်ကို အများသဘောတူ ထားလိုက်ကြတယ်။ ပြီးတော့မှ လားရှိုးကို
ရထားနဲ့ ထွက်လာခဲ့ကြတယ်။

လားရှိုးကိုရောက်တော့ စားသောက်ဆိုင် တည်းခိုခန်းမှာ လေး
ယောက်သား တည်းခိုအနားယူပြီး မနက်ပိုင်းမှာ မြို့ထဲ လျှောက်လည်ကြ
တယ်။ အမျိုးသားသွေးလှူဘဏ်နားရောက်တော့ နီဂရိုးနဲ့ ယမ်းဘီလူး၊





စိန်မျက်လုံးတို့က အမှတ်တရ ဆိုပြီး သွေးဝင်လှူကြတယ်။ ကျွန်တော်
မလှူတဲ့အတွက် အတင်း လှူခိုင်းကြတယ်။ ကျွန်တော်က အားနည်းနေလို့
ပါလို့ တောင်းတောင်းပန်ပန်ပြောတော့ သူတို့သုံးယောက် သွေးလှူဖြစ်ကြ
တယ်။ သွေးလှူပြီး တည်းခိုခန်းကို ဈေးဘက်က လှည့်ပြီး ပြန်လာကြ
တယ်။ လားရှိုးဈေးအနီးမှာ ရုပ်ရှင်ရုံတစ်ရုံ ရှိတယ်။ ဟိုတုန်းက ရန်ကုန်
သမ္မတရုံပုံစံပါပဲ။ အောက်ဘက် နောက်ချိုင့်က စားသောက်ခန်းမှာ
ကျွန်တော်တို့ ငှားနေကြတယ်။ ရောက်တဲ့နေ့နဲ့ နောက်သုံးလေးရက်အထိ
အခြေအနေကို လေ့လာနေကြတယ်။ တည်းခိုခန်းက ညဘက်ကို ထွက်လို့
မလွယ်ဘူး။ ကျွန်တော်တို့က အောက်ထပ်မှာ ဖြစ်တဲ့အတွက် အလုပ်
လုပ်စရာရှိတဲ့နေ့မှာ ပြူတင်းပေါက်ကထွက်ပြီး ညနေဘက် အလုပ်လုပ်ဖို့
စီစဉ်ကြရတယ်။ လောလောဆယ် မှောင်ခိုလမ်းကြောင်းက မှောင်ခိုသမား
တွေကို လေ့လာတွေ့ရှိထားတယ်။ ပထမဆုံး မှောင်ခိုသမားတွေကို ရိုက်
လုဖို့ ကြံကြတယ်။ ဒါပေမယ့် မလွယ်ဘူး။ လူအုပ်က (၂၅) ယောက်
(၃၀) လောက် ရှိတဲ့အပြင် သူ့အုပ်စုနဲ့သူဆိုတော့ ဘယ်လိုမှ မဖြစ်နိုင်ဘူး။
ဒါနဲ့ တောင်ခြေက အိမ်တွေကို နေ့ခင်းဘက် တချို့ကဖောက်၊ မြို့ထဲမှာ
နေ့ကွက်ကြောင်လိုက်ရိုက်၊ ဈေးထဲမှာ မနက်စောစောထပြီး ဆိုင်စဖွင့်ချိန်
အထမ်းသမားတွေ ဆိုင်စားပွဲပေါ် တင်ထားခဲ့တဲ့ အထည်ထုပ်တွေကို
ပုံမှားရိုက်ယူပြီး စိန်မျက်လုံးနဲ့ နီဂရိုးတို့ အသိ ရုပ်ရှင်ရုံရှေ့ သုံးထပ်တိုက်
ဈေးအောက်မှာ ထမင်းရောင်းတဲ့ဆိုင်က အမျိုးသမီးဆီ သွားရောင်းကြ
တယ်။ တချို့ကိုတော့ ဈေးအပြင်ဘက် အထည်ဆိုင်တွေမှာ ရောင်းကြတယ်။

အောင်အောင်မြင်မြင်နဲ့ မန္တလေးကို ပြန်ရောက်ပြီး လေးယောက်သား
စစ်ကိုင်းစိန်မျက်လုံးအိမ်မှာ ဝေစုခွဲကြတယ်။ ပစ္စည်းဝေအပြီးမှာ နီဂရိုးတို့
ညီအစ်ကိုက ပဲခူးကို ပြန်သွားကြတယ်။ ကျွန်တော်က မန္တလေးကို ဝင်ပြီး
စိန်မျက်လုံးကတော့ စစ်ကိုင်းမှာ ကျန်ခဲ့တယ်။ ဦးကံထွန်းဆီကို ရောက်
တော့ "မန္တလေးနဲ့ စစ်ကိုင်းက အိမ်ဦးနဲ့ ကြမ်းပြင်ပဲ သားရယ်၊ စစ်ကိုင်းမှာ
အရက်နှစ်ဆယ်လောက်တောင်နေတာ မန္တလေးကို ဘာလို့ မလာလဲ"ဆို
ပြီး ဆူတယ်။ ကျွန်တော်က "ပန်းမြို့က ဝရမ်းပြေးအမှုကိစ္စ မန္တလေးကို
ရဲတွေ လာစုံစမ်းကြသလား ထင်လို့ မလာရဲတာပါ"ဆိုပြီး လိမ်ပြောလိုက်

ရတယ်။

တစ်နေ့တော့ ပဲခူးပြန်မယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ သားရေသေတ္တာ ကြီးတစ်လုံး၊ ညီတွေ၊ ညီမတွေအတွက် အဝတ်အထည်၊ သနပ်ခါး၊ အမေ အဖေတို့အတွက် စားစရာတွေဝယ်ပြီး ဦးကံထွန်းကို ပဲခူးက သူငယ်ချင် တစ်ယောက်နဲ့ ဈေးချိုမှာတွေ့လို့ ထွန်းဇော်ကြီးအကြောင်း သတင်းရထား တယ်။ အဲဒါကြောင့် ပဲခူးကို ခဏ ပြန်လိုက်သွားဦးမယ်ဆိုပြီး ထွက်လာခဲ့ တယ်။ ပျဉ်းမနားရောက်တော့ ဆူညံတဲ့ အသံနဲ့အတူ ကျွန်တော် နိုးလာ တယ်။ လက်မှတ်စစ်နဲ့ မီးရထားရဲတွေ တက်လာကြတယ်။ လက်မှတ်စစ် တွေက ဆီ၊ ပဲ၊ မှောင်ခိုတွေကို ဖမ်းကြတယ်။ ကျွန်တော့်သေတ္တာကို ထိုင်ခုံ အပေါ် ပစ္စည်းတွေတင်တဲ့စင်မှာ တင်ထားတယ်။ ဆီပုံးနဲ့ ပဲအိတ်တွေကို သိမ်းသွားပြီး ဆင်းသွားကြတယ်။ ကျွန်တော့်ကိုတော့ လက်မှတ်ပဲ စစ်သွား ကြလို့ တော်သွားတယ်။ ကျွန်တော့်သေတ္တာထဲမှာက ဖောက်ထွင်းလို့ရလာ တဲ့ ကက်ဆက်တစ်လုံး ပါလာတယ်။တကယ်လို့ စစ်ဆေးရင် ကျွန်တော့်မှာ ရေဒီယိုလိုင်စင် မပါတာကတစ်ကြောင်း၊ မှတ်ပုံတင်ကလည်း ပန်းမြို့မှာ ကျန်ခဲ့တဲ့အတွက် အတော့်ကို ရှင်းယူရမှာ ဖြစ်တယ်။ ဒီလိုနဲ့ တောင်ငူ တစ်ချက်၊ ပြွန်တန်ဆာတစ်ချက် ရှာကြဖွေကြရင်းက ပဲခူးကို မနက် ငါး နာရီခန့်မှာ ရောက်လာတယ်။

ကျွန်တော်က လားရှိုး ရှမ်းအမျိုးသားတွေ ဝတ်တတ်ကြတဲ့ အပေါ် ရှမ်းတိုက်ပုံနဲ့ ရှမ်းဘောင်းဘီပွကိုဝတ်ပြီး မျက်မှန်တပ်ထားတော့ မသိတဲ့ လူက ရှမ်းလို့ ထင်ကြမယ်။ အိမ်ကို မြင်းလှည်းတစ်စီးငှားပြီး လာခဲ့တယ်။ အိမ်ကိုရောက်တော့ အိမ်သားတွေ မနိုးကြသေးဘူး။ ပစ္စည်းတွေကို အောက်မှာထားပြီး တံခါးခေါက်ကာ အမေ့ကို ခေါ်နှိုးရတယ်။ အမေက တံခါးလာဖွင့်ပေးတယ်။ မိသားစု အစုံအလင် နိုးလာကြပြီး ဝိုင်းထိုင်ကြတဲ့ အထိ ညီ တင်မြင့်ကို မမြင်တာနဲ့ မေးကြည့်တော့ ကျောင်းလည်း မတက် ဘူး၊ အိမ်ကို ပြန်မရောက်တာလည်း ရှစ်ရက်လောက် ရှိသွားပြီ။ မိန်းမနိုး သွားတယ်လို့ သူ့သူငယ်ချင်းတွေက ပြောတယ်ဆိုတာ အမေက ပြောပြ တယ်။ ကျွန်တော် တော်တော် ဒေါသ ဖြစ်သွားမိတယ်။

အမေနဲ့ ညီမအငယ်က ဈေးထွက်သွားကြတော့ ညီမအကြီးက





"အစ်ကိုတင်မြင့် ကျွန်မတို့စုထားတဲ့ ပိုက်ဆံတွေ ခိုးပြီး ဖဲကစားပစ် တယ်၊ ပြီးတော့ အမေ့ဆီက ရွှေနဲ့ ငွေတွေကိုလည်း ယူပြီး အိမ်က ထွက် သွားတယ်" လို့ တိုင်တယ်။

ခုနေခါ အိမ်မှာ ကျွန်တော်က အစ်ကိုအကြီးဆုံး ဖြစ်နေတော့ ညီ၊ ညီမတွေက ကျွန်တော့်ကိုပဲ အားကိုးကြတယ်။ အမေကတော့ ဒီအကြောင်း တွေကို ဘာမှ မပြောဘဲ ဖုံးထားတယ်။

"ငါ့သား ထောင်ပေးထားခဲ့တဲ့ မုန့်ဟင်းခါးဆိုင်လည်း တစ်လကျော် လောက်ပဲ ရောင်းလိုက်ရပါတယ်ကွယ်၊ ရှုံးတာနဲ့ အမေ ရပ်ထားလိုက် တယ်" လောက်ပဲ ပြောတယ်။ နောက်မေးနိုင်သမျှ မေးတော့မှ တင်မြင့် ဆိုးကြောင်း ပြောပြတယ်။ မိန်းကလေးရှုပ်ကြောင်းလည်း ပေါ်လာတယ်။

နောက်သုံးလေးရက်ကြာတော့ အဝတ်တစ်ထည် ကိုယ်တစ်ခုနဲ့ အိမ် ပေါ်ကို ကုပ်ချောင်းကုပ်ချောင်းနဲ့ တက်လာတယ်။ ကျွန်တော် ပက်လက် ကုလားထိုင်ကနေ ဒီကောင့်ကို ကြည့်နေတယ်။ ကျွန်တော့်ကိုမြင်တော့ အောက်ပြန်လှည့်ဆင်းမယ် အလုပ်မှာ ကျွန်တော်က လှမ်းခေါ်လိုက်တယ်။ ရှေ့မှာ လာထိုင်ပြီး စကားမပြောဘဲ ခေါင်းငုံ့ထားတယ်။ ကျွန်တော်လည်း ပြောရင်း မေးရင်းက ဒေါသဖြစ်လာပြီး ခြေထောက်နဲ့ လှမ်းကန်လိုက်တဲ့ အပြင် အနားမှာ လွယ်လွယ်ကူကူ ရလိုက်တဲ့ ကုလားထိုင်ဖျင်စွပ်တံနဲ့ ထရိုက်ပစ်လိုက်တယ်။ ခေါင်းကွဲပြီး သွေးတွေ ထွက်လာတော့မှ တုတ်ကို လက်က လွှတ်ချလိုက်ပြီး စိတ်မကောင်းဖြစ်တာနဲ့ ရုပ်ရှင်ရုံဘက် ထွက် လာခဲ့တယ်။

စိတ်ညစ်ညစ်နဲ့ အရက်မူးပြီး အိမ်ပြန်လာတော့ မိသားစု ထမင်းဝိုင်း စားနေကြတာကို တွေ့ရတယ်။ တင်မြင့်က ခေါင်းမှာ ပတ်တီးနဲ့။ သူ့ ခေါင်းကို အိမ်နီးနားချင်း ဒေါ်ချွန်အပ်ချုပ်ဆိုင်က ကြက်ခြေနီမယ် မဝါ လာပြီး ပတ်တီးစည်းပေးထားတယ်လို့ ညီငယ် အောင်မြင့်က ပြောပြတယ်။ တင်မြင့်ခေါင်းက ပတ်တီးကို မြင်တော့ ကျွန်တော် တော်တော် စိတ်မ ကောင်းဖြစ်သွားတယ်။ သနားလည်း သနားသွားတယ်။ ဒီကောင်ဟာ ဆိုး လို့သာ ဆိုးနေတာ ကျွန်တော့်ကိုတော့ ရိုသေတယ်၊ ကြောက်တယ်၊ ဘာ ပြောပြော ဘယ်တော့မှ ပြန်မပြောရှာဘူး။ အထက်အောက် ဆိုပေမယ့်

ကျွန်တော့်ကို တစ်ခါမှ ပြန်မလုပ်ရှာဘူး။

နောက်တစ်နေ့မှာ အဝတ်တစ်စုံကို ဘက်အိတ်ထဲထည့်ပြီး အစ်မအိမ်ကို ထွက်လာခဲ့တယ်။ အစ်မအိမ်မှာဆို နားအေး၊ ပါးအေးနဲ့ ကျွန်တော့်လုပ်ငန်းကိစ္စ စဉ်းစားနိုင်တယ်။ ပြီး ပတ်ဝန်းကျင်က ကျွန်တော့်ကို တစ်မျိုးတစ်မည် မြင်နေကြတာကိုလည်း ရှောင်ချင်တာပါတယ်။ ကြည်ကြည်လှအကြောင်း အစ်မကို မေးကြည့်တော့ "ညောင်လေးပင်ကို သွားလည်နေကြတယ်။ တစ်ပတ်လောက် ရှိသွားပြီ။ နင်ပြန်သွားပြီးတဲ့နောက်မှာ ကြည်ကြည်လှက နင့်အကြောင်း ခဏခဏ မေးတယ်၊ ကြည်ကြည်လှက နင်သူ့ကို စိတ်ဆိုးသွားပြီထင်လို့ စိတ်မကောင်း ဖြစ်နေတယ်၊ငါ့မောင်နဲ့ ဘာဖြစ်ကြလို့လဲ"လို့ အစ်မက မေးတယ်။ ကျွန်တော်က "ဘာမှ မဖြစ်ကြပါဘူး" လို့ ပြောတာကို အစ်မကတော့ မယုံသလိုဘဲ။

အစ်မအိမ်နေတုန်း အားတဲ့အချိန်တွေမှာ ဘူတာဆင်းပြီး ကြည်ကြည်လှကို မျှော်နေမိတယ်။ အလုပ်ကတော့ သိပ်လွယ်လွယ်နဲ့ ကြုံတော့မှ တစ်ယောက်တလေဆီက လုပ်မိတယ်။ တကူးတက နှိုပ်မယ်၊ အလစ်သုတ်မယ်ဆိုတဲ့ ဆုံးဖြတ်ချက်နဲ့ ဘူတာမှာ လိုက်မရှာသေးဘူး။ ကျွန်တော်ဘူတာကို ထွက်ထွက်မျှော်နေတာ ကြည်ကြည်လှ ညောင်လေးပင်က အပြန်ကိုသာ မျှော်နေခြင်း ဖြစ်တယ်။ ခုနေခါ ကျွန်တော့်ရင်ထဲ ကြည်ကြည်လှက အဓိကနေရာကို ယူလာနေတယ်။

အစ်မအိမ်မှာနေလို့ ငါးရက်မြောက်တဲ့နေ့မှာ ကြည်ကြည်လှ ပြန်လာတာကို မီးရထားရဲ့စခန်းထဲကနေ မြင်လိုက်ရတယ်။ မီးရထားစခန်းမှူး (-----) ရန်ကုန်က ပြောင်းလာလို့ ဦးလေး ဦး(-----) က လက်ဖက်ရည်ပွဲနဲ့ ဧည့်ခံတော့ ကျွန်တော်လည်း ပါတယ်။ ဦး(---)က မှောင်ခိုဒိုင်ဖွင့်ထားတော့ ပြောင်းလာတဲ့ စခန်းမှူးနဲ့ အဆင်ပြေဖို့လိုလို့ပါပဲ။ ကျန်တဲ့ မီးရထားရဲတွေကတော့ မျက်နှာတန်းမိပြီးသားတွေများတယ်။ အဓိက စခန်းမှူးနဲ့ ပိုပြီး ရင်းနှီးမှုရမှ လုပ်ငန်းအတွက် အဆင်ပြေမှာ ဖြစ်တယ်။ ကျွန်တော်က ဦး(---) ရဲ့ တူအရင်း၊ အလုပ်လုပ်မယ့်လူအဖြစ် မျက်နှာပြထားရတဲ့အနေနဲ့ စကားထိုင်ပြောနေရတယ်။

ညနေစောင်းလောက်ကြီးလောက်မှ ကျွန်တော်က အိမ်ပြန်လာရ





တယ်။ အစ်မအိမ်မှာ စားသောက်ပြီး အိမ်ရှေ့ထွက်ထိုင်ရင်း ကြည်ကြည်လှများ လာလေမလားလို့ မျှော်နေမိတယ်။ ဒါပေမယ့် ပေါ်မလာဘူး။ နောက်နေ့တွေမှာလည်း ကျွန်တော့်ကိုမြင်ရင် မျက်နှာလွှဲလွှဲနေတယ်။ လမ်းမှာတွေ့ရင်လည်း အရင်လို နှုတ်မဆက်တော့ဘူး။ ခပ်တည်တည် ခပ်တန်းတန်း လုပ်နေတယ်။ အဲဒါကြောင့် ဒီတစ်ခေါက် ပဲခူးလာရတာ ရင်ထဲအဟာကြီးဟာနေတယ်။ စိတ်ဓာတ်လည်း ကျတယ်။ ပန်းမြို့က ဇနီးနဲ့သမီးလေးကိုလည်း ဘယ်လိုလွမ်းမှန်းကို မသိလောက်အောင် ရင်ထဲမှာလွမ်းနေမိတယ်။ အဲဒါကြောင့် ကြည်ကြည်လှကိုလည်း ဆက်ပြီး မကြိုးစားချင်တော့ဘူး။ ဒါကြောင့် အမေ့အိမ်ဘက် တစ်ခေါက် ပြန်လာနေတယ်။

ကျွန်တော်တို့အိမ်ရဲ့ လမ်းထိပ်က ငွေဒင်္ဂါးလက်ဖက်ရည်ဆိုင်မှာ အသုဘရှိနေတယ်။အမေ အဖေတို့ကို မေးကြည့်တော့ အူအတက်ပေါက်ပြီး ဆုံးပါးသွားတာလို့ ပြောတယ်။ သေသွားတဲ့လူက တရုတ်လူမျိုး လက်တိုဆိုတော့ အဖေနဲ့လည်း သိပ်ခင်ကြတယ်။ အဲဒါကြောင့် အမေ အဖေတို့က တစ်ခေါက်သွားပြီးကြပြီ။

"ငါ့သား တစ်ခေါက် သွားလိုက်ပါဦး။ လုပ်စရာရှိတာကိုလည်း ဝိုင်းကူလုပ်ပေးပါ။ သူ့ခမျာ အဖေ့ကို သိပ်ခင်ရှာတယ်"ပြောလို့ ညီ မောင်မြင့်သိန်းနဲ့ အသုဘအိမ်ကို ညနေဘက်မှာ ရောက်သွားတယ်။ အိမ်ရှင်တွေက ကျွန်တော့်ကို ဇဝေဇဝါဖြစ်နေလို့ ရဲရဲတောက်ခေါက်ဆွဲဆိုင်က ဦး(---) သားပါလို့ မိတ်ဆက်စကား ပြောယူရတယ်။ အဲဒါမှ ရင်းရင်းနှီးနှီး ဖြစ်သွားကြတယ်။

ကျွန်တော် အသုဘအိမ်မှာ ထိုင်နေတုန်း ဘုန်းမွန် ခေါ် လွန်းသိမ်း (ဒိုင်းနမိုင်း)နဲ့ ငတိုးတို့ အိမ်ထဲ ဝင်လာကြတာ တွေ့ရတယ်။ သူတို့ဝင်လာလာချင်း ကျွန်တော်က မျက်မှန်ချွတ်ပြီး နှုတ်ဆက်လိုက်တယ်။ သူတို့နှစ်ကောင်စလုံး ဖဲလာကစားကြတာ။ ကျွန်တော့်ကို "မင်းက မျက်စိတောင်မှုန်နေပလား"တဲ့။ ငတိုးနဲ့ ဒိုင်းနမိုင်းတို့က "လာလေကွာ၊ အိမ်ရှင်ကိုအားပေးဦးမှပေါ့" ဆိုပြီး ဆွဲခေါ်ကြတယ်။ ကျွန်တော့်မှာ ငွေက တစ်ရာကျော်ပဲပါတယ်။ အဲဒါကြောင့် ပလက-နာရီကိုပြပြီး အစုစပ် အချိုးကျအတိုင်း ငါ တစ်စုပါမယ်ဆိုပြီး ငွေတစ်ရာ အရင်ပေးထားလိုက်တယ်။

အစုက တစ်ယောက်ကို နှစ်ရာစီ ထည့်ထားကြတယ်။ ငတိုးက ဖဲထုပ်ကိုင်ပြီး ဒိုင်လုပ်တယ်။

အိမ်စဖွင့်တယ်ဆိုတာနဲ့ တစ်ဝိုင်းလုံးကို ကုလားသုံးကောင်နဲ့ စားလိုက်တော့ နောက်ပိုင်းမှာ ထိုးသားတွေက သိပ်မထိုးရဲကြတော့ဘူး။ နည်းနည်းစီပဲ မျှဉ်းပြီး ထိုးနေကြတယ်။ ဒိုင်စကိုင်ပြီး သုံးခါပဲ အစားရတယ်။ နောက်ပိုင်းကျတော့ အလျော်ချည်း များလာတယ်။ ကျွန်တော်တို့ သုံးယောက်စလုံး ဉာဏ်နဲ့ မကစားတတ်ကြဘူး။ ကံနဲ့ ကစားကြခြင်းပါပဲ။ ဖဲသေလို့ အိမ်ပြောင်းတော့လည်း အကြောင်းက မထူးပါဘူး။ တဖြည်းဖြည်းနဲ့ အရင်းအပြင် ကျွန်တော့်နာရီကိုပါ ငွေငါးရာ အကြွေးတင်လာတယ်။ ငတိုးက "မင်းနာရီ ဘယ်လိုလုပ်မလဲ၊ ပေါင်ရင်လည်း ပေါင်လိုက်ကွာ" ပြောတော့ နာရီကို ပေးထားခဲ့ပြီး ကျွန်တော် အိမ်ပြန်လာခဲ့တယ်။

အိမ်ပြန်ရောက်တော့ တစ်အိမ်လုံး အိပ်နေကြပြီ။ အမေ့ကိုနှိုးပြီး ငွေ (၂၀၀၀) ယူကာ ဖဲဝိုင်းကို ပြန်လာခဲ့တယ်။ ဖဲဝိုင်းကို ကျွန်တော်ရောက်တော့ ဒိုင်တစ်ယောက်တောင် ပြောင်းသွားပြီ။ ကျွန်တော်က နာရီကို ပြန်ရွေးပြီး ကျန်တဲ့ငွေကို သိမ်းလိုက်တယ်။ ငတိုးကလည်း သူ့နာရီကို ပေါင်တော့ ငွေ (၄၀၀) ပဲရတယ်။ ငတိုးငွေ (၄၀၀) ကိုထည့်ပြီး ဒိုင်ဆက်ကိုင်ကြတယ်။ ငွေခြောက်ရာကျော်လောက် ပြန်ရတယ်။ ဝိုင်းက ထိုးသားနည်းနေတဲ့အတွက် (ဖြစ်ဟွာ) ခေါက်ဆွဲစက်ပိုင်ရှင်သား မောင်နီက ဒိုင်ကိုင်မယ်ဆိုတော့ ကျွန်တော်တို့က နှစ်အိမ် ဝင်ကစားကြတယ်။ ဒိုင်က အလျော်များတော့ နောက်ဆုံး ငွေကုန်သွားတယ်။ ဒါပေမယ့် ကျွန်တော်တို့က မရကြဘူး။ အောက်လက်သန်းအိမ် နှစ်အိမ်က ရသွားတယ်။

မောင်နီ ပြန်သွားတော့ လိပ်ခုံးကားအနက်လေးနဲ့ ဖဲလှည့်ရိုက်နေတဲ့ ဦးတင်လှိုင် ရောက်လာတယ်။ ဦးတင်လှိုင်က ပဲခူးမှာ ပိုက်ကြူးနဲ့ နာမည်ကြီး ဖဲသမားတစ်ယောက် ဖြစ်တယ်။ ကျွန်တော်တို့အနား လာထိုင်ပြီး အိမ်ရှင်နဲ့ စကားပြောနေတယ်။ အိမ်ရှင်က "ပိုက်ကြူးလုပ်မယ် သုံးအိမ်လိုတယ်"ဆိုတော့ ကျွန်တော်တို့ထဲက (ဒိုင်းနမိုင်း) က "တို့ တစ်အိမ်ပါမယ်ဟေ့" ဆိုပြီး ထသွားတယ်။ အဲဒီအချိန်က ပိုက်ကြူးဟာ ပဲခူးမှာ အတော်ခေတ်စားနေတယ်။အဲဒါကြောင့် ဝိုင်းမှာ ခဏလေးနဲ့ လူပြည့်သွားတယ်။





ပိုက်ကြူး ကစားနည်းကတော့ အတော်လေး စိတ်ဝင်စားစရာကောင်းတယ်။ ဒါနဲ့ ကျွန်တော်တို့လည်း ဝင်ကစားကြတယ်။ နိုင်လိုက်၊ ရှုံးလိုက်နဲ့ နှစ်နာရီနီးပါး အချိန်ကုန်သွားတယ်။ နောက်ပိုင်းတော့ ဦးတင်လှိုင်ကပဲ အကုန်လုံး သယ်သွားတာပါပဲ။ မိုးလင်းနေပြီမို့ ကျွန်တော်တို့လည်း ငွေ (၂၅)ကျပ် ကျန်တာနဲ့ မြို့ထဲမှာ အရက်ဝယ်သောက်ကြတယ်။

ဒိုင်းနမိုင်းက "ငါတို့အလုပ်က အဆင်ပြေလို့ ဖဲလာကစားတာ၊ မနေ့က မုတ္တမအမြန်ရထားပေါ်က ရလိုက်တဲ့ ငွေတွေတော့ ကုန်ပြီ၊ ဒီနေ့ ဘယ်လို ဆက်ပြီး ငွေရှာရမလဲ ဆိုတာကို အကြံပေးကြပါဦး" ဆိုပြီး ကျွန်တော်တို့ကို အကြံဉာဏ်တောင်းတယ်။ ဒိုင်းနမိုင်းနဲ့ငတိုးတို့ ငွေတစ်ထောင်ကျော်လောက် ကုန်သွားတယ်ဆိုတာ ကျွန်တော်တို့လည်း သိတယ်။ အဲဒါကြောင့် ကျွန်တော်က စဉ်းစားပြီး "ဒီမနက် ရန်ကုန်က လာတဲ့ မော်လမြိုင်စာပို့ရထားကို အလုပ်တက်လုပ်ကြမယ်" ဆိုပြီး အားလုံးသဘောတူ ဆုံးဖြတ်လိုက်ကြတယ်။

ဒိုင်းနမိုင်းနဲ့ ငတိုးကို ဘူတာမှာ စောင့်ခိုင်းထားခဲ့ပြီး ကျွန်တော်အိမ်ပြန်လာတယ်။ ငွေတစ်ရာနဲ့ ဓားတစ်လက် လာယူတယ်။ အမေ့ကို "ကျိုက်ထို ခဏသွားဦးမယ်။ မော်လမြိုင်စာပို့ရထားနဲ့ ညနေ ပြန်လိုက်လာခဲ့မယ်"လို့ မှာထားခဲ့တယ်။ ဒါနဲ့ ကျွန်တော်တို့ နောက်ဆုံး တွဲတစ်တွဲကြားထဲကနေ စီးလာကြတယ်။ ပဲခူးရွာသစ် ရွှေလှေ့တံတားကျော်မှ အပေါ်ကို တက်လာကြတယ်။ ရွှေလှေ့တံတားက လူနဲ့ မလွတ်တလွတ် ဖြစ်နေတယ်။ တံတားဟာ ဘယ်ဘက်က သံပေါင်ပြုတ်ပြီး တစ်ခြမ်း စောင်းနေတယ်။ ရထားနဲ့ ဝေါကို စီးလိုက်လာကြပြီး ဝေါက အထွက် အဗျားဘူတာလမ်းခွဲမှာ ဆင်းနေလိုက်ကြတယ်။ ကျွန်တော်တို့ လုယက်ကြမယ့် လူတွေက အထည်ဝယ်သွားကြမယ့် အနယ်နယ်အရပ်ရပ်မှ လူတွေ ဖြစ်တယ်။ မှောင်ခိုဆို မော်လမြိုင်ပဲ အားထားနေကြရတဲ့ အချိန်ကိုး။

ခေါင်မိုးတို့၊ တွဲကြားတို့၊ တွဲအထဲတို့ကို လုပ်မယ်ဆိုရင် နေ့ခင်းဘက်ဖြစ်တဲ့အတွက် ပတ်ဝန်းကျင်ကို အထူး ဂရုစိုက်ရတယ်။ လူမမှတ်မိအောင်လည်း ပုံပြောင်းရတယ်။ ဆေးလိပ်မသောက်တဲ့ ဒိုင်းနမိုင်းကို ဆေးပြင်းလိပ် မီးညှိပြီး ခဲထားခိုင်းတဲ့အပြင် ဦးထုပ်လည်း ဆောင်းခိုင်းထားရတယ်။

ငတိုးက ဆံပင်အတု ကုပ်ဝဲနဲ့ ဘောင်းဘီပွ၊ ဂျာကင်၊ ဦးထုပ်နဲ့ဆိုတော့ ပုံပြောင်းသွားတယ်။ ကျွန်တော့်အတွက်ကတော့ ဒီအလုပ်တွေက လုပ်နေကြမို့ ရိုးနေပြီ။ ဒီလိုနဲ့ ရထားပေါ်မှာ အလုပ်လုပ်ကြတယ်။ လုလို့ရတဲ့ အိတ်တွေကို စစ်ဆေးပြီး အိတ်ပြောင်းထည့်ရတယ်။ ရထားအချိန်ကို ကြည့်ဆင်းပြီး သံလမ်းအတိုင်း ဝေါကို လမ်းလျှောက်လာကြတယ်။ အဗျား နဲ့ ဝေါက သုံးလေးမိုင်ပဲ ဝေးတယ်။ ဝေါရောက်တော့ ထမင်းဝင်စားပြီး ပဲခူးကို ကားနဲ့ ပြန်လာကြတယ်။ ပဲခူး ရေလယ်ကျွန်းမှာ ဝေစုခွဲကြတယ်။ တစ်ယောက်ကို နှစ်ထောင်လောက် ရကြတယ်။ ညနေကို မသာအိမ်မှာ ဆုံကြဖို့ စုရပ်လုပ်ပြီး လူစုခွဲလိုက်ကြတယ်။

အိမ်ရောက်တော့ ကျွန်တော်တို့အိမ်ကို အစ်မရောက်နေတာ တွေ့ရတယ်။မပြောမဆိုဘဲ ထပြန်သွားရမလားလို့ ကျွန်တော့်ကို ဆူတယ်။ အိပ်ရေးပျက်လာလို့ ကျွန်တော် အခန်းထဲ ဝင်အိပ်နေလိုက်တယ်။ အိပ်ရာက နိုးလာတော့ အမေက "ငါ့သား ဖဲတွေ ရှုံးတယ်လို့ ပြောကြတယ်။ နောက်ကို မကစားပါနဲ့။ မကောင်းတဲ့အလုပ်ကို အကျင့် မလုပ်ပါနဲ့" လို့ ဆုံးမတယ်။ အမေဆူတာနဲ့ ဒိုင်းနမိုင်းတို့နဲ့ ချိန်းထားတဲ့ မသာအိမ်ကို မသွားဖြစ်တော့ဘူး။ ညီ၊ ညီမတွေနဲ့ စကားထိုင်ပြောနေကြတယ်။ ဖဲဝိုင်းက ဆူညံဆူညံ အသံတွေကို ကြားနေရတယ်။ ဒါပေမယ့် ကျွန်တော် ဖဲဝိုင်း ထွက်သွားရင် အမေ စိတ်မချမ်းမသာဖြစ်မှာစိုးတာနဲ့ ကြိတ်မှိတ်နေနေရတယ်၊ မနက်ဖြန်ကျမှ ရှုံးထားတဲ့ငွေ ပြန်ရအောင် သွားကစားမယ်လို့ မှန်းပြီး ဇွတ်မှိတ်အိပ်နေလိုက်ရတယ်။ မနက်မိုးလင်းတော့ လက်ဖက်ရည်ဆိုင်ကို ထွက်လာတယ်။လက်ဖက်ရည်ဆိုင်က ဖဲသမားတွေ ပြောနေကြတဲ့ အသံကို ကြားရတော့ ဝမ်းသာသွားတယ်။ ညက ဒိုင်းနမိုင်း ဖဲနိုင်သွားတယ်တဲ့၊

နေ့လယ် ရုပ်ရှင်ရုံဘက် လမ်းလျှောက်လာတော့ ငတိုးနဲ့ တွေ့တယ်၊ ကြိုးနဲ့ နာရီနဲ့ ငတိုး ထွားနေတယ်။ ကျွန်တော့်ကို အအေးဆိုင်ထဲခေါ်ပြီး အအေးတိုက်တယ်။

"နေ့လယ် (၁၂) နာရီလောက်ကျရင် ဒိုင်းနမိုင်း လာလိမ့်မယ်။ မင်း ဒီကပဲ စောင့်နေ၊ ငါလည်း လာခဲ့မယ်" ပြောပြီး စက်ဘီးနဲ့ ထွက်သွားတယ်၊ ဒါပေမယ့် ကျွန်တော် အိမ်ခဏပြန်ပြီး ဘက်အိတ်နဲ့ ငွေယူပြီး ပြန်လာ





တယ်။ ဒိုင်းနမိုင်းတို့ မရောက်ကြသေးလို့ ကြေးမုံခေါင်းညှပ်ဆိုင်မှာ ဝင်ထိုင်ပြီး စောင့်နေရတယ်။(၁၂) နာရီကျော်ကျော်မှာ ဒိုင်းနမိုင်း ရောက်လာတယ်။ ငတိုးကတော့ နာရီဝက်လောက် နောက်ကျပြီးမှ ရောက်လာတယ်။

ငတိုးရောက်လာတော့ ကျွန်တော်တို့ မသာအိမ်မှာ ပိုက်ကြူးဒိုင်ကိုင်နေကြပြီ။ ထိုးသားများက ကြေးတော်တော်များများ ထိုးကြတဲ့အပြင် ဘေးကလည်း ဝိုင်းထိုးကြတော့ ကြေးများတယ်။ ဝိုင်းက ငွေတွေ ရောက်လာလိုက်၊ ပြန်ထွက်သွားလိုက်နဲ့ လက်သန်းအိမ်ကိုတော့ ကြွေမှန်မှန် ကျနေတာကို သတိပြုမိတယ်။ လက်သန်းအိမ်မှာ လာကစားနေတဲ့လူကို တစ်ခါမှ မမြင်ဖူးဘူး။မျက်နှာစိမ်း ဧည့်သည်ပဲ။ ကြွေထိုးပြီး အပုံကို ဆွဲယူရတယ်။ ကြွေထိုးကမှန်တော့ သူ့အိမ်ကို ဝိုင်းထဲက ငွေတွေ အကုန်နီးနီး ရောက်ကုန်တယ်။ ကျွန်တော်တို့လည်း မသင်္ကာတာနဲ့ လက်ထိပ်နဲ့ လက်သန်း ပြောင်းကစားတဲ့သဘောနဲ့ ဒိုင်ကို ရှေ့နောက် နေရာပြောင်းထိုင်လိုက်တယ်။ မထူးပါဘူး။ လက်ထိပ်ရောက်တော့ တစ်ပဲကျပြန်တယ်။ တစ်ကျတော့ ထိပ်ဆုံးက အပုံကို ယူရတယ်။ ပိုက်ကြူးက ဒိုင်အပါအဝင် လေးယောက်ပဲ ကစားလို့ရတယ်။ ပိုက်ကြူးပြားက (၃၂) ပြားရှိတယ်။ တစ်ဝိုင်းပြီးရင် တစ်ဝိုင်း အလယ်မှာထားပြီး ကစားတဲ့ လူလေးယောက် မွှေရတယ်။ နောက်တော့ လေးပြား ရှစ်ပုံ ပုံရတယ်။

ညနေ သုံးနာရီလောက် ရောက်တော့ ငတိုးက စီးလာတဲ့ စက်ဘီး ပါမကျန် အကုန်ပြောင်သွားတယ်။ ကျွန်တော်နဲ့ ဒိုင်းနမိုင်းလည်း ဒီပွဲမှာ အရှုံးကြီး ရှုံးကြတယ်။ ဒိုင်းနမိုင်းနဲ့ ငတိုးတို့က ညနေ ပြန်လာကစားဦးမယ် ဆိုပြီး ပြန်သွားကြတယ်။ တခြားဝိုင်းတွေကတော့ ဆက်ကစားနေခဲ့ကြတယ်။ ခုနစ်နာရီလောက်မှာ ကျွန်တော် ခရီးသွားလာရင် သုံးဖို့ထားတဲ့ ငွေခြောက်ရာနဲ့ ပြန်ရလိုရငြား ကစားမယ်ဆိုပြီး အသုဘအိမ်ကို ပြန်လာတယ်။ ငတိုးနဲ့ ဒိုင်းနမိုင်းတို့ကတော့ ဇွဲတော်တော်ကောင်းကြတယ်။ ဝိုင်းထဲက သူတို့နှစ်ယောက်ရဲ့ အသံကို အိမ်ထဲမဝင်ခင်ကတည်းကပင် ကြားနေရတယ်။

ကျွန်တော် အိမ်ထဲရောက်တော့ ဒိုင်းနမိုင်းနဲ့ ငတိုးတို့က ဒိုင်ဆက်ကိုင်နေကြတယ်။ လူအုပ်ကြီးကလည်း ဟီးထနေတယ်။ အိမ်ဝင်လို့တောင်

မရတော့ဘူး။ ဒါကြောင့် ခေါင်းရင်းဝိုင်းက ဗမ်လတ်ဝိုင်းမှာပဲ တစ်အိမ်ဝင်ကစားရတယ်။ ဒိုင်က ငွေကုန်လို့ ပြန်သွားတော့ ကျွန်တော် ဒိုင်ဝင်လုပ်တယ်။ ငွေခြောက်ရာ နာရီဝက်တောင် မကြာလိုက်ဘူး။ လက်စွပ်၊ နာရီတို့ပါ အကုန်လျှောကုန်တယ်။ ညစ်ပြီ။ ငတိုးနဲ့ ဒိုင်းနမိုင်းတို့ကတော့ နိုင်နေကြတယ်။ မိုးလင်းတော့ ဒိုင်းနမိုင်းနဲ့ ငတိုးက အနိုင် ပြန်ရှုံးသွားတယ်လို့ ပြောတယ်။ဒါပေမယ့် ကျွန်တော့် နာရီနဲ့ လက်စွပ်ကို ရွေးခိုင်းတယ်။ အိမ်ခဏပြန်ဦးမယ်။ ပစ္စည်းတစ်ခု သွားရောင်းလိုက်မယ် ဆိုပြီး စောင့်ခိုင်းထားခဲ့တယ်။

အိမ်ရောက်တော့ ဘယ်သူမှ ပြောမနေတော့ဘဲ လားရှိုးက ရလာတဲ့ ကက်ဆက်ကို သားရေသေတ္တာထဲက ဆွဲထုတ်ပြီး ရန်ကုန်မှာ သွားရောင်းမလို့ အိမ်က ထွက်လာတယ်။ ဘူတာပေါ်ရောက်တော့ ပဲခူးဇာတိ ရွှေကျင်မှာနေတဲ့ သူငယ်ချင်းထွန်းကျော်ကို တွေ့တယ်။ သူက အလုပ်အကိုင်အကြောင်းမေးတော့ အရင်လိုပဲ မှောင်ခိုလုပ်နေကြောင်း ပြောပြလိုက်တယ်။ ဒီတော့ သူငယ်ချင်းက သူ့မိတ်ဆွေတစ်ယောက် မဒေါက်က ကက်ဆက်ကောင်းကောင်းတစ်လုံး လိုချင်ကြောင်း ပြောတယ်။ တခြားပစ္စည်းတချို့ကိုလည်း လိုချင်ကြောင်း၊ မဒေါက်မှာ ဈေးကောင်းကောင်းရတာမို့ လာရောင်းဖို့ ပြောတယ်။

ကျွန်တော်က "မဒေါက်ကို မရောက်တာကြာပြီ။ ခင်ဗျား ခု ရွှေကျင်ကို ပြန်မှာလား"မေးတော့ "ဟုတ်တယ်။ ပြန်မယ်"လို့ ပြောတယ်။ "ဒါဆို အတော်ပဲ၊ ခင်ဗျား မဒေါက်ကို ခဏဝင်ပြီး ကျွန်တော့်ကို ခင်ဗျားမိတ်ဆွေဆီ လိုက်ပို့ပါ။ ခု ကျွန်တော့်မှာ ကက်ဆက်တစ်လုံး ပါပါတယ်။ ပဲခူးမှာ ဈေးမကိုက်လို့ ရန်ကုန်သွားရောင်းမလားလို့ ထွက်လာတာ"လို့ ပြောပြီး ညောင်လေးပင်ရထားနဲ့ မဒေါက်ကို လိုက်လာတယ်။ ဒိုင်နမိုင်းနဲ့ ငတိုးတို့ကိုလည်း ဘူတာမှာ ရှာမတွေ့တော့ အတော်ပဲ ဖြစ်သွားတယ်။

သူငယ်ချင်း ထွန်းကျော်က မဒေါက်ဈေး အနီးမှာရှိတဲ့ ကုန်ခြောက်ဆိုင် တရုတ်နဲ့ မိတ်ဆက်ပေးတယ်။ ကျွန်တော်က အခု ကော့ဘိန်း၊ ကျုံဒိုးဘက်ကို မှောင်ခို အရောင်းအဝယ် လုပ်နေတယ်။ လိုတာရှိရင် မှာနိုင်ကြောင်းပြောပြီး ကက်ဆက်ကို(၂၅၀၀)နဲ့ ရောင်းလိုက်တယ်။ သူခိုးပစ္စည်း





ဆိုတော့ ကက်ဆက်အခံရေမြှုပ်အိမ်တွေ မပါလို့ တရုတ်သမီးနှစ်ယောက်က သိပ်သဘောမကျချင်ဘူး။ ဒါပေမယ့် ကျောင်းကပြန်လာတဲ့ အငယ်မလေးက သဘောကျသွားလို့ အဆင်ပြေသွားတယ်။ သူငယ်ချင်းကို ဘူတာခေါ်လာပြီး ထမင်းကျွေးတဲ့အပြင် ငွေနှစ်ရာလည်း ပေးလိုက်တယ်။

ပဲခူးပြန်ရောက်တော့ ညနေ သုံးနာရီကျော်လောက်ပဲ ရှိသေးတယ်။ ရေမိုးချိုး ထမင်းစားပြီး အစ်မအိမ်ကို တန်းလာခဲ့တယ်။ အစ်မက "နင့်ကောင်မလည်း အခုတစ်လော မလာတာကြာပြီ" လို့ ပြောတယ်။ အစ်မနဲ့စကားပြောရင်း ကြည်ကြည်လှတို့အိမ်ဘက် လှမ်းကြည့်တော့ အဝတ်လျှော်နေတာကို မြင်နေရတယ်။ ကျွန်တော် ပြတင်းပေါက်ကနေ မြင်သာအောင် ကိုယ်ယောင်ပြပြီး ရပ်နေလိုက်တယ်။ ဒါပေမယ့် ကျွန်တော့်ကိုလုံးဝ လှည့်မကြည့်ဘူး။ မဒေါက်က ပြန်လာတော့ ကက်ဆက်ဝယ်လိုက်တဲ့ဆိုင်က တရုတ်ကြီးသမီးတစ်ယောက်ရဲ့ ဝိညာဉ်ခေါ်မလား၊ စွဲလမ်းမှုခေါ်မလား။ အဲဒီပယောဂကြောင့် မသာအိမ်က ဖဲဝိုင်းကိုမေ့ပြီး ကြည်ကြည်လှနဲ့ စကားပြောချင် တွေ့ချင်လို့ အစ်မအိမ်ကို လာမိတာ ခုထိကိုယ့်ကိုယ်ကိုယ် သတိမထားမိသေးဘူး။ မဒေါက်က ပြန်လာမှ မသွားနိုင်၊ မရောက်နိုင်မှန်း သိလျက်နဲ့ ပန်းမြို့က ဇနီးကိုလည်း အရမ်းကို လွမ်းလာတယ်။

ဒါပေမယ့် ကြည်ကြည်လှက လှည့်ကြည့်ဖော်တောင် မရတော့ဘူးဆိုတော့ အိမ်ပြန်လာရတယ်။ စိတ်ထဲ ဖဲရှုံးထားတာဆိုတော့ ဘယ်လိုကိုဖြစ်နေမှန်းမသိဘူး။ အဲဒါကြောင့် ကက်ဆက်ရောင်းရငွေထဲက အမေ့ကိုအိမ်သုံးဖို့ ငွေသုံးရာ ပေးပြီး မသာအိမ်ကိုပဲ ရောက်လာရပြန်တယ်။ ဒိုင်းနမိုင်းနဲ့ ငတိုးတို့ကတော့ နေ့လယ် ဖဲရှုံးလို့ ပြန်သွားကြပြီလို့ အိမ်ရှင်ကပြောတယ်။ "ကျွန်တော် တစ်အိမ်ဝင်ကစားမယ်ဗျာ"ဆိုတော့ တစ်အိမ်ထွက်ပေးတယ်။ ကျွန်တော် တော်တော်ရှုံးထားတာကိုသိလို့ ဦးစားပေးကြတယ်။ အိမ်တည်ရတော့ စိတ်တိုင်းကျ ကစားရတယ်။ ဒီဖဲဝိုင်းက ငထွားတွေ များတယ်။ အဲဒါကြောင့် တခြား လူတွေနဲ့ နှိုင်းလိုက်ရင် ကျွန်တော်က ငွေအနည်းဆုံး ဖြစ်နေပြန်တယ်။ အဲဒါကြောင့်လည်း တစ်နာရီတောင်မခံနိုင်ပါဘူး။ ကုန်တာပါပဲ။ ဖဲရှုံးတော့ အိမ်ကို ခပ်စောစောပဲ ပြန်လာ

ရတယ်။ အိမ်ရောက်တော့ ထမင်းစားပြီး မြို့ထဲ ထွက်လာတယ်။

လက်ထဲ ငွေမရှိတော့ အကြံအဖန် သိပ်ကို လုပ်ချင်နေတယ်။ အဲဒါကြောင့် မြို့ထဲလာရင်း ပတ်ဝန်းကျင်ကိုလည်း အထာကြည့်လာရတယ်၊ အခြေအနေက မကောင်းဘူး။ မြို့ထဲရောက်တော့ ပတ္တမြားခေါက်ဆွဲဆိုင်ထဲက လှမ်းခေါ်လို့ကြည့်လိုက်တော့ နီဂရိုးနဲ့ ယမ်းဘီလူးတို့ကို တွေ့ရတယ်၊ ကျွန်တော့်ကို ထမင်းကြော် အတင်းကျွေးကြတယ်။စားလာခဲ့ပြီ ဗိုက်တင်းနေပြီလို့ ဘယ်လိုပြောပြော မရတာနဲ့ သူတို့ စိတ်ကျေနပ်အောင် နည်းနည်းသာ စားပြီး စကားပြောကြတယ်။ ကျွန်တော်တို့ အလုပ်စကားပါပဲ။

နီဂရိုးနဲ့ ယမ်းဘီလူးတို့က ကျိုက်ထိုမှာ ဘိထွင်းလို့ ကောင်းတယ်၊ သူတို့ မနေ့ကပဲ ပြန်လာကြတယ်။ ထောလာကြတယ်။ နောက်ပြီး နှင်းပုလဲနဲ့ ဘီးလင်းမှာလည်း နေ့ကွက်ကြောင်ရိုက်ဖို့ အကွက်အကွင်းတွေ မြင်ထားခဲ့ကြတယ်။ အားရင် လိုက်ခဲ့ဖို့ ခေါ်တာနဲ့ ရေငတ်သူ ရေတွင်းထဲကျ ဖြစ်သွားရတာပါပဲ။ ဒီလိုနဲ့ သုံးယောက်သား တစ်လလောက်ကို အတူတွဲပြီး ငွေရှာဖြစ်သွားတယ်။

နောက်တော့ ဝေါက ဖောက်ထွင်းမှုနဲ့ပတ်သက်ပြီး နီဂရိုးကို မသင်္ကာမှုနဲ့ ကျိုက်ထိုမှာ ဖမ်းလိုက်တယ်။ အဲဒါကြောင့် ကျွန်တော်နဲ့ ယမ်းဘီလူးတို့က ယာယီလမ်းခွဲပြီး တစ်လိုင်းစီ ပြောင်းနေလိုက်ကြရတယ်။ ပဲခူးကို ပြန်ရောက်တော့ ဘူတာနားမှာ ဖဲသုံးချပ်ကစားနေတဲ့ ဒိုင်းနမိုင်းကို တွေ့ရတယ်။သံက တစ်ဗွေမှ မကျဘူး။သူ့လူနဲ့သူ ထိုးလိုက်၊ လျော်လိုက်နဲ့ အချဉ်ဖမ်းနေကြတယ်။ ကျွန်တော့်ကိုတွေ့တော့ ဝိုင်းသိမ်းပြီး ဒိုင်းနမိုင်းက လက်ဖက်ရည်ဆိုင်တစ်ဆိုင်ကို ခေါ်လာတယ်။

“ငါတို့ အခုတစ်လော ဖဲအတော် ရှုံးနေတယ်။ လုပ်ငန်းကလည်း အဆင်ပြေလိုက်၊ မပြေလိုက်နဲ့ တစ်နေ့တလေ ပုံး(ထမင်း)တောင် ပြတ်သွားတယ်။ ကိုတိုးက စိတ်ညစ်ညစ်နဲ့ ဆေးချနေတယ်။ မင်းချချင်ရင်လည်း လာလိုက်ခဲ့” လို့ခေါ်တယ်။ ကျွန်တော်က မချချင်ကြောင်းပြောပြီး အလုပ်သဘောကို တိုင်ပင်ကြတယ်။

နောက်တစ်နေ့မှာ ဘူတာကို မှောင်ခိုရထားဆိုက်ချိန်မှာ အကြံအဖန်လုပ်ဖို့ စောင့်ကြည့်နေကြတယ်။ မော်လမြိုင်စာပို့က ညရှစ်နာရီကို ဝင်





တတ်တယ်။ လော်ကယ်က ည (၁၁) နာရီလောက်မှ ဝင်တာ များတယ်။ အလုပ်က အကွက်ကောင်းတယ်။ အချိန်ကောင်းတယ်။ မှောင်ခိုပစ္စည်းတွေ ဆိုက်ကားနဲ့ ဝိုင်းဂနိုင်းသုံးလမ်းကုန်းအတက်မှာ လုလို့ ကောင်းတယ်။ ကုန်းတံတားအောက်တွေ၊ လိပ်ပြာကန်ထောင့်ချိုးကနေ နည်းအမျိုးမျိုးနဲ့ လုကြတယ်။

တစ်နေ့ ကျွန်တော် ရန်ကုန်ကို ပစ္စည်းလာရောင်းရင်း ရန်ကုန်မြို့ထဲမှာ ရုပ်ရှင်ဝင်ကြည့်လိုက်၊ ဘုရားတွေ ဖူးလိုက်နဲ့ နှစ်ရက်ကြာသွားလို့ ပဲခူးပြန်ရောက်လာတော့ ပဲခူးမှာ ယမ်းဘီလူးနဲ့ ငတိုးကို လိပ်ပြာကန်လုယက်မှုနဲ့ ဖမ်းထားပြီဖြစ်ကြောင်း ဘော်ဒါတွေက ပြောပြကြတယ်။ ကျွန်တော့်ကိုလည်း သတိထားပြီးနေဖို့ အမှတ် (၁) ရဲစခန်းကလည်း မေးနေကြောင်း ပြောပြကြပြန်တယ်။ ဘူတာပေါ်ကနေ ဆင်းလာပြီး မြင်းလှည်းဂိတ်နားရောက်တော့ ကျွန်တော့်ကို အရပ်ဝတ်အရပ်စား မာဖိနဲ့ ရဲတစ်ယောက် အနားကိုရောက်လာပြီး “သူငယ်ချင်း နာမည် ဘယ်လိုခေါ်လဲ” လို့ လာမေးတယ်။

မျက်မှန်ကလည်း မပါ။ ဆံပင်အတုလည်း မပါတော့ ဒီဘဲကို ဘယ်လိုမှ လိမ်ပြောလို့ မရနိုင်ဘူးဆိုတာ တွေးမိလိုက်တယ်။ နာမည်ကို ပြောလိုက်ရတယ်။ ပြေးဖို့ အကွက်ကိုလည်း ချက်ချင်း ကြည့်လိုက်တယ်။ မလွယ်ဘူး။ ပဲခူးရဲပဲ ဘယ်က ဘယ်လို ရောက်လာကြတယ် မသိဘူး။ ရုတ်တရက် ဘေးကနေ နှစ်ယောက်၊ သုံးယောက် ဝိုင်းထားလိုက်ကြတယ်။ လွယ်အိတ်ထဲက လက်ထိတ်ကိုထုတ်ပြီး ကျွန်တော့်ကို လက်ထိတ်ခတ်လိုက်ကြတယ်။ မီးသတ်ရုံကနေပြီး စက်ဘီးတွေနဲ့လည်း ချက်ချင်း ပေါ်လာကြတယ်။ “ရဲစခန်းကို ခဏလိုက်ခဲ့ကွာ၊ မေးစရာရှိတာမေးပြီးရင် ငါ့ညီကို ပြန်လွှတ်မှာပါ” တဲ့။

ကျွန်တော်က ယမ်းဘီလူးနဲ့ ငတိုး ဖော်ကောင်လုပ်ထားမှာကို ကြောက်နေမိတယ်။ အချုပ်ခန်းထဲရောက်တော့ ယမ်းဘီလူးနဲ့ ငတိုးကို သီးခြားစီထားတာ မြင်လိုက်ရတယ်။ ကျွန်တော့်အခန်းနဲ့ တစ်ခန်းကျော်ဖြစ်တယ်။ အဲဒါကြောင့် ထမင်းလာကျွေးတဲ့ အဒေါ်ကြီးနဲ့ကတစ်ဆင့် ခဲတံရရ၊ ဘောလ်ပင်ရရ စာရွက်လေးတစ်ရွက် လာပေးဖို့ပါဆိုပြီး ငွေငါး

ဆယ်ပေးလိုက်တယ်။ ကျန်တဲ့ငွေကတော့ ဘက်အိတ်ထဲ ရဲသိမ်းတဲ့အထဲ ပါသွားတယ်။ ကျွန်တော့် ဂျင်းဂျက်ကက်ထဲမှာ ငွေက လေးငါးဆယ် ကျန်နေသေးတယ်။

"ဘက်အိတ်ထဲက ငွေကို ဘယ်ကရသလဲ၊အခု ဘယ်က လာလဲ၊ ဘာ လုပ်ကိုင်စားသောက်လဲ"လို့ မေးကြတယ်။

"မှောင်ခိုအထည်တွေ ရန်ကုန်(၃၈)လမ်းမှာ ရောင်းပြီး ပြန်လာတာ၊ ဒါ ကျွန်တော့်ကိုယ်ပိုင်ငွေပါ။ ကျွန်တော် ရဲရဲတောက် (-------) သား ဖြစ်ပါတယ်"ဆိုပြီး ပြောပြလိုက်တော့ သိတဲ့ရဲကလည်း သိသလို မေးလိုက်၊ မသိတဲ့ရဲကလည်း မသိသလို မေးလိုက်၊ စစ်ဆေးလိုက်နဲ့ စုံအောင်ကို ဝိုင်းမေးကြတယ်။ ဒုလုံခြုံရေးမှူး (----) က ပဲခူး အမှတ် (၁) ရဲစခန်းကို ပြောင်းလာတာ မကြာသေးဘူး။ အဲဒါကြောင့် ကျွန်တော့်ကို ညနေဘက်မှာ အပြင်ကို ခေါ်ထုတ်ပြီး ပဲခူးမြို့တွင်းက ဖောက်ထွင်းမှုတွေ၊ လုယက်မှုကိစ္စတွေနဲ့ ပတ်သက်ပြီး နည်းအမျိုးမျိုးနဲ့ စစ်ဆေးကြတယ်။ ကျွန်တော့်အနေက ဒါမျိုးတော့ ရိုးနေပြီ။ ဒါကြောင့် မသိဘူးဆိုပြီး ဘူးခံနေလိုက်တယ်။ ဒီအတွက် အသားတော့ အနာခံရတယ်။

မှောင်ခိုလုပ်ရင်း ဘကျော်ကိုတော့ သိတယ်။ ယမ်းဘီလူးလို့ခေါ်တာ မသိဘူး။ ငတိုးကိုတော့ လုံးဝ မသိဘူးလို့ ပြောလိုက်တယ်။ အမေအဖေတို့က ထမင်းလာကျွေးတဲ့ အခေါ်ကြီး အကူအညီနဲ့ သိလို့ လိုက်လာကြတယ်။ ဒါပေမယ့် တွေ့ခွင့် လုံးဝ မပြုကြဘူး။ ကျွေးချင်တဲ့ အစားအစာတွေကိုတော့ သူတို့ စစ်ဆေးစားကြည့်ပြီး တစ်ဝက်လောက် အချုပ်ခန်းထဲကို လာပေးကြတယ်။

ယမ်းဘီလူးနဲ့ ငတိုးကလည်း "ဒီအမှုမှာ မင်း မပါဘူး၊ ဒါကြောင့် မသိဘူး"လို့ ငြင်းခိုင်းထားကြတယ်။ ကျွန်တော်က ယမ်းဘီလူးနဲ့ ငတိုးကို မတွေ့ရဘူး။ ထမင်းလာကျွေးတဲ့ အခေါ်ကြီးက ကူညီတဲ့အတွက် ကျွန်တော် ဝမ်းသာနေတယ်။ အိမ်က မနက် တစ်ခေါက်၊ ညနေတစ်ခေါက် ထမင်းလာပို့ပေးတယ်။ ငါးရက်ပြည့်တဲ့နေ့မှာ ရပ်ကွက်ကောင်စီနဲ့ အမေအဖေတို့ ရဲစခန်းထဲကို ဝင်လာကြတယ်။ရပ်ကွက်ကောင်စီကလည်း . .

"ဘာမှ မပူနဲ့၊ တရားလိုလာတဲ့နေ့ လူတန်းစီပြပြီးရင် ပြီးသွားမှာပါ၊





အခုလည်း တရားလိုကို ခေါ်ထားကြောင်း" ပြောပြကြတယ်။

ကျွန်တော်က ရပ်ကွက်ကောင်စီလူကြီးတွေကို မှောင်ခို အရောင်းအဝယ်လုပ်နေတာ မှန်ကန်ကြောင်း ထောက်ခံခိုင်းပြီး ကျွန်တော့်ဆီက သိမ်းထားတဲ့ငွေလေးထောင်ကို ရဲဆီတောင်းပြီး အမေအဖေတို့ကို ပေးပေးဖို့ ရပ်ကွက်လူကြီးတွေကို အကူအညီတောင်း ပြောဆိုရတယ်။ လူတန်းစီပြလို့ မဟုတ်ဘူးဆိုရင် ခင်ဗျားတို့ ငွေကို ချက်ချင်း ပြန်ပေးပါ့မယ်လို့ စခန်းမှူး (----) က ပြောလိုက်တယ်။

ဒါ ငွေညှစ်ချင်လို့ပဲဆိုတဲ့ အတွေးနဲ့ သူမေးသမျှကို ဘူးချည်းခံပစ်လိုက်တယ်။ ဒီလိုနဲ့ သူလည်း လက်လျှော့သွားတယ်။

အချုပ်တစ်ပတ်ပြည့်တဲ့နေ့မှာ တရားလို ကျိုက်ထိုက ရောက်လာတယ်။ အဲဒီနေ့က လုယက်ခံရပုံကို ပြန်စစ်ဆေး မေးမြန်းကြတယ်။

"ကျွန်မ လိပ်ပြာကန် (၂)လမ်းက ကျွန်မ ညီမအိမ်ကို အထည်ပစ္စည်းတွေနဲ့အလာ လူနှစ်ယောက် ဆိုက်ကားရှေ့ကနေ ရပ်ပြီး ဆိုက်ကားသမားကို တစ်ယောက်က ရိုက်လိုက်တယ်။ တစ်ယောက်က ကျွန်မကို ဓားနဲ့ထောက်ပြီး ဆင်းခိုင်းတယ်။ ကျွန်မလည်း ကြောက်ကြောက်နဲ့ အောက်ကိုဆင်းတော့ ဆိုက်ကားသမားကို တစ်ယောက်က တရွတ်တိုက် လိပ်ပြာကန်ပေါင်ဘေးကို ဆွဲချသွားတယ်။ ကျွန်မလည်း သူတို့ခေါ်တဲ့ လိပ်ပြာကန်ပေါင်အောက်ဘက် လှိုထဲကို လိုက်လာရတယ်။ တစ်ယောက်က ဆိုက်ကားကို ယူလာပြီး ရေကန်ထဲ ပစ်ချလိုက်တဲ့ အသံကို ကြားလိုက်ရတယ်။ ကျွန်မပစ္စည်းတွေကိုလည်း အကုန်လုံး ယူသွားပြီး ဆွဲကြိုးကိုပါ ဖြုတ်ယူသွားကြတယ်။ ပစ္စည်းယူပြီး ကျွန်မကို ခေါင်းငုံ့ထိုင်ခိုင်းထားတယ်။ ပစ္စည်းယူပြီး သူတို့လည်း လိပ်ပြာကန်တောင်ဘက် ဘုန်းကြီးကျောင်းထဲ ဝင်သွားကြတယ်။ ကျွန်မလည်း တစ်ယောက်တည်း ကြောက်ကြောက်နဲ့ 'ဓားပြတိုက်လို့ လာကြပါဦး' ဆိုပြီး တစ်အား အော်တော့ ရပ်ကွက်ထဲက လူတွေ ရောက်လာကြပြီး ဆိုက်ကားသမားကို ဆေးရုံပို့၊ ကျွန်မကို ရဲစခန်း တိုင်ခိုင်းကြတယ်" လို့ ထွက်ဆိုတယ်။ စခန်းမှူးက ယမ်းဘီလူး၊ ငတိုးနဲ့ ကျွန်တော်အပါအဝင် ရဲသားတစ်ဦးကိုပါ တန်းစီထားပြီး အလုခံရတယ် ဆိုတဲ့ မိန်းမကို ရွေးထုတ်ခိုင်းတယ်။

ပထမဦးဆုံး တန်းစီရွေးတော့ တစ်ယောက်မှ ရွေးမထုတ်နိုင်ဘူး။ ဒုတိယ အဝတ်ပြောင်းဝတ်ပြီး ရွေးခိုင်းတော့ ငတိုးကို လက်ညှိုးထိုးပြပြီး "သူလို့ထင်တယ်"ဆိုပြီး ပြောတယ်။ စခန်းမှူးက. . .

"သေသေချာချာ ရွေးဗျာ၊ ဟုတ်ရင်ဟုတ်တယ်၊ မဟုတ်ရင် မဟုတ်ဘူး၊ ထင်တာတို့ ဟုတ်မှာပဲတို့ ဆိုပြီး သံသယနဲ့ မပြောနဲ့" ဆိုပြီး ထပ်ရွေးခိုင်းတယ်။ ဒုတိယအကြိမ် ထပ်ရွေးတော့လည်း ငတိုးကိုပဲ ဆွဲပြတယ်၊ တတိယအကြိမ် အဝတ်အဆင် ပြောင်းပြီး ရွေးခိုင်းတော့ ယမ်းဘီလူးကိုပါ ဆွဲပြသွားတယ်။ ကျွန်တော့်ကိုတော့ လုံးဝ ဆွဲမပြပါဘူး။ ဒါကြောင့် ယမ်းဘီလူးနဲ့ ငတိုးတို့ကို (၃၂၆/၃၉၂) အရ စွဲချက်တင်လိုက်တယ်။

ငတိုးမိဘက အရာရှိထဲက ဖြစ်တယ်။ ရဲဘက်ကဆိုတော့ အမှုကို ကိုယ်တိုင်လည်းလိုက်၊ ရှေ့နေလည်း ငှားတယ်။ ဒါနဲ့လည်း ကျွန်တော့်ကို ပြန်မလွှတ်သေးဘူး။ နှစ်ရက်ကြာတော့ တာဝန်မှူးက ပြောတယ်။

"မင်းကို (၄၅) ရက်အထိ ရမန်ယူပြီး ထပ်ချုပ်ထားလို့ရတယ်။ မင်းလွှတ်ချင်သလား၊ လွှတ်ချင်ရင်တော့ ထုံးစံအတိုင်း လုပ်ပေါ့ကွာ" ဆိုပြီး ထွက်သွားတယ်။ ကျွန်တော်လည်း သဘောပေါက်တယ်။ အချုပ်ထဲမှာ တစ်ရက်မှ မနေချင်ဘူး။ ဒါကြောင့် အိမ်ကို တစ်ဆင့်မှာပြီး စခန်းမှူးဆီကို ငွေ(၅၀၀) ပေးခိုင်းလိုက်တယ်။ ငွေပေးပြီးနောက်နေ့မှာ ကျွန်တော့်မိဘတွေနဲ့ ကောင်စီလူကြီးတွေအပြင် အာမခံနှစ်ယောက်နဲ့ ရောက်လာကြတယ်။ ငွေငါးရာကိုလည်း ပြန်ပေးပါတယ်။

ကျွန်တော့်မိဘနဲ့အတူ အိမ်ပြန်လာပြီး ကောင်စီလူကြီးတွေကို အကျိုးအကြောင်း ရှင်းပြရတယ်။ ကောင်စီကိုလည်း သင့်တင့်အောင် ပေါင်းထားတယ်။ ယမ်းဘီလူးနဲ့ ငတိုးတို့ကို ဖမ်းထားပြီး နောက်ပိုင်းမှာ အလုပ်ကို အရမ်း မလုပ်ရဲတော့ဘူး။ တစ်ယောက်တည်း ရန်ကုန်ဘက်ကို လိုက်ပြီး ကော့ချ၊ ဘုရားသုံးဆူ၊ တာဝတို့မှာ လုပြီး အဆင်းကို ကားနဲ့ ပြန်လိုက်လာလိုက် လုပ်နေရတယ်။ နောက်တော့ ပိုက်ကြူးကစားရာမှာ ကျွမ်းကျင်တဲ့ ကျွန်တော်တို့ ရပ်ကွက်ထဲက ကျွန်တော့်ဦးလေးအရင်းမောင်စံ၊ လှညွန့်၊ သန်းအောင်တို့နဲ့ ခရီးသွားဟန်လွှဲ ဖဲလည်ရိုက်နေတယ်၊

ကျွန်တော်က ဦးလေးကို စိတ်နာနေပေမယ့် ဦးလေးက ခင်ခင်မင်မင်နဲ့ ပြန်ဆက်ဆံလာတော့ ပြန်ပြီး အတူတွဲမိသွားပြန်တယ်။ တစ်ချိန်က ကျွန်တော့်အပေါ်ကို လူငှားတစ်ယောက်လို သဘောထားခဲ့တဲ့ ကျွန်တော့်ဦးလေးဟာ မှောင်ခိုပစ္စည်းက အဖမ်းခံရ၊ လက်ရှိမယားကြီးနဲ့လည်းကွဲ၊ နောက်မိန်းမ ငယ်ငယ်လေး ယူထားတော့ နောက်မယားငယ်ကြောင့် မယားကြီးလည်း အိမ်ပေါ်ကဆင်းပြီး ဇာတိဖြစ်တဲ့ ပျော်ဘွယ်ကို ပြန်သွားတော့ စိတ်လည်နေပုံရတယ်။ မယားငယ်က ဘာမှ မလုပ်တတ်၊ မကိုင်တတ်တော့ စီးပွားရေးလည်း ကျလာတယ်။ စိတ္တသုခလမ်းမှာ မယားငယ်နဲ့ အိမ်ငှားနေနေရတယ်။

အဲဒါကြောင့် ကျွန်တော့်နောက်ကို တစ်ခါတလေ လှညွန့်တို့နဲ့ အတူလိုက်ပြီး အလုပ်ဖော် ပါလာတယ်။ကျွန်တော့် လုပ်ပုံလုပ်နည်းတွေကို သဘောကျပြီး နောက်ပိုင်းမှာ သူကိုယ်တိုင် လုပ်လို့ရနိုင်တဲ့ အိမ်တွေကို လိုက်ပြလာတယ်။ ဒုက္ခရောက်နေတဲ့ ဦးလေးကို ကျွန်တော် ကူညီပေးလိုက်၊ ဝေစုကို တစ်ခါတလေ ပိုပေးလိုက်၊ ငွေချေးရင် ပေးလိုက်၊ ကျွန်တော်လည်း ပြန်မတောင်းဘဲ ထားလိုက်ဆိုတော့ ကျွန်တော့်ကို နားလည်မှု ရှိလာတယ်။ကျွန်တော့်အစ်ကို ရည်းစားဖြစ်ဖူးတဲ့ သူ့မယားငယ်ကတော့ ကျွန်တော့်ကို နည်းနည်းအင်တယ်။

ဦးလေး မှောင်ခိုလုပ်နေတုန်းကဆို ကက်ဆက်အမျိုးမျိုးနဲ့ အဝတ်ကို တစ်နေ့တစ်ထည်လဲတယ်။ စက်ဘီးတစ်စီးနဲ့ အမေ အဖေတို့အတွက် စားစရာလေးတွေလည်း တစ်ခါတစ်ခါ ယူလာပေးဖူးတယ်။ အဲဒီလိုနဲ့ အစ်ကို့ရည်စားနဲ့ ရင်းနှီးသွားကြပြီး တစ်ခါတစ်ခါ ကျွန်တော်တို့အိမ်မှာ လာအိပ်သလိုလိုနဲ့ လူခြေတိတ်တော့ အစ်ကို့ရည်းစားအိမ် ရောက်သွားတယ်။ ဒီလိုနဲ့ အိမ်မှာ လာအိပ်လိုက်၊ ပြန်သွားလိုက်နဲ့ တစ်နေ့ ခြင်ထောင်ထဲမှာ ရှုန်းရင်းဆန်ခတ်ဖြစ်နေကြလို့ သူ့မိဘတွေက ထကြည့်တော့ နှစ်ယောက်သားကို ခြင်ထောင်ထဲမှာမိလို့ ရပ်ကွက်ကောင်စီနဲ့ အသိအမှတ်ပြုပြီး ပေးစားလိုက်ကြတယ်။ ကောင်းစားနေတဲ့ မှောင်ခိုသမားဆိုတော့ ပြဿနာအေးသွားတယ်။

ဦးလေးမယားငယ် ပြဿနာကစပြီး ကျွန်တော့်အမေလည်း မယားငယ်ပဲဆိုတာ ပြောရဦးမယ်။ အဖေငယ်ငယ်တုန်းက ရန်ကုန်မှာ မယား





ပညာရွှေတောင်စာအုပ်တိုက်

ကြီးတစ်ယောက်နဲ့ ကလေးနှစ်ယောက် ရှိဖူးတယ်။ အလုံ စူပါပင်လမ်း အိမ်အမှတ် (  )၊ ခြံအမှတ် (  ) မှာ နေတယ်။ မယားကြီးကို ပစ်ပြီး ပဲခူးသူအမေ့ကို ယူထားတယ်။ အဖေ့ ရန်ကုန်က မယားကြီးဟာ ကျွန်တော့်အစ်ကိုကြီး ကိုယ်ဝန်ရှိတဲ့အထိ လာလာခေါ် သေးတယ်။ ဒါပေမယ့် အဖေက အမေ့ကိုပဲ ပေါင်းတော့မယ်ဆိုပြီး လိုက်မသွားတော့ဘူး။ အဖေ့ မယားကြီးက အတော် ချမ်းသာတယ်။ တရုတ်မအစစ်ဖြစ်တယ်။ ရန်ကုန် ဆူးလေလမ်း၊ ကမ်းနားလမ်းက တိုက်တွေ ပြည်သူပိုင် သိမ်းတဲ့အထဲ ပါသွားတယ်။ မယားကြီးအဖေက ပြည်သူပိုင် မသိမ်းခင် ကြယ်ငါးပွင့် သင်္ဘော ကုန်းပတ်အတော်များများကိုလည်း ပိုင်ဖူးတယ်။ ခု ကျွန်တော့် အမေကတော့ သူတို့နဲ့စာရင် ဆင်းရဲတယ်။ ဒါပေမယ့် တစ်ချိန်က ပဲခူးရဲ့ အလတ်တန်းစားနေရာလောက်မှာ ရှိခဲ့တယ်လို့ သိရတယ်။

ကျွန်တော့်အဖေ မယားကြီး သမီးတစ်ယောက်က ဘီပီအိုင် (ဆေးဝါးထုတ်လုပ်ရေး) ကြို့ကုန်းမှာနေတယ်။ သူ့ခင်ပွန်းက ကြယ်ငါးပွင့်သင်္ဘော စက်ပြင်မှာ လုပ်တယ်။ တရုတ်နှစ်သစ်ကူးနေ့ကျရင် အဖေ့ဆီလာပြီး 'အမ်ဖောင်း' လာလာတောင်းသလိုနဲ့ လာလည်တတ်တယ်။ ဒါကလည်း အဖေ စီးပွားရေးကောင်းနေတုန်းကပါ။ စီးပွားရေးကျ၊ အိမ်နဲ့ ခေါက်ဆွဲဆိုင် မီးလောင် ပြာကျပြီး နောက်ပိုင်း ခုထိတော့ မလာကြတော့ပါဘူး။

ယမ်းဘီလူးနဲ့ ငတိုးတို့ အမှုအကြောင်းကို စုံစမ်းကြည့်တယ်။ အမှု အခြေအနေက မဆိုးဘူး။ ငတိုးအဖေက တရားလို အမျိုးသမီးကို တချို့ တစ်ဝက် လျော်ပေး၊ ယမ်းဘီလူးကလည်း ကမ်းနားလမ်း (  ) ညီနောင် သူငယ်ချင်းဆီက ငွေတချို့နဲ့ ကျွန်တော့်ဆီကလည်း ငွေတစ်ထောင် နီးပါးလောက်ကို စုပြီး ရုံးချိန်းမှာ ကျေအေးဖို့၊ ချော့ခြောက်ငွေပေးပြီး တရားရုံးရောက်ရင် ကျွန်မ ကောင်းကောင်းမမှတ်မိဘူးလို့ ထွက်ဆိုဖို့ သင်ပေးရတယ်။ တရားလိုလည်း သင်ပေးထားတဲ့အတိုင်း ထွက်ဆိုပြီး ပေးတဲ့ငွေကိုယူကာ ကျိုက်ထို ပြန်တော့တာပဲ။

တရားလိုမရှိတဲ့ နောက်ပိုင်းမှာ အမှုကိုပြင်ဆင်ပြီး တရားလိုစွဲချက်နဲ့ ဆိုက်ကားသမားတို့ ထွက်ဆိုချက်က မတူညီတာကတစ်ကြောင်း၊သက်သေခံပစ္စည်းတွေ ရုံးတော်ကို မတင်ပြနိုင်တာ တစ်ကြောင်းတို့ကြောင့် ကျွန်





တော့်အမှုကို တရားရှင် လွှတ်လိုက်တယ်။

ထောင်ကထွက်ပြီး နှစ်ရက်သုံးရက်လောက် အကြာမှာ ဒိုင်းနမိုင်း၊ ငတိုးနဲ့ ပုဏ္ဏကတို့ သုံးယောက် အိမ်ပေါ် ကို တက်လာကြတယ်။ကျွန်တော်က အလုပ်ကိစ္စပြောကြဖို့ လာမှန်းသိတာနဲ့ ညီ၊ ညီမတွေကို အိမ်အောက် တချို့၊ အိမ်နောက်ဘက်တချို့ လွှတ်လိုက်ရတယ်။ ပုဏ္ဏကဟာ တစ်ကိုယ် တည်း အလုပ်လုပ်နေမှန်း ကျွန်တော် သိထားတယ်။ ပန်းလှိုင်မှာ ဂျစ်ကား တစ်စီးနဲ့ ငွေခြောက်ထောင် ဖဲရှုံးထားကြောင်းကိုလည်း ငတိုး ထောင်ထဲ မဝင်ခင်က ပြောပြဖူးထားတယ်။ အစက ပုဏ္ဏကဟာ ဖိုးမချပေမယ့် ခု ဖိုးလည်းချတယ်၊ ချရုံနဲ့ အားမရရင် အပ်ပါသုံးတတ်နေပြီ ဖြစ်ကြောင်းလည်း သိထားရတယ်။

ကျွန်တော်က အလုပ်အကြောင်းကို ဆက်ပြီး ဆွေးနွေးတယ်။ မန္တလေးလိုင်းနဲ့ မော်လမြိုင်လိုင်းမှာ အလုပ်အတူလုပ်ကြဖို့ သဘောတူကြပြီး သာစည်၊ ရမည်းသင်း၊ ပျဉ်းမနား၊ တောင်ငူတို့ကို လုပ်ကွက်သတ်မှတ် လိုက်ကြတယ်။ ဒါပေမယ့် ကျွန်တော်တို့ လေးယောက်တွဲပြီး စီးပွားရှာလို့ အဆင်မပြေ ဖြစ်လာတယ်။လုယက်လို့ရတဲ့ ပစ္စည်းထဲက သူခိုးရှိနေတယ်။ ဆေးသမားနှစ်ယောက်လည်း အချိန်ရတိုင်း မူးမူးနေတယ်။

တစ်နေ့ ရန်ကုန်က ရုပ်ရှင်ကြည့်ပြီးအပြန် နံပါတ်(၁)ပလက်ဖောင်းကို ကူးလာကြတယ်။ စာတိုက် ငွေစာရင်းရုံးမှာ ငတိုးအစ်ကို တစ်ဝမ်းကွဲ တစ်ယောက် ရှိတယ်ဆိုလို့ ဝင်မေးကြည့်ကြတော့ မန္တလေးအမြန်နဲ့ ထည့်ပေးလိုက်မယ့် ငွေထည့်ထားတဲ့ ဆာလာအိတ်တွေကို ချိတ်ပိတ်လိုက်၊ ထည့်လိုက်နဲ့ လုပ်နေတာ တွေ့ရတယ်။ ငတိုးအစ်ကိုနဲ့ ငတိုးနဲ့ စကားပြောပြီး ပြန်လာတော့ ငတိုးက "အခု မန္တလေးအမြန်ရထားနဲ့ စာတိုက်တွဲကနေ ဒီငွေတွေကို တင်မှာတဲ့၊ ငါတို့ ဘယ်လိုလုပ်ရင် ကောင်းမလဲ" ဆိုတဲ့ မေးခွန်းကို မေးလာတယ်။

ရထားတွဲထိုးတော့ စာတိုက်က တစ်ခြမ်း၊ ငွေတိုက်ကတစ်ခြမ်း၊ ငွေအိတ်တွေကိုထမ်းပြီး တင်နေကြတာကိုလည်း တွေ့နေရပြီ။ ဒီတော့ အထဲဝင်ပြီး အရမ်းလုလို့ မရဘူး။ အဲဒါကြောင့် ကျွန်တော်တို့က အခြေအနေကို လေ့လာနိုင်အောင် မန္တလေးအမြန်နဲ့ လိုက်လာကြတယ်။ ငွေထားတဲ့တွဲကို

သံကိုယ်ထည်နဲ့ ဆောက်လုပ်ထားတယ်။ တံခါးတွေကိုလည်း သံတံခါးတွေ အဖြစ်ပဲ တွေ့ရတယ်။ ပြတင်းပေါက်ကတော့ ဒိုင်းမွှန်း သံစကာကွက်စိပ်တွေကို အခိုင်အမာ လုပ်ထားတဲ့အတွက် လွယ်တော့ မလွယ်ဘူး။

ပဲခူးကိုရောက်ခါနီးထိ ကျွန်တော်တို့က ခေါင်မိုးပေါ်ကနေ ငွေတိုက်တွဲကိုပဲ ကြည့်လိုက်လာကြတယ်။ သံတံခါးကို တွန်းဖွင့်ပြီး လူနှစ်ယောက်က အပြင်ဘူတာဘက်ကို ပြတင်းပေါက်က ခေါင်းပြူကြည့် လိုက်လာကြတယ်။ ဒီလိုနဲ့ ပဲခူးဘူတာရောက်လာတယ်။ ငွေတိုက်တွဲထဲက လူတစ်ယောက် ဘူတာကို ဆင်းသွားတယ်။ သံတံခါးကို ဟထားခဲ့တယ်၊ ကျွန်တော်တို့က ပလက်ဖောင်းပေါ် ဆင်းပြီး ဟထားတဲ့ တံခါးကြားကနေ အထဲကို ချောင်းကြည့်တော့ အထဲက စားပွဲပေါ်မှာ လူနှစ်ယောက်ထိုင်ပြီး စကားပြောနေကြတယ်၊ တစ်ယောက်က လွယ်အိတ်လွယ်ပြီး ကျန်တစ်ယောက်က ကုတ်အင်္ကျီအနက်နဲ့။ ကျွန်တော်က ဒိုင်းနမိုင်း၊ ငတိုးနဲ့ ပုဏ္ဏက တို့ကိုခေါ်ပြီး ထောင့်ကျတဲ့ လက်ဖက်ရည်ဆိုင်မှာ ထိုင်လိုက်ကြတယ်၊

"ဒီနေ့အဖို့ကတော့ အရမ်းတက်လုပ်လို့ မရနိုင်ဘူး။ သူတို့မှာ သေနတ်ပါရင် ဒုက္ခရောက်မယ်။ အစီအစဉ်ဆွဲပြီးမှ လုပ်ကြတာပေါ့။ ဒီလူတွေ တွဲထဲမှာ ကြာကြာမနေနိုင်ပါဘူး။ တံခါးတော့ ဖွင့်ဦးမှာပါ။ တံခါးဖွင့်ရင် ငါတို့က သူတို့ကိုဦးမှ မဦးရင် ငါတို့ ခံရမယ်။ ငွေကတော့ မနည်းဘူး၊ သိန်းသုံးလေးဆယ်ပါမှာပဲ။ အဲဒီတော့ လက်နက်လိုတယ်။ အိမ်ပြန်ပြီး လက်နက်ယူရမယ်။ ရထားမထွက်မီ သုံးနာရီကို ဒီလက်ဖက်ရည်ဆိုင်ကို အားလုံး အရောက်လာကြရမယ်" လို့ မှာပြီး အိမ်ပြန်လာကြတယ်။

အိမ်ရောက်တော့ အမေ့ကို ကျွန်တော် အရောင်းအဝယ်ကိစ္စနဲ့ မန္တလေးကို လိုက်သွားမယ်။ နှစ်ရက်၊ သုံးရက်ပဲ ကြာမယ်လို့ မှာပြီး သုံးနာရီမထိုးခင် ဘူတာကို ထွက်လာတယ်။ ဆိုင်ထဲမှာ ဒိုင်းနမိုင်းကို တွေ့တယ်။ ကျွန်တော်နဲ့ ရှေ့ဆင့်နောက်ဆင့်ပဲ ပုဏ္ဏကတို့ ငတိုးတို့လည်း ရောက်လာကြတယ်၊ လက်နက်ကိုယ်စီပါလာကြတယ်။ ကျွန်တော့်မှာ ကိုးလုံးပတ် ဆုံလည်ခြောက်လုံးပြူးတစ်လက်အပြင် ကာဘိုင်ဘက်နက် လက်စွဲတော် ဓားတစ်ချောင်းလည်း ပါတယ်။ ငတိုးမှာလည်း သူ့အဖေ လိုင်စင်နဲ့ကိုင်တဲ့ ခြောက်လုံးပြူးတစ်လက်ပါကြောင်း ပြောတယ်။ ကျွန်တော်





ကတော့ သူတို့ကို သေနတ်ပါကြောင်း မပြောဘူး။ ဓားတစ်ချောင်းပဲ ပါကြောင်း ပြောပြထားတယ်။ ပုဏ္ဏကနဲ့ ဒိုင်းနမိုင်းကတော့ မောင်းပြန်ဓားတစ်ချောင်းစီနဲ့ နိုင်လွန်ကြိုးတွေ ပါလာကြတယ်။

ခရီးသည်တွေနဲ့ရောပြီး ငွေတိုက်တွဲထားတဲ့နေရာကို လာခဲ့ကြတယ်။ ငွေတိုက်တွဲနေရာကိုရောက်တော့ တံခါးကို တစ်ဝက်တစ်ပျက်ဖွင့်ပြီး အပေါက်ဝမှာ လူတစ်ယောက် ထိုင်နေတယ်။ ကျွန်တော်တို့က အခြေအနေ ကြည့်ပြီး တိုင်ပင်လိုက်ကြတယ်။

"ငတိုးနဲ့ ပုဏ္ဏက မင်းတို့နှစ်ယောက်က အခြေအနေကြည့်ပြီး ခေါင်မိုးပေါ်က လိုက်လာခဲ့ကြ၊ ငါနဲ့ ဒိုင်းနမိုင်းက တွဲကြားကနေ အခြေအနေကောင်းရင် အထဲကိုဝင်မယ်။ မင်းတို့လည်း အခြေအနေကိုကြည့်ပြီး ခေါင်မိုးပေါ်က ကြိုးနဲ့ဆင်းလာခဲ့ကြ" လို့ ပြောပြီး နှစ်ယောက်စီခွဲပြီး နေရာယူလိုက်ကြတယ်။

ရထားထွက်တော့ တံခါးပိတ်သွားတယ်။ အဲဒါကြောင့် ခေါင်မိုးပေါ်မှာ မှောက်ပြီး တံခါးအဖွင့်ကို စောင့်ကြည့်လိုက်လာကြတယ်။ လမ်းမှာ တံခါးကို လုံးဝ မဖွင့်ဘူး။ တောင်ငူကိုရောက်တော့ ငွေထုပ်တချို့ကို ချတယ်။ တောင်ငူက ရထားထွက်တော့ ငွေတိုက်တွဲဘေးက အဆင်းအတက် လှေကားထစ်ကိုကူးပြီး အိမ်သာနေရာက ကျွန်တော် အထဲကို ကြည့်လိုက်တယ်။ မီးရောင်မှိန်မှိန်ကိုပဲ တွေ့ရတယ်။ အဲဒါကြောင့် တွဲကြားကနေ တစ်ဆင့် ခေါင်မိုးပေါ်ကိုတက်ပြီး နိုင်လွန်ကြိုးကို ခါးမှာ တစ်စချည်ပြီး ကျန်တစ်စကို ခေါင်မိုးရေပိုက်ခေါင်းမှာ ချည်လိုက်တယ်။သံစကာ ပြတင်းပေါက်နေရာကို ဖြည်းဖြည်းမှန်းဆင်းပြီး ပြတင်းအကွယ်က အထဲကို ချောင်းကြည့်လိုက်တယ်။

အထဲမှာ လူနှစ်ယောက် နံရံကိုမှီပြီး ဆေးလိပ်သောက်နေကြတယ်။ ပြတင်းကနေ ဟိုဘက် စာတိုက်ခြမ်းကိုကြည့်တော့ အလယ်မှာ သံပြားကြီးကာထားတယ်။ ဘယ်လိုမှ အခြေအနေမပေး။ ဒါနဲ့ အပေါ်ကို ဆွဲတင်ဖို့ အချက်ပြရတယ်။ သူတို့ အားတက်အောင် "တစ်နေ့နေ့တော့ တို့အကွက်ထဲ ဝင်ဦးမှာပါ" လို့ပြောပြီး အခြားတွဲတွေကို လျှောက်ကြည့်ကြတယ်။ ညဆိုတော့ ရထားတွဲတွေကလည်း လူကျပ်ပြီး အထဲကို ဝင်မရတာနဲ့

ဘာမှ မလုပ်ဖြစ်ဘဲ မန္တလေးကို ရောက်လာကြတယ်။

နေ့လယ်ဘက် စစ်ကိုင်းတောင်ဘက် သွားအနားယူကြတယ်။ ညနေဘက်မှာ မန္တလေးကို ပြန်ကူးပြီး အမြန်ညရထားကို ပြန်စောင့်ကြရတယ်၊ ရထားက ကိုးနာရီ ဆယ့်ငါးဆို ထွက်တယ်။ ရထားမထွက်ခင် အချိန်မှာ ငွေတိုက်တွဲကို ဆာလာအိတ်တွေနဲ့ ငွေတွေတင်နေတာ မြင်ခဲ့ကြရပေမယ့် လုပ်ကွက်က ဘယ်လိုမှ မမိဘူး။ သာစည်၊ ပျဉ်းမနား၊ တောင်ငူ၊ ပဲခူးသာ ပြန်ရောက်လာတယ် အခြေအနေက ထူးခြားမလာဘူး။ ဒါနဲ့ ငတိုးနဲ့ ပုဏ္ဏကတို့က မော်လမြိုင်လိုင်းမှာ အလုပ်ပြောင်းလုပ်ဖို့ လမ်းခွဲသွားကြတယ်။ ရထားငွေတိုက်တွဲနဲ့ ပတ်သက်ပြီး ငွေပို့ရထား ငွေပို့တတ်တဲ့ရက်တွေကိုလည်း သိထားတဲ့ ကျွန်တော်နဲ့ ဒိုင်းနမိုင်းကတော့ ရထားငွေတိုက်တွဲကို တစ်နည်းနည်းနဲ့ ရအောင် လုပ်မယ်ဆိုပြီး ကျန်နေခဲ့ကြတယ်။

တစ်နေ့ ဒိုင်းနမိုင်းကို ပဲခူးမှာ ထားခဲ့ပြီး ကျွန်တော် ခဲလုံး (လက်ပစ်ဗုံး) ရှာဖို့ သက္ကလဘက် ထွက်လာတယ်။ မိတ်ဆွေဟောင်းကြီး ကိုကျော်ဖိုကို အကျိုးအကြောင်း အလုံးစုံကို မပြောဘဲ အကူအညီတောင်းကြည့်တော့ ခြံထဲက နွားစားခွက်နားကို ခေါ်လာတယ်။ နွားစားခွက်ကို နှစ်ယောက်သား ဆွဲမပြီး ဂေါ်ပြားနဲ့ အောက်ခံဂုန်နီအိတ်ကို ဆွဲလှန်ကလော်ရတယ်။ နွားစားခွက်အောက်မှာ ကျင်းတူးမြှုပ်ထားတဲ့ သံသေတ္တာထဲက လက်ပစ်ဗုံးတွေကို မြင်ရတော့ ကျွန်တော် အံ့ဩသွားတယ်။ လက်ပစ်ဗုံးက ဆယ်လုံးလောက်ကို ရှိတယ်။ "မင်း လိုသလောက် ယူသွား၊ သစ္စာရှိဖို့ကတော့ မင်းတာဝန်ပဲ" ဆိုပြီး ယူခိုင်းတယ်။ ကျွန်တော် နှစ်လုံးယူလာတယ်၊

တစ်ညအိပ်ပြီး နောက်တစ်နေ့မှာ မန္တလေး-ရန်ကုန်ရထားက ငွေတိုက်တွဲကို အိမ်သာတံခါးဘက်ကနေ လက်ပစ်ဗုံးနဲ့ ခွဲမယ်ဆိုပြီး ဒိုင်းနမိုင်းကို ခေါ်လာခဲ့တယ်၊အစီအစဉ်ကို ဒိုင်းနမိုင်းနဲ့ တိုင်ပင်တော့ ဒိုင်းနမိုင်းကတားတယ်။ တရားခံ ပေါ်သွားနိုင်ကြောင်း၊ ငွေတိုက်တွဲ ကွဲသွားသည်နှင့် ကျွန်တော်တို့ပါ သေသွားနိုင်ကြောင်း ကျန်တွဲတွေလည်း မှောက်ကုန် လိမ့်မယ်လို့ ဒိုင်းနမိုင်းပြောတော့မှ ပြန်ပြီး အသိဝင်လာမိတယ်။ စောစောကကြိုးစားခဲ့တာကတော့ ရထားတွဲထဲက ငွေတွေ ပြန့်ကျဲသွားရင် အိတ်လိုက်လိုသလောက် ကောက်ပြေးနိုင်မယ်ပဲ တွက်ထားခဲ့တာ။ ခု ဒိုင်းနမိုင်းက





သေသေချာချာ ရှင်းပြတော့ လက်ခံရတယ်။ အဲဒါနဲ့ ရထားတွဲထဲက ငွေသိန်းသုံးလေးဆယ် အိပ်မက်လည်း ပျက်ပြေသွားခဲ့ရတယ်။

အလုပ်မဖြစ်လို့ လက်ပစ်ဗုံးကို ကိုကျော်စိုးဆီ ပြန်ပို့လိုက်ရတယ်။ ဒိုင်းနမိုင်း၊ ပုဏ္ဏကတို့နဲ့ ပြန်ချိန်းပြီး မန္တလေးကို ပြန်တက်လာခဲ့ကြတယ်။ မန္တလေးကိုရောက်တိုင်း ပန်းမြို့နဲ့ ချစ်ဇနီး၊ သမီးတို့ကို သတိရပေမယ့် ဦးကံထွန်းအိမ်ကို မဝင်ရဲဘူး။ အထူးသဖြင့် ပုဏ္ဏကကို အသိမပေးရဲဘူး။ အလာတုန်းက ရမည်းသင်းအထွက်မှာ အလုပ်တစ်ခု အဆင်ပြေလာလို့ ကောင်းကောင်း စားသောက်နိုင်ကြတယ်။ စားသောက်ပြီး နန်းသိတာ ဥယျာဉ်ဘက်ကို လျှောက်လာကြတယ်။ ရွှေနဂါးရုပ်ရှင်ရုံက ပတ်ပြီး ကျုံးရိုးနားအရောက်မှာ ရဲသုံးယောက်က လက်ထိတ်တန်းလန်းနဲ့ ထွန်းဇော်ကြီးကိုဆွဲပြီး ကျုံးရိုးတံတားကို ဖြတ်သွားကြတာ မြင်လိုက်မိတယ်။ ကျွန်တော်တို့လည်း ကြောင်ပြီး ခြေလှမ်းရပ်မိလိုက်ကြတယ်။ ထွန်းဇော်ကြီးကို ကျုံးရိုးဘက် ခေါ်လာတာက ရွှေဘိုပြည်တော်သာ တိုက်ခန်းမှာ ဖောက်တုန်းက ရေဒီယိုတစ်လုံးနဲ့ သစ်ကုလားအုတ်အောက်မှာ မြှုပ်ဝှက်ထားတာ ပြခိုင်းဖို့ဆိုတာ သိလိုက်ရတယ်။ အဲဒါကြောင့် ဒိုင်းနမိုင်းနဲ့ ပုဏ္ဏကကို လက်တို့ခေါ်ပြီး ဘူတာကြီးဘက်ကို လစ်လာခဲ့ကြတယ်။

ရထားက ညကိုးနာရီဆယ့်ငါးပဲ ရှိတဲ့အတွက် တော်ဝင်ရုပ်ရှင်ရုံမှာ ရုပ်ရှင်ဝင်ကြည့်ကြတယ်။ ရထားထွက်ဖို့ ဆယ်မိနစ်အလိုရောက်မှ ရထားပေါ် တက်လာကြတယ်။ လူကျပ်တဲ့အတွက် တွဲကြားကို ပြောင်းစီးကြတယ်။ တွဲကြားကနေ ကျွန်တော် တစ်ယောက်တည်း ခေါင်မိုးပေါ် ပြောင်းစီးပြီး ပုဏ္ဏကနဲ့ ဒိုင်းနမိုင်းကို အောက်မှာ ထားခဲ့တယ်။ ရထားခေါင်မိုးပေါ်မှာ လွတ်လွတ်လပ်လပ် တစ်ယောက်တည်း စဉ်းစားရတယ်။ ထွန်းဇော်ကြီးကိုတွေ့ရင် ရဲလက်ကို အပ်မယ်။ပန်းမြို့က အမှုကိစ္စကို ပေါ်အောင် စစ်ခိုင်းမယ်။ ငွေဘယ်လောက်ကုန်ကုန်လို့ ဆုံးဖြတ်ခဲ့ပေမယ့် တကယ်တမ်းကျတော့ အရင်အမှုကိစ္စတွေမှာ ကိုယ်ပါ ပတ်သက်နေတာက တစ်ကြောင်း၊ ထွန်းဇော်ကြီးအနေနဲ့ အမှုတွေ ဘယ်လောက်များများ ဖော်ထားပြီဆိုတာ မသိတာကတစ်ကြောင်းတို့ကြောင့် စိတ်ရှုပ်သွားမိတယ်။ ထွန်းဇော်ကြီးကို တွေ့မြင်ခဲ့ရတော့ ဇနီးနဲ့ သမီးလေးမျက်နှာကလည်း ကျွန်တော့်မျက်စိ

နဲ့ နှလုံးသားထဲမှာ ပိုပြီး စွဲထင်လာကြတယ်။

နောက်ဘက်က ဆူညံပူညံသံတွေနဲ့ ပြေးလွှားလာကြသံကိုကြားတော့ နောက်ဘက်ကို ကမန်းကတန်း လှည့်ကြည့်လိုက်မိတယ်။ ဒိုင်းနမိုင်းနဲ့ ပုဏ္ဏကတို့ ဘက်အိတ် တစ်ယောက်တစ်လုံးစီနဲ့ ကျွန်တော့်ဘက်ကို ပြေးလာနေကြတာ တွေ့လိုက်ရတယ်။ နောက်ကလည်း တွဲစောင့်နဲ့ မီးရထားရဲ့နှစ်ယောက် လိုက်လာနေတယ်။ အနားရောက်တော့ ဒိုင်းနမိုင်းက "ကျော်မြင့်ရေ ပြေးဟ . . . ပြေး . . . ပြေး . . . အလုပ်ပြီးမှ အော်လို့ လိုက်လာကြပြီ" ဆိုတော့ ကျွန်တော်က "လှေကား ရှိတဲ့နေရာကို ပြေးကြကွ" ဟု ပြောလည်းပြော ပြေးလည်းပြေးရတယ်။ ဒါပေမယ့် တွဲစောင့်တွေနဲ့ ငါးတွဲလောက်အကွာ ရှိနေသေးတယ်။လှေကားတွဲကို ရှာမရတာနဲ့ ခေါင်မိုးရေတံလျှောက်ကနေ အောက်ပြတင်းပေါက်တံခါးကို နင်းရပ်ပြီး တစ်ယောက်ပြီးတစ်ယောက် ခုန်ဆင်းလာကြတယ်။ ကျွန်တော်တို့ဆင်းတဲ့နေရာက ရွှေဓားဘူတာနဲ့ နီးတယ်။ ရထားဆက်ထွက်သွားတော့မှ မှောက်ဝပ်နေရာက ထလာကြတယ်။

ရွှေဓားကနေ ကားလမ်းရှိမယ်ထင်တဲ့ နေရာကို ဆီးတော၊ ရှားစောင်းတော၊ ဆူးချုံတွေကြားကနေ တိုးဝှေ့ပြီး ဖောက်ထွက်ခဲ့ကြရတယ်။ အတော်ပန်းသွားတာနဲ့ ဆီးပင်တစ်ပင်အောက်မှာ သုံးယောက်သားနားရင်း ဘက်အိတ်ကို ဖွင့်ကြည့်တော့ ပထမအိတ်အပေါ်က အဝတ်အောက်မှာ လေးညှင်းပွင့်တွေ၊ မှောင်ခိုခေတ်ဆိုတော့ လေးညှင်းပွင့်ကလည်း ခိုးဝှက်ယူရတာမို့ တန်ဖိုး မသေးဘူး။ နောက်တစ်အိတ်က မိန်းမထဘီတွေ၊ ဘော်လီအောက်မှာ ဖာနှစ်ခုကို မျက်နှာသုတ်ပဝါနဲ့ ပတ်ထားတယ်။ မျက်နှာသုတ်ပဝါကို ဖြေလိုက်တော့ ဖာထဲမှာ စက္ကူဘူးနှစ်ခု၊ အဲဒါ ဖွင့်ကြည့်လိုက်တော့ ဆေးပုလင်းတွေကို တွေ့ရတယ်။ ပက်သဒင်း မူးယစ်ဆေးတွေ ဖြစ်တယ်။ ငွေဆိုလို့ တစ်ပြားမှ မပါဘူး။ အဲဒါကြောင့် ပစ္စည်းတွေကို ပြန်ထည့်ပြီး ဆီးပင်အောက်မှာ လှဲနားနေကြတယ်။

မိုးလင်းခါနီးမှ ကားလမ်းဘက်ကို ဆက်လျှောက်လာကြတယ်။ သင် ကားတစ်စီး မန္တလေးဘက်က မောင်းလာတာကို လက်ပြတားပြီး ပဲခူးကို လိုက်ချင်ပါကြောင်း ပြောတော့ ကားသမားက ပျော်ဘွယ်အထိပဲတဲ့၊





ပျော်ဘွယ်ဆိုလည်း လိုက်ပါရစေပြောပြီး လိုက်လာခဲ့ကြတယ်။ ပျော်ဘွယ်ကနေ သာစည်ရထားနဲ့ ပဲခူးကို ပြန်လာခဲ့ကြတယ်။ ပဲခူးရောက်တော့ ရွှေမော်ဓော တောင်ဘက်မုခ်က ပရဆေးဆိုင်မှာ လေးညှင်းတစ်ပိဿာနှစ်ထောင့်ရှစ်ရာနဲ့ ရောင်းလိုက်ကြတယ်။ အလေးချိန်က တစ်ပိဿာနှစ်ဆယ်သားရှိတယ်။ မုံရွာဘက်မှာဆို တစ်ပိဿာ သုံးထောင်ကျော်တယ်ဆိုတာနောက်မှ သိကြရတယ်။ဒါပေမယ့် သူခိုးဈေးဆိုတော့ ရသလောက်နဲ့ ရောင်းပြီး ပက်သဒင်းကိုတော့ သူငယ်ချင်းဆိုင်မှာ နှစ်ဒါဇင်ကို သုံးထောင်ရှစ်ရာနဲ့ ရောင်းပြီး ဝေစုခွဲလိုက်ကြတယ်။

အိမ်ကိုရောက်တော့ ကျွန်တော့်ညီတစ်ကောင်က အရင်လိုပဲ အိမ်ကပစ္စည်းတွေယူပြီး ထွက်သွားတယ်။ ခု ပဲခူးမှာ မရှိဘူး။ လူပျောက်လည်းတိုင်ထားတယ်လို့ ဆီးပြောကြတယ်။ ပြီးမှ နင့်အစ်ကိုလည်း ရောက်နေတယ်။ ခု သူငယ်ချင်းတွေဆီ အလည်ထွက်သွားတယ်။ ဒီမှာ သူ့တပ်ရင်းကဗိုလ်ကြီးတွေနဲ့အတူ ကျောင်းဆင်းတုန်းက ဓာတ်ပုံဆိုပြီး ဝမ်းသာ၊ ဝမ်းနည်းပြောပြီး ပြတယ်။ ကျွန်တော့်မှာ ဘာမှ စိတ်မဝင်စားနိုင်ဘူး။ ကိုယ်ရေးကိုယ်တာ ဇနီး၊ သမီး၊ ထွန်းဇော်ကြီးတို့အကြောင်း ခုနစ်စဉ် အမျှင်တန်းတွေးပြီး တစ်လမ်းလုံး စိတ်ရှုပ်လာရတဲ့အထဲ အိမ်ရောက်တော့ ညီကတစ်မျောင့်၊ မတည့်တဲ့ အစ်ကိုကိုလည်း မတွေ့ချင်တာနဲ့ မမတို့ အိမ်ဘက်ကို ထွက်လာမိတယ်။ အစ်မတို့အိမ်မှာ တစ်ညအိပ်ပြီး အိမ်ပြန်လာတယ်။

အမေက မဟာဒုက် ဒုလ္လဘရဟန်းခံရှင်ပြုပွဲအတွက် အစည်းအဝေးလုပ်မယ့် ရပ်ကွက်ရုံးကိုလွှတ်လို့ မသွားချင်ပေမယ့် ကိုယ့်အလုပ်က ရပ်ကွက်လူကြီးနဲ့ မကင်းနိုင်တာမို့ ထွက်လာခဲ့တယ်။ အစည်းအဝေးမှာ လူကြီးပိုင်းက များတယ်။ ကျွန်တော်က အဖေ့ကိုယ်စား လာတက်တာမို့ဘာမှ ပြောစရာ မလိုပါဘူး။ ရောက်ကြောင်း လာကြောင်းလောက်သတင်းပေးပြီး နားထောင်နေရတယ်။ နောက်ဆုံး မဏ္ဍပ်ဆောက်ဖို့ အငြိမ့်စင်ဆောက်ဖို့ တာဝန်ကျတယ်။ လူငယ် ကာလသား ကာလသမီးတွေကိုစည်းရုံးဖို့ စည်းရုံးရေးမှူး တာဝန်ကို ပေးကြတယ်။ စည်းရုံးလို့ရတယ်။ လုပ်ဖော်ကိုင်ဖက် ဒိုင်းနမိုင်းနဲ့ ပုဏ္ဏကတို့ပါ အငြိမ့်စင်၊ မဏ္ဍပ် လာထိုးပေးကြတယ်။ ရပ်ကွက်လူကြီးက ဒါကိုကြည့်ပြီး ကျွန်တော့်ကို ချီးကျူး

လိုက်တာ မိုးမွှန်နေတာပဲ။ ဒါကို ကျွန်တော်ကတော့ ကိုယ့်အကြောင်း သိလို့ တမင်များ လုပ်သလားလို့ စိတ်မလုံ ဖြစ်သွားမိတယ်။ ဒါပေမယ့် မကောင်းမှုထဲက ကောင်းမှုကုသိုလ်လေး ရတယ်လို့ ဝမ်းသာသွားမိတာ တော့ အမှန်ပါပဲ။

လှူဒါန်းကျွေးမွေးပြီး နောက်တစ်နေ့မှာ ပန်းလှိုင်က သူငယ်ချင်းကား ကို ငှားပြီး ကာလသား၊ ကာလသမီးတွေနဲ့ ရန်ကုန်ကို ဘုရားဖူးတောင် ထွက်လိုက်ကြသေးတယ်။ အဲဒီမှာ ကြည်ကြည်လှ မပါဘူး။ အဲဒါကြောင့် ညနေ အစ်မအိမ်ကိုသွားတော့ အစ်မက "သူ့ကို ရန်ကုန်ဘုရားဖူး မခေါ် ရကောင်းလားလို့ နင့်ကောင်မ စိတ်ဆိုးနေတယ်၊ သွားချော့လိုက်ဦး" လို့ ပြောတယ်။ ကျွန်တော်ကလည်း ကြည်ကြည်လှကို တွေ့ချင်နေတာနဲ့ အတော်ပဲ ဖြစ်သွားတယ်။ ကြည်ကြည်လှကို ဒီနေ့အထိ ကျွန်တော် ချစ်ပါ တယ်လို့ မပြောဝံ့သေးဘူး။ ကျွန်တော့်ကို ကြည်ကြည်လှက အလိုလိုက် တာတော့ အစ်မလိုတစ်မျိုး၊ မိဘလိုတစ်ဖုံမို့ တွေ့တိုင်း ဆုံးမစကားတွေ ချည်း ပြောနေတော့ မပြောရဲတာလည်း ပါတယ်။

ဘာပဲဖြစ်ဖြစ် ဒီကနေ့တော့ ဖွင့်ပြောမယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ အစ်မအိမ်က ရေပုံးယူပြီး ရေခပ်သလိုနဲ့ ရေစင်နားမှာ သွားစောင့်နေ တယ်။ ညနေ ခြောက်နာရီလောက်မှာ သူ့ညီမနှစ်ယောက်နဲ့ ရေစင်မှာ ရေလာခပ်ကြတယ်။ ကျွန်တော် အနားကို သွားပြီး နှုတ်ဆက်တော့ စကား ပြန်မပြောဘူး။ ဒါနဲ့ သူ့ညီမတွေ ထွက်သွားကြတဲ့အချိန်မှာ အနားကပ် သွားပြီး ကြည်ကြည်လှ ရေပုံးကို ဆွဲထားလိုက်တယ်။

"ကျွန်တော့်ကို စကားတောင် မပြောတော့ဘူးလား၊ ကြည်ကြည်လှ အဲဒီလိုလုပ်ရင် ကျွန်တော် မနေတတ် မထိုင်တတ် ဖြစ်နေရတယ်ဆိုတာ မသိဘူးလား" ဆိုတော့ "ဖယ်စမ်းပါ၊ အနားကလူတွေ မြင်ကုန်ဦးမယ်" ဆိုပြီး ရေပုံးကို လှမ်းယူတယ်။ အတင်း ရေပုံးကို ဆွဲပင့်ပေးလိုက်ရလို့ သူ့တစ်ကိုယ်လုံး ရေတွေ စိုကုန်တော့ သူ့ကိုယ်လုံးအလှက ပိုပေါ်လာပြီး ပိုတပ်မက်စရာ ကောင်းလာတယ်။ အဝတ်က အသားနဲ့ကပ်ပြီး ပိုပေါ်လာ တာမို့ ကျွန်တော် ရင်ခုန်လာတယ်။ ကြည်ကြည်လှ ထွက်သွားတော့ ကျွန်တော် ငေးကျန်ခဲ့တယ်။





နောက်တစ်ခေါက် ရေလာခပ်တော့ သူ့ညီမတွေ ပါမလာတော့ဘူး။ ဒါကြောင့် ရဲရဲဝံ့ဝံ့ပဲ "ကြည်ကြည်လှကို ကျွန်တော် ချစ်နေတာ ကြာပါပြီ ဗျာ" လို့ သူ့လက်ဖမိုးကို အုပ်ကိုင်ပြီး ပြောလိုက်မိတယ်။ သူ့အဖြေက "မမိုက်ချင်စမ်းပါနဲ့ ငါ့မောင်ရယ်" တဲ့။

ကျွန်တော်က သူ့ကို ဆက်တိုက်ကြီး ချစ်ကြောင်း၊ ကြိုက်ကြောင်း၊ လက်ထပ်ယူပါ့မယ်ဆိုတဲ့အကြောင်း ရေငတ်သလို တတွတ်တွတ် ပြောချ လိုက်တော့ ရေပုံးကို အတင်းလုရွက်ပြီး ထွက်သွားတယ်။ ကျွန်တော် ပြန် လာတော့ ရိပ်မိနေတဲ့ အစ်မက "ဒီနေ့တော့ ငါ့မောင်က ရေခပ်လို့ကို မဝ ဖြစ်နေပါလား" လို့ စတယ်။ အစ်မကို ပြုံးပြပြီး ကျွန်တော် ငြိမ်နေ လိုက်တယ်။

မနက်ကျတော့ စာတစ်စောင်ရေးပြီး ကြည်ကြည်လှ ဈေးအလာကို ဘူတာရှေ့ဘက်ကစောင့်ပြီး ဆွဲခြင်းထဲ ထည့်ပေးလိုက်တယ်။ ကျွန်တော့် ကို တစ်ချက်ပဲ ကြည့်ပြီး စာကို ကမန်းကတန်း ဆုပ်ကိုင်ယူသွားတယ်။ နောက်တစ်နေ့ ရေခပ်ချိန်မှာတော့ အစောကြီး လာစောင့်နေမိတယ်။ သူကလည်း တစ်ယောက်တည်းပဲ ရေလာခပ်တယ်။ သူ့ညီမတွေ မပါ တော့ အနားသွားပြီး ရေပုံးကို ပင့်ပေးလိုက်တယ်။ သူက ဘာမှ မပြော ဘူး။ ကြည်ကြာသာသာမို့ ဝမ်းသာသွားတယ်။ နောက်တစ်ခေါက်မှာတော့ အချိန်ကလည်း မှောင်ရည်သန်းစမို့ သူက ရေပုံးလာတောင်းတော့ လက် ကို ဖမ်းဆွဲထားပြီး အဖြေတောင်းတယ်။

"ချစ်ရင် ချစ်မယ်၊ မချစ်ရင် မချစ်ဘူး၊ တစ်ခွန်းတည်းပဲ ပြောပါ၊ မချစ်ဘူးဆိုရင် နောက်ကို ဘယ်တော့မှ ဒီရေစင်ကိုလည်း မလာတော့ဘူး၊ ခု ဒီအဖြေကိုပဲ ပြောထားခဲ့ပါ" ဆိုပြီး လက်ကို ဆွဲထားတော့ ကျွန်တော့် မျက်နှာကို ပြုံးသလို၊ မဲ့သလို တစ်ချက်ကြည့်ပြီး "အချိန်တွေ ရှိပါသေး တယ်၊ မလောပါနဲ့၊ ဖြည်းဖြည်းပေါ့" တဲ့။

ကျွန်တော်က စိတ်မရှည်တော့တာနဲ့ အတင်းဖက်ထားလိုက်ပြီး "မပြောရင် မလွှတ်ဘူးဗျာ၊ ဖြစ်ချင်ရာဖြစ်၊ ကျော်မြင့်အကြောင်း သိတယ်မ ဟုတ်လား" ပြောတော့ အတင်းရုန်းပြီး လွှတ်ခိုင်းတယ်။

"စိတ်ချ၊ ဆုံးဖြတ်ပြီးလာတာ မပြောလို့ကတော့ လွှတ်ကို မလွှတ်

ေတာ့ဘူး၊ မိုးလင်းချင် လင်းသွားပါစေ" ဆိုတော့မှ "ချစ်ပါတယ်တဲ့တော်၊ ချစ်ပါတယ်တဲ့" လို့ ပြောလာတယ်။ ကျွန်တော်က ဝမ်းသာအားရနဲ့ တစ်ချက် ဖက်နမ်းလိုက်တော့ သူထွက်ပြေးပြီး ရေပုံးကို ခေါင်းပေါ်တင်လိုက်တယ်။ ရေပုံးထဲ ရေပါမှန်း မပါမှန်း ကြည်ကြည်လှ သတိထားမိပုံမရဘူး။ အဲဒါကြောင့် "ကြည်ကြည်လှ ရေမှ ရေပုံးထဲ မပါသေးတာ လာဦး ခပ်ပေးမယ်" ဆိုမှ ရှက်ရှက်နဲ့ နှုတ်ခမ်းစူပြပြီး "သူ့ကို ကြောက်လို့" လို့ ပြောတယ်။ ကျွန်တော်က ရေခပ် ပင့်ပေးလိုက်တော့ အနမ်းတစ်ပွင့်ကို သူ့ရေအိုးထဲ ထည့်ယူသွားလိမ့်မယ်လို့ ထင်လိုက်ပါတယ်။ အဲဒီကစပြီး ကြည်ကြည်လှနဲ့ ကျွန်တော်တို့ ချစ်ခဲ့ကြတာပါပဲ။

တစ်နေ့ ဒိုင်းနမိုင်းနဲ့ ကျွန်တော်တို့ မန္တလေးရထားပေါ်မှာ အလုပ်လုပ်ဖို့ ထွက်လာခဲ့ကြတယ်။ သာစည်ဘူတာမှာ တွဲဖြုတ်တတ်တဲ့ ရွှေညောင်ပင်တွဲကို ကူးအလာ အဘိုးကြီးတစ်ယောက်၊ အဘွားကြီးတစ်ယောက်နဲ့ မိန်းမရွယ်တစ်ယောက်ကို တွေ့ရတယ်။ အဆင်းအတက် အပေါက်ကနေ အထဲကိုကြည့်လိုက်တော့ အနီးအနားတစ်ပိုက်မှာ ရွှေဆွဲကြိုး၊ လက်ကောက်၊ နာရီ အပြည့်အစုံနဲ့ အမျိုးသမီးတစ်ယောက်ကို မြင်နေရတယ်။ မြင်ကွင်းက သိပ်ပြီး အဆင်ပြေနေတယ်။ အဲဒါကြောင့် ပါလာတဲ့ ဘက်အိတ်ကို အဆင်းအတက် အပေါက်ဝဘေးနားမှာ ချပြီး မတ်တတ်ရပ်လိုက်တယ်။ ဒိုင်းနမိုင်းကတော့ တွဲကြားထဲမှာ ရှိနေတယ်။ အခြေအနေကောင်းမှ ခေါ်လိုက်မယ်လို့လည်း မျက်စပစ်ပြထားတယ်။

အဘွားကြီးက "ငါ့သား အပေါက်ဝမှာ မစီးနဲ့ကွယ်၊ လိမ့်လက်ကျနေပါဦးမယ်၊ အထဲကို လာပါ၊ နေရာမရရင်လည်း အဒေါ်တို့ အိတ်ပေါ်မှာ ထိုင်ပါ၊ ကွဲရှကျိုးကြေစရာ မပါပါဘူး" လို့ ခေါ်တယ်။

ကျွန်တော်က "ရပါတယ်၊ ဒီနားလေးတင်ပါ" ဆိုတော့ အဘိုးကြီးရော အဘွားကြီးပါ "မဟုတ်ဘူးကွယ့်၊ နီးပေမယ့် အထဲဝင်စီးပါ၊ လုယက်တတ်တဲ့ အကောင်တွေနဲ့ သားတွေ့ရင် မကောင်းဘူး" တဲ့။ ကျွန်တော် မသိမသာ ပြုံးမိလိုက်ပြီး အထဲဝင်ထိုင်လိုက်ရတယ်။

အဘိုးကြီး၊ အဘွားကြီးတို့က ကျွန်တော့်ကို သူတို့လို ခရီးသည်အထင်နဲ့ စိုးရိမ်ပြီး သတိပေးကြတဲ့အပြင် ဆီထမင်းနဲ့ ငါးကြော်ကိုပါ





အတင်း ကျွေးကြတယ်။ ကျွန်တော့်ကို သူတို့က ခရီးသည်လို့ ထင်မယ်ဆိုရင်လည်း ထင်စရာပါပဲ။ ကျွန်တော့်မှာက ဘက်အိတ်၊ တိုက်ပုံ၊ နာရီ၊ လက်စွပ်တွေနဲ့ အကျအနကိုး။ သူတို့ကျွေးတဲ့ ဆီထမင်းနဲ့ ငါးကြော်ကို လည်ပင်း မနင်အောင် ကျွန်တော် ကြိုးစား မျိုချနေရတယ်။ ညောင်လေးပင်ကိုရောက်တော့ အောက်ကိုဆင်းပြီး ဒိုင်းနမိုင်းကို နောက်တွဲသို့ ခေါ်လာရတယ်။ ဒီအဘိုးကြီး၊ အဘွားကြီးတို့ မိသားစုကို ကျွန်တော် မလုပ်ရက်တော့ဘူး။ လုပ်ရင် ကျိန်းသေရမယ်ဆိုတာ သိပေမယ့် စိတ်ထဲက သနားသွားတယ်။

နောက်တစ်တွဲကို လိုက်ကြည့်တော့ အထက်တန်း လူစီးတွဲမှာ ဘဲသုံးပွေကို တွေ့ရတယ်။ အလယ်မှာ ကက်ဆက်နဲ့ သူတို့ ဘက်အိတ်တွေကို လေပိုက်လိုင်းမှာ ချိတ်ထားကြတယ်။ ခေါင်းပေါ်က တန်းမှာလည်း ပစ္စည်းအိတ်ကြီးတွေ၊ သေတ္တာတွေနဲ့။ အဲဒါကြောင့် ဒိုင်းနမိုင်းကို အထာ ပြလိုက်ပြီး ကပ်လျက်တွဲကြားကနေ လိုက်လာကြတယ်။ ဖြူးက ထွက်တာနဲ့ အထက်တန်းတွဲထဲကို ဝင်လိုက်ကြတယ်။ ဒိုင်းနမိုင်းက အိမ်သာထဲကနေ တံခါးဖွင့်ဝင်ပြီး အပေါက်ဝမှာ ရပ်နေလိုက်တယ်။ သူ့လက်ထဲရှိတဲ့ ကားရုပ်ကျိုးတစ်တောင်လောက်နဲ့ မောင်းပြန်ဓားမြှောင်ကို ဂုန်နီအိတ်နဲ့ ပတ်ပြီး စည်းကိုင်ထားတယ်။ ကျွန်တော် အိမ်သာနဲ့ ထိုင်ခုံကြားရောက်တော့ ဘဲသုံးပွေက လှည့်ကြည့်ကြတယ်။ ကျွန်တော် သေနတ်ကို ဆုပ်ကိုင်ပြီး ဒိုင်းနမိုင်းကို အချက်ပြလိုက်တယ်။

ချက်ချင်းပင် ကျွန်တော် အနားကပ်လိုက်ပြီး "ဟေ့ . . . ဒီမှာ တစ်ယောက်မှ မလှုပ်နဲ့၊ အားလုံး ခုံအောက်ကို ဝင်လိုက်ကြစမ်း၊ လှုပ်တဲ့ကောင် မသာဖြစ်မယ်၊ ဒါပဲ" လို့ ပြောကြိမ်းကြိမ်းလိုက်တဲ့ ကျွန်တော့်စကား မဆုံးခင်မှာဘဲ လူသွားလမ်းက ခုံမဲ့စီးလာတဲ့ လူတစ်ယောက်က ကျွန်တော့် ခါးအောက်ပိုင်းကို အတင်းဝင် ဖက်လုံးတယ်။ကျွန်တော် ရုတ်တရက် ကြောင်သွားတဲ့အတွက် သေနတ်ကိုင်တဲ့လက်ကို ချုပ်မိပြီးသားဖြစ်သွားတယ်။ သတိရရချင်း လွတ်နေတဲ့ လက်တစ်ဖက်နဲ့ ခါးကြားက ဓားကို ဆွဲထုတ်ပြီး နောက်ကျောကို စိုက်ချလိုက်တယ်။ အဲဒီအချိန်မှာ ဒိုင်းနမိုင်းက ထပ်ဝင်လာတဲ့ လူတစ်ယောက်ရဲ့ နားရွက်နဲ့ နားထင်ကို

တစ်ပေါင်းတည်း ရိုက်ချလိုက်နိုင်တယ်။ "အား" ဆိုတဲ့ အသံနှစ်သံက တစ်ပြိုင်တည်းလောက် ထွက်သွားတယ်။ ဒိုင်းနမိုင်းက "သေချင်တဲ့အကောင် ထစမ်း၊ ဒီမှာတွေ့လား၊ တစ်တွဲလုံး ပြာကျသွားမယ်" ဆိုပြီး ကားရှပ်အကျီုကို မီးရောင်အောက်မှာ ထောင်ပြလိုက်တယ်။

ကျွန်တော် ဓားမြှောင်နဲ့ စိုက်ချလိုက်တဲ့လူလည်း ခွေကျသွားပြီး ခြေရင်းမှာ ကုန်းကုန်းကြီး ဖြစ်နေတယ်။ ဒိုင်းနမိုင်း ရိုက်ချလိုက်တဲ့ကောင်လည်း မှောက်ပြီး လူသွားလမ်းမှာ ကန့်လန့်ကြီး ဖြစ်နေတယ်။ ချက်ချင်းပဲ ယူစရာရှိတာကို ယူလိုက်တယ်။ တောင်ကြီး အိတ်ရှည်နှစ်လုံးနဲ့ ဘက်အိတ်တစ်လုံး။ ကက်ဆက်တစ်လုံးယူပြီး အဆင်းအတက် အပေါက်ဝက တွဲကြားထဲကို ကူးလိုက်ရတယ်။ ရထားက သိပ်မြန်နေတဲ့အတွက် အိတ်ရှည်နှစ်လုံးကို အရင် ပစ်ချလိုက်ရတယ်။ ဘက်အိမ်ကို ကက်ဆက်ထည့်ပြီး သံလမ်းဘေးနဲ့ နိမ့်နိုင်သမျှ နိမ့်ချပြီး ကက်ဆက်အိတ်ကိုလည်း အသာပစ်ချလိုက်ရတယ်။ နှစ်ယောက်သားကတော့ ပြေးနေတဲ့ ရထားအရှိန်ကို ယူပြီး ရှေ့ဆင့်နောက်ဆင့် ဆင်းလာခဲ့ကြတယ်။

ကျွန်တော်တို့ မြေပေါ်ကို လှိမ့်ချဆင်းကြတဲ့နေရာနဲ့ ပစ္စည်းချလိုက်တဲ့နေရာဟာ ဓာတ်တိုင်နှစ်တိုင်လောက်မှာ တောင်ကြီးအိတ်ရှည်နှစ်လုံးရှိနိုင်တယ်လို့ မှန်းဆရတယ်။ ဘက်အိတ်ကိုတော့ ဓာတ်တိုင်တစ်တိုင်လောက် အရောက်မှာ တွေ့ရတယ်။ ဘက်အိတ်ကိုယူပြီး တောင်ကြီးအိတ်ရှည်နှစ်လုံးကို ယူဖို့အသွား ရထားထိုးရပ်သွားတဲ့ အသံနဲ့ သံလမ်းကို ရထားဘီးပွတ်ကြိတ်လိုက်သံတို့ကို တစ်ပြိုင်တည်း ကြားလိုက်ရတယ်။

ကျွန်တော်တို့ ရှေ့ဆက်ပြီး ကန်သင်းပေါင်ဘေးကနေ အိတ်ရှည်နှစ်လုံးရှိတဲ့ နေရာကို ပြေးလာကြတယ်။ အဖြူရောင်အိတ်ရှည်ကို သံလမ်းဘေးမှာ မြင်နေရပြီး၊ ကြက်သွေးရောင်အိတ်ကတော့ ရထားအရှိန်နဲ့ ဘယ်လွင့်သွားလဲ မသိဘူး။ ခုထိ မတွေ့မြင်ရသေးဘူး။ မြင်နေရတဲ့ အဖြူရောင်အိတ်ရှည်အနားရောက်တော့ ခပေါင်းတံတားက ရထားရပ်သွားတဲ့ဘက်ကို မီးမောင်းကြီး တန်းထိုးလိုက်တယ်။ ခပေါင်းတံတားထိပ်ကင်းမျှော်စင်က ထိုးလိုက်တဲ့ မီးရောင်ဟာ သံလမ်းတစ်ခုလုံး လင်းထိန်သွားတယ်။ အဲဒါကြောင့် ကျွန်တော်တို့ သံလမ်းကုန်းမြင့်ကနေ အောက်





ကို လှိမ့်ချပြီး ဝပ်နေလိုက်ကြရတယ်။ မီးမောင်းကဆက်ပြီး ပတ်ချာလည်လှည့်ထိုးနေတယ်။ ရထားကလည်း နောက်ပြန်မောင်းလာပြန်တယ်။

ရထားနောက်ပြန်မောင်းလာတဲ့အသံနဲ့ ရထားပေါ်က ခရီးသည်တွေဆူညံလာသံကို ငရဲပွက်သလို ကြားနေရတယ်။ မီးမောင်းကထိုး၊ ရထားကနောက်ပြန်ဆုတ်ဆိုတော့ ကျွန်တော်တို့လည်း ဘက်အိတ်ရှည်တွေကိုမှ မယူရဲတော့ဘဲ ခပေါင်းတံတားအရှေ့ဘက်က လယ်ကွင်းတွေမှာ ငုံ့ပြေးလိုက်၊ ဝပ်ချလိုက်၊ မီးမောင်းက ထပ်ထိုးလိုက်၊ လယ်ကွင်းထဲက ရေစွတ်စွတ်ထဲ မှောက်ချလိုက်နဲ့ လုပ်နေရာက ရထားရှိတဲ့ နေရာကို လှမ်းကြည့်လိုက်တော့ ကျွန်တော်တို့နဲ့ အတော်လေး လှမ်းနေတာကို မြင်လိုက်ရတယ်။ သံလမ်းပေါ်မှာလည်း လက်နှိပ်ဓာတ်မီးတဝင်းဝင်းနဲ့ မီးမောင်းလှမ်းထိုးတဲ့ နေရာကို ချုံပုတ်တွေကို သေနတ်နဲ့ တဒိုင်းဒိုင်း စွတ်ပစ်နေကြတယ်။

ကြောက်ကြောက်နဲ့ ခေါင်းကို မထောင်ရဲကြသေးဘဲ လယ်ကွက်ထဲက ရေအိုင်ထဲ ငုပ်လိုက်၊ ထိုင်လိုက်၊ မီးမောင်းရောင် လှည့်လာရင် ပြန်ငုပ်လိုက်၊ မီးရောင်မှိတ်သွားရင် ထပြေးလိုက် လုပ်နေကြရတယ်။ ကျွန်တော်တို့ ပုန်းဝပ်နေတဲ့နေရာက ကန်သင်းရိုးတစ်လျှောက်ဆိုတော့ မီးရောင်ကွယ်နေတယ်။ ကန်သင်းကြီးကလည်း အကြီးကြီးဆိုတော့ ကန်သင်းကို အကာအကွယ်ယူပြီး ပြေးနေကြရတယ်။ ကန်သင်းခံနေလို့သာ ကျွန်တော်တို့ကို မမြင်နိုင်ကြပေမယ့် တခြား လယ်ကွက်တွေမှာတော့ မီးမောင်းရောင်ကြီးဟာ ထိန်ထိန်လင်းနေတာပါပဲ။

မီးရောင်ကွယ်ချိန် ထပြေးလိုက်၊ မီးမောင်းရောင်နဲ့ နီးလာရင် ပြန်ဝပ်ချလိုက်နဲ့ အင်းတွေ၊ ဒိုက်ကန်တွေ၊ လယ်ကွက်တွေကို ကျော်ဖြတ်ပြီး ချုံတော၊ ကိုင်းတောထဲ ရောက်လာကြတယ်။ ဒါပေမယ့် အပြေးကတော့ မရပ်ရဲကြသေးဘူး။ မိသာမိလိုက်ရင် သေဒဏ်ပေးခံရမယ့် ပြစ်မှုကြီးမို့ အားကုန်ကို ပြေးလာကြတယ်။ ခရီးအတော်ဝေးဝေးကို ရောက်လာကြတော့မှ သက်မကိုယ်စီချပြီး နှစ်ယောက်သား ခဏနားရကြတယ်။ ရထားလမ်းဘက် အခြေအနေကို ပြန်ကြည့်ကြတော့ အခြေအနေ ကောင်းသွားပြီလို့ ယူဆရတယ်။ အဲဒါကြောင့် ရထားလမ်းဘယ်ဘက်လောက်မှာ ရှိနိုင်

မယ်ဆိုတာကို မှန်းဆပြီး လျှောက်လာကြတယ်။ ရထားလမ်းကိုတွေ့မှ ကားလမ်းရှိတဲ့ အရပ်ကို ရှာလို့တွေ့ရမှာကိုး။ မကြာခင် သံလမ်းကို ပြန်တွေ့ရပြီး ကားလမ်းရှိရာဘက်ကို လိုက်လာကြတယ်။

ခရစ်ယာန်သင်္ချိုင်း တစ်ခုအရောက်မှာ ဘက်အိတ်ထဲက အဝတ်တွေထုတ်ပြီး လဲကြရတယ်။ ရေထဲလည်း ငုပ်ပုန်းလာကြတော့ ဘက်အိတ်ထဲက အဝတ်တွေလည်း စိုတစ်ဝက် ခြောက်တစ်ဝက်ပါပဲ။ နှစ်ယောက်စလုံးမှာ ဖိနပ်ကလည်း မပါကြတော့ဘူး။

ကားလမ်းမှာ အတော်ကြာကြာ ကားစောင့်ကြပေမယ့် ကားကမလာတာနဲ့ တောင်ငူဘူတာပေါ် သို့ ခပ်တည်တည်တက်ကြတယ်။ အခြေအနေကို အကဲခတ်ရင်း မန္တလေးဘက်ကလာမယ့် ရထားကို စောင့်နေကြတယ်။ မကြာခင် ကုန်စိမ်းတွေ တင်ထားတဲ့ လော်ကယ်ရထားတစ်စီးလာတာနဲ့ နံပါတ် (၂) ပလက်ဖောင်းကနေ ရထားပေါ် တွယ်တက်လိုက်ကြတယ်။ ရထားပေါ်ရောက်တော့ ကုန်စိမ်းသည်တွေက. . .

"ညက ခပေါင်းတံတားနားမှာ မန္တလေးအမြန်ကို မားပြတက်တိုက်တာ တောင်ငူဆေးရုံကို ထမ်းစင်နဲ့ အလောင်းနှစ်လောင်း တင်သွားကြတယ်။ သေးတွေ မြင်မကောင်းဘူး" ဆိုတဲ့ အသံတွေက ကျွန်တော်တို့နှစ်ယောက်ကို တုန်လှုပ်ချောက်ချားသွားစေတယ်။ ဖြူးကို ရောက်တော့ ရထားပေါ်က ဆင်းကျန်နေခဲ့ကြပြီး ဈေးမှာ ဖိနပ် တစ်ယောက်တစ်ရန် ဝယ်လိုက်ကြတယ်။

ဖိနပ်ဝယ် ထမင်းစားပြီး လက်ဖက်ရည်ဆိုင်မှာ ပစ္စည်းတွေကို သိုသိုသိပ်သိပ် စစ်ဆေးကြည့်ကြတယ်။ ကုတ်အင်္ကျီတစ်ထည်၊ ဘောင်းဘီနှစ်ထည်၊ ရှူးဖိနပ်တစ်ရန်၊ နှစ်ဆယ်တန် အသစ်တစ်အုပ်နှင့် လက်စွပ်နှစ်ကွင်းကို စက္ကူဘူးထဲမှာ တွေ့ရတဲ့အပြင် ရေမွှေးအကောင်းစား နှစ်ပုလင်းကိုလည်း တွေ့ရတယ်။ ဆင်ဖြူတော်ကား လာတော့ နေရာချောင်တာနဲ့ ထိုင်ခုံရလို့ "ဒီတစ်ခါ ကံကြီးလို့ မသေတာ" ဆိုတဲ့ အတွေးနဲ့ ကားပေါ်မှာ ဖြစ်ပျက်ခဲ့တာတွေကို တွေးပြီး မှိန်းလိုက်လာကြတယ်။ ပဲခူးကိုရောက်တော့ သိင်္ဂီမင်း စားသောက်ဆိုင်မှာ စိတ်ကြိုက်စားသောက်ပြီး ပစ္စည်းရလာသမျှကို တစ်ယောက်တစ်ဝက် ခွဲယူပြီး အိမ်ပြန်လာကြတယ်။





လေးရက်လောက် အနားယူပြီး တစ်မနက်မှာ ဒိုင်းနမိုင်း ပေါက်ချလာပြီး "မော်လမြိုင်လိုင်းမှာ အခြေအနေ ကောင်းနေတယ်ကြားတယ်၊ ငါတို့ မော်လမြိုင်လိုင်းကို ပြောင်းလုပ်ရအောင်ကွာ" ဆိုတာနဲ့ မော်လမြိုင်လိုင်းအခြေအနေကို သိရအောင် နှစ်ယောက်သား မနက် ခုနစ်နာရီကို ဆိုက်လာတဲ့ စာပို့ရထားနဲ့ မော်လမြိုင်ဘက်ကို လိုက်လာခဲ့ကြတယ်။ မော်လမြိုင်လိုင်းမှာ အညာသား သထုံစိုးဝင်း၊ ယမ်းဘီလူး၊ နှင်းပုလဲဖိုးတရုတ်တို့နဲ့ အဆင်ပြေစွာပဲ ပူးပေါင်းလုပ်ကိုင်ကြတယ်။ ဒိုင်းနမိုင်းက လုလို့ရတဲ့ ပစ္စည်းကို ဝေစုမခွဲခင် ခိုးလို့ ပြဿနာနှစ်ခါ ဖြစ်ကြတယ်။ တစ်ခါက ပျဉ်ပုံကြီးဘက်မှာ စိုးဝင်းနဲ့ တစ်ယောက်ကိုတစ်ယောက် ဓားနဲ့ထိုးကြတော့မလောက် ဖြစ်ခဲ့ကြတယ်။ အခုလည်း ဘက်အိတ်တစ်အိတ်ထဲမှာပါတဲ့ ပစ္စည်းကို ပြောင်ကျကျ လိမ်ပြီး ဖျောက်ပစ်လိုက်တာကို ကျွန်တော် သိလိုက်ရတယ်။ အဲဒါကြောင့် သူနဲ့ ဆက်လုပ်နေရင် တစ်နေ့မဟုတ် တစ်နေ့ တစ်ယောက်ယောက်နဲ့ ပြဿနာဖြစ်ကြမှာစိုးလို့ တစ်ကိုယ်တော် လမ်းခွဲထွက်လာရတယ်။ ဒီကောင့်ကို ကျွန်တော် နည်းနည်းလန့်တာလည်း ပါတယ်။ ဒီကောင်က ဖိုးသမားပီပီ ဆေးထလာရင် ဘယ်သူမှ လူထင်တဲ့အကောင် မဟုတ်တော့ ကြောက်ရတယ်။ လုတဲ့နေရာမှာလည်း ရဲတင်းလွန်းတော့ အဖမ်းခံရဖို့ သိပ်နီးစပ်နေတယ်။

ဒါနဲ့ တစ်ကိုယ်တော်ပွဲပဲ။ ဒိုင်းနမိုင်းတို့မပါတဲ့ သီးခြားတွဲတစ်တွဲက လူတစ်ယောက်ကို နှင်းပုလဲဘူတာအထွက်မှာ လုလိုက်တယ်။ အလုခံရတဲ့လူက ဒိုက်ဗင်ထိုးဆင်းပြီး လိုက်လာတယ်။ လေဘရိတ်လျော့ပြီး ရထားကလည်း ရပ်သွားတော့ ကျွန်တော့်ကို မိသွားတယ်။ ဖိုးတရုတ်လည်း ကျွန်တော်လုတဲ့ တွဲထဲပါလာတာကို မြင်လိုက်မိတယ်။ ဒါပေမယ့် ဘယ်သူကမှ အလုသမားလို့ ထင်မှာ မဟုတ်ဘူး။ ဒီကောင်ကလည်း ကျွန်တော် လူမိသွားလို့သာ ရထားပေါ်က ခပ်တည်တည် ကြည့်နေတာ။ ပစ္စည်းရလို့ ကျွန်တော် လွတ်သွားတာကို မြင်ရင်တော့ ချက်ချင်း ရထားပေါ်က ခုန်ချပြီး ဝေစုမိုက်ကြေးခွဲဖို့ လိုက်လာမှာ။ ခု ကျွန်တော် လူမိသွားတော့ ဒီကောင်က မသိချင်ယောင် ဆောင်နေတယ်။

ဒိုက်ဗင်ထိုးဆင်းဖမ်းတဲ့လူက ကျွန်တော့်ကို ကုပ်ဆွဲပြီး ရပ်ထားတဲ့

ရထားဆီကို ခေါ်လာတယ်။ ဘူတာနဲ့ နီးနီးလေးမို့ လူအုပ်ကြီးကလည်
ကျွန်တော်တို့ရှိတဲ့ တွဲဘက်ကို လာနေကြတယ်။ ရထားလမ်းတစ်ဖက်က
သံဆူးကြိုးကာ ရော်ဘာခြံတွေ၊ တစ်ဖက်မှာလည်း လယ်ကွင်းတွေအပြ
နေ့ခင်းကြောင်တောင်ကြီးကလည်း ဖြစ်နေတော့ ကျွန်တော် ထွက်ပြေး
နည်းလမ်းတွေကို မရ ဖြစ်သွားတယ်။ အဖြူရောင်ဝမ်းဆက်နဲ့ ကျွန်တေ
ကို ဒိုက်ဗင်ထိုးဖမ်းပြီး ကုပ်ကဆွဲလာတဲ့ လူကြီးရဲ့ အရပ်အမောင်းက
လည်း ခြောက်ပေနီးပါး ရှိမယ်ထင်တယ်။ အဲဒါကြောင့်လည်း ကျွန်တေ
သူ့အိတ်ကိုလုပြီး ခုန်ချအပြေးမှာ ခြေလှမ်း ဆယ်လှမ်းမပြည့်ခင် သူ ဘယ
လိုလုပ် မီလာတယ်ကိုတောင် တွေးမရ ဖြစ်သွားတယ်။

ကျွန်တော် လုပြေးတဲ့ စစ်သုံးအိတ်ရှည်ကြီးကို လက်တစ်ဖက်
ဆွဲထုတ်ယူပြီး "မင်းကွာ ငါ့ကိုမှ လုရတယ်လို့၊ ငါတို့က ပေတစ်သောင်း
နှစ်သောင်းကတောင် ခုန်ဆင်းနေတဲ့ အကောင်တွေကွ၊ မင်း ရထာ
လောက်တော့ ဘယ်ပြေးလွတ်မလဲ ဟဲ . . . ဟဲ . . . " ဆိုပြီး ကျွန်တော်
ကို ကုပ်ညှစ်ပြီး ဆွဲခေါ်လာတယ်။

လူအုပ်ကြီးကတော့ "ရိုက်ကွာ . . . ချ . . . ချ . . . သူခိုးတွေ ရထာ
ပေါ်မှာ လုနေတဲ့အကောင်တွေ အသေသတ်ပစ်၊ အသက်နဲ့မထားရ
ကောင်းတယ်" လို့ ဝိုင်းအော်ပြောနေကြတယ်။ ကျွန်တော် လုယက်ခိုးဆို
တိုက်ခိုက်လာတာ ဒီတစ်ခါလောက် တစ်ခါမှ မကြောက်ခဲ့ပါဘူး။ လူအုပ်
ကြီးက ကျွန်တော့်ကို စိစိညက်ညက်ကြေအောင် ရိုက်ကြတော့မှာပဲ အထ
နဲ့ တစ်ကိုယ်လုံး ထူပူပြီး မျက်စိတွေပါ ပြာလာတယ်။

ကျွန်တော့်ကို ဒိုက်ဗင်ထိုး ခုန်ချဖမ်းလာတဲ့ လူကြီးက. . .

"မင်းတို့နဲ့ ဘာမှမဆိုင်ဘူး၊ မင်းတို့ လက်ဖျားနဲ့တောင် မတို့ကြနဲ့
ငါ့ပြဿနာ ငါ ရှင်းမယ်၊ ဖယ်ကြစမ်း၊ ဖယ်ကြစမ်း" ဆိုပြီး စာတိုက်တွဲ
ရှိရာကို ခေါ်လာတယ်။ နှင်းပုလဲစခန်းမှူးက. . .

"ဒါ ကျွန်တော်တို့နဲ့ဆိုင်တဲ့ အမှုမို့ ကျွန်တော်တို့ လက်ကို အပ်ပါ
ဆိုတော့ ကျွန်တော့်ကို ဖမ်းလာတဲ့ လူကြီးက. . .

"ကျွန်တော် ဒီတရားခံကို မော်လမြိုင်အထိ ခေါ်သွားပြီး ဟိုရောက်မှ
အရေးယူပါရစေ၊ ကျွန်တော့်မှာ အချိန် သိပ်မရလို့ပါ" ဆိုပြီး အိတ်ထဲက





ကတ်ပြားအခေါက်ကလေးကို ထုတ်ပြလိုက်တော့ စခန်းမှူးက သူ့ကတ်ပြား
ကို ပြန်ပေးပြီး ချက်ချင်း သတိဆွဲပြီး အလေးပြုလိုက်တာကို မြင်လိုက်ရ
တယ်။ ကျွန်တော် မျက်လုံးပြူး အံ့ဩသွားမိတယ်။ စခန်းမှူးက "ခေါ်သွား
နိုင်ပါတယ်" ပြောပြီး နှုတ်ဆက်ပြန်သွားတယ်။ဒီလူက အကောင်ကြီးတစ်
ကောင်ပါလားလို့ တွေးပြီး ကျွန်တော် တော်တော်ထိတ်လန့်နေမိတယ်။

ရထားထွက်တော့ ကျွန်တော်ကို "ငါ့ညီ မင်း ငါ့ပစ္စည်းကို ဘာလို့
လုရလဲ၊ ဘယ်မှာနေလဲ၊ မင်း ဒီလို လုပ်ကိုင်စားသောက်နေတာ ဘယ်
လောက်ကြာပြီလဲ၊ မိဘ မရှိဘူးလား၊ ကျောင်းမနေဘူးလား" နဲ့ သူက
မေးခွန်းတွေ တသီတတန်းကြီး မေးတာကို ကျွန်တော် ကြောက်ကြောက်နဲ့
တစ်ခုစီ ဖြေရတယ်။

"ကျွန်တော် ပဲခူးကပါ။ အမှတ် (၁) အထက်တန်းကျောင်းမှာ ကိုး
တန်းနေပါတယ်။ အခု ကျောင်းပိတ်လို့ အိမ်စရိတ်၊ ကျောင်းစရိတ် ရ
မလားဆိုပြီး ပစ္စည်းဝယ်ရောင်းလုပ်မလို့လာတာ အလုခံလိုက်ရပြီး ငွေတွေ
ရော ပစ္စည်းတွေပါ အကုန်ပါသွားပါတယ်။ အဲဒါနဲ့ ကြံရာမရလို့ အခုလို
အစ်ကို့ပစ္စည်း လုမိတာ ခွင့်လွှတ်ပါ အစ်ကို၊ အရင်က ဒီလို တစ်ခါမှ
မလုပ်ဖူးပါဘူး" ပြောတော့ ကျွန်တော့်ကို သေသေချာချာကြည့်ပြီး. . .

"ရော့ ဒီမှာကြည့်စမ်း၊ ငါ ဘယ်သူလဲဆိုတာ" ပြောပြီး ကတ်ပြား
တစ်ခုကို ထုတ်ပြတယ်။ ကျွန်တော် ယူကြည့်လိုက်တော့ လေတပ်က
ဗိုလ်တစ်ယောက် ဖြစ်နေတယ်။ သူ့ကတ်ပြားထဲမှာ အစိမ်း၊ အဝါ၊ အပြာ
တွေနဲ့ သင်္ကေတတွေက ရှုပ်ယှက်ခတ်နေတယ်။ ကျွန်တော် သူ့ကတ်ပြား
ကို ပြန်ပေးလိုက်ပြီး ထပ်တောင်းပန်ရတယ်။

"မင်း ထမင်းစားပြီးပလား" လို့ မေးတော့ "မစားရသေးပါဘူး၊ ငွေ
အားလုံး အလုခံရတဲ့အထဲ ပါသွားတာနဲ့ ထမင်းငတ်လာပါတယ်" လို့
သနားအောင် ထပ်ပြောရတယ်။ ရင်းငြိမ်ဘူတာရောက်တော့ သူက
ကြက်သားနဲ့ ထမင်းနှစ်ထုပ် မှာလိုက်တယ်။ ရေတစ်အိုးလည်း ဝယ်တယ်။
ကျွန်တော့်ကို "မင်း အရက်သောက်တတ်လား"လို့လည်း ထပ်မေးတယ်။
ကျွန်တော်က "မသောက်တတ်ပါဘူး"ဆိုတော့ "အရက်မသောက်တတ်
ရင် ထမင်းစားကွာ" ဆိုပြီး ထမင်းနှစ်ထုပ်စလုံးကို ပေးတယ်။ သူက သူ့

အိတ်ထဲပါတဲ့ ပုလင်းပြားထဲက အရက်ကို သောက်နေတယ်။ ကျွန်တော်လည်း မနက်စာ မစားခဲ့ရတော့ ဆာဆာနဲ့ ထမင်း စားလိုက်ရတယ်။

ပထမ အကြံအစည်က ဒီလူကို လုဖို့ မရည်ရွယ်ခဲ့ဘူး။ ဖိုးတရုတ်အိမ်က လက်ဖက်ရည်သောက်ဖို့ ဘူတာပေါ်တက်လာတာပဲ ဖြစ်တယ်၊ ရထားရပ်လာတော့ တွဲအပေါက်ဝမှာ ထိုင်နေတဲ့ ဘောင်းဘီဖြူ အကျီဖြူနဲ့ စစ်သုံးအိတ်ရှည်ကြီးကို အပေါက်ဝဘက်မှာ ထားထားတဲ့ သူ့ကို မြင်လိုက်ရတယ်။ လူက ဝတ္ထုစာအုပ်တစ်အုပ်ကို သဲသဲမဲမဲ ဖတ်နေတဲ့အတွက် အကွက်တွေ့ပြီထင်ပြီး ရထားအထွက်မှာ တက်လုမိခြင်း ဖြစ်တယ်၊

ထမင်းစားသောက်ပြီးကြတော့ ကျွန်တော့်ကို သူက စီးကရက်တိုက်တယ်။ဒီလူ ဘာအကြံအစည်နဲ့များ ကျွန်တော့်အပေါ် ဒီလောက်ကောင်းနေပါလိမ့်လို့လည်း သံသယနဲ့ သူ့ကို အကဲခတ်ကြည့်လာမိတယ်။ ကျွန်တော့်ကို သူဆင်းဖမ်းတုန်းက လေထီးပိတ်သားနဲ့ ချုပ်ထားတဲ့ သူ့ဘောင်းဘီနဲ့ သူ့အကျီရဲ့ ဒူးခေါင်းနဲ့ တံတောင်ဆစ်နေရာတွေမှာ ငြိပြီး နည်းနည်း စုတ်သွားတာ တွေ့ရတယ်။ကျွန်တော် သူ့ကို လုပ်မိတဲ့အတွက် ကြောက်လည်းကြောက် စိတ်မကောင်းလည်း ဖြစ်နေမိတယ်။ ဆေးလိပ်သောက်နေရင်းက ဘာစိတ်ကူးပေါက်တယ် မသိဘူး။ သူ့အိတ်ရှည်ကြီးကို ဖွင့်ပြပြီး

"ဒါက ငါ့သုံးလစာငွေ၊ ဒါက အမေဖို့၊ ဒါက ငါ့ညီမလေးဖို့၊ အခု အမေအသည်းအသန် ဖြစ်နေလို့ သံကြိုးရိုက်ခေါ်တာနဲ့ ငါလာခဲ့ရတာကွ ခွင့်က သုံးရက်ပဲ ရတယ်။ မော်လမြိုင်ကနေ ရန်ကုန်ကို အသွားအပြန် နှစ်ရက်ဆိုတော့ အမေ့ကို တစ်ရက်ပဲ ပြုစုချိန်ရမယ်။ ကိုယ် တော်တော် စိတ်မကောင်းဖြစ်လာတဲ့ကြားထဲ ငါ့ညီက အစ်ကို့ကိုမှ လုပ်ရက်တယ်ကွာ" ဆိုပြီး သူက ခေါင်းငုံ့မျက်ရည်ကျတော့ ကျွန်တော်လည်း သူ့ကို ငိုမလောက်ကို သနားသွားတယ်။ အဲဒါကြောင့် သူ့ကို တစ်လမ်းလုံး အထပ်ထပ် အခါခါ တောင်းပန်လာမိတယ်။

ရထားက စာတိုက်တွဲတံခါးကိုဖွင့်ပြီး မောင်းနေတော့ ကျွန်တော် ပြေးမယ်ဆို ရင်းငြိမ်ဘူတာအထွက်နဲ့ ဇင်းကျိုက်ဘူတာအထွက်တွေမှာ ပြေးလို့ရတယ်။ အသားတော့ အနာခံရမယ်။ ဒါပေမယ့် သူ့ကို သနားတာ ရယ်၊ သူကလည်း ပေတစ်သောင်း နှစ်သောင်းကတောင် ခုန်ဆင်းနေကျ





လူဆိုတော့ လွတ်နိုင် မလွတ်နိုင် တွေးမိပြီး မပြေးဖြစ်ဘူး။ ဒီလိုနဲ့ မုတ္တမဘူတာကို ရောက်လာတယ်။ သူက ကျွန်တော့်ကို အရင်အောက်ဆင်းခိုင်းပြီး အပေါ်က သူ့ပစ္စည်းတွေကို တစ်ခုပြီးတစ်ခု ချပေးတယ်။ ကျွန်တော် သူ့ကို ပစ္စည်းချပေးနေရင်း ပတ်ဝန်းကျင်ကို ပြေးဖို့ အကဲခတ်ကြည့်တော့ သူ့သူငယ်ချင်းတွေက အနားကို ရောက်လာကြတယ်။

သူ့ကို ကျွန်တော် ခွင့်တောင်းပြီး လက်မှတ်ရောင်းတဲ့ရုံထဲ ဝင်လာတယ်။ လက်မှတ်တစ်ခုကို ဝယ်လိုက်ပြီး လက်မှတ်ကျောဘက်မှာ ပဲခူးကမိဘတွေကို အသိပေးဖို့ စာရေးလိုက်တယ်။ ကျွန်တော့်ကို လက်မှတ်ရောင်းက ဘယ်လိုမြင်လဲ မသိဘူး အံ့ဩကြည့် ကြည့်နေတယ်။ မုတ္တမဘူတာက ရုံပိုင်ဦးလှထွန်းဟာ အဖေ့ရဲ့ညီ တော်တော့. . .

သူလာရင် ဒီလက်မှတ်ကို ပေးလိုက်ပါ။ ကျွန်တော် မော်လမြိုင်ရဲစခန်းကိုလိုက်သွားရကြောင်း ပါးစပ်နဲ့လည်းမှာပြီး လက်မှတ်ရောင်းကို လက်မှတ်ပြန်ပေးလိုက်တယ်။ ကျွန်တော် ဘူတာရုံထဲက ထွက်လာတော့ လေတပ်ဗိုလ်ဟာ သဘော်ဆိပ်ကနေ ကျွန်တော့်ကို လှမ်းကြည့်နေတယ်။လူတွေက သိပ်ကျပ်တော့ ဒီနေရာမှာလည်း ကျွန်တော် ပြေးရင် လွတ်နိုင်တယ်။ ဒါပေမယ့် ကျွန်တော့်စိတ်ထဲမှာ တရားခံတစ်ယောက် ဆိုတဲ့ အသိကို ရှိမနေတော့ဘူး။ အဲဒါကြောင့် ပြေးဖို့ကို မေ့နေသလိုပဲ။ ဒါနဲ့ ကျွန်တော့်ကို ရပ်ကြည့်နေတဲ့ လေတပ်ဗိုလ်ဆီ ရောက်လာရတယ်။

သူက သူ့သူငယ်ချင်းတွေနဲ့ သူ့ပစ္စည်းတွေကို ဝိုင်းသယ်ခိုင်းတယ်။ ကျွန်တော်လည်း ကောင်းကောင်းမွန်မွန်ပဲ ဝိုင်းသယ်တင်ပေးပါတယ်။ ကျွန်တော့်ကို သူက ကုပ်ကိုလည်း မကိုင်၊ ကြိုးလည်း မချည်ဘဲ မော်လမြိုင်ဘက်ကမ်းကို ဒီအတိုင်း ခေါ်လာတယ်။ စိတ်ထဲမှာ ထောင်ကျမလား၊ လွတ်မလားနဲ့ ဝေခွဲမရ ဖြစ်လာတယ်။ မော်လမြိုင်ရောက်တော့ ကျွန်တော့်ကို ဒီလူ လွှတ်လိုက်လိမ့်မယ် ထင်ခဲ့တာ လက်စသတ်တော့ မြင်းလှည်းတစ်စီးနဲ့ ရဲစခန်းခေါ်လာတယ်။ စခန်းထဲမှာ တပ်ကြပ်အဆင့် တစ်ယောက်နဲ့ ဒုရဲအုပ်တစ်ယောက် ရှိတယ်။ လေတပ်ဗိုလ်က ကတ်ကို ထုတ်ပြတော့ သူ့ကို အလေးပြုကြတယ်။ ဘာအကူအညီလိုလဲ အမိန့်ရှိပါလို့လည်း လေးလေးစားစား ပြောကြတယ်။

လေတာပ်ဗိုလ်က ကျွန်တော့်ဘက် လှည့်ကြည့်ပြီး "ကျွန်တော့်အိတ်ကို နှင်းပုလဲဘူတာမှာ လုပြီး ဆင်းပြေးတဲ့ ဒီကောင်လေးကို ကျွန်တော် ခေါ်လာတယ်။ သူက ကျောင်းသားတစ်ယောက်၊ ပဲခူးကလို့လည်း ပြောတယ်။ စခန်းမှူးတို့ လိုအပ်သလို အရေးယူပေးပါ"ဆိုပြီး ဒုရဲအုပ်လက်ထဲ အပ်လိုက်တယ်။ ဒုရဲအုပ်က. . .

"မင်းက ကျောင်းသားဆို ဟုတ်လား၊ လုတာကော အမှန်ပဲလား" လို့ မေးတယ်။ ကျွန်တော်ကလည်း. . .

"ဟုတ်ပါတယ်၊ လုမိတာလည်း ကျွန်တော့်ပစ္စည်းတွေ လူလုခံရလို့ ကြံရာမရဖြစ်ပြီး လုပ်မိလုပ်ရာ လုမိတာပါ။ ကျွန်တော့် ဦးလေးဆီကို ကျွန်တော် ဖုန်းဆက်ပြီး ပြောချင်ပါတယ်၊ ခွင့်ပြုပါ" ဆိုတော့ ဒုရဲအုပ်နဲ့ လေတာပ်ဗိုလ်က. . .

"မင်း ဦးလေးက ဘယ်သူလဲ၊ ဘာအရာရှိလဲ၊ ဘယ်မှာနေလဲ" လို့ မေးကြတယ်။ ကျွန်တော်က "ဦးလေးက မုတ္တမရုံပိုင် ဦးလှထွန်းပါ၊ ဦးလေးကို ဖုန်းပြောပါရစေ" ဆိုတော့ လေတာပ်ဗိုလ်က "ဘာကွ၊ ရုံပိုင်ကိုလှထွန်းက မင်းဦးလေး ဟုတ်လား၊ အေး ငါမေးကြည့်မယ်၊ မဟုတ်ရင်တော့ မင်းနာပြီသာမှတ်" ဆိုပြီး ဖုန်းရှိတဲ့အခန်းထဲ ဝင်သွားတယ်။

လေတာပ်ဗိုလ်က ဖုန်းနဲ့ ရုံပိုင်ကို ခေါ်သံကြားနေရတယ်။ ညဂျူတီမို့ မရောက်သေးကြောင်း ပြန်ပြောသံကိုလည်း ကြားနေရတယ်။ အရေးကြီးရင် ခေါ်ပေးပါ့မယ်တဲ့။ ခေါ်ပေးဖို့ပြောပြီး လေတာပ်ဗိုလ်က ဖုန်းချလိုက်တယ်၊ စခန်းမှူးက ကျွန်တော့်ကို ကျောင်းသား အမှန်တကယ် ဟုတ် မဟုတ်၊ မုတ္တမရုံပိုင်နဲ့ တကယ် သိ မသိ အထပ်ထပ်အခါခါ မေးနေတယ်။ ဖုန်းခေါ်သံကြားတော့ လေတာပ်ဗိုလ်က ဖုန်းကို ကောက်ကိုင်လိုက်တယ်။ ဦးလေးနဲ့ လေတာပ်ဗိုလ်နဲ့ စကားပြောကြရင် သက်သာလိမ့်မယ်ဆိုတဲ့အတွေးနဲ့ ကျွန်တော် ဝမ်းသာနေတယ်။ ကျွန်တော် ကျောင်းမထွက်ခင် အချိန်က ဦးလေး ပဲခူးမှာ သင်တန်းတက်တော့ ကျွန်တော်တို့အိမ် နေသွားတာမို့ ပစ်ပစ်ခါခါတော့ ကျွန်တော့်ကို မလုပ်ဘူးလို့လည်း ယုံကြည်နေတယ်၊ အဲဒါကြောင့် ရဲရဲဝံ့ဝံ့ ကျွန်တော် ကျောင်းသား အမှန်ဖြစ်တယ်ဆိုတာ ဦးလေးကို မေးကြည့်ပါလို့ ပြောလိုက်ခြင်း ဖြစ်တယ်။





လေတာပ်ဗိုလ်က ဖုန်းကို ကောက်ကိုင်ပြီး မေးခွန်းတွေ စုံနေအောင် မေးနေတယ်။ ဖုန်းကို လက်ဝါးနဲ့ ပိတ်ပြီး "ငါ မေ့သွားလို့ မင်းအဖေ အမေ နာမည် ဘယ်လဲ" ဟုလည်း ထပ်မေးတယ်။ ကျွန်တော်ကလည်း "ပဲခူးက ရဲရဲတောက် ဦးအေးမောင်၊ ဒေါ်တင်လှိုင် သား အလတ်ကောင် ကျော်မြင့်ဆိုရင် သိပါတယ်" လို့ ရဲရဲပဲ ပြောလိုက်တယ်။ ဦးလေးက "ဟုတ်ပါတယ်၊ ကျွန်တော့်တူပါ၊ ခု ဘာဖြစ်လို့လဲ" ဆိုတော့ လေတာပ်ဗိုလ်က အဖြေမပြောဘဲ ဖုန်းကို ချလိုက်ပါတယ်။ ကျွန်တော့်ကို သေသေချာချာ ကြည့်ပြီး သူက သက်ပြင်းချသလို ခုမှ ကျွန်တော်လည်း သက်မ ချနိုင်တော့တယ်။

"တောက် . . . ကံကောင်းပေလို့ပဲ၊ ကိုလှထွန်းနဲ့ ငါတို့က ကျောင်းနေဖက် သူငယ်ချင်းတွေကွ" ဆိုပြီး လေတာပ်ဗိုလ်က စုံနေအောင် ဦးလေး ဦးလှထွန်းအကြောင်းကို ပြောပြတယ်။ ကျွန်တော့်ကိုလည်း . . .

"ကဲ . . . မင်းကို ငါ အမှုမလုပ်တော့ဘူး၊ မင်းဦးလေးဆီကို ပြန်ပြီး စောင့်နေ၊ မင်းဦးလေးကလည်း မင်းကို စောင့်နေလိမ့်မယ်၊ မုတ္တမဘက် သင်္ဘောက တစ်စီးပဲ ကျန်တော့တယ်၊ ရော့ ငွေတစ်ဆယ်ယူသွား" လို့ ပြောတော့ ကျွန်တော် အရမ်းဝမ်းသာသွားပြီး သူ့ကို ထိုင်ကန်တော့လိုက်တယ်။

"အေး . . . မင်း ငါ့ကို ကတိတစ်ခုတော့ ပေးခဲ့ကွာ၊ ငါ့ပစ္စည်းကို လုသလို ဘယ်သူ့ ပစ္စည်းမှ နောက်နောင်ခါ မလုပါဘူးလို့ ကတိပေးကွာ" ဆိုတော့ ကျွန်တော်က လွယ်လွယ်ပဲ ကတိပေးလိုက်တယ်။

"အေး . . . ကဲ . . . ညောင်းတော့၊ ညောင်းတော့၊ မြန်မြန်သွားကွ၊ မုတ္တမသင်္ဘောက အချိန်နီးနေပြီ" ပြောတာနဲ့ ရဲစခန်းထဲက ဝမ်းသာအားရ ပြေးထွက်လာမိတယ်။

မုတ္တမကိုရောက်တော့ ရန်ကုန်ထွက်မယ့် လော်ကယ်ရထားတစ်စီးပဲ ကျန်တော့တယ်။ ကျွန်တော် မော်လမြိုင်က စီးလာတဲ့သင်္ဘောကို စောင့်နေတဲ့ ရထားပါပဲ။ ကျွန်တော် ဦးလေး ဦးလှထွန်းကို မျက်နှာမပြရဲတာနဲ့ ပဲခူးသွားမယ့် လော်ကယ်ရထားအနောက်တွဲကနေ လူတွေကြား တိုးဝင်စီးလိုက်လာရတယ်။ တစ်လမ်းလုံး ဒီတစ်ခါလောက် စိတ်ဓာတ်ကျတာ မရှိဘူး။ ခပေါင်းတံတားမှာ လူသတ်ခဲ့တာတောင် ဒီလောက် စိတ်ဓာတ်ကျ

တာ မရှိဘူး။ ကိုယ်ကသာ လူဆိုးဓားပြ ဖြစ်နေပေမယ့် လောကထဲ လူထဲမှာ လူကောင်းတွေလည်း အများကြီးပါလားဆိုတာ ခဏ ခဏ သတိရတတ်လာတယ်။ အဲဒါကြောင့် ပဲခူးရောက်တော့ "ဟို ကျေးဇူးရှင်ကြီးကတိလည်း ငါပေးလာတယ်၊ ဒီ မကောင်းတဲ့ အလုပ်ကို ငါ မလုပ်တော့ပါဘူး" ဆိုပြီး တစ်လလောက် ဘာလုပ်ရကောင်းမလဲလို့ တွေးနေမိတော့တယ်။

လုယက်တိုက်ခိုက်မှုတွေ မလုပ်တော့ပါဘူးရယ်လို့ ဆုံးဖြတ်ထားပေမယ့် ဖဲဝိုင်းရှိရာကိုတော့ စိတ်ပြေလက်ပျောက် နေ့တိုင်းလိုလို ရောက်နေတာပါပဲ။ ကျိတ်ဝိုင်းတွေမှာလည်း ပေါင်းဟောင်းသင်းဟောင်း လှညွန့်တို့နဲ့ အတူကစားလျက်ပါပဲ။ တစ်နေ့ ကျွန်တော်နဲ့ လှညွန့်တို့ ဖဲဝိုင်းက အပြန်ဘူတာပေါ် တက်ပြီး လက်ဖက်ရည်သောက်နေကြတယ်။ အဲဒီအချိန်မှာ ရန်ကုန်ဘက်က အချိန်မဟုတ်ဘဲ ရထားတစ်စီး ဝင်လာတာ မြင်လိုက်ရတယ်။လှညွန့်ကို လက်ဖက်ရည်ဆိုင်မှာ ခဏထားခဲ့ပြီး ပလက်ဖောင်းကနေ ဝင်လာတဲ့ ရထားကို ငေးကြည့်နေမိတယ်။

ဝိဇ္ဇာသိပ္ပံတက္ကသိုလ်က ကျောင်းသူကျောင်းသားများ ပျဉ်းမနားရေဆင်းစိုက်ပျိုးရေးသို့ လေ့လာရေးခရီး အထူးတွဲဆိုပြီး ဇင်ပြာဝတ်စုံတွေ၊ လျှာထိုးဦးထုပ်တွေ၊ စစ်ဖိနပ်၊ ကင်းပတ်အဖြူတွေကို ဝတ်ဆင်ထားကြတယ်။ ကျွန်တော် တွဲတွေကို တစ်တွဲပြီး တစ်တွဲ လိုက်ကြည့်နေမိတယ်။ ရထားတွဲ ကိုးတွဲပါတယ်။ အလယ်နေရာလောက်မှာ ကျောက်စိမ်းဆွဲကြိုးတစ်ကုံး၊ နောက်တစ်တွဲကျော်လောက်မှာ စီတီစင်အော်တိုမက်တစ် တစ်လုံး၊ ရှေ့တွဲက ဆွဲကြိုးကို ဖြုတ်ထုတ်ပြီးရင် နောက်တွဲက (ရဟတ်)နာရီကို တစ်ဆက်တည်း လုဖို့ တစ်ယောက်တည်း စိတ်ကူးနဲ့ အစီအစဉ်လုပ်ကြည့်နေမိတယ်။ ***ဒီလို တစ်ချက်တည်းနဲ့ ပစ္စည်းနှစ်မျိုးကို လုပ်တတ်လို့လည်း ပျံလွှား ဆိုတဲ့ဘွဲ့ကို ရထားတဲ့ ကျွန်တော်ဟာ အလိုလို လက်ယားလာတယ်၊*** အဲဒါကြောင့် ရှေ့တွဲဘက်ကိုလျှောက်ရင်းက မျက်မှန်ကို ချွတ်လိုက်တယ်၊

လက်ဖက်ရည်ဆိုင်နားကို ရောက်တော့ "ဟေ့ကောင် ကျော်ကြီး၊ ဖိုးကျော်" ဆိုပြီး ရပ်စောင့်နေတဲ့ ရထားတွဲပေါ်က လှမ်းခေါ်သံကြားလို့ လှည့်ကြည့်လိုက်တော့ ကျောင်းနေဖက် သူငယ်ချင်းတွေ၊ ကျော်လှဦး၊ ရဲဝင်း၊ ဖုန်းမြင့်ဦး၊ ကိုမောင်အောင်သန်းတို့ကို တွေ့လိုက်ရတယ်။ သူတို့က





ကျွန်တော့်ထက် အားလုံး အရပ်အမောင်းတွေ ထွားကျိုင်းကြပြီး ကျော်လှဦးဆို ကျောင်းတုန်းက ဝက်ခြံထူလဗျစ်နဲ့ အကောင်၊ ခုတော့ ရုပ်တွေပါ အတော်ပြောင်းပြီး သားနားနေလိုက်ကြတာ။

"ဖိုးကျော်ရာ မင်းကို ငါတို့ ကြည့်နေတာ ကြာပြီကွ၊ မင်းက ဖလဲတွေ ဂျာကင်တွေနဲ့ မျက်မှန်လည်း တပ်ထားတော့ ဘယ်မှတ်မိမလဲ။ ခု မျက်မှန်ချွတ်ပြီး လမ်းလျှောက်လာတော့မှ မှတ်မိ[illegible]ပြီး တို့သုံးယောက်သားက ဟုတ်ပါတယ် ဖိုးကျော်မှ ဖိုးကျော်ဆိုပြီး လှမ်း[illegible]ကြတာ။ အခု ဘာလုပ်နေလဲ။ စီးပွားရေးရော အဆင်ပြေရဲ့လား။ မိန်းမရနေပြီလား" ဆိုပြီး တစ်ယောက်တစ်ခွန်း ဝိုင်းမေးကြတယ်။

သူငယ်ချင်း ကျောင်းနေဖက်တွေကို မမျှော်လင့်ဘဲ ရုတ်တရက်တွေ့လိုက်ရတော့ ကျွန်တော့်ရင်ထဲမှာ ဝမ်းနည်းဝမ်းသာ ဖြစ်သွားတယ်။ ဘဝချင်း မတူကြတာက ရင်ထဲ တော်တော် ခံစားလိုက်ရတယ်။ကျွန်တော်နဲ့ လှဦးတို့ စကားရပ် ပြောနေတုန်း တွဲအောက်နဲ့ တွဲပေါ်က ထပ်ဆင့် ကျွန်တော့် နာမည်ကို ခေါ်လိုက်ကြသံတွေလည်း ချက်ချင်း ဆူညံသွားတယ်။

ကျောင်းနေဖက်သူငယ်ချင်းတွေ မစန်းမြင့်၊ ခင်သန်းငွေ၊ ဖြူဖြူမာအပြင် ဟိုတုန်းက တစ်ပင်တိုင်လို့ ခေါ်ခဲ့ကြတဲ့ မခင်အေးကိုလည်း တွေ့ရတယ်။ သူတို့က ပြုံးပြုံးရွှင်ရွှင်နဲ့ ဝမ်းသာအားရ ဖက်လဲတကင်းနဲ့ အားတက်သရော နှုတ်ဆက်ကြ၊ မေးကြတယ်။ ရထားက နည်းနည်းကြာဦးမှာမို့ သူတို့အားလုံးကို လက်ဖက်ရည်ဆိုင် ခေါ်လာခဲ့ရတယ်။ သူတို့အသိ၊ မိဘ၊ ဆွေမျိုးသားချင်းတွေကလည်း ရောက်လာကြတော့ ပြောကြ ဆိုကြ နောက်ကြနဲ့ ဘူတာတစ်ခုလုံး ဆူညံသွားတယ်။

သူတို့ကို မှောင်ခိုလုပ်နေတယ်။ မိန်းမ မရသေးပါဘူးပြောပြီး လက်ဖက်ရည်တိုက်တော့ သူဌေးဖြစ်နေပြီပေါ့လို့ ပြောကြတယ်။ ရင်ထဲမှာ ကျွန်တော် မချိဖြစ်သွားတာကို သူငယ်ချင်းတွေ ရိပ်မိပုံ မရကြဘူး။ ရထားထွက်ဖို့ ဥသြဆွဲမှ နှုတ်ဆက်ခွဲခွာလိုက်ကြရတယ်။ တဖြည်းဖြည်း ထွက်ခွာသွားတဲ့ ရထားကို ငေးကြည့်ပြီး ရင်ထဲ တော်တော်ခံစားလိုက်ရတယ်။ ဆွေးတယ်ဆိုတာ ဒါမျိုးပါလား ဆိုတာကိုလည်း သတိပြုမိလိုက်တယ်။ မျက်ရည်လည်း ဝဲလာတယ်။ ရထားကြီး လုံးဝကို ပျောက်သွားတော့မှ လှညွန့်

ရှိတဲ့ လက်ဖက်ရည်ဆိုင်ကို ပြန်လာရတယ်။ လှည္ဆန့်က သတင်းစာဖတ်ရင်း စောင့်နေတာ တွေ့ရတယ်။ လှည္ဆန့်ကို ခေါ်ပြီး ပိုက်ကြူ သွားကစားကာ စိတ်ကို ဖြေလိုက်ရတယ်။ အတွေးတွေကို ပိုက်ကြူနဲ့ ဖျောက်ဖျက်ပစ်လိုက်ရတယ်။ ပိုက်ကြူအိမ်က ရုပ်ရှင်ဘက်က လူတစ်ယောက် ထောင်ထားတာဆိုတော့ တော်ရုံတန်ရုံလူ အဝင်မခံဘူး။ ကျွန်တော်က ချိန်းဝိုင်း ရောက်နေကျမို့ လက်ခံတာ။ ဝိုင်းက အရက်ဆိုလည်း အဆင်သင့်၊ အမြည်းလေး၊ အမြည်းကြီး(မိန်းမ)တွေ ဆိုလည်း အိမ်ခန်းထဲ ဝင်သွားလိုက်ရုံပဲ၊ ကြိုက်တဲ့အမြည်းကို ရွေးမြည်းနိုင်တော့ ကျောင်းနေဖက် သူငယ်ချင်းတွေဆီက အဆွေးတွေ ချက်ချင်းပဲ ပျောက်ပြေသွားတယ်။

တစ်နေ့မှာ ပိုက်ကြူ တော်တော်ရှုံးသွားတာနဲ့ နှင်းပုလဲကို တစ်ယောက်တည်း ထွက်လာမိတယ်။ နှင်းပုလဲရောက်တော့ အသိ တည်းနေကျအိမ်မှာတည်းပြီး နှင်းပုလဲနာမည်ကြီး သူငယ်ချင်း ဖိုးတရုတ်ကို လိုက်ရှာရတယ်။ ရှာမတွေ့တာနဲ့ ဖိုးတရုတ်သူငယ်ချင်း စိုးသန်းအိမ်ကို မေးကြည့်တော့ ရန်ကုန်က အစ်မအိမ်ကို ပြောင်းသွားတာ တစ်လလောက်တောင်ရှိပြီပြောတာနဲ့ ရန်ကုန်လိပ်စာကို တောင်းလာရတယ်။ နှင်းပုလဲမှာ ရှိနေတုန်း ရထားအဝင်အထွက်တွေကို လေ့လာရတယ်။ရထားအချိန်ကိုလည်း တိတိကျကျ ရေးမှတ်ထားရတယ်။

တစ်နေ့ မော်လမြိုင် အမြန်ရထားတစ်စီး နှင်းပုလဲဘူတာမှာ ရပ်ထားတာတွေ့တာနဲ့ ရထားရှေ့နောက်ကို လိုက်ကြည့်တော့ အထူးတွဲတစ်တွဲမှာ မိန်းကလေးတစ်ယောက်၊ အသားဖြူဖြူနဲ့ တက်ထရွှန်နက်ပြာအရောင်ပေါ်မှာ စံပယ်ရွှေဆွဲကြိုးတစ်ကုံး၊ လော့ကက်သီးအလယ်မှာလည်း ပတ္တမြားကျောက်နီလေးတွေ စီထားတယ်။ အခြေအနေကို ကြည့်လိုက်တော့ အတော့်ကို အဆင်ပြေနိုင်တဲ့ အနေအထားကို တွေ့ရတယ်။ မိန်းကလေးက အဆင်းအတက် ကပ်လျက်ခုံမှာ ပြတင်းပေါက်ကနေ ဟိုကြည့်၊ ဒီကြည့်လုပ်နေတယ်။ ကျွန်တော်လည်း လူတွေကြားထဲက အခြေအနေကိုကြည့်ပြီး ရထားထွက်မယ့်အချိန်ကို စောင့်နေရတယ်။

ရထားဘီးလှိမ့်တော့ မိန်းကလေးနဲ့ ကျောပေးမှီနေတဲ့ အပေါက်ကနေကပ်ပြီး လိုက်လာခဲ့တယ်။ အဆင်းအတက် တံခါးက ပိတ်ထားတယ်။





ပြတင်းကို အသာချောင်းကြည့်တော့ မိန်းကလေးဘေးမှာ အရပ်ဝတ်ရော၊ ယူနီဖောင်းဝတ်နဲ့ပါ လူကြီးတွေ သီးသန့်စီးတဲ့တွဲလို့ သိရတယ်။ ရထားအတော်လေး အရှိန်ရလာတာနဲ့ အဆင်းအတက် လက်ကိုင်ကို တစ်ဖက်ကကိုင်ပြီး အရှိန်ယူလိုက်တယ်။ ကျန်တစ်ဖက်က မိန်းကလေး လည်ပင်းကကြိုးကို လျင်လျင်မြန်မြန် ဖမ်းကိုင်လိုက်တယ်။ လော့ကက်သီးကို မမိလိုက်ဘူး။ ကြိုးနဲ့ အင်္ကျီစကို ဆုပ်မိတာနဲ့ တစ်ချက်ဆွဲလိုက်တော့ ကြိုးပြတ်ထွက်သွားတယ်။ နောက်တစ်ချက် ဆောင့်ဆွဲလိုက်တော့ အင်္ကျီစနဲ့အတူ ဆွဲကြိုးက လက်ထဲမှာ ဆုပ်လျက်သား ပါလာတယ်။လက်ထဲ ပစ္စည်းရတာနဲ့ ရထားပေါ်က ခုန်ဆင်းလိုက်တယ်။ ရထားပေါ်မှာတော့ အလုခံရတဲ့ အမျိုးသမီးအသံ၊ ပတ်ဝန်းကျင်က အော်ကြဟစ်ကြသံတွေနဲ့ ဆူညံစွာကျန်နေခဲ့တယ်။

ကျွန်တော် ဘူတာဘက်ကို ရထားလမ်းအတိုင်း မလာဘဲ တောလမ်းဘက်ကနေ ဖြတ်ပြီး အိမ်ပြန်လာခဲ့တယ်။ ဘူတာဝင်းနားရောက်တော့ တိုက်ပုံအင်္ကျီအိတ်ထဲက ကြိုးကို ထုတ်ကြည့်တယ်။ လော့ကက်သီးက ပါမလာဘူး။ ရှေ့ဆက်ပြီး လျှောက်မယ်လုပ်တော့ မီးရထားရဲတွေက ပလက်ဖောင်းပတ်ဝန်းကျင်မှာ ရပ်နေတာ မြင်လိုက်ရတယ်။ အဲဒါကြောင့် ကြိုတင်ပြင်ဆင်မှုအနေနဲ့ ကြိုးကလစ်ကိုဖြုတ်ပြီး လွှင့်ပစ်လိုက်တယ်။ ကြိုးကိုတော့ ပါးစပ်ထဲကို အလျားလိုက်ထည့်ပြီး တဖြည်းဖြည်း မျိုချလိုက်တယ်။ ပထမဆုံး လည်ချောင်းနဲ့ ညှပ်ပြီး ခံနေတယ်။လည်ချောင်းကိုဆန့်ပြီး တဖြည်းဖြည်း လက်နဲ့ ဖိချလိုက်တော့မှ တဖြည်းဖြည်း လျှောဆင်းသွားတယ်။

ချက်ချင်းပဲ တိုက်ပုံကို ချိုင်းကြားညှပ်ပြီး ခပ်တည်တည်ပဲ ဘူတာကိုဖြတ်ကာ တည်းနေတဲ့ ဒေါ်ကျင်ငွေအိမ်ကို ပြန်လာခဲ့တယ်။ အိမ်ရောက်တော့ အဝတ်လဲပြီး "အဒေါ် ကျွန်တော် ဘူတာဘက် လက်ဖက်ရည်သွားသောက်လိုက်ဦးမယ်" ပြောပြီး ပြန်ထွက်လာခဲ့တယ်။ ဒေါ်ကျင်ငွေကတော့ ကျွန်တော်တို့လုပ်ငန်းကို သိတယ်။ အရင် ဝရမ်းခေတ် ထစဉ်စ သူ့ကို ကျွန်တော် ရှာဖွေပေးခဲ့တာ မနည်းဘူး။ ဝရမ်း ရှာဖွေရေးတွေပြီးသွားတော့ သူ့အိမ်မှာ ကျွန်တော် မကြာခဏ တည်းသေးတယ်။ တည်း

တိုင်း ငွေ ဒါမှမဟုတ် ပစ္စည်းတစ်ခုခု ပေးနေကျ ဖြစ်တယ်။ သူ့အိမ်မှာ ဒီလိုနဲ့ လာတည်းကြတဲ့ လုယက်ခိုးဆိုးတွေ သုံးလေးဦး ရှိတယ်။ ဒိုင်းနမိုင်းကိုတော့ ဒေါ်ကျင်ငွေ လက်မခံဘူး။ ဒီကောင်က ဆေးသမားဆိုတော့ နောက်ဆုံး မကြံသာရင် အိမ်က ပစ္စည်းတစ်ခုခု မ,သွားတတ်လို့ပဲ။ ကျွန်တော့်ကိုတော့ အိမ်သားတစ်ယောက်လို ယုံယုံကြည်ကြည် လက်ခံထားတယ်၊ ခင်လည်း ခင်နေတယ်။

ကျွန်တော် ဘူတာနားက လက်ဖက်ရည်ဆိုင်မှာ လက်ဖက်ရည်ဝင်သောက်ရင်း သတင်းစာ ဖတ်နေတယ်။ လက်ဖက်ရည်လာသောက်ကြတဲ့ လူအချင်းချင်း ဆွဲကြိုးဖြတ်လုခံရကြောင်း၊ အလုခံရတဲ့ မိန်းကလေးကလည်း တပ်က ဗိုလ်မှူးတူမဖြစ်ကြောင်း ပြောနေကြသံ ကြားရတော့ ခေါင်းကြီးသွားမိတယ်။ ပြန်မယ်လို့ အထိ ကျွန်တော့်ကို ဘယ်အချိန်က ကြည့်နေမှန်း မသိတဲ့ ရဲတပ်သားနှစ်ယောက်နဲ့ ရှေ့က ဆယ့်နှစ်နှစ်အရွယ်ကောင်လေးတစ်ကောင်က ရှေ့က လာပြီး ကာဆီးနေကြတယ်။

ဒီကောင်လေးကို ကျွန်တော် ကောင်းကောင်း မှတ်မိလိုက်တယ်၊ နာရီပိုင်း အချိန်တုန်းက ကျွန်တော့်အနားကနေ "ဘဲဥပြုတ်ရမယ်၊ ဘဲဥပြုတ်ရမယ်" ဆိုပြီး ရထားပေါ်က ခရီးသည်တွေကို လိုက်ရောင်းခဲ့သေးတယ်။ ကျွန်တော်တောင် ဝယ်စားမိလိုက်တဲ့ ကောင်လေးပါပဲ။ ကျွန်တော့်အနေနဲ့ အမှုမဲ့၊ အမှတ်မဲ့ နေလိုက်ပေမယ့် ဈေးသည်လေးက "ဟုတ်တယ်ဦး၊ သူပဲ၊ ဒီလူပဲ" ဆိုပြီး လက်ညှိုးထိုးပြနေတယ်။ ရဲတွေက. . .

"ငါ့ညီ ဘူတာရဲစခန်းကို ခဏလိုက်ခဲ့၊ မေးစရာရှိလို့ပါ၊ မေးပြီးရင် ပြန်လွှတ်မှာပါ" ဆိုပြီး ခေါ်တယ်။ ကျွန်တော်က. . .

"ဘာဖြစ်လို့ ရဲစခန်းကို လိုက်ရမှာလဲ၊ ကျွန်တော့်မှာ ဘာအပြစ်ရှိလို့လဲ၊ မလိုက်နိုင်ဘူး" ငြင်းတော့ ကျွန်တော့်ကို ထိုးမလို ကြိတ်မလို ဆက်ဆံလာတယ်။ စကားများ အချီအချပြောကြပြီး စခန်းကို လိုက်လာခဲ့ရတယ်၊ စခန်းကိုရောက်တော့. . .

"ဘယ်မှာနေလဲ၊ ဒီကို ဘာလာလုပ်တာလဲ၊ မော်လမြိုင်အမြန်ရထားပေါ်က ဖြတ်လုသွားတဲ့ ဆွဲကြိုး ဘယ်မှာလဲ၊ မှန်မှန်ပြော" ဆိုပြီး ထုံးစံအတိုင်း လုပ်ကြတယ်။





ဘယ်လိုမှ ဝန်မခံတော့ နှင်းပုလဲမြို့ အနောက်ဘက်မှာရှိတဲ့ တပ်ရင်း (၆၉) ကို ခေါ်လာပြီး တစ်ခါ ထပ်စစ်တယ်။ စစ်ဆေးနေတုန်း စစ်ဂျစ်ကားတစ်စင်း ဝင်လာတယ်။ ဗိုလ်မှူးတစ်ယောက် ကားပေါ်က ဆင်းလာတယ်။ ကျွန်တော့်ကို တစ်ချက်ပဲ ကြည့်ပြီး အချုပ်ထဲ ထည့်ထားလိုက်လို့ ပြောတယ်။ ခဏကြာတော့ ဈေးသည် ခွေးကောင်လေးနဲ့အတူ ဗိုလ်မှူးတစ်ယောက်၊ ရဲတပ်ကြပ်၊ တပ်သားတွေနဲ့အတူ ကျွန်တော် လုလိုက်တဲ့ မိန်းကလေးပါ ရောက်လာကြတယ်။ အားလုံး ကျွန်တော့်ကို ဝိုင်းကြည့်နေကြတယ်။ ကျွန်တော်က ဒီကိစ္စနဲ့ ပတ်သက်ပြီး ဘာမှ မသိကြောင်း၊ ကျွန်တော့်အဒေါ်ဆီကို ကျောင်းပိတ်လို့ လာလည်ကြောင်း၊ ရထားဝင်ပြီး ထွက်သွားသည်အထိ ကျွန်တော့်အဒေါ်အိမ်မှာ ရှိနေကြောင်း၊ မယုံရင် ဒေါ်ကျင်ငွေကို ခေါ်မေးကြည့်ကြပါလို့ပြောတော့ ကျွန်တော့်ကို မနက်က ရေတိုက်၊ ထမင်းကျွေးတဲ့ တပ်သားတစ်ယောက်ကိုလွှတ်ပြီး ဒေါ်ကျင်ငွေကို ခေါ်ခိုင်းလိုက်တယ်။ ခဏအကြာမှာပဲ ဒေါ်ကျင်ငွေလည်း တပ်သားနဲ့အတူ ထဘီစွန်တောင်ဆွဲပြီး ရောက်လာတယ်။ အဲဒီအချိန်က ကျွန်တော် အချုပ်ထဲမှာ ဗိုက်ကလည်း နာနေပြီ။ ဒေါ်ကျင်ငွေက. . .

"ရှင်တို့ ကျွန်မတူကို မတရားနှိပ်စက်ကြတာ တိုင်းမှူးကို တက်တိုင်မယ်၊ ကျွန်မတူက ကျောင်းသားတော့၊ ကျောင်းပိတ်လို့ အဒေါ်သားချင်းဆီ ခဏလာလည်ပါတယ်၊ ခုတော့ အဖြစ်ဆိုးလှချည်လား မောင်ကျော်ရယ်" လို့ ပြောငိုသံ ကြားရပြီး ဆယ်မိနစ်လောက်အကြာမှာ ကျွန်တော့်ကိုအချုပ်ထဲက အပြင်ထုတ်ပေးကြတယ်။ ဒေါ်ကျင်ငွေက ကျွန်တော့်ကို ပြေးဖက်ပြီး ဘယ်သူ့တိုင်မယ်၊ ဘယ်ဝါ့တိုင်မယ်ဆိုတော့ ကျွန်တော့်ကိုရော ဒေါ်ကျင်ငွေကိုပါ တောင်းပန်ပြီး သူတို့လည်း တာဝန်အရ လုပ်မိကြကြောင်း၊ သူတို့မှားကြောင်း အခါခါပြောဆိုပြီး ဒေါ်ကျင်ငွေကို လက်ဖက်ရည်တိုက်၊ မုန့်ကျွေးနဲ့ ကျေနပ်အောင် ထပ်ခါတလဲလဲ တောင်းပန်ပြီး ပြန်လွှတ်လိုက်ကြတယ်။

ကျွန်တော် ဒေါ်ကျင်ငွေနဲ့အတူ ပြန်လာရင်း ဗိုက်နာလာတာနဲ့ ဆန်စက်အနီး ချုံအကွယ်မှာ အလေးအခင်းကြီး သွားလိုက်တယ်။ သွားလိုက်တဲ့ မစင်ပုံထဲ တုတ်တစ်ချောင်းနဲ့ မွှေနှောက်လိုက်ရှာတော့ မစင်ပုံထဲက

ရွှေကြိုးထွက်လာတယ်။ စက္ကူတစ်ရွက်နဲ့ ရွရွလေးထည့်ပြီး အိမ်ယူလာတယ်။ အိမ်ရောက်မှ ရေဆေးပြီး ဆွဲကြိုးကို သိမ်းလိုက်ရတယ်။ ရွှေက ပထမတန်းစား အခေါက်ကို လုပ်ထားတဲ့ရွှေ၊ ဝင်းရွှန်းနေတာပဲ။ နောက်တစ်နေ့မှာ ဒေါ်ကျင်ငွေကို နှုတ်ဆက်၊ ကျေးဇူးတင်စကားပြော၊ မုန့်ဖိုး ပဲဖိုးပေးပြီး ပဲခူးကို ပြန်လာခဲ့တယ်။ ပဲခူးရောက်မှ ဒဏ်ရာဒဏ်ချက်တွေကို ဆေးလိမ်း ဆေးထိုးပြီး အနားယူနေလိုက်တယ်။

အနာဒဏ်ရာတွေပျောက်ပြီး ကျန်းမာရေး စိတ်ချရတဲ့တစ်နေ့မှာ ဘူတာကို ထွက်လာခဲ့တယ်။ မနက်ပိုင်း ရထားအထွက်မှာ နာရီတစ်လုံး ရလိုက်တယ်။ ညနေစောင်း ရထား မရှိတော့တာနဲ့ ဦးစိန် (ကျွန်တော့် အဒေါ်လေးယောကျ်ား) အိမ်ကို ဝင်လည်တယ်။ ဦးလေးက. . .

"မင်း အခု ဘာလုပ်နေသလဲ၊ ငါ ညနေ မန္တလေးရထားကို ပစ္စည်းတင်မလို့ လုပ်နေတယ်၊ အားရင် ငါနဲ့ လိုက်ခဲ့ကွာ" ဆိုတာနဲ့ ရော်ဘာ၊ချည် ထုပ်ကုန်တွေနဲ့ လိုက်လာခဲ့တယ်။ ကျွန်တော့်စိတ်ကူးက အလုပ်အဆင် ပြေရင် လမ်းမှာ ဆင်းနေလိုက်မယ်။ အဆင်မပြေရင်လည်း ဦးလေးကုန်နဲ့ အတူ မန္တလေးထိ လိုက်ချင် လိုက်ဖြစ်မယ်ပေါ့။

တောင်ငူရောက်တော့ ဦးလေးရဲ့ လူငှားနှစ်ယောက်ကို ခဏလို့ ပြော ပြီး ရှေ့တွဲနောက်တွဲတွေကို လိုက်လေ့လာကြည့်တယ်။ အဆင်ပြေနိုင် လောက်တဲ့ အလုပ်တစ်ခု တွေ့တာနဲ့ ဦးလေးကို ရှေ့တွဲမှာ သူငယ်ချင်း တစ်ယောက်နဲ့ စကားသွားပြောလိုက်ဦးမယ်ပြောပြီး နောက်တွဲကို ကူးလာ တယ်။ တောင်ငူအထွက်မှာ ရထားက မိုင်ကုန်တင်မောင်းနေတယ်။ ခရီး သည်တွေလည်း အိပ်သူတွေ အိပ်ကုန်ကြပြီ။ ကျွန်တော် အလုပ်လုပ်မယ့် အလယ်လောက်ကို လျှောက်လာတယ်။ ခွင်ထဲရောက်တော့ လက်ဆွဲဂုန် နီအိတ်ကိုခင်းပြီး ထိုင်လိုက်တယ်။ ကျွန်တော့်အနီး ခုံအောက်မှာ လက် ဆွဲအိတ်တွေ၊ ဘက်အိတ်တွေ၊ ဂုန်နီအိတ်တွေ တန်းစီနေတယ်။ ပိုင်ရှင်က အိပ်ပျော်နေကြတုန်း အိတ်တွေကို မသိမသာ တစ်လုံးပြီး တစ်လုံး ခွဲကြည့် တယ်။ လက်ဆွဲအိတ်၊ မြွေအရေခွံအိတ်တွေ၊ ဂုန်နီအိတ်တွေထဲမှာ မှောင်ခို ပစ္စည်း ပါတိတ်၊ ရော်ဘာဖိနပ်တွေက စုံနေတယ်။ မော်လမြိုင်ဘက်က သယ်ချလာကြတာဆိုတော့ မှောင်ခိုသမားတွေလည်း ဘယ်နှစ်ရက်၊ ဘယ်





နှစ်လ အိပ်ရေးပျက်လာကြတယ် မသိဘူး။ တချို့ မိန်းမတွေဆို အောက်စ တွေတောင် လွတ်နေတယ်။

ခုံပေါ်မှာ အသက်သုံးဆယ်ခန့် မိန်းမတစ်ယောက် ကျွန်တော့်ဘက် ခေါင်းထိုးပြီး နှစ်နှစ်ခြိုက်ခြိုက် အိပ်နေတယ်။ ခြေရင်းမှာ ခပ်ငယ်ငယ် အမျိုးသမီးတစ်ယောက် မှီပြီး ငိုက်နေတယ်။ အရှေ့ခုံမှာတော့ လူရွယ် တစ်ယောက်နဲ့ အမျိုးသမီးကြီးတစ်ယောက် အိပ်နေကြတယ်။ အမျိုးသမီး ကြီးကို သေသေချာချာ ဆေးလိပ်ဖွာပြီး ကြည့်တော့ လည်ပင်းက ကြိုး တစ်ကုံး တွဲလောင်းကျနေတာ တွေ့ရတယ်။ ကလစ်နေရာကို မသိမသာ စမ်းကြည့်တော့ ကလစ်က အောက်ဘက်မှာ ဖြစ်နေတယ်။ အဲဒါကြောင့် တဖြည်းဖြည်း လှည့်ပြီး ကလစ်ကို ဖြုတ်ရတယ်။ ကလစ်ပြုတ်တော့ တစ်စကို အသာလေး ဆွဲလိုက်ရုံနဲ့ လက်ထဲ ရောက်လာတယ်။ ရွှေကြိုးတစ်ကုံးရ တော့ လက်ဆွဲအိတ်ကြီးနှစ်လုံးထဲကို ပါတိတ်တွေ ဝင်သလောက် ထည့်ပြီး ရွှေဓားဘူတာအရောက်မှာ တိုးဝှေ့ ဆင်းလိုက်တယ်။ ရထားပြန်ထွက်တော့ ဦးစိန်တို့တွဲကို ကူးလာပြီး ပါတိတ်အိတ်ကြီးနှစ်လုံးကို ချည်ထုပ်အောက် တွေထဲ ထိုးဝှက်ထားလိုက်တယ်။ မန္တလေးရောက်တော့ သူငယ်ချင်း မှောင်ခို သမားတစ်ယောက်နဲ့ ရထားပေါ်မှာတွေ့လို့ ရောင်းဖို့ ပေးလိုက်တာဆိုပြီး ဦးစိန်ကို ရောင်းခိုင်းရတယ်။ ခင်အေးသူတို့ သားအမိနဲ့ ဦးကံထွန်းတို့ကို သတိရပေမယ့် ဦးစိန်ပါလာတော့ ဗဲခူးကို ပြန်လိုက်လာရတယ်။

မန္တလေးတိုင်းက အထွားကြီး ထွားလာတော့ ပဲခူးမှာ နှစ်ပတ်ကျော် ကျော် ဘာမှ မလုပ်ဘဲ ကောင်းကောင်းစား၊ ကောင်းကောင်းအိပ်ပြီး အနား ယူနေတယ်။ ဒီလိုနဲ့ တစ်နေ့ ပျင်းပျင်းရှိတာနဲ့ ဘုရားပေါ် တက်အလာ ဘကျော် ခေါ် ယမ်းဘီလူးနဲ့ ခိုင်စံပယ်တို့ကို ဘုရားဘေးမှာ တွေ့ရတယ်။ သုံးယောက်သား ဘုရားပေါ်ကဆင်းပြီး အအေးဆိုင်တစ်ဆိုင်မှာ ထိုင်ပြီး စကားပြောကြတယ်။

"ကျော်မြင့် ငါတို့ အလုပ်တစ်ခု လုပ်နေကြတယ်၊ ငါတို့အလုပ်ထဲ မင်းပါရင် သိပ်ကို အောင်မြင်မှာပဲ" လို့ ယမ်းဘီလူးက စကားစလာတယ်။ ခိုင်စံပယ်ကတော့ ဘာမှ မပြောသေးဘဲ ကျွန်တော့်ကို ငေးကြည့်နေတယ်။ "မင်းတို့လုပ်ငန်းကို ပြောပါဦး"ဆိုတော့ ယမ်းကြီးက "ဒီဆိုင်မှာ မကောင်း

ဘုရား၊ လာဗျာ၊ မဟာစေတီဘက်မှာသွားပြီး အေးအေးဆေးဆေး ဆွေးနွေးကြတာပေါ့" ဆိုပြီး မြင်းလှည်းတစ်စီးနဲ့ မဟာစေတီဘက်က ထန်းတောထဲ ခေါ်လာတယ်။

"အလုပ်သဘောကတော့ ဒီက ခိုင်စံပယ်ကို တည်ကြက်လုပ်ပြီး တောဘဲတွေကို ဖန်မယ်။ လိုချင်တဲ့ နေရာရောက်ရင် ရိုက်လုမယ်။ နောက်တစ်ခုက ရထားပေါ်မှာ မင်းက သံသရာအလုပ်သမားဆိုတော့ ပိုပြီး ကျွမ်းမယ်။ အိပ်ဆေးနဲ့ မူးယစ်ဆေးဝါးတစ်ခုခုကို သုံးပြီး ခိုင်စံပယ်က အယုံသွင်း၊ ခင်မင်ရင် လက်ဖက်ရည်၊ အချိုရည် တစ်ခုခုမှာ ထည့်တိုက်လို့ ရတယ်။ ခိုင်စံပယ်က အဲဒီအကွက်နဲ့ ဖမ်းထားတဲ့ ဘဲဆီက သတိမေ့တုန်း အဖိုးတန်ပစ္စည်းတွေကို ယူရမယ်။မင်းတို့ ငါတို့က မှင်သေသေနဲ့ အစောင့်အရှောက်ပေါ့။ ခိုင်စံပယ် အထာကိုကြည့်ပြီး ခိုင်စံပယ်နဲ့ မသိသလို လိုက်ပါကြရမယ်။ ကိစ္စဝိစ္စပြီးရင် အဆင်ပြေတဲ့ ဘူတာမှာ ဆင်းကျန်ခဲ့ကြရုံပဲ။ ဘယ့်နှယ်လဲ ငါပြောတာ" ဆိုပြီး ယမ်းဘီလူးက အကွက်တွေကိုပါ ပြောပြတယ်။

ကျွန်တော့်အနေက အဲဒီလို အလုပ်မျိုးက ပထမ ခိုင်စံပယ် မြူဆွယ်ဖြားယောင်းရမှာနဲ့ သံတွေ သတိမေ့အောင် စောင့်လိုက်ရမှာနဲ့ဆိုတော့ သိပ်ကြာတယ်လို့ ထင်တယ်။ အဲဒီလို လုပ်နေမယ့်အစား ပျံလွှားတို့က ချက်ချင်းပဲ ရိုက်လုလိုက်ချင်တယ်။ ဒါပေမယ့် သူတို့က လိုလိုချင်ချင် ခေါ်လာတော့ ယမ်းကြီးအကြောင်းကို သိထားပေမယ့် ခိုင်စံပယ်အကြောင်းကိုလည်း သိချင်တာနဲ့ မေးရတယ်။ ခိုင်စံပယ်ကလည်း ပွင့်ပွင့်လင်းလင်း ပါပဲ။

"သိရပါတယ်ရှင် ကျွန်မအနေကလည်း အစ်ကိုတို့ကို ကြိုတင်ပြောထားချင်ပါတယ်။ ကျွန်မအကြောင်းကတော့ နည်းနည်း ရှည်လိမ့်မယ် နော်၊ ဟဲ . . . ဟဲ . . . ကျွန်မဇာတိက ပဲခူး မဟုတ်ပါဘူး။ ရန်ကုန်ကနေ သင်္ဘောနဲ့ မြောက်ဘက်သို့ သွားရတယ်။ ရေလမ်းခရီးနဲ့ ရှစ်မိုင်လောက် သွားရင် ကျွန်မတို့ရွာကို ရောက်ပါတယ်။ ကျွန်မတို့ ရွာက (----) ဖြစ်ပါတယ်။ အဲဒီရွာကနေ မိဘတွေနဲ့ စိတ်သဘောထားချင်း မတိုက်ဆိုင်တာနဲ့ ကျွန်မအဖေနဲ့ ပဲခူးကို ရောက်လာတယ်။ ပဲခူးကိုရောက်တော့ ကျွန်မတို့





အိမ်ရှေ့အိမ်က (----) သူနဲ့ တစ်ယောက်ကို တစ်ယောက် ရည်ငံပြီး ချစ်ကြိုက်သွားကြပါတယ်။ ကျွန်မ သူနဲ့ အိမ်ထောင်ကျပြီး မန္တလေးကို လိုက်ရတယ်။ ဒီလိုနဲ့ အိမ်ထောင်သက် လေးနှစ်မှာ သူ့ကို ကျွန်မ မကျေနပ်စရာတွေ အများကြီးပါပဲ။ ခဏ ခဏ စကားများလိုက်၊ ရန်ဖြစ်လိုက်၊ သူက ရိုက်လိုက်နဲ့ အဖေ့ဆီ ပြန်ပြေးလာရတာလည်း အခေါက်ပေါင်းကို မရေတွက်နိုင်ပါဘူး။ မိဘချင်းကလည်း အိမ်ချင်းကပ်ရက်ဆိုတော့ သူ လာခေါ်ရင် ချော့မော့ပြန်ထည့်လိုက်နဲ့ နေလာခဲ့တာ တစ်နေ့တော့ သူက အိမ်ပေါ်ကို မယားငယ် ခေါ်တင်လာတယ်။ ရုံးမှာ လက်ထပ်လာကြတယ် လို့လည်း ပြောတယ်။ သူ့မယားငယ်ကလည်း ဇတ်ဇတ်ကြဲဆိုတော့ သူနဲ့ ကျွန်မ ထသတ်ကြတယ်။

သူက မယားနှစ်ယောက်ကို ပေါင်းမယ်တဲ့။ အဲဒါနဲ့ ကျွန်မ ကလေးကိုခေါ်ပြီး မန္တလေးက ပြန်လာတော့ ဒီက အစ်ကို (ယမ်းဘီလူး)က အစစ အကူအညီပေးလို့ ခုတော့ ကျွန်မဘဝ အဆင်ပြေပါတယ်။ အစ်ကိုတို့ ကျွန်မကို ခိုင်းချင်တာခိုင်းပါ။ အစ်ကိုတို့ ခိုင်းတဲ့အလုပ် ကျွန်မ လုပ်ပါ့မယ်။ စောစောက အလုပ်လုပ်ရမယ့် ကိစ္စတွေကိုလည်း ဒီအစ်ကို (ယမ်းဘီလူး) က ကျွန်မ ကို ပြောပြထားပြီးပါပြီ" လို့ ခိုင်စံပယ်က ပြောတယ်။

လက်စသတ်တော့ သူလုပ်ရမယ့် အလုပ်နဲ့ အံဝင်ခွင်ကျ ဖြစ်မဖြစ် ကျွန်တော် အကဲခတ်နိုင်အောင် သူက ကျွန်တော့်ကိုပါ မာယာအမြူချော့ အပြောအဆိုတွေနဲ့ လုပ်ပြောတွေ လုပ်ပြောပြနေတာကိုး။ သူပြောပြနေတုန်း သူ့မျက်နှာကို ကျွန်တော် အကဲခတ်နေမှန်း သိလို့လည်း ပိုပြီး အမူအရာ မျက်စမျက်န အသံ အနိမ့်အမြင့်တွေကိုပါ ခိုင်စံပယ်က လုပ်ပြတော့ ကျွန်တော်လည်း ဖြစ်နိုင်ပါတယ်လို့ ချီးကျူးပြောဆိုလိုက်မိတယ်။

ဒီလိုနဲ့ ကျွန်တော်တို့သုံးယောက် ရွှေဂူကြီး၊ ရွှေဂူလေးဘက်ကနေ ဖားဘုရား၊ ငါးဘုရားတွေကိုကျော်ပြီး အကျွတ်အလွတ်ကို ရောက်လာခဲ့ကြတယ်။ ခိုင်စံပယ်ကလည်း ကျွန်တော့်ကို ချက်ချင်းပဲ ခင်မင်အားကိုးပုံ တော့ ပေါက်သွားတယ်။ ယမ်းဘီလူးတို့အိမ်ရောက်တော့ ညနေစာ အတွက် ကြက်တစ်ကောင်ကို ရိုက်သတ်ပြီး သုံးယောက်သား ပျော်ပျော်ပဲ စားသောက်လိုက်ကြတယ်။အဲဒီ ထမင်းဝိုင်းမှာပဲ ယမ်းဘီလူးက ကျွန်တော့်

အကြောင်းကို ခိုင်စံပယ်သိအောင် ပြောပြလိုက်တယ်။ အမှန်ကတော့ ကျွန်တော့်အကြောင်းကို ယမ်းဘီလူးက ပြောပြထားပြီးသား နေမှာပါ။

ဒုစရိုက်မှုလုပ်တဲ့အကြောင်းကလွဲရင် မိန်းမအကြောင်းကို ကျွန်တော်ကတော့ အတတ်နိုင်ဆုံး ဇာတ်မြုပ်ထားတယ်။ခိုင်စံပယ်ဟာ သူ့ယောကျ်ားကိုတော့ တော်တော်စိတ်နာနေပုံပါပဲ။ အဲဒါကြောင့်လည်း ကျွန်တော်တို့ ကျင်လည်နေရတဲ့ ဒုစရိုက်လောကထဲ ခြေစုံပစ်ဝင်လာတာ ဖြစ်မယ်။ ကျွန်တော်တို့နဲ့ ပူးပေါင်းလုပ်ဆောင်နေရတာကို သူလည်း အတော်ကို အရသာတွေ့နေပုံရတယ်။ ဒါတွေကို ခိုင်စံပယ်အဖေကတော့ မသိရှာဘူး။ ကျွန်တော်တို့က မှောင်ခိုလုပ်နေကြောင်း၊ ငယ်ငယ်ကပင် ကျောင်းအတူနေလာခဲ့ကြသူတွေ ဖြစ်ကြောင်း ပြောထားကြတယ်။ခိုင်စံပယ်ဟာ ကလေးတစ်ယောက်အမေ၊ တစ်ခုလပ်ဆိုပေမယ့် အသက်က နှစ်ဆယ်ပဲ ရှိသေးတော့ ကျွန်တော်တို့အလုပ်မှာ သွက်သွက်လက်လက် ဖျတ်ဖျတ်လတ်လတ်နဲ့ အတော် အားကိုးရပါတယ်။ အစက သူတို့လုပ်ငန်းစဉ်ကို စိတ်သိပ်မဝင်စားခဲ့တဲ့ ကျွန်တော်တောင် အခုတော့ ခိုင်စံပယ် သံယောဇဉ်နဲ့ ပူးပေါင်းပါဝင်နေရတယ်၊ ခိုင်စံပယ်ဟာ ကျွန်တော်တို့အလုပ်မှာ တကယ် အရည်အချင်းမီတဲ့ မိန်းကလေးတစ်ယောက်လို့လည်း သဘောပေါက်လာရတယ်။

သူက ယမ်းဘီလူးကို လူးလူး လို့ ခေါ်ပြီး ကျွန်တော့်ကိုတော့ ကိုကျော်ပဲ ခေါ်ပါတယ်။ ခိုင်စံပယ်ကိုတော့ ကျွန်တော်တို့ လုပ်ငန်းသဘာဝအရ နာမည်အမျိုးမျိုး ပြောင်းခေါ်ထားကြရတယ်။ အဝတ်အဆင်နဲ့ ဆံပင်မျက်နှာ ပြုပြင်တာကအစ အလုပ်သဘောအရ တစ်နေ့နဲ့ တစ်နေ့ မတူအောင် ပြောင်းပေးကြရတယ်။

တစ်နေ့တော့ ခိုင်စံပယ်က ဘုရားဖူးသွားချင်တယ် ဆိုတာနဲ့ နှစ်ယောက်သား မဟာစေတီကို ရောက်လာကြတယ်။ ကျွန်တော်တို့ နားနေကြတဲ့ နေရာနားမှာ ထန်းတက်သမားတွေလည်း ရှိနေတော့ ခိုင်စံပယ်က-

"အစ်ကို ထန်းရည်ချို သောက်ချင်တယ်"

ဆိုတာနဲ့ ထန်းရည် မြေအိုးတစ်အိုးကို ဝယ်ပြီး နှစ်ယောက်သား သောက်ကြတယ်။ ကျွန်တော်သာ ထန်းရည် ကြိုက်တတ်တယ်ထင်တာ ခိုင်စံပယ်ကမှ ကျွန်တော့်ထက်တောင် ထန်းရည်ကြိုက်နေတာ တွေ့ရလို့





အံ့ဩရတယ်။ ထန်းရည်သောက်ပြီး ရွှေဂူကြီးဘက် လှည့်ပြန်မယ်ဆိုပြီး နှစ်ယောက်သား ထန်းရည်ထွေထွေနဲ့ လျှောက်လာကြတယ်။ ကျွန်တော့်လက်ကိုကိုင်ပြီး လျှောက်လာတဲ့ ခိုင်စံပယ်က နောက်တော့ ကျွန်တော့်ပခုံးပေါ် မှီလိုက်လာတယ်။

ထန်းရည်က လေတိုက်လိုက်တော့ ပိုပြီး အရှိန်တက်လာတယ်။ ကျွန်တော်လည်း တော်တော်မူးနေပြီ။ ရွှေဂူလေးက မြင်းလှည်း မရတာနဲ့ စမ်းချောင်းဘက်မှာ ရေဆင်းချိုးဦးမယ်ဆိုပြီး ခိုင်စံပယ်ကို ကမ်းပေါ်က စောင့်ခိုင်းထားတယ်။ ကျွန်တော် ဘောင်းဘီတိုလေးနဲ့ စမ်းရေထဲ စိမ်နေတုန်း ခိုင်စံပယ်က သူလည်း ရေချိုးချင်တယ်ဆိုပြီး စမ်းရေထဲ ခုန်ဆင်းချလာတယ်။ ခါးလောက်အနက်အထိ ဒယိမ်းဒယိုင်နဲ့ ဆင်းလာတော့ သူ့ကို ကျွန်တော် လှမ်းဖက်ထားလိုက်ရတယ်။ သူကလည်း ကျွန်တော့်ကို တင်းတင်းစွဲစွဲ လှမ်းဖက်လိုက်တာနဲ့ နှစ်ယောက်သား လုံးထွေးပြီး ရေထဲ ခဏ နစ်သွားတယ်။ ခိုင်စံပယ် ကျွန်တော့်ထက် မူးနေမှန်းသိလို့ . . .

"အအေးပတ်နေဦးမယ်။ ပြန်တက်"ဆိုတော့-

"အစ်ကိုကျော်ကလည်း စံပယ် မမူးပါဘူး၊ အစ်ကိုကျော်နဲ့ ရေ အတူတူ ကူးချင်လို့ပါ"

ဆိုပြီး ရေထဲက ယိုင်တိယိုင်တိုင် ထလာတယ်။ တစ်ကိုယ်လုံး ရေစိုနေတော့ ခရစ်လှိုင်းကြီးအဖြူ လက်တိုအောက်မှာ ရှိနေတဲ့ အသားစိုင်တွေကို ထွင်းဖောက်မြင်နေရတယ်။ ထဘီအသား ပါးပါးကလေးကလည်း ပေါင်မှာ ချပ်ချပ်ရပ်ရပ် ကပ်နေလေတော့ ကျွန်တော် ဘယ်လိုမှ စိတ်မထိန်းနိုင်ဘဲ ရင်ခုန်လာတယ်။ အဲဒီနေ့က မိုးချုပ်မှ ခိုင်စံပယ်ကို အိမ်ပြန်ပို့လိုက်မိတယ်။

ခိုင်စံပယ်က နောက်ပိုင်းမှာ ယမ်းဘီလူးကိုထက် ကျွန်တော့်ကို ပိုပြီး အားကိုးလာတယ်။ ဒါပေမယ့် အလုပ်သဘောအရ ဆက်ဆံတော့ သူ ကျွန်တော့်ကို သိပ် ဘဝင်ကျပုံ မပေါ်ဘူး။ အဲဒါလည်း သူတို့အလုပ်အပေါ် ကျွန်တော် စိတ်မရှည်ချင်တာတွေ ပါတယ်။ တစ်ခါတုန်းက ထန်းရည်မူးမူးနဲ့ သူ့ကို ဗလက္ကာရလုပ်တယ်၊ ဘယ်လိုပြောတယ် ဆိုတာကိုလည်း နှစ်ယောက်ချင်းကျတော့ တဖွဖွ ပြောလာတယ်။ နဂိုကမှ သူတို့

အလုပ်အပေါ် စိတ်မဝင်စားခဲ့တဲ့ ကျွန်တော်ဟာ နောက်ပိုင်းမှာတော့ သူ့ကို ခပ်ခွာခွာ လုပ်နေရတယ်။ သူ့ကို ခပ်ခွာခွာ လုပ်နေရတဲ့ အကြောင်းကလည်း နောက်ပိုင်းမှာ ကြည်ကြည်လှနဲ့ ပြန်ဆက်ထားမိလို့ ဖြစ်တယ်။ ကျွန်တော်ဟာ ကိုယ်ကသာ လူဆိုးသူခိုး ဖြစ်ပေမယ့် ဇနီးမယားတစ်ယောက်ကိုတော့ ကြည်ကြည်လှတို့လို တည်တည်တံ့တံ့မှ လိုချင်တယ်။ အဲဒါကြောင့် ခိုင်စံပယ်လို မိန်းကလေးမျိုးကို မိနစ်၊ နာရီပိုင်းကလွဲပြီး တစ်ညအတွက်တောင် ကျွန်တော် စိတ်မကူးဘူး။

မှုခင်းတပ်ဖွဲ့နဲ့ ရဲတွေက အနံ့ရပြီဆိုရင် တစ်မြို့လုံးနဲ့ ဘူတာဝန်းကျင်မှာ ရှုပ်ယှက်ခတ်တတ်ကြတယ်။ အဲဒီ နေ့ရက်မျိုးဆို ခိုင်စံပယ်က အိမ်မှာကုပ်ပြီး ဆေးလိပ်လိပ်တယ်။ သူ့အဖေက မြင်းလှည်းမောင်းတယ်။တောင်း၊ ဆန်ကော၊ ဆန်ခါတွေကိုလည်း အားလပ်တဲ့အချိန်တွေမှာ ကွမ်းတမြုံ့မြုံ့နဲ့ ရက်လုပ်နေတတ်တယ်။ ရိုးရိုးသားသား လုပ်ကိုင်စားသောက်နေတဲ့ ခိုင်စံပယ်ရဲ့အဖေကို ပတ်ဝန်းကျင်ကလည်း ခင်ကြတယ်။ ခိုင်စံပယ် ကျွန်တော်တို့နဲ့ လိုက်နေရင် သူ့မြေးလေးနဲ့ ပျော်နေတတ်တယ်။ အိမ်ကို အဝင်အထွက်များလို့ ကျွန်တော်နဲ့ ယမ်းဘီလူးတို့ကိုလည်း အိမ်သားတစ်ယောက်လို ခင်နေတယ်။

ကျွန်တော် ရှောင်ရှောင်နေမှန်းသိတော့ ခိုင်စံပယ်က အိမ်ထိ လိုက်လာတတ်တယ်။ ကျွန်တော့်ကို မတွေ့ရင် အမေနဲ့ စကားထိုင်ပြောပြီး စောင့်နေတတ်တယ်။ ကျွန်တော့်အမေကလည်း အစကတည်းက အမေ့ကို "ကလေးတစ်ယောက်နဲ့ မုဆိုးမလေးပါ။ ကျွန်တော်တို့နဲ့ မှောင်ခို အတူလုပ်နေတယ်"လို့ ပြောထားတော့ အမေက အဟုတ်ထင်နေတာ၊ ခိုင်စံပယ်ကလည်း အရောင်းအဝယ်ကိစ္စ စုံစမ်းမလိုလို ဘာလိုလိုဆိုတော့ အမေက ရိပ်မိပုံ မပေါ်ဘူး။ အဲဒီရက်ပိုင်းမှာ ကျွန်တော်ကလည်း ဒိုင်းနမိုင်း၊ ပုဏ္ဏကတို့နဲ့ မော်လမြိုင်လိုင်းကို ပြောင်းလုပ်တော့ ခိုင်စံပယ်က ကျွန်တော့်ကို ဖမ်းမမိ ဖြစ်နေတယ်။

တစ်နေ့ ကျွန်တော်တစ်ယောက်တည်း ရုပ်ရှင်ကားကောင်းကောင်း ကြည့်မယ်ဆိုပြီး ရန်ကုန်ကို ထွက်လာတယ်။ အဖေ့အမျိုးတွေရှိတဲ့ အလုံ စူပါပင်လမ်းကို အရင်ဝင်လာတယ်။ စိတ်ကို အပန်းဖြေတဲ့အနေနဲ့ ဆွေမျိုး





တွေဆီ လျှောက်လည်နေတယ်။ ရွှေတိဂုံဘုရားကိုရောက်တော့ ပန်းမြို့က ဇနီးနဲ့ သမီးကို သတိရလို့ မျက်ရည်ဝဲရတယ်။ ဒီဘဝမှာ သမီးနဲ့ ဇနီးကို တွေ့မှ တွေ့ရပါဦးမလား၊ ရွှေတိဂုံဘုရားကို အဖူးအမြော် ခေါ်နိုင်ပါဦးမလားဆိုတဲ့ အတွေးတွေက အမြဲလိုလို ပေါ်ပေါက်လာတတ်တယ်။

ပုဇွန်တောင် ရေကျော်မှာရှိတဲ့ အဘိုးလေးတစ်ယောက်ဆီကိုလည်း ရောက်တတ်တယ်။ အဘိုးလေးက အိမ်သားတွေအတွက် အမြဲ စားစရာတွေ ဝယ်ဝယ်ပေးတတ်တယ်။ သူက ချမ်းသာတယ်။ အဘိုးလေး ပေးလိုက်တဲ့ စားစရာပစ္စည်းတွေကိုပိုက်ပြီး ပဲခူး ပြန်မလို့ နံပါတ် (၂) ပလက်ဖောင်းကို ကူးလာတော့ သာစည်ရထား တွဲမထိုးသေးတာနဲ့ နံပါတ် (၃) ပလက်ဖောင်းကိုကူးပြီး ရထားအဝင်အထွက်ကို ကြည့်နေတယ်။မင်္ဂလာဒုံဘက် ထွက်မယ့်ရထားက နံပါတ် (၃) ပလက်ဖောင်းကို ဝင်လာတယ်။

လူတွေက ရထားပေါ်ကို တိုးကြိတ်တက်နေကြတယ်။ ရထားက တဖြည်းဖြည်း ထွက်ခွာနေတော့ ကျွန်တော်လည်း သာစည်ရထားဝင်မလားလို့ လှမ်းကြည့်လိုက်တော့ ကျွန်တော့်ဘက်ကို ကျောပိုးအိတ်လွယ်ပြီး လာနေတဲ့ နှင်းပုလဲဘူတာအထွက်မှာ ကျွန်တော်လုလိုက်တဲ့ လေတပ်ဗိုလ်ကို မြင်လိုက်ရတယ်။ မှားနိုင်စရာ အကြောင်း မရှိပါဘူး။ မျက်နှာလေး ထောင့်ကျကျနဲ့ တည်တည်ကြည်ကြည် မျက်နှာထားမျိုး။ နှင်းပုလဲဘူတာမှာ တွေ့ခဲ့တုန်းကလိုပဲ နှုတ်ခမ်းမွေး၊ မုတ်ဆိတ်မွေး၊ ပါးမြိုင်းမွေးတွေကို ရိတ်ထားတာ စိမ်းနေတာပဲ။ နာမည်မသိတာတစ်ကြောင်း၊ နှုတ်ဆက်ရမှာ မရဲတာကတစ်ကြောင်းမို့ ရှောင်ထွက်သွားရကောင်းမလားလို့ တွေးမိသေးတယ်။ ဒါပေမယ့် ကျေးဇူးရှင်ကို ကျွန်တော် ကြုံတုန်း နှုတ်ဆက်ချင်တာနဲ့

"အစ်ကို ဘယ်ကို သွားမလို့လဲ" ဆိုတော့ သူ မမှတ်မိဘူး။ ကျွန်တော့်ကို စိုက်ကြည့်ပြီး သူငေးနေတယ်။

"အစ်ကို ကျွန်တော့်ကို မမှတ်မိဘူးလား၊ မော်လမြိုင် ရဲစခန်းကနေ လွှတ်ပေးလိုက်တဲ့ ကျော်မြင့်လေ" ဆိုတော့မှာ သူ မှတ်မိသွားတယ်။

"ဩော် . . . မင်းကိုး၊ အစ်ကို မော်လမြိုင်ကနေ ခွင့်စေ့လို့ ပြန်လာတော့ မင်းဦးလေး ကိုလှထွန်းဆီတောင် ဝင်ခဲ့သေးတယ်။ မင်း ကိုလှထွန်းဆီ ဘာလို့ မဝင်ခဲ့လဲ။ မင်း အခုလည်း အရင်လိုပဲ လုပ်နေတုန်းလား"တဲ့။

"မဟုတ်ပါဘူး အစ်ကို၊ ကျွန်တော် မိဘတွေနဲ့ ကောင်းကောင်း မွန်မွန် အရောင်းအဝယ်ပဲ လုပ်နေတာပဲ၊ဦးလေးဆီ မဝင်ခဲ့တာက တစ်ခါမှ အဲဒီလို အလုပ်မျိုး မလုပ်ခဲ့ဘူးတော့ ရှက်လည်းရှက်၊ ဦးလေးကိုလည်း ကြောက်လို့ပါ"

"အေး . . . လိမ်လိမ်မာမာ နေကွာ ငါ့ညီရာ၊ တကယ်လို့ မင်း ဆယ်တန်းအောင်လို့ လေတပ်ထဲ ဝင်ချင်ရင် ငါ့ဆီ လာခဲ့၊ ငါ ကူညီပေး မယ် ဟုတ်လား"

"ဟုတ် . . . ဟုတ်ကဲ့ပါ အစ်ကို၊ ကျေးဇူးပါပဲ၊ ခု ကျောင်းလည်း ပြန်နေဖြစ်မှာပါ၊ ကျွန်တော် ဆယ်တန်းအောင်ရင် အစ်ကို့ဆီ ပြေးလာခဲ့ ပါ့မယ်" ဆိုတော့ သူက လိပ်စာရေးပေးသွားတယ်။

ဒါနဲ့ သာစည်ထွက်မယ့် ရထားက ဝင်လာတာနဲ့ ကျွန်တော် သူ့ကို နှုတ်ဆက်ပြီး ရထားပေါ် ပြေးတက်လာခဲ့တယ်။ သူကတော့ သာစည် ရထား ထွက်လာတဲ့အထိ ကျွန်တော့်ကို လက်ဝှေ့ယမ်းပြပြီး ပလက်ဖောင်း ပေါ်မှာ မတ်တတ်ရပ် ကျန်နေခဲ့တယ်။

ရန်ကုန်က အဖေ့ဆွေမျိုးတွေ ပေးလိုက်ကြတဲ့ ပစ္စည်းတွေကို အိမ် ဝင်ပေးပြီး အစ်မအိမ်ဘက်ကို ထွက်လာတယ်။ ခဏနားပြီး ညနေဘက် ရေချိုးဖို့ ရေစင်ဘက် ဘုံဘိုင်ကို ထွက်လာတော့ ကြည်ကြည်လှတို့ မောင် နှမတွေကို ရေချိုးလို့ တွေ့ရတယ်။ ကျွန်တော့်ကိုမြင်တော့ ကြည်ကြည်လှ က "ဘယ်ပျောက်နေလဲ"လို့ စတင် နှုတ်ဆက်တယ်။ ကျွန်တော်က "အ ရောင်းအဝယ် ထွက်နေတယ်"လို့ လိမ်ပြောလိုက်ရတယ်။

ရေချိုးပြီး အစ်မအိမ်မှာ ထမင်းစားနေတုန်း ကြည်ကြည်လှနဲ့ အဖော်မိန်းကလေးတစ်ယောက် အိမ်ပေါ်ကို တက်လာကြတယ်။ "ရုပ်ရှင် သွားကြည့်မလို့ ယောကျ်ားလေးအဖော်မရှိတာနဲ့ လာခေါ်တာ"တဲ့။ "ထမင်းစားပြီးရင် လာခဲ့မယ်။ ရေစက်ကုန်းထိပ် မှို့ပင်အောက်က စောင့် နေကြပါ"ပြောတော့ ကြည်ကြည်လှနဲ့ မိန်းကလေးအဖော်တို့ ထွက်သွားကြ တယ်။ အစ်မသား လှမိုးကလည်း ရုပ်ရှင်လိုက်ချင်တယ်ဆိုတာနဲ့ ခေါ်လာ ခဲ့ရတယ်။

ရုပ်ရှင်ရုံရောက်တော့ အချိန်စောသေးတာနဲ့ ကြည်ကြည်လှတို့ကို





ခေါ်ပြီး အအေးဆိုင် ထိုင်နေကြတုန်း ခိုင်စံပယ်နဲ့ မိန်းမဖော်နှစ်ယောက်၊ ခိုင်စံပယ်သားလေးတို့က ကျွန်တော်တို့ကို လက်ဖက်ရည်ဆိုင်ရှေ့က ရပ် ကြည့်နေတာကို မြင်လိုက်ရတယ်။ ဒါနဲ့ ကျွန်တော်လည်း အအေးဆိုင်မှာ ကြာကြာထိုင်မနေချင်တာနဲ့ အအေးဖိုး ငွေချေပြီး ပြန်ထွက်အလာ ခိုင်စံပယ် တို့ ဘူတာဘက် ထွက်သွားကြတာ မြင်လိုက်ရတယ်။

ကျွန်တော့်တူလေးကို မကြည်ကြည်လှတို့နဲ့ ခဏထားခဲ့ပြီး ခိုင်စံပယ် တို့နောက် လိုက်လာတယ်။ မိခါနီးတော့ "စံပယ် ခဏနေဦး"လို့ လှမ်းပြော လိုက်ရတယ်။ အသံကြားတာနဲ့ ခိုင်စံပယ်က လှည့်ကြည့်တယ်။ ဓာတ်တိုင် မီးရောင်အောက်မှာ ခိုင်စံပယ်ပါးပြင်ပေါ်က မျက်ရည်စီးကြောင်းနှစ် ကြောင်းကို မြင်လိုက်ရတယ်။ မျက်ရည်စီးကြောင်းက အလှအပ ပြင်လာ တဲ့ ပေါင်ဒါမိတ်ကပ်ပေါ်မှာ ထင်းနေတယ်။

"စံပယ် ဘာဖြစ်လို့ ငိုနေတာလဲ၊ ခု ဘယ်က ပြန်လာတာလဲ" ဆို တော့ ဘာမှ မပြောဘဲ ခေါင်းငုံ့ ရှိုက်နေတယ်။ ဒါနဲ့ ခိုင်စံပယ်သားလေးက

"ဦးဦးတို့ ရုပ်ရှင်ကြည့်မယ်ဆိုတာနဲ့ မေမေက မကြည့်တော့ဘူး၊ ပြန်တော့မယ် ဆိုပြီး ထွက်လာတာဗျ" လို့ ဝင်ပြောလိုက်တယ်။

"တောက အမေ့ဧည့်သည်တွေကို ရုပ်ရှင်လာပြတာ၊ စံပယ် အစ်ကို့ ကို တလွဲမထင်နဲ့၊ အစ်ကို့ ဧည့်သည်တွေကို အားနာဖို့ ကောင်းသလို၊ စံပယ့် အဖော်တွေကလည်း အစ်ကို့ကြောင့် ရုပ်ရှင်မကြည့်ရတော့ဘူးဆို ဘယ် ကောင်းမလဲ၊ လာ အတူကြည့်ကြမယ်လေ နော်" ဆိုပြီး ချော့မော့ပြော တော့ အတင်းရုန်းကန် ငြင်းတယ်။

ဘယ်လိုမှ ခေါ်မရတော့ ကျွန်တော်က လက်လျှော့ပြီး "အစ်ကို့ကို စံပယ်ချစ်ရင် မနက်ဖြန် ဘယ်မှမသွားဘဲ အိမ်ကစောင့်နေ၊ အစ်ကို လာ ခဲ့မယ်" လို့ တိုးတိုးလေး ပြောနေတုန်း မြင်းလှည်းတစ်စီး ဘေးက ဖြတ် သွားတာနဲ့ လှမ်းတားပြီး ခိုင်စံပယ်တို့ကို မြင်းလှည်းပေါ် တင်ပေးလိုက် တယ်။ကျသင့်တဲ့ငွေကိုလည်း တစ်ခါတည်း ပေးလိုက်တယ်။ မြင်းလှည်းက ရွှေသာလျောင်းဘက်ကို မောင်းသွားတယ်။ မောင်းထွက်သွားတဲ့ စံပယ်တို့ မြင်းလှည်းကို ကျွန်တော် မျက်စိတစ်ဆုံး ငေးကြည့်နေလိုက်တယ်။ စံပယ် ရှိုက်နေသံနဲ့ မြင်းခွာသံတို့ လုံးထွေးပါသွားတာကို ကျွန်တော့်နားမှာ ကြား

နေရသလိုပဲ။

ရုပ်ရှင်ရုံနားရောက်တော့ ရှစ်နာရီကျော်နေပြီ။ ကြည်ကြည်လှ
အဖော်တွေတောင် ရုပ်ရှင်ရုံထဲ ဝင်သွားကြပြီ။ အပြင်မှာ တူတော်မောင်
ဖိုးသောကြာနဲ့ ကြည်ကြည်လှတို့ကတော့ ကျွန်တော် အပြန်ကို စောင့်နေ
ကြတယ်။ သူတို့အနား ကျွန်တော်ရောက်တာနဲ့ ကြည်ကြည်လှက "ရုပ်ရှင်
ပြနေတာ ကြာလှပြီ၊ တစ်ခါပဲ ရုပ်ရှင်ကြည့် လာခေါ်ပါတယ်၊ သူ့မယား
တွေဆီက ပေါ်မလာနိုင်ဘူး။ အတူမကြည့်ချင်မှန်း သိရင်လည်း နောက်
လာမခေါ်ပါဘူး စိတ်ချ" ဆိုပြီး စကားနာထိုးတယ်။

ကျွန်တော်က "မှောင်ခိုအရင်းအနှီးထုတ်ပေးထားတဲ့ မိန်းမတွေပါ။
နောက်တစ်ခေါက် မော်လမြိုင်ဘက်ကို တက်ဖို့ကိစ္စ ပြောနေကြလို့ ကြာ
သွားတာ၊ ဟိုကောင်မလေး အမေ အဖေတွေဆို ကျိုကျိုတက် ချမ်းသာ
တယ်" ဆိုတဲ့ စကားအဆုံးမှာ ကြည်ကြည်လှက "ဩော် . . . ရှင်က
သူဌေးသမီး မျက်နှာမြင်တာနဲ့ ပါသွားတာကိုး" လို့ တစ်ခွန်း ပြန်ပက်
လိုက်သေးတယ်။

ကြည်ကြည်လှကို ချော့မော့ပြောဆိုပြီး ရုပ်ရှင်ရုံထဲ ဆွဲသွင်းလာ
တယ်။ ရုပ်ရှင်က ပြနေပြီ။ မီးမှောင်နေတော့ သူ့ကို ခါးဖက်တွန်းထိုးလာ
ရတယ်။ ထိုင်ခုံနေရာ ပြပေးတဲ့လူကိုတွေ့မှ နေရာအဆင်ပြေသွားတယ်
ရုပ်ရှင်သာ ကြည့်နေရပေမယ့် ဒီတစ်ခါ ကျွန်တော့်စိတ် ဘယ်လို ဖြစ်နေ
မှန်း မသိဘူး။ စောစောက ငိုပြန်သွားတဲ့ ခိုင်စံပယ်ဆီပဲ စိတ်က ရောက်
ရောက်သွားတယ်။ ကြည်ကြည်လှက ခိုင်စံပယ်ထက် အသက်ကြီးတယ်
ကျွန်တော့်ထက်လည်း ငါးနှစ်လောက် ကြီးတယ်။ ဒါပေမယ့် ရုပ်ရည်
စီးပွားရေးကတော့ ခိုင်စံပယ်ထက် အစစသာတယ်။ သနားတာကျတော့
ကျွန်တော့်စိတ်က ခိုင်စံပယ်ဘက် အလေးသာနေတယ်။

ရုပ်ရှင်ပြီးလို့ ပြန်လာကြတော့ ကြည်ကြည်လှက တစ်လမ်းလုံး
ကျွန်တော့်ကို စကားတစ်ခွန်းမှ မပြောဘဲ ခေါင်းငုံ့လာတယ်။ ကျွန်တော်
ကလည်း ကျွန်တော့်အတွေးနဲ့မို့ အိမ်နားရောက်မှ "မမလှ သွားမယ်နော်"
လို့ ပြောပြီး အိမ်ပြန်လာခဲ့တယ်။ တစ်ညလုံး အိပ်မပျော်ဘူး။ အတွေးထဲ
မှာ ခင်အေးသူတို့ သားအမိ၊ ခိုင်စံပယ်၊ ကြည်ကြည်လှတို့က ရှုပ်ယှက်





ခတ်ပြီး စိတ်ထဲ မွန်းကျပ်နေတယ်။

မိုးလင်းတော့ ရေမိုးချိုးပြီး လက်ဖက်ရည်ဆိုင်ကို ထွက်လာခဲ့တယ်။
လက်ဖက်ရည်သောက်နေတုန်း ယမ်းဘီလူးနဲ့ ဒိုင်းနမိုင်းတို့နှစ်ယောက်
သတင်းစာတစ်စောင်ကို လက်ကကိုင်ပြီး ရောက်လာကြတယ်။ သတင်းစာ
ကို ဖြန့်ပြပြီး "ပုဏ္ဏက ဝင်းတင် မုပ္ပလင်အထွက်မှာ ရထားကြိတ်လို့
သေပြီ" ဆိုပြီး သတင်းပါတဲ့နေရာကို ထောက်ပြကြတယ်။ ကျွန်တော်
စူးစူးစိုက်စိုက်ကြည့်ပြီး တစ်ချက် ငိုင်သွားတယ်။

သတင်းက "ရန်ကုန်မှ မော်လမြိုင်သို့ ထွက်ခွာလာသည့် စာပို့
ရထားသည် မုပ္ပလင်ဘူတာမှ အထွက်တွင် ရထားပေါ်က လိမ့်ကျကာ
ရထားကြိတ်ခံရပြီး ခရီးသည်တစ်ဦး သေသွားသည်။ ထိုသေသွားသူမှာ
ကျိုက်ထိုမှ ပုဏ္ဏက ခေါ် ဝင်းတင် ဖြစ်ကြောင်းကို အလောင်းနှင့်အတူ
မှတ်ပုံတင်တွေ့၍ သိရကြောင်း၊ မျက်နှာတစ်ခုလုံးမှာ ကြေမွသွားကြောင်း"
ဆိုပြီး ပါလာတယ်။ ဒိုင်းနမိုင်းက. . .

"ဒီကောင် ရထားပေါ်က လိမ့်ကျလို့ ရထားကြိတ်သေတယ်ဆိုတာ
ဘယ်လိုမှ မဖြစ်နိုင်ဘူး" လို့ ပြောလိုက်တယ်။ ယမ်းဘီလူးကတော့ "အလု
ခံရတဲ့လူများ လုပ်ထည့်လိုက်တာလား" ဆိုပြီး ဝေဖန်ချက်ပေးတယ်။

"တစ်ခုတော့ရှိတယ်။ ဒီကောင်က သူလုပ်ချင်ပြီဆို ရှေ့နောက် သိပ်
စဉ်းစားတတ်တာ မဟုတ်ဘူး။ ဘုရားပစ္စည်းတောင် မရှောင်တဲ့ကောင်ဆို
တော့ ဖြစ်နိုင်တယ်" နဲ့ တစ်ယောက်တစ်ပေါက် ဝေဖန်ပြောဆိုကြပြီး
ယမ်းဘီလူးနဲ့ ဒိုင်းနမိုင်းတို့ကို ဓာတ်ပေါင်းစေတီဘက်ကို ချိန်းလိုက်တယ်။
ကျွန်တော်က ခိုင်စံပယ်တို့အိမ်ကို ထွက်လာခဲ့တယ်။

ခိုင်စံပယ်တို့အိမ်ရောက်တော့ တောင်ကြီးက ဧည့်သည်လင်မယား
လို့ ခိုင်စံပယ်ပြောတဲ့ အမျိုးသမီးတစ်ယောက်နဲ့ အမျိုးသားတစ်ယောက်ကို
တွေ့ရတယ်။ ပုံစံကတော့ ဒီပုတ်ထဲက ဒီပဲတွေပါပဲ။ ခဏထိုင်ပြီး. . .

"ခိုင် အားရင် ရွှေသာလျောင်းဘက် ခဏလိုက်ခဲ့ပါလား" လို့ တိုးတိုး
လေး ပြောလိုက်တော့ အခန်းထဲ ဝင်သွားတယ်။ ပြန်ထွက်လာတော့ ဖြီး
လိမ်းပြင်ဆင်လာတာကို မြင်ရတယ်။ သူ့ဧည့်သည်တွေကို "ခဏနော်"လို့
ပြောပြီး ကျွန်တော့်နောက် လိုက်လာတယ်။ ရွှေသာလျောင်းဘုရားက

ခိုင်စံပယ်တို့အိမ်နဲ့ နီးနီးလေး။ တစ်ခေါ်တောင် မဝေးဘူး။

ကျွန်တော်က ဘုရားပေါ် မတက်သေးဘဲ ဘုရားဘေး သောက်ရေကန်ဘောင်ကိုပတ်ပြီး ကျောက်စာတွေ ထားတဲ့နေရာကို ခေါ်လာခဲ့တယ်။ ကျောက်စာတွေရဲ့ အလယ်နားအရောက်မှာ ကျွန်တော် ထိုင်ချလိုက်တော့ ခိုင်စံပယ်ကလည်း ထိုင်လိုက်တယ်။

"ခိုင် . . . အစ်ကို့ကို တကယ်ချစ်ရဲ့လားဟင်" ဆိုတော့. . .

"ခိုင် . . . အစ်ကို့ကို သိပ်ချစ်ပါတယ်၊ ခိုင့်ဘဝက တစ်ခုလပ်ဆိုတော့ အစ်ကိုနဲ့ မတန်တာမှန်းလည်း သိပါတယ်" လို့ ညြိုးညြိုးငယ်ငယ်နဲ့ ခေါင်းငုံ့ပြီး ပြောတယ်။

"မနေ့က ဘာလို့ ခိုင် ငိုတာလဲ"

"ဪ . . . ခိုင့်ဘဝကို ခိုင် ဝမ်းနည်းလို့ပါ"

"ဝမ်းနည်းစရာတွေကို မေ့ထားလိုက်စမ်းပါ ခိုင်ရာ၊ ခု ခိုင့်ကို ချစ်တယ်၊ ခိုင်ကလည်း အစ်ကို့ကို ချစ်တယ် မဟုတ်လား ဟင်"

"ချစ် . . . ချစ်ပါတယ်၊ ချစ်လို့လည်း အစ်ကို့ကို တစ်ရက်နှစ်ရက် မတွေ့ရရင်တောင် ခိုင် မနေတတ်လို့ အိမ်ကို လာရှာပါတယ်၊ မနေ့က သူငယ်ချင်းတွေနဲ့ ရုပ်ရှင်သွားကြည့်တော့ အစ်ကို့ကို တွေ့တယ်။ အစ်ကိုကသာ ခိုင့်ကို မမြင်ပေမယ့် အစ်ကို့တို့ ရုပ်ရှင်ရုံဘက်ကို လာကြကတည်းက ခိုင် မြင်ပါတယ်။ အအေးဆိုင်ထဲကို အစ်ကိုတို့ ဝင်သွားကြတော့ ခိုင် ရပ်ပြီး ကြည့်နေပါတယ်။ ခိုင် သားလေးကိုတောင် အစ်ကို့ကို မြင်သွားမှာစိုးလို့ ကွယ်ထားလိုက်ရသေးတယ်။ ကလေးက အစ်ကို့ကို သိပ်ခင်တော့ တွေ့ရင် ပြေးလိုက်သွားမှာစိုးလို့ မာန်ပြီး လက်ဆွဲထားရတယ်။ အစကတည်းက အစ်ကို့လို လူတစ်ယောက်နဲ့ ငါ ဘာလို့ မတွေ့မိတာလဲဆိုတာ တွေးပြီး မျက်ရည်လည်း ကျမိပါတယ်၊ အစ်ကိုဟာ ခိုင့်ဘဝကို လက်တွဲခေါ်နိုင်ပါ့မလားဆိုတာလည်း နေ့စဉ် တွေးပြီး စိတ်မကောင်း ဖြစ်နေရပါတယ်"

"ကဲ . . . ဘာကိုမှ စိတ်မကောင်း ဖြစ်မနေနဲ့တော့၊ အစ်ကို ခိုင်တို့ သားအမိကို စဉ်းစားထားပြီးသားပါ။ ဒီနေ့ ဒီအချိန်ကစပြီး ယမ်းကြိုးခေါ်ရင်လည်း မလိုက်နဲ့တော့နော်၊ မကောင်းတဲ့ ဒုစရိုက်အလုပ်ကို ဒီအချိန်





ကစပြီး စွန့်လိုက်တော့၊ ငွေလိုရင် ခိုင်တို့ သားအမိအတွက် အစ်ကို ရှာပေးပါမယ့်"

"ဟုတ် . . . ဟုတ်ကဲ့၊ အစ်ကိုလည်း ဒီ ဒုစရိုက်အလုပ်ကို မလုပ်ပါနဲ့တော့လား အစ်ကိုရာ၊ အစ်ကို့မှာ ငွေရှိတယ်၊ မိဘကောင်းတယ်၊ တခြားကောင်းရာကောင်းကြောင်း အလုပ်တစ်ခုခုကို ပြောင်းလုပ်ပါလားဟင်"

ခိုင်စံပယ်က ကျွန်တော့်စကားနဲ့ ကျွန်တော့်ကို ပြန်ချည်ပြီး ပြောလိုက်တယ်။

"ခု လောလောဆယ် အစ်ကို ကတိမပေးနိုင်သေးဘူးခိုင်၊ တစ်နေ့တော့ ခိုင် ဖြစ်စေချင်တာ ဖြစ်လာပါလိမ့်မယ်၊ ခိုင် ခု အိမ်မှာပဲ နေပါ။ ဘယ်မှ လျှောက်မသွားနေပါနဲ့၊ ရော့ လောလောဆယ် ခိုင်တို့ သားအမိအတွက်" ဆိုပြီး ကျွန်တော် ငွေတစ်ရာ ထုတ်ပေးလိုက်တယ်။

အိမ်ပြန်ရောက်တော့ ခိုင်စံပယ်က ထမင်းစားပြီးမှ ပြန်ပါဆိုတာကို ကျွန်တော်က ဧည့်သည်တွေနဲ့ အားနာပါတယ် ပြောတာကို မရဘူး၊ အတင်း ထမင်းကျွေးတာနဲ့ ထမင်းစားပြီး ထွက်လာတယ်။ လမ်းမှာ ခိုင်စံပယ် သားလေး ကျောင်းက ပြန်လာတာနဲ့ ဆုံမိကြတယ်။

"ဦးဦး ပြန်တော့မလို့လား၊ သားသားတို့အိမ်ကို ဘာလို့ မလာတာလဲ"

"အခု သားသားတို့အိမ်က ပြန်လာတာပါ၊ နောက်ဆို လာပါ့မယ် သားရယ်၊ ကဲလာ . . . ဘာမုန့်စားမလဲပြော" ဆိုပြီး မုန့်ဆိုင်မှာ မုန့်ကျွေးခဲ့ရသေးတယ်။ မဇင်းလမ်းဆုံရောက်တော့ မြင်းလှည်းတစ်စီးငှားပြီး ရွှေမော်ဓောဘုရားဘက်ကို ထွက်လာခဲ့တယ်။

ရွှေမော်ဓောဘုရားကို လက်ဝဲဘက်ကနေပတ်၊ ခရေပင်အောက်မှာ ခရေပွင့်ကောက်ပြီး ဒိုင်းနမိုင်းနဲ့ ယမ်းဘီလူးတို့ရှိရာ ဓာတ်ပေါင်းစုစေတီဘက်ကို တက်လာခဲ့တယ်။ ဓာတ်ပေါင်းစုပေါ် ရောက်တော့ ဒိုင်းနမိုင်းနဲ့ ယမ်းကြိုးတို့အပြင် နီဂရိုးကိုလည်း တွေ့ရတယ်။ နီဂရိုးက. . .

"အခု ငါ ကျိုက်ထိုက ပြန်လာတယ်၊ သထုံယမ်ဂါးနဲ့ နှင်းပုလဲဖိုးတရုတ်၊ တောင်စွန်းလန်ဘား၊ ရင်းငြိမ်ဘိုးရာဇာ၊ စံမတူ တို့ကို ငွေသုံးသိန်းကျော် လုယက်မှုနဲ့ မသင်္ကာလို့ ဖမ်းထားတယ်၊ မင်းတို့ မော်လမြိုင်လိုင်းကို အရမ်းသွားမဝင်ကြနဲ့၊ အခြေအနေ လုံးဝ မကောင်းဘူး၊ ဒီကြားထဲ ပုဏ္ဏက

ဝင်းတင် ရထားကြိတ်လို့ သေတဲ့သတင်းကလည်း မော်လမြိုင်မှာ လူတိုင်း
လိုလို သိနေကြတယ်" လို့ ပြောပြတယ်။ ယမ်းဘီလူးကလည်း. . .

"အေးကွ၊ လိုင်းမကောင်းတဲ့ထဲ ခိုင်စံပယ်ကို အကြံအဖန် လုပ်ရ
အောင် သွားခေါ်တာလည်း ခေါ်မရဘူး၊ ငါ့အထင်တော့ ဒီကောင်
ကျော်မြင့်ဆေး မိသွားပြီထင်တယ်၊ ဟဲ . . . ဟဲ" တဲ့။

ကျွန်တော်က ဘာမှ ပြန်မပြောဘဲ. . .

"မန္တလေးလိုင်းလည်း မကောင်းဘူးကွ၊ အဲဒီတော့ ငါ မော်လမြိုင်
လိုင်းပဲ အားထားတယ်" ဆိုတဲ့ ကျွန်တော့်စကား မဆုံးခင် နီဂရိုးက "မော်
လမြိုင်မှာ အကြံအဖန်သမားဆို ကစားဝိုင်းနဲ့ ဈေးသည်တွေပါမကျန် အကုန်
လိုက်ဖမ်းနေပါတယ်ဆို၊ ငွေအလုခံရတဲ့လူက ကျုံဒိုးက စက်လှေပိုင်ရှင်
ဆိုတော့ အမှုကို မပေါ်ပေါ်အောင် ဗိုလ်တွေက လိုက်ကြမှာ၊မန္တလေးလိုင်းက
ငါသိရသလောက် အဆင်ပြေနေပါပြီကွာ"တဲ့။

"ဒါဖြင့်ရင် ညနေ ဘူတာမှာ ဆုံကြမယ်ကွာ" ဆိုပြီး ချိန်းလိုက်တယ်။

အားလုံး ညနေ လေးနာရီကို ကြိုရောက်လာကြပြီး ရထားအဆင်း
အတက်ကွေ့မှာ (ကျော်) ရိုက်ကြတယ်။ကျော်(ဘလိတ်ဓား)ကို အလယ်က
ထက်ဝက်ချိုး၊ တစ်ခြမ်းကို ထိပ်ပိုင်းက သဘော်ဦးပုံသဏ္ဌာန်လုပ်ပြီး ကျန်
တစ်ဖက်ကို တစ်ညီတည်းဖြစ်အောင် ချိုးသွေးထားတယ်။ တစ်လက်မခန့်
ကို လက်ညှိုးနဲ့ လက်ခလယ်ကြားမှာ ညှပ်ပြီး ရထား အဆင်းအတက်
တောဘဲတွေကို အိတ်ခွဲ ဖောက်ယူကြတယ်။ လူရှင်းရင် ဓားကို ပါးစပ်အ
တွင်း သိမ်းလိုက်ကြတယ်။ လေးယောက်သား ပဲခူး၊ ပဲနွယ်ကုန်း၊ ဖြူးအထိ
လိုက်လုပ်ကြပြီး မန္တလေးအမြန်ရထားနဲ့ ပြန်လိုက်လာကြတယ်။

ဒီလိုနဲ့ တစ်နေ့မှာ ပဲခူးက သာစည်အမြန်ရထားပေါ်ကို တက်လိုက်
လာကြတယ်။ အလုပ်အတွက် မတွေ့တာနဲ့ ရထားအဆင်းအတက် တံခါး
ရွက်နားမှာ ကျွန်တော်နဲ့ နီဂရိုးတို့ ထိုင်နေကြတယ်။ ယမ်းကြီးနဲ့ ဒိုင်းနမိုင်း
တို့က ကြေးနီတွဲ ရောက်နေကြတယ်။ အလုပ်အဆင်ပြေရင် ပဲခူးမှာပဲ
စောင့်နေကြဖို့ကိုလည်း ကြိုတင် မှာထားကြတယ်။ ဟိုနှစ်ယောက်တော့
အဆင်ပြေ မပြေ မသိဘူး။ ကျွန်တော်တို့ နှစ်ယောက်ကတော့ ခွင်ကို
မရတာနဲ့ စိတ်ညစ်ညစ်နဲ့ တံခါးရွက်ကိုမှီပြီး ထိုင်လိုက်လာကြတယ်။





ဘူတာစဉ်တွေ ကျော်လာပြီး ဇေယျဝတီသကြားစက်ရှိရာ ဘူတာ
အရောက်မှာ ခရီးသည်တွေ တိုးဝှေ့တက်လာကြတာနဲ့ ကျွန်တော်တို့နှစ်
ယောက်လည်း ခဏ မတ်တတ်ရပ်ပေးနေကြရတယ်။ ခရီးသည် အချို့က
အလယ်ထဲကို တိုးဝှေ့ ဝင်သွားကြတယ်။ ကျန် ခရီးသည်တွေကတော့
ကျွန်တော်တို့ အနောက်နားမှာ ရပ်ပြီး စီးလာကြတယ်။ ရထားထွက်ခါနီးမှ
လူတစ်ယောက် ကျွန်တော်တို့ အပေါက်ကနေ တက်လာတယ်။ သူ လက်
ကိုင်တန်းကို ကိုင်ရုံပဲရှိသေး ရထားက တဖြည်းဖြည်း စထွက်လာတယ်။
သူတက်လာတဲ့အတွက် ကျွန်တော်တို့ နှစ်ယောက်လည်း နောက်ကို နည်း
နည်း ဆုတ်ပေးပြီး တက်လာတဲ့လူလည်း မဝင်သာအောင် မသိမသာ
ညှပ်ပိတ်ထားလိုက်ကြတယ်။ တက်လာတဲ့လူက ဝင်စရာ နေရာ မရှိတာနဲ့
သားရေအိတ်အနက်ကိုပိုက်ပြီး ကျွန်တော်တို့ ဘေးနားမှာ ထိုင်လိုက်တယ်။
ကျွန်တော်လည်း တက်လာတဲ့ ငနဲကို အခြေအနေ ကြည့်နေတယ်။

ငနဲက ပါလာတဲ့ သားရေအိတ်ကို ဘေးနားချလိုက်၊ ပေါင်ပေါ် ပြန်
တင်လိုက်နဲ့ ဂနာမငြိမ် ဖြစ်နေတယ်။ ကျွန်တော်က သူ့အဝတ်အဆင်ရယ်၊
ညအချိန်မှာ မီးစုန်းနဲ့ လင်းလက်နေတဲ့ လက်က စီကိုဖိုက်နာရီရယ်၊ ပိုက်
ထားတဲ့ သားရေအိတ်အနက် အောက်ဖင်ကားရယ်ကို အကဲခတ်နေတယ်။
သူကလည်း ပတ်ဝန်းကျင်ကို မျက်လုံး ခဏခဏ ကစားတယ်။ အဲဒါကြောင့်
သူကြည့်ရင် ကျွန်တော်က မသိသလို မျက်နှာလွှဲထားရတယ်။ ကျွန်တော်
တွက်ထားလိုက်ပြီ၊ "ဒီလူ ငထွားဖြစ်ရမယ်"၊ အဲဒါကြောင့် နီဂရိုးဆီက
အထာနဲ့ စီးကရက်တစ်လိပ်တောင်းပြီး "ဦး . . . မီးခြစ်လေးများ မပါ
ဘူးလားခင်ဗျာ" လို့ မေးကြည့်လိုက်တယ်။ ပြတ်ပြတ်ပဲ "မပါဘူး" တဲ့။

ဒါနဲ့ ကျွန်တော်က နီဂရိုးကို ဒုစရိုက်အထာနဲ့ "မော်ကင်း၊ အပေါ်
ကော်၊ ရှော်ကောင်၊ နော်ကော၊ ဒေါ်ကီ၊ ဘော်ကဲ၊ ကော်ကို၊ ပေါ်ကာ၊
လော်ကုတ်၊ မော်ကော၊ အစော်ကင်၊ ပျော်ကော၊ ရောင်ကင်၊ ငေါ်ကာ၊ စော်
ကင်း" ဆိုပြီး ပြောတော့ ပတ်ဝန်းကျင်က လူတွေက နားမလည်တဲ့
အကြည့်တွေနဲ့ တစ်ချက်တစ်ချက် လှမ်းလှမ်းကြည့်ကြတယ်။ သူတို့က
ကျွန်တော်ပြောလိုက်တဲ့ စကားကို တိုင်းရင်းသား တစ်မျိုးမျိုးရဲ့ စကားလို့
ထင်သွားကြပုံရတယ်။ နီဂရိုးကလည်း ဆယ်မိနစ်လောက်ထိုင်ပြီး

"အိမ်သာ သွားလိုက်ဦးမယ်" ဆိုပြီး လူညပ်နေတဲ့ကြားက တိုးဝှေ့ထွက်သွားတယ်။

ကျွန်တော့်အနေနဲ့ အလုပ်လုပ်တော့မှာမို့ ကြပ်ညပ်နေတဲ့ နေရာမှာ အဆင်းအတက် အခက်အခဲကို အဆင်ပြေအောင် နီဂရိုးကို ပြောလိုက်ခြင်း ဖြစ်တယ်။ အထာပေါက်ပြီးသား နီဂရိုးက ကျွန်တော့်အမိန့်အတိုင်း ရထားခေါင်မိုးပေါ် တစ်နေရာရာက တွယ်တက်သွားလိမ့်မယ်။ ကျွန်တော် လုယက်ပြီး ဆင်းတာနဲ့ သူလည်း လိုက်ဆင်းဖို့ အသင့်ပြင်ထားလိမ့်မယ်၊ အဲဒါကြောင့်လည်း ကျွန်တော်က နီဂရိုးကို အနားက ခွင်ဝင်အောင် ရှောင်ခိုင်းလိုက်ခြင်း ဖြစ်တယ်။

နီဂရိုး ဖယ်ပေးထားခဲ့တဲ့ နေရာမှာ သားရေအိတ်အနက်နဲ့လူက တိုးပြီး ဝင်ထိုင်လိုက်တယ်။ အဲဒီလို လာထိုင်အောင် တမင် လုပ်လိုက်မှန်း သူ မသိလိုက်ဘူး။ ကျွန်တော်လည်း မသိသလို အပြင်ကို ငေးပြီး လိုက်လာတယ်။ ရထား တောင်ငူကို ဝင်လာတော့ တံခါးကို ခဏပိတ်ပြီး အတွင်းမှာ မှီထိုင်နေလိုက်တယ်။ တောင်ငူက ရထားထွက်တော့ တံခါးကို ပြန်ဖွင့်ပြီး ပြန်ထိုင်လိုက်လာတယ်။ ကျွန်တော့်ဘေးက ငထွားကြီးလည်း ကျွန်တော့်ကို ဂရုမစိုက်တော့ဘဲ ငိုက်နေတယ်။ အဲဒီအချိန်မှာ ရထားဘီးပွတ်သံကို နားထောင်လိုက်တော့ မိုင်သုံးဆယ်ကျော်နှုန်းနဲ့ ခုတ်မောင်းနေတယ်လို့ သိရတယ်။ ရထားအဆင်းအတက် အပေါက်ဝက အောက်ကို ငုံ့ကြည့်လိုက်ရင် သဲသဲကွဲကွဲ ဘာမှ မမြင်ရဘူး။ တရိပ်ရိပ်နဲ့ အရှိန်ယူပြေးကောင်းနေတယ်။

ကျွန်တော်တို့အနေနဲ့ မန္တလေးလိုင်းမှာ ဘယ်နေရာကို ဆင်းရင် အဆင်ပြေမယ်။ ဆင်းသင့်တဲ့နေရာ၊ မဆင်းသင့်တဲ့နေရာတွေကိုလည်း ကျွန်တော်တို့ သိထားတယ်။ မဆင်းသင့်တဲ့ နေရာဆိုတာက ရထားမောင်းနေတဲ့ ဘေးတစ်ဖက်တစ်ချက်မှာ သံဘောင်တွေ၊ ဇလီဖားတုံးအပုံတွေ၊ သံငုတ်တွေ ရှိတဲ့ နေရာဆို ဘယ်လိုမှ ဆင်းလို့ မဖြစ်ဘူး။ အဲဒါကြောင့် ကျောက်ဆည်အထွက်ကို အလုပ်လုပ်ဖို့ နေရာရွေးလိုက်တယ်။ ကျောက်ဆည်ဘူတာမှာ ရထားထွက်တော့ အပြင်ဘက်ကို ခေါင်းပြူပြီး ရှေ့နောက်ကို ကြည့်လိုက်တယ်။ အားလုံး အခြေအနေကောင်းတယ်။ ကျွန်တော်





လုပ်မယ့် ဘဲကိုကြည့်တော့လည်း တံခါးရွက်ကို မှီပြီး ငိုက်နေတယ်။

ချက်ချင်းပဲ ကျွန်တော့်ပေါင်က ဓားကို ထုတ်ပြီး သူ့လက်ထဲက အိတ်ကို ဆတ်ခနဲ ဆွဲလုလိုက်တယ်။ အိတ်က ကျွန်တော့်လက်ထဲ အလိုက်သင့်ပါလာတယ်။ ပါလာတဲ့အိတ်ကို ရထားလမ်းဘေး ချက်ချင်းပဲ ပစ်ချလိုက်တယ်။ သူက "ဟေ့ကောင် ဒါ . . . ဒါဘာလုပ်တာလဲ၊ ငါ့အိတ်ကို" ဆိုပြီး သူ ကုန်းအထမှာ လက်ထဲက ဓားနဲ့ သူ့မျက်နှာကို ဝှေ့ယမ်းပစ်လိုက်တော့ နောက်ကို လည်ထွက်သွားတယ်။ ကျွန်တော်က သူ့လည်မျိုကို ဓားနဲ့ တေ့ပြီး-

"မှောက်နေစမ်း သေသွားမယ်" ဆိုပြီး မှောက်ခိုင်းလိုက်တယ်။ ဘေးနားက လူတွေလည်း ရုတ်ရုတ်သဲသဲဖြစ်ပြီး အထဲဝင်ပြေးတဲ့လူကပြေး ကြောင်ကြည့်တဲ့လူက ကြောင်နေတုန်းမှာ မှောက်နေတဲ့လူကို လက်တစ်ဖက်နဲ့ နှံ့စပ်အောင် စမ်းလိုက်တယ်။ လက်နှိပ်ဓာတ်မီးနဲ့ ထိုးကြည့်ပြီး အအော်ခံထားရဖူးတဲ့ အတွေ့အကြုံရှိထားတော့ လက်နှိပ်ဓာတ်မီးကို အထူးသတိထားရတယ်။ ဘာမှ မပါတာနဲ့ သူ့လက်က နာရီကိုဖြုတ်ပြီး. . .

"သေချင်တဲ့အကောင် ဆင်းလိုက်ခဲ့ကြစမ်း" ဆိုပြီး ဓားကို အရင်ပစ်ချလိုက်တယ်။ နောက်မှ လူက ရထားရှိန်ကိုကြည့်ပြီး ဆင်းခဲ့ရတယ်။ မြေပေါ် ခြေချလိုက်တာနဲ့ ကိုယ်ရှိန်သတ်လိုက်တယ်။

ဂါတ်ဗိုလ်တွဲက လူတွေနဲ့ ရထားပေါ်က လူတွေ မမြင်အောင် ခဏဝပ်နေလိုက်တယ်။ ရထားကျော်သွားတော့မှ ကျွန်တော် ဝပ်နေရာက ထလာတယ်။ ဓာတ်တိုင်တစ်တိုင်ကွာလောက်မှာတော့ ကျွန်တော့်ဓားကို တွေ့ရတယ်။ ဆက်ပြီး နောက်ကို ဓာတ်တိုင်လေးတိုင်လောက် လျှောက်လာတော့ တပေါင်းလပြည့်ည ရထားလမ်းဘေးက စက္ကူတွေ ဖွေးနေတာကို မြင်လိုက်ရတယ်။ အနားရောက်တော့ ငွေစက္ကူတွေ ဖြစ်နေတယ်။ ကျွန်တော့်နောက်က ကျွန်တော့်နာမည်ကို ခေါ်နေသံကြားလို့ လှည့်ကြည့်လိုက်တော့ နီဂရိုးလည်း ဆင်းလိုက်လာတာကို တွေ့ရတယ်။

ကျွန်တော် နီဂရိုးကို ဘာမှ လှည့်ပြောမနေဘဲ လုံချည်ထဲကို ငွေစက္ကူတွေကို ကောက်ထည့်နေတယ်။ ပစ်ချလိုက်တဲ့ ဘက်အိတ်အနက်က ဖင်ကွဲသွားတာ တွေ့ရတယ်။ အဝတ်တစ်စုံက ဘက်အိတ်နဲ့ တန်းဂန်း ဖြစ်နေ

တယ်။ ငွေစက္ကူအထုပ်က သုံးထုပ်၊ ကျန်တဲ့ငွေတွေက ရထားလမ်းဘေးနဲ့ ချုံပုတ်တွေ၊ ဇလီဖားတုံးတွေပေါ် ရထားလေအရှိန်နဲ့ ပြန့်ကျဲနေတယ်။ နောက်ကလိုက်လာတဲ့ နီဂရိုးကလည်း ငွေစက္ကူတွေ လိုက်ကောက်နေတယ်။ တစ်ယောက်နဲ့တစ်ယောက် စကားမပြောနိုင်ကြသေးဘူး။ ငွေတွေကောက်ပြီးတော့ ကျွန်တော့်လက်က နာရီကို ကြည့်လိုက်တယ်။ သုံးနာရီမတ်တင်း ရှိနေပြီ။ အဲဒါကြောင့် ရထားလမ်းဘေးက ကြံခင်းထဲ ခဏဝင်ပြီး ကောက်လာခဲ့ကြတဲ့ ငွေတွေကို ကြံခွံနဲ့ စုချည်လိုက်ကြတယ်။

နှစ်ယောက်သား ကြံခင်းကိုဖြတ်ပြီး ကားလမ်းရှိရာဘက် မှန်းထွက်လာကြတယ်။ ကြံခင်း မဆုံးခင်မှာ ဘုန်းကြီးကျောင်းတစ်ကျောင်းက လေးနာရီ တုံးခေါက်သံကို ကြားလိုက်ရတယ်။ ခဏနားပြီး ရလာတဲ့ ငွေစက္ကူသုံးပုံတစ်ပုံကို လုံချည်အနားကိုဆုတ်ပြီး ကိုယ်မှာ ပတ်ထားဖို့ နီဂရိုးကို ပြောလိုက်ရတယ်။ တိုက်ပုံအကျႌ၊ ရှပ်အကျႌတွေချွတ်ပြီး နီဂရိုး ငွေစက္ကူတွေ ပတ်နေတာကို ကူညီရတယ်။ နီဂရိုးပြီးတော့ ကျွန်တော့်ကိုယ်ပေါ်မှာ ကျန်တဲ့ငွေတွေကို ပတ်ခိုင်းရတယ်။ ဒါက မှောင်ခိုလုပ်ခဲ့စဉ်က ကိုယ်မှာ၊ ပေါင်မှာ ပိတ်အုပ်တွေ ပတ်တာ အကျင့်ရနေတော့ အပေါ်က အကျႌတွေ ထပ်ဝတ်လိုက်တာနဲ့ အဆင်ပြေသွားတယ်။ ငွေထုတ်လာတဲ့ စာရွက်တွေကို နီဂရိုးက မီးခြစ်ခြစ်ကြည့်တော့ ဇေယျဝတီသကြားစက်က မန်နေဂျာဖြစ်နေတာကို တွေ့ရတယ်။

စာရွက်စာတမ်းတွေကို ကြံခင်းထဲမှာ မီးရှို့ဖျောက်ဖျက်ပစ်လိုက်ကြပြီး စီးကရက် တစ်ယောက်တစ်လိပ် သောက်ကာ ကားလမ်းဘက် ထွက်လာကြတယ်။ တစ်နေရာရောက်တော့ ကုန်စိမ်းတွေနဲ့ မိန်းမတစ်အုပ်စု ကားစောင့်နေတာ တွေ့ရတာနဲ့ ရောယောင်ပြီး ကားစောင့်နေလိုက်ကြတယ်။ မန္တလေးဘက်က ကားတွေ တစ်စီးပြီးတစ်စီး ဖြတ်သွားနေကြတယ်။ တားလို့ မရဘူး။ ကုန်ကားတွေက ကုန်အပြည့်နဲ့ဆိုတော့ လူတင်ချင်ပုံ မရဘူး။ တစ်နာရီလောက်ကြာတော့ အရှေ့က လယ်ထွန်စက် နောက်က ယာဉ်အပိုတွေ လာချိတ်ပြီး မောင်းလာတဲ့ကားကို အမျိုးသမီးအုပ်က တားပြီး တက်စီးကြတော့ ကျွန်တော်တို့နှစ်ယောက်လည်း ရောစီးလိုက်လာခဲ့ကြတယ်။





ကားသမားတစ်ယောက်က ပိုက်ဆံလာတောင်းရင်း ဘယ်ကိုလဲလို့ မေးတော့ "တောင်ငူ" လို့ တိုတိုပဲ ပြောလိုက်တယ်။ ကားပေါ်ပါလာကြ တဲ့ မိန်းမတွေရဲ့ အကြည့်ကတော့ ကျွန်တော်တို့နှစ်ယောက်ကို မေးခွန်း တွေ ထုတ်ချင်နေကြပုံပဲ။ ဒါကြောင့် ခပ်တည်တည် နေနေကြတယ်။ လမ်းခုလတ်မှာ တချို့ ဆင်းကုန်ကြပြီး နောက်ဆုံး မိန်းမကြီးသုံးယောက် နဲ့ ကျွန်တော်တို့ တောင်ငူဈေးနားမှာ ဆင်းကြတယ်။ ဈေးထဲဝင်ပြီး ရွှေ ဆံတော်ဘုရားဆီ တက်လာကြတယ်။ အဝတ် တစ်ယောက်တစ်စုံနဲ့ အိတ် တစ်လုံးဝယ်ပြီး ရွှေဆံတော်ဘုရားဆီ တက်လာကြတယ်။ ရွှေဆံတော် ဘုရား အနောက်ဘက်မုခ်မှာ အဝတ်လဲ၊ ငွေကို ဝယ်လာတဲ့ အိတ်သစ်ထဲ ထည့်ပြီး တောင်ငူငှက်ပျောသီး အကောင်းစား တစ်ယောက် တစ်ခိုင်နဲ့ ဆင်ဖြူတော်ကိုစီးပြီး ပဲခူးကို ပြန်လာကြတယ်။ ရလာတဲ့ငွေကို ကျွန်တော့် အိမ်မှာပဲ ရေကြည့်ကြတော့ ငါးသောင်းနှစ်ထောင်ကျော်တယ်။ နီဂရိုးကို နှစ်သောင်းပေးပြီး ကျန်ငွေနဲ့ နာရီကို ကျွန်တော် ယူလိုက်တယ်။

ဇေယျဝတီသကြားစက် မန်နေဂျာကို လုလို့ရတဲ့ငွေထဲက အမေ့ကို ရွှေဝယ်ထားဖို့ နှစ်သောင်းပေးလိုက်တယ်။ ကျွန်တော့်လက်ထဲမှာ ငွေက တစ်သောင်းကျော်ကျော် ကျန်နေသေးတော့ သတင်းစာဖတ်၊ သတင်း ားထောင်ရင်း အနားယူနေတယ်။ ဒီလိုနဲ့ တစ်နေ့မှာ ယမ်းဘီလူးနဲ့ င်းနမိုက်တို့ အိမ်ကို ရောက်လာကြတယ်။ အနံ့ရလို့ လာမှန်း သိတာနဲ့ ဒါ လုပ်ငန်း နည်းနည်း အဆင်ပြေတယ်။ မင်းတို့ကို ကျွေးပါ့မယ်"ပြောပြီး ညြိုစားသောက်ဆိုင်မှာ ကျွေးလိုက်ရတယ်။ နီဂရိုးကို ထုံးစံအတိုင်း ယ်သူ့မှ မပြောပါနဲ့လို့ မှာလိုက်ပေမယ့် ဒီကောင်ကလည်း ထုံးစံအတိုင်း အပေါင်းအသင်းကို ကျွေးမွေးပြီး ကြွားပြော ပြောနေကြတာကိုး။

တပေါင်းလကုန်တော့ တန်ခူးလကို ရောက်လာခဲ့ပြီး လက်ထဲမှာ ငွေကလည်း ရှင်နေတော့ အတော်လေး ဟန်ကျနေတယ်။ ကျွန်တော်တို့ ခူးမှာ ပျော်စရာအကောင်းဆုံးနေ့တွေကို ပြပါဆိုရင် တန်ခူးလ ရွှေမော် ဘုရားပွဲနဲ့ သင်္ကြန်ရက်တွေကို ပြရပါလိမ့်မယ်။ ပဲခူးဘုရားပွဲကို တန်ခူး ဆန်း ရှစ်ရက်ကနေ တန်ခူးလဆုတ် ရှစ်ရက်နေ့အထိ ကျင်းပတယ်။ မြို့မြို့အနယ်နယ်က ဈေးသည်တွေကလည်း ပဲခူးကို စုရောက်လာ

တတ်ကြတယ်။ အောက်ပြည်အောက်ရွာရဲ့ နောက်ဆုံးဘုရားပွဲလို ဖြစ် နေတော့ ရွှေမောဓောဘုရား နောက်ဘက်မုခ် လယ်ကွင်းတစ်ခုလုံးမှာ ဇာတ်ရုံတွေ၊ ရုပ်ရှင်ရုံတွေ၊ မျက်လှည့်၊ ဆပ်ကပ်ရုံတွေနဲ့ ပြည့်နေတယ်၊ နီးစပ်ရာ တောရွာတွေကဆို တန်ခူးလဆန်းရက် မတိုင်မီကပင် ကြိုပြီး နွားလှည်းတွေနဲ့ ကွင်းပြင်မှာ တဲထိုးစားသောက်ပြီး ပြန်လာကြတယ်၊ အဲဒါကြောင့် တန်ခူးလ တစ်လလုံးဟာ ပွဲတွေ ဆက်နေတယ်။

တစ်ချိန်တုန်းကဆို ကျွန်တော်တို့ စားသောက်ဆိုင်ဟာ ရှင်စောပု လမ်းမှာ စားသောက်သူတွေနဲ့ ပြည့်လျှံနေတယ်။ ခုတော့ ကျွန်တော်တို့ စားသောက်ဆိုင်နေရာမှာ တခြား ခေါက်ဆွဲဆိုင်တွေက နေရာယူသွား ကြပြီ။ ကျွန်တော်တို့ ညီ၊ ညီမတွေ ကြည့်ကြဖို့ ဖျာနေရာတွေကိုတော့ ကျောင်းနေဖက် သူငယ်ချင်း ညွှန့်အေးက နှစ်တိုင်း ကူညီတတ်တယ် အဲဒါကြောင့် ရွှေမန်းသဘင်အတွက် ဖျာမရမှာ မပူရဘူး။ တခြား ဇာတ် တွေအတွက်ကတော့ မှောင်ခိုက ဝယ်ကြည့်ရတာ များတယ်။ အမေက လည်း ပွဲကြိုက်ခင် ဖြစ်နေတော့ မိသားစုအားလုံး ပွဲကြည့်ဖြစ်ခဲ့ကြတယ်

တခြား အချိန်တွေမှာ ကိုယ့်ဘဝနဲ့ကိုယ် လှုပ်ရှားနေကြရလို့ သ ငယ်ချင်းတွေကို တစ်လတစ်ခါတောင် မတွေ့ရပေမယ့် ဘုရားပွဲရောက်ရ တော့ အကုန်လုံးလိုလို ပြန်တွေ့ကြရတယ်။ ရန်ကုန်၊ မန္တလေး ရောက်ေ ကြတဲ့ သူငယ်ချင်းတွေကိုတောင် ဘုရားပွဲမှာ ပြန်တွေ့ရတော့ အတိတ်က အကြောင်းတွေ၊ ကျောင်းနေခဲ့တုန်းက အကြောင်းတွေကို သိပ်သတိရ မိတယ်။ အထူးသဖြင့် အေးသန်းကျော်အစ်မ ဒေဝီကိုလည်း သတိပိုရမိတယ်

ဒေဝီနဲ့ ကျွန်တော်တို့က ကျောင်းမှာ ပန်းချီပန်းပု အသင်းဝင်ေ ဖြစ်တယ်။တစ်ခန်းထဲမှာ အတူနေခဲ့ကြတယ်။ တစ်ယောက်နဲ့တစ်ယော ချစ်ပါတယ်လို့ ဖွင့်မပြောခဲ့ကြပေမယ့် ကျွန်တော့်ရင်ထဲကတော့ ဒေဝီ ယနေ့ထိ ချစ်နေတုန်းပဲ။ သူတို့ မောင်နှမက ကျွန်တော်ကို နှစ်ယော စလုံး အင်မတန် ခင်ကြတယ်။တစ်ခါက ကျွန်တော် ဒေဝီပုံကို ကျောင်းခ ထဲမှာ ခိုးဆွဲနေတုန်း အေးသန်းကျော်က မြင်ပြီး "ဒါ ဘယ်သူ့ပုံလဲ လို့ မေးဖူးတယ်။ ကျွန်တော်က "ဘယ်သူ့ပုံမှ မဟုတ်ပါဘူးကွာ၊ ငါ သ သက် စိတ်ကူးနဲ့ ဆွဲထားတာပါ" ဆိုတော့ "ဒီပုံက တို့ အခန်းထဲ ရှိတယ





ဆိုပြီး ကျွန်တော် ဆွဲထားတဲ့ သမိုင်းစာအုပ်ကို အပြင်ဘက် လွှင့်ပစ်လိုက် တယ်။

ကျောင်းအပြင်ဘက်မှာက မိုးရွာထားတော့ စာအုပ်က ကျောင်း တံစက်မြိတ်က ရေအိုင်ထဲ ကျသွားတယ်။ ကျောင်းသားကျောင်းသူတွေ ကလည်း ဝိုင်းကြည့်နေကြတော့ ချက်ချင်း ကျွန်တော် ထွက်မကောက်ရဲ သေးဘူး။ ဘောခန်းမကြီးက ဆရာ၊ ဆရာမတွေအလစ်မှာ စာအုပ်ကို သွားကောက်ပြီး အခန်းထဲမှာ ရေခါနေတုန်း ဆရာမ ဒေါ်တင်မလေး ဝင်လာတာနဲ့ ပက်ပင်းတိုးပြီး မြင်သွားတယ်။ ကျောင်းက နံရံကပ်စာ စောင်မှာ ကျွန်တော်က ဝတ္ထု၊ ဆောင်းပါး၊ ကဗျာပုံတွေကို အမြဲ သရုပ် ဖော်ဆွဲနေကျဆိုတော့ ဆရာမက ကျွန်တော့်ကို ချက်ချင်း မှတ်မိတယ်။

"မောင်ကျော်မြင့် ခုနက စာအုပ်ကို ရေထဲက ကောက်လာပြီး ရေခါ နေတာ တွေ့ရတယ်။ စာအုပ်က ဘာဖြစ်လို့ ရေထဲ ကျရတာလဲ" လို့ မေးတယ်။ ကျွန်တော်က "ချိုင်းကြားထဲ ညှပ်လာမိလို့ လွတ်ကျတာပါ ဆရာမ" ဆိုပြီး ဆရာမကို လိမ်ပြောလိုက်ရတယ်။ အဲဒါကို မြင်တဲ့ ကျောင်းသူကျောင်းသားတွေက ဝိုင်းရယ်ကြတော့ ဆရာမ ရိပ်မိသွားလို့ ကြိမ်သုံးချက် အဆော်ခံလိုက်ရတယ်။ "နောက်တစ်ခါ ကြားရရင် အသေပဲ" လို့လည်း ကြိမ်းလွှတ်လိုက်တယ်။

နောက်တစ်နေ့မှာ သူ့ကြောင့် ဖြစ်ရတာပါဆိုပြီး အေးသန်းကျော်က ကျွန်တော့်ကို တောင်းပန်တယ်။ ဒေဝီတို့ မောင်နှမနဲ့ ကျွန်တော်က အမှန် ဘဝချင်း ဘယ်လိုမှ မတူနိုင်ဘူး။ ကျွန်တော်က ကျောင်းဝတ်စုံ နှစ်စုံကို တွင်းမှာ မီးကင်ဝတ်နေရတဲ့အချိန်မှာ သူတို့ မောင်နှမက သူ့အဖေက ားနဲ့ ကျောင်းကို လာပို့တတ်တယ်။ အပြန်ကျမှ သူတို့မောင်နှမက ခြကျင် ကျွန်တော်တို့နဲ့အတူ လျှောက်ပြန်လေ့ ရှိတယ်။ အဲဒါကြောင့် ည်း ဒေဝီက နောက်တစ်နေ့ ကျောင်းအပြန်မှာ ကျွန်တော့်ကို တောင်း န်တယ်။ ကျွန်တော်က အရှက်ပြေ "ဒေဝီကြောင့် မဟုတ်ပါဘူး။ အေး န်းကျော်တို့ သက်သက် နောက်လို့ပါ"လို့ ဖြေပြောလိုက်ရတယ်။

အစီအစဉ် မရှိဘဲ ကျွန်တော် ကျောင်းထွက်လိုက်တော့ သူတို့ ာင်နှမနဲ့ ဝေးသွားကြတယ်။ အေးသန်းကျော်က ဆယ်တန်းအောင်ပြီး

သူ့မိဘပွဲရုံမှာ ဝင်လုပ်ရင်း ဇာတ်ကန်ထရိုက်အလုပ်ကိုလည်း တွဲပြီး လုပ်
နေတယ်။ အဲဒါကြောင့် ကျွန်တော်တို့ မိသားစု ပွဲကြည့်ဖို့ကို ခုထိ ကူညီ
နိုင်တယ်။ ရှေ့ဖြစ်နောက်ကြောင်းတွေ ပြောကြရင်း သူ့အစ်မ ဒေဝီကို
မေးကြည့်တော့ ရန်ကုန်တက္ကသိုလ် တက်နေတယ်။ ခု ကျောင်းပိတ်လို့
အိမ်ပြန်ရောက်နေတယ်။ အစ်မနဲ့ တွေ့ချင်ရင် လာလည်ပါလို့ ပြောတာ
နဲ့ ကျွန်တော် ဒေဝီတို့အိမ်ကို တစ်ခေါက် ရောက်သွားသေးတယ်။ ကျွန်
တော့်ကို တွေ့တော့ ဒေဝီက နှုတ်တော့ဆက်ပါတယ်။ ဒါပေမယ့် အရင်လို
သိပ်ဖော်ဖော်ရွေရွေ မဟုတ်တော့ဘူးဆိုတာ သတိထားမိတယ်။

အေးသန်းကျော်ကတော့ ကျွန်တော် မှောင်ခိုလုပ်တယ် ဆိုတာ
အထင်ကြီးချင်နေပုံရတယ်။ လောလောဆယ်မှာတော့ အဝတ်အဆ
ကလည်း သူ့ထက်သာအောင် ဝတ်ထားတော့ ဧည့်ခန်းက သူ့အစ်မ ရေ
ဆွဲထားတယ်ဆိုတဲ့ ရေဆေး၊ ဆီဆေးနဲ့ ခဲကောက်ကြောင်း ပန်းချီကာ
တွေကို လိုက်ပြတယ်။ ဒေဝီက ခုထိ ပန်းချီရေးနေတုန်းကိုးဆိုပြီး ရင်ထဲ
နင့်သွားမိတယ်။ အချစ်နဲ့ရော အနုပညာနဲ့ပါ ဒေဝီကို ကျွန်တော် ဘယ်
မှ မီနိုင်စရာ မရှိတော့တာနဲ့ သူတို့ မောင်နှမကို နှုတ်ဆက်ပြီး ဝမ်းနည်းစွ
ပြန်လာခဲ့ရတယ်။ ဒါပေမယ့် ဒေဝီကို မေ့မရသလို စိတ်ထဲ ဖြစ်လာပြ
တယ်။ အဲဒါကြောင့် အခွင့်သာရင် ပေးဖို့ ဒေဝီအတွက် စာအရှည်ကြ
တစ်စောင်ကို ရေးထားမိတယ်။

ဘုရားပွဲတော်ရက် အတွင်းမှာတော့ ကြည်ကြည်လှနဲ့ အစ်မတို့
ပွဲလိုက်ပြလိုက်၊ ခိုင်စံပယ်နဲ့ ပွဲတွဲကြည့်လိုက်၊ သူငယ်ချင်း ရပ်ဝေးနေ
ကို တွေ့လို့ အတူပွဲကြည့်လိုက်နဲ့ အချိန်ကုန်သွားတယ်။ သင်္ကြန်ရက်မှ
ဂျစ်ကားတစ်စီးငှား၊ ခိုင်စံပယ်ကိုတွဲပြီး သူငယ်ချင်း အတွဲတွေနဲ့ ရေပက်
လည်း ထွက်လိုက်ကြသေးတယ်။ ကဆုန်လဆန်း တစ်ရက်နေ့မှာတေ
အေးသန်းကျော်တို့ မိသားစုနဲ့ ဒေးစွန်ပါကို လိုက်လာဖြစ်တယ်။ အဲဒီ
ကလည်း ဒေဝီကိုပေးဖို့စာက ဘက်အိတ်ထဲ အသင့်ပါတယ်။ ဒါပေမ
အခွင့်မသာလို့ မပေးဖြစ်ခဲ့ဘူး။ ဒေဝီ ရန်ကုန်ပြန်မယ့်နေ့ကို မေးထား
ဒေဝီဆီပဲ တစ်ချိန်လုံး စိတ်ရောက်နေပြန်တယ်။ငယ်ကချစ် အနှစ်တစ်
ဆိုတာ တကယ်ပါလားလို့လည်း တွေးလာတယ်။ ဒေဝီ မိဘတွေကလ





ကျွန်တော့်ကို မှောင်ခိုအရောင်းအဝယ်လုပ်နေတဲ့ ကိစ္စကို မေးကြည့်ပြီး ငွေကြေး မလုံလောက်ရင် မင်းသူငယ်ချင်းကို ပြောပေါ့ဆိုလာတော့ ဟုတ်သော်ရှိ မဟုတ်သော်ရှိ ဘဝင်ခိုက်နေမိတယ်။ အေးသန်းကျော်တို့ မိသားစုက မှောင်ခိုလုပ်ကြတဲ့ လူငယ်တချို့ဟာ သူတို့မျက်စိအောက်မှာ လေးငါးနှစ်အတွင်း ကားစီး တိုက်ဆောက်ကြတာ မြင်တော့ ကျွန်တော့်ကိုလည်း မှောင်ခိုအကြီးစားလို့ ထင်မယ်ဆို ထင်နိုင်တယ်။

ဒါကြောင့်လည်း ဒေဝီ ရန်ကုန်တက္ကသိုလ် ပြန်တဲ့နေ့မှာ သူတို့ မိသားစုနဲ့အတူ ဒေဝီကို ကျွန်တော် လိုက်ပို့ခွင့် ရလိုက်တယ်။ ရထားပေါ်မှာ နေရာချပေးပြီး လက်ဆောင်အဖြစ် စပျစ်သီး၊ ကိတ်မုန့်နဲ့ အဲဒီအခါကျမှ စာရှည်ကြီးကို ပေးဖြစ်လိုက်ရတော့တယ်။ ရထားထွက်သွားမှ အေးသန်းကျော်နဲ့ သူ့မိဘတွေကို နှုတ်ဆက်ပြီး ညောင်ပိုင်းဘက် ထွက်လာမိတယ်။ ညောင်ပိုင်းမှာ သတင်းထောက် အောင်ကျော်မင်းနဲ့ ငတိုးတို့ ရှိတယ်။ သတင်းထောက် အောင်ကျော်မင်းက နှစ်ဖက်ချွန် ဖြစ်ကြောင်းကိုလည်း ကျွန်တော် သိထားတယ်။ ဒါကြောင့် ငတိုးကိုခေါ်ပြီး ကြေးသွန်းဘုရားကို ထွက်လာခဲ့တယ်။ ကြေးသွန်းဘုရားကို ရောက်တော့ သိချင်နေတဲ့ ပုဏ္ဏကအကြောင်းကို မေးရတယ်။ ငတိုးက ကျန်းမာရေး မကောင်းဘူး။

ပုဏ္ဏကအကြောင်း ငတိုးကို မေးရတာက ကျွန်တော်တို့နဲ့ ကွဲသွားပြီး နောက်ပိုင်းမှာ ငတိုးက ပုဏ္ဏကနဲ့ တွဲနေလို့ပဲ။

"ပုဏ္ဏက ငါ့ကို လူလည် လုပ်သွားတယ်ကွာ။ ကျုံဒိုးစက်လှေသူဌေးဆီက ငွေတွေကို တစ်ယောက်တည်း မောင်ပိုင်စီးသွားတယ်။ သူ့အိမ်ကို သွားမေးကြည့်တော့ သူ့အမေက မသိဘူးတဲ့။ မရောက်သေးဘူး ပြောလွှတ်လိုက်တယ်။ ငါလည်း ကျိုက်ထိုက ပုဏ္ဏက အခြေအနေကို စောင့်ကြည့်ခဲ့သေးတယ်။ ပုဏ္ဏကကို မတွေ့ရဘူး။ နောက်တစ်နေ့မနက်မှ သတင်းစာထဲမှာ ပုဏ္ဏက ဓာတ်ပုံနဲ့ ရထားပေါ်က လိမ့်ကျသေတယ်ဆိုတဲ့ သတင်းကို ဖတ်ရတယ်။ ကျိုက်ထိုကနေ ငါ ဘီးလင်းကို ရောက်လို့ ရထားကြိတ်ခံထားရတဲ့ အလောင်းကိုကြည့်တော့ ပုဏ္ဏက မဟုတ်ဘူး။ ပုဏ္ဏက ညာဘက် လက်မောင်းမှာ ပုဏ္ဏကရုပ်ပါတာ မင်းလည်း အသိပဲ။ အခုသေနေတဲ့ လူက ပုဏ္ဏက ကိုယ်လုံးကိုယ်ပေါက်မျိုး ဖြစ်ပေမယ့် မျက်နှာတစ်ခု

လုံးက ပုံဖမ်းလို့ မရလောက်အောင် ဖြစ်နေတော့ မသိတဲ့ လူတွေက ပုဏ္ဏကထင်ပြီး ပြောနေကြတာ။ ငါကတော့ ပုဏ္ဏက မသေသေးဘူးဆိုတာ သိထားတယ်။ ပုဏ္ဏကအမေကလည်း အလောင်းကို အိမ်မယူဘူးဆိုတော့ ဒီထက် သေချာတာ ဘယ်မှာ ရှိမလဲ။ ဒါကြောင့် ငါလည်း အခု ပုဏ္ဏက ဘယ်မှာ ရှိတယ်ဆိုတာ သိချင်လို့ စုံစမ်းနေတာ။ အခုတော့ သတင်းထောက်ကျော်မင်းအောင်ကို ငါ စုံစမ်းခိုင်းထားတယ်။ ကျော်မင်းအောင်က ငါ့သူငယ်ချင်းပါ" လို့ ငတိုးက ပြောပြတယ်။

သတင်းထောက် ကျော်မင်းအောင်က ဒုစရိုက်သမားတွေဆီက စားရရင်စားတယ်။ မစားရရင် သတင်းပေးပြီး ရဲကို ဖမ်းခိုင်းတတ်တယ်။ ကျော်မင်းအောင်ကိုလည်း မတွေ့ချင်တော့တာနဲ့ ငတိုးကို သတိဝီရိယနဲ့ နေဖို့ ပြောပြီး အိမ်ပြန်လာခဲ့တယ်။ ဒီလို အခြေအနေမျိုးမှာ ကျွန်တော့် အနေနဲ့ မော်လမြိုင်လိုင်းကို အရမ်းမတက်ရဲဘူး။ မန္တလေးကတော့ ကိုယ့်လိုင်းလို ဖြစ်နေလို့ အကြံအဖန်လုပ်ရင် အဆင်ပြေနိုင်တယ်။ ဒါပေမယ့် ဆက်တိုက်ဖြစ်နေတဲ့အတွက် မလုပ်ဘဲ ရပ်နားနေချိန် တစ်နေ့ ညှနေ့ ရုပ်ရှင်ရုံကနေ ရုပ်ရှင်ကြည့်ပြီးအပြန် ပဲခူးထောင်ထဲမှာ သိကျွမ်းဖူးတဲ့ စိန်မြင့်ကို တွေ့ရတဲ့အတွက် ဝမ်းသာအားရ နှုတ်ဆက်မိတယ်။ အအေးဆိုင်တစ်ဆိုင်ကိုဝင်ပြီး စကားထိုင်ပြောကြတယ်။ နောက်တော့ အလုပ်ကိစ္စ ရောက်သွားလို့ အေးအေးဆေးဆေး လွတ်လွတ်လပ်လပ် ဆွေးနွေးချင်တာနဲ့ ရွှေမော်ဓောဘုရားကို လာခဲ့ကြတယ်။ ပဲခူးဘုရားပွဲလည်း ပြီးသွားပြီ။ သင်္ကြန်ရက်လည်း ကုန်ဆုံးသွားပြီ။ မိုးသားတိမ်လိပ်တွေလည်း အုပ်ဆိုင်းလာနေပြီဆိုတော့ မာတ်ပေါင်းစုစေတီပေါ်က ပဲခူးမြို့ကို ကြည့်ရတာ ရင်ထဲ လွမ်းစရာလို့ မြင်မိလိုက်တယ်။ စိတ်က ရက်ပိုင်းအတွင်း ရန်ကုန်တက္ကသိုလ် ပြန်သွားတဲ့ ဒေဝီဆီကိုလည်း မတန်မရာ အတွေးတွေ ရောက်သွားတယ်။ ဒေဝီ့အမေအဖေတွေ အထင်ကြီးနိုင်လောက်တဲ့ ငွေသိန်းချီရပေါက်ရလမ်း တစ်ခုခုတွေ့ရင်တော့ တစ်ချီတည်း အပိုင်လုပ်ပြီး ဒေဝီကို တောင်းရမ်းယူကာ လူကောင်းလုပ်နေတော့မယ်လို့လည်း စိတ်ကူးပေါ်လာပြန်တယ်။

ဒါပေမယ့် ဒီစိတ်ကူးတွေကို စိန်မြင့်က ဖျက်ဆီးပစ်လိုက်တယ်။





"ဝက်ပါဘက်ကို အလုပ်သွားလုပ်ကြရအောင်"ဆိုတဲ့ စကားပါပဲ။ ကျွန်တော်လည်း စိန်မြင့်ပြောစကားကို သွားရည်ကျပြီး သဘောတူလိုက်တယ်။ တိုက်တိုက်ဆိုင်ဆိုင်ပဲ ကျွန်တော်တို့ အလုပ်လုပ်ဖို့ ဝေါဘက်ကို ထွက်လာခဲ့ကြတော့ သူလည်း ဝေါကို အလုပ်သွားလုပ်ဖို့ ကားစောင့်နေတာဆိုတဲ့ ယမ်းဘီလူးကို ကားဂိတ်မှာ တွေ့ရတယ်။ ဒါနဲ့ သုံးယောက်ပေါင်း လောင်းကျော်ဆိုတဲ့ အတိတ်နိမိတ်နဲ့ နေညိုညိုစားသောက်ဆိုင် ပြန်ပြီး အလုပ်ကိစ္စ ထပ်တိုင်ပင်ကြတယ်။

ယမ်းကြီးက ခု သူ အလုပ်သွားလုပ်မယ့် အိမ်ဟာ ဝေါမှာ အချမ်းသာဆုံး အိမ်တစ်အိမ် ဖြစ်တယ်။သူ စုံစမ်းထားပြီ၊ ကားဝပ်ရှော့နဲ့ ကုန်ခြောက်ရောင်းတယ်။ နေရာက ဝေါက ပဲခူးအထွက် ကားလမ်းဘေးမှာ ဖြစ်တယ်။နောက်တစ်အိမ်က ဗိုလ်ကြီးတစ်ဦးရဲ့ အိမ်ပဲဆိုတာနဲ့ ကျွန်တော်နဲ့ စိန်မြင့် သွားလေ့လာကြတယ်။ အိမ်က ဆောက်ပြီးခါစ တိုက်အိမ်ပဲ။ တချို့ ပြတင်းပေါက်တွေဆို မှန်တောင် အပြီးမသတ်ရသေးဘူး။ ခြံဝင်းကလည်း အကျယ်ကြီး။ သံဆူးကြိုးတွေကို စိပ်နေအောင် ကာထားတယ်။ နှစ်ထပ်တိုက်ကြီးမို့ ယမ်းကြီး ပြောတာကို လက်ခံလိုက်ကြတယ်။

ညနေခြောက်နာရီလောက်မှာ ယမ်းဘီလူးနဲ့ တိုင်ပင်ပြီး အာတီပီကားနဲ့ ဝေါကို လိုက်လာခဲ့ကြတယ်။ ဝေါရောက်တော့ ခုနစ်နာရီကျော်လောက် ရှိနေပြီ။ အချိန်ဖြုန်းချင်တာနဲ့ ရုပ်ရှင် ဝင်ကြည့်လိုက်ကြသေးတယ်။ ရုပ်ရှင်ပြီးတဲ့အချိန်မှာ ယမ်းကြီးပြောတဲ့အိမ်ကို လေ့လာပြီး လယ်ထွန်စက်ရုံနဲ့ မျက်နှာချင်းဆိုင်က ဘောလုံးကွင်းမှာ မှောင်ရိပ်ခို စောင့်နေကြတယ်။ အဲဒီအိမ်ပြီးမှ ဗိုလ်ကြီးအိမ်ကို လုပ်ဖို့ ဆုံးဖြတ်ထားကြတယ်။

ည (၁၂) နာရီအချိန် နယုန်မိုးက တဖြောက်ဖြောက်နဲ့ ကျွန်တော်တို့ သုံးယောက် ကားဝပ်ရှော့အိမ်က သံဆူးကြိုးကို ဖြဲပြီး ဝင်ခဲ့ကြတယ်။ အထဲမှာ ကားပစ္စည်းတွေက ရှုပ်ပွနေတယ်။ ယမ်းဘီလူးကို အောက်က အခြေအနေ ကြည့်ခိုင်းပြီး ကျွန်တော်တို့နှစ်ယောက် အပေါ်ထပ်လှေကားကို တက်လာခဲ့ကြတယ်။ အဆင်းအကာက် တံခါးကို အတွင်းဘက်က မင်းတုတ်ချထားလို့ တံခါးပေါ်က ရက်မကို ကလအော်နဲ့ ကလန့် ထုတ်ရတယ်။ လက်တစ်ချောင်း နှိုက်စာလောက် ရောက်အောင်တော့ မင်းတုတ်ကို ဖြုတ်

တံခါးဖွင့်ပြီး နှစ်ယောက်သား အိမ်အောက် ပြန်ဆင်းလာကြတယ်။ ယမ်းဘီလူးကို အိမ်အောက်ကနေ လူရိပ်လူခြည်ကြည့်ဖို့ မှာထားခဲ့ပြီး စိတ်ချလက်ချ အိမ်ပေါ် ပြန်တက်လာကြတယ်။

အခန်းနှစ်ခန်းထဲက တစ်ခန်းကို အရင် ဝင်ကြတယ်။ အဲဒီအခန်းက ခြင်ထောင်ထဲမှာ လူဘယ်နှစ်ယောက်ရှိမှန်း မသိဘူး။ ခေါင်းရင်းက သေတ္တာကို ကျွန်တော် မ,ပြီး ခြင်ထောင်ဘေးက စိန်မြင့်ကို လှမ်းပေးလိုက်တော့ သေတ္တာနဲ့ ခြင်ထောင်စကြိုးနဲ့ ငြိပြီး ခြင်ထောင်ထဲက မိန်းမကြီးက "လူ . . . လူ . . . သူခိုး . . . သူခိုး" လို့ အော်တော့ စိန်မြင့်လည်း သေတ္တာကို ခြင်ထောင်ထဲ ပစ်ချပြီး နှစ်ယောက်သား အိမ်ပေါ်က ပြေးဆင်းလာခဲ့ကြတယ်။ အထစ်နှစ်ဆယ်လောက်ရှိတဲ့ လှေကားထစ်တွေကို ဘယ်လိုနင်းပြီး ဆင်းပြေးလာခဲ့ကြတယ် မသိဘူး။ ဘုန်းကြီးကျောင်းဝင်းကို ကျော်ပြီး မှောင်နေတဲ့ ဘေးလမ်းအတိုင်း စွတ်ပြေးလာခဲ့ကြတယ်။ နောက်မှာ သူခိုးလိုက်သံတွေနဲ့ ဆူညံလို့ ကျန်ခဲ့တယ်။

သုံးယောက်သား လယ်ကွင်းထဲ ရောက်တော့ ခဏနားပြီး ဗိုလ်ကြီးအိမ်ကို လုပ်ဖို့အတွက် ဆက်တိုင်ပင်ကြတယ်။ တိုင်ပင်ပြီးတာနဲ့ ဗိုလ်ကြီးအိမ်ဆီကို ဆက်လာကြတယ်။ ခြံဝင်းနားရောက်တော့ အရင်ယူလာတဲ့ ပလာယာနဲ့ သံဆူးကြိုး ငါးချောင်းလောက်ကိုဖြတ်ပြီး ခြံဝင်းထဲကို ဝင်လာကြတယ်။ ကျွန်တော်နဲ့ ယမ်းကြီးက အိမ်နောက်ဘက် အခြေအနေကို ကြည့်နေတုန်း စိန်မြင့် အိမ်ရှေ့ဘက်က ပြန်လာတယ်။ ကျွန်တော်တို့ နှစ်ယောက် လက်ကိုကိုင်ပြီး တိုးတိုးပြောတယ်။

"အိမ်ရှေ့ တံစက်မြိတ်မှာ အယ်လ်ဇေးရှင်းခွေးတစ်ကောင် သံကြိုးတန်းလန်းနဲ့ အိပ်နေတယ်။ အရှေ့ဘက်ကို အရမ်းမသွားနဲ့" ဆိုလို့ နောက်ဘက်က မှန်မတပ်ရသေးတဲ့ ပြတင်းပေါက်ကို လက်နှိုက် ဂျက်ဖွင့်ပြီး အတော် သတိထား ဝင်ကြရတယ်။ စစ်ဒေါ့ဂျစ်ကားတစ်စီး ရပ်ထားတယ်။ အောက်ထပ် အရှေ့ခန်းမှာ စစ်သားလေးငါးယောက် တုံးလုံးပက်လက် အိပ်နေကြတယ်။ အဲဒါကြောင့် အမြန်ဆုံးနဲ့ အလွယ်ကူဆုံး ပစ္စည်းဖြစ်တဲ့ ရေဒီယို၊ စက်ခေါင်းနဲ့ သေတ္တာနှစ်လုံးကိုယူပြီး ဆင်းလာခဲ့ကြတယ်။

ခြံပြင်ရောက်မှ ခွေးက ထိုးဟောင်လိုက်သံနဲ့ မိုးသဲသဲမဲမဲ ရွာလာသံကို





ကြားရတယ်။ အရက်မူးပြီး အိပ်ပျော်နေကြတဲ့ စစ်သားတွေကတော့ လုံးဝကို နိုးကြပုံ မပေါ်ဘူး။ ပထမ ကျွန်တော်တို့ လှေ့လာခဲ့ကြတုန်းက စစ်သားတွေနဲ့ ဗိုလ်ကြီးကို မတွေ့ခဲ့ကြဘဲ အမျိုးသမီးတစ်ယောက်နဲ့ အဘိုးကြီး၊ အဘွားကြီး နှစ်ယောက်ပဲ တွေ့ရလို့ လုပ်ဖို့ လာခဲ့ကြတာ။အိမ်ထဲရောက်မှ စစ်သားတွေကိုတွေ့တော့ ဖြစ်ချင်ရာဖြစ် လုပ်ခဲ့ကြတာ အောင်မြင်တယ်။ အမှန်က စစ်သား လေးငါးယောက်နဲ့ ဗိုလ်ကြီးတို့က ညနေကမှ ရောက်လာကြပြီး ချက်ပြုတ်စားသောက်နေကြတာလို့ ယူဆရတယ်။ အဲဒါကြောင့် သေသေချာချာ ယူမယ်ဆိုရင် ပစ္စည်းတွေ အများကြီး ရနိုင်ပေမယ့် မယူရဲခဲ့ကြဘူး။

ကားစောင့်ရင်း နောင်ပတ္တရ အနီးမှာ သေတ္တာတွေကို စစ်ဆေးပြီး ယူသင့်တဲ့ ရွှေငွေလောက်ကိုသာ ယူခဲ့ကြတယ်။ အဝတ်သေတ္တာကို ချောင်းထဲ ခဲထည့်ပြီး ပစ်ချလိုက်ကြတယ်။ လက်ဆွဲဂုန်နီအိတ်ထဲ ပစ္စည်းတွေပြောင်းထည့်ပြီး ကားစောင့်နေတယ်။ လေးနာရီနီးပါးခန့်မှာ ဝေါဘက်က လာတဲ့ ဆန်ကားတစ်စီးကို တားစီးပြီး ပဲခူးကို ပြန်လာခဲ့ကြတယ်။ စိန်မြင့်ရဲ့အိမ်ကို သုံးယောက်သား မနက်ခြောက်နာရီခန့်မှာ ရောက်ပြီး ပစ္စည်းတချို့ကို သနပ်ပင်တစ်ဖက် သံဒင်းရွာကို စိန်မြင့်နဲ့ သွားရောင်းပြီး ကျန်တဲ့ ရွှေခြေချင်းနဲ့ ကြယ်သီး၊ လက်စွပ်တွေကိုတော့ ပဲခူးရွှေဆိုင်မှာ သွားရောင်းပြီး လူစုခွဲလိုက်ကြတယ်။ တစ်ယောက်ကို နှစ်ထောင်နီးပါး ရကြတော့ ယမ်းဘီလူးကတော့ အိမ်ပြန်သွားတယ်။ ကျွန်တော်က ကိုစိန်မြင့်နဲ့ အတူနေလိုက်တယ်။

စိန်မြင့်က သူ့ညီအစ်ကို မောင်နှမတွေအကြောင်း ပြောပြရင်း သူ့အမေနဲ့ပါ ကျွန်တော် ရင်းနှီးသွားတယ်။ ကျွန်တော့် မိဘများနဲ့ စိန်မြင့်မိဘများကလည်း ရင်းနှီးကြတယ်။ စိန်မြင့်အဖေက ကျွန်တော်နဲ့မတွေ့ခင် သုံးနှစ်လောက်မှာ ဆုံးသွားကြောင်း၊ ညီအစ်ကို မောင်နှမ ရှစ်ယောက် ကျန်ခဲ့ပြီး စိန်မြင့်လည်း ကိုးတန်းနဲ့ ကျောင်းက ထွက်ခဲ့ရကြောင်း၊ ယခု ရွှေမော်ဓောတောင်ဘက်မုခ်ဈေးမှာ ဟင်းသီးဟင်းရွက် ရောင်းကြရကြောင်း အကြောင်းစုံ ပြောပြကြတယ်။ စိန်မြင့် ကျောင်းထွက်တော့ သမဝါယမမှာ လုပ်တယ်။ ငွေကွာလို့ ထောင်တစ်နှစ် ကျတယ်။ ထောင်က

လွတ်တော့ ထောင်ထဲမှာ တွေ့ခဲ့ကြတဲ့ ဒုစရိုက်သမားတွေနဲ့ ပေါင်းဖြစ်ပြီး ဒုစရိုက်တွေ လုပ်ဖြစ်သွားတယ်။

ကျွန်တော်တို့နှစ်ယောက် ညစာစားသောက်ပြီး ရွှေမော်ဓောဘုရားပေါ် တက်လာခဲ့ကြတယ်။ ညနေစောင်း မိုးကလည်းမရွာ နေသာချိန်မို့ ဘုရားပေါ်မှာ လူစည်ကားနေတယ်။ ကျွန်တော်တို့နှစ်ယောက် တဝဂူဘက်ကိုရောက်တော့ စိန်မြင့်က ကျွန်တော့်ကို ခဏဆိုပြီး ထွက်သွားတယ်။ သူနဲ့ထွက်သွားတဲ့ အမျိုးသမီးနှစ်ယောက်အနက် တစ်ယောက်ကိုတော့ ကျွန်တော် မှတ်မိတယ်။ ကျောက်တိုင်ဘက်က အေးအေးဝင်း ဖြစ်တယ်။ ကျွန်တော်တို့ အဒေါ်များ အိမ်နားက လမ်းထိပ်မှာ နာနတ်သီးပေါ်ချိန်၊ တညင်းသီးပေါ်ချိန်တို့မှာ ရာသီကုန်တွေ လာရောင်းတတ်တယ်။ တခြားရက်တွေမှာလည်း ရုပ်ရှင်ရုံတို့ ကားဂိတ်တို့မှာ တွေ့ဖူးတယ်။ တစ်ယောက်တည်းတော့ မဟုတ်ဘူး။ ဘဲတစ်ဗွေဗွေ ပါတတ်တယ်။ ဘယ်လို အမျိုးအစားထဲက ဆိုတာကိုတော့ ကျွန်တော် သဲသဲကွဲကွဲ မသိရသေးဘူး။

စိန်မြင့် ပြန်လာမှ မေးကြည့်မယ်ဆိုပြီး ကြည့်လိုက်တော့ တဝဂူနားက ကျောက်စာတွေကြားထဲမှာ သုံးယောက်သား ထိုင်နေကြတယ်။ အကွယ်လည်းမဟုတ်၊ လူမြင်ကွင်းကြီးမှာ မိန်းမနှစ်ယောက်ကြားထဲ စိန်မြင့်ကတော့ ရယ်လိုက်၊ မောလိုက်နဲ့ ဘာတွေ ပြောနေကြတယ်မသိ၊ နာရီဝက်နီးပါးကြာမှ သုံးယောက်သား ထလာပြီး ကျွန်တော်နဲ့ မိတ်ဆက်ပေးတယ်။ ပြီးတော့ ညနေ ခုနစ်နာရီခွဲပွဲ ရုပ်ရှင်ကြည့်ကြမယ်တဲ့၊ ဒီည စိန်မြင့်တို့အိမ်မှာတည်းပြီး မနက်ကျမှ ပြန်ကြမယ်ဆိုတာ စိန်မြင့်ကတစ်ဆင့် ပြောပြတယ်။

အမျိုးသမီးနှစ်ယောက်ကို ကျွန်တော်နဲ့ ထားခဲ့ပြီး စိန်မြင့်က အိမ်ခဏ ပြန်သွားတယ်။ အမျိုးသမီးနှစ်ယောက်က အတော်ရဲတယ်။ ကျွန်တော့်ကို လူရိုးတစ်ယောက် အချဉ်တစ်ယောက်လို့ ထင်နေကြပုံပါပဲ၊ ကျွန်တော် သူတို့နဲ့ စကားသိပ်မပြောဘူး။ အေးအေးဝင်းကတော့ စိန်မြင့်ရဲ့ဆော်ဆိုတာ ရိပ်မိလိုက်တယ်။စိန်မြင့် မကြာခင် ဆိုက္ကားတစ်စီးနဲ့ ပြန်ရောက်လာတယ်။ လေးယောက်သား ရုပ်ရှင်ရုံဘက်ကို ထွက်လာပြီး လက်မှတ်ဝယ်ထားလိုက်ကြတယ်။ စိန်မြင့်ရဲ့ ကောင်မက ထင်ခဲ့သလိုပါပဲ အေး





အေးဝင်း ဖြစ်နေတယ်။ ကိုယ်လုံးကိုယ်ပေါက် ဖွံ့ဖြိုးတော့ စိန်မြင့်နဲ့လည်း လိုက်ပါတယ်။

ကျွန်တော်က အသားဖြူဖြူပုပု အမျိုးသမီးနဲ့ ထိုင်ခုံချင်း ကပ်ထိုင်ကြည့်ရတယ်။ အမျိုးသမီးနှစ်ယောက်က အလယ်မှာ ကျွန်တော်တို့နှစ်ယောက်က ဘေးက။ ရုပ်ရှင်ပြနေပေမယ့် ရုပ်ရှင်ကို မကြည့်အားပါဘူး။ စိန်မြင့်တို့ အတွဲက ခပ်သဲသဲ။ တစ်ခါတစ်ခါ ကျွန်တော်တို့ဘက် ကြည့်ပြီး ရယ်တတ်ကြတယ်။ ကျွန်တော်က အမျိုးသမီးကို ဘာမှမပြောဘဲ စိန်မြင့်ပခုံးဘက် လှမ်းဖက်ထားလိုက်တယ်။ ဒီလိုနဲ့ ဖက်လိုက် နမ်းလိုက်နဲ့ ရုပ်ရှင်ပြီးသွားမှန်းတောင် မသိလိုက်ဘူး။

ရုပ်ရှင်ပြီးသွားတော့ စိန်မြင့်ခေါ်ရာသို့ လိုက်လာကြတယ်။ စိန်မြင့်က အသင့်ပါလာတဲ့ သော့တစ်ချောင်းနဲ့ အိမ်တန်းလျားတစ်ခုရဲ့ အစွန်ဆုံးအခန်းတစ်ခန်းကို ဖွင့်လိုက်တယ်။ အထဲကိုရောက်တော့ မီးဖွင့်ပြီး စိန်မြင့်က သူ့အမျိုးသမီးကို နောက်ဘက်ခန်းကို ခေါ်သွားတယ်။ ကျွန်တော်တို့ကို အိမ်ရှေ့ခန်း အိပ်ကြဆိုတော့ ကျွန်တော်တို့လည်း အိမ်ရှေ့ခန်းမှာ အိပ်လိုက်ကြတယ်။မနက်လေးနာရီခွဲလောက်မှာ စိန်မြင့်က လာနှိုးပြီး ကျောက်တိုင်ကန် ထွက်မယ့် ကားဂိတ်ကို ခေါ်လာပြီး အမျိုးသမီးနှစ်ယောက်ကို ကားပေါ် တင်ပေးလိုက်ကြတယ်။

သူတို့ပြန်သွားမှ စိန်မြင့်က အဲဒီအမျိုးသမီးနှစ်ယောက်က ----- တွေကွလို့ ပြောတယ်။ စိန်မြင့်နဲ့ လမ်းခွဲပြီး ကျွန်တော် အိမ်မှာပဲ အေးအေးဆေးဆေး အနားယူနေတယ်။ ယမ်းဘီလူး အိမ်ရောက်လာပြီး အကွက်တစ်ခု တွေ့ထားတယ်။ ဝေါမြို့နယ်ဘက်က ဆန်စက်ပိုင်ရှင်သမီးတွေ ပဲခူး စိန်ထွန်းကွက်သစ်ဘက် ဗိုလ်ကုန်းမှာ တည်းနေကြတယ်။ ဖင်မလီယာကားလေးလည်း ပါလာတယ်။ အခု အချိန်ရသေးတယ်။ အဲဒီဘက် သွားကြည့်မလားဆိုပြီး လာခေါ်တော့ ကျွန်တော် လိုက်သွားတယ်။ ယမ်းဘီလူးအဒေါ်က သူတို့လာတည်းနေတဲ့အိမ်နဲ့ မျက်စောင်းထိုးမှာ ရှိနေတော့ လာလည်တဲ့ သဘောနဲ့ သူတို့ရဲ့အကြောင်းကို မေးစမ်းကြည့်ရတယ်။ အလှူတစ်ခုအတွက် လာကြတာလို့ ယမ်းဘီလူးအဒေါ်က သူသိသမျှ ပြောပြတယ်။

ကျွန်တော်တို့နှစ်ယောက် ချက်ချင်း ပြန်လာကြပြီး စိန်မြင့်အိမ်ကို ဝင်ကြတယ်။ စိန်မြင့်က ကမာစဲဘက်ကို မနက်ကပဲ ထွက်သွားတယ်။ နှစ်ရက်လောက်ပဲ ကြာမယ်လို့ စိန်မြင့်အမေက ပြောတာနဲ့ ပြန်လာခဲ့ကြတယ်။ လုပ်ငန်းအတွက် ယမ်းဘီလူးနဲ့ တိုင်ပင်ကြတယ်။ မိုးဖွဲဖွဲရွာနေတဲ့ ည (၁၁) နာရီလောက်မှာ အလုပ်သုံးပစ္စည်းတွေယူပြီး မိုးကာအင်္ကျီ တစ်ယောက်တစ်ထည်နဲ့ ထွက်လာကြတယ်။ ဝေါက အမျိုးသမီးတွေ တည်းခိုနေတဲ့အိမ်ကို ဆင်ဖြူတော်ဘုန်းကြီးကျောင်းကနေ မှောင်ရိပ်ခိုပြီး လှေ့လာကြတယ်။

မိုးတဖွဲဖွဲ ရွာနေလို့ လူသွားလူလာပြတ်နေတာနဲ့ ခြံဝင်းထဲကို အလွယ်တကူပဲ ဝင်လာပြီး အိမ်အောက်က အခြေအနေကို လေ့လာကြတယ်။ မိုးစက်တွေ သွပ်ပြားပေါ် ကျသံနဲ့အတူ နောက်ဘက် မီးဖိုဆောင်က သွပ်ပြားတစ်ချပ်ကို လူတစ်ကိုယ်ဝင်စာ သွပ်ညှပ်ကပ်ကြေးနဲ့ ညှပ်ပြီး အိမ်ရှေ့တံခါးတွေကို မင်းတုတ်ဖြုတ်ထားလိုက်ကြတယ်။ အိမ်ထဲမှာ အခန်းက လေးခန်းရှိတယ်။ ညွှသည် အမျိုးသမီးနှစ်ယောက် အလယ်ခန်းက ခုတင်တစ်လုံးပေါ်မှာ နှစ်ယောက်အတူ အိပ်နေကြတယ်။ယမ်းဘီလူးကို အခန်းဝထားပြီး ကျွန်တော် အထဲကို ဝင်လိုက်ပါတယ်။ ခုတင်အောက်က သားရေသေတ္တာအဖြူတစ်လုံးကို မ,ယူပြီး ယမ်းဘီလူးကို အောက်သွားထားခိုင်းလိုက်တယ်။

အမျိုးသမီးနှစ်ယောက် ခုတင်ပေါ်က ခြင်ထောင်ကို အသာမပြီး ကြည့်လိုက်တော့ နှစ်ယောက်သား မိုးအေးအေးနဲ့ ခွေခွေလေး အိပ်နေတာ အလင်းရောင်ထဲမှာ မြင်နေရတယ်။ ခြင်ထောင်ထဲ ခေါင်းလျှိုဝင်ပြီး ခေါင်းအုံးအောက်တွေကို အသာနှိုက်ကြည့်တော့ မိန်းမပတ်နာရီတစ်လုံးနဲ့ စိုက်ဘီးတစ်ချောင်း နှိုက်မိတယ်။ တစ်ဆက်တည်းမှာပဲ အမျိုးသမီး တစ်ယောက်ရဲ့လည်ပင်းက ကြိုးတွေကိုပါ ဖြည်းဖြည်းဖြုတ်ပြီး လျှောယူလိုက်တယ်။လက်ကောက်တွေက နှစ်ယောက်စလုံးမှာ တကယ့် တစ်တောင်ဆစ်နီးပါး ဝတ်ထားကြပါတယ်၊ တောသူကိုး။ ကျွန်တော် လုပ်ကိုင်နေတာကို သေတ္တာသွားထားပြီး ပြန်လာတဲ့ ယမ်းဘီလူးက စိုက်ကြည့်နေပါတယ်။ အမှန်က ကျွန်တော် အလုပ်လုပ်နေတာကို ကြည့်နေတာ မဟုတ်ဘူး။





ကောင်မနှစ်ကောင် ဝတ်လစ်စလစ် အစအနကို ဒီကောင် ရှာကြည့်နေတာ နောက်မှ သိရတယ်။အဲဒါကြောင့် ကျွန်တော်က လက်ဟန်ခြေဟန်နဲ့ ယမ်းဘီလူးကို မောင်းထုတ်လိုက်ရတယ်။ ဒီကောင့် အကျင့်ကို သိနေလို့ပါပဲ။ တစ်ခါကလည်း အလုပ်လုပ်ပြီးမှ ဘာမဟုတ်တဲ့ မိန်းမ အပျိုကြီးတစ်ယောက်ကို စိတ်မထိန်းဘဲ သွားကိုင်မိလို့ ခွေးပြေးဝက်ပြေး ပြေးလာရတယ်။ အဲဒါကြောင့် ဒီကောင့်ကို စိတ်မချတာနဲ့ မောင်းထုတ်ရတယ်။ မောင်မင်းကြီးသားက မကြွဘူး။ အဲဒါကြောင့်လည်း ဒီကောင်တွေ အလုပ်က ကျွန်တော့်လို မအောင်မြင်တာ။

ကျန်တဲ့ အမျိုးသမီးတစ်ယောက်ရဲ့ လည်ပင်းက ကြိုးကို ကလစ်နေရာက ဖြုတ်မလားလို့ အသာဆွဲရွှေ့နေတုန်း မီးရောင်က အားနည်းတော့ ဆံပင်နဲ့ ငြိတာလား၊ အိပ်ရာခင်း၊ အင်္ကျီ တစ်ခုခုနဲ့ ငြိတာလား မသိဘူး။ လျှော့မရဘူး။ လော့ကက်သီးနေရာကြည့်တော့လည်း ကလစ်ကို မပါဘူး။ ဆွဲကြိုးကို အသာမ,ပြီး ပါးစပ်နဲ့ ကုန်းကိုက်ရတယ်။ အတော် ကြိုးစားပြီး ကိုက်ရတယ်။ တစ်ချက်တစ်ချက် အမျိုးသမီးမျက်နှာနဲ့ ကျွန်တော့်မျက်နှာက အသက်ရှူလိုက်တဲ့ လေငွေ့နွေးနွေးကိုတောင် ခံစားနေရတယ်။ အံ့သွားနဲ့ ဖိအကိုက်မှာ အမျိုးသမီးက ဆတ်ခနဲ ထထိုင်တယ်။ "မလှုပ်နဲ့ သေသွားမယ်၊ ငြိမ်ငြိမ်နေ" လို့ ကြိုတင် တွက်ထားတဲ့ စကားက အလိုလို ထွက်သွားတယ်။

အမျိုးသမီးက ကြောင်ကြည့်နေတုန်း ပေါင်မှာ အိတ်နဲ့ ထည့်ထားတဲ့ ဓားကို ထုတ်လိုက်တော့ အမျိုးသမီးက မျက်လုံးပြူးပြီး သူ့ပါးစပ်သူ လက်နဲ့ အုပ်လိုက်တယ်။ ကျွန်တော်က အတွင်းဘက်ဆိုတော့ ခုတင်ကိုပတ်ပြီး ထွက်ရမှာမို့ အမျိုးသမီးကို ခြင်ထောင်ဆွဲဖြုတ်ပြီး အုပ်ထားခဲ့တယ်။ အပြင်ခန်း ပြေးအထွက်မှာ ခေါင်းကို တစ်စုံတစ်ခုနဲ့ ရိုက်သလို ခံစားလိုက်ရတယ်။ ရုတ်ခနဲ ဓားနဲ့ လှည့်တွက်လိုက်တော့ အခန်းဝက လူက နောက်ကို ယိုင်သွားတယ်။ "သေချင်ရင် လိုက်ခဲ့လေ"လို့ ပြောပြီး ကြိုတင် ဖွင့်ထားခဲ့တဲ့ အိမ်ရှေ့တံခါးကနေ ဖယ်မလီယာကားခေါင်မိုးပေါ် ခုန်ချပြီး ထွက်ပြေးလာခဲ့ရတယ်။ ဘုန်းကြီးကျောင်းဝင်းနားကဖြတ်ပြီး သချိုင်းကုန်းဘက် ပြေးလာရတယ်။ နောက်က အော်သံဟစ်သံ လက်နှိပ်ဓာတ်မီး တဝင်းဝင်းနဲ့

လိုက်လာနေကြသံကို ကြားနေရတယ်။ ခလရ (၃၀) အနီးရောက်တော့ ကျိုက်ပွန်ဘုရားဘက်သွားတဲ့ လမ်းဘေးက တဲတစ်လုံးထဲဝင်ပြီး အခြေအနေကြည့် နားလိုက်ရတယ်။

မိုးက ပိုပြီး သည်းလာတယ်။ တဲကလည်း မလုံ့တလုံ။ ခေါင်းက တစစ်စစ် ကိုက်လာလို့ စမ်းကြည့်လိုက်တော့ သွေးတွေက စေးကပ်နေပြီ။ အင်္ကျီပေါ်မှာလည်း သွေးတွေ စွန်းထင်းပါလာတယ်။ အင်္ကျီကို မိုးရေနဲ့ ဆေးကြောပြီး ပါလာတဲ့ ပစ္စည်းတွေကို စစ်ကြည့်ရတယ်။ မိန်းမပတ်နာရီတစ်လုံးနဲ့ ဆွဲကြိုးတစ်ကုံးပဲ ကျန်တော့တယ်။ ဘီးနဲ့ နာရီတစ်လုံးက ပြေးလွှားရင်း ဘယ်ကျကျန်ခဲ့တယ် မသိဘူး။ ဒါနဲ့ ကျိုက်ပွန်ဘုရားနားမှာ ခဏနားပြီး ဘာအသံဗလံမှ မကြားတာနဲ့ အိမ်ဘက်ကို ပြန်လှည့်လာခဲ့တယ်။

အချိန်က ညနှစ်နာရီနီးနေပြီ။ ယမ်းဘီလူးကို မိများ သွားသလားလို့ တစ်လမ်းလုံး စိတ်ပူလာတယ်။ ကိုယ့်မြို့မှာ ဘာမှ မဖြစ်စေချင်ဘူး။ ခေါင်းကလည်း တစစ်စစ်နဲ့ ကိုက်တုန်းပဲ။ ခုတ်လိုက်တဲ့လူက ကြောက်ကြောက်နဲ့ ခုတ်လိုက်တာမို့ တော်သေးတယ်။ မှောင်ရိပ်ခိုပြီး အိမ်ဘက်ကို လမ်းကြိုလမ်းကြားက ဖြတ်ပြန်လာရတယ်။ မိုးကတော့ စဲစပြုနေပြီ။ အိမ်ရောက်ရင် ခေါင်းက ဒဏ်ရာကို အမေ တွေ့မှာစိုးလို့ အင်္ကျီ အုပ်ထားလိုက်တယ်။ တံခါးခေါက်တော့ ညီလေးက တံခါးလာဖွင့်ပေးတယ်၊ ကျွန်တော့်မျက်နှာမြင်တာနဲ့ "အစ်ကို ဘယ်သွားနေတာလဲ။ အဖေ မြင်းလှည်းတိုက်ခံရလို့ ဆေးရုံတင်ထားရတယ်"ဆိုတာ ဆီးပြောလာတယ်၊ အဖေ့ကို သွားစောင့်နေရလို့ အမေက အိမ်မှာ မရှိဘူး။

ကျွန်တော် တော်တော် စိတ်ညစ်သွားတယ်။အခန်းထဲဝင်ပြီး အဝတ်လဲ၊ ရလာတဲ့ ပစ္စည်းတွေကို ဆန်အိုးထဲ ထည့်မြှုပ်၊ ခေါင်းက ဒဏ်ရာကို ပရုတ်ဆီသုတ်ပြီး အိပ်နေလိုက်တယ်။

မနက်မိုးလင်းတော့ အမေ ဆေးရုံက ပြန်လာတယ်။ လာလာချင်း အမေက ကျွန်တော့်အခန်းကို အတင်း ဖွင့်ခိုင်းတယ်။ ခေါင်းက ဒဏ်ရာကြောင့် မထချင် ထချင်နဲ့ ထပြီး တံခါးဖွင့်ပေးလိုက်ရတယ်။

"လှေကားရင်းမှာ သွေးတွေတွေ့တယ်။ သား ဘာဖြစ်လာလဲ အမေ့





ကို ပြောစမ်း"ဆိုပြီး ကျွန်တော့်တစ်ကိုယ်လုံး လျှောက်ကြည့်တယ်။ ခေါင်းက သွေးစေးက လဲထားတဲ့ အင်္ကျီကော်လံမှာ စွန်းထင်းနေတာကို အမေ မြင်သွားတယ်။ "ဘယ်လိုဖြစ်တာလဲ သားရယ်။ အမေ့ကို မြန်မြန်ပြောစမ်းပါ။ အမေ ရင်တုန်လိုက်တာ"ဆိုပြီး စိုးရိမ်တကြီး မေးတယ်။

"ညက နည်းနည်း မူးလာလို့ လှေကားရင်း ချော်လဲတာ ခေါင်းနည်းနည်းပေါက်သွားတာပါ အမေ၊ ဘာမှ မဖြစ်ပါဘူး"ဆိုပေမယ့် ဆေးရုံကို အတင်းခေါ်တယ်။ ကျွန်တော့်ဒဏ်ရာကို ဆေးရုံပြလို့ မဖြစ်ဘူးဆိုတာ သိတယ်။ အဲဒါကြောင့် အင်္ကျီလဲလိုက်ပြီး သိုးဆေးလိပ်ရုံနဲ့ ကပ်လျက်က သူငယ်ချင်းတစ်ယောက်ရဲ့အစ်ကို ဆေးတိုက်ကို ထွက်လာရတယ်။ ဆေးထိုးချင်တယ်ပြောပြီး ခေါင်းကဒဏ်ရာကိုပြတော့ ဆရာက "မင်းခေါင်းက ဒဏ်ရာက လိမ့်ကျလို့ ထိမိခိုက်မိတဲ့ဒဏ်ရာ မဟုတ်ဘူး။ ဓားနဲ့ ခုတ်ထားတဲ့ ဒဏ်ရာပဲ မှန်မှန်ပြောစမ်းကွာ" ဆိုပြီး ဟောက်မေးတယ်။

ကျွန်တော်ကလည်း အရက်မူးမူးနဲ့ အိမ်ပေါ်က လိမ့်ကျတဲ့ ဒဏ်ရာဖြစ်ကြောင်း၊ ဘာနဲ့ ထိခိုက်မိတာ မသိကြောင်း၊ ညက မှောင်မှောင်မည်းမည်းထဲမှာဖြစ်ကြောင်း ယုံလောက်အောင် ထပ်ပြောပြမှ ခေါင်းက ဆံပင်ကို ညှပ်ပစ်ပြီး ခြောက်ချက် ချုပ်ပေးတယ်။ ဆေးထိုးဖို့ ဆေးဖိုးပေးပြီး အိမ်ပြန်လာတယ်။ ခေါင်းက ချုပ်လိုက်တဲ့ အနာရှိန်နဲ့ တစစ်စစ်ကိုက်နေသေးလို့ အဖေ့ဆီ မရောက်နိုင်သေးဘူး။

အမေကတော့ ပြောပြပါတယ်။ အဖေ သက်သာကြောင်း၊ ခြေထောက် လက်တွေမှာ ပွန်းပဲ့ဒဏ်ရာလောက်သာ ဖြစ်ကြောင်း၊ ခါးနည်းနည်း နာသွားသော်လည်း စိုးရိမ်စရာ မရှိကြောင်း ပြောတာနဲ့ စိတ်သက်သာသွားတယ်။ အဖေ့အတွက် ဆေးဖိုးနဲ့ စားသောက်စရာတွေ ဝယ်ဖို့ ကျွန်တော် ငွေထုတ်ပေးလိုက်တယ်။ အဖေနဲ့ ကျွန်တော် တစ်နေ့တည်း ဒဏ်ရာ အတူရကြတာ။အဖေ မြို့ထဲက အပြန် လမ်းဖြတ်အကူးမှာ မြင်းလှည်းတိုက်ခံရချိန်က ကျွန်တော် ယမ်းဘီလူးနဲ့ ဗိုလ်ကုန်းဘက် ရောက်နေပြီ။

အဖေ့ကို တိုက်မိတဲ့ မြင်းလှည်းသမားကလည်း ကိုယ့်ရွာကိုယ့်မြို့သားဆိုတော့ သိပ်သဘောကောင်းကြပါတယ်။ ဆေးဖိုးဝါးခ ဘာတစ်ပြားမှ မကုန်လို့ ကျွန်တော့်အဖေကလည်း ဘာအမှုမှ မလုပ်ပါဘူး။ အဖေ

သက်သာလို့ တစ်ရက်နှစ်ရက် အကြာမှာ ဆေးရုံက ဆင်းလာပေမယ့် ကျွန်တော် အိမ်ထဲက အိမ်ပြင် မထွက်ဝံ့သေးပါဘူး။ ဆံပင်ညှပ်ပစ်တော့ အိမ်မှာနေတာတောင် ဆံပင်အတုနဲ့ပဲ နေနေရတယ်။ ယမ်းဘီလူးသတင်းလည်း ဘာမှ မသိရ မကြားရတာနဲ့ နှစ်ပတ်လောက်ကြာတော့ ဆံပင်အတုနဲ့ အကျွတ်အလွတ်ဘက် ထွက်လာတယ်။

ယမ်းဘီလူးကို မတွေ့ရဘူး။ အိမ်ပြန်မလာတာ တစ်လလောက်ရှိပြီလို့ သူ့အမေက ပြောတယ်။ အကျွတ်အလွတ်ကနေ ကိုးသိန်းကိုးသန်း၊ ရွှေဂူကြီး၊ ရွှေဂူလေး၊ မဟာစေတီ၊ ရွှေသာလျောင်းဘက်ကိုလှည့်ပြီး ဘုရားဖူးရင်း အဖော်လည်း ရှာရင်းနဲ့ ခိုင်စံပယ်တို့အိမ် ကလျာဏီသိမ်ဘက်ကပတ်ပြီး ဝင်လာခဲ့တယ်။ ခိုင်စံပယ်ကို မတွေ့ရဘူး။ သူ့အဖေကြီးက ခိုင်ခိုင်သူ့သူငယ်ချင်း လင်မယားနှစ်ယောက်နဲ့ တောင်ကြီးဘက် လိုက်သွားတယ်တဲ့။ လေးမျက်နှာ ဘုရားအနီးက လိပ်ကန်ကို တက်လာခဲ့တယ်။ မိုးကရွာလာတော့ ရွှေသာလျောင်းလမ်းမကြီးဘက်ကို ဇရပ်ပေါ်က ငေးကြည့်နေမိတယ်။ နာရီဝက်လောက် အကြာမှာ ကျွန်တော် မိုးခိုနေတဲ့ ဇရပ်ထဲကို သူတို့လည်း မိုးခိုကြဖို့ ယမ်းဘီလူးနဲ့ ဝင်းသန်းတို့ တက်လာကြပါတယ်။

ကျွန်တော့်ကိုမြင်လိုက်တော့ ယမ်းဘီလူးက အံ့ဩတကြီးဟန်နဲ့. . .

"မင်းကို ဖမ်းထားတယ်လို့ သတင်းကြားတာနဲ့ ငါ ရန်ကုန်သွားပြီးရှောင်နေခဲ့ရတယ်။ ခုမှ ရန်ကုန်က ပြန်လာတာ"လို့ ဝမ်းသာအားရပြောတယ်။ "မင်းနဲ့ငါ စကားပြောစရာရှိတယ်" ဆိုတော့ အထာသိတဲ့ သန်းဝင်းက ရှောင်ပေးတယ်။

"မင်းသေတ္တာထဲက ငွေကို ဘယ်လိုလုပ်ထားလဲ"လို့ အစ်မေးတော့ ယမ်းဘီလူးက "ငါလည်း သေတ္တာကြီး မပြီး ပြေးလာတာပဲ။ ကျောက်တွင်းကုန်းဘက်ကို ရောက်လို့ သေတ္တာကို ဖွင့်ကြည့်တော့ အဝတ်ထပ်အောက်မှာ တိပ်ခွေတချို့နဲ့ ငွေသုံးထောင်နီးပါး တွေ့ရတယ်။ အိမ်ကို ပြန်မယ်ဆိုပြီး မိုးရွာကြီးထဲကနေ မင်းတို့ အိမ်ဘက်ကိုအလာ ရုပ်ရှင်ရုံနား ရောက်တော့ ရဲပတ္တရောင်တွေနဲ့ ပက်ပင်းတိုးမိတာနဲ့ ထွက်ပြေးလာတာ၊ ဘူတာနားကို ရောက်တော့ ကုန်ရထားတစ်စီးကလည်း လာနေတာနဲ့ မထူးဘူးဆိုပြီး ရန်ကုန်ရထားပေါ် တက်လိုက်လာခဲ့တယ်။ တိပ်ခွေနဲ့ ငွေထည့်





ထားတဲ့ အထုပ်ကြီးကိုကြည့်တော့ တိပ်ခွေတချို့ ကျကျန်ခဲ့ပြီး ငွေကတော့ ပါလာခဲ့တယ်။ ငါလည်း ရန်ကုန်မှာ သုံးဖြုန်းတာနဲ့"ဆိုပြီး ငွေတစ်ထောင်ပဲ ပေးတယ်။ ဒီကောင် ဘယ်လိုပဲပြောပြော သူ့စကားက ရှေ့နောက် မညီတော့ ဘယ်လိုမှ ယုံနိုင်စရာ မရှိဘူး။ ဒါပေမယ့် ကိုယ်ကလည်း တိတိကျကျ သေတ္တာထဲ ဘာတွေ ပါတယ်မသိတော့ သူပေးသလောက်ပဲ ယူလိုက်ရတယ်။ ဒီကောင့် အခြေအနေ နောက်မှ စုံစမ်းမယ်လို့လည်း စိတ်ထဲ တေးထားလိုက်တယ်။

ယမ်းဘီလူး ပြန်သွားတော့ ကျွန်တော်လည်း အိမ်ပြန်လာတယ်။ နောက်လုပ်ကွက်အတွက် သူက ဘာမှ မပြောဘူး။ သန်းဝင်းနဲ့အတူ ပြန်သွားကြတယ်ဆိုတာ အကြောင်းရှိရမယ်လို့ပဲ တွေးမိလိုက်တယ်။ အိမ်ရောက်တော့ ခြေရှုပ်တတ်တဲ့ ညီတင်မြင့်လည်း ခုတစ်လော အဖေ ဆေးရုံတက်ထားရလို့လား မသိဘူး ခြေငြိမ်နေတယ်။ ကျွန်တော်တို့ အိမ်မှာ အလုပ်လုပ်တဲ့လူက သုံးယောက်ပဲ ရှိတယ်။ အဲဒီသုံးယောက် အလုပ်ကလည်း မိုးတွင်းဆို အဆင်မပြေဘူး။ မိသားစု (၁၄) ယောက်ကို မနက်တစ်ပြည်ခွဲ ညတစ်ပြန်ခွဲ ချက်ဖို့ ကျွန်တော်ကပဲ ဦးဆောင်နေရတယ်။ ကျောင်းသားတွေအတွက်လည်း မုန့်ဖိုးကို ကျွန်တော့်ဆီ တောင်းကြတာများတယ်။ ရှေ့ရေးကို တွေးကြည့်မိမယ်ဆို ညီ၊ ညီမတွေကလည်း မလိမ္မာကြတာမို့ အမေ အဖေတို့လည်း စိတ်မာတ်ကျ စိတ်ညစ်နေကြတယ်။ သားသမီးတွေထဲမှာ လက်ရှိ အကြီးဆုံးလည်းဖြစ်၊ ငွေရေးကြေးရေး အရလည်း ထောက်ပံ့နိုင်တာမို့ ကျွန်တော်လုပ်တဲ့ အလုပ်တွေကို အမေနဲ့ အဖေ ရိပ်မိပေမယ့် မပြောကြတာပါလေသလားလို့ တစ်ခါတစ်ခါ ကျွန်တော် တွေးမိလာတယ်။ အမေ အဖေတို့ကိုတော့ ကျွန်တော်က မှောင်ခိုလုပ်တယ်ပဲ ပြောထားတာကိုး။ အဲဒါကြောင့်လည်း ခရီးက လုလို့ယက်လို့ ပြန်ရောက်လာတိုင်း အမေက "ငါ့သားကြီး ပင်ပန်းလိုက်တာ" ဆိုစကားနဲ့ အမြဲ ချွေးသိပ်တတ်တယ်။

ခေါင်းက ဒဏ်ရာပျောက်ပြီး ကျန်းမာလာတာနဲ့ မိုးတွင်းမှာ ကြိုးစားပြီး ငွေရှာမယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ တစ်နေ့ စိန်မြင့်တို့အိမ်ဘက်ကို ထွက်လာတယ်။ စိန်မြင့်ကို သူ့အိမ်မှာ အဆင်သင့် တွေ့ရကဲ့အတွက်

အလုပ်အကိုင်ကိစ္စ နှစ်ယောက်ချင်း ဆွေးနွေးဖို့ ကုလားဗလီဘက် ခေါ်ထုတ်လာခဲ့တယ်။စိန်မြင့်က ဘုရားကြီးအနီး ဝက်ဘာတောရွာကထွန်းအောင်နဲ့ ဆေးရုံဝင်းအတွင်းနေတဲ့ ထွန်းအောင် ယောက်ဖ အေးလှိုင်နဲ့ ခင်မင်ရင်းနှီးမှုရှိကြကြောင်း၊အဓိက အေးလှိုင်နဲ့ စိန်မြင့်က ကော့ဘိန်းမှာ မှောင်ခိုလုပ်စဉ်က သိခဲ့ရသူဖြစ်ကြောင်း၊ အေးလှိုင်မှာ ကော့ဘိန်းမှ ကျုံးဒိုး ယိုးဒယားအထိ လမ်းကျွမ်းကျင်ကြောင်း၊ တစ်ခေါက်လျှင် နှစ်ရာက တစ်ထောင်အထိ လမ်းပြခ ရကြောင်း၊ ယခု ကော့ဘိန်းမှာ အစိုးရစစ်တပ်က စစ်ဆင်ရေးလုပ်နေလို့ ပြေးလာကြပြီး ဆွေမျိုးနီးစပ်တစ်ယောက်ရှိတဲ့ ဆေးရုံမှာ လုံခြုံရေး ဝင်လုပ်နေကြောင်း၊ အလုပ်အကိုင် အတွက် အကွက်ကောင်းမြင်ထားတယ်လို့ ပြောဖူးကြောင်း၊ သူ့ကို တွေ့ချင်ရင် နေ့လယ်ဘက်မှာ ဘုရားကြီးဘူတာအနီး တရုတ်စွိစွန်အိမ်မှာ ရှိတတ်ကြောင်း၊သူနှင့် ဈေးမှာ တစ်နေ့တွေ့၍ လာလည်ဖို့မှာကြောင်းကို စိန်မြင့်က ဇာတ်ရှည်ခင်း ပြောပြတယ်။

တရုတ်စွိစွန်အိမ်ဆိုတာက ဘိန်းခန်း၊ ဖဲဝိုင်း၊ ကက်ဝိုင်း၊ လူဝိုင်းအကုန်ရှိတာမို့ တစ်ခါတစ်ခါ ဘိန်းလည်း ရှူတတ်တဲ့ အေးလှိုင်ကို ရှာတာလည်း လွယ်ကူတယ်လို့ စိန်မြင့်က ပြောတာနဲ့ စိန်မြင့်ကို အရင်လွှတ်လိုက်တယ်။ အေးလှိုင်ကိုတွေ့ရင် အကျိုးအကြောင်းပြောပြပြီး အလုပ်လုပ်လို့ရနိုင်မယ့် အိမ်တွေကိုလည်း ခင်ဗျား လေ့လာထားလိုက်ပါလို့ တစ်ခါတည်းမှာပြီး ကျွန်တော် အိမ်ပြန်လာတယ်။

နောက်တစ်နေ့မနက် ကိုးနာရီလောက်မှာ ဘုရားကြီးဘက်ထွက်မယ့် ကားဂိတ်ရှိတဲ့ ဈေးနားကို ထွက်လာခဲ့တယ်။ ကားမထွက်သေးလို့ လက်ဖက်ရည်ဆိုင်မှာ လက်ဖက်ရည် ဝင်သောက်နေတုန်း စိန်မြင့်က အမျိုးသမီးနှစ်ယောက်နဲ့ ခြင်းကြီးခြင်းငယ်တွေဆွဲပြီး ကားဂိတ်ဘက် ရောက်လာတယ်။ ကျွန်တော့်ကို မြင်တော့ မနေ့က သူ မသွားဖြစ်လိုက်တဲ့ အကြောင်းအမျိုးသမီးနှစ်ယောက်ကို မျက်စပစ်ပြပြီး ပြောတယ်။ သူ့ အမျိုးသမီးနှစ်ယောက်နဲ့လည်း မိတ်ဆက်ပေးတယ်။ အမျိုးသမီးနှစ်ယောက်ရဲ့ ပစ္စည်းတွေကိုလည်း ကားပေါ် ဝိုင်းတင်ပေးတယ်။ ကျွန်တော့် အနားကို ကပ်လာပြီးကျော်မြင့် "အဲဒါ (----) အမျိုးတွေလေကွာ"ဆိုပြီး ကားပေါ်ရောက်တော့





လည်း အဲဒီ အမျိုးသမီးနှစ်ယောက်နားမှာ သူ ကပ်ထိုင်ပါလာတယ်။ ပြောလိုက်ကြတဲ့ စကားတွေကလည်း (----) ရွာအနီးရောက်မှ စကားပြတ်သွားကြတယ်။ တောသူတွေဆိုပါလား။ တော်တော် ရိုးရှာတယ်၊ သူတို့ကားပေါ်က ဆင်းခါနီး သူတို့ဆီ ကျွန်တော့်ကိုပါ လာလည်ပါလားလို့လည်းမှာသွားကြတယ်။

ကျွန်တော်တို့လည်း ဘုရားကြီးကို ကားဆက်စီးလာကြတယ်။ ဘုရားကြီးကိုရောက်တော့ လူတိုင်းသိတဲ့ တရုတ်စွိစွန်အိမ်ကို မေးလိုက်ရုံပါပဲ။ ခြံဝင်းက အတော်ကျယ်တယ်။ လူကိုသာ မဟုတ်ဘူး။ ဘဲငန်းတွေနဲ့ ဝက်တွေကိုလည်း စနစ်တကျ မွေးမြူထားတယ်။ တိုက်ပုလေးတစ်လုံးနဲ့ အိမ်တန်းလျားတစ်လုံးလည်း ခြံဝင်းထဲမှာ အပိုရှိတယ်။ တိုက်ပုကို ကြည့်ရတာ အလုပ်လုပ်မယ်ဆို လွယ်ကူစရာ အကြောင်းရှိတယ်။ အေးလှိုင်ကို တွေ့ချင်တယ်ပြောတော့ လူရွယ်တစ်ယောက်က ခေါ်ပေးတယ်။ ကျွန်တော်တို့ကို မြင်တော့ အေးလှိုင်က ဝိုင်းကောင်းနေတာနဲ့ အတော်ပဲ ပြောပြီး ခေါ်လာတယ်။

တန်းလျားနားရောက်တော့ အေးလှိုင်က "အခု ဒီအိမ်မှာ ရန်ကုန်က ဖဲသမားတွေ ချိန်းဝိုင်းရှိတယ်။ ဟိုဘက်အစွန်ဆုံးမှာ တစ်ဝိုင်း၊ ဒုတိယအခန်းမှာက အမျိုးသမီး ရှိုးဝိုင်း ကြေးသိပ်ကြီးတယ်။ အနောက်ဘက်က အခန်းကတော့ ဘိန်းရှူတဲ့အခန်းပဲ ဝါသနာပါရင် ဝင်ရှူလို့ ရတယ်။ ဟိုတိုက်ပုလေးထဲမှာ အမျိုးသမီးနှစ်ယောက်၊ သုံးယောက်ရှိသေးတယ်။ရန်ကုန်က ဧည့်သည်တွေအတွက် စပါယ်ရှယ်ရွေးခေါ်ထားတာ"လို့ အကုန်အစင်ရှင်းပြတယ်။ အေးလှိုင် စကားမဆုံးခင်ကပင် စိန်မြင့် မျက်နှာကြီးက ပြုံးဖြီးဖြီးကြီး ဖြစ်လာတယ်။ ကျွန်တော်လည်း တော်တော် စိတ်ဝင်စားမိတယ်။ ဘုရားကြီးလို နေရာမျိုးမှာ ဒီလို စည်စည်ကားကား ဖြစ်နေတာ အံ့ဩလို့ပါပဲ။

စိန်မြင့်က ကျွန်တော်နဲ့ အေးလှိုင်ကို မိတ်ဆက်ပေးတယ်။ စိန်မြင့်က "တို့ ဘိထွင်းဖို့လာကြတာ။ ဘိအခြေအနေကို လိုက်ပြဦး"ဆိုတော့ "ခုမှ ဆယ့်နှစ်နာရီကျော်လောက်ရှိသေးတာ၊ ဒီနေ့ ဘုရားကြီးမှာ အိပ်ပြီး မနက်ကျမှ ပြန်ပေါ့" ဆိုတဲ့ အေးလှိုင်စကားကို ကျွန်တော်တို့လည်း

သဘောတူလိုက်ကြပါတယ်။ ဒါနဲ့ နှစ်ယောက်သား တစ်ခန်းဝင် တစ်ခန်းထွက်နဲ့ ဝိုင်းတွေကို လှေ့လာကြတယ်။ ကျွန်တော်က စိန်မြင့်ကို "မင်းဆီငွေဘယ်လောက်ပါလဲ"ဆိုတော့ "တစ်ရာ့ငါးဆယ်ပဲပါတယ်၊ မင်း ဘာလုပ်မလို့လဲ" မေးတယ်။ "ဝင်ကစားမလို့ငါ့ဆီတော့ နှစ်ရာလောက်ပဲပါတယ်။ ဒါပေမယ့် ငါ့ယူနီဂါနာရီကိုပေါင်ရင် ငါးရာလောက်တော့ ရမယ်။ မင်းလက်စွပ်နဲ့ ငါ့နာရီပေါင်ပြီး တစ်အိမ်ဝင်ရအောင်ကွာ"ဆိုပြီး အေးလှိုင်ကို ပေါင်ခိုင်းပြီး တစ်အိမ်ဝင် ကစားကြတယ်။

ကျွန်တော် ပထမကစားတယ်၊ သုံးရာလောက် ရှုံးသွားတယ်။ စိန်မြင့်ဝင်ထိုင်တော့ အေးလှိုင်က ဖဲထုပ် အသစ်တစ်ထုပ် ထုတ်ပေးတယ်။စိန်မြင့်ကစားတော့ အတော်နိုင်တယ်။ အေးလှိုင်ကို အရက်တစ်လုံးနဲ့ အမြည်းဝယ်ခိုင်းပြီး ငွေနှစ်ရာ အပိုလည်း ပေးလိုက်တယ်။ ဝိုင်းမသိမ်းခင်ကပင်လက်စွပ်နဲ့ နာရီကို ပြန်ရွေးခိုင်းပြီး အမြတ်ငွေကို ခွဲယူကြတယ်။ တစ်ယောက် နှစ်ရာကျော်ရတယ်၊စိန်မြင့်က အေးလှိုင်ကိုခေါ်ပြီး တိုက်ပုဘက်ဆင်းသွားကြတယ်။ ကျွန်တော်က အရက်နဲ့ အမြည်းစားပြီး တရုတ်ကြီးအိမ်အခြေအနေကို လေ့လာကြည့်နေတယ်။ ခဏကြာတော့ အေးလှိုင်ကကျွန်တော့်ကို လာခေါ်တယ်။ တံခါးခေါက်လိုက်တော့ အသက်လေးဆယ်လောက်ရှိတဲ့ လူကြီးတစ်ယောက်က "ဘယ်ကလဲ"လို့ မေးတယ်။ ငွေတစ်ဆယ်ပေးပြီး အေးလှိုင်က ရန်ကုန်က ဧည့်သည်လို့ တိုတိုပြတ်ပြတ် ပြောလိုက်ပြီး လှည့်ထွက်သွားတယ်။

အထဲရောက်တော့ အခန်းတစ်ခန်းမှာ စိန်မြင့်နဲ့ အမျိုးသမီးတစ်ယောက် လုံးထွေးနေကြတယ်။ နောက်တစ်ခန်းက လိုက်ကာကို ဖွင့်လိုက်တော့ အမျိုးသမီးတစ်ယောက်က ကျွန်တော့်ကို ပြိတီတီ ပြုံးပြနေတယ်၊ အခန်းမီးကို ပိတ်လိုက်တော့ မှုန်ဝါးဝါးအလင်းရောင်ပဲ ကျန်တော့တယ်၊ အရက်မူးပြီး စိတ်ရိုင်းဝင်နေတဲ့ ကျွန်တော့်မျက်စိထဲ ပိုပြီး မှောင်သွားတယ်။ စိန်မြင့်နဲ့ ကျွန်တော်တို့ ပြန်ထွက်လာကြတော့ ဗိုက်ရွဲရွဲနဲ့ ဘဲနှစ်ပွေကို အဝနားမှာ မယောင်မလည်နဲ့ တွေ့ရတယ်။ ကျွန်တော်တို့ အေးလှိုင်ကို ခေါ်ပြီး အေးလှိုင်နေတဲ့ ဆေးရုံဝင်းကို လာခဲ့ကြတယ်။ ညနေစာစားသောက်ပြီး အလုပ်အကြောင်း ပြောကြတော့ အေးလှိုင်က "အခု ဆရာဝန်





ကြီး မရှိဘူး။ ရန်ကုန်ကို လွှတ်တော်အစည်းအဝေးအတွက် မနေ့ကပင်ထွက်သွားတယ်။ အနည်းဆုံး တစ်ပတ်တော့ ကြာလိမ့်မယ်ထင်တယ်"လို့ပြောတယ်။

ဆရာဝန်ကြီးဟာ လွှတ်တော်အမတ်အဖြစ် အရွေးခံထားရကြောင်းကိုလည်း ပြောပြတယ်။ တရုတ်ကြီး စိုစွန်အိမ်နဲ့စာရင် ဆရာဝန်ကြီးအိမ်က ပိုအဆင်ပြေနိုင်တယ်။ တရုတ်အိမ်က နေ့ရောညပါ လူမပြတ်တော့ ဘိထွင်းဖို့ မလွယ်ဘူး။ နေ့ကွက်ကြောင်ရိုက်ရင်တော့ သူ့လူလို ငါ့လူလိုနဲ့ ပစ္စည်း အနည်းအပါး ရမယ်လို့ ကောက်ချက်ချကြတယ်။ အေးလှိုင်က နောက်ထပ် ကျောင်းဆရာကြီး အိမ်တစ်အိမ် ရှိသေးကြောင်း၊ ချမ်းသာကြောင်း၊ ကျွဲအုပ်နွားအုပ်တွေကလည်း အများကြီး မွေးထားကြောင်း၊ဘုရားကြီးတစ်မြို့လုံးက သူ့ဆီမှာ ကျွဲနွား ငှားပြီး လယ်လုပ်ကြရကြောင်း၊ ဆရာကြီးနှင့် သူ့ညီမ နှစ်ယောက်စလုံး လူပျိုကြီး၊ အပျိုကြီးဖြစ်ကြောင်း၊ တူလေးတစ်ယောက်နှင့် တစ်အိမ်လုံးမှာ သူတို့လေးယောက်သာ ရှိကြောင်း ပြောပြတယ်။

မိုးက တစ်ညလုံး သဲသဲမဲမဲ ရွာနေတယ်။အခြေအနေ ကောင်းတယ်။ ဒါပေမယ့် ကျွန်တော်တို့အနေက ဒီတစ်ညတည်းပြီး ညတွင်းချင်း အလုပ်လုပ်လိုက်ရင် မြို့ခံလူတွေ သံသယတွေ ဝင်သွားမှာ စိုးရတယ်။ အဲဒါကြောင့် မလုပ်ကြသေးဘူး။ မနက် မိုးလင်းတော့ အေးလှိုင်နဲ့အတူ မြို့ထဲထွက်ပြီး အိမ်လိုက်ကြည့်ကြတယ်။ အေးလှိုင်က ဆရာကြီးအိမ်နဲ့ တခြားနှစ်အိမ်ကိုလည်း ပြပေးထားတယ်။သူက ရွာခံလူခံဆိုတော့ သူ့ကို အသေးစိတ် စုံစမ်းမေးမြန်းကြရတယ်။

ကျွန်တော်တို့က နောက်တစ်နေ့ ညနေ ဆယ်နာရီလောက်မှာ လာမည်ဖြစ်ကြောင်း၊ လာရင် ဆေးရုံဝင်းထဲက တိုက်ပျက်ကို ဦးတည်ပြီး လာမည်ဖြစ်ကြောင်း မည်သူ့ကိုမျှ အစွန်းအစ စကား မဟာမိဖို့ မှာကြားပြီး ပဲခူးကို ပြန်ကာ ဘိထွင်းပစ္စည်းတွေ စုဆောင်း ပြုပြင်ကြတယ်။ အဓိက ဒေါက်တာကြည်သိန်းအိမ်က သော့သုံးလုံးကို ဖျက်နိုင်ဖို့အတွက် သံကလအော်ကို တွင်ခုံမှာ စိတ်တိုင်းကျ လုပ်ရတော့ နှစ်ရက်တောင် ကြာသွားတယ်။ ပစ္စည်းအားလုံး စိတ်ချရတော့မှ ညနေ ငါးနာရီလောက် အချိန်မှာ

ပဲခူးက ဘုရားကြီးကို ထွက်လာကြတယ်။ ဘုရားကြီးကို နှစ်နာရီလောက် ရောက်ပြီး ခုနစ်နာရီခွဲပွဲ ရုပ်ရှင် ဝင်ကြည့်ကြတယ်။ ဖောက်ထွင်းပစ္စည်းတွေကို ကျွန်တော်တို့ မိုးကာအင်္ကျီ ဂျာကင် အတွင်းအိတ်များမှာ အသီးသီး ခေါက်ချိုးပြီး ထည့်ထားကြတဲ့အတွက် လုံခြုံမှု စိတ်ချရတယ်။ ရုပ်ရှင်က ဆယ်နာရီလောက်မှာ ပြီးသွားတော့ မိုးတဖွဲဖွဲရွာနေတယ်။ ရုပ်ရှင်ရုံရှေ့က ကွမ်းယာဆိုင်မှ မီးခြစ်တစ်ဘူးနဲ့ ဆေးလိပ်တစ်ဘူး ဝယ်ပြီး ဆေးရုံကြီးဝင်းထဲက တိုက်ပျက်ကို လာကြတယ်။

လူခြေတိတ်ဆိတ်နေပြီး ဆေးရုံထဲ ကလေးငိုသံ၊ တိုက်ပျက်ထဲက လင်းနို့တွေ တဖျပ်ဖျပ် တောင်ပံခတ်သံတွေ ကြားနေရတယ်။ နှစ်ယောက်ပေါင်းမှ လိုလိုမည်မည် ခေါက်ထီးတစ်လက်ပဲ ယူလာကြတော့ နှစ်ယောက်စလုံး စိုရွှဲနေတယ်။ တိုက်ပျက်နဲ့ ဆေးရုံက ပေငါးဆယ်လောက်ပဲ ဝေးတယ်။ နှစ်ယောက်သား တိုက်ပျက်ကြီးထဲဝင်ပြီး ရေစိုလာတဲ့ အင်္ကျီ လုံချည်တွေကို ချွတ်ပုံထားလိုက်ကြတယ်။ ပြီး ချိန်းထားတဲ့ အေးလှိုင်ကို ထိုင်စောင့်နေကြတယ်။ တိုက်ပျက်ထဲမှာ မှောင်နေပေမယ့် အပြင်က လျှပ်စီးလက်တိုင်း အလင်းရောင်က ဝင်ဝင်လာတယ်။ နှစ်ယောက်သား ဆေးလိပ်ထိုင်သောက်ရင်း အေးလှိုင်အလာနဲ့ ပတ်ဝန်းကျင်ကို သတိထား ကြည့်နေကြတယ်။

ကျွန်တော် လက်က နာရီကို ကြည့်လိုက်တယ်။မီးစုန်းအလင်းရောင်နဲ့ ဆယ်နာရီဆိုတော့ အေးလှိုင်ဟာ ဒီ တစ်ရက်နှစ်ရက် အတွင်းမှာတော့ ဆယ်နာရီထိုးတိုင်း ဒီတိုက်ပျက်ကို တစ်ခေါက်တော့ လာကြည့်ဖို့ချိန်းထားတာမို့ စောင့်နေကြတယ်။ စိတ်မရှည်ချင်တာနဲ့ အတွင်းဘောင်းဘီတိုကို ပြန်ဝတ်တယ်။ ပစ္စည်းထည့် မိုးကာ ဂျာကင်ကိုစွပ်၊ သံပရာခွံ ဦးထုပ်အနက်ကိုဆောင်းပြီး အပြင်ထွက်ကြတော့မယ်အလုပ်မှာ အေးလှိုင် ကျွန်တော်တို့ရှိရာဘက်ကို ထီးတစ်လက်ဆောင်းပြီး ရောက်လာတယ်။

"ခင်ဗျားကို စောင့်လိုက်ရတာ အချိန်တောင် မနည်းကုန်သွားတယ်။ လာဗျာ၊ ဆရာဝန်ကြီးအိမ်ကို တစ်ခါတည်း သွားလိုက်ကြမယ်"ဆိုပြီး ခေါ်လာခဲ့တယ်။

ဒေါက်တာကြည်သန်း အိမ်အောက်ကိုရောက်တော့ မီးတွေ လင်း





နေတယ်။ အဲဒါကြောင့် အနောက်ဘက် မီးကွယ်တဲ့နေရာကို ကြည့်ပြီး ကျွန်တော်က "ကိုအေးလှိုင် သော့သုံးလုံးရဲ့ အမျိုးအစားကို သိလား"ဆိုတော့ "သော့အမျိုးအစားတော့ မသိဘူး၊ အပြင်က သွပ်သော့၊ ဒုတိယက ကြေး၊ တတိယသော့ကတော့ မည်းမည်းပဲ မီးခံသေတ္တာအရောင်မျိုးပဲကွလို့ ပြောတယ်။သူလေ့လာထားသလောက်ကို ပြောပြတယ်။ အိမ်ရှေ့အပေါက်က မီးလုံးကို ခွဲဖို့အတွက် အေးလှိုင်နဲ့ စိန်မြင့်ကို ခေတ္တ ထားခဲ့ရတယ်။ ခြံဘေးက နှစ်တစ်လက်မတစ်ချောင်းကိုဖြုတ်ပြီး တိုက်ဘေးပတ်ဝန်းကျင် အခြေအနေကို ကြည့်လိုက်တယ်။ အခြေအနေကောင်းတဲ့အတွက် သံဘာဂျာတံခါးအနီး အုတ်ဘောင်အကွက်က မီးလုံးကို ရိုက်ခွဲဖို့ လက်အမြှောက် လျှပ်စီးလက်ပြီး မိုးကြိုးပစ်ချလိုက်သံနှင့်အတူ မီးလုံးကို ရိုက်ချလိုက်တယ်။

မီးလုံးကိုခွဲပြီး စိန်မြင့်တို့ရှိရာကို ပြန်လာပြီး "ကိုအေးလှိုင် ခင်ဗျား ဒီအနားမှာပဲနေ။ ဟိုဘက်ခြမ်းက မီးရောင်ဘက်ကို မထွက်နဲ့ ဆေးရုံဘက်က မြင်သွားမယ်"လို့ ပြောပြီး ဂျာကင်အိတ်အတွင်းက အသေးစား ဖောင်တိန်လက်နှိပ်ဓာတ်မီးကိုထုတ်ပြီး စိန်မြင့်နဲ့အတူ အရှေ့တံခါးဘက် လျှောက်လာကြတယ်။ ဖောင်တိန်လက်နှိပ်ဓာတ်မီးကို ခပ်အုပ်အုပ်ဖွင့်ပြီး သော့အမျိုးအစားကို ကြည့်လိုက်တော့ ဆောက်လုပ်ရေးသော့ ဖြစ်နေတယ်။ သွပ်သော့လို့လည်း ခေါ်တယ်။

ကျွန်တော်က သံကလဒေါ်ကို သော့ကွင်းထဲ အလယ်အရစ်ထိ အသာထိုးသွင်းပြီး အပေါ်က လက်ငါးလုံး အရှည်နှစ်ပေခန့်ရှိတဲ့ အဝတ်စုတ်တစ်ခုကို အုပ်လိုက်တယ်။ နှစ်ယောက်သား ဆွဲလှည့်လိုက်တော့ ဂလောက်ဆိုတဲ့ အသံနဲ့အတူ ပထမသော့ ပွင့်သွားတယ်။ သံဘာဂျာတံခါးကိုဖွင့်ပြီး ဒုတိယနဲ့ တတိယ သော့နှစ်လုံးကိုလည်း ပထမသော့နည်းတူ ဖွင့်လိုက်ကြတယ်။ တံခါးသုံးထပ် ပွင့်သွားတာနဲ့ အိမ်မကြီးထဲ ဝင်လိုက်ကြတယ်။ ပထမဦးဆုံး အတွင်းခန်းရဲ့ တစ်ဖက်တစ်ချက်မှာ မှန်ဗီရိုနှစ်လုံးကို တွေ့ရတယ်။ ညာဘက်မှန်ဗီရိုပေါ်မှာ ရေမြှုပ်ခံထားတဲ့ ကက်ဆက်တစ်လုံး၊ ဘယ်ဘက် ဗီရိုပေါ်မှာ ဆင်စွယ်ရိုးနှစ်ချောင်းနဲ့ ချိတ်ထားတဲ့ ငွေမောင်းတစ်လုံး၊ ဘယ်ဘက် ဗီရိုကို ဖွင့်လိုက်တော့ အထဲမှာ ငွေဓားရှည်တစ်လက်၊ ငွေထည်နဲ့ လုပ်ထားတဲ့ အိမ်အသုံးအဆောင်တွေကို တွေ့ရတယ်။

ညာဘက် ဗီရိုအတွင်းမှာက ဆုရရှိထားတဲ့ ဒိုင်းတွေ၊ ဖလားတွေ၊ တံဆိပ်တွေနဲ့ စက္ကူဖာနှစ်ခုထဲက ကတ္တီပါခံထားတဲ့ ရွှေတံဆိပ်၊ ဒင်္ဂါးပြား တစ်ပြားနဲ့ ရွှေသားနဲ့ ပြုလုပ်ထားတယ်လို့ ထင်ရတဲ့ သမင်နှစ်ကောင်ကို တွေ့ရတယ်။ အတွင်းခန်းကို သော့ အသေးတစ်လုံးနဲ့ ခတ်ထားတယ်။ သော့ကို ချိုးပြီး အထဲကို လက်နှိပ်ဓာတ်မီးနဲ့ ထိုးရှာလိုက်တော့ ခုတင်အောက်မှာ သေတ္တာအကြီးနှစ်လုံး၊ စက္ကူသေတ္တာလေးလုံးကို တွေ့ရတယ်။ စက္ကူသေတ္တာလေးလုံးထဲမှာ စားဆေး၊ ထိုးဆေးတွေနဲ့ ဆရာဝန်အသုံးအဆောင်တွေကို တွေ့ရတယ်။ ယူမယ်လို့ ဖွင့်ထားတဲ့ ဆေးပစ္စည်းတွေကို စက္ကူသေတ္တာနှစ်လုံးထဲ ပြောင်းထည့်ထားလိုက်ကြတယ်။ ကျန် သားရေသေတ္တာနှစ်လုံးထဲက နိုင်ငံခြားဝတ်စုံတွေ၊ အကောင်းစား ပိတ်အုပ်တွေနဲ့ ရှူးဖိနပ်နှစ်ရန်၊ ကျန်သေတ္တာတစ်လုံးမှာ ရွှေကြိုးနဲ့ နာရီတစ်လုံး၊ ငွေတစ်သောင်းကျော်နဲ့ စာချုပ်စာတမ်းတွေ ဖိုင်အမျိုးမျိုးကို တွေ့ရတယ်။

အဖိုးတန်တဲ့ ပစ္စည်းတွေနဲ့ အဖိုးတန်မယ်ထင်တဲ့ ပစ္စည်းတွေကို ထည့်ထုပ်ပြီး အေးလှိုင်ကို အထဲဝင်လာဖို့ ပြတင်းပေါက်က ခေါင်းပြူပြီး ခေါ်လိုက်တယ်။ ငွေသားနဲ့ ရွှေငွေတွေကို အသင့်ပါလာတဲ့ သားရေအိတ်အရှည်ထဲ ပြောင်းထည့်ပြီး တခြား ပစ္စည်းတွေကို အပြင် သယ်ထုတ်လာကြတယ်။ စိန်မြင့်က ဆေးသေတ္တာတစ်လုံးနဲ့ သားရေသေတ္တာတစ်လုံး၊ အေးလှိုင်က ဆေးသေတ္တာတစ်လုံးနဲ့ ဘယ်အချိန်က သူယူလိုက်မှန်းမသိတဲ့ ဆင်စွယ်ရိုးတပ် ငွေမောင်း၊ ငွေဓားအတိုတစ်ချောင်း၊ ယောကျ်ားဆောင်းထီး သုံးဆစ်ချိုး တစ်လက်ကို ယူလာတယ်။ သူက သုံးဆင့်ထီးကို မဖွင့်တတ်လို့ ကျွန်တော့်ကို ဖွင့်ခိုင်းတော့မှ သတိပြုမိတယ်။ အဲဒါကြောင့် "ဟေ့လူ ဒါတွေ မယူပါနဲ့ ပြန်သွားထားလိုက်" ပြောပေမယ့် အေးလှိုင်က အတင်းယူလာတယ်။

ကျွန်တော်တို့ တည်းခိုစခန်း တိုက်ပျက်ကြီးအတွင်းကို ရောက်တော့ ဆရာဝန်အိမ်က ယူလာတဲ့ တက်ထရွက် ဘောင်းဘီတစ်ထည်ကို ကောက်ဝတ်ပြီး "ဟေ့ကောင် ကျော်မြင့် မမိဘူးလားကွ"တဲ့။ ကျွန်တော် ချမ်းချမ်းစိုစိုကရက်တစ်လိပ် မီးညှိသောက်ပြီး အစီအစဉ် လုပ်ရတယ်။ အချိန်က သန်းခေါင်ကျော်နေပြီး မိုးကတော့ တဖွဲဖွဲရွာနေတုန်း။ အေးလှိုင် ထွက်





သွားတော့ ကျွန်တော် အုတ်နံရံကိုမှီပြီး ဆေးလိပ် တစ်လိပ်ပြီးတစ်လိပ် သောက်ရင်း အကြံထုတ်နေတယ်။ စိန်မြင့်က ငွေတိုငွေစတွေ ထည့်ထားတဲ့ သေတ္တာကိုဖွင့်ပြီး "မင်း အအေးပတ်မယ်၊ ဒါကို ဝတ်ထား"ဆိုပြီး ဘောင်းဘီရှည်၊ ကုတ်အင်္ကျီတွေကို ထုတ်ပေးတယ်။

ကျွန်တော် သေတ္တာထဲက ကချင်လုံချည် အကွက်စိပ် တစ်ထည်ပဲ ယူဝတ်ပြီး ဘောင်းဘီနဲ့ အင်္ကျီတွေကို သေတ္တာထဲ ပြန်ထည့်ထားလိုက်တယ်။ ကျွန်တော်တို့ ညဘက် အလုပ်လုပ်တဲ့အခါမှာ အဝတ်က သိပ်အရေးကြီးတယ်။ အနက်၊ အစိမ်း၊ အညို၊ နက်ပြာတွေကိုဝတ်ပြီး အလုပ်လုပ်ကြရတယ်။ သူခိုး ဖောက်ထွင်းအလုပ်ဆိုတာ ကျိန်းသေ အဆင်ပြေမယ်လို့ ပြောမရဘူး။အဝတ်အဆင် မဝတ်တတ်လို့ မိပြီး ထောင်ထဲရောက်တဲ့လူတွေ တစ်ပုံကြီးပဲ။ အရေးအကြီးဆုံးက အဖြူပြောင်နဲ့ အကွက် အစင်း၊ အဖြူပါတဲ့ အဝတ်တွေကို ရှောင်ရမယ်။အလုပ်က တစ်ခု အဆင်မပြေရင် တစ်ခုကို လုပ်ဖို့ လုပ်ကွက်လေး တစ်ခုလောက်ကို မှန်းလာခဲ့ကြတယ်။ တရုတ်စွိစွန်၊ ဒေါက်တာကြည်သိန်း၊ ဆရာကြီးမြမောင်အိမ်နဲ့ ကြပ်ရဲနှစ်အိမ် ဆိုပြီး အကွက်ချလာခဲ့ကြတယ်။ ပထမဦးဆုံး လုပ်ကွက် အဆင်ပြေသွားတဲ့အတွက် ကျန်အိမ်တွေကို ဖြည်းဖြည်းပဲ လုပ်ဖို့ စိန်မြင့်နဲ့ နှစ်ယောက်သား တိုင်ပင်နေကြတယ်။

နိုင်သလောက် ပစ္စည်းတွေကိုယူပြီး ကျန်ပစ္စည်းတွေကို တိုက်ပျက်ကြီး အနားမှာ မြှုပ်ထားခဲ့ဖို့ တိုင်ပင်နေတုန်း မြင်းလှည်းတစ်စီး တိုက်ပျက်ကြီးအနား ရောက်လာတယ်။ စိန်မြင့်က ဝမ်းသာအားရနဲ့ ဟိုမှာ အေးလှိုင်လာပြီလို့ ဝမ်းသာအားရ မတ်တတ်ထ ရပ်ပြောတယ်။ ပစ္စည်းတွေကို မြင်းလှည်းထဲ တင်ပြီး ဝဂ်ဘောဘက်ကို ထွက်လာကြတယ်။မိုးက စဲသွားပြီအဲဒါကြောင့် လျှပ်စစ်မီး မရှိတဲ့ တောလမ်းဘက်က ထွန်းအောင်ကို မောင်းခိုင်းရတယ်။ လေပြင်းတိုက်ပြီး သစ်ကိုင်း သစ်ရွက်တွေ ရှဲရှဲမြည်သံတို့ကို ကြားနေရတယ်။ စိန်မြင့်က ကက်ဆက်ကိုထုတ်ပြီး တိပ်ခွေတစ်ခုကို ထည့်တယ်။ "ဟ ဒီလူ ဘာလုပ်မလို့ပါလိမ့်" ဆိုတဲ့ အတွေးမဆုံးခင် ကက်ဆက်က ကျယ်ကျယ်လောင်လောင် အသံထွက်လာတော့တယ်။

ကျွန်တော်တို့ တောလမ်းက မောင်းလာကြတယ်ဆိုပေမယ့် လမ်းမှာ

အိမ်တွေက ကျိုးတိုးကျဲတဲရှိတယ်။ အချိန်က သုံးနာရီ မိုးလင်းပိုင်း ရောက်နေပြီ။ 'နေရောင် မရှိတဲ့ ရေခဲပြင် ဇဝရက်တောင်လည်း သွားမှာပဲ ကြောက်စိတ် မရှိတယ်၊ သတ္တိတွေ ရှိတယ်'လို့ နားလည်လိုက်တဲ့ သီချင်းသံ ထွက်လာတော့ "ဟေ့ကောင် ဘယ်လို လုပ်တာလဲ။ ပိတ်ပိတ်"ဆိုတော့ စိန်မြင့်က ကက်ဆက်ကို ကမန်းကတန်း ဟိုနှိပ် ဒီနှိပ် တဂျောက်ဂျောက် တဂျက်ဂျက် လျှောက်နှိပ်နေတယ်။ စိန်မြင့် နှိပ်လိုက်မှ ကက်ဆက်သံက ပိုကျယ်လာတယ်။ ကျွန်တော် ဒေါသဖြစ်ပြီး စိန်မြင့်ကို စိန်းစိန်းဝါးဝါး ကြည့်လိုက်ချိန်မှာ မြင်းလှည်းသမား အောင်ထွန်းက မြင်းလှည်းရပ်ပြီး ပိတ်ပေးလိုက်တယ်။

"ရွာနားရောက်နေပြီ။ ခင်ဗျား ဘယ်လိုလုပ်တာလဲ တစ်ခုခုဖြစ်ရင် ဘယ်အခြေအနေ ဆိုက်သွားမယ်ဆိုတာ ခင်ဗျား မတွေးမိဘူးလား"

"ငါလည်း ရိုးရိုးကက်ဆက် ထင်တာကိုးကွ၊ နှိပ်လိုက်တုန်းက ဘယ်ခလုတ်နှိပ်လိုက်မှန်း မသိလိုက်ဘူး။ အဆင်ပြေတော့ စိတ်ထဲ သိပ်ပျော်သွားတာနဲ့ လုပ်မိလုပ်ရာ လုပ်မိတာ ခွင့်လွှတ်ပါကွာ ငါ တောင်းပန်ပါတယ်။ ဖွင့်တုန်းက မိုးလေအေးအေးနဲ့ တိုးတိုးလေးဆိုပြီး ဖွင့်မိတာပါ"

ကျွန်တော် ဒေါသဖြစ်မှန်း သိတော့ စိန်မြင့်က တောင်းပန်တယ်။ အေးလှိုင်တို့ သမီးယောက်ဖ နှစ်ယောက်ကတော့ တဟားဟား ရယ်လိုက်ကြတယ်။ ကျွန်တော့် တစ်ကိုယ်လုံး ကြက်သီးတဖြန်းဖြန်း ထလာသလို ခံစားလိုက်ရတယ်။ အေးလှိုင်တို့ သမီးယောက်ဖ နှစ်ယောက် ရယ်လိုက်ကြသံကိုလား၊ လေတိုက်နေတုန်းမို့ ချမ်းလို့ ကြက်သီးထတာလား ဆိုတာကိုတော့ ကျွန်တော် သတိမထားမိလိုက်ဘူး။ ကြက်သီး ရုတ်တရက် ဖြန်းခနဲ ထသွားတာကိုပဲ သတိပြုမိလိုက်တယ်။

ဝဂ်ဘောရွာလယ်ကိုရောက်တော့ မြင်းလှည်းကို ရပ်ခိုင်းပြီး အေးလှိုင်က မြင်းလှည်းနဲ့ မော်တော်ဆိပ်ကို တိုက်ရိုက်မသွားဘဲ "ဒီက ငါ့ညီမ အိမ်မှာ ပစ္စည်းတွေကို ခဏထားပြီး မော်တော် အဆင်ပြေပြီးမှ ထမ်းသွားကြတာပေါ့ကွာ"လို့ ပြောတယ်။ ကျွန်တော်လည်း အေးလှိုင်ရဲ့ အစီအစဉ်ကို သဘောတူလိုက်တယ်။ ပစ္စည်းတွေကို အေးလှိုင်ရဲ့ ညီမ အိမ်အောက်ထပ်မှာ ခဏထားပြီး အနားယူကြတယ်။ အေးလှိုင်က မော်တော်ဆိပ်ကို ဆင်း





သွားတယ်။ ထွန်းအောင်ရဲ့ မိန်းမ အေးလှိုင် ညီမက ကျွန်တော်တို့ကို ဧည့်ဝတ်ကျေပွန်ပါတယ်။ ဖော်ဖော်ရွေရွေလည်း စကားပြောတတ်လို့ ကျွန်တော်တို့က မန္တလေးက ပဲခူးအပြန် ကားပြတ်လို့ အေးလှိုင်ဆီ ဝင်ခဲ့ကြကြောင်း ရန်ကုန်ကို ရထားအမီ ပြန်ရမှာမို့ ပဲခူးကတစ်ဆင့် ရထား ပြောင်းစီးရမယ်လို့ ပြောထားကြတယ်။ အေးလှိုင်အဒေါ်က အေးလှိုင် မရှိလည်း နောက်ရောက်ရင် ဝင်ပါလို့ ဖိတ်ခေါ်တယ်။ ဒါနဲ့ စိန်မြင့်က သူဟာ ရန်ကုန် ဆေးတက္ကသိုလ်က ဆေးကျောင်းသားဖြစ်ကြောင်း၊ ပဲခူး ကျိုက်တော်ကုန်းမှာ နေကြောင်း၊ ကျွန်တော်တို့အိမ်ကို အေးလှိုင်သိကြောင်း၊ ရန်ကုန်ဆေးတက္ကသိုလ်မှာ တက်နေကြောင်း နားမလည်တဲ့ တောသူတွေကို ဖြီးနေတယ်။ ကျွန်တော်ကတော့ စိတ်တထင့်ထင့်နဲ့ အေးလှိုင်ကို မျှော်နေရတဲ့အထဲ စိန်မြင့်စကားကြောင့် ပိုပြီး အနှောင့်အယှက် ဖြစ်နေတယ်။ ဒီကောင်က ဒါမျိုးကျတော့ အင်မတန် အာရှင်ပြီး ရှိုးထည့်တတ်တယ်။ ဆေးပစ္စည်းတွေ ပါတာကိုး၊ ဒီကောင် ယုတ္တိရှိအောင် လုပ်တာကိုး။

အိမ်ရှင်က အိမ်ပေါ် တက်သွားတော့ ကျွန်တော့်ခေါင်းထဲ အကြံတစ်ခု ဝင်လာတယ်။ "စိန်မြင့် ငါတို့ ဒီပစ္စည်းတွေ အများကြီးနဲ့ မနက်စောစောရောက်သွားရင် အကြောင်း မဟုတ်ပေမယ့် ရှစ်နာရီ၊ ကိုးနာရီလောက်မှာ ရောက်သွားရင် ပတ်ဝန်းကျင်နဲ့ မြို့ထဲကနေ ဖြတ်ပြန်ရမှာနဲ့ဆိုတော့ ပဲခူးရဲတွေနဲ့ ဖြစ်ပုံမလား။ ဒီအိမ်နောက်ဘက်က အထပ်ခိုးမှာ ခဏထားခဲ့ကြရင်ကော" ဆိုတော့ "မင်း အကြံကောင်းပါတယ်"တဲ့။

အဲဒီလို ပြောနေကြတုန်း အေးလှိုင်ရောက်လာပြီး "မော်တော်အဆင်ပြေတယ်ဟေ့။ မင်းတို့ တစ်စီးလုံး ငှားမယ်ဆိုရင် နှစ်ရာ့ငါးဆယ်သုံးရာတော့ ပေးပါ ပြောတယ်"ဆိုပြီး ရောက်လာတယ်။

ဒါနဲ့ အေးလှိုင်ကို ပြောပြတော့ "မင်းတို့ အဆင်ပြေသလို လုပ်ပါ"တဲ့။ သူ့ကို "ခုချက်ချင်း ငါတို့နဲ့အတူ လိုက်မလာနဲ့ဦး သတင်း အခြေအနေကို နားထောင်ပြီး နောက်မှ လိုက်လာခဲ့"ဆိုတော့လည်း အေးလှိုင်က မငြင်းဘူး။ သူ့အိမ်မှာ ပစ္စည်းတစ်ဝက် ထားခဲ့မယ်ဆိုတော့ သူလည်း သဘောတူတယ်။ အေးလှိုင်က မော်တော်ဆိပ်ကို လိုက်ပို့တယ်။ မော်တော်ဆိပ်နားက အကြော်ဆိုင်တွေ မီးတောင် မွှေးနေကြပြီ။ ကျွန်တော်တို့ မော်

တော်နဲ့ ကပ်လျက် မော်တော်တွေထဲမှာ ငါးတောင်းတွေ၊ ဟင်းသီးဟင်းရွက်တွေ အပြည့် တင်ထားကြတယ်။

မိုးမရွာပေမယ့် လေက အတော်တိုက်နေတယ်။ ကွေ့ကောက်မောင်းလာတဲ့ ချောင်းရိုးတစ်လျှောက်ကိုကြည့်ပြီး ကျွန်တော် အောင်ထွန်းနဲ့ အေးလှိုင်တို့ သမီးယောက်ဖနှစ်ယောက် အကြောင်းကို တွေးလာတယ်၊ အေးလှိုင်က ပွင့်လင်းပြီး ဘော်ဒါစိတ် ရှိတယ်။ ဒီအလုပ်မျိုး အတွေ့အကြုံလည်း ရှိတာမို့ စိတ်ချရတယ်။ သူ့ယောက်ဖ မြင်းလှည်းသမားအောင်ထွန်းက ဗကပအလင်းဝင် အသံချဲ့စက် ငှားစားတယ်။ မြင်းလှည်းမောင်းတယ်၊ လူကို ကြည့်ရတာ လည်ပုံလည်း ရတယ်။ စိတ်ချရပါ့မလားလို့ တစ်လမ်းလုံး တွေးလာတယ်။ တစ်ချက် တစ်ချက် ချောင်းဘေး လယ်တွေထဲက မီးရောင်ကို မြင်နေရတယ်။ ကြက်တွန်သံကိုလည်း ကြားရတယ်။

ပဲခူးကို မနက်ခုနစ်နာရီ မထိုးခင် ရောက်လာတယ်။ မော်တော်ဆိပ်က ကြိုးတံတားနဲ့ ဈေးနားမှာ ဖြစ်တဲ့အတွက် ဈေးသွားဈေးလာတွေနဲ့ ရှုပ်နေလို့ ကြိုးတံတားနဲ့ တစ်ခေါ် လောက်ဝေးတဲ့ ပန်းလှိုင်က မြင်းလှည်းဂိတ်နားမှာပဲ ရပ်ခိုင်းလိုက်တယ်။ မြင်းလှည်းနဲ့ပဲ ရွှေမော်ဓောက စိန်မြင့်အိမ်ကို လာခဲ့ကြတယ်။ အိမ်ရောက်တော့ တစ်အိမ်သားလုံး သောက်ဖို့ စိန်မြင့်ညီ တစ်ယောက်ကို လက်ဖက်ရည် ထွက်ဝယ်ခိုင်းလိုက်တယ်။ နှစ်ယောက်သား အပေါ်ထပ် အခန်းထဲဝင်ပြီး ပစ္စည်းတွေကို စစ်ဆေး ဝေစုခွဲကြတယ်၊ ကက်ဆက်ကိုတော့ စိန်မြင့်ကို "မင်း မဖွင့်တတ်ပါဘူး" ဆိုပြီး တန်ဖိုးဖြတ်ကာ ကျွန်တော် ယူလိုက်တယ်။ ငွေတစ်သောင်းငါးထောင်ထဲက အေးလှိုင်နဲ့ ထွန်းအောင်တို့အတွက် သုံးထောင်စီ ထားတယ်။ စိန်မြင့်ကို ဒင်္ဂါးပြား ရွှေတံဆိပ်ကို ပေးပြီး ရွှေသမင်နှစ်ကောင်နဲ့ ရွှေနာရီကို ကျွန်တော် ယူလိုက်တယ်။ ပိတ်အုပ်တွေ၊ အဝတ်သေတ္တာတွေကို စိန်မြင့်ကို ကြည့်လုပ် ထားဖို့ ပေးလိုက်တယ်။ ကိစ္စဝိစ္စ အားလုံး ပြီးတော့ ကျွန်တော် အိမ်ပြန်လာခဲ့တယ်။

အိမ်မှာ နှစ်ရက်နေပြီး အစ်မအိမ်ကို လာခဲ့တယ်။ သတင်းစာ အစ်မအိမ်မှာ တွေ့လို့ ဖတ်ကြည့်တော့ ဒေါက်တာကြည်သိန်းအိမ် ဖော ထွင်းခံရကြောင်း၊ တရားခံများကို အပူတပြင်း ရှာနေကြောင်း သိရတယ်





သတင်းစာကိုယူပြီး စိန်မြင့်အိမ်ကို ထွက်လာခဲ့တယ်။ စိန်မြင့်ကို အကျိုးအကြောင်း ပြောပြပြီး အသွားအလာ အနေအထိုင် ဆင်ဆင်ခြင်ခြင် နေဖို့ပြောတော့ စိန်မြင့်က "ငါ့ဆီကို အေးလှိုင်နဲ့ အောင်ထွန်းတို့ မနက်က လာသွားကြတယ်။ အခု ဈေးဘက်ကို သွားကြတယ်။ အေးလှိုင်ကို ရဲစခန်းက ခေါ် စစ်တယ်။ ဆေးရုံဝင်း အတွင်းက လူတွေကိုလည်း ခေါ် စစ်တယ်။ ငွေသုံးထောင်စီကိုလည်း ပေးလိုက်တယ်။ အဆင်ပြေသလို ဣန္ဒြေမပျက် နေကြဖို့ လိုတယ်။ ဈေးက ပြန်ရင် ဝင်ခဲ့ဦးမယ်"လို့ မှာသွားတယ်ဆိုတာနဲ့ အေးလှိုင်တို့ကို စောင့်နေလိုက်တယ်။ ညနေ သုံးနာရီလောက်ကျမှ အေးလှိုင်နဲ့ အောင်ထွန်းတို့ ရောက်လာကြတယ်။ "သူတို့ဘက်ကို စိတ်ချပါ" လို့ ပြောပြီး ပြန်သွားကြတယ်။

ဒါနဲ့ အိမ်ဘက်ကို ကျွန်တော် စားစရာတွေဝယ်ပြီး ပြန်လာခဲ့တယ်။ မနက်မိုးလင်းတော့ လက်ဖက်ရည်ဆိုင်ကို ထွက်လာပြီး လက်ဖက်ရည် သောက်နေတယ်။ ကျွန်တော့်စားပွဲနဲ့ ကပ်လျက်မှာ အသက်သုံးဆယ်ကျော် လူနှစ်ယောက်က သတင်းစာဖတ်ရင်း ဝေဖန် ပြောဆိုနေကြတယ်။ "တော်တော်လျင်တဲ့ အကောင်တွေ၊ ရထားသွားနေတုန်း တွဲကိုဖွင့်ပြီး ယူသွားတယ်"ဆိုတော့ ကျွန်တော် စိတ်ဝင်စားသွားတာနဲ့ သတင်းစာကို ယူဖတ်လိုက်တယ်။ ပဲခူးက အထွက် ရထားပေါ် ပါလာတဲ့ ဆေးပစ္စည်းတွေကို ဖောက်ယူသွားတယ်။ တစ်သိန်းဖိုးလောက် ပါသွားတယ်ဆိုတာ သိရတယ်။

နောက်တစ်နေ့မှာ စိန်မြင့်ဆီလာပြီး "ငါတို့ ဆေးပစ္စည်းတွေ ထုတ်ရောင်းလို့ မဖြစ်သေးဘူး။ အခြေအနေက တော်တော်ဆိုးနေတယ်။ မင်းအနေနဲ့ အေးလှိုင်ကို ထပ်ပြီး သတိပေးလိုက်ဦး၊ ဒီရထား ဘယ်သူတွေ လက်ချက်လဲဆိုတာလည်း တို့ မသိရတော့ သိုသိုသိပ်သိပ် နေကြ"ဖို့ မှာပြီး ကျွန်တော်လည်း မြို့ထဲ မထွက်ရဲဘဲ အိမ်မှာပဲ ငြိမ်နေရတယ်။ မကြာခင် တစ်ရက်နှစ်ရက်မှာပဲ စိန်မြင့် စက်ဘီးတစ်စီးနဲ့ ကျွန်တော့်ဆီကို ရောက်လာတယ်။ "ငါတို့ အုန္နဲဘုရားပွဲကို သွားကြမလို့ ကားတောင် ငှားထားပြီ၊ မင်း ခေါ် ချင်တဲ့လူကို ခေါ်ပြီး လိုက်ခဲ့ကွာ"လို့ လာခေါ် တယ်။

ကျွန်တော်လည်း ပဲခူး (----) တီးဝိုင်းက အောင်သန်းနဲ့ မှောင်ခို

လုပ်တုန်းက အပေါင်းအသင်း ကျော်ဝေကိုခေါ်ပြီး မနက်ပိုင်း ခုနစ်နာရီမှာ ဝီလီဂျစ်အဖြူလေးနဲ့ အုန္နဲ့ဘုရားပွဲကို ထွက်လာကြတယ်။ အုန္နဲ့ဘုရားပွဲ ဆိုပေမယ့် ပွဲလမ်းသဘင် မရှိပါဘူး။ လှေပြိုင်ပွဲနဲ့ (၇) ရွာ အကအခုန် လောက်ပဲ ရှိကြတယ်။ လှေပြိုင်ပွဲကတော့ အကြီးအကျယ်ပဲ။အုန္နဲ့ဘုရားက ရေပတ်လည် ဝိုင်းနေတယ်။ ခမဲပြင်ဘိုးဘိုးကြီးဆိုရင် ရန်ကုန်၊ မန္တလေးနဲ့ အခြားမြို့များက စီးပွားရေးသမားတွေ နှစ်စဉ်နှစ်တိုင်း လာကြတယ်။ ခမဲပြင်ဘိုးဘိုးကြီးဆီမှာ လိုရာဆုကို တောင်းကြတယ်။ ရေဘယ်လောက် ကြီးကြီး ခမဲပြင်ဘိုးဘိုးကြီးကို ရေမကျော်နိုင်ဘူး။ ဘုရားပတ်ဝန်းကျင် ရေပြင်ထဲမှာ တချို့က မော်တော် အပျော်စီးကြတယ်။ တချို့က ရေထဲမှာ ကြာရိုး၊ နွယ်မြက်ရိုင်းပင်တွေကိုလုံးပြီး တစ်ဖက်နဲ့တစ်ဖက် ပေါက်ကစား ကြတယ်။ တချို့ကလည်း မော်တော်ချင်း လှေချင်း ကပ်မိရင် ဦးတဲ့သူက လှေတို့ မော်တော်တို့ကို မှောက်ပစ်တတ်ကြတယ်။ စိတ်မဆိုးရဘူး။ အုန္နဲ့ ဘုရားပွဲက တန်းခူးလ သင်္ကြန်ပျော်သလို ပျော်ရပြီး ဝါဆိုလပြည့်နေ့က စတယ်။

ရေထုပ်ပေါက်တမ်း ကစားခြင်းနဲ့ မော်တော်မှောက်၊ လှေမှောက် ကစားခြင်းကို ကြမ်းကြမ်းတမ်းတမ်း ကစားကြတယ်။ ကျွန်တော်တို့လည်း လှေပြိုင်ပွဲ လုပ်နေကြတာ ကြည့်ကောင်းကောင်းနဲ့ ကြည့်နေကြတယ်။ လှေပြိုင်မယ့်သူတွေ၊ အနီးပတ်ဝန်းကျင်မှာ ငွေထုပ်ပိုက်ပြီး လောင်းကြေး ခေါ်နေကြတဲ့လူတွေ ပေါင်းကူးတံတားပေါ်မှာ ရှုပ်ယှက်ခတ်နေကြတယ်။ ခါးပိုက်နှိုက်၊ ဆွဲကြိုးဖြတ်တွေလည်း မကြာခဏ အသံချဲ့စက်နဲ့ အော်ပြီး သတိပေးနေတယ်။ ဒီလောက် သတိပေးနေတဲ့ကြားထဲ ဆွဲကြိုးဖြတ်ခံရတဲ့ လူ၊ ခါးပိုက်နှိုက်ခံရတဲ့လူတွေကလည်း မနည်းဘူး။

ပြိုင်ပွဲဝင်ကြမယ့် လှေနှစ်စင်းကိုကြည့်ပြီး အောင်ရတနာနဲ့ ကြယ်တံခွန်ဘေးနားမှာ လောင်းနေကြတာက ထောင်နဲ့သောင်းနဲ့ ချီနေကြ တယ်။ စိန်မြင့်နဲ့ ကျွန်တော်က တစ်ယောက်ကို ငွေ (၂၀၀) စုပြီး ကြယ် တံခွန်ဘက်က လောင်းလိုက်ကြတယ်။ ပထမပွဲ ကြယ်တံခွန် ရှုံးသွားတော့ နောက်ထပ် လောင်းဖို့ ငွေက နည်းနေတယ်။ စိန်မြင့်က မလောင်းတော့ ဘူးဆိုပြီး ရှောင်လိုက်တယ်။ ဝယ်တုန်းက နာရီ (၁၆၀၀) ကို ကျွန်တော်





(၁၅၀၀) နဲ့ အပြတ်လောင်းဖို့ စိန်ခေါ်လိုက်တယ်။ မကြာပါဘူး။ လူကြီး နှစ်ယောက် ကျွန်တော့်နားလာပြီး နာရီကို ကြည့်ကြတယ်။ ပြီးတော့ "မင်း နာရီက တန်ပါတယ်။ ဒါပေမယ့် တို့မှာ ငွေတစ်ထောင်ပဲ ပါတယ်။ တစ် ထောင်နဲ့ ချလိုက်မလား၊ ပြန်ရွေးချင်လည်း ပြန်ရွေးပေါ့"လို့ ကျိန်းသေ တွက်ပြီး ကျွန်တော့်ကို စိန်ခေါ်လိုက်တယ်။ နောက်ထပ် လှေနှစ်စင်းပြိုင် ဖို့ကလည်း အဆင်သင့်ဖြစ်နေကြတော့ "ချဗျာ"လို့ ပြောလိုက်တယ်။

နောက်ထပ် ပြိုင်ကြမယ့် လှေနှစ်စင်းကတော့ ကျွဲရိုင်းနဲ့ ဆင်ဖြူတော်။ ကျွန်တော့်ကို ရွေးခိုင်းတော့ ကျွန်တော်က ဆင်ဖြူတော်ကို ရွေးလိုက် တယ်။ လှေစထွက်ဖို့ သေနတ်ဖောက်သံ ကြားရတယ်။ ပေါင်းကူးတံတား ပေါ်မှာ အော်ဟစ်သံတွေနဲ့ ဆူညံနေတယ်။ "ကျွဲရိုင်း၊ ဆင်ဖြူတော် . . ကွ" နဲ့ ညာသံပေး အော်ဟစ်နေကြတယ်။ ကျွဲရိုင်းက စထွက်ထွက်ချင်း ရှေ့ကို ကျော်တက်တယ်။ "ဆင်ဖြူတော်ကွ ဆင်ဖြူတော်ကွ"ဆိုတဲ့ အသံတွေ ချက်ချင်း ကျယ်လောင်လာတယ်။ ပန်းဝင်တော့ ကျွဲရိုင်း ရှုံးသွားတယ်။ ကျွန်တော် ငွေတစ်ထောင် ရလိုက်တယ်။ ရှုံးသွားတဲ့ လူကြီးနှစ်ယောက်က အရက်ဖိုးပြန်တောင်းနေလို့ ငွေငါးဆယ် ပြန်ပေးလိုက်တယ်။ ကျန်ငွေကို ဂျင်းဂျက်ကက်အတွင်းထဲထည့်ပြီး ပေါင်းကူးတံတားထိပ်က အရက်ဆိုင် ဘက်ကို ခြေဦးလှည့်လိုက်တယ်။

ပဲခူးမြို့ပေါ်မှာတောင် ရှာလို့ မတွေ့တဲ့ အရက်တွေ အုန္နဲ့မှာ အကုန် ရတယ်။ နိုင်ငံခြားဖြစ်၊ ပြည်တွင်းဖြစ် အရက်တွေအပြင် တောအရက်တွေ ဆိုတာ လမ်းရိုးတစ်လျှောက်မှာ ပေါမှပေါ။ အမြည်းဆိုင်၊ ခေါက်ဆွဲဆိုင်၊ ထမင်းဆိုင် ဆိုတာလည်း ပြည့်နေတယ်။ ကျွန်တော်တို့ လူအုပ်လည်း အရက်ဆိုင်နဲ့ ခေါက်ဆွဲဆိုင်ထဲ ဝင်ပြီး ခေါက်ဆွဲကြော်၊ ဘဲကင်၊ ဝက်အူ ချောင်း၊ အသားကင်၊ အခေါက်ကင် မှာကြတာနဲ့ စားပွဲတစ်လုံး ပြည့်သွား တယ်။ အရက်ကလည်း မြို့အရက်အပြင် တောအရက်ပါ ပါတယ်။ အမြည်းရအောင် တစ်လုံးနှစ်လုံး မှာကြတယ်။

ကျွန်တော်တို့စားပွဲ တစ်ဖက်က စားပွဲမှာ ကျွန်တော်တို့လို ဘောင်းဘီ ပွတွေနဲ့ လူငယ်လေးငါးယောက် အရက်သောက်နေကြတယ်။ ကျွန်တော် တို့က ခုနစ်ယောက်။ ဒီလူတွေကို ပဲခူးမှာ မတွေ့ဖူးဘူး။ တောကတော့

မဖြစ်နိုင်လို့ ရန်ကုန်ကလာတဲ့ ဘဲတွေဖြစ်မယ်လို့ အကဲခတ်မိတယ်။ နိုင်ထားတဲ့ ငွေတွေနဲ့ စားလိုက် သောက်လိုက် ကြိတ်လိုက်ကြတာ လူခုနစ်ယောက် အရက်ခြောက်လုံး ကုန်သွားတယ်။ အဲဒီအချိန်မှာ တံတားဘက်က အမျိုးသမီးတစ်အုပ် ဆိုင်ထဲ ခေါက်ဆွဲလာမှာနေတာကို စိန်မြင့်နဲ့ သန်းအောင်တို့က ကြည့်ပြီး နောက်လိုက်ကြတယ်။ အမျိုးသမီးက ဘာပြန်ပြောလိုက်တယ် မသိဘူး။ စိန်မြင့်က စားပွဲကို လက်သီးနဲ့ ထုလိုက်တော့ တစ်ဖက်က စားသောက်နေတဲ့ လမ်းသရဲလူတစ်စုက "မင်းတို့ တယ်မိုက်ရိုင်းပါလား။ ဒီဘက်မှာ စားသောက်နေတဲ့လူတွေ ရှိတယ်ကွ" ဆိုပြီး မတ်တတ် ထရပ်လိုက်ကြတယ်။ ကျွန်တော်တို့ကို လိုက်ပို့တဲ့ ကားသမားက ဝင်ပြီး တောင်းပန်တယ်။ ဒါပေမယ့် မကျေနပ်တဲ့ပုံစံတွေနဲ့ အရက်ပုလင်းတွေကို ကိုင်ထားကြတယ်။ ကျွန်တော်တို့ဘက်က လူခုနစ်ယောက်မှာ လေးယောက်ပဲ ခေါင်းထောင်နိုင်ကြတော့ ကျန်လူတွေက စားပွဲပေါ်မှာ ပုလင်းရော လူပါ လဲနေကြပြီ။

လမ်းသရဲဘက်က ဘဲတစ်ပွေဟာ ရုပ်ရှင်ဆန်ဆန် အရက်ပုလင်းကို စားပွဲစောင်းနဲ့ ရိုက်ခွဲလိုက်တယ်။ ခေါင်းပိုင်းကနေ ထိုးထိုးထောင်ထောင် ပုလင်းကိုကိုင်ပြီး "မိုက်တဲ့အကောင်တွေ ထွက်ခဲ့ကွ" ဆိုပြီး စိန်ခေါ်နေတယ်။ ရုတ်ရုတ်သဲသဲ ဖြစ်သွားတော့ ကျွန်တော်တို့အဖွဲ့က မူးနေတဲ့ အကောင်တွေလည်း အမူးတွေ ဘယ်ရောက်မှန်းမသိဘဲ အားလုံး မျက်စိပွင့်လာကြတယ်။ ဆိုင်ရှင်ကလည်း အနားမကပ်ရဲ ခပ်လှမ်းလှမ်းကပဲ ရန်မဖြစ်ကြဖို့ တောင်းပန် ပြောနေတယ်။ မိန်းမပျိုအုပ်လည်း ဘယ်ရောက်သွားမှန်း မသိဘူး။

ကျွန်တော်တို့ထဲက လက်မြန်ခြေမြန်ရှိတဲ့ မြင့်ဝေက အရက်ပုလင်းနဲ့ လှမ်းပေါက်လိုက်တယ်။ ဟိုဘက်က လူတစ်ယောက်ရဲ့ ပခုံးစွန်းကို ထိသွားတယ်။ စိန်မြင့်ကို ကျန်တစ်ယောက်က အရက်ပုလင်း ထက်ပိုင်းကျိုးနဲ့ လှမ်းထိုးတယ်။ စိန်မြင့် အနောက်ကို လှည့်ရှောင်ရင်း လဲကျသွားတယ်။ အရက်ပုလင်းပြတ် ကိုင်ထားတဲ့လူလည်း အရှိန်နဲ့ သန်းအောင်အနားရောက်သွားတော့ သန်းအောင်က ခွေးခြေထိုင်ခုံနဲ့ ခြေသလုံးကို လွှဲရိုက်လိုက်တယ်။ ကျန်လူတွေလည်း နီးစပ်ရာ ပန်းကန်တွေ၊ ရေအိုးတွေ၊





ထိုင်ခုံတွေနဲ့၊ တစ်ယောက်က လှမ်းထိုးတာ အရှောင်မြန်လို့ လွတ်သွားတယ်။ ဒါပေမယ့် နောက်တစ်ယောက်က ဝင်လုံးလာတော့ ချုပ်မိပြီးသားဖြစ်သွားတယ်။ အဲဒီအချိန်မှာ သန်းအောင်က အုတ်ခဲပိုင်းနဲ့ ချုပ်ထားတဲ့ အကောင်ရဲ့ ခေါင်းကို ထုချလိုက်တယ်။ သွေးတွေဆို မြင်မကောင်းဘူး။ ကျန်လူတွေ ဘယ်ရောက်ကုန်ကြမှန်း မသိဘူး။ဆိုင်ထဲမှာ ကျွန်တော်ရယ်၊ သန်းအောင်ရယ်၊ စိန်မြင့်ရယ် သုံးယောက်ပဲ တွေ့ရတော့တယ်။

ခေါက်ဆွဲဆိုင် အပြင်ဘက်မှာ ဝိုင်းအုံနေကြတဲ့ လူအုပ်ထဲထိုးဖောက်ပြီး ကောင်စီနဲ့ ရဲတွေ ဝင်လာကြတယ်။ ကျွန်တော်တို့ကို ယာယီ လုံခြုံရေးစခန်းကို ခေါ်လာတယ်။ ဟိုတစ်ဖက်က ကောင်တွေကိုလည်း ဘယ်လိုဘက်က မိလာကြတယ်မသိ။ ကျွန်တော်တို့လူတွေနဲ့ တစ်ပါတည်း ခေါ်လာကြတယ်။ကျွန်တော်တို့ ကားသမားကိုတော့ သူတို့ခေါ်လာတဲ့ထဲ မတွေ့ဘူး။ လုံခြုံရေးစခန်းက စိန်မြင့်အသိ အောင်ကျော်ဦးနဲ့ ဒုလုံခြုံရေးမှူးတို့က စိန်မြင့်ကို သိနေကြတော့ နှစ်ဦးနှစ်ဖက် ကျေကျေနပ်နပ် ဖြစ်အောင် ညှိနှိုင်းတယ်။ တစ်ယောက်ကိုတစ်ယောက် လက်ဆွဲနှုတ်ဆက်ပြီး တောင်းပန်ခိုင်းကြတယ်။ အားလုံး ပြေအေးသွားတော့ ကျွန်တော်တို့ အားလုံး ကားရှိရာဘက်ကို ပြန်လာကြတယ်။ စိန်မြင့်က သူ့သူငယ်ချင်း ဒုလုံခြုံရေးမှူးနဲ့ စကားပြော ကျန်ခဲ့တယ်။ စိန်မြင့် ပြန်လာမှ သိရတာ သူ့သူငယ်ချင်း ဒုလုံခြုံရေးမှူးက ခရမ်းက ဆိုတာ ပြောပြတယ်။

ကျွန်တော် ပဲခူးအိမ် ပြန်ရောက်တော့ ညီဖြစ်သူ တင်မြင့် အိမ်မှာ မရှိတော့ကြောင်း၊ ကျွန်တော် အပ်ထားတဲ့ ငွေတွေကိုလည်း ခိုးယူသွားကြောင်း သိရပါတယ်။ မိဘတွေက စိတ်ပူကြတော့ ရဲစခန်းကို အကြောင်းကြားလိုက်၊ နတ်မေးလိုက်၊ ဗေဒင်မေးလိုက်နဲ့ ယောက်ယက်ခတ်နေကြတယ်။ ကျွန်တော် စုံစမ်းကြည့်တော့ ဝေါဘက်က မိန်းမတစ်ယောက်နဲ့ မပျောက်ခင် တစ်ရက်က ရုပ်ရှင်ရုံရှေ့မှာ တွေ့မိလို့ မြင်လိုက်တဲ့ သူငယ်ချင်းတွေက ပြောတယ်။ အမေက စိုးရိမ်နေပေမယ့် ကျွန်တော်ကတော့ ဒီကောင် မိန်းမနောက် လိုက်သွားပြီဆိုတာ တွက်ပြီးသားပဲ။ အဲဒါကြောင့်လည်း နေပစေ၊ အလွန်ကြာရင် နှစ်လ သုံးလပေါ့လို့ အမေ အဖေတို့ကို ဖျောင်းဖျပြီး လွှတ်ထားလိုက်တယ်။

တစ်ပူပေါ် နှစ်ပူဆင့်ဆိုတာ ဒါမျိုးပဲ ထင်တယ်။ အစ်ကိုလှမြင့်ဆီက စာရောက်လာတယ်။တာချီလိတ် မိုင်းဖြတ်ကတစ်ဆင့် ပြင်ဦးလွင်စစ်ဆေးရုံမှာ အူအတက်ပေါက်လို့ ရောက်နေကြောင်း၊ အမေဖြစ်ဖြစ် ကျွန်တော်နဲ့ အဖေဖြစ်ဖြစ် လာခဲ့ကြဖို့ မှာလိုက်တဲ့စာ ရောက်လာတယ်။ အမေက ကျွန်တော့်ကို သွားစေချင်တယ်။ ဒါပေမယ့် အစ်ကိုနဲ့ ကျွန်တော်က ငယ်ငယ်ကပင် သိပ်မတည့်တော့ အမေနဲ့ ညီမတို့ကိုပဲ မန္တလေးရထားနဲ့ တင်ပြီး လွှတ်လိုက်ရတယ်။ ကျွန်တော်လည်း အမေနဲ့ ညီမကို ပို့ပြီး အစ်မအိမ်ကို ထွက်လာတယ်။

ကျွန်တော် အစ်မအိမ် ရောက်ပြီး တစ်နာရီလောက် အကြာမှာ တီးဝိုင်းက သန်းအောင် ရောက်လာတယ်။ အုန္နဲဘုရားပွဲအကြောင်းကို နှစ်ယောက်သား ပြန်ပြီး စားမြုံ့ပြန်ကြရင်း သန်းအောင်က သူတို့ တီးဝိုင်းကို ဆေးရုံကြီးလမ်းက မင်္ဂလာဧည့်ခံပွဲတစ်ခုအတွက် ငှားထားတယ်။ "လာမယ့် တနင်္ဂနွေနေ့ မင်းအားရင် လာခဲ့ကွာ။ငါစောင့်နေမယ်" ပြောပြီး ပြန်သွားတယ်။ ခုနေအိမ်မှာက လူမမည် ညီတစ်ယောက်၊ အဖေနဲ့ ညီမတစ်ယောက်ပဲ ရှိတော့ အိမ်ပြန်ဦးမယ်လို့ ခြံထဲအဆင်းမှာ ကြည်ကြည်လှနဲ့ ဆုံမိလိုက်ကြတယ်။ ဘယ်ပျောက်နေလဲ။ ဘယ်က မိန်းမချောတွေဆီ ရောက်နေလဲ ဘာညာနဲ့ ကျွန်တော့်ကို ခနဲ့တယ်။ ကျွန်တော်က "ဟုတ်တယ် ခုလည်း မိန်းမချောတစ်ယောက်ရှေ့ ရောက်နေတယ်"ဆိုတော့ ရှက်ပြုံးပြုံးပြီး အစ်မတို့အိမ်ပေါ် တက်သွားတယ်။

အိမ်ကိုရောက်သွားတော့ သနပ်ပင်ရဲ့ တစ်ဖက်ကမ်း သံဒင်းရွာနား (---) ရွာက ကျောင်းနေဖက် သူငယ်ချင်း ဝင်းမြင့် ရောက်နေတာ တွေ့ရတယ်။ ကျွန်တော့်ကို စောင့်တာ အတော်လေးတောင် ကြာသွားပြီ ပြောတယ်။ ဝင်းမြင့်နဲ့ ရှေ့ဟောင်းနှောင်းဖြစ်တွေကို ထိုင်ပြောနေကြတယ်။ သူက ဘဲမွေးကြောင်း၊ ငါးကန်လည်း တူးထားကြောင်း၊ နှစ်ဦးစပ်တူ လုပ်ချင်ကြောင်း၊ ငါးကန်က တစ်နှစ်ကို သုံးခါ ပက်ရကြောင်း၊ တစ်နှစ်ဆို အရင်းကျေကြောင်း၊ ငါးကန်က အရင်း သုံးထောင်လောက် လိုကြောင်း ပြောပြီး မွေးမြူရေးလုပ်ငန်း အခြေအနေကို ရှင်းပြတယ်။ ကျွန်တော်လည်း ခိုးဝှက် လုယက်လို့ရတဲ့ငွေကို အကြောင်းပြုလည်း ကောင်းအောင် ငါး





မွေးမြူရေး လုပ်ထားလိုက်ရင် မဆိုးဘူးထင်ပြီး ဝင်းမြင့်နောက်ကို မြင့်ဝေကိုပါ ခေါ်ပြီး လိုက်သွားတယ်။

ဝင်းမြင့်တို့ အိမ်သားတွေနဲ့ကတော့ အရင်လည်း နွေရာသီကျောင်းပိတ်ရက်တွေမှာ ရောက်ဖူးထားလို့ ရင်းနှီးပြီးသား ဖြစ်တယ်။ သူတို့ရွာက အိမ်ခြေနှစ်ရာကျော်လောက် ရှိတယ်။ အနီးအနားရွာက သံဒင်း၊ လှျာပကာစ်၊ လှဇင်းမောင်၊ အုန္နဲ၊ စစ်ဘိုကြီး ဆိုတာရှိတယ်။ ကွင်းတွေ အကျယ်ကြီးဆိုတော့ ကျွန်တော် သဘောကျတယ်။ တောဓလေ့စရိုက်အတိုင်း ဝင်းမြင့်တို့အိမ်မှာ ထမင်းတစ်နပ်ပဲ စားခဲ့ရတယ်။ ဟိုအိမ်ဒီအိမ်က ကျွေးကြတာနဲ့ကို လက်မလည်ဘူး။ ကျွန်တော် ဝင်းမြင့်တို့ရွာမှာ သုံးလေးရက်ပဲ နေခဲ့ပြီး ပဲခူးကို ပြန်လာတယ်။ နောက်တစ်ခေါက် ငွေရေးကြေးရေး အခြေအနေကိုကြည့်ပြီး မကြာခင် ပြန်လာခဲ့မယ်လို့လည်း ဝင်းမြင့်ကို မှာထားခဲ့တယ်။

ပဲခူးကို ပြန်ရောက်ပြီး နောက်တစ်နေ့မှာ သန်းအောင်တို့ တီးဝိုင်းနဲ့ ဆေးရုံကြီးလမ်းဟောင်းက မင်္ဂလာဆောင်ကို လိုက်ပါလာခဲ့တယ်။ သတို့သားနဲ့ သတို့သမီးတို့က ဆရာဝန်နဲ့ အင်ဂျင်နီယာ ဆိုတော့ အရမ်းစည်တယ်။ သူတို့ တီးဝိုင်းထဲမှာ ကျွန်တော်က ဘာမှ ဝင်မခေါက်တတ်ပေမယ့် ကွန်ဒွေမပျက် ဆရာကြီးလိုလို ဘာလိုလို အမူအရာမျိုးနဲ့ ထိုင်ကြည့်နေတယ်။ တီးဝိုင်းမျက်စောင်းထိုးက အမျိုးသမီးအုပ်စုဆီ အကြည့်ရောက်သွားတော့ ခင်အေးသူနဲ့ သိပ်တူတဲ့ အမျိုးသမီးတစ်ယောက်ကို မြင်လိုက်တယ်။ အဲဒါကြောင့် ကျွန်တော် မျက်တောင် မခတ်မိဘဲ အတော်ကြာကြာ ငေးကြည့်နေမိတယ်။ မျက်လုံးချင်း အကြည့်ချင်း တစ်ချက်ဆုံမိတော့ သူက မျက်လွှာချသွားတယ်။

ရင်ထဲ အလွမ်းအဆွေးတွေ ချက်ချင်း ဝင်လာတယ်။ အေးအေးချမ်းချမ်းနဲ့ ခင်အေးသူတို့အိမ်မှာ နေခဲ့ရတာတွေကို သတိရမိလိုက်တယ်။ ရင်ထဲ ဘယ်လိုမှ မကောင်းတော့ဘူး။ ဆံပင်နဲ့ အပြင်အဆင်တွေသာ ခြားပေမယ့် ကျွန်တော့်မျက်စိထဲ ခင်အေးသူနဲ့ တစ်ပုံစံတည်းလားလို့ ထင်လာတယ်။ ရင်ထဲ အရမ်းခံစားနေရတယ်။ သမီးလေးကိုလည်း မျက်စိထဲ မြင်လာမိတယ်။ ကျွန်တော် မနေနိုင်တော့ဘူး။ တီးဝိုင်းက ပေးထားတဲ့

အရက်တစ်ခွက်ကို မော့ချလိုက်ပြီး အမျိုးသမီးတွေ ထိုင်နေတဲ့ စားပွဲဆီ သွားမယ်လုပ်တော့ သန်းအောင်က "ဘယ်လဲကွ"တဲ့။

"ဟိုက အင်္ကျီ ပန်းနုရောင်လေး ဝတ်ထားတဲ့ အမျိုးသမီးကို နာမည် သိချင်တယ် သွားမေးမလို့" ဆိုတော့ "ဒုက္ခပါပဲ၊ အဲဒါ မင်း ငါ့ကို အရင် ပြောပါဦးလားကွ။ သူ့အစ်ကိုက ဒီတီးဝိုင်းခေါင်းဆောင် မြတ်ထက်ကွ၊ အဲဒါကြောင့် နေရာပေးထားတာကိုလည်း ကြည့်ပါဦးလားဟ။ နာမည် တော့ ငါ့ပါးစပ်ဖျားထဲတင်ကွာ"လို့ တီးတိုးပြောပြီး ခေါင်းကုတ်နေတုန်း "ခင်အေးသူ မဟုတ်ဘူးလား" ဆိုတော့ "ဟာ-အဲဒီနာမည်မျိုး တစ်လုံးမှ မပါပါဘူး။ ဘာလဲ မင်း အဆက်နဲ့ တူလို့လား"တဲ့။ "မတူပါဘူး ငါ မျက်စိ ကျလို့ပါ"ဆိုတော့ "ပြဿနာ မလုပ်ပါနဲ့ကွာ ငါ တောင်းပန်ပါတယ်။ မင်း နာမည် သိချင်ရင် နောက်တော့ ငါပြောမယ်။ခု ငါ နည်းနည်းများတော့ ခေါင်းထဲ ထွေနေလို့ သတိမရတာပါ။ သည်းခံပါကွာ၊ ငါ့မျက်နှာတော့ ဒီပွဲမှာ မဖျက်လိုက်ပါနဲ့"လို့ စကားရှည်နေတော့ ကျွန်တော်က "စိတ်ချ"လို့ ပြောပြီး ထလာခဲ့တယ်။

ပရိသတ်တွေက တီးဝိုင်းအဆိုကျော်တွေ သီချင်းသံကို ခံစားနေကြရ တော့ ဘာမှ သိလိုက်ကြမှာ မဟုတ်ပေမယ့် ပွဲခင်းပြင်ရောက်တော့ ကျွန် တော် မျက်ရည်ကျမိတယ်။ ခင်အေးသူတို့ သားအမိကို ဘယ်လို လွမ်းမှန်း ကို မသိလောက်အောင် လွမ်းနေမိတယ်။

တီးဝိုင်းသီချင်းကလည်း စိုင်းထီးဆိုင်ရဲ့. . .

*'ချစ်တဲ့ ရှမ်းမောမြေမှ တောအလှနဲ့ အမြဲစိမ်းလမ်း စိုပြည်နေတဲ့ အကြောင်း၊ အပြေးကလေး ရောက်လာပါ နန်းရေ'* ဆိုတဲ့ အသံတွေ တဖြည်းဖြည်း ကျွန်တော့်နောက်မှာ ဝေးကျန်ခဲ့တယ်။ ဝေဒနာအပြည့်ကို ရင်မှာ တမြည့်မြည့် ခံစားရင်း စိတ်တွေက ခင်အေးသူတို့ သားအမိနှစ် ယောက်ဆီ ရောက်နေမိတယ်။ ဒီတစ်သက် သမီးလေးကို တွေ့ရဦးမလား လို့ လမ်းမှာ ငိုလာမိတယ်။

အိမ်ပေါ် လှမ်းတက်လိုက်တာနဲ့ "ဟော့ကောင် ကျော်ကြီး မင်း ဘယ်က ပြန်လာလဲ၊ ရှူးကလည်း အပြည့်ပါလား၊ ငါ စောင့်နေတာ ကြာပြီ" ဆိုတဲ့ စိန်မြင့်အသံကို ဆီးကြားရတယ်။ တစ်ခုခု အကြောင်းထူးပြီလို့





စိတ်ထင့်သွားတာနဲ့ လွတ်လွတ်လပ်လပ် ပြောလို့ရအောင် ခြံထဲက ကွပ် ပျစ်ပေါ် ခေါ်လာပြီး နှစ်ယောက်သား ထိုင်လိုက်ကြတယ်။

"ကိစ္စ"

"ငါလာတဲ့ ကိစ္စ နောက်မှ ပြောမယ်ကွာ။ မင်း အခု ဘယ်လိုဖြစ်လာ လဲ၊ ဘယ်သူနဲ့ ဖြစ်လာလဲ၊ မင်းမျက်နှာကို မြင်ကတည်းက ငါသိပါတယ် ပြော"

စိန်မြင့်က ကျွန်တော့်မျက်နှာကို စေ့စေ့ကြည့် မေးနေတယ်။

"ဘယ်သူနဲ့မှတော့ မဖြစ်ပါဘူးကွာ၊ ဒါပေမယ့် လူတိုင်းမှာ ခံစား ချက် ဆိုတာတွေတော့ ရှိကြတာချည်းပဲ မဟုတ်လား။ ငါ့မှာလည်း ခံစား ချက်နဲ့ပဲပေါ့"

"ဟား . . . ဟား . . . ငါထင်သားပဲ၊ ဟော့ကောင် ဒီမှာ ငါပြောမယ်။ မင်းရင်ထဲက ခံစားချက်တွေ သိပ်များနေရင် မပေါက်ကွဲခင် ကြည်နူးစရာ ပျော်ရွှင်စရာတွေနဲ့ ဖြေဖျောက်ပစ်လိုက်ရတယ်ကွ။ မင်းဆီ ငါ အခုလာ တာ ဟိုအပတ်က တို့ချိန်းထားလိုက်တဲ့ အမျိုးသမီးတွေ ဒီနေ့ပဲ လာကြ လိမ့်မယ်။ အဲဒါကြောင့် မင်းကို လာခေါ်တာ"

"ငါ မလိုက်ချင်ဘူးကွာ၊ မင်းပဲ သွားလိုက်ပါ"

"ဟာ ဘယ်ဖြစ်မလဲ ဟိုက နှစ်ယောက်၊ ငါက တစ်ယောက်တည်း နောက်ပြီး မင်းကောင်မလေးကလည်း မင်းကို ကြည်နေတာကွ၊ လိုက်ခဲ့ ပါကွာ သူငယ်ချင်းရာ"

စိတ်ညစ်နေတာမို့ စိန်မြင့်နောက် လိုက်လာခဲ့တယ်။ ရုပ်ရှင်အတူ ကြည့်ကြ၊ ဘုရားပေါ် အတူရောက်ကြ၊ စားသောက်ဆိုင်တွေ အတူဝင်ကြ ပေမယ့် ကျွန်တော် စိတ်မပါတော့ဘူး။ အဲဒါကြောင့် အလုပ်နဲ့ အစ်ကို ပြင်ဦးလွင်မှာ ဆေးရုံတက်နေရတဲ့အကြောင်း ပြောပြပြီး လမ်းခွဲလာတယ်။ အိမ်ရောက်တော့ အရက်တစ်လုံး အမြည်းလည်း ဝယ်ပြီး ခင်အေးသူတို့ သားအမိအကြောင်းကိုတွေး ဆွေးနေမိတယ်။

နောက် သုံးလေးရက် အကြာမှာ အေးလှိုင်၊ အောင်ထွန်းနဲ့ စိန်မြင့် တို့ ကျွန်တော့်အိမ် ရောက်လာကြတယ်။ အမှန်က သူတို့ ကျွန်တော့်ကို လာခေါ်ကြတာ။ ဘုရားကြီးမှာ အခြေအနေကောင်းတယ်။ တရုတ် စွိစွန်

လည်း ထောနေကြောင်း၊ ဆရာကြီး ဦးမြမောင်လည်း ယခု အိမ်မှာ မရှိကြောင်း၊ သူညီမ အပျိုကြီးတွေပဲ အိမ်မှာ ရှိသဖြင့် လုပ်ကွက် အလွန်ခွင်ကျနေကြောင်း ဘုရားကြီးသား အေးလှိုင်က အသေးစိတ် ရှင်းပြတယ်။

"ဒီည လုပ်နိုင်ရင် ပိုကောင်းမယ်"လို့လည်း အောင်ထွန်းက ပြောပါတယ်။ "အေး၊ ဒါဆို မိုးကလည်း အုံ့နေတော့ ဒီည လုပ်မယ်ဗျာ၊ ခင်ဗျားတို့နှစ်ယောက် အရင်ပြန်နှင့်ကြ၊ ကျွန်တော်တို့နှစ်ယောက် ဘုရားကြီးအနောက်ဘက် သံလမ်းနားက သချိုင်းဇရပ်ကို ညဆယ်နာရီအရောက်လာခဲ့မယ်"လို့ ယတိပြတ် မှာလိုက်တယ်။

အေးလှိုင်နဲ့ အောင်ထွန်းကြီးတို့ ပြန်သွားကြတော့ စိန်မြင့်နဲ့ကျွန်တော်တို့က ယူစရာရှိတာယူ၊ ပြင်စရာရှိတဲ့ ဘီထွင်းကိရိယာတွေကို ပြန်ပြင်ပြီး ညနေ လေးနာရီလောက်မှာ ကုန်ကားနဲ့ ဘုရားကြီးကို လိုက်လာခဲ့ကြတယ်။ အချိန်စောသေးတာနဲ့ ရုပ်ရှင်လက်မှတ် နှစ်စောင်ဝယ်ပြီး လက်ဖက်ရည်ဝင်သောက်နေကြတယ်။ ရုပ်ရှင်ကြည့်ပြီး ဘုရားကြီးသံလမ်းဘေးနားမှာရှိတဲ့ သချိုင်းထဲက ဇရပ်ပျက်ဆီ ရောက်လာကြတယ်။

မိုးက သဲသဲမဲမဲတော့ မရွာဘူး။ ကောင်းကင်တစ်ခုလုံးကတော့ မည်းမှောင်နေတယ်။ ကျွန်တော်တို့က အေးလှိုင်နဲ့ အောင်ထွန်းတို့ကို မျှော်နေတယ်။ မကြာခင် နှီးကြောခမောက်ဆောင်းပြီး အောင်ထွန်း ရောက်လာတယ်။ အေးလှိုင်ကို မေးကြည့်တော့ "သူ့သား နေမကောင်းလို့ ကျန်ခဲ့တယ်။ ကလေး အခြေအနေကောင်းရင် လိုက်လာမယ်"လို့ မှာလိုက်ကြောင်း ပြောတယ်။

ကျွန်တော်တို့ သုံးယောက် ဇရပ်ပေါ်မှာ ည (၁၁) နာရီထိ အေးလှိုင်ကို စောင့်ကြတယ်။ အလုပ်အတွက် အကွက်ချပြီးတဲ့အထိ အေးလှိုင်ပေါ်မလာတာနဲ့ တရုတ်စွိစွန်အိမ်ကို လာကြတယ်။ တရုတ် စွိစွန်အိမ်နဲ့ ကပ်လျက် သံလမ်းဘေး ကုက္ကိုပင်ကြီးအနီးကနေ ခြံဝင်းကို အကဲခတ်ကြည့်လိုက်ကြတယ်။ လျှပ်စစ်မီး တထိန်ထိန်က ကျွန်တော်တို့ ကြည့်ကွက်ကို အားဖြည့်ပေးထားသလိုပဲ။ ကုက္ကိုပင်ကနေ ခြံနားက ရေမြောင်း၊ ရေမြောင်းကနေ သံဆူးကြိုးကိုဖြတ်၊ ဝင်းခြံဘေးက အခြေအနေကို ကြည့်တော့ ဝင်ပေါက်မှာ မီးလုံးတစ်လုံးရှိနေတာ တွေ့တာနဲ့ မီးလုံးကို ဦးဆုံး





ရိုက်ခွဲချလိုက်ရတယ်။ ခြံတံခါးကိုလည်း သော့ခတ်ထားတာနဲ့ လက်စွဲတော် ကလအော်ကို အသုံးချပြီး စွန့်စွန့်စားစား အိမ်ထဲကိုဝင်လာကြတယ်။

အိမ်ထဲမှာ အခန်းသုံးခန်းကတော့ သော့ခတ်ထားတာ တွေ့ရတယ်။ ကျန်နှစ်ခန်းကတော့ သော့ခတ်မသွားဘူး။ သော့ခတ်မထားတဲ့ အခန်းတစ်ခန်းထဲမှာ ဘက်အိတ်၊ အိပ်ရာလိပ်၊ ဖဲထုပ်၊ ကက်ထုပ်၊ ပိုက်ကြူးထုပ်နဲ့ ရေဒီယိုနှစ်လုံးကို တွေ့ရတယ်။ သော့ခတ်ထားတဲ့အခန်းကို သော့ဖွင့်ပြီးဝင်လိုက်ကြတယ်။ လက်နှိပ်ဓာတ်မီးသေးတစ်လက်၊ အကြီးတစ်လက်ဆိုတော့ မြင်ကွင်းက ကောင်းတယ်။ ပထမဦးဆုံး ခုတင်အောက်က သေတ္တာနှစ်လုံး၊ ခုတင်ခြေရင်းက မှန်ဗီရို တစ်လုံးကို ဖွင့်ကြည့်ကြတယ်။ ငွေဆိုလို့ ခြူးတစ်ပြားမှ မတွေ့ဘူး။ ဗီရိုအောက်ဆုံး ကျွန်းသေတ္တာတစ်လုံးထဲမှာ ဓာတ်ပြားဖွင့်ကိရိယာနဲ့ ဓာတ်ပြား တစ်ထပ်ကြီးကို တွေ့ရတယ်။ ကျန်တာက အဝတ်အစားတွေနဲ့ တိုလီမိုလီတွေပဲ တွေ့ရတယ်။ဗီရိုနဲ့ ခုတင်ကြားမှာ မြေစိုက်မီးခံသေတ္တာကြီးတစ်လုံး ရှိတယ်။ နှစ်ယောက်သား မ,ကြည့်တာ နည်းနည်းမှ မရွေ့ဘူး။ အောက်ပိုင်း အင်္ဂတေကို ကလအော်နဲ့ ဖဲ့ပြီး တွန်းလိုက် မ,လိုက် လုပ်ကြည့်ကြတယ်။ ဒါလည်း လှုပ်တောင် မလှုပ်ဘူး။ နှစ်ယောက်သား ချွေးတွေပဲ ပြန်နေကြတယ်။

အပြင်မှာ မိုးရော၊ လေပါ တဝုန်းဝုန်းချနေတော့ ရဲရဲဝံ့ဝံ့ပဲ လုပ်နေကြတယ်။ မီးခံသေတ္တာကို ဘယ်လိုမှ လုပ်မရတော့ အခြား တစ်ခန်းကို ဖွင့်ကြတယ်။ မီးခံသေတ္တာတွေထွင်းတဲ့ ကလအော်သွင်းပြီး ထမ်းကြည့်ကြတယ်။ ဒါလည်း မရဘူး။ မီးခံသေတ္တာ အတွင်းပေါက်ကို နည်းအမျိုးမျိုးနဲ့ ကလိကြတယ်။ ဘယ်လိုမှ ဖွင့်မရဘူး။ အတွင်းခတ်သော့နဲ့ ခတ်ထားတာမို့ ကျွန်တော်တို့ အခက်တွေ့နေရတယ်။ မီးခံသေတ္တာရှိကြောင်းကိုတော့ ကြိုတင် မပြောဘဲ ဖဲဝိုင်း၊ ကက်ဝိုင်း၊ ဘိန်းခန်းတွေ စီမံချက်ရှိလို့ ပိတ်ထားတာကိုပဲ ပြောရမလားလို့ အေးလှိုင်နဲ့ အောင်ထွန်းတို့ကို ကျွန်တော် စိတ်တိုနေမိတယ်။ တကယ်လို့ မီးခံသေတ္တာ ရှိတယ်ဆိုရင် မာစတာကီးတွေအတွက် ငရဲမီးတို့ အက်ဆစ်တို့ အသင့်ပါလာမှာ။ ' ခုတော့ နှစ်ယောက်သား ဘယ်လိုမှ မရတာနဲ့ မောမောနဲ့ လက်မှိုင်ချရမလို ဖြစ်နေကြတယ်။

စိန်မြင့်က လက်နှိပ်ဓာတ်မီးကိုယူပြီး အိပ်ရာခင်းနဲ့ ခေါင်းအုံးတွေကို လှန်လှော်ရှာနေတယ်။ "ဘာလုပ်တာလဲကွ"ဆိုတော့ "သော့လေး ဘာလေးများ တွေ့မလား"လို့ ဆိုပြီး ပြန်ပြောတယ်။ ကျွန်တော်လည်း စိန်မြင့်နည်းတူ အိပ်ရာခုတင်ဘေးနားတွေကို စမ်းရှာကြည့်နေမိတယ်။ စိန်မြင့်က "ခုတင်ဘေးမှာ ဘာလဲမသိဘူး"ဆိုတာနဲ့ ခုတင်ကို ဆွဲမလိုက်တယ်။ လက်နဲ့ ပုတ်ကြည့်လိုက်တော့ တဘုတ်ဘုတ် မြည်နေလို့ စိန်မြင့်က "ဟေ့ကောင် အသံထွက်တယ်။ မလုပ်ပါနဲ့"ပြောပြီး အနားကို ရောက်လာတယ်။ လက်နဲ့ နှိုက်ထိုး စမ်းကြည့်လိုက်တော့ ဥသျှစ်သီးနီးနီးခန့် မည်းမည်းအလုံးတွေကို ပလတ်စတစ်နဲ့ ထုပ်ထားတာ တွေ့ရတယ်။စိန်မြင့်က ယူပြီး ပလတ်စတစ်ကို ခွာကြည့်တယ်။ နမ်းလည်း နမ်းကြည့်တယ်။ "ဟာ- ဘိန်းတွေကွ"တဲ့။

ကျွန်တော် နောက်ထပ်နှစ်လုံးကို နှိုက်ယူလိုက်ပြန်တယ်။ ခုတင်အံဝှက်ထဲက ဘိန်းရှစ်လုံး ရတယ်။ အဝတ်သေတ္တာထဲက အဝတ်ဟောင်းတွေကို ရွေးယူပြီး ဓာတ်ပြားသေတ္တာ၊ ရေဒီယိုနှစ်လုံးနဲ့ ဘိန်းထည့်ထားတဲ့ ဂုန်နီအိတ်ကိုဆွဲပြီး ထွက်လာခဲ့ကြတယ်။ အပြင်ရောက်တော့ အောင်ထွန်းကို ခေါ်လိုက်တယ်။ အောင်ထွန်း ဝက်ခြံနားက ပေါ်လာလို့ သူ့ကို ဓာတ်ပြားသေတ္တာကို ထမ်းခိုင်းလိုက်တယ်။ ရထားသံလမ်းကနေ သချိုင်းထဲက ဇရပ်ပျက်ကို ပြန်လာကြတယ်။ ဘိန်းလုံးနဲ့ သေတ္တာ၊ ရေဒီယိုတို့ကို ဝှက်ကြတယ်။

ဒါနဲ့ ဒီညက ကျွန်တော်တို့ခရီးက မဆုံးသေးဘူး။ ဆရာကြီးအိမ်နဲ့ နောက်နှစ်အိမ် ကျန်သေးတယ်။ အဲဒီအိမ်တွေကိုလည်း ဒီညတစ်ခါတည်း လုပ်နိုင်မှ နို့မို့ရင် တရုတ်စိုစွန်အိမ်က သတင်း မိုးလင်းရင် ပေါက်ကြားပြီး နောက်နေ့တွေမှာ လုပ်လို့ မရတော့ဘူး။ အဲဒါကြောင့် မိုးရွာကြီး အောင်ထွန်းကို လမ်းပြအဖြစ် ရှေ့က သွားခိုင်းပြီး ဆရာကြီးခြံထဲ ရောက်လာကြတယ်။ အောင်ထွန်းကို ကျွဲတဲကနေ အပြင် အခြေအနေကို ကြည့်ခိုင်းထားတယ်။အခြေအနေ မကောင်းရင် ကျွဲတဲတိုင်ကို တုတ်နဲ့ သုံးချက် ခပ်ခြားခြား ခေါက်ပြီး အသံပေးဖို့လည်း မှာထားခဲ့တယ်။

ဆရာကြီးအိမ်က အောက်မှာ ရေနံသုတ်ထားတဲ့ လှေနှစ်စင်း၊ ပုတ်တောင်းကြီးတွေ၊ ရာဝင်အိုးတွေကို စင်လုပ်ပြီး အစီအရီ တင်ထားတယ်။





ခြေတံရှည်အိမ်က ခုနစ်ပေလောက် မြင့်နေတော့ အိမ်ရဲ့ ချို့ယွင်းချက်ကို အတော်လေး ရှာရတယ်။ နောက်ဆုံး မျောတိုင်တစ်ချောင်းကို ပြတင်းပေါက်တည့်တည့်မှာ ထောင်ပြီး အောက်က ရေတိုင်ကီတစ်လုံးကို မျောတိုင်ကပ် မှီထားလိုက်တယ်။ စိန်မြင့်က အရပ်မြင့်တော့ ပြတင်းပေါက်မီးရောင်ကနေ အိမ်ထဲကို ကြည့်ခိုင်းရတယ်။စိန်မြင့်က ပထမ တိုင်ကီပေါ်တက်၊ အဲဒီကမှတစ်ဆင့် မျောတိုင်ပေါ် ဖက်တက်ပြီး ပြတင်းပေါက်က ကြည့်တယ်။

ဆယ်မိနစ်တောင် မကြာပါဘူး။ စိန်မြင့် မျောတိုင်အတိုင်း လျှောဆင်းလာတယ်။ အခြေအနေ ကောင်းတယ်။ အခုတက်ကြည့်တဲ့ အခန်းထဲမှာ မိန်းမနှစ်ယောက်ကို စောင့်ကျန်ခဲ့တယ်။ လက်နှိပ်ဓာတ်မီးနဲ့ အခန်းထဲကို လျှောက်ကြည့်ရတယ်။ ကူဘိုတာစက်နှစ်လုံး၊ စက်ဘီးကလည်း နှစ်စီး စက်ခေါင်းနဲ့ စက်ခြေထောက် တခြားစီ ဖြုတ်ထားတဲ့ အပ်ချုပ်စက်နဲ့ စက်ပစ္စည်းတွေကို တွေ့ရတယ်။ အဖိုးတန်ပစ္စည်း မတွေ့တာနဲ့ တစ်ဖက်ခန်းကို ကူးလာခဲ့တယ်။

အပေါ် ထပ်တန်းကနေ ကျော်မလို့ အောက်ကို ငုံ့ကြည့်လိုက်တော့ စိန်မြင့်ကိုယ်လုံးက ခြင်ထောင် အပြင်ဘက်မှာ ခေါင်းက ခြင်ထောင်ထဲမှာ။ အောက်ကိုရောက်တော့ စိန်မြင့်ကို လက်တို့ပြီး "ဟေ့ကောင်လာ၊ ဟိုဘက်ခန်းကို သွားကြည့်ရအောင်"လို့ တီးတိုးပြောတော့၊ နေဦးကွ၊ "ဟို အပျိုကြီးတွေ လည်ပင်းမှာ ကျောက်စိမ်းဘယက်လား မသိဘူး၊ တဖျတ်ဖျတ်နဲ့ ငါကြည့်နေတာ ကြာပြီ"လို့ ပြောတယ်။

စိန်မြင့်ပြတဲ့နေရာကို ကျွန်တော် ခြင်ထောင်မပြီး သေသေချာချာ ကြည့်လိုက်တော့ ပက်လက်လှန် အိပ်နေတဲ့ အမျိုးသမီးလည်ပင်းမှာ တလက်လက်နဲ့ ကြိုးတစ်ကုံးကို တွေ့ရတယ်။ ကြိုးစကို အကျီအပြင်ဘက်ရောက်အောင် အသာမ,ဆွဲထုတ်ရတယ်။ဘယက်ခွက် အပြင်ဘက်ကိုရောက်အောင် လည်လာတဲ့အထိ ဆွဲမနေတော့ဘဲ လက်ညှိုးနဲ့ အသာမ,ပြီး သွပ်ညှပ်ကတ်ကြေးနဲ့ ညှပ်ယူလိုက်တယ်။ နောက်တစ်ယောက် အမျိုးသမီးလည်ပင်းမှာ အမ်စီကြိုးတစ်ကုံး ရှိတယ်။ ဖိပြီး အိပ်ပျော်နေတော့ လုပ်လို့မလွယ်ဘူး။ ပြီးတော့ သူအိပ်နေတဲ့မြင်ကွင်းက သူခိုးတောင် မျက်နှာ

ရှက်သွားတယ်။

အခန်းအပြင်ဘက်ကိုရောက်တော့ ကျယ်လောင်တဲ့ မိုးကြိုးပစ်ချလိုက်သံတစ်ချက်ကြောင့် အခန်းထဲက လှုပ်လှုပ်ရွရွ အသံတွေကို ကြားလိုက်ရတယ်။ နောက်ဖေးအိမ်သာတံခါးက အိမ်အောက်ကို ဆင်းလာကြတယ်။ ဆရာကြီးအိမ်နဲ့ ကပ်လျက်က အိမ်ကို ဆက်လုပ်ဖို့ အောင်ထွန်းကို ခေါ်လာခဲ့ကြတယ်။ခြံထောင့် ဂိုထောင်နားမှာ အောင်ထွန်းကို စောင့်ခိုင်းထားပြီး ခြံထဲကို ဝင်လာခဲ့ကြတယ်။ အိမ်နားကိုကပ်တော့ ခွေးတစ်ကောင်က ထိုးဟောင်တယ်။ ခွေးဟောင်တဲ့နေရာကိုကြည့်တော့ ကျွန်တော်တို့ကို မဟုတ်ဘူး၊ အောင်ထွန်းကြီးရှိရာကို ဟောင်နေပါတယ်။ စိန်မြင့်က ခြံနားက အုတ်ခဲကျိုးနဲ့ လှမ်းပေါက်လိုက်တော့ ခွေးကို ထိသွားတာနဲ့ တဂိန်ဂိန်အော်ပြီး အိမ်ရှေ့ ဆင်ဝင်အောက် ရောက်သွားတယ်။

ကျွန်တော်က အိမ်နောက်ဖေး ပြတင်းပေါက်ကို သံတူးရွင်း၊ ကလအော်နဲ့ ကလိနေတာကို စိန်မြင့်က လူရိပ်လူခြည် ကြည့်ပေးထားတယ်။ မိုးသံလေသံနဲ့အတူ ပတ္တာနဲ့ အင်္ဂတေကြားကို ခပ်ပြင်းပြင်း ဖွင့်လိုက်တယ်။ ပြတင်းပေါက် ပွင့်သွားလို့ အထဲကို ကြည့်လိုက်တော့ လျှပ်စစ်မီးလုံး ပြာပြာလေးတွေ ထွန်းထားတာကို တွေ့ရတယ်။ အိမ်အတွင်းခန်း ဖွဲ့စည်းပုံက တစ်ခြမ်းနဲ့ တစ်ခြမ်းကို အခိုင်အမာ ပိတ်ထားတယ်။ အတွင်းမှာ လူ ရှိမရှိကို မသိရဘူး။ အိမ်ရှေ့ခန်းက ခုတင်မှာတော့ အဘိုးကြီးတစ်ယောက်နဲ့ သူ့မြေးလို့ ထင်ရတဲ့ ကလေးလေးတစ်ယောက် အိပ်နေတာ တွေ့ရတယ်။ အခန်းတွေရဲ့ အရှေ့မှာ ဂမုန်းပင်နဲ့ ဗီရိုကြီးတစ်လုံး၊ နောက် အခန်းလွတ်တစ်ခုမှာက ပဲအိတ်၊ ဆန်အိတ်တွေကို အပြည့် ထည့်ထားတယ်။

နှစ်ယောက်သား ဧည့်ခန်းဗီရိုကို ဖွင့်ရှာတယ်။ မီးကြိုးနဲ့ သွယ်ထားတဲ့ ရေဒီယိုတစ်လုံး၊ အံဆွဲထဲက ငွေ(၃၀၀၀)ကျော်လောက်ရတယ်။ အိမ်အတွင်းခန်းတွေကို ဖွင့်မယ်လုပ်တော့ တိုင်ကပ်နာရီကြီးက တဒင်ဒင်သံချက် ထိုးလိုက်တဲ့အတွက် စိန်မြင့်က စက်ခေါင်းကို မ၊ ကျွန်တော်က ရေဒီယိုကြီးကို ဆွဲပြီး ဆင်းလာတယ်။ ခြံထောင့်ဂိုထောင်နားရောက်တော့ အောင်ထွန်းကြီးကို ဂိုဒေါင်မှီပြီး အိပ်ပျော်နေတာ တွေ့ရတယ်။ အောင်ထွန်းကိုနှိုးပြီး လာလမ်းအတိုင်း ပြန်လာခဲ့ကြတယ်။





သချိုင်းရောက်တော့ ဇရပ်အောက်က ပစ္စည်းတွေကို ဇရပ်ပေါ်တင်ပြီး ယူသင့် လှယ်သင့်တဲ့ ပစ္စည်းတွေကို လှယ်ပြီး ချောင်ကျတဲ့ ပဲခူးက စိန်မြင့်အိမ်ကို ကားတစ်တန် မြင်းလှည်းတစ်တန် စီးပြီး ရောက်လာကြတယ်။ လောလောဆယ် ချောင်ကျတဲ့ စိန်မြင့်အိမ်ကို အလုပ်စခန်းအဖြစ် သတ်မှတ်လိုက်ကြတယ်။ စိန်မြင့်အမေကလည်း ကျွန်တော်တို့ လှုပ်ရှားနေတာကို သိတယ်။ အဲဒါတွေလည်း အပြန်ပြန် အလှန်လှန် နားလည်သဘောပေါက်ထားကြတယ်။ အဲဒါကြောင့်လည်း ရောက်ရောက်ချင်း စိန်မြင့်အမေကို ငွေတစ်ရာပေးလိုက်ပြီး တစ်အိမ်သားလုံးအတွက် ကောင်းကောင်းချက်ဖို့ ပြောပြီး ဈေးဝယ်လွှတ်လိုက်တယ်။ အဲဒီတုန်းက ရွှေတစ်ကျပ်သားမှ ငါးရာဈေးရှိတော့ ငွေတစ်ရာဆို မနည်းဘူး။

ဘိန်းလုံးတွေ ထည့်ထားတဲ့ ဂုန်နီအိတ်ကို အပြင်ထုတ်ပြီး စစ်ကြည့်တယ်။ အောင်ထွန်းက ဘိန်းလုံးတွေ ဈေးကောင်းကြောင်း ပြောတယ်။ ဘုရားကြီး၊ ပြွန်တန်ဆာ၊ ညောင်လေးပင်ဘက်မှာ ပိုဈေးရကြောင်းတို့ကို ပြောတော့ ကျွန်တော့်ဦးလေး ကိုစိန်ကို သတိရတာနဲ့ ဘိန်းအရောင်းအဝယ်ကိစ္စကို ငါ တာဝန်ယူတယ်လို့ ကျွန်တော် ပြောလိုက်တယ်။ အဲဒီတော့ စိန်မြင့်က "ရောင်းတာလည်း ရောင်းတာပေါ့ကွာ၊ ဒါပေမယ့် ငါ နည်းနည်း မြည်းကြည့်လိုက်ဦးမယ်"ဆိုပြီး ဘိန်းတစ်လုံးကို အပေါ်က အုပ်ထားတဲ့ ပလတ်စတစ်ကို ခွာပြီး နမ်းကြည့်တယ်။ "ဘိန်းက တော်တော်ကောင်းတဲ့ အမျိုးအစားဖြစ်ရမယ်" ပြောပြီး ချက်ချင်း လက်ညှိုးနဲ့ ကော်ကာ မျိုချလိုက်တယ်။

မျက်နှာတစ်ခုလုံး ရှုံ့တွပြီး "ခါးလိုက်တာ"ပြောတော့ ဘိန်းစားဖူးတဲ့ အောင်ထွန်းကြီးက မျက်လုံးပြူး မျက်ဆန်ပြူးနဲ့ "ဟဲ့-မင်းဟာ များလိုက်တာ" လို့ ကမန်းကတန်းပြော ဟန့်လိုက်ပေမယ့် လက်မြန်ခြေမြန်ရှိတဲ့ စိန်မြင့်က မျိုချပြီးနေပြီဆိုတော့ ဘယ်လိုမှ တားမရလိုက်ဘူး။ ကျွန်တော်ကတော့ စီးကရက် တစ်လိပ်လောက်သောက်ရင်း ပက်လက်ကုလားထိုင်မှာ ခိုးရာပါပစ္စည်းတွေ ဝေစုခွဲဖို့ကိစ္စ စဉ်းစားနေတယ်။မကြာပါဘူး စိန်မြင့်တစ်ယောက် ရေထသောက်လိုက် အန်လိုက် ဖြစ်လာတော့တာပါပဲ။ ကျွန်တော်တို့က ဘာလုပ်ပေးရမှန်းမသိ ဖြစ်သွားကြတယ်။ အောင်ထွန်းက

တော့ စိန်မြင့်ကို ယပ်ခတ်ပေးလိုက်၊ နှိပ်လိုက် လုပ်ပေးနေတယ်။ မကြာခင် စိန်မြင့် သင်ဖျူးဖျာပေါ်မှာ အိပ်ပျော်သွားတယ်။

စိန်မြင့်အမေ ပြန်လာတော့ ပင်ပန်းလာလို့ သူ့သား အိပ်နေတယ်ထင်ပြီး မီးဖိုဆောင်ကို တန်းဝင်သွားတယ်။ ခဏအကြာမှာ စိန်မြင့် လှုပ်လှုပ်ရှရှ ဖြစ်လာပြီး အိမ်သာသွားချင်တယ် ပြောတော့ အောင်ထွန်းနဲ့ ကျွန်တော်က တွဲပို့ကြတယ်။ စိန်မြင့် ပျော့ခွေနေတာမြင်တော့ သူ့အမေက "ဘာဖြစ်လို့လဲ"တဲ့၊ "အဒေါ် ကိုလည်း ပြောကြပါဦး" မေးတာကို အောင်ထွန်းက "ဘာမှ မဖြစ်ပါဘူးအဒေါ်၊ ဝမ်းနုတ်ဆေးကို ဆီးယိုမှတ်ပြီး ညက မှားစားလာတဲ့ အရှိန်နဲ့ ဝမ်းနည်းနည်း သွားနေတာပါ"လို့ ပြန်ပြောလိုက်တယ်။ စိန်မြင့်အမေက အောင်ထွန်းကြီးစကားကို တကယ်ထင်ပြီး လုပ်စရာရှိတာ ဆက်လုပ်နေတယ်။

အိမ်သာမရောက်ခင် တံခါးဝနား အရောက်မှာ စိန်မြင့်က လုံချည်ထဲ ဝမ်းပါချတယ်။ လူလည်း အတော်နုံးနေပြီ။ စိန်မြင့် မရှုမလှ ခံစားနေရပေမယ့် ကျွန်တော်ကတော့ သံပရာသီးဖျော်တိုက်၊ သွေးဆေးတိုက် လုပ်ပြီး အိပ်ရာမှာ သိပ်ထားလိုက်တယ်။ ကျွန်တော်တို့ မနက်စာ စားပြီးကြတဲ့အထိ စိန်မြင့် အိပ်ရာက မထနိုင်သေးဘူး။ အဲဒါကြောင့် အောင်ထွန်းကို ပစ္စည်းတချို့ ရောင်းပြီးမှ ငွေလာယူဖို့ ပြောတော့ အောင်ထွန်းက လောလောဆယ် ငွေနှစ်ရာလောက် လိုနေတယ်။ မြင်းလှည်းအတွက်လည်း ပစ္စည်းတွေ ဝယ်ချင်တယ်ဆိုတာနဲ့ ရွှေမော်ဓောဘုရားထိ လိုက်ဝယ်ပေးတယ်။ အောင်ထွန်းက တစ်ဆက်တည်း ကျွန်တော့်မှာ "မြင်းတစ်ကောင်တည်းရှိတယ်။ ရှိတဲ့မြင်းကလည်း အိုနေပြီ။ အဲဒါကြောင့် နောက်ထပ် မြင်းကောင်းကောင်းတစ်ကောင် လိုချင်တယ်"လို့ ပြောပြန်တယ်။

"အေးကွာ ငါတာဝန်ယူတယ်။ အခု ပစ္စည်းတွေကို မနက်မိုးလင်းရင် ရန်ကုန်မှာ သွားရောင်းဖို့ အစီအစဉ် လုပ်ထားတယ်။မင်း မြင်းတစ်ကောင် တင်မကဘဲ ရချင်ရမှာပေါ့"လို့ ပြောလွှတ်လိုက်တယ်။

အိမ်ရောက်တော့ စိန်မြင့် တအီအီနဲ့ လူးလိုက်လှိမ့်လိုက် လုပ်နေတာကို တွေ့ရတယ်။ "မင်း ဗိုက်ထဲမှာ အစာမရှိလို့ ဖြစ်တာ။ ငါနဲ့ ထမင်းအတူ ဝင်စားကွာ" ပြောပြီး ထမင်း မရမက ကျွေးရတယ်။ ထမင်းနည်း





နည်းပဲ စားပြီး စိန်မြင့် ပြန်အိပ်သွားတယ်။ကျွန်တော်လည်း မနက် ရန်ကုန်သွားဖို့ ပန်းလှိုင်က ဂျစ်ကားတစ်စီးကို စရန်ငွေ (၁၀၀) ပေးပြီး ငှားထားခဲ့တယ်။ စိန်မြင့်အိမ်ကို ပြန်လာပြီး "မင်း ဘယ့်နှယ်နေလဲ"လို့ မေးတော့ "နည်းနည်း သက်သာသွားပါပြီ"ပြောလို့ "မနက် ရန်ကုန်သွားဖို့ အဆင်သင့် လုပ်ထားပါ" ပြောပြီး အိမ်ပြန်လာခဲ့တယ်။

အိမ်မှာ ခဏနားပြီး ဘိန်းရောင်းဖို့ ဦးလေးရှိရာကို ထွက်လာခဲ့တယ်။ ဦးလေးကို အဆင်သင့် တွေ့ရတော့ အကျိုးအကြောင်း ပြောပြီး နမူနာ ယူလာတဲ့ ဘိန်းလုံးကို ပြကြည့်တယ်။ ဦးလေးက သေသေချာချာကြည့်ပြီး "ဘိန်းအကောင်းစားပဲကွ၊ ခုပေါက်ဈေးနဲ့ဆို နှစ်ရာလောက်ရှိတယ်။ အခြားသွားမရောင်းနဲ့တော့ ငါ့ကို ရောင်း၊ လိုချင်လို့ မှာထားတဲ့ ငါ့လူတွေရှိတယ်"ဆိုတော့ (၆၀၀) နဲ့ပဲ အရောင်းအဝယ် တည့်သွားတယ်။ စိန်မြင့်အိမ်မှာ ရှိတဲ့ ဘိန်းကို ယူဖို့လာတော့ စိန်မြင့်လည်း ရေချိုးပြီးစ လန်းလန်းဆန်းဆန်း ဖြစ်နေတာ တွေ့ရတယ်။ ဘိန်းက ချက်ချင်း ရောင်းရတော့ စိန်မြင့်လည်း ပိုပြီး လန်းဆန်းသွားတယ်။

နောက်တစ်နေ့ ရန်ကုန် (၂၈) လမ်းကို မွန်းမတည့်ခင် ရောက်လာလာကြတယ်။ ပါလာတဲ့ ပစ္စည်းကို ဖောက်သည်ဆိုင်မှာ ဈေးနှုန်းဖြတ်ပြီး ငွေတစ်ထောင်ကို အရင်ယူလာခဲ့တယ်။ နှစ်နာရီခွဲကို ပပဝင်းရုံမှာ ရုပ်ရှင်ဝင်ကြည့်ကြပြီး ပီကင်းဟိုတယ်မှာ စားသောက်ကြတယ်။ ဝယ်စရာတွေကိုဝယ်ပြီး အိမ်အတွက် ပြည့်စုံတော့ ဗိုလ်ချုပ်ဈေးနောက်ဘက်တန်းက ဆံပင်တုတစ်ခုလည်း ဝင်ဝယ်ကြတယ်။ ကျောက်စိမ်းဘယက်နဲ့ ရွှေတိုရွှေစ တချို့ကိုတော့ ပဲခူးက ရောင်းနေကျ ဆိုင်မှာပဲ ရောင်းကြမယ်လို့ နှစ်ယောက်သား တိုင်ပင်ပြီး ပဲခူးကို ပြန်လာခဲ့ကြတယ်။

စိန်မြင့်အိမ်ကိုရောက်တော့ ပစ္စည်းရောင်းရသမျှငွေတွေကို စာရင်းလုပ်ပြီး ဝေစုခွဲကြတယ်။ ထွန်းအောင်ကြီးအတွက် မြင်းတစ်ကောင်ဝယ်ဖို့ ငွေသုံးထောင်ဖယ်ထားလိုက်တယ်။ အေးလှိုင်ကိုလည်း အနည်းအကျဉ်းပေးရမှာကို နောက်မှ သတိရလို့ တစ်ယောက် ငါးရာထပ်ထည့်ထားလိုက်ကြတယ်။ ပြီးတော့မှ တစ်ခါ ကျောက်စိမ်းဘယက်ကိုရောင်းဖို့ ဦး(--) တိုက်ကို ထွက်လာကြတယ်။ တိုက်တိုက်ဆိုင်ဆိုင် ကျွန်တော်တို့ ဦး (--)

တိုက်ကို ရောက်တော့ ငိုတဲ့လူက ငို၊ မှိုင်တဲ့လူကမှိုင်နဲ့ ဖြစ်နေကြတာ တွေ့ရတယ်။

ဦး(--)က ကျွန်တော့်ကို ဧည့်ခန်းမှာ ထိုင်ခိုင်းပြီး "ဦးအဖြစ်ကတော့ ပြောရမှာတောင် ရှက်စရာပဲ မောင်ကျော်မြင့်ရာ"လို့ ပဏ္ဏာမချီတယ်။ "ဘယ်လိုဖြစ်လို့လဲ ဦး" ဆိုတော့ "မနေ့က ငါ့သားနဲ့ငါ ရွှေဆိုင်ထိုင်ပြီး သတင်းစာဖတ်နေကြတုန်း တစ်ခါမှ မမြင်ဘူးတဲ့ တရားခံတစ်ယောက်၊ စခန်းမှူးနဲ့ ရဲတပ်သားနှစ်ယောက် ဆိုင်ရှေ့ကို ရောက်လာကြတယ်။ ဦး ဆိုင်ရှေ့ ရောက်တော့ ရဲတပ်သားနဲ့ စခန်းမှူးက ပါးနားရိုက်ပြီး မင်း ရွှေရောင်းတဲ့ဆိုင် သေသေချာချာ ပြစမ်းဆိုတော့ လက်ထိတ်တန်းလန်းနဲ့ တရားခံက ထစ်ထစ်ငေါ့ငေါ့နဲ့ ငါ့ရွှေဆိုင်ကို လက်ညှိုးထိုးပြတယ်။ ဒီဆိုင်မှာ ကျွန်တော် ရောင်းခဲ့ပါတယ်တဲ့။ ဦးက ရုတ်တရက် ကြောင်သွားတယ်၊ ပြီးမှ ဟော့ကောင် သေသေချာချာစဉ်းစားပြီးမှပြော၊ မင်း ဆိုင်မှားနေပြီ ဆိုတော့ မမှားပါဘူး ဒီဆိုင်မှာ ရောင်းတာပါ၊ ဦးလေးကတောင် ရွှေဈေး ကျနေပြီ အထည်ပျက်ဈေး (၁၄၀၀)ပဲ ပေးမယ်။ ရွှေလည်း နည်းနည်းညံ့ တယ်ဆိုပြီး ဦးလေး ယူသွားတာ မမှတ်မိယောင် မဆောင်ပါနဲ့၊ အဲဒီ ရွှေတွေက ကျွန်တော် ဖောက်ထွင်းခိုးယူလို့ ရလာတဲ့ရွှေပါ၊ ပြန်ပေးပါဗျာ ဆိုတော့ ဦးနဲ့ စကားများကြတယ်။ အဲဒါနဲ့ စခန်းမှူးက 'ကဲ-ခင်ဗျားတို့ ကားပေါ်တက်၊ ရဲစခန်းကို ခဏတော့ လိုက်ခဲ့ကြ'ဆိုပြီး ရွှေဆိုင်က ရွှေတွေကို အဝတ်နဲ့ ထည့်ထုပ်ပြီး ဦးကိုယ်တိုင် ယူလာခိုင်းတယ်။ ဦးသားကိုတော့ နေခဲ့ဆိုပြီး ရွှေဆိုင်မှာ ထားခဲ့တယ်။

ကားပေါ်ရောက်တော့ ရဲစခန်းဘက်ကို မမောင်းဘဲ ဘုရားသုံးဆူဘက်ကို မောင်းလာတယ်။ ဦးလည်း အဲဒီထိ သဘောမပေါက်ဘူး။ 'ကျွန်တော့်ကို ဘယ်ခေါ်သွားမှာလဲ'လို့ မေးလိုက်တော့ သူတို့က ဝိုင်းဟားကြတယ်။ နောက်ကို လှည့်ကြည့်တော့ လက်ထိတ်ခတ်ထားတဲ့ တရားခံက လက်ထိတ် မရှိတော့ဘူး။ ဦးကိုလည်း လှောင်ကြည့်ကြည့်နေတယ်။ ဦးလည်း အဲဒီအခါမှ ဦးကို တစ်ပတ်ရိုက်ပြီး ရွှေကို ယူချင်လို့ဆိုတာ သိလိုက်ရတယ်။ ဒါပေမယ့် နောက်ကျသွားပြီလေ။ ဘုရားသုံးဆူနဲ့ တာဝကြားမှာ ဦးကို ကြိုးတုပ် ပါးစပ်ကို အဝတ်နဲ့ပိတ်ပြီး ကားလမ်းနဲ့ တစ်ခေါ်





လောက်ဝေးတဲ့ သစ်ပင်တစ်ပင်မှာ ကပ်ချည်ထားခဲ့ကြတယ်။ ကံကောင်းလို့ ညနေစောင်းမှာ သစ်ခုတ်သမားတွေနဲ့ တွေ့လို့ အိမ်ပြန်ရောက်လာတာ။

ဦးသားနဲ့ ဦးဇနီးက စခန်းကို လိုက်သွားတော့ သူတို့ ရဲစခန်းကို စစ်ကြည့်ကြတယ်။ လက်မောင်းတံဆိပ်က ဟသ်ာတံဆိပ်ဆိုတော့ ပဲခူးတိုင်းတံဆိပ်ဖြစ်တဲ့အတွက် အမှတ် (၁)၊ အမှတ် (၂)၊ ဘုရင့်နောင်ရဲစခန်းတွေကို ဖုန်းဆက်မေးပြီး ဦးရောက်သလားလို့ မေးကြရတယ်တဲ့။ ဘာမှမထူးခြားတော့ ဦးနိုင်ဝင်းလည်း တော်တော် ဦးနှောက်ခြောက်နေတယ်လို့ တရုတ်ကြီးကပြောပြတော့ ကျွန်တော်လည်း တော်တော် အံ့ဩသွားတယ်။ အတော့်ကို အတင့်ရဲတဲ့အကောင်တွေပါလားလို့လည်း တွေးမိလိုက်တယ်။ ငိုသံ ရှိုက်သံတွေက ခုထိ အိမ်ထဲက ကြားနေရတုန်းဆိုတော့ ကျွန်တော်လည်း အရောင်းအဝယ်ကိစ္စကို ဆက်မပြောဖြစ်ခဲ့ဘဲ ပြန်ခေါက်လာရတယ်။

အိမ်ကိုရောက်တော့ ရွှေတိုရွှေစနဲ့ ကျောက်ပါတဲ့ ရွှေတွေကို ကျောက်တွေခွာထုတ်ပြီး တစ်ဝက်စီ ခွဲယူလိုက်ကြတယ်။ အဲဒီနေ့မှာပဲ အမေနဲ့ ညီမက ပြင်ဦးလွင် စစ်ဆေးရုံက ပြန်ရောက်လာကြတယ်။ အစ်ကို သက်သာနေကောင်းသွားပြီဆိုတာ အမေက ပြောပြတယ်။ နို့စားနွားနှစ်ကောင်ရောင်းဖို့ သတင်းရထားလို့ အမေ့ကို စကားဖြတ်ပြီး နွားကြည့် ထွက်လာခဲ့တယ်။ ဥသာရပ်ကွက်ထဲရောက်တော့ မဒန်းမတစ်ကောင်ကို (၃၅၀၀) နဲ့ ဝယ်တယ်။ နောက် ဆိတ်အထီးအမတစ်စုံနဲ့ ဘဲအကောင် ငါးဆယ်ကိုလည်း ကျွန်တော် ဝယ်မွေးထားလိုက်တယ်။ မွေးမြူရေးကိစ္စ အားလုံးကို ညီ၊ ညီမတွေကို တာဝန်ခွဲဝေယူခိုင်းရတယ်။ ကျွန်တော်ကတော့ မှောင်ခိုအလုပ် ဆက်လုပ်ရဦးမယ်လို့ အမေ့ကို ပြောတော့ အမေ အဖေတို့က လည်း ကျေနပ်ကြတယ်။

တစ်နေ့မှာ စိန်မြင့်နဲ့ ခေါက်ဆွဲစက်က မောင်ဖြူတို့ စက်ဘီးတစ်ယောက်တစ်စီးနဲ့ ကျွန်တော့်ဆီ ရောက်လာကြတယ်။ လိပ်ပြာကန်က (---)တိုက်အပေါ်ထပ်မှာ ချိန်းဝိုင်းရှိတယ်။ ဉာဏ်သမားမပါဘူး၊ အေးအေးဆေးဆေးကစားကြမယ်၊ တစ်ခါတလေ အပျင်းပြေပေါ့ကွာလို့ စိန်မြင့်ခေါ်တာနဲ့ လိုက်လာခဲ့တယ်။ တိုက်ပေါ်မှာ ယမကာ၊ စီးကရက်၊ ကွမ်းယာနဲ့အတူ

မိန်းမလိုချင်ရင်လည်း ရတယ်။ ကျွန်တော်တို့ ရောက်သွားတော့ ဝိုင်းက သုံးဝိုင်းတောင် ရှိနေပြီ။ ကျွန်တော်တို့လည်း တစ်ဝိုင်းဖွဲ့လိုက်ကြတယ်။ အကောက်က (၁၀၀) ကို (၁၀)၊ (၁၀၀၀) ကို (၁၀၀) တဲ့၊ ကြေးကြီးရင် သီးခြားကောက်တာလည်း ရှိသေးတယ်။ အမိက အကောက်အရဆုံးက တော့ ပိုက်ကြူးဝိုင်းပဲ။ အဲဒီရက်ပိုင်း အတွင်းမှာ ညောင်ဝိုင်း၊ ပန်းလှိုင်၊ ဘုရား သုံးဆူ ရှိသမျှဝိုင်းတွေလိုလို ကျွန်တော်တို့ ရောက်ဖြစ်ကြတယ်။ အခြေအနေကတော့ ရှုံးလိုက်မြတ်လိုက် နဲ့သမားပါးစပ် ဖြစ်နေတယ်။

တစ်နေ့ ဒေါက်တာကြည်သိန်းအိမ်က ရလာတဲ့ ကက်ဆက်ကို ပုဇွန် တောင်မှာ သွားရောင်းပြီး အိမ်ပြန်လာတော့ ကျွန်တော့်အိမ် သူခိုးခံရ ကြောင်း ညီ၊ ညီမတွေနဲ့ အမေက ပြောပြကြတယ်။ ကျွန်တော် ရန်ကုန်မှာ တစ်ညပဲ အိပ်ခဲ့တယ်။"ငါမရှိတုန်း အိမ်ကို ဘယ်သူလာသွားလဲ"မေးကြည့် တော့ "အစ်ကို ရန်ကုန်ထွက်သွားပြီး နေ့လယ်လောက်မှာ ဗလကောင်း ကောင်း၊ ပုပု၊ လက်မှာ အရုပ်တွေနဲ့ လူတစ်ယောက် အစ်ကို့ကို လာမေးသွား တယ်"လို့ ညီမငယ်က ပြောတယ်။ ကျွန်တော် သိလိုက်ပြီ။ လှထွန်းပဲ ဖြစ်မယ်။ ဒုက္ခရောက်လာတယ်ဆိုလို့ အိမ်မှာ ခေါ်ကျွေးဖူးတယ်။ ပစ္စည်း ကတော့ မများပါဘူး။ မိသားစုအဝတ်နဲ့ ရေဒီယိုတစ်လုံးပဲ ပါသွားတယ်။ ကျွန်တော်လည်း ပဲခူးတစ်မြို့လုံးမှာ ခွေးကောင် ကျေးဇူးကန်းကို ရှာကြည့် သေးတယ်။ မတွေ့ဘူး။ ဒီကောင်လည်း ဘယ်လိုမှ မကြံ့တတ်လို့သာ လုပ်သွားပုံရတယ်။ ကျွန်တော့်ကို ကြောက်လည်းကြောက်တဲ့ အကောင် ပါပဲ။

တစ်နေ့ ဖဲရှုံးထားတော့ ဘုရားကြီးဘက် ဝင်္ဘောရွာကို ထွက်လာခဲ့ တယ်။ ဒေါက်တာကြည်သိန်းအိမ်က ရထားတဲ့ ဆေးတွေကိုယူပြီး ရန်ကုန် မှာ သွားရောင်းဖို့ ရည်ရွယ်ချက်နဲ့ပါပဲ။ ကျွန်တော် အောင်ထွန်းကြီးအိမ် ကို တိုက်ရိုက်လာခဲ့တာပဲ ကံကောင်းတယ်လို့ မှတ်လိုက်ရတယ်။ အေးလှိုင် ကို ဘုရားကြီး ရဲစခန်းက ဖဲဝိုင်းမှာ လာဖမ်းသွားတယ်။ ဆရာဝန်ကြီး အိမ်ကယူလာတဲ့ မောင်းပြန်ခေါက်ထီးကိုလည်း သူ့ဆီက သိမ်းသွားတယ်၊ ငွေအတော်များများ သူ့ဆီက မိတယ်။ မဖမ်းခင် နှစ်လလောက်က မော် တော်ဆိပ်မှာ ပလိုင်းကြီးတစ်လုံးနဲ့တွေ့လို့ ကျွန်တော်က အကြော်ဆိုင် မှာတောင် စကားထိုင်ပြောခဲ့ကြသေးတယ်။ သူ အပေါ့သွားနေတုန်း ပလိုင်း ထဲက ငါးခြောက်တွေကို ဖယ်ကြည့်တော့ ဆေးပုလင်း၊ ဆေးဘူးတွေကို တွေ့လိုက်ရသေးတယ်။ အခု အဖမ်းခံရတယ်ဆိုတော့ မတော်တဆ ဖော် လိုက်ရင် အကုန် ဒုက္ခရောက်ကုန်မယ်။ လောလောဆယ် ရှောင်နေတာပဲ ကောင်းမယ်လို့ အောင်ထွန်းကြီးက ပြောတော့ အေးလှိုင်ညီမအိမ် မဝင်ရဲ တော့ဘဲ ခြေဦးက ပဲခူးနဲ့ နီးရာ မော်တော်ဆိပ်ကိုပဲ သုတ်ခြေတင်လာမိခဲ့ တယ်။





ပဲခူးရောက်တော့ စိန်မြင့်အိမ်ကို အရင်သွားတယ်။ စိန်မြင့် မရှိဘူး။ ဘုရားသွားတယ်လို့ သူ့ညီမက ပြောတာနဲ့ ရွှေမော်ဓောဘုရားကို လိုက် လာတယ်။ ရွှေမော်ဓော တောင်ဘက်မုခ်ကနေ ဘုရားကစ်ပတ် လှည့် ရှာတာ မတွေ့တာနဲ့ ဘုရားအနောက်မုခ်ကနေ ပြန်ဆင်းပြီး တို့ခေတ် လက်ဖက်ရည်ဆိုင်မှာထိုင်ရင်း စိန်မြင့်ကို ကြည့်နေတယ်။ တစ်နာရီလောက် အကြာမှာ စိန်မြင့်က မိန်းမနှစ်ယောက်နဲ့ ရယ်လို့မောလို့။ ဝတ်ထားလိုက် တာကလည်း နိုင်ငံခြားက ပြန်လာတာကျနေတာပဲ။ အပေါ်ကုတ်အကျီနဲ့၊ ဘောင်းဘီနဲ့၊ သူ့ရှူးဖိနပ်ကို အမျိုးသမီးငယ်ငယ် တစ်ယောက်က ကိုင်လို့ ဘုရားပေါ်က ဆင်းလာကြတယ်။

ကျွန်တော်က ချက်ချင်း စိန်မြင့်အနားသွားပြီး နှစ်ယောက်ချင်း စကားပြောလို့ရအောင် အယောင်ပြလိုက်တယ်။ စိန်မြင့်အနားရောက်လာ တော့ "ဟေ့ကောင် မင်းကို မင်း ဘာများ အောက်မေ့နေသလဲ၊ ခု ငါ ဘုရားကြီးက ပြန်လာတာ။ အေးလှိုင်ကို ဖမ်းသွားပြီ။ သက်သေခံပစ္စည်း တွေလည်း သိမ်းသွားတယ်ဆိုတာ ငါ သတင်းအတိအကျ ရလာခဲ့ပြီ၊ မင်း က ဒီအဝတ်တွေဝတ်ပြီး လပ်လျှားလပ်လျှား လျှောက်သွားမနေနဲ့ ဒုက္ခ ရောက်တော့မှာပဲ" ပြောတော့ "ဟာကွာ ဒီအဝတ်တွေက လူတစ်ရာ ဝါးတစ်ရာ ဝတ်နေကြတာပါကွာ"တဲ့။

"အေး မင်း ဝတ်ချင်ဝတ်၊ နေချင်သလိုနေ၊ တစ်ခုခုဖြစ်လာရင် ကိုယ့်ဘာသာ ကိုယ်ခံနော်၊ ငါ့ကိုတော့ ဆွဲမထည့်နဲ့"

ကျွန်တော် ဒေါသဖြစ်ဖြစ်နဲ့ အော်လိုက်တော့မှ စိန်မြင့် မျက်လုံးပြူး ပါးစပ်ဟသွားတယ်။ အမှန်တကယ်တော့ ခု စိန်မြင့်ဝတ်ထားတာကလည်း

နိုးလို့ရလာတဲ့အဝတ်လို့ စွပ်စွဲဖို့ အတော်စဉ်းစားရမှာပါ။ သူ့ကိုယ်နဲ့ တိုင်းချုပ်ထားသလားထင်ရလောက်အောင်ကို စမတ်ကျနေတယ်။ ဒါပေမယ့် ကျွန်တော်က ခေါင်းဆောင်ဆိုတော့ ပိုပြီး စိုးရိမ်ကြီးလို့ ပြောထားခဲ့ရတယ်။ဘုရားကြီးနယ်တစ်ဝိုက်က ရလာတဲ့ ပစ္စည်းတွေကို ဖျောက်သင့်တာဖျောက်၊ သိမ်းဆည်းသင့်တာကို သိမ်းဆည်းပြီး ကျွန်တော် အိမ် သိပ်မကပ်ရဲဘူး။ မဇင်းက အစ်မအိမ်နဲ့ ထပ်ခနိမ်ရွာက ကျောင်းနေဖက်သူငယ်ချင်းဆီ သွားလိုက်နဲ့ ဖြစ်ပေါ်လာမယ့် အခြေအနေတွေကို စောင့်ကြည့် သတင်းနားထောင်နေရတယ်။

တစ်နေ့ ကျွန်တော် ကြည့်ရှုကျွေးမွေးဖူးတဲ့ သူငယ်ချင်း သန်းဝင်း၊ ယမ်းဘီလူး ဘဝင်းတို့နဲ့အတူ သာစည်ဘက်ကို ထွက်လာကြတယ်။ သန်းဝင်းက မိန်းမရနေပြီး အစုန်အဆန် အရောင်းအဝယ် လုပ်နေတယ်။ ယမ်းဘီလူးကလည်း သန်းဝင်းလို ဆန်နဲ့ ရာဘာ အရောင်းအဝယ် လုပ်နေတယ်။ ဒီခရီးမှာ ကျွန်တော်ကတော့ လူပိုသက်သက်လိုပါပဲ။ ဒါပေမယ့် ဒီကောင်နှစ်ကောင်က အရင် အလုပ်သဘောအရ အစ်ကိုတစ်ယောက်လို ဆရာသမားလို ခင်ကြတယ်။ သန်းဝင်းကို ကျွန်တော်တို့ မိန်းမခိုးပေး၊ အိမ်ငှားပေး၊ ခြင်ထောင်၊ စောင်၊ ဖျာ၊ အိုးခွက်ပန်းကန်ကအစ ကူညီခဲ့ဖူးတယ်။ နောက်ပြီး အိမ်မှာလည်း မိသားစုလို လာနေဖူးတယ်။

သာစည်ရောက်တော့ ကျွန်တော် ယမ်းဘီလူးနဲ့ သန်းဝင်းတို့ကို လမ်းခွဲလိုက်ပြီး မိတ္ထီလာဘက်ကို တစ်ယောက်တည်း ထွက်လာခဲ့တယ်။ တစ်ချိန်တုန်းက ဓားဘရှိန်း၊ စိန်မျက်လုံးတို့နဲ့ ကျွန်တော်တို့သုံးယောက် တောင်ပြုံးဘုရားပွဲ အပြန်မှာ မိတ်ဆွေတစ်ယောက်နဲ့ ရထားပေါ်မှာ သိကျွမ်းခဲ့ဖူးတယ်။ ကျွန်တော်တို့ကို လာလည်ဖို့ အတန်တန် ခေါ်တာနဲ့ ကျွန်တော်တို့ သူ့အိမ်ကို ရောက်ဖူးခဲ့ကြတယ်။ အခု ဒေါက်တာကြည်သိန်းအိမ် ဖောက်ထွင်းမှုနဲ့ မိတ္ထီလာကို ရှောင်လာတာ သူ့အိမ်ကိုပါပဲ။ သူ့အိမ်က ကန်အနီးက စပျစ်ခြံထဲမှာ။ လာတုန်းက တစ်ပတ်လောက်ပဲ နေမယ်လို့ မှန်းခဲ့ပေမယ့် သူကလည်း အင်မတန် လောကဝတ်ကျေ၊ ဧည့်ခံကောင်းတာနဲ့ တစ်လလောက် ကြာသွားခဲ့တယ်။

မိတ္ထီလာဆိုတော့ မန္တလေးနဲ့ နီးတာမို့ မန္တလေးက မွေးစားအမေအဖေနဲ့ ပန်းမြို့က ခင်အေးသူတို့ သားအမိနှစ်ယောက်ကို နေ့တိုင်းလိုလို သတိရမိတယ်။ ဒါပေမယ့် မန္တလေးဘက်ကိုသာ အလွမ်းများစွာနဲ့ ငေးကြည့်ပြီး မန္တလေးကို မသွားရဲသေးဘူး။ ရာဇဝတ်ကြွေးတွေက ကျွန်တော့်ကို နယ်ခြားသတ်မှတ်ပေးထားသလိုပါပဲ။ မိတ္ထီလာက သူငယ်ချင်းကတော့ ဒါတွေ ဘာမှ မသိရှာဘူး။ ကျွန်တော့်ကို အရောင်းအဝယ်သမားတစ်ယောက်၊ မှောင်ခိုလုပ်သူ တစ်ယောက်လို့ပဲ သိထားတယ်။ အဲဒါကြောင့်လည်း ပျော်သလောက်နေဖို့၊ အားမနာဖို့ ခဏခဏပြောတယ်။ ဒါပေမယ့် ကျွန်တော်က အလုပ်ကိစ္စကို အကြောင်းပြပြီး ပြန်လာတဲ့အခါ လက်ဆောင်တွေနဲ့ ရထားပေါ် စားသောက်ဖို့ မျောက်အရက်တစ်လုံးတောင် သူက ဝယ်ပေးလိုက်သေးတယ်။





ကောင်းရောင်းကောင်းဝယ် တစ်ဖက်၊ ခြံတစ်ဖက်လုပ်ပြီး စိတ်ရောကိုယ်ပါ ပျော်ရွှင်ချမ်းမြေ့နေတဲ့ သူ့ကို မြင်ရလေ ကျွန်တော့်ရဲ့ မကောင်းမှုဒုစရိုက်လုပ်မိထားတာတွေကို တွေးရင်း စိတ်မကောင်း ဖြစ်လိုက်၊ သမီးမျက်နှာ၊ ဇနီးမျက်နှာ မြင်လိုက်၊ ကျွန်တော့်အပေါ်မှာ အင်မတန် ကောင်းရှာကြတဲ့ မွေးစားမိဘနှစ်ပါးလုံး မျက်နှာ မြင်မိလိုက်နဲ့ ပဲခူးသာ ပြန်ရောက်လာတယ် အဆွေးက မပြေဘူး။

ဘူတာရှေ့ မီးသတ်လက်ဖက်ရည်ဆိုင်မှာ စွပ်နံပြားစားသောက်ပြီး မြင်းလှည်းဂိတ်ဘက်ကို ထွက်အလာမှာ အရပ်ဝတ်နဲ့ လူသုံးယောက်က ကျွန်တော့်အနားကို ရောက်လာတယ်။ ကျွန်တော်က မျက်မှန်းတန်းမိနေတဲ့ ရဲတပ်ကြပ်တစ်ယောက်ကို မြင်ရလို့ ရင်ထဲ ဒိန်းခနဲ ဖြစ်သွားတဲ့ အချိန်မှာပဲ "မောင်ကျော်မြင့်၊ မေးစရာလေး တစ်ခုရှိနေလို့ကွာ၊ ငါ့ညီ ရဲစခန်းကို ခဏ လိုက်ခဲ့ပါဦး၊ မေးပြီးရင် ပြီးတာပါပဲကွာ အိမ်ပြန်ပေါ့"တဲ့။

ခပ်ပေါ့ပေါ့ပဲ ပြောတယ်။ ကျွန်တော်ကလည်း အထာပေါက်ပြီးသားဆိုတော့ ငြင်းကြည့်သေးတယ်။ မရပါဘူး။ ဒါမျိုးတွေ ရိုးနေပါပြီကွာလို့ အံသွားဖြဲမပြရုံ တစ်မည်ပါပဲ။

နောက်ဆုံးတော့ ကန့်လန့်ကန့်လန့်နဲ့ အမှတ် (၁) ရဲစခန်းကို ရောက်လာရတယ်။ ကျွန်တော်တစ်ယောက်တည်းကို စခန်းမှူးအခန်းထဲ ထည့်ပိတ်ထားတယ်။

ညနေစောင်းလောက်မှာ ခေါ်ထုတ်ပြီး "မင်းတို့ ဖောက်ထွင်းလို့ရခဲ့တဲ့ ပစ္စည်းတွေ ဘယ်မှာသွားရောင်းကြလဲ မှန်မှန်ပြောနော်၊ ဘုရားကြီးမှာ တစ်ကောင် မိထားပြီ၊ မင်းက ဆရာကြီးပဲ၊ မှန်မှန် မပြောရင်တော့ သက်သာလိမ့်မယ် မထင်နဲ့နော်"တဲ့။

ရဲနဲ့ လူဆိုး သူခိုး တွေ့နေကြပြီမို့ သက်ညှာပါတယ်၊ ထုံးစံအတိုင်း သက်သက်ညှာညှာ နံပါတ်ဝမ်းက စကြတာပဲ။ ပြီးတော့မှ တူး၊ သရီး၊ ဖေါ၊ ဖိုက် ဆက်တက်လာတယ်။ ကျွန်တော်ကလည်း ဘုရားကြီးက အေးလှိုင်တစ်ယောက်ကိုပဲ မိသေးတယ်ထင်တာနဲ့ ခံနိုင်သမျှတော့ သံလက်ဝါးတွေ့နေကျကို ခံကြည့်သေးတယ်။ ဒီတစ်ခါ သံလက်ဝါးက ပိုပြင်းတယ်ထင်တယ်။

ကျွန်တော့်ကို နည်းမျိုးစုံနဲ့ စစ်ဆေးပြီး အခန်းထဲ ပြန်ထည့်ထားလိုက်တယ်။ ဆယ့်ငါးမိနစ်လောက်အကြာမှာ စိန်မြင့်ကို ကျွန်တော့် တစ်ခန်းကျော်က ထုတ်လာတယ်။ စိန်မြင့်ကို မြင်လိုက်ရတော့ ကျွန်တော် ကြက်သေ သေသွားတယ်။ ဒီကောင် ဖော်များထားပြီလားဆိုတဲ့ သံသယနဲ့ စဉ်းစားကြည့်တယ်။ ကျွန်တော် တော်တော်နာနေပြီ။ စိန်မြင့်က ကျွန်တော့်ကို ဖမ်းလာတာ မသိသလို ကျွန်တော်ကလည်း စိန်မြင့်ကို ခုမှ မြင်ရတော့ မျက်နှာပျက်သွားတယ်။

ကျွန်တော့်ကွယ်ရာမှာ စစ်ဆေးနေတဲ့ အသံနဲ့အတူ နံပါတ်စဉ်တပ်သံတွေကိုလည်း ကြားနေရတယ်။ ပီပီသသ မဟုတ်လို့ သဲသဲကွဲကွဲတော့ မရှိဘူး။ စိန်မြင့်ကို အတော်ကြာကြာ စစ်ဆေးပြီး အခန်းထဲကို ပြန်ခေါ်သွားတယ်။ ကျွန်တော့်ကို ရဲကြပ်တစ်ယောက်က "မင်းတို့ ဘယ်လောက် ခေါင်းမာသလဲဆိုတာ မကြာခင် သံလက်ဝါးအကြောင်း သိကြရဦးမှာပေါ့ကွာ"လို့ ကြိမ်းပြီး ပြန်ခေါက်သွားတယ်။

ကျွန်တော် စိန်မြင့်ကို သိပ်တွေ့ချင်နေတယ်။ ဘာတွေ ဖော်ထားလဲဆိုတာလည်း သိချင်တယ်။ အဲဒါကြောင့် စိန်မြင့်တို့ အခန်းအနောက်ဘက်မှာရှိတဲ့ အိမ်သာသွားချင်တယ် အကြောင်းပြပြီး ရဲတစ်ယောက်နဲ့အတူ စိန်မြင့်အခန်းဘေး ဖြတ်သွားရတယ်။ အခန်းရှေ့ရောက်လို့ စိန်မြင့်အခန်းကို ငဲ့စောင်းကြည့်လိုက်တော့ စိန်မြင့်လည်း အခန်းထောင့်ကနေ





ဆောင့်ကြောင့်ထိုင်၊ လက်ကို ခေါင်းပေါ်တင်ပြီး ကျွန်တော့်ဆီက လက်ထိတ်သံကြားလို့ လှမ်းကြည့်တာနဲ့ အကြည့်ချင်း ဆုံမိသွားကြတယ်။ စိန်မြင့်က အမူအရာကိုတော့ ထိန်းထားတတ်တာတွေ့လို့ ကျေးဇူးတင်မိလိုက်သေးတယ်။

ကျွန်တော် အိမ်သာက အကြံထုတ်ပြန်လာတော့ အပေါက်ဝကနေ စိန်မြင့်မျက်နှာ ညှိုးညှိုးနဲ့ ငေးကြည့်နေတယ်။ ရှောင်တိမ်းမနေရကောင်းလားဆိုပြီး ကျွန်တော် ထောင်းခနဲ ဒေါသတစ်ချက် ထွက်သွားမိတယ်။ ပြီးမှ စိန်မြင့်လည်း ကိုယ့်လိုပဲ ရှောင်ရင်းက မိသွားတာဖြစ်မှာလို့ တွေးလိုက်ပြီး ဒေါသပြေသွားတယ်။ရဲက ပါနေတော့ ဘယ်လိုမှ စကားပြောလို့ မရဘူး။အဲဒါကြောင့် မျက်စိပဲ မှိတ်ပြထားခဲ့ရတယ်။ အဓိပ္ပာယ်ကတော့ ဘာပဲဖြစ်ဖြစ် မဖော်နဲ့ကွာ ဆိုတဲ့သဘောပါပဲ။

အဲဒီညနေမှာ ကျွန်တော်တို့ကို အချုပ်ထမင်းဟင်း လာကျွေးတယ်။ ကျွန်တော်က ထမင်းလာကျွေးတဲ့ ထမင်းကန်ထရိုက်လိုဖြစ်နေတဲ့ အဒေါ်ကြီးကို သိနေတယ်။ အရင်တုန်းက ငွေနဲ့၊ အင်္ကျီတွေပေးပြီး ကူညီခိုင်းဖူးတယ်။အဲဒါကြောင့် အဒေါ်ကြီးကို တံခါးပေါက်ကနေ"အဒေါ် ကျွန်တော့်အိမ်ကို သွားပြောပေးပါ၊ ကျွန်တော် လမ်းစရိတ်ပေးပါ့မယ်" ဆိုတော့ ရဲတစ်ယောက်ရောက်လာပြီး "အဒေါ်ကြီး ခုထိ ထမင်းကျွေးလို့ မပြီးသေးဘူးလား"လို့ မေးတယ်။ အဒေါ်ကြီးက "စားကြတုန်းကွယ့်"ဆိုတော့ ရဲတပ်သား ပြန်ထွက်သွားတယ်။ "အဒေါ် ကျွန်တော့်ကို မမှတ်မိဘူးလား၊ လိပ်ပြာကန် လုယက်မှုနဲ့ အဖမ်းခံရဖူးတဲ့ ရဲရဲတောက် ခေါက်ဆွဲဆိုင်က ကျော်မြင့်လေ" ဆိုတော့ "ဟယ်-ဘယ်လိုဖြစ်လာပြန်ရတာလဲကွယ်"တဲ့။ ကျွန်တော်က အဒေါ်ကြီးကို ရှင်းပြမနေတော့ဘူး။

"အဒေါ် ကျွန်တော့်ကို ကူညီပါ၊ မနက်ဖြန်လာရင် ခဲတံအတိုလေး တစ်ပိုင်းလောက် ယူလာပေးပါ။ အိမ်ကိုလည်း ဖြစ်တဲ့နည်းနဲ့ အကြောင်းကြားပေးပါ"လို့ မှာလိုက်ရတယ်။

ညဆယ်နာရီလောက်မှာ တစ်ခါ ထုတ်စစ်တယ်။ ကျွန်တော်ပြီးတော့ စိန်မြင့်၊ စိန်မြင့်ပြီးတော့ ကျွန်တော်၊ နောက် နှစ်ယောက်ပြိုင်တူစစ်နဲ့ တစ်ညလုံး စစ်တယ်။ အမိကကတော့ ပြည်သူ့လွှတ်တော် အမတ်လည်း

ဖြစ်တဲ့ ဒေါက်တာကြည်သိန်းအိမ်ကိစ္စပါပဲ။ ဆေးပစ္စည်းတွေကိုလည်း သိမ်းထားပြီးပြီ။ တချို့ ဆေးတွေ ဘယ်မှာ သွားရောင်းကြတယ်။ ကျန်တဲ့ ဆေးတွေ ဘယ်မှာ ဝှက်ထားတယ်။ ကွင်းဆက်အဖြစ်နဲ့ကတော့ တရုတ်ကြီးစိုးစွန်၊ ဆရာဦးမြမောင်၊ ဘုရားကြီးက အဖောက်ခံရတဲ့ အိမ်တွေကိုပါ ဆက်တိုက် မေးတယ်။ စိန်မြင့်အိမ်မှာ ဖောက်ထွင်းရထားတဲ့ ရေဒီယို၊ စက်ခေါင်းတစ်လုံးနဲ့ အဝတ်တွေကိုလည်း သိမ်းထားပြီးပြီလို့ သိရတယ်။

မနက်ပိုင်းမှာ အမေရယ်၊ ကျွန်တော့်ညီမလေးရယ် လာပြီး စားစရာတွေ ပေးကြတယ်။ လူကိုတော့ တွေ့ခွင့်မပေးဘူး။ ကျွန်တော့်အမေ ပြန်သွားပြီး ကိုးနာရီလောက်မှာ ထမင်းကျွေးတဲ့ အဒေါ်ကြီး ရောက်လာပြီး ထမင်းလာကျွေးတယ်။ ရဲသားတစ်ယောက်က ခဏလာကြည့်ပြီး ပြန်ထွက်သွားတယ်။ အဒေါ်ကြီးက စိန်မြင့်တို့ကို အရင်ကျွေးပြီး ကျွန်တော့်ကို နောက်မှ ကျွေးတယ်။ ထမင်းထဲမှာ ခဲတံတိုမြှုပ်ပြီး ကျွန်တော့်ကို ပေးတယ်။ နောက်ပြီး "ငါ့တူ မင်းအိမ်ကလည်း ပစ္စည်းတွေ သိမ်းထားတယ်၊ ဒါပေမယ့် မင်းအမေ နောက်ပိုင်းက လိုက်နေတယ်။ ဘာမှမပူနဲ့"လို့ တီးတိုးပြောတယ်။

စခန်းမှူးအခန်းထဲက လွှင့်ပစ်ထားတဲ့ စာရွက်တစ်ရွက်ကို အလစ်တိုပြီး စိန်မြင့်ဆီကို ပို့ခိုင်းရတယ်။ ပန်းကန်ပြားအောက်မှာ ထမင်းလုံးနဲ့ စက္ကူကိုကပ်ပြီး အိမ်က ပို့လိုက်တဲ့ မုန့်တွေကိုပါ ထည့်ပေးလိုက်တယ်။ စာထဲမှာ *'စိန်မြင့် ကက်ဆက်နဲ့ ရွှေကိုမေးရင် မှန်မှန် မပြောနဲ့ လွှဲပြော၊ ဆေးပစ္စည်းကို မသိဘူးလို့ ငြင်းထား။ မင်းနဲ့ငါလည်း မသိကြဘူးလို့ပြော'* ဆိုပြီး ထမင်းကျွေးတဲ့ အဒေါ်ကြီး ပြန်ခါနီးမှာ စိန်မြင့်ဆီ ခဲတံတိုပါ ထည့်ပေးလိုက်တော့ ညနေဘက်မှာ စိန်မြင့်ဆီက အဖြေကို သိရတယ်။

ဘုရားကြီး ဖောက်ထွင်းမှုတွေကို မခံနိုင်တော့လို့ ဖော်ထားကြောင်း၊ ပစ္စည်းကိစ္စတော့ သူ့ကို မမေးသေးကြောင်း၊ အောင်ထွန်းကြီးနှင့် အေးလှိုင်တို့ကို ကွာတားချုပ်မှာ ဖမ်းထားကြောင်း၊ အောင်ထွန်းကြီးနဲ့ အေးလှိုင်တို့က ကျွန်တော့်ကို အဓိကထားပြီး ဘုရားကြီးကိစ္စကို ဖော်ထားကြောင်း စိန်မြင့်ဆီက သိရတယ်။ နောက်နေ့မှာ ပစ္စည်းကိစ္စတွေကို ဆက်တိုက် စစ်တယ်။ ရွှေထည်၊ ငွေထည်၊ ကက်ဆက်၊ ရေဒီယိုတို့က ကျွန်တော် သွားရောင်းတာ





စိန်မြင့်က မသိကြောင်း၊ ဆေးပစ္စည်းတွေလည်း ဝက်ဘောရွာက အေးလှိုင်နှမအိမ်မှာထားကြောင်း၊ တစ်ဆက်တည်း ပဲခူးဖောက်ထွင်းမှု၊ စက်ဘီးခိုးမှုတွေပါ စစ်ဆေးတဲ့အတွက် စိန်မြင့်က အကုန်လုံး ဖော်ကောင်လုပ်လိုက်တယ်ဆိုတော့ အမှတ်(၁) စခန်းက သံလက်ဝါးနဲ့ တွေ့သွားပြီလို့ ကျွန်တော် နားလည်လိုက်တယ်။

ပစ္စည်းသိမ်းမယ့်နေ့မှာတော့ ကျွန်တော်တို့ကို ကွာတားအချုပ်ထဲက ပြောင်းပေးတယ်။ အခန်းထဲကိုရောက်တော့ သံလက်ဝါးနဲ့ တွေ့ထားတဲ့ အောင်ထွန်းကြီးနဲ့ အေးလှိုင်တို့ကိုပါ တွေ့ရတယ်။ ကျွန်တော့်ကို တွေ့တော့ အေးလှိုင်နဲ့ အောင်ထွန်းကြီးတို့လည်း အံ့ဩသွားကြတယ်။ အချုပ်ခန်းဆိုတော့ ပြောလို့ရပြီ။ ဖော်ထားကြပြီးမို့ ကျွန်တော်က အေးလှိုင်နဲ့ အောင်ထွန်းကြီးတို့ကို "ခင်ဗျားတို့ ဘာတွေ ဖော်ထားကြသလဲဆိုတာ ကျွန်တော် အမှန်အကန် သိချင်တယ်။ ခုမှ မှိုင်မနေကြနဲ့၊ ပစ္စည်းသွားသိမ်းကြတော့မယ် မြန်မြန်ပြောကြ"ဆိုတော့ အေးလှိုင်နဲ့ အောင်ထွန်းတို့က သူတို့ဖော်ထားချက်တွေ၊ အသိမ်းခံလိုက်ရတဲ့ပစ္စည်းတွေကို ပြောပြတယ်။ အဲဒီခေတ်တုန်းက ရှားပါးပစ္စည်းဖြစ်တဲ့ မောင်းပြန်ထီးကစပြီး ဖဲဝိုင်းက စဖမ်းတာ၊ ငွေမောင်း၊ ငွေခါး၊ သားရေဂျာကင်၊ ရေဒီယို၊ စက်ဘီးလေးစီး၊ ဆေးပစ္စည်းများအပြင် အမေ့ဆီက ရွှေထည်ပစ္စည်းအချို့ကိုလည်း သိမ်းထားပြီးပြီဖြစ်ကြောင်း အကုန်သိရတယ်။

"မင်းတို့ အနေနဲ့ ရုံးရောက်ရင် မသိဘူးသာငြင်း၊ ရှေ့နေအတွက် ငါ တာဝန်ယူတယ်။ ငါ့ကို အချုပ်ထဲရောက်မှ သိတယ်ပြော၊ ခု ပစ္စည်းသိမ်းဖို့ ငါတို့နှစ်ယောက် လိုက်သွားမယ်။ မင်းတို့က အတွေ့အကြုံ မရှိတော့ မလိုက်နဲ့၊ အဓိက ရုံးရောက်ရင် ငြင်းကြဖို့ပဲ၊ စခန်းမှာ ရိုက်စစ်လို့ မခံနိုင်လို့ ထွက်ရတာပါသာပြော ဘာမှမကြောက်ကြနဲ့၊ စိန်မြင့် မင်းလည်း မင်းကိစ္စ မင်းရှင်း၊ ငါ့ကိစ္စ ငါရှင်းမယ်၊ ပစ္စည်းရောင်းတဲ့ကိစ္စ ငါ့ပဲ လွှဲချ ကြားလား၊ ငါက နေရာလွှဲပြီး ကြည့်လုပ်သွားမယ်"လို့ ပြောပြတော့ လက်ခံကြတယ်။

မနက်ပိုင်း ထမင်းကျွေးပြီးချိန်မှာ အမေလည်း စခန်းရှေ့ရောက်နေတယ်။ ကျွန်တော်နဲ့ စိန်မြင့်ကို အချုပ်ထဲကနေ လက်ထိတ်ခတ်ပြီး ထုတ်

လာကြတယ်။ ရဲကားပေါ် တက်ခါနီးမှာ အမေက ငိုပြီး အနားကို ရောက်လာတယ်။ သူမသိလိုက်တာကို အမေက ကျွန်တော့်ကို မေးတယ်။

"ဘာမှ မဟုတ်ပါဘူး အမေရာ၊ မှောင်ခိုပစ္စည်းတွေ ရောင်းမှားဝယ်မှားပါ၊ ပစ္စည်းရောင်းတဲ့ဆိုင်က ပစ္စည်းတွေသိမ်းပြီး စာရင်းရှင်းပြီးရင်ပြီးသွားမှာပါ"လို့ အမေ့ကိုပြောလိုက်တော့ အမေက လမ်းမှာစားဖို့ မုန့်နဲ့ထမင်းချိုင့်ပေးလိုက်တယ်။ သုံးဖို့ဆိုပြီး ငွေငါးဆယ်လည်း ထပ်ပေးလိုက်ပြန်တယ်။ ကျွန်တော် စိတ်ထဲက မကောင်းပေမယ့် အမေ ပိုပြီး စိတ်မကောင်းဖြစ်မှာစိုးလို့ အမေပေးတာတွေကို ယူထားလိုက်ရတယ်။

ကျွန်တော်တို့က ကက်ဆက်ကို မဒေါက်မှာ ရောင်းပြီး ရွှေကိုတောင်ငူမှာ ရောင်းပါတယ်လို့ လွဲပြောထားတာနဲ့ ရဲကားက မဒေါက်ကို မောင်းလာတယ်။ ဘူတာအနီးက တရုတ်ဆိုင်တစ်ဆိုင်ရှေ့အရောက်မှာ "အဲဒီဆိုင်ပါပဲ" လို့ ပြောလိုက်တဲ့အတွက် ဆိုင်ရှေ့မှာ ကားရပ်လိုက်တယ်။ ကျွန်တော်တို့နှစ်ယောက်ကို လက်ထိတ်တန်းလန်းနဲ့ ဆိုင်ရှေ့ကို ခေါ်လာတယ်။ ကျွန်တော်တို့နဲ့အတူ ဒုလုံခြုံရေးမှူး ဦးကောင်းစိန်လည်း ပါလာတယ်။ ကျွန်တော်တို့ကို ဖော်ရွေလှတဲ့ တရုတ်ကြီးက ရွှေသွားတွေ အဝင်းသားနဲ့ "ဘာကိစ္စရှိလို့ပါလဲ ကြွပါ၊ ထိုင်ကြပါခင်ဗျား"နဲ့ ကုန်စုံဆိုင်ထဲ အတင်းခေါ်ပြီး ဧည့်ခံရှာတယ်။ ကျွန်တော် စိတ်တော့ မကောင်းဘူး။ ဒါပေမယ့်ဒီကိစ္စ ရုံးရောက်ရင် ရှင်းသွားမှာမို့ တမင် လုပ်ကြံရတာ။ ဒုလုံခြုံရေးမှူးက "စိတ်တော့ မရှိပါနဲ့ဗျာ၊ ကျွန်တော်တို့ လာတဲ့ကိစ္စက ဒီ တရားခံနှစ်ယောက် ဖောက်ထွင်းလို့ရတဲ့ ကက်ဆက်ကို ဦးလေးဆီမှာ ရောင်းထားလို့ခုတာ ဝန်ဝတ္တရားအရ လာသိမ်းရတာပါ"ဆိုတော့ ကုန်စုံဆိုင်နောက်ဘက်မှာ မတိုးမကျယ် ဖွင့်နေတဲ့ ကက်ဆက်သံက ချက်ချင်း ရပ်သွားတယ်။ အခန်းထဲမှာက တရုတ်ကြီးနဲ့ သမီးအပျိုနှစ်ယောက် ရှိနေကြတယ်။ သူတို့နှစ်ယောက်က ကျွန်တော်တို့ကို အခန်းပေါက်ဝက မျက်လုံးအပြူးသားနဲ့ကြည့်နေကြတယ်။ တစ်ချိန်က ကျွန်တော်တို့ နှစ်ယောက်အပြင် ပုဏ္ဏကလည်း ဒီဆိုင် ရောက်ဖူးတယ်။ ဟိုတုန်းက ကျွန်တော်တို့ဟာ ကော့ဘိန်းဘက်က မှောင်ခိုအကြီးစားလက်လွှဲတွေထင်ပြီး ကောင်းကောင်းမွန်မွန်ဧည့်ခံဖူးကြတယ်။ စိန်မြင့်က "ညီမလေးတို့ မှာချင်တာရှိမှာ အစ်ကိုတို့





နောက်တစ်ခေါက်ပြန်လာရင် မှာတဲ့ပစ္စည်းတွေ အကုန်ရအောင် ဝယ်လာပေးပါ့မယ်"လို့ ကြွားထားဖူးတာလည်း ရှိတယ်။ အဟုတ်မှတ်ပြီး ပစ္စည်းမှာထားတာလည်း ရှိနေတယ်။

အခုတော့ ကျွန်တော်တို့ကို မှတ်မိလို့ ကြည့်တာလား၊ မမှတ်မိဘဲကြည့်တာလား မသိဘူး၊ ကောင်မလေးနှစ်ယောက်ကတော့ ကျွန်တော်တို့ကိုပဲ မျက်လုံးအပြူးသားနဲ့ စိုက်ကြည့်နေကြတယ်။ တရုတ်ကြီးကတော့ မပီကလာနဲ့ "ဟာ- ငါ့ဆီမှာ မရောင်းပါဘူး။ သိလည်း မီသိဘူး"ဟု ဆိုတယ်။ ဒုလုံခြုံရေးမှူးက "ခင်ဗျားဆီကို သူတို့နှစ်ယောက် လာရောင်းတာခိုးရာပါပစ္စည်းတွေဖြစ်တယ်၊ ကဲ- မင်းတို့ဘာသာ မင်းတို့ ရှင်းပြလိုက်" ပြောတော့ ကျွန်တော်တို့က ပြောတာကို တရုတ်ကြီးက လက်မခံဘူး။

စကားအချေအတင်ပြောကြရင်း နောက်တော့ ကောင်စီလူကြီးတွေပါ ခေါ်ရတယ်။ ကောင်စီလူကြီးတွေက "ခင်ဗျားပစ္စည်းက ခိုးရာပါပစ္စည်းမဟုတ်ရင် ရုံးရောက်တော့ ပြန်ရမှာပေါ့ဗျာ၊ ကျွန်တော်တို့လည်း ရှိတာပဲ၊ ပေးလိုက်ပါ" ဝိုင်းပြောကြတော့လည်း တရုတ်ကြီးက ဒေါသတကြီးနဲ့ "မပီးနိုင်ဘူး၊ မီတီယားတာကို ခင်ဗျားတို့ ကောင်စီလူကီးတွေကပါ ပီးလိုက်ပါပြောလယ်၊ ဘာကောင်းလဲ"ဆိုတော့၊ "ကဲ-ရှုပ်တယ်ကွာ၊ သူ့ပါ လက်ထိတ်ခတ်ပြီး ကားပေါ်တင်လိုက်"လို့ ဒုလုံခြုံရေးမှူးက ပြောလိုက်တော့ရဲတပ်သားက လက်ထိတ် ထုတ်လိုက်မှ "မီခပ်လဲ၊ မီခပ်လဲ၊ ကီးဆက်ယူသွား၊ ကီးဆက်ယူသွား"လို့ ကြောက်ကြောက်လန့်လန့်နဲ့ အော်ပြောတယ်။ လူတွေမှာ ငိုအားထက် ရယ်အားသန် ဖြစ်သွားကြတယ်။ ပြီး ကက်ဆက်ကိုလည်း ရှာဖွေပုံစံနဲ့ သိမ်းလိုက်ကြတယ်။

အမှန်ကတော့ ကျွန်တော် တရုတ်ကြီးဆီမှာ ရောင်းထားတဲ့ ကက်ဆက်က လားရှိုးကရလာတဲ့ ကက်ဆက်၊ ရောင်းထားတာလည်း နှစ်နှစ်လောက်ရှိပြီ၊ အမျိုးအစားလည်း မတူဘူး။ အဲဒါကြောင့် တရားရုံးရောက်ရင် တရုတ်ကြီးဟာ သူ့ကက်ဆက်သူ ပြန်ရမယ်ဆိုတာ ကျွန်တော် သိတယ်။ ကိစ္စပြီးလို့ ပြန်လာကြတော့ ညောင်လေးပင်ဘူတာမှာ ထမင်းစားခွင့်ပြုတယ်။ ထမင်းစားပြီး မကြာခင် ရထားလာတာနဲ့ တောင်ငူကို ရထားနဲ့ပဲဆက်လိုက်လာကြတယ်။ တောင်ငူကိုရောက်တော့ အချိန် မရှိတော့တာနဲ့

တောင်ငူ အမှတ်(၁)အချုပ်မှာ တစ်ညအိပ်ပြီး မနက်ပိုင်းမှာ တောင်ငူဈေး ကို ထွက်လာကြတယ်။

တောင်ငူဘူတာ အနောက်ဘက်ကနေ ဈေးကို လျှောက်လာကြ တယ်။ ဈေးကို ရောက်တဲ့အထိ ကျွန်တော် ဘယ်ရွှေဆိုင်ကို ပြရမှန်းမသိ ဖြစ်နေတယ်။ ဒါနဲ့ ရွှေဆိုင်တစ်ဆိုင် နှစ်ဆိုင်ကျော်လာပြီးမှ ဗိုက်ပူပူနဲ့ လူကြီးတစ်ယောက် မျက်မှန်အထူကြီးတပ်ပြီး စာအုပ်တစ်အုပ်ဖတ်နေတဲ့ ရွှေဆိုင်ပိုင်ရှင်လူကြီးဆိုင်ကို ခြေလှမ်း ဦးတည်လိုက်တယ်။ ပြောရမယ့် စကားတွေကိုလည်း ခေါင်းထဲမှာ စီစဉ်နေရတယ်။ အမှန်တကယ် မရောင်း ခဲ့တဲ့ ဗိုက်ပူကြီးဆိုင်ကို ညွှန်ပြလိုက်ရတယ်။

ဗိုက်ပူကြီးကလည်း သူ့ဆီ လာရောင်းတာ မဟုတ်တော့ ဒေါသတကြီး နဲ့ ငြင်းတယ်။ သူတစ်ပြန် ကိုယ်တစ်ပြန် ငြင်းကြရင်းက အကြောင်းထူးမှာ မဟုတ်တာမို့ ရွှေဆိုင်က ရွှေတချို့ကို ရဲတပ်ကြပ်တစ်ယောက်က ရှာဖွေ ပုံစံနဲ့အတူ အသိသက်သေနှစ်ယောက်ခေါ်ပြီး သိမ်းလိုက်တယ်။

ဗိုက်ပူကြီးရွှေဆိုင်ပိုင်ရှင်ဟာ တက်တခေါက်ခေါက်နဲ့ ကျွန်တော့်ကို အံကြိတ် ကြည့်နေတယ်။ ရဲတပ်သားတစ်ယောက်က "ဦးလေး ဘာမှ မပူပါနဲ့၊ ရုံးကျတော့ အမှန်အကန် ဖြစ်ရပါစေ့မယ်"လို့ မနည်း ဖျောင်းဖျပြီး ပြောခဲ့ရတယ်။ ကျွန်တော်တို့လည်း တောင်ငူက ပဲခူးကို ပြန်လာခဲ့ကြ တယ်။

တစ်လမ်းလုံး ရှုပ်ထွေးထားတဲ့အမှုအတွက် ရုံးရောက်ရင် ဖြေရှင်းဖို့ ဦးနှောက်ကို အလုပ်ပေးလာရတယ်။ ပဲခူးရောက်တော့ စိန်မြင့်ရောင်းထား တဲ့ ပစ္စည်းတွေကို လိုက်သိမ်းရင်း ကျွန်တော့်အဒေါ် ဒေါ်ရွှေတင် ယောက်ျား ရာဘာဒိုင်က ဦးလေးစိန်ကို စိန်မြင့်ဖော်ချက်အရ သူခိုးပစ္စည်း လက်ခံမှုနဲ့ စက်ဘီး၊ ရေဒီယိုတို့ကို သိမ်းလိုက်တယ်။ ဘုရားကြီးက ဖောက် ထွင်းခံရတဲ့အိမ်တွေက ပစ္စည်းစာရင်းဟာ လိုတာထက် ပိုနေတယ်။ ဒီအ တွက်က လွယ်တယ်။ မရရှိသေးတဲ့ ပစ္စည်းတွေကို ရန်ကုန် (၂၈) လမ်းက ရွှေဆိုင်တစ်ဆိုင်ဆိုင်ကို ညွှန်ပြလိုက်ရုံပါပဲ။ ဖောက်ထွင်းမှု (၃)မှု၊ ခိုးမှု (၂)မှုနဲ့ စိန်မြင့်အတွက် ၄၅၇-ဖောက်ထွင်းမှုနှစ်မှု၊ ၃၈၀- အတွင်းပစ္စည်း ခိုးမှု၊ ကျွန်တော့်အတွက် အေးလှိုင်နဲ့ အောင်ထွန်းကြီးတို့က ကြံရာပါပစ္စည်း





လက်ခံမှု၊ ခိုးမှု၊ ဖောက်ထွင်းမှု၊ မသင်္ကာမှုတို့နဲ့ တရားရုံးကို စွဲချက်တင် လိုက်တယ်။

ပဲခူးတရားရုံး အမှတ် (၄) ဥက္ကဋ္ဌ ဦးသိန်းလွင်ရုံးကို ကျတယ်။ ကျွန်တော်တို့က ညောင်ပိုင်းက ဦးသန်းထွဋ်နဲ့ ရုံးဟောင်းလမ်းက မမို့မို့ရီ တို့ကို ရှေ့နေငှားတယ်။ အဲဒီကြားထဲမှာ မဒေါက်တရုတ်ကြီးက ကျွန်တော့် ကို ပဲခူးထောင်ထဲမှာ လာတွေ့တယ်။ ရန်ကုန် (၂၈)လမ်းက ရွှေဆိုင်ပိုင်ရှင် နဲ့ တောင်ငူက ဗိုက်ပူကြီးလည်း လာတွေ့တယ်။ သူတို့က "ဘာမှ အားမငယ်နဲ့၊ အမှန်အတိုင်း ထွက်ဆိုဖို့နဲ့ လိုတဲ့ အကူအညီကို ပြောပါ"ဆိုပြီး စားစရာတွေ၊ ငွေတွေ လာပေးကြတယ်။ ငွေကို ထောင်ဘူးဝမှာ လက်မှတ် ထိုးပြီး အပ်ထားရတယ်။ ကျွန်တော့်အနေနဲ့ ရုံးတော်ရောက်ရင် ငြင်းပေး ပါ့မယ် ဆိုတဲ့ ကတိတစ်ခုပဲ ပေးရတယ်။ မဆိုင်တဲ့ တရားခံတွေ လွတ်ပေး ဖို့နဲ့ ပိုင်ရှင်အမှန်တွေ ပစ္စည်းရကြဖို့က ကျွန်တော့်အပေါ် မူတည်နေတော့ ကျွန်တော့်ကို ချော့နေကြရတယ်။ ပြီး သူတို့က ပစ္စည်း ပြန်ရရေးအတွက် ရှေ့နေလည်း ငှားကြရတယ်။

တရားရုံး တစ်ခါထွက်ရင် ရှေ့နေတွေ အမေး အဖြေ လုပ်နေတာနဲ့ တစ်ရက် အချိန်ကုန်တာပါပဲ။ အဲဒီအချိန်မှာ စိန်မြင့်က ရွှေဆိုင်တွေကို ငွေညှစ်ဦးမယ် လုပ်သေးတယ်။ ဘူးဝက ငွေတစ်ထောင်ကျော်ကျော်လည်း ရွှေဆိုင် နှစ်ဆိုင်က ပေးထားတာ၊ စားချင်တာစား၊ သုံးချင်သလိုသုံး၊ ပုဆိုး အင်္ကျီ ဘောင်းဘီကအစ ဝတ်ချင်တာကိုမှာပါထိ သူတို့က ကောင်းနေကြ တော့ စိန်မြင့်ကို တားထားရတယ်။ ရွှေဆိုင်တွေက သိမ်းဆည်းထားတဲ့ ရွှေထည်တွေက သောင်းဂဏန်းဆိုတော့ ကျွန်တော်တို့အနေနဲ့ ပြောတိုင်း ဖြစ်နိုင်တယ်။ ကျွန်တော်တို့အတွက် ရှေ့နေငှားတယ်ဆိုတာလည်း အိမ်က မိဘငွေတွေ မဟုတ်ပါဘူး၊ ရွှေဆိုင်တွေက ပေးကြတာမို့ ငါးကြင်းဆီနဲ့ ငါးကြင်းကြော်တာပါပဲ။

ပဲခူးထောင်မှာ အိမ်သားတွေနဲ့အတူ ကြည်ကြည်လှက ထောင်ဝင် စာလာတွေ့တယ်။ ကျွန်တော့်အပေါ်ကို ဘာနားလည်မှုနဲ့လဲ မသိဘူး၊ ဆုံးမဩဝါဒစကားကို ကြည်ကြည်လှက ထုထည်ကြီးမားစွာ ခုထိ ပြော တုန်းပဲ။ "ဒီတစ်ခါဆို လိမ္မာဖို့ကောင်းပြီ"ဆိုတဲ့ သူ့စကားကို ကျွန်တော်က

တစ်နိုင်ငံလုံး မှောင်ခိုလုပ်နေကြတာ ရောင်းမှားဝယ်မှား ကိစ္စပါလို့ ခုထိ ဘူးကွယ်ထားရသေးတယ်။ ဘဝတစ်ကွေ့ရဲ့ တဒင်္ဂအပြောင်းကြီး ပြောင်းသွားသူကတော့ ခိုင်စံပယ်ပဲ။ ကျွန်တော် ဘယ်လိုမှ မထင်ခဲ့ဘဲနဲ့ ပဲခူးမြို့ရဲ့ ညဥ့်ငှက်မေလေးအဖြစ်နဲ့ ထောင်ထဲဝင်လာခဲ့တယ်။ ခိုင်စံပယ်ဟာ အကြံအဖန်မလေး။ ဒုစရိုက်သမားတွေနဲ့လည်း မထိမတွေ့ဖူးသူ မရှိသလောက် ဖြစ်နေတယ်ဆိုတာ တစ်နှစ်ကျော်လောက်အတွင်းမှာ အကုန်ကြားလာရတယ်။

ကျွန်တော် ပဲခူးထောင်ထဲရှိနေတုန်း ယမ်းဘီလူးဘဝင်းလည်း မှောင်ရိပ်ခိုမှုနဲ့ တစ်ခေါက်လာသွားသေးတယ်။ ထောင်ထဲရောက်ရောက်ချင်းပဲ ယမ်းကြီးက "မင်းကောင်မလေး ပျက်စီးနေပြီ၊ ခု လွတ်လာလာချင်း သူ့ဘော်ဒါတွေနဲ့ တောင်ကြီးဘက်ကို အကြံအဖန်လုပ်ဖို့ လိုက်သွားတယ်။ ကောင်လေးနှစ်ကောင်လည်း ပါသွားတယ်၊ မင်း ကောင်းမလေးက ဆရာမကြီးပဲ"လို့ ယမ်းကြီးက သူသိသမျှ အကုန်ပြောပြတယ်။ မကြာခင် ယမ်းကြီး လွတ်သွားတယ်။ မှောင်ရိပ်ခိုမှုဆိုတာ ဘာမှ လက်ဆုပ်လက်ကိုင်ပြစရာမှ မရှိတာ။

ကျွန်တော်တို့အမှုလည်း ဒဏ်ငွေရိုက်လိုက်၊ ထောင်ချလိုက်၊ တရားရှင်လွှတ်လိုက်နဲ့၊ အေးလှိုင်နဲ့ အောင်ထွန်းကြီးတို့က ကြံရာပါ ပစ္စည်းလက်ခံနဲ့ တစ်ပေါင်းတည်း ဒဏ်ငွေ အပါအဝင် ခြောက်လစီကျတယ်။ စိန်မြင့်က ဖောက်ထွင်းပစ္စည်း လက်ရှိမိတာကတစ်ကြောင်း၊ ရောင်းပြီး ပစ္စည်းတချို့ ဖော်ပေးတာကတစ်ကြောင်း၊ မျက်မြင်သက်သေ မရှိပေမယ့် ဖြောင့်ချက်နဲ့ ပစ္စည်းပေးရှိခြင်းတို့ကြောင့် စီရင်ချက်က အမှုအားလုံးအတွက် ခြောက်နှစ် ခြောက်လ၊ တစ်ပေါင်းတည်း သုံးနှစ်တည်ပြီး တောင်ငူထောင်ကို ပါသွားတယ်။ ပဲခူးထောင်က တစ်နှစ်အထိပဲ လက်ခံတယ်။ တစ်နှစ်ထက်များတဲ့ ပြစ်ဒဏ်ကျသမားအားလုံးကို တောင်ငူပို့ရတယ်။

ကျွန်တော်က ပစ္စည်းပေးမရှိ ဖြောင့်ချက်မရှိ အမှုစစ်နေတုန်း တစ်နှစ်အတွင်းမှာ တရားလို တရုတ်ကြီး စိုးစွန်လည်း ဆုံးသွားတယ်။ ရွှေဆိုင်နဲ့ မဒေါက်က တရုတ်ကြီးတို့ကလည်း သူတို့ပစ္စည်း သူတို့ မှန်မှန်ကန်ကန် ပြန်ရကြတာနဲ့ ကျေကျေနပ်နပ် ဖြစ်သွားကြတယ်။ အဲဒါကြောင့်လည်း





တစ်နှစ်ကျော်ပဲ ထောင်ထဲနေလိုက်ရပြီး ၁၉၇၅ ခုနှစ်၊ အောက်တိုဘာလမှာ ကျွန်တော် ပဲခူးထောင်က လွတ်လာတယ်။ ထောင်ဘူးဝမှာ အိမ်က အမေ၊ ညီမများနဲ့အတူ ကြည်ကြည်လှလည်း လာကြိုတယ်။ကြည်ကြည်လှဟာ ကျွန်တော့်အပေါ် တော်တော် သံယောဇဉ်ကြီးတယ်။ ဒါပေမယ့် ထောင်ထဲနေခဲ့ရတဲ့ တစ်နှစ်ကျော်ကာလမှာ ကျွန်တော့်စိတ်ထဲ ခင်အေးသူတို့ သားအမိကိုပဲ နေ့တိုင်း လွမ်းနေမိတယ်။ အမေတို့ဆီက တစ်ဆင့် ဒေဝီဆီကလည်း စာရှည်ကြီး လေးစောင်ကို ဖတ်ရဖူးတယ်။ ဒေဝီဟာ ကျောင်းသားဘဝတုန်းကပင် တစ်ဖက်သတ်ချစ်ခဲ့မိတဲ့ ချစ်သူဆိုပေမယ့် ထောင်ကလွတ်တဲ့အခါ ဒေဝီကိုလည်း ဒီလောက် စွဲစွဲလမ်းလမ်း စိတ်ထဲ မဖြစ်မိဘဲ ဇနီးဟောင်းနဲ့ သမီးလေးတို့အကြောင်းပဲ တွေးပြီး ဘယ်လိုလွမ်းမှန်း၊ သူတို့သားအမိကို ဘယ်လို တွေ့ချင်မှန်းမသိ ဖြစ်နေမိတယ်။

အဲဒါကြောင့်လည်း ထောင်ကလွတ်လာလာချင်း မြှုပ်ဝှက်ထားခဲ့တဲ့ ရွှေတိုရွှေစတွေကို ပြန်ဖော်ရောင်းချပြီး ပန်းမြို့ကို သွားဖို့ အစီအစဉ်လုပ်နေမိတယ်။ ကြည်ကြည်လှနဲ့ အမေ့ကို "မန္တလေးမှာ မှောင်ခိုပစ္စည်းတွေ ကျန်ခဲ့တယ်။ ချက်ချင်း လိုက်သွားမှဖြစ်မယ်"လို့ နှစ်သိမ့်ထားခဲ့ရတယ်။ အဲဒီအချိန်မှာ အမေတို့က ကြည်ကြည်လှမိဘတွေနဲ့တိုင်ပင်ပြီး စိတ်ငြိမ်၊ ခြေငြိမ်ဖြစ်အောင် ကျွန်တော့်ကို ကြည်ကြည်လှနဲ့ ပေးစားဖို့ အစီအစဉ်လုပ်ထားကြတယ်ဆိုတာ ကျွန်တော် မသိသေးဘူး။ အဲဒါကြောင့် မန္တလေးမသွားခင် တစ်ညမှာ ကြည်ကြည်လှနဲ့ ကျွန်တော်တို့ အစ်မအိမ်ဘေးက တရုတ်စကားပင်အောက်မှာ ချိန်းတွေ့ခဲ့ကြသေးတယ်။

ကျွန်တော် ပဲခူးကနေ မန္တလေးကို အမြန်စီးလာခဲ့တယ်။ ရထားလက်မှတ်က ရပေမယ့် ထိုင်ခုံနံပါတ်က မရဘူး။ အဲဒါကြောင့် ရထားတွဲအလယ် စင်္ကြံလမ်းမှာ ဖိနပ်ကို ဖင်ခုထိုင်ပြီး လိုက်လာခဲ့တယ်။ တောင်ငူမှာ ခရီးသည်တချို့ ဆင်းသွားတဲ့အတွက် အိမ်သာနားက ထိုင်ခုံတစ်နေရာ စာကို ရလိုက်တယ်။ ဘက်အိတ်ကို ပေါင်ပေါ်တင်ပြီး စိတ်ပန်းလူပန်းနဲ့ ထိုင်ခုံပေါ် အိပ်ပျော်ပြီး လိုက်ပါလာခဲ့တယ်။ ပျဉ်းမနားဘူတာကို ရောက် တော့ ဈေးသည်တွေ၊ ခရီးသည်တွေ ဆင်းသူဆင်း၊ တက်သူတက်နဲ့ လန့်နိုး လာတယ်။ အပေ့ါအပါးသွားဖို့ မတ်တတ်ထရပ်လိုက်တော့

လွယ်ထားတဲ့ ဘက်အိတ်က ပေါ့နေတာနဲ့ သေသေချာချာ ကြည့်လိုက်တော့ အောက်နှုတ်ခမ်းကနေ ခွဲထားတာ တွေ့ရတယ်။ ကျွန်တော် စိုးရိမ်ပြီး ထိုင်ခုံမှာ ပြန်ထိုင်လိုက်တယ်။ ဘက်အိတ်ထဲကိုကြည့်တော့ တိုက်ပုံအင်္ကျီတစ်ထည်နဲ့ ဝတ္ထုစာအုပ်၊ စီးကရက်တစ်ဘူးပဲ ကျန်တော့တာ တွေ့ရတယ်။

ကျွန်တော် တော်တော် စိတ်ဓာတ်ကျသွားတယ်။ ခင်အေးသူတို့ သားအမိမှာ ရှိရှိ မရှိရှိ မှတ်မှတ်ရရပေးဖို့ယူလာတဲ့ ငွေနှစ်ထောင်နဲ့ ခင်အေးသူဓာတ်ပုံ၊ မှတ်ပုံတင်ကတ်၊ ရထားလက်မှတ်ပါမကျန် အကုန်ပါသွားတယ်။ ကျွန်တော့် ရှပ်အင်္ကျီထဲမှာ ငါးကျပ်တန်တစ်ရွက်နဲ့ ကျပ်တန်သုံးရွက်ပဲ ကျန်ခဲ့တယ်။ မထူးပါဘူး၊ ရှိတဲ့ငွေလေးနဲ့ တစ်ခုခု ဆင်းစားလိုက်ဦးမယ်ဆိုပြီး ဖိနပ်ကိုရှာတော့ ကျွန်တော့် ကတ္တီပါဖိနပ်ပါ မောင်မင်းကြီးသားက မ,ချသွားတယ်။ ဖိနပ်မပါဘဲ ရထားပေါ်က ဆင်းပြီး လက်ဖက်ရည်နဲ့ မုန့် ဝယ်စားတယ်။ ရှေ့ကို ခရီးဆက်ရမလား၊ နောက်ကြောင်းပြန်ရမလား၊ ဝေခွဲမရဖြစ်နေတုန်း ရထားဥသြဆွဲသံကြားရတယ်။ မထူးဘူး ဆက်လိုက်မယ်။ အခြေအနေအရ လမ်းမှာ အကြံအဖန်လုပ်မယ်ဆိုပြီး ရထားပေါ် ပြန်တက်လိုက်လာတယ်။ ဘေးထိုင်ခုံက အဒေါ်ကြီးတစ်ယောက်က အမေးအမြန်း လုပ်လွန်းလို့ စိတ်ထဲ ကသိကအောက် ဖြစ်ရသေးတယ်။

မြစ်သားဘူတာကို ရထားဝင်တော့ မနက်ခြောက်နာရီကျော်နေပြီ။ အမြန်ရထားက မြစ်သားဘူတာမှာ မရပ်ဘူး။ ခု ဘာလို့ ရထားရပ်သွားပါလိမ့်လို့ ပြတင်းပေါက်ကနေ အပြင်ကို ကြည့်လိုက်တော့ မီးရထားရဲ လက်မှတ်စစ်နဲ့ လူကြီးတွေကို တွေ့လိုက်ရတယ်။ ကျွန်တော်စီးလာတဲ့ တွဲကို လက်မှတ်စစ်နဲ့ ရဲ၊ ရှာဖွေရေးတွေ တက်လာပြီး ရှာကြ၊ သိမ်းကြ၊ လက်မှတ်မဲ့၊ တန်ဆာမဲ့တွေကို ဖမ်းနေတာ တွေ့ရတယ်။ အခြေအနေက မကောင်းမှန်း သိတယ်။ ရထားအောက်နားမှာလည်း ရဲနဲ့ လူကြီးတွေ ရှုပ်နေတဲ့အတွက် အိမ်သာပေါက်ကနေ တိုက်ပုံအင်္ကျီကိုဝတ်၊ ဝတ္ထုစာအုပ်ကိုကိုင်ပြီး ခပ်တည်တည်နဲ့ အောက်လူတွေထဲ ဝင်ရောဖို့ အဆင်းနောက်ကနေ လူတစ်ယောက်က ကုပ်ဖမ်းဆွဲထားတယ်။ ဖိနပ်ကမပါတော့





ချက်ချင်း တစ်စုံတစ်ခု ထင်နိုင်တာကိုး။ ကျွန်တော် ဖမ်းဆွဲထားတဲ့လက်ကို ပုတ်ချရုန်းထွက်ပြီး ခြေဦးတည့်ရာ စွတ်ပြေးလာမိတယ်။ ဒါပေမယ့် မလွတ်ပါဘူး။ ဘူတာထိပ်က ပိတ်ဆီးပြီး ဖမ်းထားလိုက်တယ်။ အင်္ကျီကြယ်သီးတွေလည်း အကုန်ပြုတ်ထွက်ကုန်တယ်။

ရှက်ရှက်နဲ့ပဲ မီးရထားရဲစခန်းကို လိုက်လာခဲ့ရတယ်။ ကျွန်တော်နဲ့ ဘဝတူတွေ အတော်များများကို လက်မှတ်ရောင်းတဲ့အခန်းထဲမှာ တွေ့ရတယ်။ ကျွန်တော်က အကြံနဲ့ အဝင်အထွက်အပေါက်ဝနားမှာ ထိုင်နေလိုက်တယ်။ အခန်းထဲမှာ မိန်းမသူတွေ၊ တန်ဆာမဲ့ ပစ္စည်းတွေ စုပုံနေတယ်။ စိတ်ပျက်ပျက်နဲ့ နံရံကိုမှီပြီး ဆေးလိပ်သောက် အကြံထုတ်နေမိတယ်။ အိတ်ထဲမှာ နှစ်ကျပ်ပဲ ရှိတော့တယ်။

အဲဒါကြောင့် တိုက်ပုံအင်္ကျီကို ချွတ်ပြီး ကျွန်တော့်ရှေ့က အမျိုးသမီးကို "အစ်မကြီး ကျွန်တော့်အင်္ကျီ ရောင်းချင်လို့ဗျာ၊ အစ်မကြီး ကြည့်ပေးပါ၊ ဒဏ်ငွေဆောင်ဖို့ ငွေမပါလို့ပါ။ ချုပ်တုန်းက တစ်ရာ့ငါးဆယ်ကျပါတယ်။ ဒဏ်ငွေဆောင်ဖို့နဲ့ နည်းနည်းပါးပါး သုံးဖို့ရရင် တော်ပါပြီ"ပြောတော့ အမျိုးသမီးက ကျွန်တော့်ကို သေသေချာချာကြည့်ပြီး "ငါ့မောင်က ဘယ်က လာပြီး ဘယ်ကို သွားမှာမို့လဲ"လို့ မေးတယ်။

"ကျွန်တော် ပဲခူးကပါ၊ မန္တလေးကိုသွားမှာ"

"ဩော်- မန္တလေးမှာ မိဘရှိလို့လား"

"ကျွန်တော့်မှာ မိဘတွေ မရှိကြတော့ပါဘူး၊ မန္တလေးမှာ ဘကြီးတစ်ယောက်ရှိလို့ ဘကြီးဆီ သွားတာပါ"

ဒီစကားကိုတော့ ကျွန်တော် ဒီမိန်းမကို ပတ်ရင် သနားမလားဆိုတဲ့ အကြံနဲ့ ပြောလိုက်မိတာပဲ။

"မင်းဘကြီးက မန္တလေး ဘယ်အရပ်ကလဲ"

"ဘယ်အရပ်နေမှန်းတော့ ကျွန်တော်လည်း မသိဘူး ခင်ဗျာ၊ သိပ်တွေ့ချင်တာနဲ့ လာရှာတာ၊ ကျောင်းက ဒီနှစ်ပဲ ထွက်လိုက်ရတယ်၊ ကျွန်တော့်ပါလာတဲ့ ငွေသုံးထောင်နဲ့ အဝတ်အိတ်ပါ ဓားခွဲအခိုးခံလိုက်ရတယ်။ ဖိနပ်တောင် မကျန်ဘူး၊ ဒီခရီးကိုတော့ သိပ်လန့်သွားပြီဗျာ။ အစ်မကြီးကကော လက်မှတ်မပါလို့ အဖမ်းခံထိတာလား"

"အစ်မက လက်မှတ်ပါတယ်ကွယ့်၊ တန်ဆာလုပ်ဖို့ အချိန်မရတာနဲ့ ဒီအတိုင်း ပြေလည်သလို တင်လာတာ၊ ပြောတောင် မပြောချင်ဘူး၊ ကိုယ့်မြို့ကိုယ်ရွာရောက်မှ အဖမ်းခံရတယ်လို့"

"အေးဗျာ၊ ကျွန်တော့်မှာလည်း ဒုက္ခပဲ၊ ဗိုက်ကလည်း သိပ်ဆာနေပြီ၊ ဒဏ်ငွေဆောင်ဖို့ဆိုတာတော့ ဝေလာဝေးဖြစ်နေလို့ပါ၊ အစ်မကြီး ကြိုက်သလိုသာပေးပါဗျာ၊ ခရီးသည်ချင်း ကူညီတယ်လို့ပဲ သဘောထားပါဗျာ"

အမျိုးသမီးက ကျွန်တော့်ကို သေသေချာချာကြည့်ပြီး "ငါ့မောင် တိုက်ပုံ အစ်မဆီမှာလည်း ဝတ်မယ့်လူ မရှိပါဘူးကွယ်၊ မယူပါရစေနဲ့၊ ဒါပေမယ့် မင်း ဒီအတွက်တော့ ဘာမှ မပူပါနဲ့၊ မင်းကို ရထားခ ဒဏ်ရိုက်ရင် အစ်မ စိုက်ဆောင်ပေးပါ့မယ်" ဆိုတော့ ကျွန်တော် တော်တော် ဝမ်းသာသွားတယ်။ ဒါနဲ့ သူ့တန်ဆာခနဲ့ ကျွန်တော့်လက်မှတ်ခ သူစိုက်ထုတ်ပေးလိုက်တယ်။ သူ့ပစ္စည်းတွေကို ဘူတာအပြင်ဘက်ထုတ်တော့ ကျွန်တော်က ကျေးဇူးရှင်အစ်မကြီးပစ္စည်းတွေကို ထမ်းပိုးထုတ်ပေးတယ်။ မြင်းလှည်းတစ်စီး ခေါ်ပေးပါဦးဆိုတာနဲ့ မြင်းလှည်းခေါ်ပေးရတယ်။ မြင်းလှည်းပေါ် ပစ္စည်းတွေ ကူတင်ပေးလိုက်တယ်။

အမျိုးသမီးက မြင်းလှည်းရှေ့ကို စွေ့ခနဲ တက်လိုက်တယ်။ ပြီးတော့ "ငါ့မောင် လာ တက်လေကွယ်"တဲ့။ကျွန်တော် ကြောင်ပြီး သူ့ကိုငေးကြည့်နေမိတယ်။

"ဟဲ့- လာ တက်လေ"

"အစ်မ ကျွန်တော် မလိုက်တော့ဘူးဗျာ၊ ကျွန်တော့်အကျိုသာ အစ်မ ယူထားလိုက်ပါ"

"ဟယ်- မဟုတ်တာ၊ စောစောကတော့ မင်း ထမင်းသိပ်ဆာနေပြီဆို ကဲ-တက်တက်၊ ထမင်းစားသောက်ပြီးမှပြန် မန္တလေးကို ဒီက ကားရပါ တယ်ကွယ့်၊ မစိုးရိမ်ပါနဲ့၊ ကဲ-လာပါ၊ တက်စမ်းပါ"

သူပြောသလို လောလောဆယ် ထမင်းဆာနေတာရယ်၊ ခရီးဆက်ဖို့ ငွေမရှိတာရယ်၊ ဒီပုံစံနဲ့ မန္တလေးကိုလည်း ဆက်မသွားချင်တာရယ်၊ ခင်အေးသူတို့ဆီကိုလည်း ငွေအနည်းအကျဉ်းတောင် မပါဘဲနဲ့ သွားမ ကောင်းတာရယ်တို့ကြောင့် ကျွန်တော် မြင်းလှည်းပေါ် တက်မိပြီးသားဖြစ်





သွားတယ်။ မြင်းလှည်းက မြို့ရဲ့ ဈေးကို ဖြတ်ကျော်ပြီး အရှေ့မြောက် လမ်းချိုးတစ်ခုထဲ ကွေ့ဝင်သွားတယ်။ (--) လမ်းက သပ်ရပ်ခန့်ထည်တဲ့ အိမ်တစ်အိမ်ရှေ့မှာ မြင်းလှည်းရပ်တယ်။ အမျိုးသမီးက အောက်ဆင်းပြီး ခြံတံခါးကို တွန်းဖွင့်လိုက်တယ်၊ အိမ်အတွင်းက ငါးနှစ်အရွယ် မိန်းကလေး တစ်ယောက် ခုန်ပေါက် ပြေးထွက်လာတယ်။

"မေမေပြန်လာပြီ၊ မေမေ ပြန်လာပြီ" အော်ဟစ်ရင်း မြင်းလှည်းရှိရာဆီ ပြေးရောက်လာတယ်။

မြင်းလှည်းပေါ်က ပစ္စည်းတွေကို ကျွန်တော် ကူချပေးတယ်။ ကျွန်တော်နဲ့အတူ အိမ်ထဲကထွက်လာတဲ့ အသက်သုံးဆယ်ဝန်းကျင် အမျိုးသား တစ်ယောက်ကလည်း ပစ္စည်းတွေ ကူသယ်ပေးတယ်။အိမ်ထဲရောက်တော့ အမျိုးသမီးက "ငါ့မောင် ထိုင်ကွာ" ဆိုတာနဲ့ ဆက်တီအလွတ် တစ်ခုမှာ ဝင်ထိုင်လိုက်တယ်။ နံရံမှာချိတ်ထားတဲ့ ဓာတ်ပုံတွေကို မသိမသာ အကဲခတ်ကြည့်လိုက်မိတယ်။ ကျွန်တော့်ကို ခေါ်လာတဲ့ အမျိုးသမီးနဲ့တွဲပြီး စစ်ဝတ်စုံနဲ့ ဒုအရာခံဗိုလ်ပုံရယ် စောစောက ပြေးထွက်လာတဲ့ ကလေးမလေးပုံရယ်လို့ ထင်ရတဲ့ ဓာတ်ပုံတစ်ကား တွဲရိုက်ချိတ်ထားတာကို မြင်ရတယ်။ ကျွန်တော် ဓာတ်ပုံကားကို အကဲခတ်နေချိန်မှာ အမျိုးသမီးက "အဒေါ် ကျွန်မဧည့်သည် ထမင်းမစားရသေးဘူး၊ ကျွန်မလည်း ဆာပြီ"လို့ အမျိုးသမီးကြီးတစ်ယောက်ကို ပြောလိုက်တယ်။ ဒါနဲ့ ထမင်းအတူစားကြတယ်။

ကလေးမလေးက "မေမေ ဒီဦးက ဘယ်ကလဲဟင်"လို့ မေးတာကို ကျွန်တော့်ကို ခေါ်လာတဲ့ အမျိုးသမီးက မကြားယောင်ဆောင်ပြီး အပြင်ထွက်သွားတယ်။ သွားရင်းက "မောင့်ဘကြီးကို မန္တလေးမှာ သွားရှာမယ်ဆိုတော့ လိပ်စာမသိ ဘာမသိနဲ့ ရှာလို့ တော်တော်နဲ့ ဘယ်လွယ်ပါ့မလဲ၊ အဲဒီ တော့ကွယ် ဒီနဲ့ မန္တလေးက အနီးသားပဲ၊ ဒီကနေပြီး စုံစမ်းပါဦးလား" လို့ လှည့်ကြည့်ပြီး ပြောတယ်။

"ဒီအတိုင်းကြီးတော့ မနေချင်ဘူးဗျာ၊ ဖြစ်နိုင်မယ်ဆိုရင် အလုပ်တစ်ခု ရှာပေးပါလား"

"ငါ့မောင် အလုပ်လုပ်မယ်ဆိုရင် အစ်မတို့ ဆိုင်မှာပဲ လုပ်ပါလား၊

အစ်မတို့က ဈေးမှာ ကုန်ခြောက်ဆိုင်ဖွင့်ထားတယ်၊ နောက်ပြီး ဓာတ်စက် နှစ်လုံးလည်း ရှိသေးတယ်ကွယ့်၊ လူငှားတစ်ယောက်ပဲရှိတယ်။ စောစောက ကုန်လာချပေးသွားတဲ့လူပဲ၊ ငါ့မောင်က လခနဲ့ လုပ်ချင်တယ်ဆိုရင်လည်း လခပေးမှာပေါ့"

"ဟုတ်ကဲ့ အစ်မ၊ ကျွန်တော် လုပ်ချင်ပါတယ်"

ကျွန်တော့်စကားမဆုံးခင်မှာ ကလေးမလေး သုံးယောက် လွယ်အိတ် ကိုယ်စီနဲ့ အိမ်ထဲ ဝင်လာကြတယ်၊ အမျိုးသမီးရဲ့ သမီးလေးနဲ့ အိမ်ရှေ့ သင်ပုန်းခုံအောက် ထိုင်ခုံလေးတွေမှာ ထိုင်နေကြတယ်။

အမျိုးသမီးက ကလေးမလေးတွေဘက် တစ်ချက် လှမ်းကြည့်ပြီး တစ်စုံတစ်ရာ စိတ်လှုပ်ရှားနေသလိုနဲ့ "ငါ့မောင် နာမည်ကိုလည်း အစ်မ တို့ကို ပြောထားဦး" လို့ ပြောတယ်။

"ကျွန်တော့်နာမည် ကျော်အောင်ပါ"

"အစ်မနာမည်က ခင်ခင်ထား၊ ဒါက အစ်မအဒေါ်၊ ဟိုက အစ်မ သမီး၊ အစ်မတို့ အိမ်မှာ ယောကျ်ားသားတစ်ယောက်မှ မရှိဘူး၊ ဒီမှာ အလုပ်လုပ်နေတဲ့ လူငှားကလည်း ဟိုဘက်လမ်းမှာ သူ့မိန်းမနဲ့သူပဲ၊ အစ်မ ယောကျ်ားကတော့ မရှိတော့ဘူး၊ ဒီမှာ ငါ့မောင် စိတ်ချမ်းသာသလိုနေ၊ ဘာမှ အားနာစရာမရှိဘူးကွယ် နော်" တဲ့။

"ဟုတ်ကဲ့ အစ်မ"

အမျိုးသမီးက အပေါ်ထပ်တက်သွားတယ်၊ ကျွန်တော့်အနားမှာ ထိုင်နေတဲ့ အဒေါ်ကြီးကိုကြည့်ရတာ သဘောကောင်းပုံရတယ်။ ကျွန် တော့်ကို အားမနာဖို့ တဖွဖွပြောရင်းက "အိမ်း . . . ဒီကနေ့တော့ စာသင် မယ့် မထားညီမလည်း ပေါ်မလာပြန်ဘူး၊ ရှမ်းစုသွားတယ် ထင်တယ်"လို့ ညည်းလိုက်တာနဲ့ ကလေးမလေးတွေရှိတဲ့ဘက်ကို လှမ်းကြည့်လိုက်တယ်၊ ဘဘက်ဘုတ်သင်ပုန်းပေါ်မှာ စီအေတီ၊ ကက်။ အာရ်အေတီ၊ ရက်လို့ အင်္ဂလိပ်မီးနင်းရေးထားတာ မြင်ရတယ်။

ဒါနဲ့ ကျွန်တော်က "သမီးတို့ ဆရာမ မလာပေမယ့် မပူပါနဲ့ သမီးတို့ ကို ဦး စာသင်ပေးပါ့မယ်"ဆိုပြီး ကလေးတွေ စာအုပ်ကို တောင်းကြည့် လိုက်တယ်။ ရောက်နေတဲ့ သင်ခန်းစာကနေ ဆက်ပြီး တစ်ယောက်စီကို





အင်္ဂလိပ်စာ ဆက်ပြပေးလိုက်၊ လက်ရေးလှ ရေးခိုင်းလိုက်နဲ့ဆိုတော့ မကြာခင်မှာ ကလေးတွေနဲ့လည်း အကျွမ်းဝင်သွားတယ်။ ကျွန်တော့်ကို ခေါ်လာတဲ့ မခင်ခင်ထားရဲ့ သမီးလေးက "အန်တီလေးဆီမှာ စာသင်ရ တာ မကောင်းဘူး၊ အားကြီးဆူတယ်၊ အမေ သမီး နောက်ဆို ဒီဦးဦးဆီမှာပဲ သင်တော့မယ်" လို့ ကောင်မလေးက ပြောလိုက်တော့ ကျွန်တော်လည်း ယောင်ပြီး လှည့်ကြည့်လိုက်မိတယ်။ ခင်ခင်ထားက ဘယ်အချိန်ကပင် ကျွန်တော် စာသင်နေတာကို ကြည့်နေလဲ မသိဘူး။ ကျွန်တော်တို့ဘက်ကို ငေးကြည့်နေတာ တွေ့လိုက်ရတယ်။

ကလေးတွေ ပြန်သွားကြတော့ ကျွန်တော်လည်း ခင်ခင်ထားအနား မှာ လာထိုင်နေတယ်။

"အစ်မ ညီမက ကလေးတွေကို ကျူရှင်သဘောမျိုးနဲ့ အချိန်ပိုလေး စာသင်ပေးတယ်ကွယ့်၊ အခု လာသင်ကြတဲ့ ကလေးတွေကလည်း ဆွေမျိုး ထဲက ကလေးတွေပေါ့။ အားနေတဲ့အချိန်တွေမှာ မင်းက စာပြပေါ့၊ ကျန်တဲ့အလုပ် ဆိုတာက မနက်ပိုင်း ဆိုင်ဖွင့်ချိန်လေးမှာ ဝိုင်းဖွင့်ပေးပြီး အသဲချဲ့စက်လာငှားရင် ငါ့မောင်က ဦးစီးပြီး လိုက်သွားပေါ့ မဟုတ်ဘူး လား"

"ဟုတ်ကဲ့ပါ"

ကျွန်တော့်ကို အောက်ထပ်မှာ အခန်းတစ်ခန်း သီးသန့် ပေးထား တယ်။ တစ်နေ့တာအတွက် အခန်းထဲမှာ အနားယူပြီး မနက်မိုးလင်းတဲ့ အချိန်ဟာ ကျွန်တော့်အတွက် စိတ်သစ် လူသစ် ဖြစ်သွားချိန်ပါပဲ။

အဲဒါကြောင့်လည်း နောက်ကြောင်းလေးတွေကို ခေတ္တခဏမေ့ထား ပြီး လုပ်ရမယ့် အလုပ်ကိုပဲ ခေါင်းထဲမှာ တစ်ခုစီ ထည့်ထားရတယ်။ မနက်ခြောက်နာရီလောက်မှာ တွန်းလှည်းလေးပေါ် ပစ္စည်းကို တင်ပေး လိုက်ရင် လူငှားက တွန်းသွားတယ်။ ကျွန်တော်က ခင်ခင်ထားနဲ့အတူ သမီးလေး ခင်ရွှေကို ကျောင်းသွားပို့ရတယ်။ ကျောင်းသွားပို့ပြီးရင် ဈေးကို နှစ်ယောက်အတူ ထွက်လာကြပြီး ခင်းကျင်းစရာရှိတာ ခင်းကျင်း၊ ပစ္စည်း ထွေလီကာလီတွေကို စီခင်းဆွဲချိတ်၊ ထမင်းချိုင့်သွားယူ၊ ကလေးကျောင်း သွားကြို၊ ညနေမှာ ခင်ခင်ထား ဈေးမပြန်ခင် ခြံထောင့်ရေတွင်းထဲက

ရေကိုဆွဲပြီး အုတ်ကန်ထဲ အပြည့်ဖြည့်ထား၊ ခင်ခင်ထားညီမ မအားလပ်လို့ ရောက်မလာရင် ကလေးမလေးတွေကို စာသင်ပေးနဲ့ မကြာခင်မှာ အိမ်သားတစ်ယောက်လို ဖြစ်သွားတယ်။

စားပြီး သောက်ပြီး လခရယ်လို့ ဟုတ်ပုံမရပါဘူး၊ သုံးဖို့ဆိုပြီး ခင်ခင်ထားက တစ်လ နှစ်ရာပေးတယ်။ အဲဒီငွေနှစ်ရာနဲ့ပဲ ကျွန်တော် ဂစ်တာ အစုတ်ကလေးတစ်လက် ဝယ်ပြီး ပန်းမြို့က ဇနီးနဲ့ သမီးလေးကို လွမ်းလွမ်းနဲ့ ညနေတိုင်း အိမ်ရှေ့ထွက်ပြီး ဂစ်တာခေါက်နေတယ်။ကျွန်တော် ဂစ်တာ ခေါက်သံကြားတာနဲ့ အိမ်နားက ကလေးတွေ၊ ခင်ခင်ထား သမီးလေး ခင်ရွှေနဲ့ အိမ်နီးနားက ကလေးလေးတွေက ဝိုင်းလာတတ်ကြတယ်။ ဒါကို ကျွန်တော့်စိတ်ထဲ ဖီးဖြစ်နေတယ်။ ပန်းမြို့က ငါ့သမီးလေးနဲ့ ခုလို အတူ နေရရင် ဘယ်လောက်ကောင်းလိမ့်မလဲဆိုတဲ့ အတွေးကို နေ့တိုင်းတွေးပြီး ဖီလင်တက်နေတယ်။

အလုပ်ကတော့ တစ်ခါတစ်ရံ ခင်ခင်ထားနဲ့ ကျွန်တော်တို့ ရှမ်းပြည်နယ်ဘက်ကလာတဲ့ ကုန်ရထားတွေကို ဈေးအမီ အတူသွားဝယ်လိုက်၊ တစ်ခါတစ်ခါ ညောင်လေးပင်၊ ပြွန်တန်ဆာဘက်ကို ငါးပိကောင်၊ ငါးခြောက်၊ ငရုတ်သီးကအစ ဆင်းဝယ်ရင် လိုက်ရတယ်။ ညောင်လေးပင်၊ ပြွန်တန်ဆာ ဆိုတာဟာ ကျွန်တော့်နယ်ဘက်ဖြစ်နေတော့ အစစအရာရာ အဆင်ပြေတယ်။ တစ်ခါတလေ ကလောဘက်ကို ငါးခြောက်၊ ငါးပိကောင်နဲ့ နှစ်ယောက်သား တက်ဖြစ်ကြတယ်။

ခင်ခင်ထားတို့က ဝက်သား မစားကြဘူး။ ကျွန်တော်က ဝက်သား ကြိုက်တာ သိတော့ တကူးတက လုပ်ပေးရှာတယ်။ တစ်ပတ်တစ်ခါလောက် ဘုရားကိုလည်း ခင်ခင်ထားရယ်၊ သမီးလေး ခင်ရွှေရယ်၊ ကျွန်တော်ရယ် သုံးယောက်သား သွားတတ်ကြတယ်။ အဲဒါကြောင့်လည်း သမီးလေးက ကျွန်တော့်ကို တော်တော်ခင်နေရှာတယ်။ ဘယ်သွားသွား သူ့ကို မခေါ်ရင် အော်ငိုတတ်တယ်။ ပထမတော့ ဦးဦးခေါ်တယ်၊ နောက်တော့ ဦးဦးတစ်ခါ၊ အဖေတစ်ခါ၊ ဖေဖေလို့ပါ ခေါ်လာတော့ ကျွန်တော်လည်း အနေရ အထိုင်ရ ကျပ်လာတယ်။ ကလေးမလေးက သနားစရာ အဖေငတ်နေရှာတယ်။ ဒါနဲ့ ပတ်သက်လို့ ခင်ခင်ထားက ပြောပြတယ်။





"မမယောက်ျားက သီပေါမြို့နယ်ထဲက တစ်နေရာမှာ တိုက်ပွဲကျသွားတာ သမီးလေး တစ်သက်ပါပဲကွယ်၊ သူ့အဖေကို ဖြူသလား၊ မည်းသလားတောင် မမြင်ဖူးလိုက်ရရှာဘူး"ဆိုတော့ ကျွန်တော် ပိုပြီး ထိခိုက်တယ်။ ဘာထူးလဲ ခုဆို ကျွန်တော့်သမီးလေးလည်း အဖေကို မြင်ဖူးရှာတာမှ မဟုတ်တာ။ အဲဒါကြောင့်လည်း ခင်ရွှေလေးအပေါ် ကျွန်တော် ပိုပြီး သနားလာမိတယ်။ ကိုယ်ချင်းစာမိလာတယ်။ ရုပ်ရှင်အတူသွားကြည့်ကြလို့ ခင်ခင်ထားက ရုပ်ရှင်ရုံထဲစားဖို့ ဆီးထုပ်၊ နေကြာစေ့ထုပ်၊ တောင်ကြီးပဲလှော် တစ်ခုခု သွားဝယ်လို့ ခင်ရွှေလေးနဲ့ ကျွန်တော် ရုပ်ရှင်ရုံဝမှာ ရပ်ကျန်ရစ်ခဲ့ကြရင် မိန်းမတွေက မကြားတကြားနဲ့ "ခင်ခင်ထားတို့ကတော့ ရှေ့သွားနောက်လိုက် ညီပါ့တော်" ဘာဘာညာညာနဲ့ ပြောလာကြတာကို ကျွန်တော် မကြာမကြာ ကြားလာရတယ်။ အဲဒါတွေကို ခင်ခင်ထားကတော့ ရယ်လို့ မောလို့ ဘာမှ မဖြစ်သလို နေတယ်။ ကျွန်တော့်မှာတော့ ရုပ်ရှင်သာ ကြည့်နေရတယ်။ စိတ်ထဲ မလုံမလဲ ဖြစ်လာရတယ်။

ကျွန်တော် အင်္ကျီ ပုဆိုးတွေ ဝယ်လာရင် ခင်ခင်ထားက စိတ်ကောက်ပြတယ်။ နောက်တော့ သူကိုယ်တိုင် ဝယ်ပေးတယ်။ သူဝယ်ပေးတဲ့ အဆင်က ရိုးတော့ ကျွန်တော် မကြိုက်ဘူး၊ ကျွန်တော့်ဘဝ အခြေခံက လူဆိုး သူခိုးဆိုတော့ ဘာဖြစ်ဖြစ် ဒီနေ့ကောင်းကောင်းဝတ်မယ်၊ ကောင်းကောင်းစားမယ်။ မနက်ဖြန် အဖမ်းခံရမလား၊ ထောင်ကျမလား၊ အချုပ်ရောက်မလားဆိုတဲ့ စိတ်အကျင့်ပါနေတော့ နက်ဖြန်အတွက်ကို ထည့်မစဉ်းစားမိဘူး။ ခင်ခင်ထားကတော့ နက်ဖြန်တင်မက တစ်သက်လုံးအတွက်ပါ စီမံကိန်းချပြီး ကျွန်တော့်ကို ပုံသွင်းလာတယ်။

ခင်ခင်ထား အဒေါ် မန္တလေးကို အလည်သွားတဲ့တစ်နေ့ ခင်ခင်ထားက ကျွန်တော့်ကို အဝတ်လဲခိုင်းတယ်။ သပ်သပ်ရပ်ရပ်ဖြစ်အောင် သူကိုယ်တိုင် ပြင်ဆင်ပေးတယ်။ မကြိုက်လို့ဆိုပြီး အင်္ကျီလုံချည် နောက်ထပ် တစ်စုံလဲပေးလိုက်တယ်။

"အစ်မ ဘယ်အလှူလိုက်ရမှာမို့လဲဟင်"

"ဒီနားက ရဲစခန်းကို ခဏပါကွယ်"

"ဗျာ-မမ၊ ရဲစခန်းကို"

"ဟုတ်ပါတယ်၊ လူဦးရေတစ်ယောက်တိုးကြောင်း စာရင်းသွင်းရုံပါ။ ဘာဖြစ်လို့လဲ၊ စခန်းက ပုဂ္ဂိုလ်တွေနဲ့လည်း ရင်းနှီးသွားအောင်လို့ပါ"

အမယ်လေး ၊ရဲစခန်းဆိုတဲ့ အသံကြားတာနဲ့ ကျွန်တော် တစ်ကိုယ်လုံး ကြက်သီးဖြန်းဖြန်း ထသွားမိတယ်။ ဒါပေမယ့် ဒီစခန်းနဲ့ ပတ်သက်လို့ အမှုအခင်းဖွင့်ထားတာ မရှိသလို သူတို့ဆီက ဧည့်စာရင်းတိုင်တာလည်း စခန်းထိတောင် သွားတိုင်ရလား၊ တစ်မျိုးကြီးပါလားလို့ တွေးပြီး ခင်ခင်ထားခေါ်တဲ့ စခန်းကို လိုက်လာရတယ်။ ခင်ရွှေလေးက ကျောင်းသွားနေတော့ နှစ်ယောက်တည်းပဲ စခန်းကို ထွက်လာကြတယ်။ စခန်းကိုရောက်တော့ လက်ဖက်ရည်၊ မုန့်၊ စီးကရက်တို့နဲ့ ဧည့်ခံမှု လုပ်ထားတာ တွေ့ရတယ်။

ကျွန်တော် မသိသေးတဲ့ ခင်ခင်ထား မိတ်ဆွေတွေ၊ နောက်ပြီး ဌာနဆိုင်ရာတွေကလို့ သူတို့ ပြောနေကြတဲ့ စကားအရ သိရတဲ့ လူကြီးတချို့နဲ့ ရဲအရာရှိတွေက ရယ်ရယ်မောမော တသောသော ဖြစ်နေကြတယ်။ ကျွန်တော့်အနားမှာ အသက် (၄၀) ကျော်အရွယ် အဒေါ်ကြီး တစ်ယောက်နဲ့ အရပ်ဝတ်အရပ်စားနဲ့ ရဲသားနှစ်ယောက်က တစ်ဝိုင်း၊ ခဏအကြာမှာပဲ ကျွန်တော်ထိုင်နေတဲ့ စားပွဲကို ခင်ခင်ထားနဲ့ စခန်းမှူးအပြင် လူကြီးလူကောင်းလို့ ထင်ရတဲ့ လူကြီးနှစ်ယောက်တို့က ရှေ့မှာ လာရပ်ကြတယ်။ ခင်ခင်ထားက "ငါ့မောင် ဒီမှာ လက်မှတ်ထိုး"ဆိုပြီး စားပွဲပေါ်ကို စာရွက်တစ်ရွက် လာတင်ပေးတယ်။

"ကျွန်တော် ဘာအတွက် ထိုးရမလဲ မမ"

ခင်ခင်ထားက ရယ်ပြီး "အဲဒါသာကြည့်တော့" ဆိုတော့ စခန်းမှူးက-

"မင်း တော်တော်ရိုးတဲ့လူပဲ ကိုယ့်လူရာ၊ ဘာအတွက် ထိုးရမလဲ ထားထားတို့အိမ်မှာ လူဦးရေ တစ်ယောက်တိုးတဲ့အတွက်လေကွာ ငါ့ညီရာ၊ ဟား . . . ဟား၊ လုပ်စမ်းပါ၊ လက်မှတ်ထိုးမှာသာ ထိုးစမ်းပါ၊ ဟဲ . . . ဟဲ"

ကျွန်တော် ခင်ခင်ထားကို တစ်ချက် မော့ကြည့်လိုက်တယ်။ ခင်ခင်ထားကလည်း ကျွန်တော့်ကို ပြုံးပြီး ကြည့်လို့။

လူကြီးတစ်ယောက်က "ဒီနေရာမှာထိုးပါ"ဆိုတာနဲ့ ကျွန်တော်လည်း





လက်မှတ်ထိုးပေးလိုက်ရတယ်။ လက်မှတ်ထိုးနေရင်းက ပတ်ဝန်းကျင် စားပွဲနားက မကြားတကြား အသံတွေ။

"သူငယ်တော့ စိုင်ကော်လို့ ချုပေါ်ရောက်သွားပြီ၊ ဒီသူငယ် ကံကောင်းတယ်၊ ဖူးစာပေါ့လေ၊ ရိုးရှာတယ်၊ ငယ်ပေမယ့် လိုက်ဖက်ပါတယ်။ ထားထားကလည်း လေးဆယ်တောင် မပြည့်သေးတာ"

မကြားတစ်ချက် ကြားတစ်ချက် အသံတွေက ကျွန်တော့်နားထဲ ဆူညံပေါက်ကွဲနေတယ်။ စိုင်ကော်လို့ ချုပေါ်ရောက်တယ် ဆိုတာ ခင်ခင်ထားဆီမှာ အလုပ်ရတာကိုပြောတာလား၊ ကျွန်တော့်စိတ်ထဲ ဝေခွဲ မရသေးဘူး။ ညနေစောင်းလောက်မှာ စခန်းကကားနဲ့ ကျွန်တော်တို့ကို အိမ်အရောက် လိုက်ပို့ကြတယ်။

ကျွန်တော်က ဘာမှ မသိသေးဘူး။ ပိုနေမြဲ ကျားနေမြဲပါပဲ။ ခင်ခင်ထားကတော့ ကျွန်တော့်အတွက် ထူးခြားနေတယ်။ သိမ်းထားတဲ့ စက်ဘီးတစ်စီးက ကျွန်တော့်အတွက်လို့ ပြောတယ်။ နောက်တစ်နေ့မှာ ဓာတ်ပုံရိုက်ခိုင်းပြီး မှတ်ပုံတင် လုပ်ခိုင်းတယ်။ မှတ်ပုံတင် ဓာတ်ပုံကို ပုံကြီး မှန်ဘောင်လုပ်ပြီး ဒုအရာခံဗိုလ်ဓာတ်ပုံ ချိတ်ထားတဲ့နေရာမှာ ချိတ်တယ်။ ဒုအရာခံဗိုလ်ဓာတ်ပုံကိုတော့ ဖြုတ်ပြီး သိမ်းလိုက်တယ်။ အရင်လို သုံးစရာလိုရင် တောင်းသုံးဖို့ မလိုတော့ဘူး။ ငွေထားတဲ့ ဗီရိုသော့တစ်ချောင်းကို ကျွန်တော့်ကို ပေးတယ်။

တစ်နေ့ ဟိုတွေး ဒီတွေးနဲ့ အရက်နည်းနည်းသောက်ပြီး ကျွန်တော် အိမ်ပြန်လာတယ်။ အရက်အမူးမပြေသေးတာနဲ့ အခန်းထဲ တန်းဝင်ပြီး အိပ်နေလိုက်တယ်။ အဲဒီနေ့က ခင်ခင်ထား ဆိုင်နားတဲ့နေ့ ဖြစ်တယ်။

ကျွန်တော့်အခန်းထဲဝင်လာပြီး "ငါ့မောင် နေမကောင်းဘူးလား၊ ဟင်. . . အရက်နံ့လည်း ရပါလား၊ ငါ့မောင် အရက်သောက်လာတယ် ထင်တယ်"လို့ မေးတယ်။

"ဟုတ်တယ် မမထား၊ ကျွန်တော် ဒီနေ့ စိတ်ညစ်လွန်းလို့ အရက်နည်းနည်းသောက်လာတယ်။ ကျွန်တော့်ကို ခွင့်လွှတ်ပါ"လို့ ပြောလိုက်တယ်။

ကျွန်တော့်အနေနဲ့ သူ့ကို အစ်မတစ်ယောက်လို၊ ကျေးဇူးရှင်တစ်

ယောက်လိုပဲ သဘောထားတယ်။ အဲဒါကြောင့် ကျွန်တော် အစစအရာရာ ဆင်ခြင်နေတယ်။

"ငါ့မောင် ဘာတွေ စိတ်ညစ်လဲ မမကိုပြော၊ မမ ကူညီမှာပေါ့။စိတ်ညစ်တယ်ဆိုပြီး ဒီလိုတော့ အရက်တွေ ဘာတွေ မသောက်နဲ့ကွယ်၊ မကောင်းပါဘူး"

"မမတို့အိမ်မှာ ကျွန်တော်က ဧည့်သည်တစ်ယောက်ပဲ၊ တစ်နေ့ကျ ကျွန်တော် ဒီအိမ်က ခွဲခွာသွားရမှာပါ"

"ဪ . . . ငါ့မောင်က ဒါကို စိတ်ညစ်နေတာကိုး၊ ဟား . . . ဟား ဒီမှာ မမ ပြောမယ်၊ ဒီအိမ်ဟာ မမအိမ်ပဲ၊ ငါ့မောင် ဒီအိမ်မှာ မမနဲ့ ပျော်သလောက် နေနိုင်တယ်။ ငါ့မောင်ကို ဘယ်သူမှ မပိုင်ဘူး၊ မမပဲ ပိုင်တယ် ဟုတ်တယ် မဟုတ်လား"

အဒေါ်ကြီးကလည်း ပြန်မလာသေးတဲ့အတွက် ခင်ခင်ထားက ကျွန်တော့်ကို အိမ်အပေါ်ထပ်က သူ့အိပ်ခန်းထဲမှာ လာအိပ်ဖို့ ပြောတယ်။ သမီးလေးလည်း ကိုယ်ပူနေတယ်၊ အဖော်မရှိရင် မဖြစ်ဘူးတဲ့။ သူဘာသဘောနဲ့ပြောတယ်ဆိုတာ ကျွန်တော် သိတယ်။ ဒါပေမယ့် သူ့ကို ကျွန်တော် ဘယ်လိုမှ စိတ်မဝင်စားတာနဲ့ ခင်ရွှေလေးကို အလယ်က ထားပြီး အိပ်တာ တစ်ညတော့ အောင်မြင်သွားတယ်။

တစ်နေ့ ခြံထောင့်က ရေတွင်းမှာ ရေလာခပ်ကြတဲ့ မိန်းမ သုံးလေးယောက်က ပန်းရုံကွယ်နေတော့ ကျွန်တော့်ကို မမြင်လို့နဲ့တူတယ်။ သူတို့အချင်းချင်း ပြောနေကြတဲ့ စကားတွေကို ကျွန်တော် ကြားလိုက်ရတယ်။

"ဒီမိန်းမနှယ်၊ ဘယ်ကမှန်း မသိတဲ့ ကလေကချေ ကောင်လေးကို မုန့်ကျွေးကြိုက် ခိုင်းထားတာတော့"

"ဟင်း . . . ဟင်း၊ ဟုတ်တာပေ့ါအေ၊ ကောင်လေးကလည်း ကလေကချေမို့သာ ခင်ခင်ထားလို မုဆိုးမ ကလေးတစ်ယောက်အမေ အသက်ကြီးကို ယူတာပေါ့၊ မျက်နှာတွေကလည်း ပြောင်ကြပ့ါတော်၊ သွားအတူလာအတူ မိုးမမြင် လေမမြင် ဖြစ်နေလိုက်ကြတာ ရပ်ကွက်နာပါတယ်အေ"

"နင်ကသာ ရပ်ကွက်နာနေ၊ ငါတို့ ကြားတော့ ခု ခင်ရွှေလေးက တောင် အဲဒီ ကလေကချေကို ဖေဖေခေါ်တယ်ဆိုပဲဟ၊ သွားလေသူကြီးသာ ကြားရင် ဘယ်လောက် ရင်နာလိုက်မလဲနော်"

အဲဒီနေ့ကပင် ကျွန်တော် စိတ်မကောင်းဘူး။ ရေလာခပ်ပြီး ပြန်သွားကြတဲ့ မိန်းမတွေ နောက်ကျောကို ငေးကြည့်ပြီး 'ငါ ဘာလုပ်ရမလဲ၊ ဘာလုပ်ရင် ကောင်းမလဲ'ဆိုတဲ့ အတွေးတွေကို တွေးနေရတယ်။

ဒီလိုနဲ့ တစ်နေ့ ခင်ခင်ထား ညီမဝမ်းကွဲအမေဆုံးလို့ ဓာတ်စက်သွားဖွင့်ပေးရတယ်။ ကျွန်တော်နဲ့အတူ ခင်ခင်ထားတို့ လူငှားလည်း ပါတယ်။ အဲဒီမှာတင် ခင်ခင်ထား အစ်မတစ်ယောက်က ကျွန်တော့်အနားလာပြီး

"ငါ့မောင်ကို အစ်မကြီး ပြောစရာ တစ်ခုရှိတယ်၊ အခု ငါ့မောင် နေနေတဲ့အိမ်က ခင်ခင်ထား တစ်ယောက်တည်းပိုင် မဟုတ်ဘူး၊ အစ်မတို့လည်းပိုင်တဲ့ အမွေဆိုင်အိမ်ပါ၊ ဒီအိမ်နဲ့ ပတ်သက်လို့ အရင် သူ့လင်ကြီး ရှိတုန်းကပင် ပြဿနာက တစ်လှေကြီး၊ ခင်ခင်ထားကတော့ သူ့ယောက်ျား အရှိန်အဝါနဲ့ ဒီအိမ်ကြီးကို အပိုင်စီးဖို့ ကြံခဲ့သေးတာ၊ ခုလည်း ဒီအိမ်ကိစ္စ တရားရုံးက အဆုံးအဖြတ် မကျသေးဘူး၊ မိဘနဲ့အတူနေတဲ့ သမီးထွေး၊ အိမ်ကိုလည်း သူ့ယောက်ျားက ပြုပြင်ခဲ့တာ ဘာညာနဲ့ပေ့ါကွယ်၊ အဲဒါ အစ်မတို့ ညီအစ်မချင်း ပဋိပက္ခ ဖြစ်နေတဲ့ကြားထဲမှာ ငါ့မောင်အနေနဲ့ ကန့်လန့်ကန့်လန့် ပါနေမှာစိုးလို့ သတိပေးတာပါ၊ ငါ့မောင်မှာ မိဘတွေ ဘာတွေ မရှိဘူးလား၊ ဆွေမျိုးတွေကော"လို့ မေးတယ်။

ကျွန်တော်က အမှန်အတိုင်းပဲ "ရှိပါတယ်"လို့ ပြောလိုက်တယ်။

"ဒါဆိုလည်း ကိုယ့်မိဘဆီ မြန်မြန်ပြန်ပါလားကွယ်၊ငါ့မောင်အတွက် ခရီးစရိတ်ကအစ အစ်မကြီးတို့ တာဝန်ယူပါတယ်"လို့ ပြောနေတုန်း လူငှား တက်လာတာနဲ့ စကားပြတ်သွားတယ်။

အဲဒီတော့မှ ကျွန်တော်လည်း ခင်ခင်ထားတို့ ညီအစ်မတွေ ပြဿနာထဲ ဝင်ပါနေတာ သိရတယ်။ တစ်နေ့တော့ ဟုတ် မဟုတ် ခင်ခင်ထားကို မေးကြည့်ဦးမယ်လို့လည်း တေးထားလိုက်တယ်၊ လူငှားကတော့ မလွှဲသာလို့သာ လိုက်လာရတာ၊ ဒီအိမ်က လူတွေနဲ့ ခင်ခင်ထားနဲ့ အဆင်မပြေကြဘူးဆိုတာ သိပြီးသား ဖြစ်နေတယ်။ အဲဒီနေ့က ကျွန်တော် စိတ်ညစ်ညစ်နဲ့ အိမ်ပြန်လာပြီး အခန်းထဲဝင် တွေးနေမိတာ အိပ်ပျော်သွားလို့ ခင်ခင်ထား




ပညာရွှေတောင်စာအုပ်တိုက်

ဈေးသိမ်းလာတာကိုတောင် သွားမကြိုမိလိုက် ဖြစ်သွားတယ်။ နေ့စဉ်ကြိုနေ ပို့နေကျ ကျွန်တော်က ဟိုအိမ်က ပြန်လာပြီး အခန်းထဲ ဝင်အိပ်နေတော့ ခင်ခင်ထားလည်း ကျွန်တော့် အမူအရာ ပြောင်းနေပါလားလို့ တွေးမိပုံရတယ်။ ဒါပေမယ့် ဘာမှတော့ မပြောသေးဘူး။ ကျွန်တော့် အရိပ်အခြည်ကို အကဲခတ်ကြည့်နေတယ်ဆိုတာလောက်တော့ ကျွန်တော်လည်း သိလိုက်တယ်။

ကျွန်တော် ဘယ်ကိုသွားမလဲ၊ ဘာဆက်လုပ်မလဲဆိုတာ နေ့တိုင်းတွေးနေတယ်။ ကျွန်တော် အမူအရာ ပျက်နေတာကို သိလို့လားမသိဘူး။ ခင်ခင်ထားက နာရီနဲ့ လက်စွပ်တစ်ကွင်း ဆင်ပေးထားတယ်။ ဒါပေမယ့် ခင်ခင်ထားဆီမှာ ကျွန်တော် မပျော်တော့ဘူး။ အဲဒါကြောင့် တစ်နေ့ဈေးဘက်က အသိတွေနဲ့ အရက်ဆိုင်မှာ အရက်ဝင်သောက်ပြီး အတော်မူးတော့မှ အိမ်ပြန်လာတယ်။ အချိန်က ညကိုးနာရီလောက် ရှိနေပြီမို့ အိမ်ထဲ မဝင်တော့ဘဲ ခြံထဲက ကွပ်ပျစ်ပေါ်မှာ ပက်လက်အိပ်ပျော်သွားတယ်။ ကျွန်တော် သတိရတော့ အိမ်ထဲကို ရောက်နေတယ်။ ခင်ခင်ထားလည်း ကျွန်တော့်အနားမှာ တွေ့ရတယ်။ ကျွန်တော့်ကိုကြည့်ပြီး ခင်ခင်ထားက မှိုင်နေတယ်။

"မမထား၊ ကျွန်တော် ပြန်တော့မယ်ဗျာ၊ ကျွန်တော့်ကို ခွင့်ပြုပါ၊ ကျွန်တော့်ဘကြီးကို တွေ့အောင် ရှာပါရစေဦး၊ ဘကြီးကိုတွေ့တော့ ကျွန်တော် ပြန်လာခဲ့ပါ့မယ်"

"ငါ့မောင် ဘာကြောင့် ပြန်ချင်တယ်ဆိုတာ မမ သိပါတယ်ကွယ်၊ မမ အကုန် သိပြီးပါပြီ၊ ငါ့မောင် ဒီအကြောင်းတွေကို တွေးပြီး ဘာမှစိတ်ညစ်မနေနဲ့၊ မေ့မေ့ပျောက်ပျောက်ထားပြီး ပျော်အောင်နေစမ်းပါ၊ မမတို့ အပေါ် သံယောဇဉ်ရှိတယ်ဆိုရင် ငါ့မောင် ဒီအိမ်က ဘယ်မှထွက်မသွားပါနဲ့လားကွယ်၊ ငါ့မောင် မဲ့တစ်ပေါက် မစွန်းစေရပါဘူး၊ မမ တာဝန်ယူပါတယ်"

ခင်ခင်ထားက ပြောပြီး မျက်ရည်တွေ ကျနေတယ်။ ခင်ရွှေလေးကတော့ ဘာမှ သိပုံမရဘူး၊ ကျောင်းလွယ်အိတ်လေးကို လွယ်ပြီး ကျွန်တော့်ကိုတစ်လှည့်၊ သူ့အမေမျက်နှာကိုတစ်လှည့် ကြည့်နေရှာတယ်။





ခဏကြာတော့မှ "ဦးဦး ဘယ်ကို သွားမလို့လဲဟင်။ ဦးဦးသွားရင် သမီးလည်း လိုက်မယ်နော်ဦး" လို့ ပြောနေတယ်။ ကျောင်းချိန်နီးပြီမို့ ရေချိုးအဝတ်လဲပြီး ခါတိုင်းနေ့တွေလိုပဲ ခင်ရွှေလေးကို စက်ဘီးပေါ်တင်ပြီး ကျောင်းပို့ထွက်လာတယ်။

ခင်ခင်ထားက "ငါ့မောင် အပြန်မှာ ဆိုင်ကို ဝင်ခဲ့ဦးနော်"ဆိုတာနဲ့ ခင်ရွှေလေးကို ကျောင်းပို့အပြီးမှာ ခင်ခင်ထား မှာလိုက်သလို ဆိုင်ကို ဝင်ရတယ်။ "အိမ်ကို မပြန်နဲ့ဦး"ဆိုတာနဲ့ ဆိုင်မှာပဲ ထမင်းစားကြတယ်။ ခင်ရွှေလေး ကျောင်းအဆင်းကို သွားကြိုပြီး ဆိုင်ကိုပဲ ပြန်လာကြတယ်။ ညနေကျတော့ ထုံးစံအတိုင်း ဆိုင်သိမ်းပြီး သုံးယောက်သား အိမ်ကို အတူပြန်လာကြတယ်။

ကျွန်တော့်အပေါ်မှာ ခင်ခင်ထားဟာ အင်မတန် ကောင်းရှာပါတယ်။ ဒါပေမယ့် တစ်နေ့တော့ ခင်ခင်ထားနဲ့ ညီအစ်မတွေ အကြီးအကျယ် ရန်ဖြစ်ကြတယ်။ ကျွန်တော် အိမ်ပေါ်ကနေ အကုန်ကြားနေရတယ်။ ပထမတော့ ဆင်းပြီး ဖျန်ဖြေပေးမလားလို့ တွေးမိလိုက်သေးတယ်။ နောက်တော့ ကျွန်တော်နဲ့ ပတ်သက်တာလည်းပါလာတာမို့ အိမ်ပေါ်က မဆင်းရဲတော့ဘူး။ ကျွန်တော့်အကြောင်းကတော့ အမိကမဟုတ်ဘဲ အမွေကိစ္စကနေ နွယ်သွားတယ်။ ခင်ခင်ထားနဲ့ အတူနေ အဒေါ်ကြီးကတော့ ကျွန်တော်တို့ ခင်ခင်ထားတို့ဘက်က ကာကွယ်ပြီး ပြောတယ်။ ရန်ပွဲက အိမ်နီးနားချင်းတွေ ဖျန်ဖြေလည်း မရတော့ ငယ်ကျိုးငယ်နာတွေ ဖော်ရာက အိမ်နီးချင်းတွေကို အကူအညီတောင်းရတဲ့အထိ ဖြစ်သွားကြတယ်။

လူကြီးတွေ ရောက်လာတော့ ရန်ပွဲက ငြိမ်းအေးသွားတယ်။ ဒါပေမယ့် ခဏပဲဆိုတာ ကျွန်တော် တွေးမိထားတယ်။ ထာဝရငြိမ်းအေးဖို့က ဒီအိမ်မှာ ကျွန်တော် မရှိမှ ဖြစ်မယ်လို့ ဆုံးဖြတ်လိုက်တယ်။ သူတို့ အမွေကိစ္စနဲ့ ရှုပ်နေရတဲ့အထဲ ခုတစ်ခါ ကျွန်တော်ကပါ အိမ်ပေါ်ရောက်လာတော့ ကျွန်တော်နဲ့ ပတ်သက်နေပြီ။ အဲဒါကြောင့် တစ်နေ့မှာခင်ခင်ထားကို ကျွန်တော်က ပြောလိုက်တယ်။

"ကျွန်တော့်ဘကြီးအိမ်ကို သိနိုင်တဲ့ သူငယ်ချင်းတစ်ယောက် ဈေးချိုမှာရှိတယ်လို့ သတင်းရထားတယ် မမထား၊ ကျွန်တော် မန္တလေးကို တစ်

ပတ်လောက်သွားပြီး ဘကြီးကို စုံစမ်းဦးမယ်"

"ဟုတ်လား၊ ဒါဆို မမလည်း လိုက်ရမှာပေါ့၊ ငါ့မောင် တစ်ယောက်တည်း မလည်မဝယ်နဲ့ ဘယ်ဖြစ်ပါ့မလဲ"

"ကျွန်တော် မန္တလေးမှာ လည်ပါတယ် မမထား၊ ဘကြီးကိုတွေ့ရင် ကျွန်တော် မမထားဆီ ပြန်လာမှာပါ"

"ငါ့မောင် ဟိုတုန်းကပြောတော့ မန္တလေးကို တစ်ခါမှ မရောက်ဖူးပါဘူးဆို၊ မမ သိပါတယ်ကွယ်၊ မင်း မမကို ပစ်ထားခဲ့မလို့ မဟုတ်လား၊ မမ ဘဝကိုလည်း သနားပါဦး၊ မင်းကို မမ အားကိုးတကြီးနဲ့ . . . အို . . . ခု မင်းသာ မမကို ပစ်သွားရင် မမကို ဆွေမျိုးတွေကရော၊ ပတ်ဝန်းကျင်ကပါ ဘာပြောကြမလဲ။ မင်း . . . မင်း . . . မမကို သနားရင် သတ်ပြီးမှ သွား၊ မမ သေပြီးမှ သွား"

ကျွန်တော် တော်တော် စိတ်ညစ်သွားတယ်။ သူပြောတာလည်း ဟုတ်တော့ ဟုတ်ပါတယ်။ ကျွန်တော်သာ သူ့ကို ပစ်သွားရင် ခင်ခင်ထား လူတကာ တံထွေးခွက် ပက်လက်မျောလိမ့်မယ်။ ဒါပေမယ့် ကျွန်တော့် အနေကလည်း ဘယ်လိုမှ နေလို့ မဖြစ်တော့ပါဘူး။ တကယ်လို့ တရားရုံးရောက် ဘာရောက် ဖြစ်လာရင် ကျွန်တော့်ဘဝဇာတ်ကြောင်းကလည်း ပေါ်လာတော့မယ်။ အဲဒီအခါ ခင်ခင်ထား ပိုပြီး အရှက်ရသလို ကျွန်တော်လည်း ထောင်နန်းမစံရဘူးလို့ မပြောနိုင်ဘူး။ မန္တလေးရထားလိုင်းဆိုတာက ကျွန်တော်တို့ စုန်ချည်ဆန်ချည် လုပ်စားနေတဲ့လိုင်းပဲ။

အဲဒါကြောင့် တစ်နေ့ ခင်ခင်ထား မရှိတုန်း စာတစ်စောင်ရေးတယ်။ စာက တိုတိုလေးပဲ။

"*ကံကြုံရင် ပြန်ဆုံကြဦးမယ် မမထား၊ ခုတော့ မောင်လေးကို ခွင့်ပြုပါဦး*" ဒါပါပဲ။

ခင်ခင်ထား ပေးထားတဲ့ နာရီနဲ့ လက်စွပ်ကို ချွတ်ပြီး စားပွဲပေါ်က စာတိုလေးကို ဖိထားခဲ့ပြီး ထွက်လာခဲ့တယ်။ ဘူတာနား ရောက်တဲ့အထိ ဘယ်ကိုသွားရင် ကောင်းမလဲဆိုတာ ဆုံးဖြတ်လို့ မရသေးဘူး။ ဒါပေမယ့် ခြေလှမ်းကတော့ မနက်စောစော နှင်းမှုန်တွေထဲမှာ လှမ်းလျက်ပဲ။

မန္တလေးကိုတော့ မသွားတော့ဘူးလို့ ဆုံးဖြတ်လိုက်တယ်။ မန္တလေး





ကနေ ပန်းမြို့သွားရင် အနည်းနဲ့အများဆိုသလို ငွေလိုတယ်။ ငွေလည်း ထောင်ပြည့်အောင် မပါတော့ စဉ်းစားလျှောက်လာရင်းက ရန်ကုန်ဘက် သွားမယ့် ကုန်ရထားတစ်စီးလာနေတာနဲ့ ရထားပေါ် တွယ်တက်လိုက်လာမိတယ်။ တောင်ငူမှာ ရထားရပ်တော့ ထမင်းဆင်းစားရင်းက အတွေးတစ်ခု ပေါ်လာတယ်။တစ်ချိန်က ကြုံတွေ့မိတ်ဆွေဖြစ်ခဲ့ကြဖူးတဲ့ သန်လျင်သား ခင်ဝင်း ခေါ် ငရှဉ့်၊ တင်အုန်း ခေါ် တီတိုနီ၊ မြင့်စိန် ခေါ် ခေါင်းသေးတို့ဆီသွားရင် ကောင်းမယ်။ အဲဒါနဲ့ ငွေလည်းရှာရင်း၊ စိတ်ပြေလက်ပျောက် သန်လျင်ကို သွားမယ်လို့ ဆုံးဖြတ်လိုက်တာနဲ့ သာစည်အမြန်ရထားကို ပြောင်းစီးလိုက်တယ်။

ရန်ကုန်ရောက်တော့ ပုဇွန်တောင် ညောင်တန်း ထင်းပုံဆိပ်က သီတာ (၂) နဲ့ သန်လျင်ကို လိုက်လာတယ်။ အဲဒီခေတ်တုန်းက သင်္ဘောအောက်ထပ်နဲ့ အပေါ်ထပ်တွေမှာ အစိမ်း၊ အနီ ကစားဝိုင်း၊ ကြွေဝိုင်းတွေကို တွေ့ရတယ်။ ကျွန်တော်လည်း အစိမ်း အနီ ကစားဝိုင်းကို စိတ်ဝင်စားတာနဲ့ အနားသွားကြည့်မိတယ်။

"ဒီမှာ အစိမ်း၊ ဟော့ဒီမှာ အနီ၊ ကြိုက်ရာ ထိုး၊ ဟော့ ပြောင်းပြီ၊ ရွှေ့ပြီ၊ ရွှေ့ပြီ၊ ပြောင်းပြီ၊ ကိုယ်သိကိုယ်ထိုး၊ ဘေးမပြောနဲ့" တဲ့။

ကစားဝိုင်းထဲက အလယ်ဆိုင်ထိုင်ကို မှတ်မိလိုက်တယ်။ ပိုပြီး သေချာအောင် လူအုပ်တွေကြားက "တင်အုန်း၊ တင်အုန်း" လို့ ခေါ်လိုက်တော့ ခေါင်းထောင်ကြည့်တယ်။ သူက ကျွန်တော့်ကို မမှတ်မိဘူး။ လူတွေကို လှမ်းကြည့်ပြီး သူ့အလုပ် သူဆက်လုပ်နေတယ်။ သန်လျင်ဘက်ကမ်း ရောက်ခါနီးတော့ ဝိုင်းသိမ်းလိုက်ကြတယ်။

အဲဒီအခါမှ ကျွန်တော် တင်အုန်းကို လက်တို့ပြီး "ဟေ့ကောင် တင်အုန်း၊ မင်း ငါ့ကို မမှတ်မိဘူးလား၊ ပဲခူးကျော်မြင့်လေကွာ"ဆိုတော့ ခဏတွေကြည့်နေပြီးမှ "ဟာ-ကိုကျော်ကြီး၊ ကျွန်တော် ချက်ချင်း မမှတ်မိတာကို ဘယ်လိုမှ မအောက်မေ့နဲ့နော်၊ ကိုကျော်ကြီးကို ကျွန်တော်တို့ မျှော်နေကြတာဗျ။ တစ်နေ့နေ့တော့ ရောက်လာလိမ့်မယ်လို့ ထင်သားဟဲ . . . ဟဲ၊ ခု ဘယ်က မျက်စိလည်လာတာလဲ၊ ရော့ ဆေးလိပ်သောက်ဦးဗျာ" ဆိုပြီး ဒူးယားစီးကရက်ဘူး ထိုးပေးတယ်။ စကားကတော့

မပြတ်သေးဘူး။

"မြင့်စိန်နဲ့ ခင်ဝင်းတို့ကတော့ ဘုရားပွဲနီးနေလို့ ပါမလာကြဘူး၊ ခု အိမ်မှာ ရှိနေကြတယ်၊ မမျှော်လင့်ဘဲ တွေ့ရတာ ဝမ်းသာတယ်ဗျို့" ဆိုတော့ ကျွန်တော်လည်း တော်တော် ဝမ်းသာသွားတယ်။

အဲဒီအချိန်မှာ တင်အုန်း ဘော်ဒါတစ်ယောက်က "မင်းကုသ ခဏ ကွာ"ဆိုပြီး ဝေစုခွဲကြတယ်။ သင်္ဘောဆိုက်တော့ ထန်းပင်ကုန်းဘက်ကို ပြေးဆွဲနေတဲ့ လိုင်းကားပေါ် တက်လိုက်လာကြတယ်။ မြင့်စိန်ကို ဇယ် တောက်လို့ အိမ်မှာ အဆင်သင့် တွေ့ရတယ်။ နောက်တော့ ခင်ဝင်းအိမ် သွားပြီး သူတို့သုံးယောက်က ကျွန်တော့်ကို ကျွေးမွေးပြုစုကြတယ်။ ပျော် သလောက်နေ၊ ကျိုက်ခေါက်ဘုရားပွဲပြီးမှ ပြန်ရမယ်လို့ အတင်း ဆွဲထား ကြတယ်။

မြင့်စိန်နဲ့ ခင်ဝင်းက ညီအစ်ကိုတော်တယ်။ လိုင်းကား နောက်လိုက် နဲ့ ဖယောင်းတိုင်လုပ်ငန်း လုပ်ကြတယ်။ သူတို့က အကြံအဖန်လုပ်တိုင်း ကျွန်တော့်ကို အိမ်မှာ ထားခဲ့တတ်ကြတယ်။ ဒီလိုနဲ့ ကျိုက်ခေါက်ဘုရားပွဲ တော်ရက်မှာ ဖဲလိမ်ရိုက်ကြတယ်။ အစိမ်းဝိုင်း၊ အနီဝိုင်းလည်း လုပ်ကြ တယ်။ ကျွန်တော်က အစိမ်းဝိုင်း၊ အနီဝိုင်းကို မကျွမ်းကျင်တော့ သူတို့က လက်ထပ် သင်ပြကြတယ်။ ဒါဟာ ကျွန်တော်တို့ လောကသားတွေ တတ် ထားသင့်တဲ့ ပညာရပ်တစ်ခုအနေနဲ့ ကျွန်တော်လည်း မြင့်စိန်၊ တင်အုန်း တို့ဆီမှာ ဆရာဖြစ်သင်တန်း တက်ခဲ့ရတယ်။ တစ်နေ့ ကျွန်တော်တို့ ကား ပေါ်က အဆင်းမှာ လူတစ်အုပ်နဲ့တွေ့ပြီး ရန်ဖြစ် ရိုက်နှက်ကြတယ်။ အလစ်မို့ ကျွန်တော်ရယ်၊ မြင့်စိန်ရယ် ခံလိုက်ရတယ်။ ခင်ဝင်းကတော့ တုတ်ဓား တစ်ချောင်းနဲ့ လူအုပ်ကြားထဲ ဝင်မွှေတယ်။ ကျွန်တော်က တုတ် နဲ့ အရိုက်ခံရပြီး မြင့်စိန်က ကျောကုန်းကို ငါးမန်းစွယ်နဲ့ အခုတ်ခံလိုက်ရ တယ်။

မိုးလင်းလင်းချင်း သူတို့ ဘော်ဒါ (၁၅) ယောက်နဲ့ လက်နက်ကိုယ်စီ ယူပြီး သင်္ဘောဆိပ်ကို ထွက်လာကြတယ်။ ညက ကျွန်တော်တို့ကို ဝင်လုပ် သွားတဲ့အဖွဲ့က ရန်ကုန်ကဆိုတာ သူ့အထာနဲ့သူ သိထားကြတယ်။ အဲဒါ ကြောင့် သင်္ဘောဆိပ်ကနေ လူသွားလူလာကို အကဲခတ်ပြီး နှစ်ဖွဲ့ ခွဲစောင့်





နေကြတယ်။ (၁၀) နာရီလောက်မှာ မှတ်မိထားတဲ့ ရန်ကုန်သားနှစ်ကောင် သင်္ဘောဆိပ်ဆင်းလာတော့ မြင့်စိန်နဲ့ ခင်ဝင်းတို့အဖွဲ့က ဝိုင်းရိုက်ကြတယ်။ ရန်ကုန်သားဘက်ကလည်း မြို့ခံအသိတွေက ဝင်ရိုက်ကြတော့ ဆိပ်ကမ်း မှာ အတော် ရုတ်ရုတ်သဲသဲ ဖြစ်သွားတယ်။ ကျွန်တော်တို့ အဖွဲ့က လျင်ပြီး သားတွေ၊ နယ်ကျွမ်းပြီးသားတွေဆိုတော့ ချက်ချင်း လူစုခွဲ ပြေးလာကြပြီး ခင်ဝင်းအိမ်မှာ လူပြန်စုကြတယ်။ တင်အုန်းတစ်ယောက် နားထင်ကို လေးခွ တစ်ချက်မိပြီး ကျန်လူတွေကတော့ ပွန်းပဲ့ရုံကလွဲပြီး ဘာမှ မဖြစ်ခဲ့ ကြဘူး။ ကျွန်တော်ကတော့ ဧည့်သည်မို့ အစကတည်းက သံပိုက်ပဲကိုင်ရ တော့ ရိုက်ပွဲထဲမှာလည်း သုံးလေးချက်ပဲ ဝင်ရိုက်ပြီး ရှောင်လာခဲ့ရလို့ ဘာမှမဖြစ်ခဲ့ဘူး။

ဘုရားပွဲ မပြီးခင်မှာဘဲ အလုပ်ကို အကြောင်းပြပြီး သန်လျင်က ကျွန်တော် ပြန်လာခဲ့တယ်။ ရန်ကုန်ဘူတာကြီးကိုရောက်တော့ မန္တလေး ဘက်ထွက်မယ့် ဝမ်းနပ်(စ်) သာစည်ရထားကို စောင့်နေရတယ်။ နံပါတ် နှစ် ပလက်ဖောင်းပေါ်မှာ ဟိုဒီ လျှောက်ကြည့်နေတုန်း မျက်နှာချင်းဆိုင် ဘက်က အမျိုးသမီးနှစ်ယောက်နဲ့ အမျိုးသားတစ်ယောက် ရင်ပေါင်တန်း လျှောက်လာနေကြတာကို မျက်စိအကြည့်က ရောက်သွားမိတယ်။ အနား ရောက်လာတော့ အမျိုးသမီးတစ်ယောက်က ခိုင်စံပယ် ဖြစ်နေတယ်။ သူ့ဘေးက ကောင်က ခိုင်စံပယ် စလင်းဘက်လေးကို ကိုင်လို့။ ဘာတွေ သဘောကျလာကြတယ် မသိ၊ ရယ်လိုက် ပြောလိုက် ပတ်ဝန်းကျင်ကိုပါ မေ့လာကြတဲ့ပုံပဲ။

ကျွန်တော့်အနားကို ရောက်လာတော့ မျက်မှန်ကို ကပျာကယာ ကောက်စွပ်ပြီး မျက်နှာလွှဲထားလိုက်ရတယ်။ ဒါပေမယ့် နောက်ကျသွား တယ်။ ခိုင်စံပယ်က "ကိုကိုကျော်၊ ကိုကိုကျော်" ဆိုတော့ ကျွန်တော်က "ခင်ဗျား လူမှားနေပြီ"ပြောပြီး တွဲထိုးလာတာနဲ့ တွဲပေါ် ခုန်တက်လိုက် တယ်။ ကျွန်တော် ထိုင်ခုံမှာထိုင်ပြီး ဆေးလိပ်သောက်နေတော့ ခိုင်စံပယ်နဲ့ သူ့အဖော် လှည်းဘီးမျက်မှန်နဲ့ အမျိုးသမီးတို့ကပါ ကျွန်တော့်အနားကို ရောက်လာကြတယ်။ သူတို့လူကိုတော့ ဘယ်လို ပတ်ထားခဲ့ကြတယ် မသိ ဘူး။ အနားပတ်ဝန်းကျင်မှာ အရိပ်အယောင်တောင် မမြင်ရတော့ဘူး။

"ကိုကိုကျော် ခိုင့်ကို စိတ်ဆိုးနေမယ်ဆိုတာ ခိုင်သိပါတယ် ကိုကိုရယ်၊ သူများတွေကသာ ကိုကိုကျော်ကို လူမှားနိုင်ပေမယ့် ခိုင်ကတော့ ကိုကို့ကို တစ်သက် မမှားဘူးဆိုတာ သိပါတယ်နော် ကိုကို၊ ကိုကို့ကို ခိုင် အမြဲသတိရပါတယ်၊ နောင်လည်း သတိရနေမှာပါ၊ ဒါပေမယ့် ခိုင့်ရဲ့ ညစ်နွမ်းနေတဲ့ ဘဝအဆွေးမြည့်ကြီးကို ကိုကို့ရင်ခွင်ထဲ မအပ်ရက်လို့ ရှောင်ခဲ့ရတယ်ဆိုတာ ကိုကို နားလည်ခွင့်လွှတ်ပါနော်၊ ခိုင့်ဘဝနဲ့ခိုင်သာ ရှိပါစေတော့ ကိုကိုရယ်"

ရှိုက်သံတစ်ဝက်နဲ့ တီးတိုး လာပြောနေတဲ့ ခိုင်စံပယ်ရဲ့ စကားကို ကျွန်တော် မဟုတ်ဘဲ တခြားလူတစ်ယောက်၊ဒါမှမဟုတ် သူ့အကြောင်းကို ခဏ တဒင်္ဂတွေ့ပြီး သိကျွမ်းရတဲ့လူတစ်ယောက်ဆိုရင် ချက်ချင်း အရည်ပျော်ကျသွားနိုင်တယ်။ ဒါပေမယ့် ကျွန်တော်ကတော့ သူ့အကြောင်းကို ချေးခါးအူမ သိထားတော့ ခိုင်စံပယ် ပြောနေတဲ့စကားတွေဟာ သူ့လက်ဦးဆရာ ယမ်းကြီး သင်ထားတာလား၊ ဒိုင်းနမိုင်းဆီက နှုတ်တိုက်ကျက်ထားတာလား ဆိုတာသာတွေးပြီး ဘာတစ်ခွန်းမှ ပြန်မပြောဘဲ ဆေးလိပ်ကိုပဲ တစ်လိပ်ပြီး တစ်လိပ် ထိုင်သောက်နေလိုက်တယ်။ ဒါပေမယ့် ခိုင်စံပယ် စကားက မပြတ်နိုင်တော့၊ နောက်ဆုံးတော့ စကားပြန်ပြောရတယ်။

"ခိုင်ပြောတာ မှန်ပါတယ်၊ အစ်ကို ခိုင့်ကို မမုန်းပါဘူး၊ ခုလည်း မမုန်းဘူး၊ နောင်လည်း ဘယ်တော့မှ အစ်ကို ခိုင့်ကို မမုန်းပါဘူး၊ ဒါပေမယ့် ခိုင် ပြောသလို ကိုယ့်ဘဝနဲ့ကိုယ် ရုန်းကန်နေကြရတော့၊ ကဲ ခုလည်း အစ်ကို ရွှေညောင်တွဲကို ကူးလိုက်ဦးမယ် ခိုင်လေးရယ်"လို့ ပြောပြီး ရွှေညောင်တွဲကို ကူးလာခဲ့တယ်။ ခိုင်စံပယ် ကျွန်တော့်ကို ငေးငေးလေး လုပ်ပြီး ကြည့်ကျန်ခဲ့တယ်။

ပဲခူးကိုရောက်တော့ မြင့်စိန်နဲ့ တင်အုန်းတို့ စပါယ်ရှယ် လက်ထပ်သင်ပေးလိုက်တဲ့ အစိမ်းဝိုင်း၊ အနီဝိုင်းကို ပဲခူးမှာ ကျွန်တော် စထွင်လိုက်တော့ ဝင်ငွေက တော်တော်လေး ကောင်းတယ်။ ရထားပေါ်မှာ၊ ပွဲလမ်းသဘင်ထဲမှာ၊ ဘူတာပတ်ဝန်းကျင်မှာ၊ တစ်ခါတစ်ခါ နယ်ဘက်ကိုဆင်းပြီး ကစားသေးတယ်။ ဒီအလုပ်က လူမိုက်တော့ မွေးထားရတယ်။ အဆင်မပြေလို့ ရုန်းရင်းဆန်ခတ်ဖြစ်ရင် အစိမ်းနဲ့ အနီ နှစ်ခွက်လုံးကို ရောလိုက်





ရတယ်။ မင်းတို့က လိမ်တာ၊ ညာတာ ဘာဘာညာညာပြောလာရင် ဒန်ခွက်လေးပေါ်မှာ မှတ်ထားတဲ့ သင်္ကေတလေးကိုကိုင်ပြီး "ဒီမှာ အစိမ်း၊ ဒီမှာ အနီဗျ"ဆိုပြီး ရှင်းလင်းအောင် လုပ်ပြရတာလည်း ရှိတယ်။ဒီအလုပ်က ငွေများများမြက်မြက်ကို လုယက်ဖောက်ထွင်း အလုပ်လို ချက်ချင်း မရပေမယ့် အန္တရာယ်တော့ နည်းတယ်။

ဒီလိုနဲ့ သင်္ကြန်ရက်နီးတဲ့တစ်နေ့မှာ မြင့်စိန်တို့အဖွဲ့ ဂျစ်ကားတစ်စီးနဲ့ ပဲခူးကို ရောက်လာတယ်။ ပွဲတွေလည်း ဝင်နေကြပြီဆိုတော့ ပွဲခင်းထဲမှာ တတ်တဲ့ပညာတွေကို အသုံးချကြတယ်။ မြင့်စိန်တို့အဖွဲ့နဲ့ ယမ်းကြီး၊ ဒိုင်းနမိုင်း၊ ကျွန်တော်တို့အဖွဲ့ ပေါင်းမိကြတော့ ပညာသည်တွေက စုံတယ်။ ဆွဲကြိုးဖြတ်၊ ခါးပိုက်နှိုက်၊ လုယက်၊ အလစ်သုတ်၊ နေ့ထွက် ညထွက် ကြောင်ရိုက်၊ ဖဲဝိုင်းထိုင်၊ ပိုက်ကြူးဝိုင်းဝင်နဲ့ အပျော်ကြီး ပျော်လိုက်ကြတယ်။ ဘုရားပွဲလည်းပြီး မြင့်စိန်တို့ အဖွဲ့လည်းပြန်၊ တန်ခူးနွေရက်လည်း ကုန်ဆုံးဆိုတော့ ရွက်သစ်ကလေးတွေ ဝေလာချိန်၊ မိုးသံလေသံလည်း ကြားလာရချိန်မှာ ကျွန်တော့်ရင်ထဲ အဟာကြီးဟာလာပြီး ပန်းမြို့က ဇနီးနဲ့ သမီးလေးကို ဘယ်လို လွမ်းမှန်း မသိတဲ့ ဝေဒနာ ဖြစ်လာပြန်တယ်။

အထက်အညာဒေသက ရွှေကြက်ယက်၊ ရွှေကြက်ကျ၊ အမရပူရ သဲသောင်၊ စစ်ကိုင်းတောင် ဘုရားပုထိုးတွေကိုလည်း မျက်စိထဲ မြင်လာတယ်။ စစ်ကိုင်းစိန်မျက်လုံးနဲ့ ဓားဘရှိန်းတို့ကိုလည်း သတိရလာတယ်၊ အထူးသဖြင့်ကတော့ ဇနီးနဲ့ သမီးလေးကို သိပ်လွမ်းလာတယ်။ ဒီဘဝမှာ ငါ့ဇနီးနဲ့ ငါ့သမီးလေးကို တွေ့မှ တွေ့ရပါဦးမလား ဆိုတဲ့စိတ်က နေ့တိုင်းလိုလို ဖြစ်ပေါ်နေတယ်။ အဲဒါကြောင့် တစ်နည်းနည်းနဲ့ ငွေရအောင်ရှာပြီး ဇနီးနဲ့ သမီးလေးမျက်နှာကို တစ်ခေါက်တော့ သွားဖြစ်အောင် သွားပြီး တစ်ဝကြီး ကြည့်ဦးမယ်လို့ မှန်းထားတယ်။

အဲဒီ ရက်ပိုင်းအတွင်းမှာ ကျွန်တော် ဆောက်တည်ရာမရ ဆိုသလို ဖြစ်နေမိတယ်။ စိတ်က ညစ်တာ မဟုတ်ဘူး၊ လွမ်းနေတာ။ အဲဒါကြောင့်လည်း ရွှေမော်ဓော၊ အကျွတ်အလွတ်၊ ကျိုက်သာလွန်၊ ကလျာဏီ၊ ဒေးစွန်ပါ ဘုရားတွေပေါ် လျှောက်သွားပြီး စိတ်ကို ဖြေသိမ့်နေရတယ်။ ဒါပေမယ့် ဘယ်လိုမှ မပြေပါဘူး။ အဲဒါကြောင့် ဖဲဝိုင်းကို ရောက်သွားပြန်တယ်။

ပညာရွှေတောင်စာအုပ်တိုက်

ဖဲနိုင်လို့ ငွေနှစ်ထောင်၊ သုံးထောင်လောက်ရရင် ပန်းမြို့ကို အပြေးသွားဖို့ စီမံကိန်းကြီးပါပဲ။ဖဲဝိုင်းကလည်း နိုင်လိုက် ရှုံးလိုက်နဲ့ ငွေနှစ်ထောင်၊ သုံးထောင်က ရကို ရမလာဘူး။ အဲဒါနဲ့ မိုးသာကုန်သွားတယ်။ ပန်းမြို့က ဇနီးနဲ့ သမီးဆီ မရောက်နိုင်သေးဘူး။

ဒီလိုနဲ့ သန်းမောင်တို့ခြံမှာ ကျွန်တော် ဖဲတော်တော်ရှုံးတဲ့နေ့က ဒိုင်းနမိုင်းနဲ့ ငတိုးတို့လည်း တော်တော်ထိသွားကြတယ်။ အဲဒါကြောင့် ဖဲဝိုင်းအပြီးမှာ ဒိုင်းနမိုင်းနဲ့ ငတိုးက "ဒီညနေ မန္တလေးအမြန်ရထားကို တက်လုပ်ကြရအောင်"လို့ "ကျွန်တော့်ကို လာတိုင်ပင်ကြတယ်။ ဖဲရှုံးထားတော့ ကျွန်တော်ကလည်း လုပ်ကြတာပေါ့ကွာ။ ခု ရထားလာဖို့ အများကြီးလိုသေးတယ်။ အဆင်သင့်ဖြစ်ရင် မင်းတို့ကို လာခေါ်မယ်"ပြောပြီး အိမ်ပြန်လာတယ်။ အိမ်ရောက်တော့ ည အသုံးပြုရမယ့် ပစ္စည်းတွေကို စစ်ကြည့်လိုက်တယ်။ ပစ္စည်းအားလုံး အသင့်ပါပဲ။ ဒါနဲ့ ညနေ အလုပ်လုပ်မယ်ဆိုတော့ အိပ်ရေးဝအောင် အိပ်၊ ရေချိုး၊ ထမင်းစားပြီး ဒိုင်းနမိုင်းနဲ့ ငတိုးတို့ကို အစီအစဉ်ပြောပြဖို့ စက်ဘီးတစ်စီးနဲ့ ထွက်လာခဲ့တယ်။

ငတိုးနဲ့ ဒိုင်းနမိုင်းတို့ကို အိမ်မှာ တစ်ယောက်မှ မတွေ့ရဘူး။ မေးကြည့်တော့ ညကပင် အိမ်ပြန်မအိပ်ကြဘူးလို့ သူ့အိမ်သားတွေက ပြောတယ်။ ဒီကောင်တွေ ဘယ်များ သဝေထိုးနေကြပါလိမ့်လို့ စဉ်းစားပြီး သန်းမောင်တို့ခြံဘက် တစ်လှည့် ကြည့်တယ်။ နှစ်ကောင်စလုံး ခြံထဲက ဘယ်မှ မသွားကြသေးဘူး။ ဖဲနိုင်တဲ့လူတစ်ယောက်က တိုက်သွားလို့တဲ့။ မူးနေလိုက်ကြတာ တစ်ကောင်မှ လမ်းထမလျှောက်နိုင်ကြဘူး။ သေသေချာချာ ပြောထား ချိန်းထားရက်နဲ့ ဒီလိုအခြေအနေဖြစ်နေကြတာ မြင်တော့ ဒီကောင်နှစ်ကောင်ကို ကျွန်တော် တော်တော် စိတ်ကုန်သွားတယ်။ ဒီကောင်တွေနဲ့ အလုပ်ဆက်လုပ်ဖို့ကိုလည်း စဉ်းစားမရ ဖြစ်သွားတယ်။ ဒါနဲ့ စိတ်ပျက်ပြီး အိမ်ပြန်လာတယ်။

အိမ်ရောက်တော့ ကျွန်တော်နဲ့ တစ်ခြံတည်းနေ မောင်စံနဲ့ လှညွန့်တို့ကို အိမ်ပေါ်မှာ တွေ့ရတယ်။ လှညွန့်နဲ့ ကျွန်တော်က အရင်းနှီးကြီး မဟုတ်ဘူး။ ဦးလေးမောင်စံက ဖဲဝိုင်းမှာ မိတ်ဆက်ပေးလို့သာ သိခဲ့ကြရတာ။ အဲဒီနေ့က သန်းအောင်လည်း ပါတယ်။ ကျွန်တော့်ကို မြင်တာနဲ့





ဦးလေးမောင်စံက "မောင်ကျော်မြင့် မင်း ဘယ်သွားနေလဲ။ မင်းကို တို့စောင့်နေတာ နှစ်နာရီလောက်တောင် ရှိသွားပြီ" လို့ လှမ်းပြောတယ်။ "ဘာကိစ္စရှိ လို့လဲ ဦးလေး" ဆိုတော့ လှညွန့်ဘက် တစ်ချက်လှမ်းကြည့်ပြီး

"ဒီလိုကွ ကလောက (အလေးမချန်ပီယံ) မနေ့က ဌာနပင်စင်ငွေတွေ လာထုတ်တာတဲ့။ ဒီညနေ အမြန်ရထားနဲ့ ကလောကို ပြန်မယ်၊ ရန်ကုန်မှာတွေ့လို့ ငါ့ကို ပြောလိုက်တယ်။ငါနဲ့က အရင်က တစ်ဌာနတည်း အလုပ်လုပ်ဖူးတယ်။ ငွေကတော့ ဒီကောင့်မှာ သိန်းချီပါမယ်ထင်တယ်။ အဲဒါ . . . "ဆိုပြီး ကျွန်တော့်မျက်နှာကို ပြိုင်တူငေးကြည့်နေကြတယ်။ ဒီလောက်ဆို ကျွန်တော်လည်း သဘောပေါက်ပြီးသား ဖြစ်သွားတယ်။

ဦးမောင်စံနဲ့ ကျွန်တော် ပွဲများများ မဝင်ဖူးဘူး။ ဦးလေးအရင်းဆိုပေမယ့် မှောင်ခိုလုပ်တုန်းက လေးငါးခါပဲ အတူ တွဲလုပ်ဖူးတယ်။

"ဒါဆို ကောင်းပြီ၊ ဦးလေးနဲ့ လှညွန့် ညနေကျရင် လာခဲ့ကြ၊ လိုအပ်တာတွေ ကျွန်တော် ကြည့်စီစဉ်ထားလိုက်မယ်" လို့ မှာလိုက်တယ်။

ဒီလိုနဲ့ ညနေကျတော့ ဘူတာမှာ ဆုံကြတယ်။ မန္တလေး အမြန်ရထားတွဲက (၁၃) တွဲပါတယ်။ ငွေတိုက်တွဲကို စာတိုက်တွဲကြားမှာ (အက်စ်ကော့) လုံခြုံရေးတွဲက ညှပ်ထားတယ်။ မောင်စံကို အကျိုးအကြောင်းပြော၊ လူစုခွဲပြီး နောက်တွဲကနေ တက်အခိုင်းမှာ ဘယ်အချိန်က ရောက်နေတယ် မသိဘူး။ သန်းအောင်ကို တွေ့ရတယ်။ သန်းအောင်က လှညွန့်နဲ့ မယားညီအစ်ကို၊ ကျွန်တော်နဲ့ တစ်လမ်းထဲ လေးငါးအိမ်ကျော်မှာနေတယ်။ ရထားကလည်း ဘီးလိမ့်စပြုပြီဆိုတော့ သန်းအောင်ကို မေးချိန်ပြောချိန် မရခင် တွဲတစ်တွဲကို နှစ်ယောက်စီ တက်လိုက်ကြရတယ်။ ရထားသွားနေတုန်း ခေါင်မိုးပေါ်ကို တက်ခိုင်းပြီး သန်းအောင်ကို မေးတော့

"ကျော်မြင့် ငါ့စီးပွားရေး မပြေလည်လို့ မင်းနဲ့ တစ်ပွဲလောက်ပါပါရစေကွာ၊ မင်း ငါ့ကို ခိုင်းချင်တာ ခိုင်းပါ။ မင်း ဦးလေး ကိုမောင်စံလည်း ငါ့ကို ခိုင်းနေကျပါ" တဲ့။

အဲဒါနဲ့ ကျွန်တော်က "လှညွန့်နဲ့ မောင်စံတို့ရှိတဲ့တွဲကို သွားနေလိုက်၊ အခြေအနေကောင်းတာနဲ့ ငါခေါ်မယ်"လို့ ပြောလိုက်ရတယ်။ ကျွန်တော်ရဲ့ ဘက်နက်ကိုလည်း သန်းအောင်ကို ပေးလိုက်တယ်။ ရထားခေါင်မိုးပေါ်

တင်ပဲ ကျွန်တော့်ပေါင်လယ်မှာ ချိတ်ထားတဲ့ မိန်းမကိုင်ကိုးလုံးပတ် ဆုံလည် ခြောက်လုံးပြူးကို နေရာရွှေ့ထားလိုက်တယ်။

ပထမဆုံး အစီအစဉ်အရ အရှေ့ဆုံးတွဲကို စလုပ်ကြရမယ်။ မောင်စံက ရှစ်လက်မခွဲ နှစ်ဖက်သွား ဓားတစ်လက်၊ လှညွန့်က ရှမ်းဓားကောက်၊ သန်းအောင်မှာ စောစောကပင် ကျွန်တော်ပေးထားတဲ့ ဘက်နက်နဲ့ သုံးယောက်စလုံးကို ကျွန်တော့်နောက်က နေခိုင်းထားပြီး ကျွန်တော်လုပ်သလိုလုပ်၊ ရတဲ့ပစ္စည်းကို သိမ်းဖို့ အစီအစဉ်လုပ်ပြီးတာနဲ့ တွဲထဲကို ဝင်ကြတယ်။ အခု လုပ်ရမယ့်တွဲက အထက်တန်းတွဲရဲ့ ပထမအခန်း (ထိုစဉ်ကယခုလို အထက်တန်းတွဲတွေမှာ တွဲစောင့်တွေ ဘာတွေ စနစ်တကျ မရှိခဲ့) ကျွန်တော်နဲ့ မောင်စံ သတ္တုပြားအောက်ကနေ ချောင်းကြည့်ပြီး အကဲခတ်တော့ အမျိုးသမီးလေးယောက်၊ အဘိုးကြီးတစ်ယောက်၊ တံခါးကို အထဲက ချက်ချထားတယ်။ လှညွန့်နဲ့ မောင်စံကို အပေါက်ဝမှာ စောင့်ခိုင်းပြီး ကျွန်တော် ခေါင်မိုးပေါ်ကနေ ပြတင်းပေါက်ဘက်ကို ကျော်နင်းပြီး အခြေအနေကြည့် ဆင်းလိုက်တယ်။ ပြတင်းပေါက်နားရောက်တော့ အမျိုးသမီးနှစ်ယောက်က မအိပ်ကြသေးဘူး။ ပြတင်းပေါက်ဝကိုမှီပြီး အပြင်ကို ငေးကြည့်လိုက်လာကြတယ်။ ကျန်လူတွေကတော့ အိပ်ရာအသီးသီးမှာ လှဲနေကြပြီ။ ကျွန်တော် ဝင်ရမယ့် အပေါက်မှာ မိန်းကလေး နှစ်ယောက် ရှိတယ်။ ဒါနဲ့ တဖြည်းဖြည်း ရွှေ့လာပြီး ပြတင်းနားရောက်တော့ အသာလေး တံခါးကိုကိုင်ပြီး ခြေထောက်တစ်ဖက်ကို ပြတင်းပေါက်ဘောင်ကို နင်းလိုက်တယ်။ အမျိုးသမီးနှစ်ယောက်လည်း လန့်ဖျပ်ပြီး နောက်ကို ဆုတ်သွားကြတယ်။ ကျွန်တော်ကတော့ ပေးလာတဲ့ အခွင့်အရေးကို မိမိရရ ယူလိုက်နိုင်တယ်။ ပြတင်းပေါက်ကနေ အထဲကို ခုန်ဝင်ပြီး "တစ်ယောက်မှ မလှုပ်နဲ့ ငြိမ်ငြိမ်လေးနေကြ" လို့ အော်ပြောလိုက်တယ်။

ရထားက တငြိမ့်ငြိမ့်နဲ့ ဘုရားကြီးဘူတာကို စဝင်နေချိန်မှာ ကျွန်တော်က တံခါးဘောင်နားကပ်ပြီး ကန့်လန့်ကို ဖြုတ်လိုက်တယ်။ အဆင်သင့်ပါပဲ။ လှညွန့် ဓားကောက်ကြီးကို ယမ်းပြီး ကျွန်တော့်နောက် ရောက်လာတယ်။မောင်စံက ပြတင်းပေါက်ဘက်က တံခါးကို ချက်ပြန်ထိုးထားလိုက်တယ်။ အဘိုးကြီးကတော့ ငုတ်တုတ် ကြောင်နေတယ်။ အသက် သုံးဆယ်





ကျော် အမျိုးသမီးကြီးက ပြူန်းဆို ထအော်လိုက်တယ်။

"ကယ်ကြပါ၊ ဓားပြ ဓားပြ" တဲ့။

အမျိုးသမီးကြီးက ဆက်ပြီး အသံထွက်မလာနိုင်တော့ဘူး။ လှညွန့်က ဓားကောက်ကြီးနဲ့ သူ့ကို ချိန်ရွယ်လာတော့ လန့်သွားတယ်။ သူဆက်အော်ရင်လည်း တခြား အခန်းတွေက ဘယ်လိုမှ မကြားနိုင်ဘူး။ အမျိုးသမီးကြီးဆီက လက်ကောက်တွေကို တော်တော်နဲ့ ချွတ်မရဘူး။ ဂျစ်ကန်ကန်လုပ်နေတဲ့အတွက် အိပ်စင်ပေါ်က အောက်ကို ဆောင့်ဆွဲချလိုက်ပြီး လက်ကောက်ဝတ်ထားတဲ့လက်ကို သန်းအောင်ဆီက ဘက်နက်ဓားတောင်းပြီး ပြတင်းဘောင်မှာ လက်ကောက်ကြီးထဲ ဓားသွင်း ဖြတ်ချလိုက်ရတယ်။ ကျွန်တော်က အမိကကျတဲ့ အလုပ်ကို လုပ်နေတုန်း မောင်စံ၊ လှညွန့်၊ သန်းအောင်တို့ကလည်း ရသမျှ ပစ္စည်းတွေကို ယူလိုက်ကြတယ်။

အကုန်လုံး ပြီးစီးသွားတော့ အိပ်ရာခင်းကို ဖြဲဆုတ်ပြီး အားလုံးကို နောက်ပြန်ကြိုးတုပ် ချည်ထားလိုက်တယ်။ လှညွန့်ကို ပစ္စည်းယူပြီး အပေါ်က တက်စောင့်နေဖို့ ပြောလိုက်တယ်။

သန်းမောင်ကိုတော့ "မိန်းမတွေ အခန်းမှာ ခဏနေဦး၊ ဟိုဘက်ခန်းလုပ်ပြီးရင် မင်းကို ဝင်ခေါ်မယ်၊ သေသေချာချာ စောင့်ကြည့်ထား၊ လှုပ်ရှားလာရင် အခြေအနေအရ ကြည့်လုပ်လိုက်" လို့ မှာပြီး ကျွန်တော်နဲ့ မောင်စံက နံပါတ်သုံး အခန်းဘက်ကို ချောင်းကြည့်လိုက်တော့ တစ်ယောက်က နေရှင်နယ်ရေဒီယို နှစ်လိုင်းဆွဲလေးကို ဖွင့်ပြီး နားထောင်နေတယ်။ တစ်ယောက်က အပေါ်စင်မှာ အိပ်နေတယ်။ ဦးလေးမောင်စံကို လှည့်ကြည့်လိုက်တော့ ဟုတ်တယ် သူတို့ပဲဆိုတာ ခေါင်းညိတ်ပြတယ်။ သေချာသွားပြီ။

အဝင်အထွက်အပေါက်ကနေ ဝင်ရင်တော့ ရတယ်။ အထဲက ချက်မရှိဘူး။ အပြင်ကန့်လန့်ပဲ ရှိတယ်။ အဝင်အထွက် အပေါက်ကနေ ဝင်ရင် အငိုက်မမိဘဲ လှုပ်ရှားမှု တစ်စုံတစ်ခု ဖြစ်ကုန်မှာစိုးလို့ "ပြတင်းပေါက်ကနေ ကျွန်တော် ဝင်မယ်။ ဦးလေး အပေါက်ဝက ချောင်းကြည့်နေ၊ ကျွန်တော် အထဲရောက်တာနဲ့ ဦးလေး အသင့်ဖြစ်နေရမယ်နော်" လို့မှာပြီး ပြတင်းပေါက်ကနေ စားသောက်ခုံကိုနင်းပြီး အထဲကို ခုန်ချလိုက်တယ်။

လက်ထဲမှာ သေနတ်က အဆင်သင့်ပါတော့ "လုံး၀ မလှုပ်နဲ့ လှုပ်တာနဲ့ ပစ်ထည့်လိုက်မယ်"လို့ အော်ပြောလိုက်တော့ မောင်စံလည်း တံခါးဖွင့်ပြီး ဝင်လာတယ်။ဒါနဲ့ အပေါ်က လူကို အောက်ဆင်းခိုင်းလိုက်တယ်။ အောက်ကိုရောက်တော့ ထိုင်ခိုင်းထားရတယ်။ ချက်ချင်းပဲ မောင်စံလက်ထဲ သေနတ်ကို ပြောင်းပေးလိုက်ပြီး ကျွန်တော်က ဓားကောက်ကို ပြောင်းယူလိုက်တယ်။ တစ်ချိန်တည်းမှာပဲ အပေါ်က အိတ်ရှည်ကြီးကို တက်ပြီးအယူ ပြန်အဆင်းမှာ အောက်ကလူက မောင်စံ အောက်ပိုင်းကို ဝင်လုံးတယ်။မောင်စံ နောက်ကို လန်သွားပြီး ကျည်တစ်တောင့် ထွက်သွားတယ်။ ကျည်ဆန်က အပေါ်အိပ်စင် ဖိုင်ဘာကို ဖောက်ထွက်သွားတယ်။ ကျန်တစ်ယောက်က လျှပ်တစ်ပြက်ပဲ ခေါင်းအုံးအောက်က ခြောက်လုံးပြူးကို ဆွဲထုတ်တော့ ကျွန်တော်လည်း လက်ထဲက ဓားကိုမြှောက်ပြီး ခုန်အုပ်လိုက်တယ်။ သူ့ခြောက်လုံးပြူးက ကြိုးသိုင်းပတ် ပတ်ထားတဲ့အတွက် လွယ်လွယ်ကူကူနဲ့ ဖြုတ်ပစ်မရဘဲ ပြတင်းပေါက်ကို ယိုင်သွားတယ်။ မောင်စံကို ဝင်လုံးတဲ့ ငနဲသားက ကျွန်တော့်ခြေထောက်ကိုပါ ရမိရရာ လှမ်းဆွဲလိုက်တဲ့အတွက် မှောက်ရက်သား အရှိန်နဲ့ လဲကျသွားတယ်။ မောင်စံ ထပ်ပစ်လိုက်တဲ့ ကျည်ဆန်က ပြတင်းပေါက်နားက လူရဲ့ ပခုံးစွန်းကို ရှပ်မှန်သွားတယ်။

မောင်စံက ခြောက်ပစ်တယ် ထင်တာပဲ။ ဒါပေမယ့် "ဟာ" ဆိုတဲ့ အသံနဲ့အတူ သူ့လက်ထဲက သေနတ်ကို ကျွန်တော် ဝင်လုတယ်။ သေနတ်က ကျွန်တော့်လက်ထဲ ပါမလာဘူး။ စားသောက်ခုံပေါ်က တစ်ဆင့် အိပ်စင်ဘေးကို ကျသွားတယ်။ ဒဏ်ရာနဲ့ လူက ကျွန်တော့်ကို ဝင်လုံးလာပြန်တယ်။ သူတစ်ပြန် ကိုယ်တစ်ပြန်နဲ့ နောက်ဆုံး ကျွန်တော်က သူ့အောက်ကို ရောက်သွားတယ်။ အလိုအလျောက်ပဲ ကျွန်တော့်အပေါ်က လူရဲ့ဗိုက်ကို ဓားနဲ့ ထိုးမိပြီးသား ဖြစ်သွားတယ်။

"အီး" ဆိုတဲ့ သူ့အသံ မဆုံးခင် ကျွန်တော် သူ့ကို တွန်းချလိုက်တယ်။ အဲဒီအချိန်မှာ ကျွန်တော်နောက်က သေနတ်သံတစ်ချက် ထပ်ပေါ်လာပြန်တယ်။ မောင်စံနဲ့ လုံးနေတဲ့လူလည်း ဘယ်ကို ထိသွားတယ် မသိဘူး။ ခွေကျသွားတယ်။ ကျွန်တော် ချက်ချင်း ကုန်းထလိုက်တယ်။ မောင်စံ





ပါးစပ်ထဲက သွေးတွေ ကျနေတာကို မြင်လိုက်ရတယ်။ ကျွန်တော်လည်း ညာဘက်ချိုင်းစောင်းမှာ အိပ်စင်စွန်းနဲ့ထိပြီး ပေါက်ပြဲသွားတယ်။ ဘယ်ဘက်တံတောင်ဆစ်အနီးတစ်ဝိုက်နဲ့ နှာခေါင်းမှာလည်း ပွန်းပဲ့ပြီး လူလုံး၀ကို မလှုပ်ချင်လောက်အောင် ပင်ပန်းသွားတယ်။ လုယက်ခိုးဆိုးလာတဲ့ ကျွန်တော့်ဘ၀တစ်လျှောက်မှာ ဒီတစ်ခါလောက် စိတ်ပန်းကိုယ်ပန်း ဖြစ်သွားတာ မကြုံခဲ့ဖူးပါဘူး။

ဒါပေမယ့် ကျွန်တော် သတိရှိတယ်။ အိတ်နှစ်လုံးကို ချက်ချင်းကောက်ယူပြီး မောင်စံကို ပေးလိုက်နိုင်တယ်။ ပြီး မောင်စံလက်ထဲက သေနတ်ကိုလည်း ပြောင်းယူလိုက်နိုင်တယ်။ အခန်း၀ ရောက်တော့ သန်းအောင်လည်း ဓားကောက်ကိုင်ပြီး ကျွန်တော့်ဆီ ဝင်လာဟာနဲ့ ကျွန်တော်က "အိတ်တွေကို ယူသွား၊ အပေါ်မှာ လှည့်ကွန့် ရှိတယ်။ စောင့်နေ"လို့ ပြောပြီး ကျွန်တော့်လက်ထဲက အိတ်နှစ်လုံးကို ပေးလိုက်တယ်။ မောင်စံကိုလည်း "ဒီအခုကိစ္စမှာ ဦးလေးနဲ့ ကျွန်တော် နှစ်ယောက်ပဲ သိတယ်။ ဖြစ်ပျက်တဲ့ အခြေအနေကို လှည့်ကွန့်နဲ့ သန်းအောင်ကို လုံး၀ မသိပါစေနဲ့"လို့ မောမောပန်းပန်း မပီမသ သတိပေး ပြောလိုက်ရသေးတယ်။ သစ္စာရှိပါဆိုတဲ့ စကားကတော့ သစ္စာဆို ဒါလောက်ပဲ ထွက်လာနိုင်တော့တယ်။

အခြေအနေက မကောင်းသေးဘူး။ ကျွန်တော် အပေါက်၀ဘက်ကို ထွက်အလာ ဗလကြီးနဲ့လူဟာ ဒယိမ်းဒယိုင်နဲ့ ကျွန်တော့်ပခုံးကို လှမ်းဆွဲတယ်။ မောင်စံကတော့ တွဲကြားကနေ ခေါင်မိုးပေါ်ကို ရောက်သွားပြီ။ ကျွန်တော့်ကို လာကိုင်တဲ့ ဗလကြီးလက်က သန်မာလွန်းတော့ နောက်ကို လှည့်ရုန်းလိုက်ပြန်ရင်လည်း လိမ့်ကျသွားနိုင်တယ်။ အဲဒါကြောင့် မိမိရရ ကိုင်ထားတဲ့ သံပိုက်လုံးကို အားယူခိုပြီး တွဲကြားဘက်ကို ယိမ်းပေးလိုက်ရတယ်။ ဗလကြီးဟာ သူ့ကိုယ်လုံးကြီးရဲ့ ဟန်ချက်ကို မထိန်းနိုင်ဘဲ "အား" ဆိုတဲ့ အသံနက်ကြီးနဲ့အတူ ရထားက ရှမ်းစုနဲ့ အိမ်ခြေလေးအနီး သံတံတားကို ဖြတ်အဝင်မှာ တံတားပေါ်ကို ကျသွားတယ်။

ကမန်းကတန်းနဲ့ ကျွန်တော်လည်း ခေါင်မိုးပေါ်ကို အလျင်စလိုတက်ပြီး နောက်တွဲတွေကို ဖြတ်လာရတယ်။ တွဲနှစ်တွဲအဆက်ကြားက တာလပတ်အမိုးစုရပ်နဲ့ ပစ္စည်းထားတဲ့နေရာကို ရောက်တာနဲ့ "ကဲ ခင်ဗျား

တို့ နိုင်သလောက် မ,ကြ၊ ရှေ့ဘူတာ မဝင်ခင် အမြန် ဆင်းကြရမယ်။ ရှေ့ဘူတာက ဒိုက်ဦး၊ ဒါပေမယ့် ရထား မရပ်ဘူး”လို့ ပြောပြီး လှည္တန့်၊ သန်းအောင်၊ မောင်စံတို့ကို တွဲအပေါက်ဝကနေ အောက်ကို ဆင်းခိုင်းပြီး ကျွန်တော်လည်း ရှေ့တွဲကနေ ဆင်းမလို့ အကူး တွဲကြားထဲကနေ ဘက်အိတ်နှစ်လုံးကို စလွယ်သိုင်းလွယ်ပြီး ခေါင်မိုးပေါ် တက်လာတဲ့ လူတစ်ယောက်နဲ့ ပက်ပင်းတိုးနေကြတယ်။

ကြာသလားလို့ပါပဲ၊ “ဟေ့လူ ဘက်အိတ်တွေ ပေးစမ်း၊ ဒီမှာတွေ့လား၊ သေသွားမယ်။ ယီးတီးယားတား လုပ်မယ်မကြံနဲ့ အောက်ကို ပြန်ဆင်းစမ်း”လို့ ပြောပြီး သူ့ဆီက ဘက်အိတ်နှစ်လုံးကို ကြောက်ကြောက်နဲ့ ဖြုတ်ပေးအပြီး ခေါင်မိုးပေါ် က အောက်ပြန်အဆင်းမှာ တုန်တုန်ယင်ယင်ဖြစ်ပြီး လိမ့်ကျမလိုဖြစ်သွားတာ မနည်း ဖေးမ ကိုင်ပေးလိုက်ရသေးတယ်။

အိတ်နှလုံးအချောင်ရခဲ့ပြီးတဲ့နောက် ကျွန်တော် ရှေ့တွဲခေါင်မိုးပေါ်ကနေ နောက်တွဲကို တစ်ဆင့် ဆင်းပြီးတော့မှ အိတ်တွေကို မြေလွတ်ရှိုင့်ချပြီး လူက ချိန်ဆ ဆင်းလိုက်ရတယ်။ ရထားက မိုင်သုံးဆယ်ကျော်အရှိန်နဲ့ မောင်းနေတော့ ရထားလွန်သွားမှ ကုန်းထပြီး ရထားနောက်ကို လှမ်းကြည့်လိုက်မိတယ်။ စိတ်ချရတဲ့အတွက် ပစ်ချခဲ့တဲ့ အိတ်တွေကို ပြန်ကောက်ပြီး မောင်စံတို့ ဆင်းကျန်နေခဲ့ကြတဲ့ နေရာကို မှန်းလျှောက်လာရတယ်။ လှည္တန့် တင်ပဆုံထဲကို ကျောက်ကွဲခြမ်းတွေ စူးဝင်နေတယ်၊ သန်းအောင်က လုံချည်ကွဲပြီး တံတောင်ဆစ်တွေ စုတ်ပြဲသွားတယ်၊ မောင်စံကတော့ ရထားအဆင်းအတက်ကို မျှောင်ခိုလုပ်ကြတုန်းကပင် ကျွန်တော် လက်ထပ်သင်ထားလို့ ဘာမှ မဖြစ်ခဲ့ဘူး။

“ဟေ့လူတွေ မြန်မြန် ပစ္စည်းတွေယူကြ၊ ဒီနေရာက အန္တရာယ်ရှိနိုင်တယ်။ ရွာနဲ့လည်း နီးတယ်။ ဒီ ရှမ်းစုလယ်ကွင်းကို ဖြတ်ပြီးရင် ဟိုဘက်မှာ ကားလမ်းရှိတယ်။ အဲဒီကားလမ်းကနေ ကားတားစီးပြီး ပြန်ကြရမယ်။ ကဲ လာ ထကြဗျာ” ဆိုပြီး ကျွန်တော် ရှေ့က လယ်ကွင်းကို ဦးဆောင်ဖြတ်လာရတယ်။

လယ်ကွင်းအလယ်လောက် အရောက်မှာ ရထားသံလမ်းတစ်လျှောက် မီးတုတ်တွေမြှောက်ပြီး လျှောက်လာနေကြတဲ့ လူအုပ်တစ်အုပ်ကို လယ်





ကွင်းအနိမ့်ပိုင်းကနေ လှမ်းမြင်နေရတယ်။ ကျွန်တော်တို့လည်း ကားလမ်းကို မြင်နေရပြီမို့ လယ်ကွင်းထဲက စပါးပင်တွေကြားမှာ ပါလာ၊ ရလာတဲ့ ပစ္စည်းတွေကို စုပုံလိုက်ကြတယ်။ အနောက်ဘက်ကိုလည်း လှမ်းလှမ်းတော့ ကြည့်ရသေးတယ်။

ရထားသံလမ်းက မီးတုတ်တွေနဲ့ လူတွေ ဒိုက်ဦးဘက်ကို ဆက်သွားနေကြတာ မြင်နေရတယ်။ ကျွန်တော့်စိတ်ထဲမှာ သံသယတွေ ဖြစ်လာတယ်။

အဲဒါကြောင့် ပစ္စည်းတွေကို အကုန် လယ်ကွက်ထဲမှာ ပုံပြီး နာရီနဲ့ ရွှေထည် အားလုံးကို ကျွန်တော့်ဘက်အိတ်ထဲ ထည့်ထားလိုက်တယ်။ ငွေကိုတော့ ဦးလေးမောင်စံကို ယုံယုံကြည်ကြည်နဲ့ သူ့ဘက်အိတ်ထဲ ပြောင်းထည့်ပေးလိုက်တယ်။ ရေဒီယိုနဲ့ အခြားပစ္စည်းတွေကို လှည္တန့်နဲ့ သန်းအောင်တို့ကို ထမ်းခိုင်းလိုက်တယ်။ ကျွန်တော်တို့အားလုံး ဒီနယ်မြေက မလွတ်မချင်း အန္တရာယ်ဖြစ်လာနိုင်တယ်ဆိုတာ အားလုံး သိကြတာမို့ ကားလမ်းပေါ် ရောက်တာနဲ့ လာတဲ့ကားကို ဖမ်းတားကြတယ်။ ပထမ တစ်ကား နှစ်ကား သုံးကားထိ တားလို့ မရဘူး။ နောက်တစ်ကားက ရပ်တော့ ရပ်ပေးပါတယ် စီးစရာ နေရာကို မရှိပြန်ဘူး။ ကုန်တွေနဲ့ အပြည့်အကျပ်ကို ဖြစ်နေတယ်။ အဲဒါကြောင့် အဲဒီကားလည်း ဆက်ထွက်သွားတယ်။ အချိန်က ညဆယ့်တစ်နာရီနီးပါးဆိုတော့ ကားပြတ်ချိန် ဖြစ်နေတယ်။

နောက်နာရီဝက်လောက်ကြာမှ ကားတစ်စီးရတာနဲ့ တက်လိုက်လာကြတယ်။ ဘုရားကြီးကို နာရီပြန်နှစ်ချက်မှ ရောက်လာကြတယ်။ ဘုရားကြီးကိုရောက်တော့ စိတ်နည်းနည်း အေးရပြီ။ မိုးလင်းပေါက်ဖွင့်ထားတဲ့ ထမင်းကြော်၊ လက်ဖက်ရည်ဆိုင်ကို ဝင်ကြတယ်။ ဆိုင်ဝမှာ ပတ္တာရောင်ရဲတွေ ရှိနေတယ်။ ဒါပေမယ့် ခပ်တည်တည်ပဲ ဆိုင်ထဲဝင်ပြီး စားသောက်ကြတယ်။စားသောက်ပြီးမှ ဣန္ဒြေမပျက် ဆိုင်ပြင်ကို ထွက်လာခဲ့ကြတယ်။ ရဲပတ္တာရောင်များက ‘ရှာဖွေရေး’ လို့ စာရေးထားတဲ့ ရေအိုးစင်အနီးက သွပ်မိုးအဆောက်အအုံထဲမှာ ရှိနေကြတယ်။ နောက် ကားတစ်စီးလာတော့ ခရီးဆက်လိုက်ကြတယ်။

ပဲခူးကို မိုးလင်းပိုင်း လေးနာရီမှ ရောက်တယ်။ စာတိုက်အနီးမှာ

ကားရပ်ပေးတာနဲ့ ကုန်းကြောင်း လျှောက်လာကြတယ်။ ကျွန်တော်တို့ ခြံထဲက မောင်စံရဲ့ တဲသာသာအိမ်မှာ ဝေစုခွဲကြတယ်။ နာရီအမျိုးမျိုး ခုနစ်လုံး၊ ရွှေကြိုးငါးပင်၊ လက်စွပ် (၇) ကွင်း၊ ဘီးတစ်ချောင်းနဲ့ လက်ကောက် (၅)ကွင်း၊ ငွေက ရှစ်သောင်းကျော်ရတယ်။ လှညွှန့်နဲ့ သန်းအောင်ကို ငွေ တစ်ယောက် တစ်သောင်းခွဲ၊ နာရီ တစ်ယောက်တစ်လုံး၊ ရေဒီယို တစ်ယောက်တစ်လုံး၊ အဝတ်အထည်တွေကို ပေးပြီး "ရွှေတွေ ရောင်းပြီးရင် ခင်ဗျားတို့ ဝေစု ခင်ဗျားတို့ ရမယ်။ ငွေတွေကို ဘယ်တော့မှ ပေါ်တင်ကြီး သုံးဖြုန်းမနေကြနဲ့ဦး၊ အဝတ်တွေကို လောလောဆယ် ထုတ်မဝတ်ကြနဲ့။ အနေအထိုင် အသွားအလာ အထူးသတိရှိကြ။ ဒီည အသုံးပြုလာခဲ့ကြတဲ့ အဝတ်တွေ အားလုံးကိုလည်း ချက်ချင်း ဖျောက်ဖျက်ပစ်လိုက်ကြနော်" လို့ မှာလိုက်ရတယ်။

ကျွန်တော်နဲ့ မောင်စံ အဓိက အသက်စွန့်ပြီး လုပ်ရှားခဲ့ရတာဆိုတော့ သန်းအောင်နဲ့ လှညွှန့်တို့လည်း ဘာမှ မပြောဘဲ ကျေကျေနပ်နပ် ပြန်သွားကြတယ်။ ကျွန်တော်က သူတို့အပေါ် အခါခါ သစ္စာရှိရှိ အလုပ် လုပ်ဖူးထားတော့ သူတို့က ကျွန်တော့်ကို ယုံကြည်ကြတယ်။

ဦးလေးမောင်စံကိုတော့ ငွေနှစ်သောင်း ပေးလိုက်တာနဲ့ ကျွန်တော်တို့ ခြံထဲက ပြောင်းသွားတယ်။ ချက်ချင်းပဲ စိတ္တသုခလမ်းမှာ အိမ်ဝယ်လိုက်တယ်။ ခုလို မောင်စံလုပ်သွားတာကို ကျွန်တော် ဘဝင်မကျလှဘူး။ ဒါပေမယ့် အသက်ကလည်း ကိုယ့်ထက်ကြီး၊ ဦးလေးအရင်းကလည်း ဖြစ်နေပြန်ဆိုတော့ ဘာမှ မပြောဘဲ နေနေလိုက်ရတယ်။

ကျွန်တော်က နောက် ဖြစ်ပေါ်လာမယ့် အကျိုးဆက်၊ အကြောင်းဆက်နဲ့ သတင်းတွေကိုတော့ နေ့တိုင်း နားထောင်နေတယ်။ ကျွန်တော်တို့ အလုပ်လုပ်ခဲ့ကြပြီး နှစ်ရက်အကြာမှာ ဘူတာရုံပေါ် လက်ဖက်ရည်သောက်ရင်း သတင်းနားထောင်တော့ တစ်နေ့က လူတစ်ယောက် ဒိုက်ဦးနဲ့ ဖောင်တော်သီကြားမှာ ရထားပေါ်က လိမ့်ကျပြီး ရထားကြိတ်ခံရတယ် ဆိုတဲ့ သတင်းကို စ,ကြားရတယ်။ နောက်တစ်နေ့ကျတော့ သတင်းစာထဲ ပါလာတယ်။

*"ကလောက အာရှအလေးမချန်ပီယံ တင်သောင်းအား မန္တလေး*





*အမြန်ရထားပေါ်မှ သေနတ်ဒဏ်ရာတစ်ချက်နှင့်အတူ ဘယ်ဘက်ခြေထောက်၊ ဦးခေါင်း၊ ကျောပြင်၊ ဝမ်းဗိုက်တို့တွင် ဒဏ်ရာများစွာနှင့် ရှမ်းစု ဘူတာမှတစ်ဆင့် ဒိုက်ဦးဆေးရုံသို့ တင်ပို့ရာ တစ်ရက်နှင့် တစ်မနက် အကြာမှာ သေဆုံးသွားကြောင်း'*

သတင်းစာထဲ ပါလာတော့မှ ကျွန်တော်တို့ လုယက်လူသတ် ဖြစ်ခဲ့ရတဲ့လူဟာ အလေးမ အာရှချန်ပီယံမှန်း သိလိုက်ရတယ်။ ဒီအမှုဟာ မသေးဘူး။ သာမန်အမှု မဟုတ်ဘူး ဆိုတာသိတော့ အသွားအလာ၊ အနေအထိုင်၊ အစားအသောက်ကစပြီး အထူးသတိထားနေရမယ်ဆိုတာ သိလိုက်တယ်။အဲဒါကြောင့် လုပ်ဖော်ကိုင်ဖက်တွေကိုလည်း အကျိုးအကြောင်း ပြောပြပြီး သတိပေးထားရတယ်။ဒါပေမယ့် ကျွန်တော် ဘယ်လောက်ပြောပြော လှညွှန့်၊ မောင်စံ၊ သန်းအောင်တို့ကို ဖဲဝိုင်းမှာ အမြဲ တွေ့နေရတယ်။ ရွှေတွေကို မရောင်းဖြစ်သေးဘူး။ မြေမြှုပ်သိမ်းဆည်းထားတုန်းပဲ ရှိသေးတယ်။

တစ်နေ့ ရေတာရှည်က သူငယ်ချင်းတစ်ယောက် အိမ်ကို လာလည်တယ်။ သူက အချုပ်ထဲမှာ တွေ့ပြီး ကျွန်တော့်ကို မှောင်ခိုကုန်သည်ကြီးလို့ အထင်ရောက်နေတဲ့ ဖောက်ထွင်းဝိဇ္ဇာ (----) တောက်တဲ့ ဖြစ်တယ်။ သူက ဘာစိတ်ကူးနဲ့ ပြောလဲ မသိဘူး။

"ကိုကျော်၊ ရန်ကုန်က သမိုင်းမှာ အိမ်တစ်လုံးရောင်းဖို့ တွေ့ထားတယ်။ အိမ်နဲ့ခြံကလည်း အတော် ကျယ်တယ်။ ဈေးလည်း သိပ်တော်တယ်။ ခင်ဗျားတို့ အရောင်းအဝယ်သမားနဲ့လည်း အဆင်ပြေမယ်။ မှောင်ခိုပစ္စည်းပဲထားထား လုံခြုံမှုရှိနိုင်တယ်။ ကိုကျော် ဝယ်ထားပါလား" ဆိုတော့ ကျွန်တော်လည်း ပဲခူးက ရှောင်ချင်နေတာနဲ့ အတော်ပဲ ဖြစ်သွားတယ်။ အဲဒါကြောင့်လည်း ဖောက်ထွင်းဝိဇ္ဇာတောက်တဲ့ လိုက်ပြတဲ့ သမိုင်းက အိမ်ကို သုံးလေးရက် အတွင်းမှာ ဝယ်ဖြစ်သွားတယ်။

အိမ်ဝယ်ပြီး ပဲခူးကို ပြန်ရောက်တော့ အမေ့ကို "အမေ ကျွန်တော် မိန်းမယူတော့မယ်ဗျာ" ဆိုတော့ အမေက ကျွန်တော့်ကို ကြောင်ကြည့်ပြီး အံ့ဩသွားတယ်။ မှောင်ခိုလုပ်တုန်းက ခြေလည်းငြိမ်အောင်၊ အတည်တကျ ကိုယ့်အိုးကိုယ့်အိမ်နဲ့လည်း ဖြစ်သွားအောင်ဆိုပြီး အမေက အိမ်

ထောင်ပြုဖို့ ခဏခဏ ပြောဖူးတယ်။ ဒါပေမယ့် တစ်ခါမှ ကျွန်တော် လက်မခံခဲ့ဘဲ ခုမှ ဆိုင်းမဆင့် ဗုံမဆင့် ကျွန်တော် အိမ်ထောင်ပြုတော့ မယ် ဆိုတာကို အမေက နောက်နေတယ် ထင်လို့လား မသိဘူး။

"ငါ့သား တကယ် ပြောတာလား" တဲ့။

"တကယ်ပြောနေတာပါ အမေရာ၊ သား အိမ်ထောင်ပြုတော့မလို့"

"ဘယ်က မိန်းကလေးပါလိမ့်ကွယ်"

"ဘယ်တစ်မြို့တစ်ရွာကမှ မဟုတ်ပါဘူး အမေ၊ အမေတို့ အစ်မတို့ သဘောတူနေကြတဲ့ မကြည်ကြည်လှကိုပါ"

"ဟဲ . . . ဟဲ . . . ကောင်းပါတယ် သားရယ်။ ဒါဖြင့် ညနေကျရင် အမေ လျှောက်သွားလိုက်ပါ့မယ်။ ကြည်ကြည်က သားထက် အသက် ကလေး သုံးလေးနှစ်လောက် ကြီးပေမယ့် သားအပေါ် အင်မတန် အနွံ အတာခံရှာပါတယ်။ သားထက် သူက နည်းနည်းကြီးတော့၊ ဘာမဆို ချင့်ချင့်ချိန်ချိန် လုပ်တတ်တော့ ပိုကောင်းတာပေါ့။ မင်းအဖေလည်း ကြည်ကြည့်ကို သဘောကျပြီးသားပါ။ ဟဲ . . . ဟဲ . . ." လို့ ပြောပြီး မီးဖိုဆောင်ထဲ ဝင်သွားတယ်။ အမေ့သဘောက ထမင်းစောစောစီးစီးချက် ထားခဲ့ပြီး ကြည်ကြည်လှတို့ မိဘများဆီ နားသွားဖောက်တော့မယ် ဆိုတာ သိလိုက်လို့ ကျွန်တော်လည်း ဝမ်းသာနေပါတယ်။

ညနေကျတော့ "သား အမေပြောထားခဲ့ပြီ။ ရက်ကောင်း ရက်မြတ် ရွေးကြရုံပါပဲ" လို့ ခရီးရောက်မဆိုက် ပြောပြတယ်။ ဝမ်းသာတာလား ဘယ်လိုမှန်း မသိဘူး။ အဲဒီညက ကျွန်တော် တစ်ညလုံး အိပ်မပျော်ဘူး။ ကျွန်တော့်ကို တစ်ဖက်သတ်ကြိုက်နေတဲ့ ကြည်ကြည်လှတော့ ဘယ်နှည တောင် အိပ်မပျော် ဖြစ်နေမလဲ ဆိုတာလည်း ကျွန်တော် တွေးမိပါရဲ့။

ဒါနဲ့ပဲ နောက်တစ်နေ့မှာ ယမ်းဘီလူးကိုခေါ်ပြီး အိမ်ထောင်ပရိ ဘောဂဆိုင်ကို သွားကြတယ်။ အပ်တာလည်း အပ်၊ ဝယ်တာလည်း ဝယ်၊ မှာတာလည်းမှာ၊ သမိုင်းကအိမ်ကို ပို့တာလည်း ပို့ဆိုတော့ အတော်ပြည့်စုံ သွားတယ်။ အိမ်ထောင်ပရိဘောဂတွေ သမိုင်းအိမ်ကိုပို့ပြီး တစ်နေ့မှာ အမေရယ်၊ ညီမလေးရယ်၊ ကြည်ကြည်လှရယ်၊ ကြည်ကြည်လှ အဒေါ် ရယ်ကို ကားစီးလုံးငှားပြီး ရန်ကုန်တိရစ္ဆာန်ဥယျာဉ်ကို လိုက်ပို့တယ်။





အပြန်မှာ သမိုင်းကအိမ်ကိုဝင်ပြီး အပြင်က ဝယ်လာတဲ့ စားသောက်စရာ တွေကို စားသောက်ရင်း ကက်ဆက်တစ်ခွေပြီးတစ်ခွေ ဖွင့်ကာ ပျော်ပျော် ကြီး နေပစ်လိုက်တယ်။ လေးနာရီကျော်လောက်မှ ပဲခူးကို ပြန်လာကြတယ်။

နောက်တစ်ရက်မှာ ကြည်ကြည်လှ မိဘတွေက ကြည်ကြည်လှကို ခေါ်ပြီး တပ်ကုန်းကို ထွက်သွားကြတယ်။ သူတို့က တပ်ကုန်းဇာတိဆိုတော့ ခု ကြည်ကြည်လှ အိမ်ထောင်ပြုတော့မယ်။ ရန်ကုန်မှာ အိမ်တောင် ဝယ် ပြီးပြီ။ ပစ္စည်းပစ္စယ အိမ်ထောင်ပရိဘောဂဆိုတာလည်း ကောင်လေးက ဝယ်ထားလိုက်တာ ဘာဘာညာညာ ဆိုပြီး ဆွေမျိုးတွေဆီ သွားကြွားကြ တယ် ဆိုတာ နောက်မှ ကျွန်တော် သိရတာ။ ကြည်ကြည်လှ တပ်ကုန်းက ပြန်လာမယ့်ရက်ကို တမျှော်မျှော်နဲ့ စောင့်နေတဲ့အချိန်မှာပဲ ပြဿနာစလာ တော့တယ်။

ကျွန်တော် ဘူတာကိုဖြတ်ပြီး ရုပ်ရှင်ရုံဘက် ထွက်အလာ ကျွန်တော်နဲ့ အတော်ရင်းနှီးတဲ့ မီးရထားရဲတစ်ယောက်က စက်ဘီးတစ်စီးနဲ့ ကျွန်တော့် အနား လာရပ်ပြီး ပြောတယ်။

"မောင်ကျော် မင်း အားရင် လက်ဖက်ရည်ဆိုင်မှာ ခဏလောက် ထိုင်ကြရအောင်ကွာ" တဲ့။

"အားပါတယ်၊ လာ . . . လာ" ဆိုပြီး လက်ဖက်ရည်ဆိုင်မှာ ထိုင်ကြ တယ်။ သူ့ကို ဒူးယားဘူး၊ ကွမ်းယာပါ မှာပေးပြီး. . .

"အစ်ကိုကြီး ဘာအကူအညီလိုလို့လဲ။ အားမနာပါနဲ့ ပြောပါ"

ဆိုတော့ "မင်းတို့ မှောင်ခိုပစ္စည်းကိစ္စတွေ မဟုတ်ပါဘူးကွာ။ ခုကိစ္စ က ငါတို့ မီးရထားရဲတွေ ခေါင်းမီးလောင်နေတဲ့ ကိစ္စပဲ" တဲ့။

"ဘယ်လိုဖြစ်လို့လဲ အစ်ကိုကြီး"

"ဖြစ်တာကတော့ မင်းလည်း ကြားပြီးနေမှာပါ။ ကိုးလပိုင်းက ဒိုက်ဦး နဲ့ ဖောင်တော်သီကြား အိမ်ခြေလေးဆယ်နဲ့ ရှမ်းစုရွာနားမှာ ရထားပေါ် ကနေ ဓားဒဏ်ရာ၊ သေနတ်ဒဏ်ရာတွေရပြီး ဒိုက်ဦးဆေးရုံ ပို့လိုက်တဲ့ လူမမာခရီးသည် ဆုံးသွားတဲ့ ကိစ္စပဲကွ။ မင်းတို့လည်း အသွားအလာ အနေအထိုင်တော့ ဆင်ဆင်ခြင်ခြင်နေကြ၊ ဆန်ခိုးမမိ ဖွဲခိုးမိဖြစ်နေမှာစိုး လို့ အစ်ကိုကြီး သတိပေးတာ။ ခုနေခါ ငါတို့ကတော့ သဲလွန်စရတဲ့လူ

အကုန်ဖမ်းချုပ်ရမှာပဲ။ ဒီအမှုမှာ ဘယ်သူမှ မညှာနိုင်ဘူး၊ သိပ်အရေးကြီးတယ်”

ဒီရက်ပိုင်းအတွင်းမှာ စခန်းမှူးကလည်း ကြုံလို့ပါဆိုပြီး လမ်းမှာ ဒီကိစ္စ တစ်ခါမေးဖူးတော့ ခု ကြန့်ကြာမပျက်အောင် မနည်း သတိထားလိုက်တယ်။ စခန်းမှူးမေးတာက အစ်အောက်မေးတဲ့သဘော။

“အရင်အပတ်က မင်းတို့ ဒိုက်ဦးနဲ့ ဖောင်တော်သီဘက် ရောက်ကြသေးတယ်ဆိုကွ မောင်ကျော်၊ မင်းတို့ မန္တလေး အမြန်ရထားနဲ့နော်” တဲ့။

မေးတာက ပညာသားပါတယ်။ ကျွန်တော်က မရောက်ကြောင်း၊ အခုတစ်လော မော်လမြိုင်မှောင်ခိုတွေဆီက ရာဘာကောက်ပြီး ရန်ကုန်မှာ ရာဘာဈေးကောင်းနေလို့ ရန်ကုန် သွားသွင်းကြကြောင်း ဖြီးဖြန်းပြောလိုက်ရတယ်။ ဒါပေမယ့် ရင်ထဲတော့ တဒိန်းဒိန်းခုန်ခဲ့ရတယ်။ အခုလည်း ရဲတပ်သားက ဟိုမေး၊ ဒီမေးနဲ့ နောက်ဆုံးတော့ သဲလွန်စ သတင်းရရင် သူ့ကို လာပြောဖို့ ကျွန်တော်တို့ လုပ်နေတဲ့ မှောင်ခိုကိစ္စမှာ လိုအပ်ရင် ကူညီပါ့မယ်ပြောပြီး ကမန်းကတန်း ထလစ်သွားတယ်။

မီးရထားရဲတပ်သား ပြန်သွားတော့ လက်ဖက်ရည်ဆိုင်မှာ ကျွန်တော် ကြာကြာ မထိုင်ဝံ့တော့ဘူး။ ငွေချေပြီး ပြေးရ၊ ရှောင်ရမယ့် ခရီးကို တွေးတောကာ ချက်ချင်း အိမ်ပြန်လာခဲ့တယ်။ တစ်နေ့လုံး ခေါင်းထဲမှာ အတွေးပေါင်းစုံနဲ့ နောက်ကျိနေတယ်။ ကြည်ကြည်လှနဲ့ မင်္ဂလာဆောင်ဖို့ ကိစ္စတောင် လောလောဆယ် ဘယ်ဆီရောက်ကုန်တယ်မသိ ဖြစ်သွားမိတယ်။

အဲဒီနေ့က ညနေ သာစည်ရထားဟာ ဘူတာကို မိုးချုပ်မှ ဝင်လာတယ်။ သာစည်ဘက်ကို ထွက်မယ့်ရထားက ပဲခူးဘူတာကို အချိန်အခါမဟုတ်ဘဲ ညမိုးချုပ် ခုနစ်နာရီလောက်မှာ ဝင်ရောက်လာတယ်။ ကျွန်တော် မြို့ထဲကအပြန် မဇင်း (၁) လမ်းဆုံ ကွမ်းယာဆိုင်မှာ ဒူးယားတစ်ဘူးဝယ်ပြီး ဘူတာဘက်ကို လှည့်ကြည့်လိုက်တော့ ကျွန်တော့်ဦးလေး မောင်စံကို တိုက်ပုံအကျီနဲ့ လူနှစ်ယောက်ကြားမှာ လှမ်းမြင်လိုက်ရတယ်။ မီးလင်းနေတဲ့ ဓာတ်တိုင်တစ်တိုင်ကို ဖြတ်အကူးမှာ မောင်စံလက်ပေါ်က လက်ထိတ် တပြောင်ပြောင်ကိုလည်း မျက်စိကျိန်းမတတ်မြင်လိုက်ရတယ်။

ကျွန်တော့်ရင်ထဲ ချက်ချင်း တဒိန်းဒိန်းမြည်သွားတယ်။ အဲဒါကြောင့်





ကွမ်းယာဆိုင်လေးနားက လမ်းပေါ် မထွက်ရဲသေးဘဲ နောက်ထပ် ဒူးယားတစ်ဘူးကို ယောင်ယောင်မှားမှားနဲ့ ဝယ်မိလိုက်တယ်။ ဆောင်းလာတဲ့ ဦးထုပ်ကို မျက်နှာပေါ် ဆွဲချလိုက်တယ်။ ကွမ်းယာဆိုင်ရှေ့မှာရှိတဲ့ ထိန်ပေါက်ပင် တစ်ပင်ကိုကွယ်ပြီး အခြေအနေကိုလည်း အကဲခတ်ကြည့်နေလိုက်မိတယ်။

မောင်စံကို လျှပ်စစ်မီးချောင်းတွေ ထွန်းထားပြီး ကက်ဆက်သံတွေဆူညံနေတဲ့ လက်ဖက်ရည်ဆိုင်ထဲကို ခေါ်သွားကြတယ်။ မကြာခင် ကက်ဆက်သံတွေ တိုးသွားပြီး ထတဲ့လူကထ၊ ကြည့်တဲ့လူက ကြည့်နေကြတာကို မြင်နေရတယ်။

ဒါဆို တွက်လို့ရပြီ။ စခန်းကို ဖုန်းဆက်နေတာ။ မောင်စံကို ဖမ်းပြီဆိုရင် မကြာခင် စခန်းမှာ စစ်တော့မယ်။ ဘယ်လို လုပ်မလဲ။ မထူးဘူး။ အခြေအနေကို အစအဆုံးတော့ ကြည့်နေလိုက်ဦးမယ်လို့ ဆုံးဖြတ်ပြီး ခပ်လှမ်းလှမ်းကနေ အခြေအနေကို စောင့်ကြည့်နေလိုက်တယ်။ သိပ်မကြာဘူး။ အမှတ် (၂) အနောက်ပိုင်း ရဲစခန်းက ရဲကားတစ်စီး လက်ဖက်ရည်ဆိုင်ရှေ့ ထိုးရပ်လာတယ်။ မောင်စံကို ကားပေါ် တင်ခေါ်သွားကြတယ်။

ကားပေါ်ပါလာကြတဲ့ ရဲတွေအားလုံးကို ကျွန်တော် သိတယ်။ တစ်နေ့က ကျွန်တော့်ကို အစ်အောက်မေးသွားတဲ့ မီးရထားရဲလည်း ပါလေမလားဆိုတဲ့ အတွေးခြောက်လှန့်ချက်နဲ့ ကြည့်နေမိသေးတယ်။ သူ့ကိုတော့ မတွေ့ရဘူး။ ပင်နီတိုက်ပုံဝတ် လူနှစ်ယောက်ကိုတော့ ကျွန်တော်တို့ ပဲခူးမြို့မှာ တစ်ခါမှ မမြင်ဖူးဘူး။ သိပ်စဉ်းစားမနေနိုင်တော့ဘဲ အိမ်ကို ချက်ချင်း သုတ်ခြေတင်လာရတော့တယ်။ အိမ်ကိုရောက်တော့ ငွေယူ၊ အဝတ်နှစ်စုံကို ကမန်းကတန်း ဘက်အိတ်ထဲထည့်ပြီး အမေ့ကို တစ်ရက်နှစ်ရက် ခရီးထွက်ရမယ်ပြောပြီး အိမ်ပေါ်က မပြေးရုံတစ်မည် ဆင်းလာမိတယ်။

အိမ်ပေါ်က ဆင်းပြီး ခြံဝ မရောက်မီပဲ “မောင်ကျော်မြင့် ဘယ်ကို သွားမလို့လဲ၊ ငါ့ညီ အစ်ကိုတို့နဲ့ ခဏလိုက်ခဲ့ပါဦးကွာ” ဆိုတဲ့ အသံက ကျွန်တော့်ခေါင်းထဲကို မိုးကြိုးပစ်လိုက်သလို ခံစားလိုက်ရတယ်။ ကျွန်တော် နောက်ကျသွားပြီ။ ဘယ်တုံးကပင် ရောက်နေကြမှန်းမသိတဲ့ တိုက်ပုံနဲ့

လူနှစ်ယောက်ကို တွေ့လိုက်ရပြန်တယ်။

"ပြေးမယ်တော့ မကြံနဲ့နော်၊ မင်းကို ပစ်မိန့်ပါ ပါတယ်ကွ"

တိုက်ပုံနဲ့လူတစ်ယောက်က အဲဒီလို ပြောပြီး ဂျောက်ခနဲ အသံနဲ့ အတူ ကျွန်တော့်လက်ပေါ် စတီးလက်ကောက်နှစ်ကွင်း ရောက်လာပါတော့တယ်။

ဒီလိုနဲ့ ၁၉၇၇ ခုနှစ်၊အောက်တိုဘာ ၂၀ ရက်၊ ကြာသပတေးနေ့မှာ ကျွန်တော်တို့ တရားခံလေးဦးကို အမိန့်ချတယ်။ တစ်ဖက်ရှေ့နေက ဥပဒေအကြောင်းပြပြီး ကျွန်တော့်ကို သေဒဏ်ပေးဖို့အထိ လျှောက်လဲထားတော့ တရားခံလေးဦးစလုံးရဲ့ မျက်နှာကို ဘယ်လိုနေမလဲ ဆိုတာ မပြောပြတတ်လောက်အောင်ပါပဲ။

တစ်ခုတော့ရှိတယ်။ ဖော်ကောင် မောင်စံတော့ ဒီနေ့ သူလွတ်မယ်လို့ ထင်နေပုံရတယ်။ ကျွန်တော်တို့ သုံးယောက်လောက် သူက တုန်လှုပ်ချောက်ချားနေတဲ့ အမူအရာ မရှိဘူး။ သူ့မယားငယ်ကိုလည်း ဒီအမှုမှာ သူက ဖြောင့်ချက်ပေး ဖော်ကောင်လုပ်ထားတာမို့ မုချ လွတ်မယ်လို့ ကျိန်းသေပေါက် တွက်ထားတယ်ဆိုတာ နောက်တော့ ပြောပြရှာပါတယ်။

တရားသူကြီး ဦးသန်းမောင် အမိန့်ချတဲ့အခါမှာတော့-

"တရားခံ မောင်ကျော်မြင့်သည် တရားလိုပြ သက်သေ ဉာဏ်တင်နှင့် ဒိုက်ဦးမြို့နယ် ဆရာဝန်ကြီး၏ ဆေးစာအရ လည်းကောင်း၊ တရားခံဖြစ်သူ မောင်စံ၏ ဖြောင့်ချက်အရ လည်းကောင်း၊ . . . လည်းကောင်း၊ မောင်ကျော်မြင့်သည် ရာဇသတ်ကြီးပုဒ်မ ၃၀၂/၃၉၃ အရ ပြစ်မှုထင်ရှားသဖြင့် ထောင်ဒဏ် တစ်သက်တစ်ကျွန်း ကျခံစေ"

ဆိုပြီး ပထမဦးဆုံး ကျွန်တော့်ကို အမိန့်ချလိုက်တယ်။ နောက်မှာတော့ နှစ်တရားခံ မောင်စံ၊ သုံးတရားခံ မောင်လှညွန့်၊ လေးတရားခံ မောင်သန်းအောင် တို့ကိုတော့ အနှစ် (၃၀)စီ ချလိုက်တယ်။ ဘယ်သူမှ မလွတ်ဘူး။ ပြစ်ဒဏ် မတူပေမယ့် ပြစ်မှုကတော့ အတူတူပါပဲ။

နောက်ဆုံး မကောင်းမှု ဒုစရိုက်ကို တိုင်ပင်ပြီး လုပ်လာခဲ့ကြတဲ့ ကျွန်တော်တို့လေးယောက်ကို အင်းစိန်အကျဉ်းထောင် ပို့တော့လည်း အတူတူ တစ်ကားထဲပါပဲ။





အဲဒီအကျဉ်းထောင်မှာ စာရေးဆရာ ဖိုးကျော့နဲ့ တွေ့ပြီး ကျွန်တော့် ဘဝဇာတ်ကြောင်းကို ရေးပြောပြရပါတယ်။

* * *

လူဆိုးကြီးတစ်ယောက်၏ ကိုယ်တိုင်ရေး အတ္ထုပ္ပတ္တိ သို့မဟုတ် အတောင်မကျိုးမချင်း ပျံသန်းခဲ့သော ပျံလွှား၏ အကြောင်းသည် ဤတွင် တစ်ခန်းရပ်သွားလေသည်။

ဖိုးကျော့